www.burmeseclassic.com

ကုသဝတီ

BURMESE CLASSIC .com

ကုသိနာရာ

# ကုသိနာရုံ

ကာဆယာ

ကုသိနဂရ



အာစရိယ ယုဂလ်ကီးရှိဗော်ဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူခဲ့သည့် နေရာ

ကုသဝတီ ကုသိနာရာ

# ကုသိနာရုံ

ကဆယာ ကုသိနဂရ

အာစရိယ ယုဂလ်ကီးရှိဗော်ဒွ

ပန်းချီရုပ်ပုံ
ရှန်တိဆွရူ(ပ်)ဗော်ဒွ

သမ္မယက ဝရကာရှန်

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီရုပ်စုံ
ရှန်တိဆွရု(ပ်)ဇော်ဒ္ဒ
သမ္မယကပရာကာရှန်
စာရေးဆရာအာစရိယ ယုဂလ်ကီးရှိုဇော်ဒ္ဒ
ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပုံနှိပ်ခြင်း–(ဟိန္ဒီဘာသာ)၂၀၀၀ နှင့် ၂၀၀၆ ခုနှစ်များ
ပထမအကြိမ် ပုံနှိပ်ခြင်း (မြန်မာဘာသာ) – ၂၀၀၉ ခုနှစ်

ထုတ်ဝေသူ – သမ္မယကပရာကာရှန်
32/3 Club Road Paschim Puri New Delhi 110063
တယ်လီဖုန်းနံပါတ် ၀၀၉၁၊၉၈၁၁၈၃၉၁၆၁။
၀၀၉၁၊၉၈၁၀၂၄၉၄၅၂။

e-mail : budhadharam@bol.net.in
web : www.samayakprakashan.in

တန်ဖိုး – ၂၀၀ ရူပီး
Price : Rs. 200

မြန်မာဘာသာပြန်သူ – ဇေယျထွန်း
ကွန်ပြူတာစာရိုက် – ကိုလှထွန်း
တည်းဖြတ်သူ – ဦးအရိယာဝံသ၊ ဦးညိုထွန်း
အဖုံး – ကိုညီလင်း

ပုံနှိပ်တိုက်– Gautam Printers – နယူးဒေလီမြို့

BURMESE CLASSIC .com

## DEDICATION



ကွယ်လွန်ခဲ့ပြီဖြစ်သော ကျွန်ုပ်၏ဇနီးမာယာဒေဝီအား အောက်မေ့ဖွယ်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ၏အမှာ

ဗုဒ္ဓဘာသာလောကတွင် ကုသိနာရုံ (ကုသိနဂရ)သည် မဖြစ်မနေသွားရောက်ဖူးမျှော်ရအောင် အရေးပါလှသော သံဝေဇနီယဋ္ဌာနတစ်ခုအဖြစ် ထင်ရှားသည်။ သို့တိုင် ဗုဒ္ဓဘာသာ စာပေလောကတွင် ကုသိနာရုံဆိုင်ရာ သီးသန့်စာအုပ်ဟူ၍ ရှားပါးလှသေးသည်။ ဒေါက်တာ အရှင် ဓမ္မရက္ခိတ ပြုစုသည့် 'ကုသိနာဂရ သမိုင်း' ဟူသော စာအုပ်သည်သာ ကုသိနာရုံ သမိုင်းကြောင်းအတွက် အားထားရလောက်အောင်ပင် စေ့စေ့စပ်စပ်ရှိပြီး ယနေ့အထိ ပြောပလောက်အောင် ဖြစ်မြောက်သည့် တခုတည်းသော စာအုပ်ဖြစ်သည်။ စာဖတ်ပရိသတ်အနေဖြင့်လည်း အဆိုပါစာအုပ်ကို နှိုက်နှိုက် မြတ်နိုး၍ တန်ဖိုးထား ဖတ်ရှုကြပါ၏။ ယင်းမှာ ကုသိရုံ၏ ရှေးဟောင်း သမိုင်းသက်သက်ဖြစ်နေသည့်အတွက်သာ အားမရနိုင်ဖြစ်ကြရသည်။ သို့ပါ၍ ဤမျှအရေးပါလှသော သံဝေဇနီယ ဋ္ဌာနကြီးနှင့် စပ်လျဉ်းသမျှ စေ့စပ်စွာ ပါရှိသည့် 'ကုသိနာရုံ၊ အတိတ် ပစ္စုပ္ပန်နှင့် အနာဂါတ်' ဆိုသည့် စာအုပ်မျိုးတအုပ် မရှိမဖြစ် လိုနေသေးကြောင်း ထောက်ပြ၊ တောင်းဆိုလာကြပါသည်။ ဟိန္ဒီစာဖတ်ပရိသတ်၏ အာသီသကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ (ထုတ်ဝေသူ)အနေဖြင့် ဆရာကြီး 'အာစရိယ ယုဂလ်ကီးရှို'အား အပူကပ်ကာ (ယခုထုတ်ဝေလိုက်သည့်) ဤ(ဟိန္ဒီစာဖြင့် ရေးသည့် ကုသိနာရာ) စာအုပ်ဖြစ်မြောက် လာအောင် မေတ္တာရပ်ခံခဲ့ရပေသည်။ ဆရာကြီးဖက်မှ မိမိတို့၏ လေးအနက်တောင်းဆိုချက်ကို အရေးတယူ တုန့်ပြန်သည့် အနေဖြင့် အချက်အလက်များကို လက်လှမ်းမှီနိုင်ကောင်းသရွေ့ စုံစေ့စွာ ရှာဖွေစုစည်းပြီး၊ ဤစာအုပ်ကို ကြိုးစား၍ ရေးသားပြုစုပေးခဲ့ပါသည်။ ဆရာကြီး၏ မူရင်းဟိန္ဒီဘာသာဖြင့် ရေးသားသည့် စာအုပ်ကို ဟိန္ဒီစာဖတ် ပရိသတ်က လိုလိုလားလား ဖတ်ရှုအားပေးခြင်းနှင့် အမြတ်တနိုး ချီးမွမ်းထောပနာပြုကြခြင်းများကိုလည်း ခံစားခဲ့ရလေသည်။

မိမိတို့ စာပေတိုက် (သမ္မယကပရာကာရှန်) သည် ဗုဒ္ဓဘာသာစာပေ (ဗုဒ္ဓဝါဒ၊ ဗုဒ္ဓဓမ္မ) ပြန့်ပွါးတိုးတက်ရေး တခုတည်းအတွက် အဓိကထား၍ ဗုဒ္ဓစာပေထုတ်ဝေဖြန့်ချီရေးလုပ်ငန်းကို ယနေ့တိုင် တစိုက်မတ်မတ် လုပ်ကိုင်လျှက်ရှိပါသည်။ မိမိတို့အနေဖြင့် ဟိန္ဒီဘာသာဖြင့် ရေးသားထားသည့် ကုသိနာရာ စာအုပ်ကို အင်္ဂလိပ်၊ မြန်မာ၊ ဆင်ဟာလီစသည့် ဘာသာများဖြင့်လည်း ဆက်လက် ထုတ်ဝေသွားရန် ဆုံးဖြတ်ပြီး၊ ယခု မြန်မာမိတ်ဆွေ စာပေသမားတချို့၏ အကူအညီဖြင့် ကုသိနာရာ ဟိန္ဒီမူရင်းကို မြန်မာပြန်ဆိုလျက် ကောင်းမြတ်သော သမ္မာဆန္ဒဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ မြန်မာစာဖတ် ပရိသတ်အနေဖြင့်လည်း အရေးအသား အနည်းငယ်ချွတ်ချော် တိမ်းပါမှုများ တွေ့ရှိရသည့်တိုင် သဘောထားကြီးစွာဖြင့် အခြေအနေ



အရပ်ရပ်ကို ထောက်ရှုပြီး နားလည်သည်းခံ ခွင့်လွှတ်လျက် ဖတ်ရှုကြစေလိုပါသည်။ မိမိတို့၏ ကောင်းမြတ်သော စေတနာနှင့် မဖြစ်မနေကြိုးပမ်းခြင်းများကို စာနာနားလည်ပေးကြစေလိုသည်။ ဤစာအုပ်အား ဘာသာရေးသက်သက် စာတအုပ်အဖြစ် ပြုစုခဲ့ခြင်း မဟုတ်ဟူ၍ သမိုင်းကြောင်း သုတေသနဘာသာရပ်ရှုထောင့်မှနေ၍လည်း ပိုမိုဖောင်းပေး တင်ပြထားခြင်းဖြစ်ရာ အကြိမ်ကြိမ်တည်းဖြတ်၍ အတတ်နိုင်ဆုံး ကြိုးစားပြင်ဆင်ပြီးသည့်တိုင် မြန်မာ့နားတွင် အံမဝင်ချင်သော၊ သုံးနေကျ၊ ကြားနေကျ မဟုတ်သည့် စကားလုံးများ လွဲချော်နေသည်ဟု ပြောနိုင်အောင်ကို ပါဝင်နေပါလိမ့်ဦးမည်သာ ဖြစ်ပါသည်။ ဤအတွက် ခန္တီစ ရှေးသွားပြု၍ မငြီးမငြူ ဖတ်ရှုအားပေးကြပါရန်နှင့် (နောင်တွင် ပိုမိုစံနစ်တကျဖြစ်မြောက်လာစေရန်အတွက် ေကြံပြုတင်ပြကြရန်) မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ဘာသာပြန်သူနှင့် ထုတ်ဝေသူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ဂေါတမဗုဒ္ဓ၏ နောက်ဆုံးခရီးစဉ် ........................................ 9
မြတ်ဗုဒ္ဓသည် မဟာပရိတ်နိဗ္ဗာန်စံတော်မူမည့် နေရာအဖြစ် ကုသိနာရုံကို
အဘယ်အကြောင်း ထူးများကြောင့် ရွေးချယ်တော်မူခဲ့ပါသနည်း? ......... 90
အရေးပါလှသော ဗုဒ္ဓ၏နောက်ဆုံးသာဝကများ .......................... 97
ဒေါက်တာ ဗြာဟ္မဏ ........................................................ 116
မလ္လဂဏနိုင်ငံမှ ထင်ပေါ်ကျော်ကြားခဲ့သည့် ဘိက္ခုများ ..................... 118
ကုသိနာရာမှာ ဖွားမြင်ခဲ့သည့် သူရဲကောင်းများ ........................ 126
ခေတ်အဆက်ဆက်က ကုသိနာရုံ ............................................ 139
တရုတ်ခရီးသည်များ၏အမြင်အရ ........................................ 159
တောတောင်လျှိုမြောင်းများ စကားပြောလာသည့်ကာလ ................ 163
ကုသိနာရာ၏ခေတ်ဟောင်းမော်ကွန်းများ ..................................184
ဘိက္ခုမဟာဝီရ ........................................................... 195
သဒ္ဓါကြည်ညိုလေးစားအပ်သော ဘန္တေ ဦးကိတ္တိမ ...................... 211
ဘန္တေ ဦးညာဏိသာရ ...................................................... 215
ဘိက္ခု ဦးသုရိယာ (တရုတ်–ဘုန်းကြီး) ..................................... 222
ကုသိနာရာ၏ ဘူမိပုတ္တရ ဒေါက်တာ ဘိက္ခု ဓမ္မရက္ခိတ................... 223
မလ္လတို့၏ ဒုတိယမြို့တော် ပါဝါ ........................................... 226
"လက်ရှိခေတ် ကုသိနဂရမြို့" .............................................. 229
အနာဂါတ် အချိန်ကာလ၏ ကုသိနာရုံ။ ..................................... 256



## ဂေါတမဗုဒ္ဓ၏ နောက်ဆုံးခရီးစဉ်

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်မှသည် ကုသိနာရုံသို့ နောက်ဆုံးခရီးစဉ်အဖြစ် ထွက်ခွာကြွမြန်းတော်မူရန် စီစဉ်ထားပြီးချိန်ဖြစ်သည်။ ထိုခရီးစဉ်ကို မစတင်မီ အချိန်အထိ ဖြစ်ရပ်တချို့ကြောင့် ဗုဒ္ဓ၏သံဃာ့အသိုက်အဝန်းတွင် ပူပင်နွမ်းသွေ့ စိတ်မချမ်းမြေ့မှုများ ကြုံခဲ့ကြရပြီးဖြစ်သည်။ ဗုဒ္ဓအဖြစ်မရောက်ရှိသေးခင် သိဒ္ဓတ္ထမင်းသားအဖြစ်နှင့် ထိမ်းမြားမင်္ဂလာပြုခဲ့ကြဖူးသူ ကြင်ရာတော် ယသော်ဓရာ၊ သားတော်ရာဟုလာ၊ မိထွေးတော် ပဇာပတိ ဂေါတမီ စသူတို့သည် သာသနာတော်၌ ရဟန်းအဖြစ်ခံယူကာ တရားကြိုးကုတ်အားထုတ်ကျင့်ကြံ ပေါက်မြောက်ပြီး၍ ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်း၊ တဇာတ်သိမ်းခဲ့ကြပြီးဖြစ်ပေသည်။ ဘုရားရှင်ကိုယ်တော်တိုင်မှ တန်ဖိုးထားခဲ့ရသော အဂ္ဂသာဝကများဖြစ်တော်မူကြသည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့မှာလည်း ပရိနိဗ္ဗာန်ဝင်ခဲ့ပြီးဖြစ်သည်။ ဘုရားရှင်ဗုဒ္ဓနှင့် ရင်းနှီးကျွမ်းဝင်လှသော ဥပါသကာ၊ ဥပါသိကာ အချို့တို့မှာလည်း ကွယ်လွန်အနိစ္စရောက်ခဲ့ကြပြီးဖြစ်သည်။ ထိုသူများထဲတွင် မဟာဒါနရှင် အနာထပိဏ် သူဌေးကြီးနှင့် ဘုရားရှင်အား ဘုရားမဖြစ်မီကလေးတွင် ဃနာနို့ဆွမ်းကပ်လှူခဲ့ပြီး အသက်တော်ကို စောင့်ရှောက်ပေးခဲ့ဖူးသူကလေး သုဇာတာ ကဲ့သို့သော ဒါယကာ၊ ဒါယိကာမများ ပါဝင်ခဲ့ကြသည်။ ဤအဖြစ်အပျက်များသည် ထိုစဉ်က (သံဃာ့လောက၊ တကာ၊ တကမာများ ကြားတွင်၊ စင်စစ်) စိတ်ဆင်းရဲ ပူဆွေးဖွယ်ရာ အတိဖြစ်ခဲ့သည်။

သို့တိုင် အထက်ဖော်ပြပါ အဖြစ်အပျက်များသည် ဖြစ်ခြင်းပျက်ခြင်း အနိစ္စ၏ သဘောတရားကို လောက၌ လူအပေါင်းအား သဘောပေါက်နားလည်အောင် ဆုံးမသွန်သင်ပေးခဲ့သူ မြတ်ဗုဒ္ဓနှင့် ယင်း၏ အဆုံးအမတော် သက်ရောက်ရာ သာသနာ့အသိုက်အဝန်း အတွင်း ရေရှည် စိတ်မသက်မသာ ဖြစ်စေခဲ့သည်ကား မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်စဉ်ဖြစ်ရပ်များကို နောက်ခံပြု၍ ရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီး၏ ဘဝနိဂုံးချုပ်ခဲ့ပုံများဖြင့် အစပျိုးလျက် ဤစာအုပ်ကို ရေးသားလိုပါသည်။

## ရှင်သာရိပုတ္တရာ၏ ဘဝနိဂုံး

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိမြို့ရှိ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရှိခဲ့စဉ်ကဖြစ်၏။ ရှင်သာရိပုတ္တရာသည် မီးထွန်းညှိထားရာဘက်သို့ စူးစိုက် ကြည့်တော်မူ၍ ဤအကြိမ်ကား ပစ္ဆိမ အနောက်အရပ်သို့ နောက်ဆုံး ကြည့်ရခြင်းဖြစ်၏၊ နောင်တွင် ပြန်လာစရာမရှိတော့ဟူ၍ ပြောဆိုတော်မူခဲ့လေသည်။ ထိုသို့ပြောဆိုခဲ့ပြီး၊ ဘိက္ခုအပေါင်း ငါးရာခြံရံလျက် ဘုရားရှင်ရှေ့တော်မှောက်သို့ ကြွချီတော်မူလာခဲ့ကာ၊ ဘုရားရှင်အား ရှိခိုးကန်တော့ပြီး။ "အရှင်ဘုရား ခွင့်ပြုတော်မူပါ၊ တပည့်တော်အဖို့ နောက်ဆုံး အချိန်ကာလဖြစ်နေပါပြီ၊ တပည့်တော်၏ အာယုသင်္ခါရသည် ကုန်ဆုံးနေပြီး ဖြစ်ပါသည် ဘုရား"။ "ပရိနိဗ္ဗာန်ပြုမှာက အဘယ်အရပ် ဒေသမှာပါလိမ့်။" "ဘန္တေ မဂဓတိုင်းရှိ နာလကဂါမရွာသည် တပည့်တော် မွေးဖွားရာအရပ် နေရာဖြစ်ပါသည်။ ထိုနေရာတွင် ပရိနိဗ္ဗာန်ပြုမည် ဖြစ်ကြောင်းပါ ဘုရား။"

*"သာရိပုတ္တရာ၊ သင့်အတွက် သင့်တင့်လျောက်ပတ်ရာ ကာလ၊ ဒေသနှင့် အညီသာ သင့်လျော်စွာ ပြုပါတော့။"*

ထိုအခါ သာရိပုတ္တရာသည် ဘုရားရှင်အား လက်အုပ်ချီကာ လက်ယာရစ် သုံးကြိမ် ပတ်လှည့်လျက် ရှိခိုးခဲ့ပြီး၊ နဖူးပေါ် လက်အုပ်တင်လျက် ဘုရားရှင်ဘက် ကျောမပေးမူ၍ နောက်သို့ တလှမ်းချင်းဆုတ်ကာ ဘုရားရှင် ရှေ့တော်မှောက်မှ ထွက်ခွါခဲ့လာခဲ့ရာ ထိုနေရာတွင် ခြံစုံရပ်လျက်ရှိနေကြသော ရဟန်းသံဃာ အပေါင်းတို့အား နောင်တော် သာရိပုတ္တရာ ကိုယ်တော်ကြီး၏ နောက်သို့ လိုက်ပါ ပို့ဆောင်ပေးကြရန် ဘုရားရှင်မှ မိန့်မူလေသည်။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ဝင်ရန် မဂဓတိုင်းသို့ ခရီးထွက်တော့မည် ဆိုသည့် သတင်းသည် တောမီးလောင်သည့်အလား သာဝတ္ထိမြို့တော် တစ်ဝိုက်၌ ပျံ့နှံ့သွားခဲ့သည်။ များပြားလှစွာသော ဥပါသကာ၊ ဥပါသိကာနှင့် ရဟန်း သံဃာတော်အပေါင်းတို့သည် ရှင်သာရိပုတ္တရာအား နောက်ဆုံးဖူးမြော် နှုတ်ခွန်းဆက်ရန် စုဝေးလာခဲ့ကြသည်။ ထိုအချိန်တွင် ရှင်တော်မြတ်ဗုဒ္ဓမှလွဲ၍ ဇေတဝန်ကျောင်းရှိ ရဟန်းသံဃာများအားလုံး ဘိက္ခုနီ၊ ဥပါသိကာ၊ ဥပါသိကာ ဟူသော ပရိသတ်လေးမျိုး သာရိပုတ္တရာနှင့်အတူ ဇေတဝန်ကျောင်းတော်မှ ထွက်ခွါလာခဲ့ကြသည်။



လမ်းခရီးတနေရာတွင် ခေတ္တရပ်နားကာ မိမိအား ဖူးမြော်ရန် စုဝေးလာခဲ့ကြသည့် သာဝတ္ထိ ပြည်သူပြည်သားများနှင့် အခြားသက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား အရှင်သည် တရားဒေသနာတော်များ ဟောပြောချီးမြှောက်ခဲ့ပြီး ပြန်လွှတ်ခဲ့ရသေးသည်။ ရှေ့သို့ ခရီးဆက်သည့်အခါ ဘိက္ခုသံဃာဝင် ရဟန်းတော် အရှင်များကသာ ရှင်သာရိပုတ္တရာနှင့်အတူ လိုက်ပါခဲ့ရသည်။ ခရီးစဉ်တလျှောက် လုံး၌လည်း စပ်ကြား၊ စပ်ကြား ရပ်နားခဲ့ရပြီး၊ လမ်းတလျှောက်လုံးရှိ ရွာဇနပုဒ်များ၌ပင် အရှင်သည် ဓမ္မကထာ ဒေသနာတော်များကို သင့်လျော်စွာ မိန့်မြွက်ချီးမြှောက် ပေးခဲ့ရပေသည်။

## မီးသင်္ဂြိုဟ် ဈာပနပွဲ

ရှင်သာရိပုတ္တရာ မထေရ်ကြီးသည် တန်းဆောင်မုန်းလ၊ လပြည့်ညတွင် နာလကရွာတွင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ နာလကရွာအပြင် ပတ်ဝန်းကျင် မြို့ ရွာ ဇနပုဒ်တို့မှ ရဟန်းရှင်လူ ပရိသတ် အများအပြားတို့သည် ဈာပနပွဲကြီးသို့ တက်ရောက်လာခဲ့ကြပြီး၊ ဈာပနပွဲတော်ကြီးကို ခမ်းနားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပခဲ့ကြသည်။ ထိုည တညလုံးတွင် ဓမ္မတေးများဖြင့် ရွတ်ဆိုကာ နောက်နေ့မနက်၌ မီးပုံကို နံ့သာရည်တို့ဖြင့် အေးငြိမ်းစေပြီး ရှင်အနိရုဒ္ဓနှင့် သာရိပုတ္တရာ၏ ညီတော်စပ်သူ ရှင်စုန္ဒတို့သည် ဓါတ်တော်များကို စုစည်းကောက်ယူတော်မူကြပြီး ရှင်သာရိပုတ္တရာ၏ သင်္ကန်းသပိတ် ပရိက္ခရာတို့ကို လွဲယူကာ သာဝတ္ထိသို့ ထွက်လာခဲ့လေသည်။ ရှင်စုန္ဒသည် ဘုရားရှင် သီတင်းသုံးတော်မူလျက်ရှိသည့် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကာ မဟာဉာဏ်ကြီးရှင် ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူသွားပြီး ဖြစ်ကြောင်းနှင့် ၎င်း၏ဓါတ်တော်များနှင့် ပရိက္ခရာတို့အား ဘုရားရှင့် လက်တော် ရောက်အပ်နှံခဲ့တော်မူလေသည်။

ရှင်တော်ဗုဒ္ဓသည် ထိုဓါတ်တော်အစုများနှင့် ပရိက္ခရာပစ္စည်းများကို လက်ဖဝါးဖြန့်တော်၍ လက်ခံယူတော်မူသည်။ ထိုအရာများကို လက်ခံယူပြီးနောက် ဇေတဝန်ကျောင်းရှိ ဘိက္ခုသံဃာများကို ခေါ်တော်မူပြီး --- ဤသို့မိန့်ကြားတော်မူခဲ့သည်။

"ချစ်သား ဘိက္ခုအပေါင်းတို့ ----

လွန်ခဲ့သော ရက်အနည်းငယ်က ငါဘုရားထံ တောင်းပန် တိုးလျှိုးလျက် ပရိနိဗ္ဗာန်ဝင်ရန် ခွင့်ပန်ခဲ့သော ရဟန္တာ သာရိပုတ္တရာ၏ ဓါတ်တော်များနှင့် သင်္ကန်း ပရိက္ခရာများဖြစ်သည်။ ရှုကြလော့။ ခရုစင်ပမာ ဖြူဖွေးနေသော ဤဓါတ်တော်များမှ ဘဝပေါင်းမြောက်များစွာက ပါရမီအမျိုးမျိုးတို့ကို ဆည်းပူးပွားများခဲ့သော

www.burmeseclassic.com

www.burmeseclassic.com





ခန္ဓာကိုယ်တွင် ဒါဏ်ရာအနံ့နှင့် အရှင်မောဂ္ဂလန်သည် ဘုရားရှင်အား နောက်ဆုံး ဖူးမြော်ခြင်း

ရဟန္တာပုဂ္ဂိုလ်ထူး တပါး၏ အရိုးဓါတ်များဖြစ်သည်။ ဤဘိက္ခုသည် ငါဘုရား၏ (တရားစက်) ဓမ္မစကြာကို ရှေ့တန်းမှ ဦးဆောင်၍ လှည့်လည်ခဲ့သူလည်း ဖြစ်၏။ လွန်ခဲ့သည့် ဘဝပေါင်း ငါးရာအတွင်း သူသည် ကိုယ်ကျိုးစွန့်၍ အများအကျိုးအတွက် လုံးပန်းကာ ပါရမီတော်များ ဖြည့်ဆည်းခဲ့သည်။ ပညာ ဉာဏ်ကိုရရှိထားသည့် မဟာဉာဏ်ကြီးရှင်၊ ဘဝတိုင်း၊ ဘဝတိုင်း၌ ရဟန်းအဖြစ်ခံယူကာ တရားစစ်၊ တရားမှန်တို့ကို အားထုတ်ဆည်းပူးခဲ့ပြီး၊ ငါဘုရား၏ တရားဓမ္မကို ပြန့်ပွားရေးတွင် ဓမ္မသေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် မြတ်သော ရဟန္တာ တပါးလည်းဖြစ်သည်။ ဤသို့လျှင် ဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏ ဂုဏ်တော် အမျိုးမျိုးတို့ကို ဘိက္ခုသံဃာများရှေ့မှောက်ဝယ် ဖော်ထုတ်ချီးကျူး၍ အနုမောဒန ပြုခဲ့ပေသည်။ နောက်ပိုင်းကာလတွင် ရှင်သာရိပုတ္တရာ၏ ဓါတ်တော်များကို ဌာပနာကာ သာဝတ္ထိ၌ စေတီတစ်ဆူ တည်ထားခဲ့ကြလေသည်။

## မဟာမောဂ္ဂလန် ပရိနိဗ္ဗာန်ပြုတော်မူခြင်း။

ရှင်မောဂ္ဂလန်သည် အရဟတ္တဖိုလ်အဖြစ် ရရှိခဲ့သည့် ***တန်ခိုးဣဒ္ဓိ*** ဘုရားရှင်၏ လက်ဝဲရံ တရားရှင် ဘိက္ခု ရဟန္တာ တစ်ပါးဖြစ်ခဲ့ပါသည်။ ရှင်မောဂ္ဂလန်သည် (တန်ခိုး ဣဒ္ဓိ) ကြီးမားလာသည့်အခါ ထိုခေတ်က ဂျိန်းဘာသာဝင် တိတ္ထိကာရ ဆရာကြီးများက ဗုဒ္ဓဘာသာဝင် တန်ခိုးရှင် ရဟန္တာ ရှင်မောဂ္ဂလန်အားမုန်းတီး မနာလို ဖြစ်လာကြခဲ့သည်။ ထို့ကြောင့်လည်း *(ကရုဏာ)* ငွေအသပြာ မြောက်များစွာပေးပြီး လူမိုက်များ ငှားရမ်းကာ မထေရ်မြတ် ရှင်မောဂ္ဂလန်အား လုပ်ကြံ သတ်ဖြတ်ရန်



လွှတ်ခဲ့ကြသည်။ ထိုစဉ်က မထေရ်ကြီး ရှင်မောဂ္ဂလန်မှာ ကာလ–သိလာခေါ် ***တောင်ဂူတစ်လုံး၌*** သီတင်းသုံးနေထိုင်လျက်ရှိခဲ့၏။ ငှားယမ်းထားသော လူသတ်သမား ငမိုက်သားတို့သည် မထေရ်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် ကာလ–သိလာ ကျောက်ဂူသို့ နှစ်ကြိမ်တိုင်တိ ရောက်ရှိလာခဲ့ကြပြီးသည့်တိုင် ယင်းတို့၏ အကြံဉာဏ်ကို အကောင်အထည် မဖော်နိုင်ဖြစ်နေကြသည်။ မိမိရရှိထားသော တန်ခိုးကြောင့် မထေရ်သည် လူသတ်သမား တို့၏ရန်မှ ရှောင်နိုင်ခဲ့သည်ချည်းဖြစ်၏။ တတိယ အကြိမ်၌မူ မထေရ်ကြီးသည် မိမိ၏ (အတိတ်) ဘဝ ဝဋ်ကြွေးကို တင်ကူးသိမြင် ထားပြီးဖြစ်၍ သမာပတ်ဝင်စားခြင်းဖြင့် လူဆိုးရန်ကို မရှောင်ရှားမူ၍ နေတော်မူသည်။ လူသတ်သမားများလည်း ယခုတကြိမ်တွင်မူ သမာပါတ်မဝင်စားဘဲ မလှုပ်မယှက် ထိုင်နေတော်မူသည့် အရှင်အား အရိုးဖွတ်ဖွတ် ကြေမွသည်အထိ ထိုးကြိတ်ရိုက်ပုတ် ***ကြလေသည်။ ထိုသို့ရိုက်ပုတ်နေကြသည့် အချိန်တွင်မူ မထေရ်သည် သမာပါတ်ဝင်စားတော်မူနေတော်မူရာ လူသတ်သမားများ ပြန်သွားကြပြီးမှ သမာဓိဝင်နေရာမှ နိုးကြားတော်မူလာခဲ့ပြီး မိမိခန္ဓာကိုယ်၏ ဖြစ်ပျက်နေပုံ (အခြေနေမှန်)ကို သတိပြုတော်မူမိလေသည်။ (နောက်ဆုံးတွင်) မထေရ်ကြီးသည် မိမိ၏ သမာဓိ စွမ်းအင်ဖြင့် ဘုရားရှင့် ရှေ့တော်မှောက်သို့ အရောက် ကြွချီတော်မူလာခဲ့ပေသည်။***

ဘုရားရှင် ထံတော်မှောက်ရောက်လေလျှင် မိမိ ပရိနိဗ္ဗာန်ဝင်ရတော့မည့် အကြောင်း လျှောက်တင် ခွင့်ပန်တော်မူသည်။ ပရိနိဗ္ဗာန်ဝင်မည့် အရပ်ဒေသကို ဘုရားရှင်မှ မေးမြန်းတော်မူရာ –

မဂဓတိုင်း ကာလ–သိလာ နေရာဌာနတွင် ပရိနိဗ္ဗာန် ဝင်ရန်ဖြစ်ကြောင်း ပြန်လည် လျှောက်ထားတော်မူသည်။ ကာလ–ဌာနကို နားလည်သိရှိသော သင့်အဖို့ မိမိ နှစ်မြိုက်သလိုသာပြုပေတော့၊ ဟူ၍ ဘုရားရှင်မှ ခွင့်ပြုမိန့်ကြားတော်မူသည်။

ရှင်သာရိပုတ္တရာ ပရိနိဗာန်ပြုတော်မူပြီးနောက်ထပ် တစ်ဆယ့်ငါးရက်အကြာ (ထိုတန်ဆောင်မုန်း) လကွယ်ညဉ့်၌ ရှင်မဟာ မောဂ္ဂလန် မထေရ်ကြီး ပရိနိဗ္ဗာန်ဝင်တော် မူသည်။ ရှင်မောဂ္ဂလန်၏ ဓါတ်တော်များကိုလည်း ဘုရားရှင်ထံ ယူလာခဲ့ကြသည်။ ဘုရားရှင်ကိုယ်တော်တိုင်၏ ဆန္ဒတော်နှင့်အညီ ရာဇဂြိုဟ်မြို့ ဝေဠုဝန် တံခါးအဝင် နားတွင် ဓါတ်တော်များကို ဌာပနာကာ စေတီတစ်ဆူတည်ထားခဲ့သည်။

အဂ္ဂသာဝက ရဟန်းတာကြီး နှစ်ပါး ပရိနိဗာန်တော်မူပြီး နောက်ခြောက်လအတွင်း ဘိက္ခုသံဃာများ၏ သာသနာ့ဖခင် ဘုရားရှင်တထာဂတမြတ်စွာ သည်လည်း ပရိနိဗ္ဗာန် ပြုတော့မည့်ဆိုသည့် အကြောင်းကို ထိုစဉ်က မည်သူမျှ မစဉ်းစားမိခဲ့ကြသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့ မရှိတော့ခြင်းသည် ဘိက္ခုသံဃာလောက အတွက် အကြီးအကျယ်နစ်နာ ဆုံးရှုံးမှုတရပ်ဖြစ်ခဲ့သည်။ လက်ဝဲလက်ယာရံ မထေရ်မြတ် နှစ်ပါးလုံးကို ဆုံးရှုံးခဲ့ရခြင်းသည် ဗုဒ္ဓသာသနာတော် အသိုက်အဝန်း တခုလုံးအတွက် ဆုံးရှုံးမှုကြီးအဖြစ် သမိုင်းတင်စရာဖြစ်လာခဲ့ရသည်။

အခါတပါးသော် ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီး တည်ဆောက် လှူဒါန်းသည့် ဇေတဝန်ကျောင်းတော်၌ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ တည်းဟူသော ပရိသတ်လေးပါးစုံလင် ဓမ္မသဘင်ဝယ် အဂ္ဂသာဝကကြီး နှစ်ဆူတို့၏ ကြီးကျယ်၊ မြင့်မြတ် တန်ဖိုးထားအပ်ပုံကို ဤသို့ မိန့်မြွက်တော်မူ၏။ "ရဟန်းတို့၊ ဤဓမ္မသဘင်ဝယ် သာရိပုတ္တရာနှင့် မဟာမောဂ္ဂလန်တို့ မရှိတော့သည်အတွက် ခြောက်ကပ် ဆိတ်သုဉ်းနေဘိသကဲ့သို့ ထင်မှတ်ရပေ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့ သီတင်းသုံး နေထိုင်ရာ အရပ်၌ဖြစ်စေ၊ ၎င်းတို့ကြွချီ သွားလာ လှည့်လည်ရာ အရပ်ဒေသများ၌ဖြစ်စေ အစဉ်သဖြင့် စည်စည်ကားကား ရှိခဲ့သည်သာ ဖြစ်၏။ အတိတ်ကာလက ပွင့်ခဲ့သည့် ဘုရား အသီးသီးတို့၏ အဂ္ဂသာဝကများမှာ ငါဘုရား၏ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန်တို့နှင့် ပမာတူပင်ဖြစ်ကြသည်။ အနာဂတ်တွင် ပေါ်ထွန်းမည့် ဘုရားရှင်တို့၏ အဂ္ဂသာဝကများ တို့မှာလည်း အလားတူပင် ဖြစ်ကြပေလိမ့်မည်။ အံ့ဩဖွယ်ဘနန်း ထူးဆန်းလှပေ၏။ မိမိ ဆရာဖြစ်သော ဘုရားရှင်၏ (တရားလှည်းဘီး) ဓမ္မစကြာကိုလှည့်လည် ဖြန့်ချီရာတွင် သူတို့နှစ်ပါး၏ စွမ်းဆောင်မှုများကား အားရချီးကျူးဖွယ်ချည်းသာ ဖြစ်ပေသည်။ ပရိသတ်အပေါင်းတို့၊ ပရိသတ်လေးမျိုးလုံးအတွက် ဂုဏ်ယူစရာ စံထားဖွယ်ဖြစ်သည့် အဂ္ဂသာဝက နှစ်ပါးတို့သည် ပရိနိဗ္ဗာန် စံခဲ့ပြီးဖြစ်သော်ငြားလည်း ငါဘုရား ဒေသနာတော်လာ အနိစ္စ၏ သဘောသဘာဝကို နားလည်သိမြင် လက်ခံထားပြီး သူတို့အဖို့ ထိုဆုံးရှုံးမှုများအပေါ် စိတ်ဆင်းရဲခြင်း၊ သောက ပရိဒေဝ ဖြစ်ခြင်း အလျဉ်းကင်းပ၍ အေးချမ်းကြပေ၏။ ချစ်သား ရဟန်းအပေါင်းတို့ ဇာတိဘူတဖြစ်ခြင်း မူလရှိသမျှလည်း ပျက်ရသည်ချည်း သဘောတံထွာဓမ္မတာ သာတည်း။ အနိစ္စနှင့် ဆက်ကြုံရသည်သာတည်း။ သာရိပုတ္တရာနှင့် မောဂ္ဂလန်တို့ ပရိနိဗ္ဗာန်ဝင်ခြင်း ကိစ္စအပေါ်၌လည်း အနိစ္စ၏ သဘောတရားနှင့်ပင် ရှုမြင်ကြရမည်သာဖြစ်ပေသည်။ သစ်ပင်ကြီးတပင်သည် အမြစ်ပေါ်ရှင်သန် ဝေစည်နေခိုက်ဝယ် (အထွားကျိုင်းဆုံး ဖြစ်သော) အကိုင်းကြီးနှစ်ကိုင်း ကျိုးပဲ့ပျက်စီးသွားသည်နှင့် မခြားမှတ်ယူကြရမည်။ သို့ဖြစ်ပါ၍ သင်တို့အနေဖြင့် မိမိသည်သာ မိမိ၏အားကိုးရာ ဒီပ မီးခွက်သဖွယ် ဖြစ်နိုင်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်လော။"



လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာမြူများ လုံးဝကင်းပတော်မူသည့် ဘုရားရှင်အဖို့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့ ပရိနိဗ္ဗာန်ဝင်ခြင်းကို အကြောင်းပြု၍ သောက ပရိဒေဝဖြစ်ဖွယ်အကြောင်း လုံးဝမရှိထသော်ငြားလည်း ဘိက္ခုသံဃာများကြားတွင်မူ စိတ်ဆင်းရဲပူဆွေးမှုများ ဖြစ်ခဲ့ရသည်သာ။ အဂ္ဂသာဝက ရဟန္တာနှစ်ပါးတို့ (၁၅)ရက်သာခြား၍ ရှေ့ဆင့်နောက်ဆင့် ပရိနိဗ္ဗာန်ဝင်တော်မူသွားကြသည့် အဖြစ်အပျက်ကြောင့် ဗုဒ္ဓ၏သံဃာ အဖွဲ့စည်းကြီးတခုလုံး အမှန်ပင် တုန်လှုပ်သွားခဲ့ပေသည်။ သာသနာတော်တွင် ထိုမျှစိတ်အားလျော့ဖွယ် ကောင်းလှသော အခြေအနေမျိုး ကြုံနေရသည့်အခိုက်တွင်ပင် ဘုရားရှင်သည် ထိုစဉ်က သီတင်းသုံးတော်မူနေရာ ရာဇဂြိုဟ်မှသည် ကုသိနာရုံသို့နောက်ဆုံး ခရီးအဖြစ် ကြွလှမ်းတော်မူခဲ့ပေသည်။

## ရာဇဂြိုဟ်မှ ကုသိနာရုံသို့

ဆောင်းရာသီ၏ အေးချမ်းလှသောအချိန်ကာလ၊ ဘုရားရှင်သည် ဂိဇ္ဈကုဋ (ဂိဇ္ဈကုဋ်)တောင်ပေါ်ရှိ အမြင့်မားဆုံး တောင်ဂူတလုံးထဲ၌ သီတင်းသုံးတော် မူလျက်ရှိသည်။ သည်နေရာဝယ် သည်တခေါက် သီတင်းသုံးတော်မူခြင်းသည် ဘုရားရှင်၏နောက်ဆုံး သီတင်းသုံးခြင်းလည်း ဖြစ်ခဲ့ပေသည်။ ဘုရာရှင် သီတင်းသုံးတော်မူရာ ဂူပေါက်ဝ၏ လက်ယာဘက်၌ (သဘာဝ) ကျောက်ပြား ချပ်ကြီးများက လှေခါးထစ်တွေလို ဖြစ်နေရာ တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်များ



အကျဉ်းထောင်၏ ပြူတင်းပေါက်မှ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား လှမ်း၍ ဖူးမြော်သည့်ပုံ

www.burmeseclassic.com

www.burmeseclassic.com



အတွက် အတက်အဆင်းကိစ္စ အဆင်ပြေလှသည်။ ဤနေရာမှ အောက်ဖက်များဆီတွင် သစ်ပင်ရိပ်များအောက်ဝယ် အခြားဂူတော်တော်များများတို့ ရှိကြသေးရာ၊ ယင်းတို့ အသီးသီး၌လည်း အခြားအခြားသော ယောဂီရဟန်းတော်များ သီတင်းသုံး တရားကျင့်လျက်ရှိကြသည်။ လှေခါးထစ်သဖွယ်ဖြစ်နေသော ဆင်ခြေလျှော လမ်းကလေးအတိုင်း ဆင်းလာခဲ့ပါက ညီညာပြေလွင်သော မြေကွက်ငယ်တခုရှိပြီး၊ ၎င်းအပေါ်တွင် ဘုရားရှင်ကိုယ်တော်တိုင် စင်္ကြံကြွတော်မူလေ့ရှိပေသည်။ ထိုနေ့ အရုဏ်ဦးချိန်ကတည်းက ဘုရားရှင်သည် အဆိုပါ မြေကွက်လပ်ကလေးပေါ်တွင် လူးလာခေါက်တုန့် စင်္ကြံကြွတော်မူလျက် ရှိနေခဲ့ပေသည်။ အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှ နေရောင်ခြည်နုများ ရုက်သန်းထွက်ပေါ်လာခဲ့လေပြီ။ ကျေးငှက်များ၏ တွန်ကျူးသံများဖြင့်လည်း ပတ်ဝန်းကျင်တွင် သာယာနာပျော်ဖွယ်ရာ ဖြစ်နေဘိသည်၊ စိမ်းလန်းစိုပြည်လှသော တောင်ချိုင့် တောင်ကြောများတွင် ဥဒေါင်းငှက်တို့သည် တောင်ပံများ တဖိုဖို လှုပ်ရမ်းလျက် ဘာသာဘာဝ တွန်ကျူးကြလေပြီ၊ ခဏာမျှကြာသော် နေရောင်ခြည်များသည် သစ်ပင်ဝါးပင်များကြားမှ တဆင့် မညီမညာ ဖြစ်နေသည့် မြေပြင်ပေါ်သို့ ထိုးဖြာကျလာခဲ့သည်။ နံနက်စောစော တိုက်ခတ်လျက်ရှိသည့် လေပြေလေညှင်းတို့ကြောင့် သစ်ပင်သစ်ရွက်များလှုပ်ရှ ယိမ်းထိုးနေကြပြီး ပတ်ဝန်းကျင် တစ်ခုလုံး အလွန်ချမ်းမြေ့ သာယာနေသည်။ ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်၏ အနောက်မြောက်ဘက်သို့ လှမ်းမျှော် ရှုစားတော် မူလျက်ရှိရာ တောင်တန်းများကြားမှ ဘုရင် ဗိမ္ဗိသာရ ဖောက်လုပ်ထားသည့် လမ်းကလေးကို အဝေးမှလှမ်းမြင်နိုင်ပေသည်။ ထိုလမ်းအတိုင်း ဘုရင် ဗိမ္ဗိသာရသည် ဘုရားရှင်အား လာရောက် ဖူးမြော်တတ်သည်။ ယင်းလမ်း၏ လက်ယာဘက်နား တနေရာတွင် အကျဉ်းထောင်တခုကို တွေ့နိုင်သည်။ အဇာတသတ်မင်းက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား ချုပ်နှောင်ထားခဲ့သည့် အထူးထောင်ပေတည်း။ ဤအကျဉ်းထောင်၏ ပြူတင်းပေါက်မှနေ၍ ဘုရင်ကြီး ဗိမ္ဗိသာရသည် ဘုရားရှင် သီတင်းသုံးရာ တောင်ထိပ်ဘက်ဆီသို့ (ရော်ရမ်း) လှမ်းမျှော်ကာကြည့်ကာ ဘုရားရှင်အား အမြဲဖူးမြော်နေလေ့ရှိသည်။ မိမိခံစားနေရသည့် နာကျင်မှုဒဏ်ကို ဂိဇ္ဈကုဋ် တောင်ထိပ်ဘက်သို့ အမြဲလှမ်းကြည့်ရင်း သက်သာရာရစေသည်။ ထိုအကျဉ်းထောင်မှ မလှမ်းမကမ်းတွင် သမားတော် ဇီဝက တည်ဆောက်လှူဒါန်းသည့် *ဇီဝကရာမကျောင်းတိုက်* တည်ရှိသည်။ ဘုရားရှင်သည် အကြိမ်အခါပေါင်းများစွာ ရဟန်းပရိသတ်ကိုရော ဒါယကာ ဒါယိကာမတို့ကိုပါ ဤကျောင်းတိုက်၌ တရား ***ဟောတော်မူခဲ့သည်။ ဤတောင်နှင့် ကပ်လျက်တည်ရှိသည့် တောင်ထိပ် တခုပေါ်မှနေ၍ ဒေဝဒတ်သည် ဘုရားရှင်အား လုပ်ကြံသတ်ဖြတ်လိုသည့်***



***ကြံရွယ်ချက်ဖြင့် ကျောက်တောင်တလုံး အောက်နား၌ စင်္ကြံလျှောက်တော် မူနေသော ဗုဒ္ဓအပေါ် (ရောမ ကျောက်တုံးကြီး တလုံးကို) တွန်းလှိမ့်ချခဲ့ဖူးသည်။*** လှိမ့်ဆင်းလာသည့် ကျောက်လုံးကြီးသည် အခြားကျောက်လုံးကြီးတလုံးနှင့် တိုက်မိကာ အစိတ်စိတ် ပြိုကွဲသွားခဲ့သည်။ ကွဲပဲ့လွင့်စဉ်လာခဲ့သော ကျောက်ခဲတုံး အပိုင်းအစကလေးတခုကသာ ဘုရားရှင်၏ ခြေမတော်၌ ကျရောက်ထိမှန်ပြီး ဒဏ်ရာရတော်မူသည်။ သမားတော် ဇီဝက၏ ကုသမှုဖြင့် ထိုဒဏ်ရာလည်း ရက်အနည်းငယ်အတွင်း သက်သာပျောက်ကင်းခဲ့ပေသည်။ ဒေဝဒတ်မှာ မိမိပြုခဲ့သည့် ပါပကမ္မ (အပြစ်ကြီးမားသည့် အပြုအမူ) တို့ကြောင့် (သေလွန်လျှင်) အပါယ်ဒုက္ခ ဘုံဘဝသို့ ရောက်ခဲ့ရပေသည်။

ရာဇဂြိုဟ်မြို့တော်၌ ယခုတကြိမ် ဝါဆိုတော်မူခြင်းသည် ဘုရားရှင်အတွက် လေးကြိမ်မြောက်နှင့် နောက်ဆုံးဝါဆိုခြင်းလည်း ဖြစ်ပေသည်။ လေးဆင်ငါးနှစ်တိုင်တိုင် အစဉ်သဖြင့် လှည့်လည်ကြွချီလျက် လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏အကျိုး တခုတည်းအတွက် တရားဓမ္မများကို ဟောကြားချီမြှင့်တော်မူခဲ့ပြီးသော ဗုဒ္ဓ ဘုရားရှင်သည် ယနေ့ဆိုလျှင် ရာဇဂြိုဟ်မှ ၂၅ ယူဇနာဝေးသည့် ကုသိနာရုံသို့ ပရိနိဗ္ဗာန် ပြုတော်မူရန်အလို့ငှါ နောက်ဆုံးခရီးထွက်ရန် ပြင်ဆင်ထားပြီးဖြစ်နေသည်။ ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ခြေစုံရပ်တော်မူလျက် တောင်၏လေးဘက် လေးမျက်နှာတို့သို့ နောက်ဆုံးအနေဖြင့် လှည့်လည်ရှုစားတော်မူသည်။ စောစောက ငှက်များ၏ သံသာတွန်ကျူး အသံဗလံများ၊ နံနက်စောစောက တိုက်ခတ်နေသည့် လေပြည်လေညှင်းတို့ဖြင့် သာယာနေသည့် ပတ်ဝန်းကျင်၊ အားလုံးသည် တဖြည်းဖြည်းချင်း ဆိတ်ငြိမ် ခြောက်ကပ်သွားလေပြီ။ သဘာဝ ဝန်းကျင်တခွင်ရှိ သက်ရှိ သက်မဲ့ အရာခပ်သိမ်းတို့သည် ဘုရားရှင် နောက်ဆုံး ထွက်ခွါကြွတော်မူတော့မည့် အစီအစဉ်ကို ကြိုတင်၍ သိမြင်ထားကြသည့် အတိုင်းပင်။ ငှက်သံများလည်း မကြားရတော့၊ လေပြည်လေညှင်းတို့သည် ငြိမ်ကုတ်၍ သစ်ပင်အုပ်တို့လည်း မတုန်မလှုပ်။ ဤတဒင်္ဂ၌ လှုပ်ရှားမှုမှန်သမျှတို့ ရပ်ဆိုင်း၍ ပတ်ဝန်းကျင်တခုလုံး မှုံမှိုင်းအုံ့ဆိုင်းနေဘိသည်။ ထိုစဉ်အခိုက်မှာပင်လျှင် ရှင်တော်မြတ်ဗုဒ္ဓက အာနန္ဒာအား အသံတော်ပြု၍ ခေါ်တော်မူလိုက်သည်။

"အာနန္ဒာ၊ လာလှည့်၊ သွားကြကုန်စို့ရဲ့။ အမ္ဗလဋ္ဌိကာ ရှိရာသို့ သွားကြဲစို့။"

"မှန်လှပါဘုရား။"

ဘုရားရှင်သည် အရေအတွက်အရ ကြီးမားများပြား၍၊ အရည်အချင်းအရ မြင့်မြတ်သော ဘိက္ခုသံဃာ အခြံအရံဖြင့် ရာဇဂြိုဟ်မြို့လယ်လမ်းမကြီးအတိုင်း ထွက်ကြွတော်မူလာခဲ့ရာ အမ္ဗလဋ္ဌိကာ (အမည်ရှိ သရက်ဥယျာဉ်)သို့ ရောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တော်မူသည်။ အမ္ဗလဋ္ဌိကာသည် ရာဇဂြိုဟ် (ရာဇဂိရိ)နှင့် နာလန္ဒာတို့ အကြားတွင် တည်ရှိပြီး၊ တံခါးမုခ်ရဲ့ အနီး၌ သရက်ပင်ပျိုဖြင့် မှတ်သားအပ်သည့်အတွက် ထိုနေရပ်ကို အမ္ဗလဋ္ဌိကာဟုပင် ခေါ်စမှတ်ပြုနေကြတော့သည်။ ဤအရပ်လည်း ဘုရားရှင်သည် အမ္ဗလဋ္ဌိကတွင် သီတင်းသုံးတော်မူခဲ့ဖူးပြီးဖြစ်သည်။ ဗြဟ္မဇာလသုတ်ကို ဤနေရာတွင်ပင် ဟောတော်မူခဲ့ခြင်းဖြစ်ပြီး၊ ဘုရင်ကြီးဗိမ္ဗိသာရက ထိုနေရာတွင် အစိုးရမင်းမှုထမ်းများ တည်းခိုရန် တည်းခိုရိပ်သာ ရာဇာဂါရ ဗိမာန်တခုကို အမ္ဗလဋ္ဌိက၌ တည်ဆောက်ထားရှိသည်။ အလားတူ တည်းခိုရိပ်သာတခုက ဝေဠုဝန်ကျောင်းတော် ပရိဝုဏ်ထဲမှာဖြစ်သည်။ ဝေဠုဝန် ကျောင်းတော် အပြင်ပ၌လည်း နောက်ထပ် တည်းခိုရိပ်သာ တဆောင်ရှိသေးသည်။ ယင်းမှာ အလွန်တရာ သာယာ၊ ငြိမ်ဆိပ်သည့် ဝန်းကျင်ရှိသဖြင့် တရားရှင်၊ ယောဂီများအတွက် အထူးသင့်တော်သည်။ ရှင်ရာဟုလာကား အဆိုပါရိပ်သာသို့ မကြာခဏ ကြွရောက် သီတင်းသုံးနေတော်မူလေ့ရှိသည်။

*မဟာပဏ္ဍိတ ရာဟုလ သံကြိတ္တျာယာယန (သံကိစ္စည်းနှင့် ဘိက္ခု ဇဂဒိရှ်* ကာဿပ မဟာပဏ္ဍိတ် ရာဟုလာ သံကစ္စည်းနှင့် ဘိက္ခု ဇာဂဒိသ ကဿပ)တို့ အတည်ပြုပြောဆိုချက်အရ လက်ရှိ '*သီလာဝ*' (သျှီလောင်)သည် ရှေးခေတ်ဟောင်း အမ္ဗလဋ္ဌိကာပင် ဖြစ်ကြောင်းနှင့် ထိုနေရာတွင် ရှင်တော်ဗုဒ္ဓသည် နောက်ဆုံးခရီး ကြွချီတော်မူစဉ်က တထောက်ရပ်၍ အနားယူခဲ့သည်ဟူ၏။

*ဗုဒ္ဓသည် ထိုနေရာတွင် အလိုတော်ရှိသလောက် နားနေတော်မူပြီးမှ (အာနန္ဒာအား "သွားကြစို့ အာနန္ဒာ နာလန္ဒာရှိရာသို့ ခရီးဆက်ကြပါစို့"ဟု ပြောခဲ့ပါသည်။* 'မှန်လှပါဘုရား' အာနန္ဒာမှာ ပြန်ပြောခဲ့၏။) နာလန္ဒာသို့ ဆက်လက် ကြွချီတော်မူသည်။ နာလန္ဒာရှိ *ပါဝါရိက* သရက်ဥယျာဉ်၌ နောက်တကြိမ် တထောက်နားတော်မူပြန်သည်။ တရုတ်ခရီးသည် ရဟန်းတော် ဟူအင်ရှန်သည် နာလန္ဒာနှင့် ပတ်သက်၍ ယင်း၏ ခရီးသွားမှတ်တမ်းစာအုပ်တွင် အတော်စုံစုံလင်လင် ရေးသားထားလေသည်။ အဆိုပါ မှတ်တမ်းအရ တခုသော အတိတ်ဘဝက ဘုရားအလောင်းတော်သည် နာလန္ဒာ၌ မင်းပြုခဲ့ပြီး ပေးကမ်း၊ လှူဒါန်းခြင်း၌ အလွန်ရက်ရောရာ ထက်သန်သည်ဆို၏။ သူ့အဖို့ ပေးကမ်းလှူဒါန်းခြင်း၌ အထူးမွေ့လျော်၊ ကြည်နူးရသည်ချည်းဖြစ်၏။ ပေးကမ်းခြင်းဖြင့် ရောင့်ရဲ တင်းတိမ်ခြင်းမရှိဆိုသော ဗျုပ္ပတ်အရပင် ထိုဘုရား အလောင်းတော်အား နာလန္ဒဟု သမုတ်ခေါ်တွင် ခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုစဉ်က သူ့နေပြည်တော် ဖြစ်ခဲ့ဖူးသည့် ဤနယ်မြေတခွင်ကိုပင် နာလန္ဒာဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပေသည်။



ဗုဒ္ဓလက်ထက်တော်ကာလက နာလန္ဒာသည် လူဦးရေထူထပ်ပြီး၊ စည်ပင်သာယာ ကြွယ်ဝချမ်းသာသော ရွာကြီးတခုဖြစ်ခဲ့သည်။ နာလန္ဒာ၏ အရှေ့မြောက်အရပ်၌ နာလဂါမ မည်သောရွာတွင် လက်ယာတော်ရံ၊ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ မွေးဖွားတော်မူခဲ့သည်။

ဘုရားရှင်သည် နာလန္ဒာ၌ ပျော်မွေ့သည့် အချိန်အထိ သီတင်းသုံးအနားယူနေထိုင်တော်မူရင်း ရဟန်းသံဃာပရိသတ်နှင့်အတူ နာလန္ဒာတခွင်၌ နေထိုင်ကြကုန်သော ဒါယကာ ဒါယိကာမတို့အား ကြားနာရခဲလှစွာသော တရားဓမ္မဒေသနာတော်များကို ဟောကြားတော်မူခဲ့ပေသည်။

(ရက်အတန်ငယ်ကြာပြီးသော်) ဗုဒ္ဓနှင့် သံဃာတော်အပေါင်းတို့သည် နာလန္ဒာမှသည် ပါဋလိဂါမရွာ (ယခုပတ္တနားမြို့)သို့ ဆက်လက်ကြွချီတော်မူခဲ့ကြပြန်သည်။ ပါဋလိဂါမရွာရှိ ဥပါသကာ၊ ဥပါသိကာတို့သည် ဘုရားရှင်ဗုဒ္ဓ ရောက်ရှိတော်မူကြောင်း သတင်းကို ကြားသိရသည့်ချက်ခြင်း ရှင်တော်ဗုဒ္ဓ သီတင်းသုံးတော်မူရာအရပ်သို့ စုရုံးရောက်ရှိလာခဲ့ကြပြီး ထိုက်သင့်ရာ နေရာယူကြပြီးသော် အထူးရိုသေစွာ ဝတ်ပြုရှိခိုးကန်တော့ကြလျက် "အရှင်ဘုရား တပည့်တော်တို့ရဲ့ ဧည့်ခန်းမဆောင်သို့ ကြွချီသီတင်းသုံးတော်မူပေးပါ ဘုရား" ဟူ၍ လျှောက်ထားကြသည်။ ဘုရားရှင်လည်း ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် ၄င်းတို့၏ ဖိတ်မန္တကပြုခြင်းကို လက်ခံတော်မူသည်။ ဘုရားရှင်မှ ၄င်းတို့၏ ဖိတ်မန္တကပြုခြင်း လက်သင့်ခံတော်မူပြီးဖြစ်ကြောင်း သိရလေလျှင် အဆိုပါ တည်းခိုဆောင်ဧည့်ရိပ်သို့ အလျင်အမြန် ပြန်သွားကြကာ ရိပ်သာခန်းမဆောင်ကို လိုအပ်သမျှ သန့်စင်ဆေးကြော၊ အခင်းအကျင်းများ သပ်ရပ်သန့်ပြန့်စွာ ခင်းကျင်းပြီးမှ ဘုရားရှင့်အထံတော် ပြန်လည်လျှောက်ထားကြသည်။ ဘုရားရှင်လည်း အချိန်တန်သော် သင်္ကန်းပရိက္ခရာများယူငင်တော်မူကာ ပါဋလိဂါမ ဧည့်ခန်းဆောင်သို့ ကြွသွားတော်မူလေသည်။ ဘုရားရှင်အား ခန်းမဆောင်အတွင်း အရှေ့အရပ်မျက်နှာဖက်၌ စံပယ်စေတော်မူ၍ ဒါယကာ ဒါယိကာမများကမူ အနောက်မျက်နှာနံရံကို ကျောပေးလျက် ဘုရားရှင်ဘက်သို့ မျက်နှာမူ လက်အုပ်ချီ၍ ရှိခိုးသည့် မုဒြာဖြင့် အသီးသီးထိုင်၍ နေရာယူကြလေသည်။ ရှင်တော်မြတ်ဗုဒ္ဓသည် ထိုတရားပွဲ၌ စုဝေးရောက်လာ ဒါယကာ ဒါယိကာမများအား အောက်ပါ ဒေသနာတော်ကို မိန့်မြွက်တော်မူခဲ့ပေသည်။

"ဂဟပတိ အပေါင်းတို့ ဒုရာစာရီ (သီလမစောင့်ထိန်းသူ)တို့သည် မိမိတို့ပြုကျင့်တတ်သည့် ဒုစရိုက်တို့ကြောင့်၊ ငါးမျိုးသော မကောင်းကျိုးကို ခံစားရပါသည်။ ထိုငါးမျိုးသော ဒုစရိုက်တို့မှာ (၁) သီလကို စောင့်ထိန်းခြင်း မရှိသော၊ ထိုဒုစရိုက်ကောင် (ဒုရာစာရီ) မှာ အပျင်းကြီး၍ မိမိခံစားခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်သည့် ချမ်းသာသုခကို မခံစားရပဲ လွတ်ကင်းသွားတတ်၏။ ဤသည်ကာ ပထမ မကောင်းကျိုးဟုမှတ်။ (၂) ထိုဒုစရိုက်ကောင်က လူမှု အသိုက်အဝန်းတွင် ကဲ့ရဲ့ပြစ်တင်ခံရ၏။ (၃) အနာစာရီ ဒုစရိုက်ကောင်မှာ အကျင့်ပျက်ပြားသူ၊ ထိုယောကျ်ားမှာ ခတ္တိယ၊ ဗြာဟ္မဏ၊ ဂဟပတိ၊ သမဏ စသည့် ဘယ်လူအဖွဲ့အစည်းကိုပဲသွားသွား၊ လေးစားကြည်ညိုမှုကို မခံစားရပဲ၊ မျက်နှာတင့်တယ်ခြင်းမရှိနိုင်ပါ။ (၄) ထိုလူမိုက် ဒုရာစာရီမှာ ထိုသို့ပင် ဘာအသိပညာမရှိဘဲ သေခြင်းနှင့် ကြုံရပါ၏။ (၅) ထိုသို့သော ဒုရာစာရီတို့မှာ လူခန္ဓာကိုယ်ကို စွန့်ပြီးရသည့် သကာလာ ဒုဂတိ = အပါယ် = နရက = ငရဲဘုံသို့ ကျခံရပါသည်။ ဒုရာစာရီတို့မှာ ဤ ငါးပါးသော (ဒုပရိဏာမ) မကောင်းကျိုးကို ခံစားရသည်မှတ်။

ဂဟပတိ အပေါင်းတို့ သီလသမာဓိ ကျင့်အပ်သော (သဒါစာရီ) သုစရိုက်အကျင့်ကို ကျင့်ကြံမှုတို့ အကျိုးရလဒ်မှာလည်း ငါးမျိုးရှိပါသည်။ ထိုငါးမျိုးမှာ (၁) သဒါစာရီ သုစရိုက်ကျင့်ကြံသူမှာ (အပရမာဒ) မာန်မာနထောင်လွှားခြင်းကင်းရှင်းကာ သီလအကျင့်ကောင်းကို စောင့်ထိန်းသည်ဖြစ်၍ ဤဘဝ၌ပင် ချမ်းသာ သုခကို ခံစားစံစားရပါသည်။ (၂) သဒါစာရီတို့၏ အကျင့်သီလတို့ကြောင့် ထိုသူသည် လူမှုအသိုက်အဝန်း၌ လေးစားကြည်ညိုမှုတို့ကို ခံစားရပါ၍ ထိုသူ၏ ဂုဏ်သတင်းမှာလည်း ကျော်ကြားမှုတို့ကို ဖြစ်စေသည်။ (၃) အကျင့်သီလကောင်းသော ထိုသူသည် သွားလေရာ အရပ်ခပ်သိမ်းတို့၌ အများမဂီလာရှိစေသည့် စကားကို ပြောတတ်၍ (၄) လူမိုက်တို့၏ အသေဆိုးမျိုးဖြင့် မသေရပါ။ ထိုအပြင် ဒါယကာ ဒါယိကာမ အပေါင်းတို့ မှတ်ရမည့် ပဥ္စမ အကျိုးမှာ ထိုသဒါစာရီ ပုဂ္ဂိုလ်သည် သေဆုံးသွားသည်နောက် သုဂတိ = သုလောကသို့ ရောက်ရသည်။ အသင်ဂဟပတိ အပေါင်းတို့ အကျင့်သီလကောင်းကို ကျင့်ကြံသည့် သဒါစာရီ ပုဂ္ဂိုလ်များရရှိသည့် အကျိုးရလဒ်၊ ဤငါးမျိုးကိုလည်း နှလုံးသွင်းထားကြပါလေ့။”

ထိုညက အတော်ညဥ့်နက်သည်အထိ တရားဟောတော်မူပြီးနောက် ဒါယကာ၊ ဒါယိကာမများ ပြန်သွားကြပြီးနောက်မှ သုညာဂါရတွင် ဝင်ကာ ကျိန်းစက်တော်မူသည်။

(ဘုရားရှင် ယခုတကြိမ် ကြွရောက်တော်မူလာခိုက်တွင်) မဂဓ ဘုရင်၏ အမတ်ချုပ်ကြီးများဖြစ်ကြသော ဝဿကာရနှင့် သုနီထတို့သည် ဝဇ္ဇီတိုင်းသားတို့ ကျူးကျော်စစ်ပြုမှုကို တင်ကြိုအကာအကွယ်ရန် ပါဋလိဂါမကို ပါဋလိပုတ္တခံတပ်မြို့အဖြစ် တည်ဆောက်နေကြချိန်လည်းဖြစ်သည်။ နတ်ဒေဝတာတို့သည် ပါဋလိပုတ္တတွင် နေထိုင်လျက် ရှိကြသည်။ ည၏ စတုတ္ထနှင့် နောက်ဆုံးပဟိုရ်တွင် ဘုရားရှင်သည် ကျိန်းစက်ရာမှ နိုးလာပြီး အာနန္ဒာအား ခေါ်တော်မူ၍၊ အာနန္ဒာ ပါဋလိပုတ္တ၌ မြို့တော်ခံတပ်စသည် တည်ဆောက်မှုများကို အဘယ်သူများက လုပ်နေကြပါသနည်း ဟူ၍ မေးမြန်းတော်မူရာ မှန်လှပါဘုရား၊ ဝဇ္ဇီတို့၏ ကျူးကျော်မှုစစ်ကို တားမြစ်နိုင်ရန် မဂဓ အမတ်ချုပ်ကြီး ဝဿကာရနှင့် သုနီထတို့က ပါဋလိပုတ္တမြို့ရိုး ခံတပ်စသည် တည်ဆောက်မှုများ လုပ်ဆောင်လျက် ရှိနေကြောင်းပါဘုရား”ဟု ပြန်လျှောက်ထားသည်။ တည်ဆောက်နေပုံများကို ရှုမြင်တော်မူရသည်ဖြစ်၍ နောင်တွင် ဤပါဋလိပုတ္တမြို့သည် ဇမ္ဗူဒိပကျွန်းတခွင်၌ အရေးပါလှသော မြို့တော်တခု ဖြစ်လာပေလိမ့်ဦးမည်ဟု ဗျာဒိတ်ပေးတော်မူသည်။

ချစ်သားအာနန္ဒာ ငါဘုရားသည် ဒိဗ္ဗစက္ခုဖြင့် ကြည့်တော်မူရာ ထောင်နှင့်ချီသော ဒေဝတာများက ပါဋလိပုတ္တတည်ဆောက်ရာ နေရာအသီးသီးဝယ် နေရာယူထားကြပြီးဖြစ်သည်။ ကြီးကျယ်ခမ်းနားလှပေမည်။ ဤမြို့တော်၏ အတွင်းရန်သုံးမျိုးမှာ မီး၊ ရေနှင့် အချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားခြင်းတို့ပင် ဖြစ်ပေလိမ့်မည်။

(နောက်တနေ့တွင်) ရှင်တော်ဗုဒ္ဓ သီတင်းသုံးတော်မူရာသို့ အမတ်ချုပ်ကြီး ဝဿကာရနှင့် သုနီထတို့ကိုယ်တိုင် ရောက်ရှိလာခဲ့ကြပြီး ဘုရားရှင်အား ရှိခိုးအရိုအသေပြုကာ “အရှင်ဘုရား ရဟန်းသံဃာနှင့်အတူ တပည့်တော်တို့ ကပ်လှူသော ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးတော်မူရန် ပင့်လျှောက်ပါသည် ဘုရား”။ ဘုရားရှင်လည်း ဆိတ်ဆိတ်နေကာ ထိုသူတို့၏ ဖိတ်ကြားချက်ကို လက်ခံတော်မူလိုက်သည်။ ထို့နောက် အမတ်နှစ်ဦးတို့သည် မိမိတို့နေထိုင်ရာအရပ်သို့ ပြန်ခဲ့၍ မွန်မြတ်သော ခဲဖွယ်ဆွမ်းဘောဇဉ်များကို ကောင်းစွာ ချက်ပြုတ်စီစဉ်ပြင်ဆင်ခဲ့ကြပြီးမှ၊ ဆွမ်းဘုဉ်းပေးတော်မူရန် ဘုရားရှင်ထံ တဖန်လျှောက်ထားကြလေသည်။

ထိုအခါ ဘုရားရှင်သည် သင်္ကန်းရုံ၊ သပိတ်ပိုက်ကာ ဘိက္ခုသံဃာများနှင့်အတူ အမတ်ချုပ်ကြီးများ နေရာသို့ ကြွချီခဲ့တော်မူသည်။ ဘုရားရှင်အတွက် ခင်းကျင်းထားသည့် ထိုင်ရာတွင် ထိုင်တော်မူသည်။ ထိုအခါ ***သုနီထ***နှင့် ဝဿကာရတို့မှ မိမိကိုယ်တိုင် လက်ဖြင့် ဆွမ်းဘောဇဉ်များကို ကပ်လှူကြသည်။ ထို့နောက်တွင် ဝဿကာရနှင့် ***သုနီထ***တို့သည် သင့်တော်ရာ နေရာတွင် နေရာယူကြသည်။ တဘက်တွင် လက်အုပ်ချီ လျက်ရှိနေကြသော အမတ်များ –ဝဿကာရနှင့် သုနီထတို့အား ဘုရားရှင်သည် အောက်ပါဂါထာဖြင့် ဟောကြားတော်မူခဲ့ပြီး ၎င်းတို့၏ အလှူဒါနကို အနုမောဒနပြုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



*"အကြွင်နေရပ်ဒေသ၌ (အကြွင်သူတို့သည်) ပဏ္ဍိတ ပုရိသ၊ သီလ သမာဓိနှင့် ပြည့်စုံနေကြသော ဗြဟ္မစရိယအကျင့်၌ မွေ့လျော်သည့် သူတော်စင် သူတော်မြတ်တို့အား ဆွမ်းခဲဖွယ်ဘောဇဉ်များဖြင့် ကျွေးမွေးလှူဒါန်း ကြကုန်၏။ (ထိုအရပ်၌) နေထိုင်လျက်ရှိကြကုန်သော နတ်ဒေဝတာ အပေါင်းတို့အားလည်း (ပူဇော်ပသကြကုန်၏)။ (မိမိတို့နှင့် သင့်တော်သည့်) ကြည်ညိုမှုတို့ကို ခံစားကြရသည်ဖြစ်၍ စိတ်ရွှင်လန်းကြကုန်သော ထိုဒေဝတာ နတ်များသည် (မိမိတို့အား ပူဇော်လေ့ရှိသူတို့အပေါ်) ရင်၌ဖြစ်သည့် သားသမီးနှင့်မခြား မြတ်နိုးစွာ စောင့်ရှောက်ကြကုန်၏။ နတ်တို့၏ ချစ်မြတ်နိုးမှု အာနုဘော် ရရှိကြသူများအဖို့ကား မင်္ဂလာ ကျက်သရေ အဖြာဖြာတို့ဖြင့် ပြည့်စုံကာ အမြဲချမ်းသာ တင့်တယ်ကြ ကုန်၏။"*

ဝဿကာရနှင့် သုနီထတို့၏ အလှူဒါနကို ထိုဂါထာဖြင့် အနုမောဒနပြုပြီး၍ ထိုင်ရာမှထတော်မူကာ ပြန်လည်ကြွချီတော်မူကြလေသည်။ ထိုအချိန်တွင် ဝဿကာရနှင့် သုနီထတို့မှာလည်း ဘုရားရှင်နောက်တော်မှ လိုက်ပါခဲ့ကြသည်။ ဘုရားရှင် ဂေါတမထွက်ကြွတော်မူမည့် တံခါးဝကို ဂေါတမဒွါရဟု မှည့်တွင်ကြောင်း၊ အကြွင်မြစ်ဆိပ်မှနေ၍ ဂေါတမဗုဒ္ဓသည် ဂင်္ဂါမြစ်ကို ကူးသွားမည်၊ ထိုဆိပ်ကို ဂေါတမဆိပ်ကမ်း မှည့်ရမည်ဆိုသော စိတ်ကူးဖြင့် အမတ်နှစ်ဦးတို့သည် ဂင်္ဂါမြစ်ကမ်းပါးအထိ ဘုရားရှင်နှင့် လိုက်သွားခဲ့ကြသည်။ ထိုအချိန်၌ ဂင်္ဂါမြစ်ရေသည် ကမ်းပါးပြည့်ဖြစ်နေသည်။ ကမ်းပါးရှိ အချို့သူများသည် လှေရှာနေကြ၍ အချို့သူများမှာ မြစ်၏ တဘက်ကမ်းကို ကူးသွားရန် ဖောင်များစီစဉ်လျက် အလုပ်များနေကြသည်။ ထိုခဏအချိန်ပိုင်းအတွင်း ဘုရားအမှူးရှိသော ဘိက္ခုသံဃာတော် အပေါင်းတို့သည် ဤမှာဖက်ကမ်းမှ ရုတ်ခြည်ပျောက်ကွယ် သွားခဲ့ကြပြီး ဟိုမှာဖက်ကမ်းသို့ ရောက်နေကြောင်းကို မြင်တွေ့ လိုက်ကြရပေသည်။

ဘုရားရှင်သည် အာနန္ဒာအားခေါ်၍ ချစ်သား အာနန္ဒာ ကောဋိဂါမ သို့ကြွကြစို့။ မှန်လှပါဘုရား။ အာနန္ဒာက ပြန်လည်လျှောက်၍ ဘိက္ခုသံဃာများနှင့်အတူ ကောဋိဂါမသို့ ဆက်လက်ကြွချီခဲ့တော်မူကြလေသည်။

ထိုကောဋိဂါမ၌ သီတင်းသုံးလျက်ရှိတော်မူစဉ် ရှင်တော်ဗုဒ္ဓသည် ရဟန်း အပေါင်းတို့အား ဤသို့တရား ဟောကြားတော်မူခဲ့၏။ "အသင် ဘိက္ခုဝေ သစ္စာတရား လေးပါးတို့၏ ***အနုဗောဓ ပဋိဗောဓ*** အကြောင်းကို လုံးစေ့ပတ်စေ့ မသိနားမလည်မှု တို့ကြောင့်၊ လူတို့သည် ဘဝသံသရာတွင် လည်နေရ၏။" ထိုသို့ ဘဝပင်လယ် ဝဲဩဃထဲ၌ ထပ်ဘလဲလဲ လည်နေရခြင်းဖြင့် ငါတို့ကာလ ရှည်ကြာခဲ့ပေပြီ၊ ထိုသစ္စာတရား လေးပါးဟာ အဘယ်တရားများပါလဲ။





(၁) ဒုက္ခ သစ္စာကို မသိနား မလည်ခြင်း၊
(၂) သမုဒယ သစ္စာကို မသိနား မလည်ခြင်း၊
(၃) နိရောဓ သစ္စာကို မသိနား မလည်ခြင်း၊
(၄) ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ (မဂ္ဂ)သစ္စာကို မသိနားမ လည် ခြင်း၊ တို့ကြောင့်

လူတို့သည် ဘဝသံသရာမှ မထွက်မြောက်နိုင်ဘဲ လည်နေကြရခြင်းဖြစ်ပေသည်။

သို့ဖြစ်ပါ (ဒုက္ခသစ္စာကို ထိုးထွင်း၍သိခြင်း (အနုဗောဓ)။ အနုစိပ် အဖန်ဖန် ထိုးထွင်း၍သိခြင်း (ပဋိဗောဓ) အစွမ်းဖြင့်သာ ဘဝတဏှာ လွတ်ကင်းရ၏။ ဘဝတပ်မက်မှုမှ ကင်းလွတ်ရ၏။

တထာဂတ (ဘုရားရှင်)သည် ဆက်လက်၍ "အာရိယ သစ္စာလေးပါးတို့ကို မှန်မှန်ကန်ကန် မသိနားမလည်မှုကြောင့် လူတို့သည် သတ္တဝါ အမျိုးမျိုး (ဘဝအထွေထွေ)တို့ဖြင့် ကာလတာရှည် အထပ်ထပ် အပြန်ပြန် ဒုက္ခဘုံ၌ ကျင်လည်နေကြရ၏။" အရိယသစ္စာ ဖြစ်သော ဒုက္ခ သစ္စာကို သိမြင်နားလည်ခြင်းဖြင့် ဒုက္ခ၏ အရင်းအမြစ်ပြတ်၍ (ဒုက္ခနယ်မှ) လွတ်ကင်းရ၏။

ထိုစဉ်က ကောဋိဂါမမှာ ဝဇ္ဇီတိုင်းအတွင်း တည်ရှိခဲ့ပြီ ဘုရားရှင်သည် ထိုနေရပ်၌ သီတင်းသုံးတော်မူစဉ် ဘိက္ခုသံဃာ အပေါင်းတို့အား အခြားအခြားသော တရား အကြောင်းအရာများကိုလည်း ဟောကြားတော် မူခဲ့သေးသည်။ သံယုတ်နိကာယ် ကောဋိဂါမဝဂ္ဂလာ သုတ် (၁၀) တို့ကိုလည်း ဘုရားရှင်သည် ကောဋိဂါမ၌ပင် ဟောကြတော်မူခဲ့ခြင်း ဖြစ်သည်။ မဟာကဝိ အဿဃောသ ရေးသားပြုစုခဲ့သည့် ***ဗုဒ္ဓစရိတ္တကဗျာကျမ်း*** စာတွင် ကောဋိဂါမကို ကောဋိဟူ၍ ခေါ်ဝေါ် ရေးသား ဖေါ်ထားသည်။ ရက်ပေါင်းအတော်ကြာကြာ ကောဋိဂါမ၌ နေထိုင် သီတင်းသုံးတော် မူခဲ့ပြီးနောက် "အာနန္ဒာ နာဒိကာ (နာဋိကာ) သို့ ကြွချီကြဦးစို့ရဲ့ ဟူ၍ မိန့်ကြားတော် မူသည်။" "မှန်လှပါ ဘုရား"ဟု အာနန္ဒာက ဝန်ခံလျှောက်ထားပြီးလတ်သော်၊ ဘိက္ခုသံဃာ အခြံအရံဖြင့် ဘုရားရှင်သည် နာဒိကာသို့ ကြွရောက်တော်မူ၏။ နာဒိကာရွာသည်လည်း ထိုစဉ်က ဝဇ္ဇီဇနပုဒ၏ နယ်ပယ်အတွင်း တည်ရှိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နဒိကာတွင် သီတင်းသုံးတော် မူသည့်အခါ ရှင်အာနန္ဒာသည် ရှင်ဗုဒ္ဓ၏ အပါးတော်သို့ သွားရောက်၍ ဘုရားရှင်အား ရှိခိုးအရိုအသေပြုကာ အပါးတော်၌ ထိုင်လျက် ဤသို့မေးလျှောက်တော်မူခဲ့သည်။

"ရှင်ဘုရား၊ ဘိက္ခုသာလဟသည် ဤနာဒိကာ၌ပင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ပါသည်။ ဘိက္ခုသာလဟသည် အဘယ်လားရာ ဂတိသို့ ရောက်ခဲ့ပါသနည်း။ ထိုနည်းတူ ဘိက္ခုနီ နန္ဒာ၊ ဥပါသကာ သုဒတ္တ၊ တကာမကြီး ကုကုနေနှင့် ဥပါသက ကဠိသမ္ဘ တဋ္ဌ၊ ဘဒ္ဒတို့မှာလည်း ဤနာဒိကာ၌ပင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ကြပါသည်။ အရှင်ဘုရား ထိုသူများ၏ လားရာဂတိနှင့် ပတ်သက်၍ ရှင်းလင်းမိန့်မြွက်တော်မူရန် တောင်းပန်အပ်ပါသည်ဘုရားဟူ၍ အာနန္ဒာသည် ရှင်ဗုဒ္ဓအား မေးလျှောက်တော်မူခဲ့ပေသည်။

"အာနန္ဒာ၊ ဘိက္ခုသာလဟသည် ဤဘဝ၌ပင် အာသဝေါများ ကုန်ခန်းကာ (စိတ္တမလ၊ ကိလေသာ) အားလုံး ကင်းစင်ကာ စင်ကြယ် သန့်စင်သည့် စိတ်ဓါတ်ရှင်အဖြစ်ကို အဖြစ်၌ မွေ့လျော်ရှိနေပြီး၊ ဘိက္ခုနီ နန္ဒကတော့ အောက်ပိုင်းသံယောဇဉ်ငါးပါး ကုန်လွန်ခဲ့သည်ဖြစ်၍ နတ်ပြည်၌ နတ်သားအဖြစ် လာက နတ်ပြည်မှ ပြန်လမ်းမရှိ အနာဂါမိ အဖြစ်ဖြင့် ပျော်လျက် ထိုမှာပင် (နတ်ပြည်တွင်) နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတော့မည် ဖြစ်သည်။ ချစ်သား အာနန္ဒာ အာရုံ (၃) ပါး လောဘ၊ ဒေါသ၊ မောဟ ကုန်ခန်းခဲ့ပြီးဖြစ်သော ဥပါသကာကြီး သုဒတ္တမှာ သကဒါဂါမိ (သကဒါဂါမိ) အဖြစ်ကို ရရှိထားပြီး၊ နောက်ဆုံး တခေါက် လူ့ဘဝဖြင့် ဤလောက၌ မွေးဖွားလာကာ ဒုက္ခချုပ်ငြိမ်းသည့် အဖြစ်ကို စောင့်သွားရမှာဖြစ်သည်။ ဥပါသိကာ သုဇာတာမှာလည်း လောဘ၊ ဒေါသ၊ မောဟ ဤအာရုံ (၃)ပါး ချုပ်ငြိမ်းခဲ့ပြီး၊ ဗောဓိလမ်းစဉ်ဖြင့် သောတာပန်အဖြစ်၌ တည်ခဲ့ပြီးဖြစ်သည်။ ကုကုဓ၊ နိကတ ကဋိသမ္ဘ၊ သုတ္တ၊ သံသုတ္တ၊ ဘဒ္ဒ၊ သုဘဒ္ဒ၊ ဥပါသကာ အာနန္ဒာ တို့သည် ငါးပါးသော အာရုံများ ကုန်ခန်းခဲ့ပြီးဖြစ်၍ နတ်ပြည်၌ အနာဂါမိ အဖြစ်မှာ တည်လျက်ရှိနေပါပြီးဖြစ်၍ ထိုနေရာမှာပင် နိဗ္ဗာန်ကို မျက်မှောက် ပြုတော့မည် ဖြစ်သည် ဟူ၍ ဘုရားရှင်သည် ဟောကြားပေးခဲ့တော်မူသည်။ အသင် အာနန္ဒာ ဤနာဒိကာ ဂါမတွင် ငါးဆယ် ဦးတို့ထက်ပိုသော ဥပါသကာ၊ ဥပါသိကာများ ကွယ်လွန် အနိစ္စရောက်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့အားလုံးမှာ အနာဂါမိ အဖြစ်ကို ရရှိထားပြီးဖြစ်နေ၏။ ကိုးဆယ်ထက်ပိုသော ဒါယကာတို့မှာ သကဒါဂါမိ အဖြစ်၌ တည်ခဲ့ပြီး ဖြစ်နေ၍ ငါးရာထက်ပိုသော ဒါယကာ ဒါယိကာမတို့သည် သောတာပန်အဖြစ်၌ တည်လျက်ရှိနေခဲ့ပြီး



ဖြစ်သည်။ အသင် အာနန္ဒာ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပြီး ဖြစ်သောသူများ တဦးချင်းတို့၏ ဂတိ (လားရာ)ကို မမေးသင့် မမေးထိုက်၊ ထိုသို့ မေးမြန်းခြင်းသည် ငါဘုရားရှင်အား ဒုက္ခပေးခြင်းနှင့် တူနေပါသည်။ ထိုသို့ အကြောင်းများကြောင့် ငါဘုရားသည် ဓမ္မစံပြ ဓမ္မမှန်ကိုသာ ဥပဒေသ ဟောကြားပေးသည်။ တရားစစ် တရားမှန်ကို သိမြင်နားလည် သဘောပေါက်၍ ကျင့်ကြံအားထုတ်သွားသော အာရိယ သာဝကတို့သည် မိမိတို့၏ အနာဂတ်ကို မိမိဖာသာ မိမိဗျာကရဏ (သိမြင်ပြောဆိုနိုင်လာအောင် ငါဘုရားဆုံးမ ဩဝါဒ ပြုပေးရပါသည်။ ချစ်သား အာနန္ဒာ တရားစစ် တရားမှန်ကို နားလည်သဘောပေါက်ကာ ထိုတရားများကို အစဉ်သဖြင့် စောင့်ထိန်းသော အာရိယ သဝကသည် ငါငရဲမကျနိုင်၊ ငါအပါယ်မလားနိုင်၊ ငါသည် ပြိတ္တာဘဝ ကျွဲနွားစသည် တိရစ္ဆာန်ဘဝ စသည် ဒုဂတိသို့ မလားနိုင်ကြောင်း မိမိကိုယ်တိုင် ဉာဏ်ဖြင့် သိရပေလိမ့်မည်။ ငါသည် သောတာပန် အဖြစ်မှာ တည်နေပါပြီ၊ ငါသည် ဘယ်သောအခါမျှ ကျဆင်း မသွားနိုင်သည့် ဗောဓိ၏ လမ်းစဉ်ပေါ် တက်ခဲ့ပြီးဖြစ်သည်။ ထိုအမြင်မျိုး ရရှိထားပြီး ဓမ္မသူတော်စင် သူတော်မြတ်တို့မှာ

(၁) ချစ်သားအာနန္ဒာ ဗုဒ္ဓအား အလွန်တရာ သဒ္ဓါ ကြည်ညိုသော ထိုအရိယ သူတော်စင်သည် အရဟတ္တ သမ္မယက သမ္မဗုဒ္ဓ (ပရမဉာဏ်ကြီးရှင်) အဖြစ်ကို ရရှိပြီး၊ လူနတ်ဗြဟ္မာတို့၏ အထွဋ်အထိပ် ဖြစ်သော ဘုရားအဖြစ်ကို ရအပ်၏။

(၂) အကြင်သူသည် တရားဓမ္မတို့ကို အလွန်တရာ မြတ်နိုး၏ ထိုသူတော်မြတ်သည် လက်ရှိဘဝ၌ပင် မြတ်သော အကျိုးကျေးဇူး များကို ခံစားရ၏။ နိဗ္ဗာန်နားသို့ ပို့နိုင်၏။ ထိုအဖြစ်ကို မိမိကိုယ်တွင် မြင်နိုင်သော ဉာဏ်မျိုးကို ပွားယူ၏။

(၃) သံဃာ့အဖွဲ့ပေါ်မှာ သဒ္ဓါကြည်ညိုမှုကြီးသော သူတော်စင် အရိယ သာဝကတို့သည် ဘုရားရှင် ပြသပေးထားသည့် ဓမ္မလမ်းကြောင်း တရားလမ်းကြောင်းပေါ် တက်လျှောက်သည့် ထိုဝိဇ္ဇာဉာဏ်ရှင်တို့မှာ သောတာပန် သကဒါဂါမိ အနာဂါမိနှင့် အရဟတ္တ လေးမျိုးသော ပုရိသ ယောကျ်ားဖြစ်ကြသည်။ ၎င်းလေးမျိုးနှင့် တွဲထားသည်မှာ ဓမ္မတရားတို့ကို အမြဲနားဆင်ကြသည့် သူစင်ကြယ်တို့၏ အဖွဲ့ဝင်များ ဖြစ်၏။ ဤရှစ်မျိုးသော သူတို့အား ပုဂ္ဂိုလ်ဟုတွင်ကြ၏။ ဗိုလ်မန္တက ပြုဘွယ်ရာကောင်း၏။ အလှူဒါနများ ပေးကမ်းစွန့်ကြဲရကောင်း၏

www.burmeseclassic.com

www.burmeseclassic.com



*ရှိရိုးကန်တော့စရာ ဖြစ်ကြ၏။ လောကတွင် ကုသိုလ် (ပုည) ပွားယူနိုင်ရန် နယ်ပယ်ဖြစ်၏။*

*(၄) ထိုသူမြတ်သည် အဒေါသ၊ အလောဘ၊ စင်ကြယ်သန့်စင်၊ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံတင့်တယ်ကာ သူတကာတို့၏ ပြုစုချီးမွမ်းဖွယ်ရာ ဖြစ်ကြ၏။ ထိုထိုသော အာရိယ သူတော်စင်တို့သည် သီလ သမာဓိနှင့် ပြည့်စုံကာ မှန်မြတ်သည့် အကျင့်တို့ကို ကျင့်ကြံသူများ ဖြစ်ကြ၏။ ချစ်သား အာနန္ဒာ ဤသည်တို့ကား ဓမ္မတရား တို့ဖြစ်၏။"*

ဟူ၍ တရားဓမ္မကထာ ဒေသနာတော်ကြေမှုံကို (လက်ရောက် လွှဲအပ်သည်နှင့်မခြား ထင်ရှားစွာ) ဖွင့်ဆိုရှင်းလင်းတော်မူခဲ့ပေသည်။ နာဒိကာတွင် သီတင်းသုံးတော်မူစဉ် ကာလအတွင်း ဘုရားရှင်သည် ဘိက္ခုသံဃာအား ထိုတရားများကို ဟောကြား ပေးတော်မူခဲ့သည်။

*နာဒိကာမှ* ထွက်ခွါတော်မူပြီးနောက် ရှင်တော်ဗုဒ္ဓသည် ဘိက္ခုသံဃာ အပေါင်းခြံရံလျက်၊ ဝဇ္ဇီတိုင်း၏ မြို့တော် ဝေသာလီသို့ ကြွချီတော်မူသည်။ ဝေသာလီသို့ရောက်လတ်သော် ဘုရားရှင်သည် အမ္ဗပါလီ၏ အမ္ဗဝန (သရက်ဥယျာဉ်ခြံ) တွင် သီးတင်းသုံးတော်မူခဲ့သည်။ ဝေသာလီ၌ သီတင်းသုံးတော်မူစဉ် ရှင်တော်ဗုဒ္ဓသည် ဘိက္ခုသံဃာပေါင်းများစွာတို့အား ဝိပဿနာ တရားနှင့် စပ်လျဉ်းသော တရားဒေသနာတော်များကို ဟောတော်မူသည်။

*"ဘိက္ခုဝေ ဘိက္ခုကာယ (ကိုယ်ခန္ဓာ)၏ ယထာဘူတ သဏ္ဍာန်ကို ကာယဝိပဿီတို့ ရှုကြ၏။ ခန္ဓာ၏ ဖွဲ့စည်းပုံတွင် ပါရှိသော အင်္ဂါအရာများကို ထို ဝိပဿီတို့မှာ အသေးစိပ်ရှုမြင်သုံးသပ်သည်။ ထိုသို့ ယထာဘူတ အမြင်နှင့် ကြည့်ရှုသော လောက၊ ဘဝ ဉာဏ်ကို ရရှိကြ၏။ ထိုဉာဏ်ကို ပွားများ လာသော လောကအတွက် ဖြစ်ပေါ်တတ်သည့် တွယ်တာမှုနှင့် ထိုတွယ်တာမှု တို့ကြောင့် ပေါ်သည့် မနာလိုစိတ်၊ တဏှာစိတ် တို့ကင်းရှင်း လာရ၏။*

*ကိုယ်ကာယ၌ ပေါ်တတ်သည့် ဝေဒနာများ၏ တရားသဘောကို ရှုကြည့်သော ဝေဒနာနုပဿီတို့မှာ သုခ၊ ဒုက္ခ၊ အသုခ၊ အဒုက္ခ တို့ကို ကြည့်ရှု ပွားများကာ ယင်းဝေဒနာများတို့ဖြစ်ခြင်း ပျက်ခြင်းသဘော တရား အစစ်အမှန်ကို မြင်တွေ့သွားကြ၏။ စိတ်ကိုရှုမြင်သည့် စိတ္တာနုပဿီတို့မှာ စိတ်ထဲ၌ ဖြစ်ပေါ်တတ်သော ရာဂ၊ ဒေါသ၊ လောဘ စသည့် တရားတို့ဖြစ်ရခြင်း၊ ပျက်ရခြင်း သဘောတရားကို ရှုမြင်ပြီး စိတ်၏ သန့်စင်မှုနှင့် အေးချမ်းမှုတို့၌ တည်၍နေ၏။ ဓမ္မ နုပဿီ ပုဂ္ဂိုလ်မှာ စိတ်၌ ဖြစ်ပေါ်တတ်သည့် ငါးမျိုးသော တရားဓမ္မ ကာမ၊ ဗျာပါဒ၊ မိဒ္ဓ၊ ကော်ကရိစ္စယ၊ ဝိစိကိစ္ဆာ စသော*



*တရားများကို သိမြင်ကာ ကင်းရှင်းအောင် တရားဓမ္မကို ပွားများ အားထုတ်ကာ နေတတ်၏။*

*ကာယ ဝေဒနာ စိတ္တ ဓမ္မ တို့၏ သဘောတရား အရှိကို အရှိအတိုင်း သိမြင်လာသော ဘိက္ခုသည် သမ္မတိဉာဏ်ကိုရရှိ၏။ ထိုသို့ သမ္မတိ (ပရဂျန်ဉာဏ်) ကို ရရှိထားပြီး ဘိက္ခုသည် မိမိလှုပ်ရှားမှုတိုင်းကို သိသာ၏။ သွားခြင်း၊ လာခြင်း၊ စားခြင်း၊ သောက်ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ ရပ်ခြင်း၊ ဖြန့်ခြင်း၊ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ ပြောခြင်း၊ ဆိုခြင်း၊ တိတ်ဆိတ်နေခြင်း စသည့်အမူ ကိစ္စများ လှုပ်ရှားမှုများကို ပြုလုပ်ရာတွင် သိမြင်နိုးကြားနေတတ်သည်။ ဘိက္ခုများသည် ထိုထိုသော သမ္မတိဉာဏ် (ပရဂျန်ဉာဏ်)ကို ဆည်းပူးရ၏။ ဤသည် တို့မှာ ငါဘုရား၏ သာသနာဖြစ်၏။"*

(ပိုမိုရှင်းလင်းသိမြင်လိုသည့် စာဖတ်ပရိသတ်များအနေဖြင့် မဟာသတိပဋ္ဌာနသုတ်ကို လေ့လာဖတ်ရှုသင့်သည်။)

အမ္ဗပါလီမည်သော ဂဏိကာ (ပြည့်တန်ဆာမ)သည် ရှင်တော်မြတ်ဗုဒ္ဓ ဝေသာလီသို့ ကြွချီလာကြောင်းနှင့် ဘုရားရှင်သည် ဘိက္ခုသံဃာနှင့်အတူ မိမိပိုင် သရက်ဥယျာဉ်ခြံတွင် သီတင်းသုံးနေတော်မူကြောင်း သတင်းစကားကို ကြားသိရ လေလျှင် အလွန်တရာ ဝမ်းသာအားရရှိလှသည်ဖြစ်၍ ချက်ခြင်းပင် မိမိအခြွေအရံနှင့် အတူ ရထားယာဉ်များကိုစီး၍ ဘုရားရှင် သီတင်းသုံးတော်မူရာ သရက်ဥယျာဉ်သို့ ထွက်လာခဲ့လေသည်။



အမ္ဗပါလီ က ဘုရားရှင်အား ဖူးမြော်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



အမ္ဗပါလီသည် ရထားယာဉ်ဖြင့် သွားလို့ဖြစ်နိုင်သည်အထိ ရထားဖြင့် သွားခဲ့ပြီး၊ ကျန်ခရီးကို ခြေလျင်လျှောက်ကာ ဘုရားရှင်ထံတော်မှောက် ရောက်လာခဲ့ပေသည်။ ဦးစွာ ပထမ လက်အုပ်ချီ ရှိခိုးကာ ဘုရားရှင်အား (လက်ယာရစ်) သုံးပတ်ပတ်ပြီး အရိုအသေပေးလျက် သင့်တော်သည့် နေရာတွင် ထိုင်လေသည်။ ရှင်တော်ဗုဒ္ဓမှလည်း (သင့်တော်ရာ) ဓမ္မကထာတရားဒေသနာတော်များ ဟောကြားချီးမြှင့်ပေးတော်မူသည်။ ထိုအခါ အမ္ဗပါလီက "အရှင်ဘုရား၊ ဘိက္ခုသံဃာများနှင့်အတူ တပည့်တော်မအိမ်မှာ နက်ဖြန် ဆွမ်းဘုဉ်းပေးတော်မူပါရန် ဖိတ်မန္တက ပြုအပ်ပါသည် ဘုရား။" ရှင်ဗုဒ္ဓသည် ခပ်မဆိတ်နေတော်မူ၍ အမ္ဗပါလီ၏ ဖိတ်ကြားချက်ကို လက်ခံတော်မူသည်။ မိမိဖိတ်ကြားချက်ကို အရှင်မြတ်ဗုဒ္ဓ လက်ခံခဲ့ပြီးကိုသိ၍ အမ္ဗပါလီသည် ထိုင်ရာမှထ၍ ဘုရားရှင်အား (လက်ယာရစ်) သုံးပတ်ပတ်ကာ အရိုအသေပြုလျက် ထိုနေရာမှ ပြန်လည်ထွက်ခွါခဲ့ပေသည်။

ဝေသာလီ၌ ဗုဒ္ဓဘုရားသခင် ကြွရောက်တော်မူနေသည်ဆိုသည့် သတင်းကို ကြားသိရသော ဝေသာလီ မင်းတို့သည် လှပတင့်တယ်ဆုံး ဝတ်ကောင်းစားလှများဖြင့် သေသပ်ကျနစွာ ဖီးလိမ်းပြင်ဆင်ပြီး၊ မိမိတို့ကိုယ်ပိုင် ယာဉ်ရထား အသီးသီးတို့ဖြင့် ဝေသာလီမြို့မှ အမ္ဗပါလီပိုင် သရက်ခြံဖက်သို့ ထွက်လာခဲ့ကြလေသည်။

ဘုရားရှင့် အထံတော်မှ ပြန်လည်ထွက်ခွါလာခဲ့စဉ်မှာပင် အမ္ဗပါလီသည် ဝေသာလီမြို့တော်ဖက်မှ ထွက်လာခဲ့ကြသော လိစ္ဆဝီမင်းများနှင့် လမ်းခရီး၌ ဆုံဖြစ်ကြလေသည်။ ထိုအခိုက်ဝယ် အမ္ဗပါလီသည် ရထားယာဉ်များကို ရံဖန်ရံခါ (ဝင်ရိုးချင်း) ပွတ်တိုက်လျက်၊ အလံတလူလူ လွှင့်ထူလျက် (မတန်မရာ ဝင့်ကြွားစွာ) မောင်းနှင်လာခဲ့သည်ကို အံ့အားသင့်မိကြသော လိစ္ဆဝီမင်းများသည် အမ္ဗပါလီ တစ်ယောက် ထိုမျှအူမြူးဝင့်ကြွား ဖြစ်နေရခြင်း၏ အကြောင်းရင်းကို မေးမြန်းကြရတော့သည်။

***"ဇေ အမ္ဗပါလီ ငါတို့ ဝေသာလီမင်းသားတို့၏ ရထားယာဉ်များကို အဘယ်အကြောင်းများကြောင့် သင်ယခုလို လိုက်ပွတ်သွားလျက် ဝမ်းသာအားရဖြစ်နေရပါသနည်း။" ဟော့ အာရိယ ပုတ္တအပေါင်းတို့ အကျွန်ုပ် ဝမ်းသာမဆုံး ဖြစ်နေရခြင်း အကြောင်းမှန်ကတော့ဖြင့် အရှင်မြတ်ဗုဒ္ဓနှင့် သူ့ဘိက္ခုသံဃာများက နက်ဖြန် ကျွန်မအိမ်မှာ ကြွလာပြီး ဆွမ်းဘောဇဉ် ဘုဉ်းပေးမည်၊ ကျွန်မ၏ ဖိတ်မန္တကပြုခြင်း လက်ခံထားပြီး ဘိက္ခုသံဃာများနှင့် အတူ ဘုရားရှင်သည်လည်း ကျွန်မအိမ်သို့ ကြွလာမည်ဖြစ်သည်ဟု အမ္ဗပါလီက ဂုဏ်ယူဝံ့ကြွားစွာဖြင့် ၎င်းတို့အား ပြန်ပြောခဲ့ပါသည်။ ဇေ အမ္ဗပါလီ ငါတို့က***



***အဲဒီ ဆွမ်းပွဲကို ကဟာပဏ (ရွှေအသပြာ) တသောင်းခြောက်ထောင်နှင့် လဲယူချင်ကြ၏။ လဲပေးနိုင်ပါမလား ဟင်။***

***"အရှင်မင်းသားအပေါင်းတို့ ဤဆွမ်းပွဲကို ဝေသာလီပြည် စည်းစိမ် တခုလုံးနှင့်တောင် လဲမပေးနိုင်ဘူး ဟော့ ပြန်ပြောဆိုကာ ပြန်သွားခဲ့လေသည်။"***

လိစ္ဆဝီ ကုမာရတို့သည် အမ္ဗပါလီ၏ ထိုစကားများကို ကြားရ၍ နှမြောတသ ဖြစ်ကြကုန်လေသည်။ အမ္ဗပါလီတော့ ငါတို့ကို အနိုင်ယူသွားပြီဟု ပြောရင်းဆိုရင်း အမ္ဗဝန (သရက်ခြံ)သို့ ဆိုက်ရောက်လာကြလေသည်။ လိစ္ဆဝီ မင်းများ ဝင်အလာကို ***အဝေးကလျှင် လှမ်း၍မြင်တော်မူသော ရှင်တော်ဗုဒ္ဓသည်" ရှုကြလော့ ဘိက္ခုအပေါင်းတို့ လိစ္ဆဝီမင်းတို့၏ အစုအဝေးသည် နတ်အပေါင်းတို့၏ စုဝေးခြင်းနှင့် တူနေပါသည်။***

လိစ္ဆဝီ တို့သည် ဘုရားရှင် သီတင်းသုံးနေရာသို့ ခြေလျင် လျှောက်သွားခဲ့ကြပြီး၊ ဘုရားရှင်အား ရှိသေစွာရှိခိုးလျက် တဘက်တွင် နေရာယူကြသည်။ လိစ္ဆဝီမင်းများအား ရှင်တော်မြတ်ဗုဒ္ဓက သင့်တော်ရာ တရားဒေသနာများဖြင့် ချီးမြှင့်တော်မူသည်။

တရားဟောအပြီးတွင် လိစ္ဆဝီတို့က "အရှင်ဘုရား နက်ဖြန်အတွက် ဆွမ်းဘောဇဉ် ဘုဉ်းပေးချီးမြှောက်တော်မူပါရန် တပည့်တော်တို့မှ ဖိတ်မန္တက ပြုကြောင်းပါ ဘုရား"

"လိစ္ဆဝီမင်းအပေါင်းတို့ နက်ဖြန်အတွက်တော့ ငါဘုရားသည် ဂဏိကာ အမ္ဗပါလီ၏ ဆွမ်းဖိတ်ကြားခြင်းကို လက်ခံထားပြီးဖြစ်တယ်"

ထိုစကားကိုကြားရလေသော် လိစ္ဆဝီတို့သည် ထိုင်ရာမှထ၍ ဘုရားရှင်အား (လက်ယာရစ်) သုံးပတ်လှည့်၍ ရှိခိုးအရိုအသေပြုပြီး ထိုနေရာမှ ထွက်ခွါသွားခဲ့ကြလေသည်။

ဘုရားရှင်အနေဖြင့် တဘက်တွင် 'လိစ္ဆဝီတို့၏ သဘင်သည် နတ်တို့၏ သဘင် ***(ပရိသတ်)*** နှင့်တူကြောင်း ချီးမွမ်းထောပနာ ပြုထားတော်မူသော်ငြားလည်း၊ အခြားတဖက်တွင် ဂဏိကာ (ပြည့်တန်ဆာမ) အမ္ဗပါလီကိုပင် လျစ်လျူ ဥပေက္ခာပြုခြင်း မရှိခဲ့ကြောင်း သိသာလှပေသည်။ ဤအဖြစ်ကို ထောက်ရှု၍ မဟာကရုဏာရှင် မြတ်ဗုဒ္ဓသည် လိစ္ဆဝီ မင်းသားများနှင့် အမ္ဗပါလီ (ဂဏိကာ) တို့အားထပ်တူထပ်မျှ (အဆင့်မခွဲ တတန်းတစားတည်း သဘောထားတော်မူကြောင်း မှတ်ယူနိုင်ပေသည်။

ထိုညက အမ္ဗပါလီသည် ဆွမ်းဘောဇဉ် အမျိုးမျိုးချက်ပြုတ် ပြင်ဆင်ရာတွင် အလုပ်များနေခဲ့သည်။ ချက်ပြုတ်ပြင်ဆင်မှုများ ပြီးစီးပြီးဖြစ်ကြောင်း ဘုရားအား သတင်းပို့ခဲ့ရပါသည်။ ဘုရားရှင်လည်း နေ့လည်ဦးအချိန်တွင် သပိတ်သင်္ကန်းများကို လွယ်၍ ဘိက္ခုသံဃာများ ခြံရံလျက် အမ္ဗပါလီ၏ နေအိမ်သို့ကြွချီခဲ့သည်။ ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com





အမ္ဗပါလီမှ သူမပိုင် သရက်ဥယျာဉ်တော်ကို ဗုဒ္ဓသံဃာအဖွဲ့အား လှူဒါန်းနေသည့်ပုံ

ခင်းကျင်းထားသည့် နေရာတွင် သီတင်းသုံးတော်မူပြီးသော် အမ္ဗပါလီသည် မိမိကိုယ်တိုင် ကိုယ်ကျပင် ဆွမ်းဘောဇဉ်များကို ဘုရားရှင်နှင့် သံဃာတို့အား ဆပ်ကပ် ကျွေးမွေးလေသည်။ ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ၌လည်း အမ္ဗပါလီတို့နှင့် သင့်တော်မည့် တရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။ တရား ဟောကြားပွဲ အပြီးတွင် အမ္ဗပါလီသည် ရိုသေစွာရှိခိုးလျက် ဤသို့လျှောက်ထားခဲ့သည်။ *"မဟာကရုဏာရှင် ရှင်တော်မြတ်ဘုရား မိမိအသက်ပမာ ချစ်မြတ်နိုးသည့်* ဥယျာဉ်ကြီးကို ဘိက္ခုသံဃာအား လှူဒါန်းပါသည် ဘုရား။"

ဘုရားရှင်မှာလည်း ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် အမ္ဗပါလီ၏ အလှူကို လက်ခံအနုမောဒနာ ပြုတော်မူသည်။ ထိုနောက် ဘုရားရှင်သည် ထိုင်ရာမှထ၍ ထိုနေရာမှ တည်ငြိမ်စွာ ထွက်ကြွတော်မူခဲ့လေသည်။ ဝေသာလီ၌ သီတင်းသုံးတော်မူနေသည့် ကာလအတွင်း ရှင်ဗုဒ္ဓသည် ဝေသာလီမှ တခြားသော ဒါယကာ၊ ဒါယိကာမ များအတွက်လည်း တရားတော်များ ဟောကြားချီးမြှင့်တော်မူခဲ့သေးသည်။ ဤသရက်ဥယျာဉ် နေရာတွင် အတော်ကြာ သီတင်းသုံးတော်မူခဲ့ပြီးမှ၊ ရှင်တော် ဗုဒ္ဓသည် ဘိက္ခုသံဃာများနှင့်အတူ *ဝေဠုဝ ဂါမက = (ဝေဏုရွာ)* သို့ ဆက်လက် ထွက်ခွါတော်မူပြန်သည်။ ထိုဝေဠုဝ ဂါမရွာသည်လည်း ဝဇ္ဇီတိုင်း (ဖနပဒ) နယ်ပယ် အတွင်းမှာပင် တည်ရှိသည်။ ထိုရွာသို့ ရောက်သောအခါ ဘုရားရှင်သည် ရဟန်း သံဃာအား စုဝေးစေ၍ ဤသို့ မိန့်ကြားတော်မူသည်။ "ရဟန်းတို့၊ သင်တို့သည် ဝေသာလီပြည်အနှံ့တွင် သင်တို့နှင့် သင့်တော်ရာ အဆင်ပြေမည့် ပတ်ဝန်းကျင်



အသီးသီးတို့၌ သွားရောက်၍ ဝါဆိုကြကုန်လော့၊ ငါဘုရားသည် ဝေဠုဝရွာ၌ ဝါဆိုမည်ဖြစ်သည်။" ဘုရားရှင်၏ မိန့်ကြားချက်ကို ကြားသိရပြီးသောအခါ သံဃာတော်များသည် မိမိတို့နှင့် သင့်တော်ရာ နေရာ ဒေသအသီးသီးသို့ ထွက်ခွါခဲ့ကြလေသည်။

## ပြင်းထန်သည့်ရောဂါ

ထိုရွာ၌ ဝါဆိုနေချိန်တွင် ရှင်ဗုဒ္ဓသည် မမာ မကျန်း ဖြစ်လာခဲ့သည်။ ထိုရောဂါသည် ပြင်းထန်လှ၏။ ရောဂါ အခြေအနေ ဆိုးရွားလာခဲ့ရာ ဝေဒနာကြီးမားစွာ ခံစားရလာခဲ့ပြီး၊ ထိုဝေဒနာများကို ဘုရားရှင်မှာ သမ္မာပဋ္ဋိဉာဏ်ဖြင့် ကိုယ်စိတ် နှစ်ပါးခန့် ကျန်းမာအောင် ထိမ်းထားတော်မူခဲ့ရပေသည်။ ထိုအခိုက်တွင် ဘုရားရှင်သည် ဤသို့ စဉ်းစားဆင်ခြင်မိခဲ့၏။ ဘိက္ခုသံဃာများကို မစုစည်းဘဲ ငါဘုရားအား ပြုစုခဲ့ကြသည့် ဥပါသကာများအား အသိမပေးဘဲ ပရိနိဗ္ဗာန် ပြုသွားမည် ဆိုပါက သင့်တော်မည် မဟုတ်ပေ။ ငါ့မှာ စွဲကပ်နေသည့် ဗျာဓိ (ရောဂါ)ကို ဖယ်ထားပြီး၊ စိတ်စွမ်းအင်များဖြင့် တည်ကြည်နိုင်မာစွာ နေသွားဦးမှ ဖြစ်ပေမည်။ ထိုသို့သော သန္နိဋ္ဌာန်ဖြင့် ဘုရားရှင်သည် ဆက်လက် သီတင်းသုံးတော်မူလာခဲ့ရာ ရောဂါ အခြေအနေမှာလည်း အေးငြိမ်းသွားခဲ့သည်။ ရောဂါ ပျောက်ကင်းခဲ့ပြီး တနေ့တွင် ရှင်တော်ဗုဒ္ဓသည် ကျောင်းနောက်ဖက် ကျောင်းဆောင်၏ အရိပ်အောက်၌ ခင်းကျင်းထားသည့် ထိုင်ခင်းပေါ် ထွက်ထိုင်တော်မူနေသည်ကိုမြင်၍ ရှင်အာနန္ဒာမှာ ထိုနေရပ်သို့ ရောက်လာခဲ့သည်။ ဘုရားရှင်အား ရှိခိုးလျက် သင့်တော်သည့်နေရာတွင် *လာရောက်ထိုင်ကာ ဘုရားရှင်အား ဤသို့ လျှောက်ထားလေသည်။ "အရှင်ဘုရား၊ ဘုရားရှင်အား စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြောင်းတွေ့ရှိရပါပြီ။ နာမကျန်းဖြစ်နေရာမှ ကောင်းလာခဲ့သည်။ ရှင်ဘုရား နာမကျန်းဖြစ်နေခြင်းကို တပည့်တော်အနေဖြင့် စိတ်ဆင်းရဲပူပန်မှုကြီးစွာ ဖြစ်ခဲ့ရပါတယ်။ တပည့်တော် အနေဖြင့် အဘယ်အရပ်ဟာ အရှေ့ အနောက် စသည်ဖြစ်တယ်ဆိုတာ မခွဲခြားနိုင်အောင်ကို ဖြစ်ခဲ့ရပါတယ်။ ဘုရားရှင် ရောဂါ ခံစားနေခဲ့ရသည့် အချိန်ကာလတွင် တပည့်တော်မှာ အဘယ်တရား မွေတို့ကိုလည်း သိရသည် မဟုတ် အရှင်ဘုရား တပည့်တော်မှာ တခုတည်းသော စိတ်ခံစားမှုရှိခဲ့သည်မှာ ဘိက္ခုသံဃာများအား အသိမပေးဘဲနှင့်တော့ ဘုရားရှင်သည် ပရိနိဗ္ဗာန် ဝင်တော့မည် မဟုတ်ကြောင်းကို တပည့်တော် တထစ်ချ ယုံကြည်ထား ခဲ့ကြောင်းပါ ဘုရား။"*

www.burmeseclassic.com

www.burmeseclassic.com





*ဘုရားရှင်သည် အာနန္ဒာအား ပြန်ဖြေလိုက်သည့် အဖြေကို ပြန်သုံးသပ်ကြည့်ရမည်ဆိုပါက ထိုအဖြေတွင် မဟာကရုဏာရှင်ဗုဒ္ဓ၏ အကြီးမားဆုံး စွန့်လွှတ်မှုနှင့် တွယ်တာမှု ကင်းလွတ်မှုတို့ကို ဖော်ပြနေကြောင်း* တွေ့ရှိနိုင်ပေသည်။ ရှင်ဗုဒ္ဓက အာနန္ဒာအား ဤသို့ဆိုခဲ့၏။ "ချစ်သား အာနန္ဒာ ဘိက္ခုသံဃာဟာ ငါ့ထံမှ ဘာများ လိုချင်တာလဲ။" အာနန္ဒာ ငါဘုရား တရားတော် ဥပဒေသ ပြတာက ရှင်းလင်းပါ၏။ အတွင်းအပြင် ဘာမျှ ကွယ်ဝှက်ထားခြင်း မရှိခဲ့ပါ။ ဓမ္မများအနက် တထာဂတက ဘာမျှ လျှို့ဝှက်ချက် မမြင်ပါ။ လျှို့ဝှက်မထားခဲ့ပါ။ ဘိက္ခုသံဃာ့အဖွဲ့ကို ငါဘုရား ထိန်းထားတယ်၊ ငါဘုရားရဲ့ ရည်မှန်းချက် အတွက် ဖြစ်တယ်လို့ ထင်မြင်သူများက ဘိက္ခုသံဃာအတွက် တစုံတခုပြောစေချင်ပါ၏။ အာနန္ဒာ ငါ တထာဂတမှာ ထိုထိုအမြင်ဘာမျှမရှိ၊ ချစ်သား အာနန္ဒာ တထာဂတမှာ ဘိက္ခုသံဃာအတွက် ဘာပြောရမှာလဲ။ ချစ်သား အာနန္ဒာ ငါဘုရား အိုမင်းလာပြီ တကား၊ ငါ့ခန္ဓာကိုယ်မှာ ဇရာနှင့် ကြုံနေရပြီ၊ ငါ့အာယုဗတလည်း အနှစ် (၈၀) ရှိနေပါပြီ။ အာနန္ဒာ ဟောင်းအိုနေတဲ့လှည်းကို ဟိုချည်သည်တုပ်နှင့် သွားဖြစ်အောင် ဖားခုန်ဖားဆင်းက ဆွဲမောင်းနေရတာနှင့် ပမာတူနေပါပြီ၊ ငါ တထာဂတ သည် စိတ်ထဲ၌ ဘာအကြောင်းမှ မပေါ်စေပဲ ဝေဒနာအချို့ လုံးဝ ချုပ်ငြိမ်းပြီး သမာဓိ တည်လျက်ရှိသော အဖြစ်မျိုး၌ ပျော်မွေ့၏။ ထိုအချိန်မျိုး၌ တထာဂတ၏ ကိုယ်ခန္ဓာမှာ ကောင်းနေ၏။ ထိုသို့အကြောင်းများကြောင့် ချစ်သား အာနန္ဒာ ကိုယ့်အား ကိုယ်ကိုးရမည်၊



ကိုယ်သာလျှင် ကိုယ့်၏ဒိပ အလင်းပြုဖြစ်ရမည်၊ ကိုယ့်ကိုယ်ကို အားကိုး၍ ဓမ္မ၏ အရိပ်အာဝါသကို ခိုကိုးကာ ပျော်မွေ့သွားရန်ဖြစ်သည်။ ဘိက္ခုသည် မိမိကို မိမိခိုကိုး၏။ ချစ်သား အာနန္ဒာ ဘိက္ခုသည် ခန္ဓာကိုယ်ထဲမှာ ကာယနုပဿီ၊ ဝေဒနာမှာ ဝေဒနနုပဿီ၊ စိတ္တမှာ စိတ္တနုပဿီ၊ ဓမ္မများ ဓမ္မနုပဿီအဖြစ် ပျော်မွေ့လျက် နေထိုင်သွားသည်။

ထိုသို့အားဖြင့် ရှင်ဗုဒ္ဓသည် ဘိက္ခုသံဃအဖွဲ့၌ မိမိအတွက် အာဘယ်အရာ နေရာတခုမျှ သတ်မှတ်မထားခဲ့ပါကြောင်းကို ထင်ထင်ရှားရှားမြင်တွေ့ သိရှိနိုင်ပါသည်။

ဘုရားရှင်ဗုဒ္ဓသည် မိမိခန္ဓာကိုယ်၏ အနိစ္စ သဘောတရားကို အာနန္ဒာအား ပြောပြလျက် ရှင်အာနန္ဒာမှတဆင့် ဘိက္ခုများအား ဆင့်ခေါ်၍ "အတ္တဟိ အတ္တနော နာထော" မိမိသည်သာလျှင် အားကိုးစရာဖြစ်သည်။ မိမိကလွဲ၍ အခြားသူကို ခိုကိုးစရာမရှိ၊ မိမိသည်သာ မိမိ၏အလင်းပြုဖြစ်ရမည် ဟူသော တရားသဘောကို ဘိက္ခုသံဃာများအား ဆုံးမသွန်သင်ခဲ့ပါသည်။

## စာပါလစေတီ

ထိုနောက် ဆွမ်းခံသင့်ပြီဖြစ်သည့် အားလျော်စွာ ရှင်ဗုဒ္ဓသည် အဆင်သင့် ပြင်ဆင်ကာ သပိတ်ကို လက်ဝယ်ပိုက်လျက် ဆွမ်းခံရန် ဝေသာလီမြို့ထဲသို့ ဝင်သွားခဲ့သည်။ ဆွမ်းဘုဉ်းပေးပြီးသကာလ ရှင်ဗုဒ္ဓသည် အာနန္ဒာအား စာပါလစေတီကျောင်းသို့ ကြွချီရန် မိန့်ကြားခဲ့သည်။

စာပါလစေတီကျောင်းနေရပ်မှာ အလွန်သာယာ ပျော်မွေ့စရာ နေရာကောင်း တခုဖြစ်သည်။ ထိုစာပါလ စေတီကျောင်းအပြင် ဝေသာလီ၌ အခြားအခြားသော စေတီကျောင်းများရှိခဲ့ကြပါသည်။ ထိုစေတီကျောင်းများအနက် ဥတေနစေတီ၊ ဂေါတမကစေတီ၊ သပ္ပတာမရစေတီ၊ ဗဟုပုတ္တက စေတီနှင့် သာရန္ဒစေတီကျောင်းတို့မှာ ကျော်ကြားသည့် စေတီကျောင်းများဖြစ်ခဲ့ကြပါသည်။ ဗဟုပုတ္တက စေတီမှာ ဆုတောင်းပြည့် ဘုရားဖြစ်၍ ဝေသာလီမှ အမျိုးသမီးများ သားရတနာ၊ သမီးရတနာ မျက်နှာမြင်လို၍ ထိုဆုတောင်းပြည့် ဗဟုပုတ္တက စေတီသို့ လာရောက်ဖူးမြော်ကာ ဆုတောင်းကြပါသည်။

တခါက သာရန္ဒဒ စေတီကျောင်း၌ သီတင်းသုံးတော်မူနေစဉ် ဘုရားရှင်သည် ဝေသာလီ မင်းတို့အား အပရိဟာနိယ တရား (၇) ပါးအကြောင်းကို ဟောကြားခဲ့သည်။ တခါက ထိုကျောင်းနေရာတွင် လိစ္ဆဝီမင်း (၅၀၀) တို့စုဝေးလာကြ၍ တရား နာကြားခဲ့သည်။ "ချစ်သား အာနန္ဒာ သံဃာငှိ သက်န်း ယူပေတော့ ခုဒီညနေဟွင်

www.burmeseclassic.com

www.burmeseclassic.com



စာပါလစေတီကျောင်း၌ သီတင်းသုံးရအောင်” ဟုမိန့်ကြားခဲ့ပြီး၊ ထိုဝေဏုဂါမကျောင်းမှ စာပါလစေတီကျောင်းသို့ ထွက်ခွာကြွချီခဲ့ပါသည်။

ထိုစာပါလစေတီကျောင်းသို့ ရောက်ရှိသည့်အခါ အာနန္ဒာ ခင်းပေးသည့် သံဃာဋိပေါ် ဘုရားရှင်က ထိုင်တော်မူသည်။ ထို့နောက် အနားတွင် သင့်တော်သည့်နေရာ၌ ရှင်အာနန္ဒာလည်း ထိုင်လေသည်။ ဘေးနားတွင် ထိုင်နေသော အာနန္ဒာအား ဘုရားရှင်မှ ဤသို့ မြွက်ကြားတော်မူခဲ့သည်။ “အာနန္ဒာ အကြင် သူတော်မြတ်သည် ရိဒ္ဓိပါဒ (ယောဂသိဒ္ဓိ) လေးပါးတို့အား ရရှိထားခဲ့ပြီး သူမြတ်ဖြစ်ပါလျှင်၊ ထိုသူသည် ကလ္လပ အချိန်ကာလအထိ သို့မဟုတ် ဤကလ္လပမှာ ကျန်ရှိလျက်ရှိသော နှစ်ကာလအထိ နေထိုင်သွားလို့ ဖြစ်နိုင်သည်။ ငါတထာဂတ ဘုရားရှင်လည်း ယင်းရိဒ္ဓိပါဒ သိဒ္ဓိလေးပါးတို့ကိုရရှိထားပြီးဖြစ်သည်။ ငါဘုရားသည် ထိုရရှိထားသည့် ရိဒ္ဓိပါဒတို့ အစွမ်းဖြင့် ဤကလ္လပ နှစ်များအထိ နေထိုင်သွားလို့ ရနိုင်ပါသေးသည်။

ထိုသို့သော ထင်ရှားသည့် အချက်ပြကို ပေးတော်မူသော်လည်း အာနန္ဒာမှာ ဘုရားရှင်ဆိုလိုက်သည့် စကားများ၏ အနက်ကို နားမလည်ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်ပါသဖြင့် ရှင်အာနန္ဒာသည် “ဘန္တေဘုရား ဗဟုဇန (လူအများ) အကျိုးငှါ လူနတ်သတ္တဝါ အပေါင်းတို့၏ ချမ်းသာသုခ၏ အလို့ငှါ ကလ္လပနှစ်များ ကုန်ဆုံးသည်အထိ လူလောက၌ နေပါအုံးဘုရား” စသည်ဖြင့် ဘယ်လိုမှ မေတ္တာရပ်ခံခြင်းမပြုပဲ ခပ်ဆိတ်ဆိတ်သာ နားထောင်၍ နေခဲ့ပါသည်။ ဒုတိယ အကြိမ် တတိယ အကြိမ်အထိ ဘုရားရှင်သည် ထိုစကားများ အနန္ဒာအား ပြောဆိုခဲ့သည်။ ရှင်အာနန္ဒာသည်လည်း နဂိုအတိုင်း ခပ်ဆိတ်နေခဲ့၏။ မာရ်နတ်မင်းက ရှင်အာနန္ဒာ၏ စိတ်ကိုလှည့်စား ထားခြင်းဖြစ်သည်။ ထိုနောက် ဘုရားရှင်မှာ ချစ်သား အာနန္ဒာ ကာလနှင့်အညီ သင့်တော်ရာကို ပြုလော့ဟူ၍ မိန့်ကြားခဲ့ပါသည်။

မှန်လှပါ ဘုရား ရှင်အာနန္ဒာမှာ ပြောဆိုကာ ဘုရားရှင်အား ရှိခိုးကန်တော့၍ အနီးအနားတွင်ရှိသော သစ်ပင်တပင်၏ အရိပ်အောက်တွင် သွား၍ထိုင်နေလိုက်ခဲ့သည်။

## မဟာပရိနိဗ္ဗာန် ပြုတော့မည်အကြောင်း ကြေငြာတော်မူခြင်း

အာနန္ဒာ ထွက်ခွါသွားခဲ့ပြီးနောက် ရှင်ဗုဒ္ဓသည် ကျောင်း၌ တစ်ကိုယ်တည်း ထိုင်လျက်ရှိခဲ့သည်။ မာရ်နတ်မင်းသည် ထိုနေရာသို့ ရောက်ရှိလာခဲ့သည်။ မာရ်နတ်မင်းက ဘုရားရှင်အား ဤသို့ လျှောက်ထားပြောဆိုခဲ့သည်။

အရှင်ဘန္တေ ပရိနိဗ္ဗာန် ဝင်တော်မူပါ ဘုရား၊ ဤကာလအချိန်သည် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်ရတော့မည့် ကာလဖြစ်ပါသည် ဘုရား၊ ဘန္တေဘုရားကလည်း ထိုစကားကို



ပြောတော်မူခဲ့ပါပြီ၊ ထိုအခါ ဘုရားရှင်သည် မာရ်မင်းအား ဤသို့ မြွက်ကြားခဲ့၏။ “အသင် မာရမင်း ငါဘုရား၏ တပည့် သာဝကများက ပဏ္ဍိတပညာရှင် ဝိနယကို စောင့်ထိန်း ဗဟုသုတရှင်၊ ဓမ္မဓရဖြစ်ပြီး ငါဘုရား၏ ဥပဒေသ ဒသနများကို လိုက်နာကျင့်ကြံ၊ ဖြန့်ဝေရာတွင် တဖက်ကမ်းခတ် တတ်မြောက်အောင် စွမ်းဆောင်လာနိုင်ရည် မရှိမချင်း ငါဘုရားသည် ပရိနိဗ္ဗာန် ဝင်တော့မည် မဟုတ်ပါ။

ထိုစကားများကို ကြားသိရသော မာရနတ်မင်းမှာ ဤသို့ လျှောက်ပြန်သည်။ “ဘန္တေ ဤအချိန် ဤအခါ အရှင်ဘုရား၏ တပည့်သာဝက ဘိက္ခုသံဃာများက ပတိဟာရိယနှင့်အတူ တရားဥပဒေသများ ကောင်းမွန်စွာ ပြုနိုင်ပါပြီ၊ ဘုရားရှင်ကလည်း ကိုယ်တော်တိုင် ပြောခဲ့ပြီမို့ ပရိနိဗ္ဗာန် ဝင်တော်မူပါရန် ကာလတန်နေပြီ ဘုရား။” ထိုအခါ ဘုရားရှင်သည် ဤသို့ မြွက်ကြားပြန်သည်။ ပါပီမာရ ငါဘုရား၏ တပည့်သာဝိကာ သီလရှင်တို့သည် ပတိဟာရိယနှင့်အတူ တရားဓမ္မကို ဟောကြား ဥပဒေသ မပြုမလာနိုင်သည့်အထိ ငါဘုရားသည် ပရိနိဗ္ဗာန် ဝင်တော့မည် မဟုတ်။ ထိုစကားများကို ကြားသိကာ မာရမင်းသည် ဤသို့ဆိုပြန်လေသည်။ “အရှင်ဘန္တေ အရှင်ဘုရား၏ တပည့်သာဝကများ ဖြစ်ကြသည့် ဘိက္ခုနီသံဃမှ သီလရှင်တို့မှာ အပရိဟာရိယနှင့်အတူ တရားဓမ္မတို့ကို ဟောကြား ဒေသနာ ကောင်းမွန်စွာ ပြုလုပ်လာကြပြီ ဘုရား။ ထို့အပြင် ဘုရားရှင်၏ တရားဓမ္မတို့သည် လောကတွင် ကောင်းမွန်စွာ ထွန်းတောက်နေပါပြီ၊ ဘန္တေ အရှင်ဘုရား အချိန်ကာလတန်နေပြီမို့ ပရိနိဗ္ဗာန်ပြုပါတော့ ဘုရား မာရမင်းက လျှောက်ထားပြန်သည်။” မာရမင်း၏ ထိုစကားများကို ကြားရသော် ဘုရားရှင်က “အသင့် ပါပီမာရမင်း သင့်စိုးရိမ်မနေပါနှင့်တော့၊ မကြာမီကာလအတွင်း ငါတထာဂတ နိဗ္ဗာန် ဝင်တော့မည်ဖြစ်သည်။



စာပါလစေတီ ကျောင်းပရဝုဏ်၌ ဘုရားရှင်နှင့် ရှင်အာနန္ဒာတို့ စကားပြောဆိုနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့မှ (၃) လပြည့်မည့်နေ့တွင် ငါဘုရား ပရိနိဗ္ဗာန် ပြုတော့မည့်အကြောင်း ဘုရားရှင်သည် မာရမင်းအား အတိအလင်း ပြောပြခဲ့ပါသည်။

ထိုနည်းဖြင့် ဘုရားရှင်သည် မိမိပရိနိဗ္ဗာန် စံတော့မည်အကြောင်း ဃောသနာ (ကြေငြာခြင်း) ပြုခဲ့ပါသည်။ ထို့နောက် စာပါလစေတီကျောင်း၌ပင် သမ္ပတိ ပရဂျုန်နှင့် အာယုသင်္ခါရကို စွန့်လွှတ်ခဲ့ပါသည်။ ဘုရားရှင်သည် ထိုသို့ပြုလျက် မိမိအတွင်းစိတ်ဘာဝနာတို့တွင် အေးချမ်းစွာ တည်မြဲလာခဲ့သည်။ ထို့သို့ သမ္ပတိ-ပရဂျုန်-သမာဓိအားဖြင့် အလိုအလျောက် ပေါ်ခဲ့သည်။ မိမိအသက်ကို အကာအကွယ်ပေးထားသံချုပ်ကို ဖျက်ပစ်လိုက်တော် မူခဲ့သည်။

ထိုအချိန်တွင် ပထဝီမြေတုန်လှုပ်လာခဲ့ရာ ကြီးမားသည့် ငလျင်ပေါ်လာခဲ့၏။ နတ်ပြည်မှာ နတ်သားများ၏ အသံကျယ်လောင်စွာဖြင့် တူရိယာ အတီးအမှုတ်တို့ တီးမှုတ်လာသည့် အသံတို့ပဲတင်ထပ် မြည်ဟိန်းလာခဲ့သည်ကို ရှင်အာနန္ဒာမှာ အံ့ဩသင့်သည်ဖြစ်ကာ ဘုရားရှင်ထံ ချဉ်းကပ်လာ၍ ထိုဖြစ်ပျက်မှုများ ဖြစ်ပျက်လာရခြင်း၏ အကြောင်းရင်းကို မေးမြန်းတော်မူခဲ့သည်။

အရှင်ဘန္တေ ထူးဆန်းလှပါ၏ ဘုရား၊ နတ်ပြည်မှာ တူရိယာသံများဖြင့် ပဲ့တင်ထပ်လျက်ရှိ၏။ ကမ္ဘာ့ပထဝီမြေသည် ကြီးမားစွာ တုန်လှုပ်မြည်ဟိန်းလာခဲ့ရသည်။ အံ့ဩထူးဆန်းလှပေပြီ။ သို့ဖြစ်ပျက်လာရခြင်း အကြောင်းရင်းတို့မှာ ဘာပါလိမ့် ဘုရား။ ဟုလျှောက်ထားမေးမြန်းခဲ့ပါသည်။

"ချစ်သားအာနန္ဒာ ယခုကဲ့သို့ ပထဝီမြေ တုန်လှုပ် ငလျင်ကြီး ပေါ်လာရသည်မှာ အကြောင်းအရာ (၈) မျိုးကို အရင်းခံဖြစ်ရပါသည်။ ထိုအကြောင်းအရာ ရှစ်မျိုးကို ရှင်းလင်းဖော်ပြ ပေးတော်မူပါ ဘုရား။ အာနန္ဒာက ပြန်လျှောက်ထားခဲ့ရာ ဘုရားရှင်သည် ထိုအရင်းခံ အကြောင်းများကို ဤသို့ တခုချင်းရှင်းပြတော်မူခဲ့သည်။

"ချစ်သား အာနန္ဒာ ကြီးမားစွာ (ဘူစာလ) ငလျင်လာပ်ခတ်လာရခြင်း၏ (ဟေတု) အရင်းခံ အကြောင်းမှာ ရှစ်မျိုးရှိကြပါသည်။

(၁) အသင့် အာနန္ဒာ ဤပထဝီမြေကို သမုဒ္ဒရာ ရေတို့က အခြေခံ၏။ (၂) ဇလ (ရေ) ကို (ဝါယု) လေက အခြေခံ၏။ ထိုဝါယု (ဝါယော) လေကို အာကာသက အခြေခံထား၏။ ထိုအာကာသပြင်မှာ လေမုန်တိုင်းတို့ တိုက်ခတ်လာသည့် ကာလမျိုး၌ သမုဒ္ဒရာ ရေတို့ လှုပ်ခတ်လာတတ်၏။ တုန်လှုပ်လာသည့် ရေတို့သည် ပထဝီမြေကို လှုပ်ခတ်လာစေတတ်၏။ (ဘူစာလ) ငလျင် လှုပ်ရခြင်း၏ ပထမ အကြောင်း (ဟေတု) ဖြစ်သည်။

(၂) အာနန္ဒာ တစုံတဦးသော သမဏသို့ မဟုတ် ဗြဟ္မဏက မိမိရရှိထားသည် ရိဒ္ဓိ (ယောဂဗလ) တို့ဖြင့် နတ် (ဒေဝတာ) အဖြစ်ကို ရရှိသည့်ကာလမျိုး ထိုသူသည်



ပထဝီ သညာ၏ ဘာဝနာကို အနည်းငယ်နှင့် (ဇလ)ရေ သညာ ဘာဝနာကို များများ ပွားများထားခဲ့ပါလျှင် ထိုမဟာ ပုဂ္ဂိုလ်ထူးသည် ပထဝီမြေကို မိမိရရှိထားသည် သိဒ္ဓိ (ယောဂဗလ)ဖြင့် တုန်လှုပ်သွားစေနိုင်၏၊ ဤသည်က ဒုတိယ ဟေတုအရင်းခံ အကြောင်းဖြစ်၏။

(၃) အာနန္ဒာ ဘုရားလောင်းသည် သုခိတလောကမှ မိမိလွတ်လပ်သော အသိဆန္ဒဖြင့် ဆင်းသက်လာကာ မယ်တော်၏ ဝမ်းဗိုက်အတွင်း သန္ဓေယူသည့် ကာလမျိုးတွင် ပထဝီမြေ တုန်လှုပ်၍ ငလျင်ပေါ်သည်။ ထိုအချက်ကို ကြီးမားသည့် ငလျင်ပေါ်ပေါက်ခြင်း၏ တတိယ ဟေတု (အကြောင်း) မှတ်ရမည်ဖြစ်သည်။

(၄) ဘုရားအလောင်းသည် မယ်တော်၏ ဝမ်းဗိုက်မှ မိမိ၏ အသိဆန္ဒဖြင့် ဖွားမြင်လာရသည် ကာလမျိုးတွင် ပထဝီမြေ တုန်လှုပ်လာရ၏။ ထိုအဖြစ်ကို စတုတ္ထအချက် အဖြစ်မှတ်ယူရမှာဖြစ်၏။

(၅) အာနန္ဒာ ပဉ္စမ အချက်တော့ဖြင့် ဘုရားအလောင်းသည် ဗောဓိ ရွှေဉာဏ်တော်ကို ရရှိ တထာဂတ သမ္မာ သမ္ဗောဓိ အဖြစ်ကို ရတော်မူသည့် ကာလမျိုး၌ ဘူစာလ ပေါ်တတ်၏။ ယင်းအကြောင်းအချက်ကို ပဉ္စမဟေတု အနေဖြင့် မှတ်ယူရမည် ဖြစ်သည်။

(၆) အာနန္ဒာ တထာဂတ ဘုရားရှင်သည် ဓမ္မစကြာကို စတင်လည်လှည့်သည် ကာလမျိုးတွင် ကြီးမားသော ငလျင်လှုပ်ခြင်း ပေါ်တတ်၏။ ထိုသည်ကို ဆဋ္ဌမ ဟေတု မှတ်ရန်ဖြစ်သည်။

(၇) အာနန္ဒာ တထာဂတ တို့မည်သည်မှာ မိမိတို့ အသိဆန္ဒဖြင့် အသက်စွမ်းရည်ကို စွန့်လွှတ်သည့်အခါမျိုး၌လည်း ကြီးမားသည့် မြေငလျင်လှုပ်ခြင်းတို့



ဘုရားရှင်သည် အာနန္ဒာအား ဝဇ္ဇီးတိုင်းသားတို့၏ ဂုဏ်ရည်ကို ဖော်ကြူးရှင်းပြနေသည့်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတတ်၏။ ထိုသည်ကို သတ္တမ ဟေတု (အရင်းခံအကြောင်း) မှတ်ပါ။ နောက်ဆုံးနှင့် အဋ္ဌမ ဟေတု ကတော့ဖြင့် တထာဂတ ဘုရားရှင်တို့သည် မိမိ၏ အသိဆန္ဒဖြင့် ပရိနိဗ္ဗာန် ပြုသည့်ကာလမျိုး၌ ကြီးကျယ်သော မြေလျင်လှုပ်ရှားမှုမျိုး ပေါ်တတ်၏။ ထိုအဖြစ်ကို အဋ္ဌမ ဟေတုအဖြစ် မှတ်ရဦးကြမည်ဖြစ်သည်။ ထို့နောက် ဘုရားရှင်သည် ချစ်တပည့် အာနန္ဒာအား ရှစ်မျိုးသော သဘင် (ပရိသုဒ်) ရှစ်မျိုးသော (အဘိဘူ–အာယတန) ယောဂကျင့်စဉ်တမျိုး ရှစ်မျိုးသော (ဝိမောက) ကင်းကွာခြင်းတို့ကို အကျယ်တဝင့်ရှင်းပြခဲ့သည်။

နောက်ဆုံး၌ ဘုရားရှင်သည် အာနန္ဒာအား စာပါလ စေတီကျောင်းတွင် ဘုရားရှင်နှင့် မာရနတ်တို့အကြား ဖြစ်ပွားခဲ့သည့် ပြောဆိုမှု အကြောင်းကို ထုတ်ဖော်ပြောလေသည်။ ဘုရားရှင်သည် မာရနတ်မှာ ကျောင်းသင်္ကန်းမှ ထွက်သွားသည့် အချိန်မှစ၍ မိမိအသက်ရှင်နေရသည့် သမာဓိ စွမ်းအင်ကို စွန့်ပစ်ခဲ့ပြီး အကြောင်းကို တဆက်တည်း ပြောပြခဲ့လေသည်။ ထိုစကားများကို ကြားသိ၍ ရှင်အာနန္ဒာမှာ ဘုရားရှင်ထံ ဤသို့ လျှောက်ထား ပန်ကြားခဲ့ပါသည်။

"အရှင်ဘန္တေ ဗဟုဇန (လူအများ) အကျိုးအတွက် လောကပေါ် အနုကမ္ပာထားရှိကာ လူနတ်တို့၏ အကျိုးချမ်းသာအတွက် ဤကလ္ပ ကာလကုန်ဆုံးသည်အထိ နေထိုင်ပေးပါ ဘုရား။" ရှင်အာနန္ဒာသည် ထိုလျှောက်ထား ပြန်ကြားချက်ကို ဒုတိယ၊ တတိယ အကြိမ်တင်ပြ ပန်ကြားအပ်ခဲ့ပါသည်။ သို့သော် ဘုရားရှင်သည် အာနန္ဒာ၏ ပြန်ကြားချက်ကို လက်ခံခြင်းမရှိခဲ့ပါ။

"အာနန္ဒာ တထာဂတ၏ ဗောဓိဉာဏ် (ပရမာဉာဏ်) ကိုယုံကြည်ပါသလား ဟု ဘုရားရှင်က အာနန္ဒာအား မေးခဲ့ပါသည်။" "ယုံကြည်ပါကြောင်းပါ ဘန္တေ။"

"အဲဒီအတိုင်း ဆိုပါက ငါဘုရားအား သုံးကြိမ်သုံးခါအထိ အဘယ်အကြောင်းများကြောင့် နှိပ်စက်နေရပါသလဲ။ အာနန္ဒာ" ဘန္တေ ရိဒ္ဓိပါဒ လေးမျိုးကို ကျင့်ကြံအားထုတ်၍ ရရှိထားသော သူတော်စင် သူတော်မြတ်တို့သည် လောကတွင် ကလ္ပ ကာလအချိန်တည်နေလို့ ဖြစ်နေကြောင်းကို တပည့်တော်မှာ အရှင် ဘုရား၏ မှဉ်ပါဒ် ကြားဖူးပါသည် ဘုရား။ ငါဘုရား ပြောခဲ့ဘူးသည့် ထိုစကားများကို သင့်အနေဖြင့် ယုံကြည်ကြပါသလား။ အာနန္ဒာ 'တပည့်တော်ယုံကြည်ပါတယ်' အရှင်ဘန္တေ။

"ထိုသို့ဖြစ်လျှင် အသင့် အာနန္ဒာ ငါဘုရားက ထိုရက်ရောမှုရှိသည့် စိတ်ဘာဝနာများကို သင့်အား ဖော်ထုတ်ပြောပြသော်လည်း သင် ငါဘုရား ပြောပြသည်များကို နားလည်သဘောမပေါက်ခဲ့ခြင်းသည်၊ အာနန္ဒာ သင့်၏ အားနည်းခြင်းပင်ဖြစ်သည်။ သင့်၏ အပြစ်ပင်ဆိုနိုင်ပါသည်။"



ထိုနောက် ဘုရားရှင်သည် အာနန္ဒာအား ပြန်လည်သတိရအောင် အောက်ပါအတိုင်း ပြန်ပြောခဲ့၏။ "ချစ်သား အာနန္ဒာ ငါဘုရားရှင်သည် ထိုအမှန်စကားကို ဦးအရင် ရာဇဂြိုဟ်၏ ဂိဇ္ဈကုဋ် တောင်တွင် သီတင်းသုံးနေတော်မူခဲ့စဉ် ရာဇဂိရိရှိ ဂေါတမ နိဂြောဓကျောင်း ရာဇဂြိုဟ် ဝေဘာရတောင် ဘေး၌ရှိသော သတ္တပဏ္ဏိ (သတ္တပဏ္ဏိ) လိုဏ်ဂူ၊ ရိသိဂိရိ တောင် ဘေး၌ တည်ရှိသော ကာလသီလ ကျောက်ဆောင်၊ သီတဝန၏ သပ္ပသောဏ္ဍိက တောင်ပေါ် တပေါဒါရာမ ဝိဟာရတွင်၊ ဝေဏုဝနရှိ ကလန္ဒက နိဝါပ၊ ဇီဝကအမ္ဗဝန နှင့် ဘဒ္ဒရကုခိ မိဂဒါဝန် စသည့်နေရာတို့တွင် ငါဘုရား သီတင်းသုံးတော်မူခဲ့စဉ်ကလည်း ထိုရိဒ္ဓိပါဒ် သမာဓိ သိဒ္ဓိရှင်တို့ တတ်စွမ်းနိုင်ရည် ထိုစွမ်းရည်အကြောင်း ဟောကြားပြောခဲ့ဖူးပါကြောင်းကို အာနန္ဒာအား ပြောပြခဲ့သည်။ ရှင်တော်မြတ်ဗုဒ္ဓသည် ဆက်လက်၍ အာနန္ဒာအား ပြောသည်မှာ – ချစ်သား အာနန္ဒာ ငါဘုရားသည် ဝေသာလီပြည်ရှိ ဥဒယန၊ ဂေါတမကစေတီ၊ သတ္တမ္ဗ ဗဟုပုတ္တက၊ သာရန္ဒဒနှင့် ယခုစာပါလကျောင်းများ၌ သီတင်းသုံးခဲ့သည့် အချိန်ကာလတုန်းကလည်း ထို ရိဒ္ဓိဗလ စွမ်းအင်အကြောင်းကို ယခုအတိုင်းပင် ဟောကြားခဲ့ ဖူးသည် မဟုတ်လား။ စာပါလီကျောင်း နေရာသည် မွေ့လျော်ဖွယ်ကောင်းသည်ဟူ၍ ပြန်ပြောခဲ့သည် မဟုတ်လား။ ငါဘုရား ဟောပြောနေသည်ကို သင်နားမလည် သဘောမပေါက်ခဲ့ဘူးဆိုပါက သင်၏အပြစ်ပဲမှတ်ရပါမည်။

ရှင်အာနန္ဒာသည် သူ့အမှားကို သိလာပြီး ယူကြုံးမရ အကြီးအကျယ် ဖြစ်ခဲ့ရပါသည်။ ထိုအမှားအတွက် ရှင်အာနန္ဒာသည် ရာဇဂြိုဟ်တွင် ကျင်းပခဲ့ရသည့် ပထမ သင်္ဂါယနာ အစည်းအဝေး၌ တောင်းပန်ရှာခဲ့ရပါသည်။ (ထိုအချိန်က ရှင်အာနန္ဒာသည် ဘုရားရှင်အား ကလ္ပ အချိန်ကာလအထိ လူ့ပြည်တွင် နေပေးပါ ဘုရား) ဟူ၍ တောင်းပန် လျှောက်ထားခဲ့သည်ရှိသော် ဘုရားရှင်သည် ကလ္ပ မကုန်ဆုံးသည်အထိ နေပေးခဲ့လို့ ရနိုင်စရာအကြောင်း ရှိခဲ့ကြောင်း) မှတ်ရပါမည်။

ထိုစကားများကို ပြောဆိုပြီးနောက် ကဲလာခဲ့ကြလော့ မဟာဝန ကူဋာဂါရသို့ သွားကြစို့ဟု ပြောဆိုကာ စာပါလကျောင်းမှ ထွက်ခွာသွားကြခဲ့လေသည်။ ကူဋာဂါရ သာလသို့ ရောက်တော်မူသည့်အခါ အသင် အာနန္ဒာ ဝေသာလီပြည်အနီးတွင် သီတင်းသုံးနေကြသော ဘိက္ခုအပေါင်းတို့ကို ကူဋာဂါရသို့ စည်းဝေးလာကြရန် ခေါ်ပါ ဟူ၍ မိန့်ကြားခဲ့သည်။

ထိုနောက် ရှင်ဗုဒ္ဓသည် ကူဋာဂါရ၏ သဘင်ခန်းမသို့ ကြွ၍ ကြိုတင်ခင်းကျင်းထားသည့် ထိုင်ရပ်တွင် ထိုင်တော်မူခဲ့သည်။ ဘိက္ခုအပေါင်းတို့ကို ရည်ညွှန်းသော ဤသို့ မြွက်ကြားခဲ့လေသည်။ "ချစ်သား ဘိက္ခုဝေ ငါဘုရားဆုံးမသွန်သင် ဒေသနာပြုခဲ့သည့် တရားဓမ္မနှင့် အညီကောင်းစွာ ကျင့်ကြံအားထုတ်ကြပြီး သီတင်းသုံး ကြလော့။

www.burmeseclassic.com

www.burmeseclassic.com





ဝေသာလီတွင် မဟာပဇာပတိ ဂေါတမီနှင့်အတူ သကျအမျိုးသမီးများ ဥပ္ပဇ္ဇျယ်ခံယူသည့်ပုံ

ဗြဟ္မစရိယ အကျင့်နှင့်အတူ တရားဘာဝနာများကို ပွားများလျက် သီတင်းသုံးကြကုန်လော့၊ ဤဗြဟ္မစရိယ တရားတို့မှာ လူအများ၏ ချမ်းသာသုခဖြစ်စေ၏။ ထိုတရားတို့သည် အများအကျိုးကို ဆောင်၏။ လောက၌ လူနတ် သတ္တဝါ အပေါင်းတို့ အကျိုးငှါ ငါဘုရားသည် အဘိဉာဏ်ဖြင့် ဥပဒေသ ပြုခဲ့သည့် တရားဓမ္မကို ကောင်းစွာ မှတ်သား သဘောပေါက် နားလည်ထားပြီး၊ ထိုတရားဓမ္မနှင့်အညီ ကျင့်ကြံအားထုတ် ဘာဝနာပွားများလျက် ထိုတရားဓမ္မများကို အများအကျိုးအတွက် ဖြစ်နိုင်အောင် ပြန့်ပွားကြကုန်လော့၊ ငါဘုရားဟောကြားခဲ့သော ဒေသနာများတွင် ပါသော (၁) သတိပဋ္ဌာန် တရားလေးပါး၊ (၂) သမ္မပဓာန် တရား လေးပါး၊ (၃) ဣဒ္ဓိပါဒ် တရား လေးပါး၊ (၄) ဣန္ဒြေ ငါးပါး၊ (၅) ဗလငါးပါး၊ (၆) ဗောဇ္ဈင် ခုနစ်ပါး၊ (၇) မဂ္ဂင် ရှစ်ပါး၊ ဗောဓိပက္ခိယ တရား (၃၇)ပါး ထိုတရားများကို ကျင့်ကြံအားထုတ် လိုက်နာကာ သီတင်းသုံးကြကုန်လော့။

အသင် ဘိက္ခုဝေ ဖြစ်သမျှ ပြုသမျှ ဝတ္ထု အရာခပ်သိမ်းတို့မှာ အနိစ္စသဘောကို ဆောင်သည်ချည်းဖြစ်၏။ သို့ဖြစ်ပါ၍ အသင် ဘိက္ခု အပေါင်းတို့ လောဘ၊ ဒေါသ၊ မောဟ စသည့် တရားတို့နှင့် ကင်းကွာလျက်နေကာ စံနမူနာ ယူစရာဖြစ်သည့် ထိုတရားစစ် တရားမှန်များကို လိုက်နာကျင့်ကြံ ပွားများ ကြကုန်လော့။ အစိရကာလ များတွင်လည်း တထာဂတ ဘုရားများ ပရိနိဗ္ဗာန်စံရပါမည်။ ငါဘုရားသည် ယနေ့မှစ၍ (၃)လပြည့်သည့် နေ့တွင် မဟာပရိနိဗ္ဗာန် ဝင်တော့မည်ဖြစ်သည်။



**၁။ သတိပဋ္ဌာန် လေးပါး။**

(၁) ကာယနုပဿနာ၊ (၂) ဝေဒနာ နုပဿနာ၊ (၃) စိတ္တာ နုပဿနာ၊ (၄) ဓမ္မာ နုပဿနာ ဤသည်ကား သတိပဋ္ဌာန် တရားလေးပါးဖြစ်၏။

**၂။ သမ္မပဓာန် လေးပါး။**

(၁) အကုသိုလ် တရားမဖြစ်ပေါ်အောင် ကြိုးစားခြင်း၊ စိတ်ကိုထိန်းသိမ်းခြင်း၊ (၂) ဖြစ်ပွားခဲ့ပြီး အကုသိုလ် တရားများကို ဖျက်ပစ်ရန် ကြိုးစားအားထုတ်ခြင်း၊ (၃) မဖြစ် မပေါ်ထွန်းခဲ့သည့် ကုသိုလ်တရားများကို ဖြစ်ပေါ် ပေါ်ထွန်းလာစေရန် အားထုတ်ကြိုးစားခြင်း၊ (၄) ဖြစ်ပွား ပေါ်ထွန်းခဲ့ပြီး ကုသိုလ် တရားများကို တည်မြဲ မပျက်စီး၊ ဆက်လက်ပွားများလာအောင် ကြိုးစားအားထုတ်ခြင်း၊ ဤသည်တို့မှာ သမ္မပဓာန် တရား လေးပါးဖြစ်ကြ၏။

**၃။ ဣဒ္ဓိပါဒ် လေးပါး။**

(၁) ဆန္ဒအလျောက် ပေါ်ထွန်းသည့် သမာဓိ တရားမှ ဖြစ်ပေါ်လာသည့် သင်္ခါရ တရားနှင့် ဆက်စပ်နေသည့် ဣဒ္ဓိပါဒ် သမာဓိ စွမ်းအားများ ရယူလိုခြင်း၊ (၂) စိတ္တ သမာဓိ ပဓါနပြု သင်္ခါရများနှင့် ရောစပ်နေသည့် စိတ္တ သမာဓိကို ရယူခြင်း၊ (၃) ဝီရိယ (ကြိုးစားအားထုတ်ခြင်း) သမာဓိပဓာန သင်္ခါရနှင့် ရောစပ်နေသည့် ဝီရိယသမာဓိကို ရယူလိုခြင်း၊ (၄) ဝီမံသပဓာန သင်္ခါရနှင့် ရောစပ်နေသည့် ဝီမံသသမာဓိအားကို ရယူလိုခြင်း။

**၄။ ဣန္ဒြေ ငါးပါး (အာရုံငါးပါး)**

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ဇိဝှာနှင့် စိတ် ဤသည်တို့မှာ ဣန္ဒြေငါးပါးဖြစ်၏။

**၅။ ဗလ ငါးပါး**

(၁) သတိဗလ (၂) သမာဓိဗလ၊ (၃) ဝီရိယဗလ၊ (၄) ပညာဗလ၊ (၅) သဒ္ဓါဗလ ဤသည်တို့မှာ ဗလငါးပါး ဖြစ်ကြ၏။

**၆။ အရိယ မဂ္ဂင် ရှစ်ပါး။**

(၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါစာ၊ (ဝါဇာ)၊ (၄) သမ္မာကမ္မန္တ၊ (၅) သမ္မာအာဇီဝ၊ (၆) သမ္မာဝါယမ (ကြိုးစားအားထုတ်မှု)၊ (၇) သမ္မာသတိ၊ (၈) သမ္မာသမာဓိ၊ ဤသည်တို့မှာ မဂ္ဂင်ရှစ်ပါးဖြစ်ကြ၏။ ကောင်းမြတ်သော လမ်းရှစ်သွယ် ဟူ၍လည်း မှတ်သား နိုင်ပါသည်။ သုဂတ ဘုရားရှင်မှ ဆက်၍ ပြောလေ၏။

ငါ၏ အာယုသင်္ခါရမှာ ရင့်ကျက်နေပါပြီ၊ ငါဘုရားသည် သက်ရှင်နေရမည့် အချိန်ကာလ အနည်းငယ်မျှသာ ကျန်လျက်ရှိသည်။ ငါသည် သင်တို့ကို စွန့်ခွာ၍သွားရမှာ ဖြစ်သည်။ ငါသည် ငါလုပ်သင့် လုပ်ထိုက်သည့် အမှုကိစ္စများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ (၈) အသင် ဘိက္ခုဝေ ပျင်းရိခြင်းကို သတိရှိရှိ ရှောင်ကြ၊ ကောင်းသော သီလကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းကြ မိမိစိတ်ကို တည်ကြည်ခိုင်မာအောင်ပြုကာ စိတ္တကို စောင့်ရှောက်ကြ။ (၉) အကြင်သူသည် ဤတရားများကို လောဘ၊ မောဟ၊ ဒေါသ ကင်းရှင်းစွာ စောင့်ထိန်းကြိုးစား အားထုတ်သွားပါက ထိုသူသည် ဘဝသံသရာကို စွန့်လွှတ်၍ ဒုက္ခခပ်သိမ်းမှ လွတ်ကင်းသွားနိုင်ကြမည်ဖြစ်သည်။ (၁၀) ဘုရားရှင်သည် မိမိ (၄၅) နှစ်မြောက် ဝါဆိုခြင်းအပြီးမှာ ဝေသာလီမြို့မှ ဘိက္ခု သံဃာများနှင့်အတူ ထွက်ခွာရန် ပြင်ဆင်ထားပြီးဖြစ်သည်။ ဘုရားရှင် ဗုဒ္ဓသည် မိမိဘဝ၏ (၅) ကြိမ်မြောက် ဝါဆိုခြင်း ကိုလည်း ဝေသာလီ၌ ပြုခဲ့ပါသည်။ ဝဇ္ဇီတို့၏ ဂဏသန္တရ အုပ်ချုပ်မှုစံနစ်ကို ရှင်ဗုဒ္ဓမှာ အလွန်မြတ်နိုးခဲ့၏။ တခါက မဂဓပြည့်ရှင် အဇာတရှတ်ဘုရင်က မိမိ၏ အမတ်ချုပ်ကြီး ဝဿကာရကို ဘုရားရှင်ထံ ဝေသာလီသို့ သွားခိုင်းခဲ့သည်။ ဝဿကာရမှာ ဘုရားရှင်ထံ ရောက်သည့်အခါ မိမိတို့ ဘုရင် အဇာတသတ်ကိုယ်စား ရှင်ဗုဒ္ဓအား အရိုအသေပြုကာ မဂဓဘုရင်၏ အကြံများကို ဘုရားရှင်အား တင်ပြတော်မူခဲ့သည်။ ရှင်ဗုဒ္ဓသည် ဝဿကာရအား ဘာမျှပြန်မပြောဘဲ ဘေးတွင်ရပ်ကာ ယပ်တောင် ခတ်ပေးနေသည့် ရှင်အာနန္ဒာအား ရည်ညွှန်း၍ ဝဇ္ဇီတိုင်းသားတို့၏ ဂုဏ်လက္ခဏာ များကို ဤသို့ ချီးကျူးထောပနာ ပြုခဲ့သည်။

(၁) ဝဇ္ဇီတို့သည် တိုင်းရေးပြည်ရေး ကိစ္စတို့အတွက် စုပေါင်းဆွေးနွေးကြသည်။ စုပေါင်းဆုံးဖြတ်ကြသည်။

(၂) ဝဇ္ဇီတိုင်းသားတို့သည် တိုင်းပြည်၏ တိုးတက်မှုဆိုင်ရာ အမှုကိစ္စများကို စုပေါင်းဆောင်ရွက်ကြ၏။ လုပ်သင့် လုပ်ထိုက်သည့် အမှုကိစ္စများကို အတူတကွ လုပ်ကိုင်ကြသည်။

(၃) ဝဇ္ဇီတို့ ပြဋ္ဌာန်းထားသည့် ဥပဒေအမိန့် အာဏာများ ကောင်းစွာ လိုက်နာကျင့်သုံးကြသည်။ ဥပဒေကို ဆန့်ကျင်ဖေါက်ဖျက်ရာကို ရှောင်ကြသည်။ ပဝေဏီပတ္တက (ဝဇ္ဇီတို့ ပြဋ္ဌာန်းလက်ခံထားသည့် အခြေခံ ဥပဒေ) တွင် ပြဋ္ဌာန်းချက်အတိုင်း ဝဇ္ဇီတို့ ရှေးဟောင်းထုံးတမ်း စဉ်လာများကို လိုက်နာကြ၏။

(၄) ဝဇ္ဇီတို့သည် မိမိတို့၏ သက်ကြီးဝါကြီးများကို လေးစားကြ၏၊ ကြည်ညိုကြ၏၊ ရှိခိုးကြ၏၊ သက်ကြီး ဝါကြီးများ ပြောစကားကို လိုက်နာကြ၏။ ထိုအတိုင်းကျင့်ကြံကြ၏။

(၅) မိမိတို့ ကုလအမျိုးအနွယ်ဝင် မိန်းမများ အပျိုများ၊ အင်အားသုံး အပိုင်စီးခြင်း၊ လုယက်၍ ပေါင်းသင်း ဆက်ဆံခြင်း စသည်အမှုကိစ္စများကို မပြုလုပ် အထူးဂရုပြုကာ ရှောင်ကြ၏။



(၆) ဝဇ္ဇီတိုင်းသားတို့သည် မိမိတို့မြို့တွင်း မြို့ပြင်ရှိ စေတီပုထိုး နတ်ကွန်း များကို ထိုက်သင့် လျောက်ပတ်သည့် နည်းမျိုးစုံဖြင့် ပူဇော်ပသကြ၏၊ လေးစားကြည်ညိုကြ၏။ ထိုစေတီပုထိုးများ၏ ကြည့်ရှု စောင့်ရှောက်မှု အတွက် သတ်မှတ်ထားကာ ဗလီအခွန်ကြေးများကို ပုံမှန်ပေးကမ်းကြ၏။ မပျက်ကွက်တတ်။

(၇) ဝဇ္ဇီတို့သည် အရဟတ္တ (ပူဇော်ထိုက်သူ) များကို ပူဇော်စောင့်ရှောက် တတ်၏။ ထိုထိုသော ဓမ္မရှင် တရားရှင် ပုဂ္ဂိုလ်များကို သူတို့ တိုင်းနိုင်ငံကို ကြွချီလာစေရန် ရဟန်းများ၊ အရဟတ္တ ပုဂ္ဂိုလ်များ၊ သူတော်စင်၊ သူတော်မြတ်တို့အား ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြ၏။ ထိုတရား သီလရှင်တို့အား သူတို့နိုင်ငံတွင် သီတင်းသုံး နေထိုင်နိုင်ရန် လိုလေသေး မရှိ စီမံပေးထားကြသည်။

အသင် အာနန္ဒာ ထိုတရားဓမ္မများကို ဝဇ္ဇီတိုင်းသားတို့ လေးစားကျင့်ကြံ အားထုတ်နေသရွေ့ ကာလအထိ၊ ဝဇ္ဇီတို့သည် အောင်မြင်နေမှာပင်ဖြစ်သည်။ ကျဆုံးမှုနှင့် ကြုံရမှာ မဟုတ်ကြောင်း သိရှိနားလည်ရမှာ ဖြစ်ပါကြောင်း စသည်အားဖြင့် ပြောပြဆုံးမခဲ့သည်။

ထို့နောက် ဘုရားရှင်သည် ဝဿကာရအားညွှန်း၍ ဤသို့ ဆက်လက်မှက်ကြား ပြောခဲ့ပါသည်။ အသင် ဗြာဟ္မဏ တခါက ငါဘုရားသည် ဝေသာလီမြို့၏ သာရန္ဒဒ ဝိဟာရကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူခဲ့စဉ်က ဝဇ္ဇီတို့အား အပရိဟာဏီယ တရား (ပျက်စီးခြင်းကို မဖြစ်စေသည့် တရားနိယာမ) ၇-ပါးကို လိုက်နာကျင့်သုံး သွားကြမည့် ကာလအထိ၊ ဝဇ္ဇီတို့၏ တိုးတက်ဖွံ့ဖြိုးမှုများသာ မြင်တွေ့နေရမည်။ ယိုယွင်းပျက်စီးခြင်းသို့ ဆိုက်ရောက် နိုင်မည်မဟုတ်။ ထိုစကားများကို ကြားသိရပြီး နောက်ပိုင်းကာလများတွင် ဝဿကာရသည် အကွက်ဆင်ကာ ဝေသာလီနိုင်ငံတွင် လာရောက်နေထိုင်ကာ လိစ္ဆဝီမင်းသားများ အချင်းချင်း သဘောထား ကွဲပြားလာအောင် အမျိုးမျိုးသော နည်းဥပါယ်တံမျဉ်ဖြင့် လုပ်လာခဲ့သည်။ ဝဇ္ဇီတိုင်းသား အပရိဟာဏီယ တရားကို လိုက်နာကျင့်ကြံခြင်းကို ပျက်ပြားလာခဲ့ရသည်။ ထိုအကြောင်းများကြောင့်၊ ဝဇ္ဇီတိုင်းသား လိစ္ဆဝီ မင်းသားတို့သည် စည်းရုံးရေး ပျက်ပြားလာသည့် အချိန်တွင် မဂဓတပ်များသည် ဝေသာလီကို ချီတက်စစ် ပြုလာခဲ့သည်။ လိစ္ဆဝီတို့သည် ဖရိုဖရဲဖြစ်ပြီး အရေးနိမ့်ကာ ဝေသာလီပြည် ပျက်စီးခဲ့ ရပါသည်။ ရှင်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် အချိန်ကာလက ဝဇ္ဇီတိုင်း ဝေသာလီပြည် ဂဏသန္တရ အုပ်ချုပ်မှု စံနစ်ဖြင့် အုပ်ချုပ်စိုးမိုးထားသည့် နိုင်ငံတနိုင်ငံ ဖြစ်ခဲ့သည်။ ထိုစဉ်ထိုအခါက ဝေသာလီသည် ဝဇ္ဇီတိုင်း၏ မြို့တော်ဖြစ်ခဲ့သည်။ ဝေသာလီပြည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝချမ်းသာပြီး၊ အင်အား နိုင်ခံ့မှုရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ဇမ္ဗူဒီပတခွင် ထင်ပေါ်ကျော်ကြားခဲ့သည်။ ဝေသာလီ၏ ဂုဏ်သတင်းတို့မှာ ဇမ္ဗူဒီပ နိုင်ငံများအပြင် တည်ရှိအခြားနိုင်ငံများအထိ ကျော်ကြားခဲ့ဖူးသည်။ ဝေသာလီမှာ သုရသတ္တိနှင့် ပြည့်စုံသော သူရဲကောင်း တတ်သိပညာရှင်များနှင့် အမ္ဗပါလီကဲ့သို့ အလှမယ်များကြောင့် ကျော်ကြားမှုရှိခဲ့ပါသည်။ ထိုအချိန်ကာလက ဝေသာလီမြို့၌ ၄၂၀၀၀ သော အိမ်ထောင်မိသားစု နေထိုင်ခဲ့ကြသည်။ လူဦးရေအားဖြင့် ၂၁ သိန်းရှိခဲ့ပါသည်။ ဝဇ္ဇီတိုင်းသား လိစ္ဆဝီ အနွယ်ဝင်တို့၏ ၇၀၀၀ သော အဆောင် ပရဆာဒ် (အိမ်တော်) များရှိခဲ့ရာ ထိုတိုက်အိမ်တော်များ၏ ခေါင်မိုးကိုရွှေဖြင့် ကွပ်ထားသည်။ ထိုနေရာသည် ဝေသာလီမြို့၏ အလယ်ဗဟိုတွင် တည်ရှိခဲ့သည်၊ မြို့တော်၏ အခြားရပ်ကွက်တခု၌ အလယ်အလတ်မျိုးနွယ်ဝင် အိမ်ထောင်ပေါင်း ၁၄၀၀၀ တို့နေထိုင်ကြရာ ၎င်းတို့ နေထိုင်ခဲ့ကြသည့် အိမ်များ၏ ခေါင်မိုးများကို ငွေဖြင့် ကွပ်ထားပြီး အခြားရပ်ကွက်တွင် သာမန်လူများ နေထိုင်သည့် အိမ်ပေါင်း ၂၁၀၀၀ တည်ရှိခဲ့ရာ ထိုအိမ်များ၏ ခေါင်မိုးများကို ကြေးဝါများဖြင့် ကွပ်မိုးကာ တည်ဆောက်ထားသည်။ ထိုအကြောင်း အရာများကို ဝိနယ ပိဋကကျမ်း၌ စုံလင်စွာ ရေးသားဖော်ပြပေးထားသည်။ ဝေသာလီပြည်၌ အလွန်ကျော်ကြားမှုရှိခဲ့သည့် ရေကန်ကြီးတခု ရှိခဲ့ရာ ထိုကန်ရေကို ရာဇာဘိသိက်သိတ်သွန်းသည့် အထွဋ်အမြတ် အမှုကိစ္စတို့အတွက်သာ သုံးရပါသည်။ ကမ်းပါးနံရံဖြင့် တည်ဆောက် ထားသော ထိုရေကန်ကြီးကို သံစကာချပ်ကြီးဖြင့် ဖုံးအုပ်ထားသည်။ ထိုသို့ဖုံးအုပ်ထားခြင်းမှာ ကျေးငှက်စသည့် သတ္တဝါများက ကန်ရေထဲသို့ မဆင်းနိုင်အောင် ကာကွယ်ထားခြင်းဖြစ်သည်။

ထိုအချိန်ကာလတွင် ဝေသာလီ၌ စစ်ရေး သူရဲကောင်း၊ ဓမ္မာစရိယ၊ တပ္ပသီ (တရားကျင့် ပုဂ္ဂိုလ်) နှင့် အရပ်လေးမျက်နှာရှိ ဒေသတို့၌ ကျော်ကြားမှုရှိသော ပညာရှင် အများအပြား နေထိုင်ခဲ့ကြသည်။ ထိုအကျော် အမော်များတွင် မဟာလိပရိုဟိတ၊ သိဟသေနာပတိ၊ ဂေါဝသင်ဂီ၊ ဘဒ္ဒေကရနှင့် မဟာသစ္စက ကဲ့သို့သော ပုဂ္ဂိုလ်ထူးများ ပါဝင်ခဲ့ပါသည်။ သာလဝန (အင်ကြင်းတော)၌ ကုဋာဂါရ သာလာတည်ရှိခဲ့ပါသည်။ ထိုကုဋာဂါရ သာလာမှာ နှစ်ထပ်တိုက်ကြီးတခုဖြစ်သည်။ ဘုရားရှင် ဂေါတမဗုဒ္ဓ ဝေသာလီပြည်သို့ ကြွချီရောက်လာသည့် အချိန်ကာလများတွင် ထိုကုဋာဂါရသာလာ၌ သီတင်းသုံးသည်ဖြစ်၍ ကျော်ကြားမှုရှိသော ဓမ္မသာလာတခု ဖြစ်ခဲ့ရပါသည်။ ဝေသာလီပြည်၏ ကျက်သရေဆောင် နောက်တခုမှာ ထိုစဉ် ထိုကာလက တုပရာမဲ့ဖြစ်သည့် အလှကညာ အမ္ဗပါလီ ဂဏိကာပင်ဖြစ်သည်။

ရှင်ဗုဒ္ဓသည် မဟာပဇာပတိ ဂေါတမီအား အခြားသကျ အမျိုးသမီးများနှင့် အတူ ဥပသမ္ပဒာယပြုပေးခဲ့သည့် နေရာမှာလည်း ဝေသာလီ ဖြစ်ပါသည်။ ဘိက္ခုနီ



သံဃာ့အဖွဲ့ကို စတင်ဖွဲ့စည်းပေးခဲ့သည့် နေရာမှာလည်း ဝေသာလီမြို့ပင် ဖြစ်သည်။ ဘုရားရှင် ဗုဒ္ဓသည် မဟာလိ၊ မဟာသိဟနာဒ၊ မဟာစူက၊ ဝစ္ဆဂေါသသုန္တတနှင့် ရာတန သုတ္တန် စသည့် ဒေသနာဟော်ကို ဝေသာလီ၌ ပြုခဲ့ပါသည်။ တေလောဝါဒနှင့် သိဂါလ ဇာတက ကထာများကိုလည်း ရှင်ဗုဒ္ဓမှာ ဤဝေသာလီမြို့၌ပင် ဥပဒေသပြုခဲ့ပါသည်။

အကြောင်းအမျိုးမျိုးကို အရင်းခံကာ ဘုရားရှင် ဗုဒ္ဓမှာ ဝေသာလီပြည်ကို မြတ်နိုးနှစ်ခြိုက်ခဲ့ပါသည်။ ဤနေရာတွင် ဝေသာလီ အကြောင်းကို အသေးစိပ် ဖော်မပြဘဲနှင့် သမိုင်းနောက်ခံဖြစ်သော အဖြစ်အပျက်တခုကို ဖော်ပြလိုပါသည်။ ထိုဖြစ်ပျက်မှု၏ဒဏ်ကို ခါးသီးစွာ ခံစားနေခဲ့ရသည့် ဝေသာလီ ပြည်သူ ပြည်သားများမှာ မဟာကရုဏာရှင် မြတ်ဗုဒ္ဓ၏ ကရုဏာတို့ကြောင့် ထိုဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ရပါသည်။ အဖြစ်အပျက်မှာ ဤသို့ဖြစ်၏။ တခါက ဝေသာလီပြည်သည် ကြီးမားသည့် ခေါင်းပါးမှု ဘေးအန္တရာယ်နှင့် ကြုံခဲ့ရပါသည်။ အစားရေစာ ရှားပါး လာသော ဝေသာလီ ဂဏနိုင်ငံတွင် လူအများအပြားတို့နှင့်အတူ အခြားသတ္တဝါများ သေကြေပျက်စီး လာခဲ့ရပါသည်။ ခေါင်းပါးမှု၏ ဘေးရန်တို့ကြောင့် ရောဂါဘယ အမျိုးမျိုး ဆိုက်ရောက် လာခဲ့ကြလေသည်။ လူများသည် အကြီးအကျယ် သေဆုံးလာခဲ့ရာ လူသေကောင်များ၏ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်ရာ၌ မနိုင်မနင်း ဖြစ်လာခဲ့ရပါသည်။ ပြည်သူပြည်သားများမှာ ဒုက္ခပင်လယ်တွင် ကျရောက်လာသကဲ့သို့ ခံစားလာရသည်။ အခြေအနေဆိုးများနှင့် ကြုံတွေ့လာခဲ့ရာ အုပ်ချုပ်သည့် ဂဏမင်းများထံ ကျရောက် လာသည့် ထိုဘေးအန္တရာယ်မှ ကယ်တင်ပေးကြရန် အကြီးအကျယ် တောင်းဆိုလာ ခဲ့ကြလေသည်။ ဝေသာလီမှ လိစ္ဆဝီ ဂဏမင်းများက အမြင့်ဆုံး ဂဏကောင်စီ အစည်းအဝေးကို အရေးပေါ် ခေါ်လာခဲ့ရပြီး၊ တိုင်းပြည်ပေါ် ကျရောက်နေသည့် ထိုဘေးဒုက္ခအန္တရာယ်မှ လွတ်မြောက်လာစေရန် အရေးပေါ်နည်းနာများကို ရှာကြံလာခဲ့ရပါသည်။

လိစ္ဆဝီ ဂဏ၏ အမြင့်ဆုံးကောင်စီဝင်တဦးက လက်ငင်းကျရောက်နေသည့်ဘေးမှ ချမ်းသာခွင့် ရနိုင်အောင် ရှင်တော်မြတ်ဗုဒ္ဓအား ဝေသာလီပြည်သို့ ပင့်ဆောင်လာကြရန် အဆိုပြုခဲ့ပါသည်။ ထိုအဆိုကို ကောင်စီဝင်အခြား လူကြီးများကလည်း စိတ်အားထက်သန်စွာဖြင့် ထောက်ခံလာခဲ့ကြပြီး၊ ကောင်စီဝင်အမတ်တဦးဖြစ်သူ မဟာလီအား တာဝန်လွှဲပေးပြီး ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူသည့် ဘုရားရှင် ဂေါတမ ဗုဒ္ဓထံ လွှတ်ခဲ့ကြသည်။

မဟာလီ ပုရောဟိတ်သည် ထိုစဉ်က ရှင်ဗုဒ္ဓ သီတင်းသုံးနေတော်မူခဲ့သည့် ဝေဠုဝန် ဝိဟာရကျောင်းသို့ ရောက်လာကာ ဘုရားရှင်အား ရှိခိုးဦးညွှတ်ကာ သင့်တော်သည့် နေရာတခုတွင် ထိုင်လေသည်။ သင့်တော်သည့် အချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



မဟာလိသည် ဝေသာလီပြည်၌ ခံစားနေရသည့် အလွန်သနားကြင်နာဖွယ်ရာကောင်းသော အဖြစ်အပျက်များကို စုံလင်စွာ တင်ပြပြောဆိုလျှောက်ထားခဲ့ပြီး၊ ဘုရားရှင်အား ဝေသာလီသို့ ကြွချီပေးရန် မေတ္တာ ရပ်ခံခဲ့လေသည်။ အဖြစ်အပျက်များကို မဟာလိမှ ကြားသိ၍ မဟာကရုဏာရှင် ဗုဒ္ဓသည် ဝေသာလီသို့ ကြွချီရန် မဟာလိ၏ မေတ္တာရပ်ခံချက်များကို လက်ခံတော်မူခဲ့သည်။ ဘုရားရှင်သည် ရာဇဂြိုဟ်မှ ချက်ချင်းထွက်ခွါလာခဲ့ရာ မဂဓပြည့်ရှင် ဗိမ္ဗိသာရ မင်းကြီးက အခြွေအရံနှင့်အတူ ရှင်ဗုဒ္ဓအား ဂင်္ဂါမြစ်ကမ်းပါးအထိ လိုက်လံပို့ခဲ့ပါသည်။

ဘုရားရှင်ဗုဒ္ဓ ဝေသာလီပြည်အဝင်တွင် လိစ္ဆဝီမင်းတို့နှင့်အတူ ဝေသာလီပြည်သူပြည်သား အများအပြားတို့က အိုးစည်ဗုံမောင်းနှင့် တူရိယာအမျိုးမျိုးကို တီးမှုတ်ကာ ခရီးဦးကြိုပြုခဲ့ကြသည်။ အတီးအမှုတ်သံများ ပဲ့တင်နေသည့် အကြားတွင် အထက်ကောင်းကင်ယံတွင် မိုးတိမ်မိုးသားများ တက်လာပြီး မိုးရွာချလာခဲ့သည်။ ဘုရားရှင်သည် ဝေသာလီမြို့၏ ရပ်ကွက်သုံး ရပ်ကွက်စလုံး၌ ရတနသုတ်များကို အဆက်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ကြရန် မိန့်ကြားရာ ဘုရားရှင် မြွက်ကြားပေးသည့်အတိုင်း၊ ရှင်အာနန္ဒာနှင့် အခြား ဘိက္ခုများ အပါအဝင် ပြည်သူပြည်သားများသည် ခုနစ်ရက်တိတိ ရတနသုတ်ကို အဆက်မပြတ် ရွတ်ဖတ် သရဇ္ဈာယ် ကြကုန်လေသည်။ မိုးခေါင်းပါးမှုဒဏ်ကို အကြီးအကျယ် ခံနေရသည့် ဝေသာလီပြည်၌ မိုးခါတိုင်းပမာ ရွာလာခဲ့၍ ဝေသာလီပြည်မှာ နဂိုအတိုင်း စိုပြည်လာခဲ့ရပါသည်။ မဟာမာရီရောဂါဘယလည်း ပျောက်ကင်းလာခဲ့ပြီး၊ ဝေသာလီ ပြည်သူပြည်သားများသည် ဘေးအန္တရာယ် ကင်းရှင်းကာ ချမ်းမြေ့ လာခဲ့ရပါသည်။

အတိတ်ကာလက ထိုဖြစ်ပျက်များသည် ယနေ့ ပြန်သတိရနေပြီး ယနေ့ဆိုလျှင် ဘုရားရှင်သည် နောက်ဆုံးအနေဖြင့် ဝေသာလီကို ထွက်ခွာသွားတော့မည့်အချိန် ဖြစ်နေသည်။ ဝေသာလီမှာ လိစ္ဆဝိ မင်းများက ဘုရားရှင်အား မိမိတို့ တိုင်းနိုင်ငံ၏ နယ်စပ်အထိ လိုက်လံပို့ခဲ့ကြသည်။ နယ်စပ်သို့ရောက်သော ဘုရားရှင်အား ရှိခိုးကန်တော့ကြခဲ့သည်။ ရှင်ဗုဒ္ဓသည် မိမိသပိတ်တော်ကို လိစ္ဆဝိမင်းတို့အား လက်ဆောင်အဖြစ် ပေးခဲ့သည်။ မဟာပရိနိဗ္ဗာန် ဝင်တော့မည်ကို ကြိုတင်ကြေညာခဲ့ပြီးဖြစ်သော ဘုရားရှင်ဗုဒ္ဓသည် မိမိပိုင်သပိတ်တော်ကိုလည်း လိစ္ဆဝိတို့အား စွန့်ခဲ့ပြီး ဖြစ်သည်။ ဘုရားရှင်၏ သပိတ်ကိုရ၍ လိစ္ဆဝိတို့သည် ဂုဏ်ဝင့်ကြွားစွာ ဝမ်းသာအားရ ဖြစ်ခဲ့ရပါသည်။ ဘုရားရှင်သည် နောက်က လိုက်လံသည့် လိစ္ဆဝိတို့အား ထိုနယ်စပ်နေရပ်မှ မိမိတို့ နေအိမ်များသို့ ပြန်ခိုင်းလေသည်။ ရှင်ဗုဒ္ဓသည် တစ်ကိုယ်လုံးကို နောက်သို့ လှည့်ကာ ဆင်မများသည် မိမိရင်သွေးများ ကြည့်တတ်သည့် ဆင်မျက်လုံးပမာ ဝေသာလီကို နောက်ဆုံးအနေဖြင့် လှည့်ကြည့်ခဲ့၍ အာနန္ဒာအား ဤသို့



ပြောခဲ့သည်။ "ချစ်သား အာနန္ဒာ ဝေသာလီကို ကြည့်ခြင်းသည် ငါဘုရား၏ နောက်ဆုံးဖူးခြင်းပင်မှတ်ပါ။" မှန်လှပါဘုရား။

ထိုသို့ ပြောဆိုပြီးနောက် ဘုရားရှင်သည် ဘိက္ခုများနှင့်အတူ ဘာန္ဒာဂါမသို့ ထွက်လာခဲ့တော့သည်။ ဘာန္ဒာဂါမ၌ ရက်အနည်းငယ် သီတင်းသုံးနေလျက် ရှင်ဗုဒ္ဓသည် ဘိက္ခုအပေါင်းတို့အား တရားဒေသနာများ ပြုခဲ့သည်။ ဘာန္ဒာဂါမမှတဆင့် ဟတ္ထိဂါမ၊ အမ္ဗဂါမ နှင့် ဇမ္ဗုဂါမသို့ အဆင့်ဆင့် ထွက်ခဲ့ကြပြီး၊ ဘောဂနဂရရှိ အာနန္ဒစေတီကျောင်းသို့ ရောက်လာခဲ့သည်။ ထိုအာနန္ဒကျောင်း၌ ရက်အနည်းငယ် သီတင်းသုံး နေထိုင်ကာ မြတ်ဗုဒ္ဓသည် ဘိက္ခုအပေါင်းတို့အား ဒေသနာပြုလျက် ဤသို့ပြောဆိုခဲ့သည်။

"ဘိက္ခုဝေ ငါဘုရားသည် မဟာပဒေသ တရား ဒေသနာလေးပါး အကြောင်းကို ဟောကြားတော်မူမည်။ ယင်းဒေသနာများကို အထူးအာရုံစိုက် နားဆင်ကြလော့၊ ဤတရားများကို စိတ်ထဲ၌ ကောင်းစွာ မှတ်ထားကြပြီး လိုက်နာကျင့်ကြံကြလော့။"

မှန်လှပါဘုရား၊ ဟူ၍ ဘိက္ခုအပေါင်းတို့က ဘုရားရှင်အား ပြန်လျှောက်ထားကြလေသည်။ အာဝုသော ငါသည် ဤစကားကို ဘုရားရှင်၏ နှုတ်ကပါဌ်တော်မှ ကြားခဲ့ရ၏။ ငါသည် ဤတရားများကို ဘုရားထံမှ နားဆင်ရ၏။ ထိုသို့ ပြောဆိုပြီး ဟောကြားလာသည်၊ ဒေသနာကိုပြုသည့် ဆရာ ဘိက္ခုတို့၏ ထိုဒေသနာတော်ကို ကြားရ၍ ထိုဒေသနာတော်ကို ထောက်ခံအနုမောဒနလည်း မပြုကြနှင့် ထိုဥပဒေသများကို ကန့်ကွက်၍ ဒေသနာပြုသည့် ဆရာကို အပြစ်လည်း မဆိုပါနှင့်၊ ထိုဒေသနာ (ဥပဒေသ)ကို ကောင်းစွာ မှတ်သားထားပြီး၊ သုတ္တန်နှင့် နှိုင်းယှဉ်ပါ၊ ဝိနယထဲမှာကြည့်ပါ။ ထိုမှာ မတွေ့ရှိပါက ဘုရားရှင် ဟောကြားထားသည့် တရားမဟုတ်ကြောင်း မှတ်ကြပါ။ ထိုဒေသနာသည် ဒေသနာပြုသည့် ဆရာ၏ အထင်အမြင်သာ ဖြစ်ကြောင်း မှတ်ကြ၊ ထိုတရားကို မယူကြနှင့် စွန့်လွှတ်ပစ်ကြ၊ အကယ်၍ အစောက ပြုခဲ့သည့် ဥပဒေသများ သုတ္တန်နှင့်လည်းညီနေ၍ ဝိနည်းထဲမှာလည်း ပါရှိကြောင်း အထင်အရှားတွေ့မြင်ရသည်ဆိုပါက ထိုဒေသနာများသည် ဘုရားရှင်၏ ဒေသနာ အစစ်မှန်ဖြစ်ကြောင်း မှတ်ယူ၍ ထိုဥပဒေသ အတိုင်းလိုက်နာကျင့်ကြံ အားထုတ်သွားကြပေလော့။ ဘိက္ခုဝေ ဤသည်ကား ငါဘုရား၏ ပထမ မဟာပဒေသဟု မှတ်ကြပါ။

ဘိက္ခုတပါးပါးက "အာဝုသော ထိုဝိဟာရကျောင်းတွင် ဘိက္ခုအပေါင်း သီတင်းသုံးနေထိုင်ကြကုန်၏၊ ထိုကျောင်း၌ ဘိက္ခုတို့၏ ဆရာမထေရ်ကြီးလည်းရှိ၏၊ ငါသည် ထိုဆရာမထေရ်ကြီး ကိုယ်တော်တိုင်၏ နှုတ်မှ ဤတရားများ၊ ဝိနယများကို ကြားခဲ့ရပါ၏။ ဤတရားများသည် ငါတို့၏ ဆရာ (သဿတာ)၏ သာသနာဖြစ်၏။ ထိုသို့ပြောဆိုလာသည့် ဘိက္ခုမထေရ်ကြီး၏ ဟောကြားချက်များကို ယုံကြည်ကြ။

www.burmeseclassic.com

www.burmeseclassic.com



ထိုတရားများကို ဘိက္ခုသံဃာက ကောင်းမွန်စွာ စုစည်းတင်ပြထားကြောင်းမှတ်ပါ။ ဤသည်ကား ငါဘုရား၏ ဒုတိယ မဟာပဒေသ ဖြစ်သည်။

ဘိက္ခု တပါးပါးမှာ "အာဝုသော ထိုကျောင်း ဝိဟာရတွင် ဘိက္ခုအပေါင်း စုပေါင်းနေထိုင်လျက် သီတင်းသုံးနေကြ၏။ ထိုကျောင်း၌ ဓမ္မရေ၊ ဝိနယရေ၊ မတ္တိကာရေ မထေရ်ကြီးများလည်း သီတင်းသုံးနေထိုင်ကြကုန်၏၊ ငါသည် ဤတရားများကို ထိုထိုသော ဆရာမထေရ်ကြီးများထံမှ ကြားခဲ့ရ၏။ ထိုကိုယ်တော်မြတ် တို့၏နှုတ်မှ ဟောကြားခဲ့၍ ကြားခဲ့ရပါသည်။ ဤသည်မှာ ဓမ္မဖြစ်၏။ ချစ်သားတို့ ဤသည်ကား ငါဘုရား၏ တတိယ မဟာပဒေသ ဖြစ်သည်။

ဘိက္ခဝေ ဘိက္ခု တပါးပါးမှာ "ထိုဝိဟာရကျောင်း၌ ကျော်ကြားမှုရှိသော၊ ထိုဘိက္ခုသည် သီတင်းသုံး နေထိုင်တော်မူ၏။ ထိုမထေရ်ကြီးထံမှ ငါ ဤတရား ဝိနယများကို ကြားခဲ့ရ၏။ ထိုသို့ပြောဆိုလာလျှင် ထိုတရား ဝိနယများမှာ ငါဘုရား၏ သာသနာဖြစ်ကြောင်း မှတ်ယူကြ၊ ဤသည်ကား ငါဘုရား၏ စတုတ္ထ မဟာပဒေသ ဖြစ်သည်။"

"ဘိက္ခုအပေါင်းတို့ ဤလေးပါးသော မဟာပဒေသများကို အစဉ်မှတ်ထား ကြလော့" ဟူ၍ ဘုရားရှင်သည် ဘိက္ခုအပေါင်း မှတ်ထားလိုက်နာရန် မဟာပဒေသ လေးပါးအကြောင်းကို ဘုရားရှင်ဗုဒ္ဓသည် ဘောဂနာရ၌ သီတင်းသုံးတော်မူခဲ့စဉ်က ဘိက္ခုများအား ဟောကြားခဲ့သည်။ မဟာပဒေသ လေးပါးအပြင် အခြားဓမ္မ ဂါထာများကိုလည်း မြွက်ကြားပေးခဲ့ပါသည်။



ဝေသာလီမှ နောက်ဆုံးထွက်ခွါခဲ့သည့်ကာလ ဘုရားရှင်သည် မိမိသပိတ်တော်ကို လိစ္ဆဝီတို့အား လှူဒါန်းခဲ့သည့်ပုံ



## နောက်ဆုံး ဆွမ်းဘောဇဉ်

ဘောဂါနဂရမှ ရှင်ဗုဒ္ဓသည် ဘိက္ခု သံဃာအပေါင်း ခြံရံလျက် ပါဝါသို့ ကြွမြန်း လာခဲ့သည်။ ပါဝါမှာ မလ္လလူမျိုးတို့၏ အရေးပါသော မြို့တမြို့ဖြစ်သည်။ ပါဝါမြို့အပြင်ရှိ စုန္ဒ (ပန်းပဲ)၏ (အမ္ဗဝန) သရက်ခြံတွင် သီတင်းသုံးတော်မူ၏။


စုန္ဒပန်းပဲမှာ ထိုသတင်းကို ကြားသိရသည့်အခါ သရက်ခြံသို့သွား၍ ဘုရားရှင်အား ရှိခိုးကန်တော့ကာ သင့်တော်သည့် နေရာတခုတွင် ထိုင်လေသည်။ ဘုရားရှင်သည် စုန္ဒအား ဓမ္မကထာဖြင့် ချီးမြှင့်တော်မူသည်။ ဘုရားရှင် မြွက်ကြား ပေးသည့် ဓမ္မကထာကို နားဆင်ပြီးနောက် စုန္ဒသည် "ဘန္တေ ဘိက္ခုသံဃာများနှင့်အတူ တပည့်တော်အိမ်မှာ ဆွမ်းဘောဇဉ်များ ဘုဉ်းပေးရန် ဖိတ်မန္တကပြုပါသည်။" ဘုရားရှင်သည် ခပ်မဆိတ်နေကာ စုန္ဒ၏ ဖိတ်ကြားချက်ကို လက်ခံခဲ့သည်။ ထို့နောက် စုန္ဒသည် ဘုရားရှင်အား ရှိခိုးကန်တော့ကာ နေအိမ်သို့ ပြန်လာခဲ့ရာ၊ ထိုနေ့ညဉ့် နောက်ဆုံး ပဟိုရ်မှစ၍ ဆွမ်းဘောဇဉ်များ၊ စားဖွယ်သောက်ဖွယ်များကို ချက်ပြုတ် ပြင်ဆင်လေသည်။ ဝက်ဖြူသား အရည်တို့ကိုလည်း စံနစ်တကျ ချက်ပြုတ်ပြီး၊ ဆွမ်းစား အချိန်ကာလ ကျရောက်လာသည့်အခါ ဘုရားရှင်ကြွလာရန် သတင်းပို့ခဲ့သည်။ ဘုရားရှင်မှာလည်း ဘိက္ခုသံဃာနှင့်အတူ စုန္ဒ၏နေအိမ်သို့ ကြွချီလာပြီး၊ ကြိုတင် ခင်းကျင်းထားသည့် နေရာတွင် ထိုင်တော်မူ၏။ ဝက်ဖြူသား ဟင်းရည်ကို ချက်ပြုတ် ထားခြင်းမှာ ဘုရားရှင်၏ ကိုယ်ကာယတွင် စွမ်းအား အမြန်ပြည့်လာရန်ကို ရည်ရွယ် ခဲ့ပါသည်။ ပါဠိဘာသာ စကားဖြင့် (သုကရ-မာဒဝ) ဟု ခေါ်သော အသီးတမျိုးသည် အမြစ်တွဲလျက်ရှိပြီး မြေအောက်တွင် သီးသော အသီးတမျိုးကို ခေါ်ပါသည်။ ထိုအသီးမျိုးကို သုကရ (ဝက်) အကောင်တို့သည် မြေကိုထိုးဖောက်ကာ နှစ်ခြိုက်စွာ စားတတ်သည်ဖြစ်၍ ထိုအသီးလုံးကို "သုကရ-မဒ္ဒဝ" ဟုခေါ်ကြသည်။ ထိုအသီးကို အမြစ်များနှင့်အတူ ဆေးကြောကာ ပြုတ်စားရပါလျှင် ခန္ဓာကိုယ် စွမ်းအား နည်းပါးလျက် ရှိသူများသည် စွမ်းအား တက်လာရပါသည်။

ရှင်ဗုဒ္ဓအား ကပ်ထားသည့် ဆွမ်းဘောဇဉ်တွင် "သုကရ-မာဒဝ" ဟင်းလျာကို မြင်တွေ့ခဲ့ပါသည်။ သို့သော် သဒ္ဓါကြီးစွာဖြင့် ချက်ပြုတ် ပြင်ဆင်ကပ်လှူထားသည့် ထိုဟင်းလျာကို မငြင်းပယ်ဘဲ ပုံမပျက် ဘုဉ်းပေးတော် မူခဲ့ပါသည်။ ထိုဟင်းကို အခြား ဘိက္ခုများအတွက် မကပ်ရန်တော့ ဆွမ်းဒါယကာ စုန္ဒအား မှာကြားလိုက်ခဲ့သည်။ ဘုရားရှင်မှာ မိမိ၏သပိတ်ကို လိစ္ဆဝီတို့အား စွန့်ခဲ့ပြီးဖြစ်သည်။ ထိုအပြင် မဟာပရိနိဗ္ဗာန် ဝင်ရမည့် အချိန်ကာလကလည်း နီးကပ်လာပြီကို သိရှိနေတော်မူသည့် ဘုရားရှင်သည် အလွန်တရာ ခက်ခဲလိမ့်မည်ကို သိလျက်နှင့်ပင် စုန္ဒကပ်လှူထားသည့် ထိုဟင်းလျာ ဘောဇဉ်များကို ဘုဉ်းပေးတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ပန်းပဲစုန္ဒမှာ ဘုရားရှင်အား နောက်ဆုံးဆွမ်းဘောဇဉ်ကပ်လှူနေပုံ

ဆွမ်းဘုဉ်းပေးပြီးနောက် ဒါယကာကြီး စုန္ဒအား အနီးနားသို့ခေါ်လျက် ဟင်းခွက်ထဲ၌ ကျန်လျက်ရှိသော ထို "သုကရ–မာဒဝ" ဟင်းလျာကို လွှင့်ပစ်ခိုင်းခဲ့ပါသည်။

ဒါယကာကြီး စုန္ဒ ဤလောက၌ နေထိုင်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သာမဏ ဗြာဟ္မဏ အဘယ်သူမှ ဗုဒ္ဓကလွဲ၍ ဤသုကရ ဟင်းလျာကို စားခြင်းမရှိနိုင်ပါ။ မှန်လှပါဘုရား၊ ဟု ပြောကာ စုန္ဒသည် ထိုဟင်းလျာကို အမှိုက်တွင်းတခုတွင် လွှင့်ပစ်လိုက်သည်။ ဆွမ်းဘောဇဉ်များ ဘုဉ်းပေးပြီးနောက် ခါတိုင်းလိုပင် မြတ်စွာဘုရားသည် ဒါယကာစုန္ဒအား တရားဒေသနာတို့ဖြင့် ချီးမြှင့်ခဲ့ပြီးနောက် ထိုင်ရာမှထ၍ ထိုအိမ်မှ ထွက်ခွါကြွမြန်းသွားခဲ့သည်။

စုန္ဒ၏ သရက်ဥယျာဉ်ခြံတွင် သီတင်းသုံးနေထိုင်သည့် ထိုကာလအတွင်း ရှင်ဗုဒ္ဓသည် စုန္ဒ၏ လျှောက်ထား မေးမြန်းချက်အပေါ် ဘုရားရှင်သည် သာမဏ ၄–မျိုးအကြောင်းကို အောက်ပါအတိုင်း ဟောကြား ပြောပြခဲ့ပါသည်။

"လူ နတ် ဗြဟ္မာ တို့၏ အထွဋ်အထိပ်ဖြစ်သော ဘုရားသခင် အရှင်ဘန္တေ ဤလောက၌ သမဏ ဘယ်နှစ်မျိုး ရှိကြပါသနည်း ဘုရား၊ တပည့်တော်အား ခွဲခြားပြီး မြွက်ကြား ရှင်းပြပေးသနားတော်မူပါ ဘုရား။ စုန္ဒထံမှ မေးလိုက်သည့် မေးခွန်းကို ကြားသိရ၍ ဘုရားရှင် ဗုဒ္ဓသည် စုန္ဒအား ဤသို့ မြွက်ကြား ရှင်းပြခဲ့ပါသည်။ "အသင် စုန္ဒ သေချာနားဆင် မှတ်သားပါ၊ ဤလောက၌ သမဏ လေးမျိုးလေးစားရှိကြပါသည်။

(၁) မဂ္ဂဇိန (၂) မဂ္ဂဒေသက (၃) မဂ္ဂဇီဝိနှင့် (၄) မဂ္ဂဒုသိ တို့ဖြစ်ကြသည်။ အရှင်ဘန္တေ ထိုလေးမျိုး လေးပါးတို့၏ ဂုဏ်ရည်ကို တမျိုးချင်း ရှင်လင်းပြောပြပေးပါ



ဘုရား။ စုန္ဒက တဖန် လျှောက်ထားပြန်သည်။ ထိုအခါ မြတ်ဗုဒ္ဓသည် တမျိုးချင်းကို ခွဲခြား၍ မြွက်ကြား ရှင်းပြပေးခဲ့သည်။

"အသင် စုန္ဒ အကြင် သာမဏသည် ဒွိဟသံသယ ကင်းရှင်းကာ လောကီ ဆူးငြောင့်မှ လွတ်ကင်း၍ နိဗ္ဗာန်အဖြစ်တွင် တည်လျက် တွယ်တာမှုအလုံးစုံမှ ကင်းရှင်းကာ လူနတ်အပေါင်းတို့၏ ကိုးကွယ်ရာဖြစ်သော ထိုဗုဒ္ဓကို မဂ္ဂဇိန ဟုခေါ်သည်။"

အကြင် ဘိက္ခုသည် ပရမတ္ထ သဘောတရားကို နားလည်သဘောပေါက် ထားပြီး၊ လောက၌ ဓမ္မဒေသနာကို ဒွိဟသံသယ ကင်းရှင်းကာ တဏှာ တပ်မက်ခြင်းတို့မှ လွတ်မြောက်ကာ ထိုမုနိကို မဂ္ဂဒေသီဟုမှတ်။

အကြင် ဘိက္ခုသည် ဓမ္မပဒနှင့်အညီ ကျင့်ကြံနေထိုင်ကာ သမာသမ္ပတိတွင် မွေ့လျော်ကာ အပြစ်မရှိ တရားဓမ္မနှင့်အညီ နေထိုင်သည့် ထိုဘိက္ခုကို မဂ္ဂဇီဝီဟု ခေါ်သည်။

အကြင် ဘိက္ခုသည် သူတော်စင် သူတော်မြတ်တို့နှင့် တူသော သင်္ကန်း အဝတ်အစားများ ဆင်ယင်ကာ သီလသမာဓိ ကင်းဝေးကာ မုသာဝါဒါကို ပြောဆိုလျက် လူတို့အား လိမ်လည်ရန် ကြိုးစားအားပြုသော ထိုဘိက္ခုမျိုးကို မဂ္ဂဒုသိ ဟု၍မှတ်။

ပရဂျန်ဉာဏ်ရှိသော ထင်ပေါ်ကျော်ကြားသော အာရိယသာဝက ဒါယကာ ဒါယိကာမ များတို့သည် သမဏတို့၏ အမျိုးအစား ကွဲပြားခြားနားမှုကို သိရှိနားလည်ထားပြီး ၎င်းတို့အပေါ် သဒ္ဓါ ကြည်ညိုမှုကို ထားကြသည်။ လူယုတ်မာ (ဒုဋ္ဌ)ကို (အဒုဋ္ဌ) သူကောင်းတို့နှင့် (သုဒ္ဓ) သန့်ရှင်းစင်ကြယ်မှုကို (အသုဒ္ဓ) မသန့်မစင်သော အရာတို့နှင့် အဘယ်မှာ နှိုင်းယှဉ်လို့ ဖြစ်နိုင်ပါမည်နည်း။

ထို့နောက် ရှင်ဗုဒ္ဓသည် "ချစ်သား အာနန္ဒာ ကုသိနာရာရှိရာသို့ ကြွချီကြပါစို့။" 'မှန်လှပါ ဘုရား' အာနန္ဒာက ပြန်လျှောက်သည်။ ထိုနောက် ဘုရားရှင်သည် ဘိက္ခုသံဃာအပေါင်း ခြံရံလျက် ကုသိနာရဖက်သို့ ကြွချီလာခဲ့ရာ လမ်းခရီးစပ်ကြား တနေရာသို့ ရောက်သည့်အခါ ဘုရားရှင်သည် လမ်းပေါ်မှဖယ်၍ အရိပ်ကောင်းသည့် သစ်ပင်တပင်အောက်သို့ သွားခဲ့သည်။ အသင် အာနန္ဒာ ငါထိုင်ဖို့ သံဃာဋိ ခင်းပေးပါ၊ ငါမောပန်းနေပါပြီ၊ "အနားယူရအုံးမည်။" မှန်လှပါဘန္တေ ဟုဆို၍ အာနန္ဒာသည် ထိုသစ်ပင်ရိပ်အောက်တွင် သံဃာဋိခင်းပေးခဲ့သည်။ ဘုရားရှင်မှာ အာနန္ဒာ ခင်းကျင်းပေးခဲ့သည့် ထိုသံဃာဋိ ပေါ်ထိုင်ကာ "ရေဆာနေပါတယ်" အာနန္ဒာ ငါသောက်ဖို့ရေယူလာပါအုံး ဟု ဘုရားရှင်က ရေတောင်းခဲ့သည်။

အနီးအနား၌ ချောင်းကလေး တချောင်း စီးဆင်းနေခဲ့သည်။ "အရှင်ဘုရား ခုနကတင် လှည်းအစီး ငါးရာကျော်တို့က ချောင်းကလေးကို ဖြတ်ကျော်

www.burmeseclassic.com

www.burmeseclassic.com





ဘုရားရှင် အနားယူရန် ရှင်အာနန္ဒာမှ သံဃာဋိ ခင်းပေးနေပုံ

မောင်းသွားခဲ့ကြလို့ ချောင်းရေနောက်နေပါတယ် ဘုရား ဟူ၍ ပြန်လျှောက်ထားလေသည်။ အရှင်ဘန္တေ ချမ်းမြေ့ကြည်လင်သော ရေရှိရာ ကုကုဋ္ဌာမြစ်သည် နီးကပ်လာပါပြီ ဘုရား ထိုမြစ်နားရောက်မှ ရေသောက်တော်မူပါ ဘုရား။ သို့သော် ရှင်ဗုဒ္ဓသည် ဒုတိယ နှင့် တတိယ အကြိမ်အထိ ရေတောင်းတော်မူခဲ့သည်။ ဘုရားရှင်မှာ ရေအတော်ဆာနေပုံ ပေါက်ခဲ့သည်။ ထိုအခါ အာနန္ဒာမှာ မှန်လှပါ ဘုရား ဟုပြောဆိုကာ ရေခွက်ကိုင်ကာ ရေယူရန် ချောင်းရှိရာသို့ သွားခဲ့သည်။ ချောင်းရှိရာသို့ ရောက်သည့်အခါ ချောင်းရေမှာ အံ့ဩစဖွယ် ကြည်လင်နေကြောင်းကို အာနန္ဒာ မြင်တွေ့ခဲ့ရာ ရေအမြန်ဆုံးခပ်ခဲ့ပြီး ဘုရားရှင်ထံ ပြန်လာခဲ့သည်။

"အံ့ဩစရာပါပဲ ဘုရား၊ မကြာမီက လှည်းအစီးငါးရာ ဖြတ်ကျော်မောင်းသွားလို့ အလွန်တရာ နောက်နေခဲ့သည့် ချောင်းရေဟာ ရုတ်တရက် ကြည်လင်လာခဲ့ရာ ထူးဆန်းအံ့ဩစရာ ကောင်းလှပါတယ် ဘုရား ဟု၍ လျှောက်ကာ အာနန္ဒာသည် ဘုရားရှင်အား ထိုရေကို တိုက်ကျွေးခဲ့ပါသည်။

ထိုအချိန်က အာလာရ-ကလာမ၏ တပည့်တဦးဖြစ်သူ ပုက္ကုသ မလ္လပုတ္တ ဆိုသူသည် ကုသိနာရုနှင့် ပါဝါမြို့ လမ်းခရီးအတိုင်း သွားနေခဲ့သည်။ ပုက္ကုသသည် ဘုရားရှင်အား လမ်းဘေးသစ်ပင် တပင်အောက်၌ ထိုင်နေကြောင်း မြင်တွေ့၍ ဘုရားရှင် အနီးသို့သွားရောက် ရှိခိုးဦးညွှတ်လျက် တဖက်တွင် ထိုင်လေသည်။ ဘေးတဖက်၌ ထိုင်နေသော ပုက္ကုသသည် ဘုရားရှင်အား ဤသို့ဆိုခဲ့၏။

"အံ့ဩစရာပါပဲ ထူးဆန်းလှပါဘိ အရှင်ဘန္တေ ပရဗ္ဗဇိတ်ဉာဏ် ရရှိကြသော ပုဂ္ဂိုလ်များ အေးချမ်းတည်ငြိမ်မှု အပြည့်ဖြင့် ဝိဟာရ (နေထိုင်) ကြကုန်၏။ ဘန္တေ



လွန်ခဲ့သော အချိန်ကာလတခု၌ တပည့်တော်၏ ဆရာဖြစ်သူ အာလာရ ကလာမ် လမ်းခရီးတခုကို သွားနေစဉ် လမ်းဘေးရှိ သစ်ပင်တပင်အောက်၌ ထိုင်လျက်ရှိခဲ့ရာ ထိုအချိန်တွင် ဆရာထိုင်နေသည့် နောက်ကျောက လှည်းအစီးငါးရာ မောင်းနှင်သွားခဲ့သည်။ ထိုလှည်းတန်းနောက်က လိုက်နေသော သူတယောက်သည် ဆရာအာလာရ ကလာမ်အား မေးခဲ့ဖူးသည်မှာ လမ်းပေါ်က လှည်းအစီးများစွာ မောင်းနှင် သွားသည်ကို ဆရာကြီး မြင်တွေ့လိုက်ပါသလား။ 'အာဝုသ ငါမမြင်လိုက်' 'လှည်းသံကိုကော ကြားလိုက်ရပါလား ဆရာ' 'မကြားလိုက်ပါဘူး အာဝုသ ငါအသံမကြားလိုက်ဘူး။'

ဘန္တေ အိပ်ပျော်နေခဲ့လို့လား။ အိပ်ပျော်နေတာလဲ မဟုတ်ပါဘူး အာဝုသ။ ဘန္တေ နိုးကြားနေခဲ့သလား။ ဒီလိုဆိုရင် ဆရာ နိုးကြားနေရင်းနှင့် နောက်က မောင်းနှင်သွားခဲ့တဲ့ လှည်းများကို မြင်လည်းမမြင်၊ အသံလည်းမကြား ဟုတ်ပါသလား ဆရာ ဟုတ်နိုင်ပါတယ် အာဝုသ။

ကျွန်ုပ်တို့ရဲ့ ဆရာကြီး အလာရ ကလာမ်က ထိုလူအား ပြောခဲ့ဖူးသည်။ ဆန်းကြယ်ပါတယ် ဘုရား။ ပရဗ္ဗဇိတ် ဉာဏ်ရရှိထားပြီး ပုဂ္ဂိုလ် ကျွန်ုပ်တို့ ဆရာကြီးက အံ့ဩစရာ ထူးဆန်းလှတဲ့ ပုဂ္ဂိုလ်ထူးကြီးပါလား ဘုရား ဟူ၍ သူ့ဆရာကို အမွှမ်းတင်လာခဲ့သည်။ သူ့ဆရာအတွက် သဒ္ဓါကြည်ညိုမှု အကြီးအကျယ်တို့ကို ပြသလာခဲ့လေသည်။

ထိုစကားများကို ကြားရပြီးမှ ဘုရားရှင် ဗုဒ္ဓသည် ထိုပုက္ကုသ မလ္လပုတ္တအား ဤသို့ ပြန်ပြောခဲ့၏။ 'အသင် ပုက္ကုသ နိုးကြားလျက်နှင့် လှည်းငါးရာမှာ သင့်ဆရာ နောက်က ဖြတ်သန်းသွားခြင်းကို မတွေ့မမြင်လိုက်ရခြင်း၊ အသံမကြားရလိုက်ခြင်း စသည်တို့ကား နိုးကြားလျက်ရှိနေရင်းနှင့် သည်းထန်စွာ မိုးရွာနေခြင်း၊ မိုးချိန်းသံကို မကြားလိုက်ရခြင်းနှင့် မိုးကြိုးပစ်သည့် အသံနှင့် လျှပ်စစ်လက်သည့် အလင်းတို့ကို မမြင်တွေ့ မသိမကြားခြင်းတို့နှင့် နှိုင်းယှဉ်ပါက အဘယ်အရာသည် ပိုမိုခက်ခဲလှပြီး ထူးဆန်း အံ့ဩဖွယ်ရာ ဖြစ်ပါသနည်း ဟူ၍ မေးလိုက်ရာ။ ပုက္ကုသက အရှင်ဘန္တေ သည်းထန်စွာ မိုးရွာနေခြင်း၊ မိုးချိန်းသံကို မကြားလိုက်ရခြင်းနှင့် မိုးကြိုးပစ်သံနှင့် လျှပ်စစ်လက်ခြင်းတို့ကို မမြင်တွေ့ မကြားမသိလိုက်ရခြင်းတို့မှာ ပိုမိုခက်ခဲလှသည် ဖြစ်ရပ်များဖြစ်ကြောင်းပါ ဘုရား ဟူ၍ ဝန်ခံပြောဆိုလိုက်သည်။ ထိုအခိုက် မိမိဖြစ်ရပ်တခုကို ပုက္ကုသအား ဤသို့ပြန်ပြောလေသည်။

"အသင် ပုက္ကုသ၊ ငါဘုရားသည် အာတုမာ၏ တခါတညက သီတင်းသုံး နေခဲ့ဖူးသည်။ ထိုညက သည်းထန်စွာ မိုးရွာခဲ့သည်။ မိုးချိန်းပြီး မိုးကြိုးပစ်သဖြင့် လယ်သမား ညီအစ်ကိုနှစ်ယောက်နှင့် ၄င်းတို့ပိုင် နွားလေးကောင် မိုးကြိုးပစ်ခံရ၍

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ပါသည်။ ထိုဖြစ်ရပ်ကို တွေ့မြင်သိရှိကာ အာတုမာ့လူများ ထိုနေရာသို့ စုရုံးလာခဲ့ကြ လေသည်။ ထိုအချိန် ပုက္ကုသရဲ့ ငါ ဘုရားသည် နွားတင်းကုတ်မှ ထွက်ကာ အနီးအနားမှာ စင်္ကြံလျှောက်နေလျက် ရှိရာကိုမြင်၍ ယောကျ်ား တယောက်က မိမိရှေ့သို့လာရောက်ရပ်လျက် အရှင်ဘန္တေ ညအချိန်က မိုးသည်းထန် ရွာနေချိန် မိုးကြိုးပစ်ခဲ့လို့ ဤနေရာတွင် လူနှစ်ယောက်နှင့် နွားလေးကောင် သေနေပါပြီး။ မိုးကြိုးပစ်သည့် အချိန်က အရှင်အဘယ်မှာ ရှိနေပါသလဲ ဘန္တေ ဟူ၍ လာမေးခဲ့ပါသည်။

"အာဝုသ ငါဒီမှာပဲ ရှိနေပါသည်။" 'ဘန္တေ ထိုဖြစ်ရပ်ကို မြင်လိုက်ရပါသလား။' 'ငါမမြင်လိုက်ရပါ။' မိုးချိန်းသံကိုကော့ အရှင်ဘန္တေ ကြားလိုက်ရပါသလား။ 'မကြားလိုက်ပါ အာဝုသ' အရှင်ဘန္တေ အိပ်ပျော်နေခဲ့ပါ သလား။ အိပ်ပျော်နေတာ မဟုတ်ပါ အာဝုသ။ 'နိုးကြားနေခဲ့ပါသလား ဘုရား။' နိုးကြားနေခဲ့တာပဲ အာဝုသ။ ဒီလိုဆိုပါက အရှင်ဘန္တေ နိုးကြားနေလျှက်နှင့် မိုးချိန်းသံကိုလည်း မကြား၊ မိုးကြိုးပစ်ခြင်းတို့ကို၄င်း သည်းထန်စွာ ရွာသွန်းနေခဲ့သည့် ဒေဝမိုးရွာခြင်းတို့ကိုလည်း မသိလိုက်ခဲ့ဘူးပေါ့ အရှင်ဘန္တေ။ မှန်ပါ ငါဘုရား ဘာမှ မသိမကြားမမြင်လိုက်ရပါ အာဝုသ။

ထိုသို့ ငါဘုရားထံမှ ကြားသိလိုက်သည့်အခါ ထိုယောကျ်ားသည် အံ့သြစရာပါလား ထူးဆန်း ဆန်းကြယ်ပါလား ခြေ်ာအရဟာတွေများ အေးချမ်းတည်ငြိမ်စွာ နေထိုင် ပျော်မွေ့ကြပါကလား။ သဒ္ဓါကြည်ညိုမှုကြီးစွာ ဖြစ်လျက် ထိုနေရာမှ ထွက်ခွာသွားခဲ့သည် ပက္ကုသ။

ရှင်ဗုဒ္ဓထံမှ ထိုအကြောင်းအရာကို ကြားသိကာ သဒ္ဓါကြည်ညိုစွာဖြင့် ဘုရားအား ထိုင်ကန်တော့ခဲ့ပြီး အရှင်ဘန္တေ တပည့်တော်၏ အာလာရကာလာမ်အတွက်ရှိခဲ့သည့် သဒ္ဓါကြည်ညိုမှုတို့မှာ မြစ်ရေစီးဆင်းသလို ဆင်းသွားခဲ့ပြီ ဘုရား။ လေထဲ၌ လွင့်သွားခဲ့ပြီး ထူးဆန်းအံ့သြဘွယ်ရာပါ ဘုရား၊ မျက်နှာမှောက်လျက် မြေပေါ်





မှောက်ခုံကျနေသည့် လူကိုပက်လက်လှန်ပေးသလို၊ ဖုံးအုပ်နေလျက် ရှိသောအရာကို ဖွင့်ပေးသလို၊ လမ်းပျောက်နေသူအား လမ်းပြပေးသလို၊ မှောင်မဲနေသည့်ညတွင် မီးခွက်တည်ထားပေးသလို ဖြစ်လာပြီ ဘုရား။ အလင်းရောင်အောက် မျက်လုံးရှင်တွေ အရာခပ်သိမ်းကို မြင်နိုင်သည့်ပမာ အရှင်ဘုရားသည် တပည့်တော်အားဓမ္မ အလင်းရောင်ခြည် ပြပေးတော်မူခဲ့ပါပြီ ဘုရား။ အရှင်ဘန္တေ တပည့်တော်မှာ ဤအချိန်ကစ၍ ဗုဒ္ဓ၏ ကိုးကွယ်မှု ဓမ္မ၏ ကိုးကွယ်မှု သံဃာ၏ ကိုးကွယ်မှုတို့ကို ခံယူသွားပါပြီ ဘုရား။

အရှင်ဘုရား တပည့်ပုက္ကုသအား ဥပါသကာ တဦးအနေဖြင့် အသိအမှတ် ပြုပေးပါဘုရား ဟူ၍ ဗုဒ္ဓအား ရှိခိုးပူဇော်ကာ ဟသိုးပဒါး ပမာနီရဲရောင်ရှိသော နှစ်ထပ်သင်္ကန်းကို ဘုရားအား လှူဒါန်းလိုကြောင်း လျှောက်ထားခဲ့ရာ ဘုရားရှင်မှာ ထိုဒုကုဠ်သင်္ကန်းကို မိမိအား တစ်စုံနှင့် အာနန္ဒာအား တစ်စုံ လှူဒါန်းခဲ့ခြင်းကို အနုမောဒန ပြုပေးခဲ့ပါသည်။

ဒုသာလ သင်္ကန်းကို လက်ခံအနုမောဒနပြုပေးပြီးနောက် ဘုရားရှင်သည် ပုက္ကုသအား ဓမ္မကထာတို့ဖြင့် ချီးမြှင့်ခဲ့သည်။ ဘုရားရှင်ထံမှ ထိုဓမ္မဂါထာများကို နားဆင်ပြီး ဘုရားရှင်အား ရှိခိုးကန်တော့ကာ ပုက္ကုတမှာ ထိုနေရာက ထွက်ခွာသွားခဲ့ပါသည်။

ဘုရားရှင်၏ ခန္ဓာကိုယ်ကို ပုက္ကုတ လှူဒါန်းခဲ့သည် အနီစပ်စပ် ဒုသာလ သင်္ကန်းနှင့် ဖုံးအုပ် ထားခဲ့ပြီးနောက်၊ ရှင်ဗုဒ္ဓ၏ ခန္ဓာကိုယ်မှာ အလွန် ကြည်လင်နေသည့် ရောင်ခြည်တို့ဖြင့် တောက်ပလာခဲ့သည်ကို မြင်၍ ရှင်အာနန္ဒာသည် အံ့သြထူးဆန်းလှပါကလား ဘုရား။ ဘန္တေ ဤဒုသာလာကို ဘုရားကိုယ်တော်ပေါ် ခြုံလိုက်တာနှင့် ရောင်ခြည်များထွက်ပေါ်လာခဲ့ပါပြီ အံ့သြစရာပါပဲ၊ မကြုံစဖူးဖြစ်ပျက်ပါလား၊ ဘုရား။

ချစ်သားအာနန္ဒာ အသင် ပြောသလိုပါပဲကြုံရ အလွန်ခက်ခဲသည့် အဖြစ်ပါ။ အသင် အာနန္ဒာ ယခု ဖြစ်ပျက်မှုတို့ကို နှစ်ကြိမ်နှစ်ခါပဲ တွေ့ကြုံရနိုင်သည်။ အခြား ဘယ်အရာမျိုးနှင့် နှိုင်းယှဉ်မရနိုင်သည့် သမ္မဗောဓိဉာဏ် (ပရမဉာဏ်) (ရွှေဉာဏ်တော်) တို့ရရှိသည့်အခါမျိုး၌ ဗုဒ္ဓတို့၏ ကိုယ်ခန္ဓာမှ ဤရောင်ခြည်မျိုး ထွက်တောက်လာတတ်ပြီး တထာဂတမှ ဥပါဒိ (ဘဝသံသရာမှ လွတ်ကင်း) လာရသည့် အချိန်အခါမျိုး၌ ယင်းရောင်ခြည်များ ပေါ်တတ်ပါသည်။ ဤရောင်ခြည်မျိုးမှာ အလွန်တရာကြည်လင်တောက်ပမှု ကြီးမြတ်သည်။ အာနန္ဒာ ယနေ့ည၏ နောက်ဆုံးပဟိုရ်မှာ ငါဘုရား မလ္လတို့ပိုင် ကုသိနာရုတို့၏ သာလဝန (တော)တွင်ရှိ သာလပင်နှစ်ပင်အကြား ပရိနိဗ္ဗာန် ဝင်ရတော့မည်ဖြစ်၍ လာပါ ကကုဓာ မြစ်ကမ်းသို့

www.burmeseclassic.com

www.burmeseclassic.com



ကြွကြစို့။ မှန်လှပါ ဘန္တေ။ နီစပ်စပ်ခြုံထည်ကို ခြုံထားသော ဘုရားရှင်၏ ခန္ဓာကိုယ်မှာ ရွှေရောင်ပမာ တောက်ပလျက်ရှိ၏။

ဘုရားရှင်ဗုဒ္ဓသည် ဘိက္ခုသံဃာများခြံရံချက် ကုကုဋ္ဌာ မြစ်ကမ်းပါးသို့ ရောက်ရှိလာတော်မူခဲ့သည်။ ထိုနောက် မြစ်ရေထဲသို့ ဆင်းကာ ရှင်ဗုဒ္ဓသည် ရေသပ္ပာယ်ပြီး ခန္ဓာကိုယ်ကို သန့်ရှင်း စင်ကြယ်ခဲ့၏။ မြစ်ရေကို သောက်သုံးခဲ့၏။ ပြီးမှကမ်းပါးသို့ တက်လာခဲ့ကာ အမ္ဗဝန (သရက်တော) ရှိရာသို့ ကြွချီခဲ့ပါသည်။ ထိုသရက်ခြံကို ရောက်တော်မူ၍ တပည့်တော် စုန္ဒကကို ခေါ်ခဲ့သည် “ချစ်သား စုန္ဒက ငါ့အတွက် သံဃာဋိ ခင်းကျင်းပေးပါလော့။ ငါမောပန်းနေလို့ လဲလျောင်းချင်လှပါသည်။” မှန်လှပါ ဘန္တေ ပြောကာ စုန္ဒကသည် သံဃာဋိ ခင်းပေးလေသည်။ မောပန်းနေသော ရှင်ဗုဒ္ဓမှာ သံဃာဋိပေါ် လဲလျောင်းနေသည်။ စုန္ဒကမှာ အနားတွင် ထိုင်နေလျက်ရှိသည်။

မဟာကရုဏာရှင် မြတ်ဗုဒ္ဓသည် တစုံတရာကို စဉ်းစားတွေးတော နေပုံပေါက်သည်။ စုန္ဒကပ်ခဲ့သည့် ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးပြီး ငါပရိနိဗ္ဗာန် ဝင်တော်မူမည့်နောက်ပိုင်း စုန္ဒကို အခြားလူများ၊ ဘိက္ခုများတို့မှာ အပြစ်ပြောစရာ ဖြစ်လာနိုင်သည့် စသည်အားဖြင့် တွက်ချက်ကား ဘုရားရှင်သည် ဤသို့ ဆိုတော်မူ၏။

“အာဝုသ စုန္ဒ အလာဘ်နှင့် သင်ကြုံခဲ့ပြီ၊ သင်သည် (ဒုလ္လဘ) အလွန်ခက်ခဲစွာ ရရှိတတ်သည့် (အပယသ) နာမည်ပျက် ဂုဏ်ပျက်တို့ကို ရရှိနေပြီး၊ ချစ်သား အသင် ထိုကဲ့သို့သော အမြင်မျိုးမထားနှင့်၊ မတွက်နဲ့၊ မစဉ်းစား မပူပန်ပါနဲ့၊ သင်ဟာ လာဘ်ကောင်းနေပါတယ်။ ဤလာဘ် အခွင့်အလမ်းကို သင်လွယ်လွယ် ကူကူရခဲ့ပြီး၊ သင်ကပ်လှူ လိုက်ရသည့် ဆွမ်းဘောဇဉ်ကို တထာဂတမှာ နောက်ဆုံးဆွမ်းအဖြစ် ဘုဉ်းပေးခဲ့ရသည့် အကျိုးရလဒ်လို့တွက်ပါ။ သင်လှူဒါန်းခဲ့သည့်ဆွမ်းကို ဘုရားရှင် အနုမောဒနပြုပြီး ပရိနိဗ္ဗာန်ဝင်ခဲ့သည့် အကျိုးလာဘ်ကိုသာ မြင်ပါ။

ချစ်သား အာနန္ဒာ ငါမြွက်ကြားပေးသည့် နှုတ်ကပါဌ်တော်ကို သေချာနားဆင်မှတ်ပါ။ လှူဒါန်းကပ်သည့် ဆွမ်းထဲမှာ ဤနှစ်မျိုးသော ဆွမ်းဘောဇဉ်မှာ ထူးခြား၍ (ဝိပါက) သန့်စင်မွန်မြတ်သည့် ဆွမ်းများဖြစ်ကြ၏။ (၁) အကြင်ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးပြီး၊ တထာဂတတို့ သမ္မာ သမ္ဗောဓိဉာဏ်ကို ရရှိသည့် ဆွမ်းဘောဇဉ်၊ (၂) အကြင်ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးပြီး တထာဂတ ဘုရားရှင် ဘဝသံသရာ ချုပ်ငြိမ်း၍ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းကာ မဟာပရိနိဗ္ဗာန်ပြုရသည့် ဆွမ်းဘောဇဉ်၊ ထိုဆွမ်းနှစ်ပါးတို့မှာ အလွန်တရာ မွန်မြတ်ပြီး အမွန်မြတ်ဆုံးဖြစ်၏။ ဤအကြောင်းကို ဘုရား၏ နှုတ်ခပါဌ်တော်မှာ ငါကိုယ်တိုင်ကိုယ်ကျ ကြားခဲ့ရပါသည်။ ဘုရားရှင်နှုတ်မှ မြွက်ကြားပေးခဲ့သော အကြောင်းဖြစ်ကြောင်းကို သိလိုသော ဘိက္ခု ရဟန်း၊ ဒါယကာ ဒါယိကာမတို့ အလယ် ဟောကြားပြောဆိုကြရမည့် ငါဘုရား၏



ဥပဒေသ အရင်းဖြစ်ကြောင်း ပြောဆိုဝန်ခံပေလော။ စုန္ဒ၏ စိုးရိမ်ပူပန်မှုကို ငါဘုရား ပြုခဲ့သည့် ဥပဒေသများနှင့် ကင်းရှင်းစေလော့။ ဘုရားရှင်သည် အာနန္ဒာအား သူကိုယ်တော်တိုင် မှာကြားထားခဲ့လေသတည်း။

ထိုစကားများကို မှာကြားပြီးနောက် ဘုရားရှင်သည် ဤသို့ ဥဒါန်းကျူးခဲ့သည်။ “အလှူဒါနပြုခြင်းဖြင့် ကုသိုလ်ပွါးများ၏။ သည်းခံတည်ကြည်မှုတို့က အငြိုးအတေးစုမိမှ ပျက်စေ၏။ သူတော်စင် သူတော်မြတ်တို့သည် မကောင်းမှုပြုခြင်းကို စွန့်ကြ၏။ ထိုသူတော်မြတ်သည် ဒေါသ၊ လောဘ၊ မောဟတို့ ကင်းရှင်း ကာ နိဗ္ဗာန် အဖြစ်ကို ရကြ၏။”



## ဘဝ၏ နောက်ဆုံး အချိန်ကာလ

ဂိမှန္တ (နွေ)ဥတု ဖြစ်ခဲ့သည်၊ သို့ပေမယ့် ပတ်ဝန်းကျင်၏ စိမ်းလန်း စိုပြည်မှုတို့ကြောင့် ပူအိုက်ခြင်း ဒဏ်ကို မခံစားရဘဲ ဖြစ်နေပါသည်။ အထက်ကောင်းကင်မှ မိုးတိမ်အချို့တို့ကို တွေ့မြင်နေရသည်။ မိုးပေါက် အနည်းငယ်တို့မှာ မကြာခင်အချိန် ကာလက ရွာထားသည်။ အဝေးမှာရှိနေကြသည့် လယ်ကွင်းများမှာ ကောက်ပဲ သီးနှံများကို ရိတ်သိမ်းပြီး အချိန်ကာလ ဖြစ်နေသည်။ လယ်သမား ယာသမားတို့မှာ မကြာတော့မည့် အချိန်ကာလတွင် လယ်ထဲ ယာထဲပြန်ဝင်ရန် ပြင်ဆင်နေကြခဲ့သည်။ အဝေးတနေရာတွင် သစ်ပင်များ အရိပ်အောက်၌ ကလေးသူငယ် အချို့တို့ ကစားနေကြသည်။ မိန်းမကြီးငယ်တို့က တောင်းများ စကောများကို ရက်လုပ်လျက် အလုပ်များနေ ကြသည်။ လေပြည် လေညင်းတို့ တိုက်ခတ်လျက်ရှိ၏။ ကုကုဋ္ဌာမြစ် ရေအစပ်၌ ဖျိုင်းငှက်အချို့တို့သည် မလှုပ်မရှက် တည်ငြိမ်သည့် အမူအရာဖြင့် ဟိုဟိုသည် ဖြည်းဖြည်း ရွေ့လျားလျက် ရှိကြသည်။ ကုကုဋ္ဌာမြစ်ကမ်းပါးမှ မနီးမဝေးတွင် တည်ရှိသော ရေကန်ကြီး၌ ကြာပန်းကြာညိုများ ပွင့်လျက်ရှိ၏။ ရေငှက်ဝါ အချို့တို့မှာ ကန်ရေ၌ မြူးတူး ပျော်ပါးလျက်ရှိကြသည်။ ထိုတိတ်ဆိတ်နေသည့် ဝန်းကျင်၌ တခါတရံ ငှက်သံ၊ ဥဩသံတို့ကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရှိလျက်သားနှင့် ပန်ဝန်းကျင်တခုလုံး မှုန့်မှိုင်းမှု တမျိုးပြန့်နှံ့လျက်ရှိခဲ့သည်။ သရက်ပင် သရက်ကိုင်း တို့မှာ သရက်သီးအမှည့်များ တွဲခိုလျက်ရှိခဲ့သည်။ ဘိက္ခုအပေါင်းတို့သည် ထိုသရက်ပင်ရိပ်အောက် တည်ငြိမ်စွာ ထိုင်လျက် သမာဓိယူနိုင်ရန် အားထုတ်လျက် ရှိကြသည်။ ဘိက္ခုပေါင်း မြောက်များစွာ အနီးပတ်ဝန်းကျင်၌ ရှိနေကြသော်လည်း လူသူသည် ရှိနေမှန်း မသိအောင်ပင် ဆိတ်ငြိမ်နေသည်။ ထိုအချိန်တွင် ရှင်ဗုဒ္ဓသည် အာနန္ဒာအား အနီးသို့ခေါ်၍ ချစ်သား အာနန္ဒာ ဟိရညဝတီမြစ်၏ တဘက်ကမ်းရှိ မလ္လမင်းတို့၏ သာလဝနသို့ သွားကြစို့ဟု ပြောခဲ့ရာ ထိုခဏ၌ အာနန္ဒာမှာ ဘိက္ခုအပေါင်းတို့ကိုခေါ်ပြီး ဟိရညဝတီမြစ်၏ တဘက်ကမ်းသို့ အားလုံးထွက်ခွာလာခဲ့ကြလေသည်။ မြစ်တဘက်ကမ်းရှိ မလ္လမင်းတို့၏ သာလဝန၌ စခန်းချကြလေသည်။ [ရာဟုလ သံကိစ္စာယာယန စာရေးဆရာကြီး၏ အလိုအရ လက်ရှိ သောနာရ နာလာမှာ ခေတ်ဟောင်း၏ ဟိရညဝတီ မြစ်ဖြစ်ကြောင်း အသိအမှတ်ပြုထားသည်။]

ထိုသာလဝနသို့ ရောက်ရှိလာပြီးနောက် ဘုရားရှင်သည် ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားခဲ့သည်။ ချစ်သား အာနန္ဒာ ဟိုသာလပင်နှစ်ပင်အကြား ငါဘုရား လဲလျောင်းဖို့ ခင်းကျင်းပါ၊ ဦးခေါင်းကို မြောက်အရပ်၌ တည်ပါစေ။

မှန်လှပါ ဘုရား ဟုဆို၍ ဘုရားရှင် မှာကြားသည့်အတိုင်း လျောင်းတော်မူရန် အတွက် ခင်းပေးထား ခဲ့လေသည် ဒီဃနိကာယ်ကျမ်း၏ အလိုအရ ဘုရားရှင် ဗုဒ္ဓသည် အင်အား ကုန်ခန်းနေခဲ့ပြီဖြစ်၍ ပါဝါနှင့် ကုသိနာရာ လမ်းခရီး အကြား အကြိမ်ပေါင်း ၂၀ ထိုင်၍ အနားယူခဲ့ရပါသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတွင် သာလပင်တို့ကို အထွဋ်အမြတ် ထားကြသည်။ လုမ္ဗိနီ၏ သာလဝန်၌ သာလပင်နှစ်ပင်ကြား ဘုရားရှင်အား သိဒ္ဓတ္ထ သူငယ် အဖြစ် မယ်တော် မာယာက မွေးဖွား ပေး ခဲ့သည်။ ယခုအသက် (၈၀) တွင် ရှင်တော် မြတ်ဗုဒ္ဓသည် မလ္လတို့ သာလဝနရှိ သာလပင် နှစ်ပင်ကြား အိပ်ရာ ခင်းကျင်းစေပြီး၊ ပရိနိဗ္ဗာန်ဝင်ရန် ပြုခဲ့ ပါသည်။ ဗုဒ္ဓဂယာ၏ ဗောဓိညောင်ပင်ပမာ ဗုဒ္ဓ ဓမ္မလောက၌ သာလပင်တို့မှာ အရေးပါစွာ မွန်မြတ်လှပြီး ရှိခိုးကြည်ညိုမှုတို့ကို ခံစားလာနေရပြီ။

ထိုသာလပင် နှစ်ပင်အကြား ခင်းကျင်းထားသည့် အိပ်ရာဝယ် ဘုရားရှင်သည် ညာဘက်လှည့် ခြသေ့် (သီဟ) အိပ်သည့်ပမာ လဲလျောင်းခဲ့သည်။ ဘုရားရှင်၏ (မှခ်များမှာ ပစ္ဆိမာ) အနောက်အရပ်သို့ တည်လျက် ဦးခေါင်းမှာ (ဥတ္တရ) မြောက်အရပ်၌ တည်လျက်ရှိခဲ့ပါသည်။ ထိုအချိန်က ရာသီဥတု မဟုတ်ဘဲနှင့် ထိုသာလပင်တို့မှာ အပင်များဖြင့် ဖုံးအုပ်လျက်ရှိခဲ့သည်။ မြေပေါ်တွင်လည်း သာလပွင့် ကြွေကျလျက် အနှံ့ကြဲပြန့်လျက် ရှိခဲ့ပါသည်။ သာလအပွင့် အဖူးများသည် လေပြည်လေညင်းတို့





တိုက်ခတ်၍ ကြွေလျက် ဘုရားရှင် လဲလျောင်းနေသည့် ခန္ဓာကိုယ်ပေါ်မှာ ကျလာခဲ့သည်။ ဒိဗ္ဗ စန္ဒကူး အမှုန့်များလည်း ဘုရားရှင်၏ ကိုယ်ခန္ဓာပေါ် ကျလာခဲ့လေသည်။ တထာဂတအား ပူဇော်သည့်အားဖြင့် အထက်ကောင်းကင်ဘုံ၌ ဒိဗ္ဗ တီးသံမှုတ်သံများ ပေါ်လာခဲ့သည်။ ဒိဗ္ဗ ဂါထ သီချင်းသံများလည်း ကြားလာခဲ့ရသည်။

ထိုအချိန် ဘုရားရှင်သည် အာနန္ဒာအား ညွှန်း၍ ဤသို့ မြွက်ကြားခဲ့၏။ ချစ်သား အာနန္ဒာ ရာသီချိန် မဟုတ်သော်လည်း ဤသာလပင်စုံသည် ပွင့်ဖူးနေပြီး မိမိ၏ အပွင့်များကို ငါဘုရား၏ ကိုယ်ခန္ဓာပေါ် ကြဲဖြန်းလျက် ရှိသည်။ သို့သော် တထာဂတများ ဤအပြုမှုသည် ဆရာတို့အတွက် ပြုလုပ်သည့် အလုပ်အကျွေးတို့ကြောင့် ဂုဏ်တင့်တယ်မှုရှိကြသည် မထင်မယုံနှင့် တထာဂတ ငါဘုရားမှာ ငါ့သံဃာဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ တို့တရားလမ်းကြောင်း၊ ဓမ္မလမ်းကြောင်းပေါ် တည်လျက် တရားစစ် တရားမှန်ကို ကျင့်ကြံအားထုတ်ဖြန့်ဝေမှသာ အမှန်ဂုဏ်းဝင်၏။ တင့်တယ်၏လို့ မှတ်ပါ နားလည်ပါ။

ထိုအချိန်ကား ကဆုန်လဖြစ်နေ၍ ပူသောအချိန်ကာလ ဖြစ်နေသည်။ အာနန္ဒာမှာ ဘုရားရှင်၏ ရှေ့မှောက်မှာနေ၍ ယပ်တောင်ခပ်ပေးနေခဲ့သည်။ ဘုရားရှင်သည် အာနန္ဒာအား ရှေ့မှောက်မှ ဖယ်ရန် ဤသို့ ဆိုခဲ့၏။

ဖယ်ပါ ဘိက္ခု ငါ့ရှေ့မှောက်က ဖယ်ပေးပါ။ ဘုရားရှင်၏ နှုတ်မှ ထိုစကားများကို ကြားရ၍ ရှင်အာနန္ဒာမှာ အံ့သြသွားမိခဲ့သည်။ အကြောင်းမှာ အနီးကပ်ဆုံးနေ၍ အစဉ်သဖြင့်ပြုစုလာခဲ့သည့် သူ့လိုတပည့်တယောက်ကို ဘုရားရှင်မှာ သို့ဆိုရမှာလား ထင်၍ စိတ်ပူပန်မိသည်။ “အရှင်ဘုရား တပည့်တော်၏ ပြုစုမှုများမှာ အဘယ်လိုအပ်မှုပေါ်လာလို့ အရှင်ဘုရား တပည့်တော်ကို ဤသို့ ဖယ်ပေးခိုင်းတာပါလဲဘုရား။”

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာ၏ ထိုစကားများကို ကြားရပြီးနောက် ဘုရားရှင်သည် "အသင် အရပ်ဆယ်မျက်နှာလုံးမှ နတ်ဒေဝါ အပေါင်းတို့မှာ ငါတထာဂတအား နောက်ဆုံး ဖူးမြော်လိုသည့် စိတ်ဆန္ဒဖြင့် စုဝေးလာထားပြီး ဖြစ်နေသည်။ ယင်းနတ်ဒေဝတာ နတ်ဒေဝီများသည် ကုသိနာရ မလ္လတို့၏ သာလဝန် ဝန်းကျင် (၁၂) ယူဇနာရှိသော နေရပ်အနှံ့တွင် ပြည့်လျှံလျက်ရှိကြသည်။ ဆံကေသ (ဆံပင်) တချောင်းထားစရာ နေရာမရှိအောင်ပင် များပြား နေကြ၏။ ယင်းနတ်ဒေဝတာများသည် ငါဘုရားကို မဖူးမြော်ရလို့ ပူပန်နေကြကုန်၏။ တထာဂတ အရဟတ္တ သမ္မာသံဗောဓိ ဘုရားတို့မှာ တခါတရံသာ လောကတွင် ပေါ်ထွန်းတတ်၏။ ယနေ့ည၏ နောက်ဆုံးပဟိုရ် အချိန်ကာလမှာ တထာဂတ ငါဘုရားပရိနိဗ္ဗာန် စံတော်မူမည်။ ထိုနောက်ဆုံး အချိန်တွင် ငါတထာဂတ ဘုရားကို မဖူးမမြင်ရ၍ ၎င်းတို့မှာ အလွန်တရာ ပူပန်နေကြကုန်၏။

ဘန္တေ နတ်အပေါင်းတို့ကို ဘယ်လိုမြင်တွေ့နေရပါသလဲ၊ ဘုရား။ "အာနန္ဒာ ဒေဝတာ နတ်များက ကောင်းကင်ယံကို ပထဝီမြေလို့ နားလည်ကာ မိမိတို့ ဆံထုံးများကို ဖြည်ပစ်ကာ ငိုကြွေးလျက် ရှိနေကြကုန်၏။" ဖြတ်ပစ်သည့် အပင်ပမာ လဲလျက်ရှိကြ၏။ ၎င်းတို့၏နှုတ်မှာ တခုတည်းသော စကားထွက်နေသည်။ ထိုစကားမှာ "မကြာမီအချိန်ကာလတွင် ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပါမည် ဟူ၍ ဖြစ်သည်။" ဒိဗ္ဗ (ရွှေဉာဏ်တော်ရှင်) တထာဂတ ဗုဒ္ဓသည် မကြာမီအချိန်ကာလ အတွင်း မျက်စိ (စက္ခု) တွင် မြင်ကွင်း ကွယ်ပျောက် သွားရတော့မည် ဖြစ်သည်။

အကြင်နတ်တို့ ပရဂျန်ဉာဏ်ရှိ၍ နိုးကြားသည့် အဖြစ်ကို ဆောင်ထားကြ၏။ ထိုသူတို့သည် သံသမ္ပတိ သံပရဇန္နည ထိုဝေဒနာကို ခံနိုင်ရည်ရှိရှိခံနိုင်သည်၊ ဖြစ်သမျှပျက်သည့် သဘောကိုဆောင်၏။ ဥဒယ (ပေါ်ထွန်းသမျှ) ဗျယကုန်ခမ်း၊ ပျောက်ကွယ်သည့် ဓမ္မတရားကို နားလည်ထားကြ၏။ ဤသို့ဖြစ်ပါ၍ အနိစ္စ သဘောရှိသည့် နောက်ဆိုလျှင် ဘုရားရှင်အား အဘယ်မှာ ဖူးခွင့်ရပါမည်နည်းဟု စဉ်းစားကာ ပူပန်နေကြကုန်သတည်း။ ထိုစကားများကို ကြားရပြီး ရှင်အာနန္ဒာမှာ ဤသို့ ဆိုပြန်လေသည်။

"ဘန္တေ အရှင်ဘုရား ဝါတွင်းလေးလအတွင်း နေရာဒေသအနှံ့အပြားတို့တွင် ဘုရားသားတော်များ ဖြစ်ကြသည့် ဘိက္ခုအပေါင်းတို့သည် သီတင်းသုံးကာ နေထိုင်ကြကုန်၏။ မိုးတွင်းလေးလ ကုန်ဆုံးသည့်အခါ ယင်းဘိက္ခုသံဃာတို့သည် ဘုရားရှင်အား လာရောက်ဖူးမြော်ကြကုန်သည်။ သို့သော် ဘန္တေ ပရိနိဗ္ဗာန် ပြုပြီးနောက် တပည့်တော်တို့သည် ထိုဘိက္ခုသံဃာတော်များကို တွေ့ဆုံပြီး၊ ၎င်းတို့ထံမှ တရားဓမ္မ ဒေသနာတော်များကို နာကြားခွင့်ရှိတော့မှာ မဟုတ်ဘူး ဘုရား၊ ရှင်အာနန္ဒာက



ဘုရားရှင်အား လျှောက်ထားလေသည်၊ ထိုအခါ ဘုရားရှင်သည် အသင် အာနန္ဒာ သဒ္ဓါ ကြည်ညိုမှု ကြီးမားသော (ကုလပုတ္တ) အမျိုးကောင်း ဘိက္ခုသံဃာ များအတွက် ဌာနကြီးလေးဌာနမှာ သံဝေဇနိယ လေးဌာန ဟုမှတ်။ သံဝေဇနိယ လေးဌာနမှာ (၁) တထာဂတ ဖွားမြင်ခဲ့သည့် ဌာန (လုမ္ဗိနီ)သည် ကုလပုတ္တ ဘိက္ခုတို့အတွက် ဖူးမြော်ရာ ဌာန တခုဖြစ်သည်။ (၂) တထာဂတ ဘုရားရှင် ဗောဓိ ရွှေဉာဏ်တော်ကို ရရှိခဲ့သည့် ဌာနဖြစ်သော (ဗုဒ္ဓဂါယာ)သည် သဒ္ဓါကြည်ညိုမှု ကြီးမားသော သူများအတွက် သံဝေဇနိယ ဌာနဖြစ်၍ ဖူးမြော်ရာဖြစ်ပါသည်။ (၃) တထာဂတ ဘုရားရှင်မှာ ဓမ္မစကြာကို စတင်လှည့်လည်ခဲ့သည့် ဌာန (သာရနာထ)သည် သဒ္ဓါကြည်ညိုမှု ကြီးမားသည့် ကုလပုတ္တများအတွက် သံဝေဇနိယ ဌာနဖြစ်၍ ဖူးမြော်ရာ ဌာနဖြစ်သည်။ (၄) ထိုနေရပ်တွင် တထာဂတ ဘုရား သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗောဓိ ငါဘုရား ပရိနိဗ္ဗာန်ပြုမည့် (ကုသိနာရာ)သည် သံဝေဇနိယ ဌာနကြီး လေးဌာနအတွင်း ပါဝင်လိမ့်မည် ဖြစ်၍ ဤသံဝေဇနိယ လေးဌာနတို့မှာ သဒ္ဓါကြည်ညိုမှု ထက်သန်သည့် ကုလပုတ္တ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာများ အနာဂတ် ကာလတွင် လာရောက်ဖူးမြော်ကာ ကုသိုလ်ပွားများကြပေလိမ့်မည်" ဟူ၍ ဘုရားရှင် ကိုယ်တော်တိုင်က ရှင်အာနန္ဒာအား မြွက်ကြားခဲ့ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီးနောက် ရာစုနှစ်များနှင့်ချီ၍ ရှိနေပါပြီ။ သန့်စင်မွန်မြတ်သည့် ဤဌာန လေးဌာနမှာ (၁) လုမ္ဗိနီ၊ (၂) ဗုဒ္ဓဂယာ၊ (၃) သာရနာထ၊ (၄) ကုသိနာရာတို့ သဒ္ဓါကြည်ညိုမှုရှိကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာများ တို့အတွက် ဖူးမြော်ရာ၊ ရှိခိုးစရာ နေရာဌာနများဖြစ်နေကြပါသည်။ ကမ္ဘာတဝှမ်းမှ ဓမ္မခရီးသည်များသည် ဤဌာနများသို့ လာရောက်ဖူးမြော်ကာ ကုသိုလ် ပွားများကြပါသည်။



ဘုရားရှင်က သံဝေဇနီယ-လေးဌာနအကြောင်း ဘိက္ခုအပေါင်းတို့အား ရှင်းပြနေပုံ

www.burmeseclassic.com

www.burmeseclassic.com



## ဘိက္ခုသံဃာများက အမျိုးသမီးများအပေါ်ထားရမည့် သဘောထားနှင့် ဆက်ဆံမှု ဝိနယများ

နောက်ဆုံးအချိန်ကလာအထိ ဗုဒ္ဓမြတ်စွာသည် ရှင်အာနန္ဒာမေးသည့် မေးခွန်းများကို ဖြေကြားရင်း ထိုမှတဆင့် ဘိက္ခုသံဃာ အပေါင်းတို့အား ဆုံးမသွန်သင်ခဲ့၏။

ရှင်အာနန္ဒာမှာ ဤသို့မေး၏။ "ဘန္တေ တပည့်သံဃာတို့သည် မိန်းမများနှင့် အဘယ်ကဲ့သို့ ဆက်ဆံရပါမည်နည်း။" အ–ဒဿနာ (မကြည့်ခြင်း)ပါ အာနန္ဒာ။ ကြည့်မြင်ရပါက အဘယ်သို့ ဆက်ဆံ ရပါမည်နည်း။ အာလာပ (စကားမပြောခြင်းပါ) အာနန္ဒာ။ စကားပြောလာပြီးဆိုပါက အဘယ်ကဲ့သို့ ပြောရမည်နည်း။ 'သမ္ပတိ (သတိ) တရားနှင့် ပြောရပါမည်။'

ရှင်အာနန္ဒာ မေးမြန်းခဲ့သည့် အထက်ဖော်ပြပါ မေးခွန်းများသည် အလွန်အရေးပါသည်၊ ဘုရားရှင် ကိုယ်တော်တိုင် ဖြေကြားခဲ့သည့် အဖြေသည် အနာဂတ်တွင် ဘိက္ခုသံဃာများ လျှောက်မည့်လမ်း မဂ္ဂ (လမ်း)ကို သတ်မှတ်နိုင်စွမ်း ရှိခဲ့နိုင်သည်။ ဝိရောဓိ ဘာသာဝင် အချို့တို့ကား အထက်ဖော်ပြပါ ရှင်အာနန္ဒာနှင့် ဘုရားရှင်တို့ကြား ပြုလုပ်ခဲ့သည့် အမေးအဖြေကို မူတည်၍ ရှင်ဗုဒ္ဓအား မိန်းမများ၏ ဝိရောဓိဟူ၍ သတ်မှတ်ပြောဆိုကြသည်။ အချို့အချို့သော ပညာရှင်များက အထက် ဖော်ပြပါ ဖြစ်ပျက်ဆွေးနွေးမှုမှာ နောက်လူများ၏ အစားထိုး ဖော်ပြချက် ဖြစ်ကြောင်း ယူဆယုံကြည်ကြပါသည်။ အထက်ပါ အကြောင်းအရာနှစ်ရပ်နှင့် စပ်လျဉ်း၍ စဉ်းစား တွေးတော ကြည့်ရပါဦးမည်။

ဝိရောဓိတို့၏ ယင်းစွပ်စွဲမှုသည် အခြေအမြစ်မရှိပါ၊ ရှင်အာနန္ဒာ၏ တောင်းဆိုချက်များ အပေါ် ရှင်မြတ်ဗုဒ္ဓသည် မဟာပဇာပတိ ဂေါတမီနှင့် အခြားသာကီ အနွယ်ဝင် မိန်းမများအား ဘိက္ခုနီများအဖြစ် ဥပဇ္ဈာယ် ပြုပေးပြီး ဘိက္ခုနီသံဃာကို စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုတင်မက၊ ဂဏိကာ (ပြည့်တန်ဆာ) ဖြစ်ခဲ့ဘူးသည့် အမ္ဗပါလီလို မိန်းမမျိုးကိုတောင် ဥပဇ္ဈာယ်ခံပေးပြီး၊ အရဟတ္တအဆင့်အထိ တက်နိုင်ခွင့်ကို အားပေးကူညီဆောင်ရွက် ပေးခဲ့ပါသည်။ ထေရီဂါထာတွင် အမျိုးအနွယ် ကွဲပြားခြားနားခဲ့သည့် မိန်းမထေရီများအကြောင်းကို ကောင်းစွာ ယနေ့အထိ ကြည့်ရှုလေ့လာနိုင်ပါသည်။ ထိုမိန်းမ အမျိုးသမီးများသည် ဗုဒ္ဓဘာသာတွင် ဥပဇ္ဈာယ်ခံယူပြီး၊ ထင်ပေါ်ကျော်ကြားခဲ့သည့် တရားသီလရှင်များ ဖြစ်လာခဲ့ရပါသည်။ လူအများအတွက် ဂုဏ်ယူကြည်ညိုခြင်းကို ခံယူခဲ့ရသည့် စံပြထေရီများ ဖြစ်လာခဲ့ ရပါသည်။ ထိုအကြောင်းအရာများကို ထောက်ရှုခြင်းအားဖြင့် ဘုရားရှင်နှင့် ရှင်အာနန္ဒာ တို့အကြား ပေါ်ထွန်းခဲ့သည့် အမေးအဖြေတို့ကို ယုတ္တိမရှိကြောင်း



အဘယ်သို့ ဆိုနိုင်ကြပါမည်နည်း။ ထိုအပြင် အထက်ဖော်ပြပါ အမေးအဖြေသည် တိပိဋကတ် ဓမ္မကျမ်းမှာ ရေးသားဖော်ပြပေးထားသည့် ပိဋကတ်တော်၏ အစိတ်အပိုင်းတခု ဖြစ်နေပါသည်။

အိမ်ထောင်ရှင်များက မိမိအိုးအိမ် စည်းစိမ် မိသားစု အပေါင်းအသင်း အားလုံးကို စွန့်လွှတ်ကာ ဗြဟ္မစရိယအကျင့်ကို စောင့်ထိန်း၍ တရားအားထုတ် သွားရန် သန္နိဋ္ဌာန်ဖြင့် ဘိက္ခုအဖြစ်သို့ ကူးပြောင်း သီတင်းသုံးနေထိုင်ကြသော သူတော်စင်တို့အား မိန်းမသားများအား ပွင့်ပွင့်လင်းလင်း၊ လွတ်လွတ်လပ်လပ် ကြည့်ခွင့်နှင့် ဆက်ဆံစကားပြောခွင့် ပြုပေးသင့် မသင့်သည်သာ စဉ်းစားတွေးတော၊ ဝေဖန်သုံးသပ်သွားရန် မေးခွန်းတရပ်ဖြစ်ရပါမည်။ စဉ်းစားဆင်ခြင်တုံ တရားရှိသည့် မည်သည့် ပညာရှင် တဦးတယောက်က ဤမေးခွန်း၏ အဖြေကို တည့်တည့် ထောက်ခံပြီး၊ ခွင့်ပြုပေးသင့်ကြောင်း ဖြေကြားလိမ့်မည် မဟုတ်ပါ။ မိန်းမသားများအား တားမြစ်ခြင်း တစုံတရာမရှိဘဲ ကြည့်ချင်ချိန်ကြည့်၊ တွေ့ချင့်တွေ့၊ ဆက်ဆံချင်တိုင်း ဆက်ဆံခွင့်ပြု ပေးထားပါက ဘိက္ခုတရားရှင်တို့၏ စိတ်ထဲ၌ ဝိကာရ ဘဝနာများနှင့် တဏှာစိတ်များ ပေါ်တတ်နိုင်ပါသည်။ ထိုသို့ စိတ်ဘာဝနာများ ပေါ်လာရခြင်းမှာ သဘာဝအတိုင်းပင်ဖြစ်ပါသည်။ ထိုသို့သော စိတ်ဝိကာရတို့မှာ ဘိက္ခုသံဃာနှင့် ဘိက္ခုနီ သံဃာ့အဖွဲ့ဝင်တို့အတွက် စာရိတ္တပိုင်းဆိုင်ရာ ပျက်ပြားမှုတို့ကို ဖြစ်စေနိုင်ပါသည်။ ထိုသို့ ခွင့်ပြုပေးခြင်းတို့က သံဃာ့အဖွဲ့ကို အဘယ်နည်းနှင့် အကျိုးဖြစ်စေနိုင်မှာ မဟုတ်။

ထိုသို့သော အမှန်တရားဖြစ်သည့် အကျိုးအကြောင်းကို စဉ်းစားဆင်ခြင်ပြီး၊ ဘုရားရှင်မှာ ဘိက္ခု၊ ဘိက္ခုနီများ လိုက်နာကျင့်သုံးသွားရမည့် အကြောင်းအရာပါ ဝိနည်းများတို့ကို ပြဋ္ဌာန်းလိုက်ရခြင်း ဖြစ်ပါသည်။ ဘိက္ခုတပါးပါးက ဘိက္ခုနီ သီလရှင် တဦးဦးနှင့် စကားပြောရန် အကြောင်းကိစ္စပေါ်လာသည့် အချိန်အခါမျိုးတွင် ထိုဘိက္ခုသည် သမ္ပတိ ရှိရှိ စကားပြောရပါမည် ဟူ၍ ဆုံးမသွန်သင်ထားခြင်းရှိပါသည်။

ကျနော်တို့ ဆွေးနွေးခဲ့ပြီးလည်း ဖြစ်ပါသည်။ မဟာပရိနိဗ္ဗာန် သုတ္တန်ကျမ်းတွင် ရေးသားဖော်ပြ ထားခြင်းကိုလည်း တွေ့ရှိနိုင်ပါသည်။ ဘုရားရှင် ဗုဒ္ဓသည် ရှင်အာနန္ဒာ၏ ဂုဏ်လက္ခဏာ သုံးပါးကို ချီးကျူး ထားပါသည်။ ထိုဂုဏ်ရည်များအနက် ရှင်အာနန္ဒာ၏ ဂုဏ်ရည်တခုမှာ– ဘိက္ခုနီ ပရိသတ် (သံဃ–အဖွဲ့) မှာ ရှင်အာနန္ဒာအား လာရောက် ဖူးမြော်သည့်အခါ ၎င်းတို့မှာ ကျေနပ်အားရတော်မူကြ၏။ ထိုနေရာတွင် ရှင်အာနန္ဒာမှာ ၎င်းတို့ တရား ဥပဒေသများပြုပါက ဖူးမြော်ရန် စုဝေးလာကြသည့် ဘိက္ခုနီ သံဃ အဖွဲ့ဝင် သီလရှင်တို့သည် ရှင်အာနန္ဒာ၏နှုတ်မှ မြွက်ကြားပေးသည့် တရားဒေသနာ များကို ဝမ်းသာအားရ လက်ခံနာယူကြသည်။ ရှင်အာနန္ဒာမှာ ဘာတခုမျှ မပြောဘဲ တိတ်ဆိတ်နေပါက ဘိက္ခုနီ သံဃအဖွဲ့ဝင် သီလရှင်တို့က အားမရ မကျေနပ်မှုမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြပါသည်။ ဤအကြောင်းများကို ထောက်ရှုသော ရှင်အာနန္ဒာမှာ ရံဖန်ရံခါ ဘိက္ခုနီ သီလရှင်တို့အား တရားဟောဒေသနာ ပြုပေးကြောင်း ထင်ရှားနေပါသည်။

အကြိမ်အခါ အတော်များများတို့၌ ဘုရားရှင် ဗုဒ္ဓသည် ရှင်အာနန္ဒာနှင့် ရှင်သာရိပုတ္တရာကဲ့သို့ ရဟန်းမထေရ်ကြီးတို့ကို တရားဒေသနာချပေးရန် ဘိက္ခုနီသံဃာတို့ထံ ပို့ပေးခဲ့လေ့ရှိသည် ဘိက္ခုနှင့် ဘိက္ခုနီ အပေါင်းတို့သည် သီးခြားစီ မိမိတို့ ဝိဟာရကျောင်းများတွင် သီတင်းသုံးနေထိုင်ကြကုန်သည်။ ၄င်းတို့အားလုံးတို့၏ တခုတည်းသော ဦးတည်ချက်မှာ လူ့ဘဝ၌ တွယ်တာမှုကင်းအောင် နေထိုင်လျက် တရားဓမ္မဆိုင်ရာ ဦးတည်ချက်အတွက် ကြိုးစားအားထုတ်သွားခြင်းသာ ဖြစ်ခဲ့ပါသည်။

အခါတပါး၌ ရှင်တော်မြတ်ဗုဒ္ဓမှာ သာဝတ္ထိရှိ (ဇေတဝန) ဇေတဝန်ကျောင်း၌ သီတင်းသုံးလျက်ရှိနေစဉ်က ဘိက္ခု၊ ဘိက္ခုနီ၊ ဒါယကာ၊ ဒါယိကာ အချို့တို့၏ ဂုဏ်ရည်ထူးကိုမြွက်ကြား ချီးကျူးပေးခဲ့ဖူးသည်။ ထိုအကြောင်း အရာများ ဧကဒဿဝဂ္ဂပါဠိတော်၌ တွေ့ရှိနိုင်ပါသည် ထိုဂုဏ်ရည်ဖော်ကျူးသည့် အကြောင်းအရာများအနက် စာရေးသူမှာ ဘိက္ခုနီများနှင့် ဥပါသိကာတို့၏ ဂုဏ်ရည်ကို မြတ်စွာဘုရား ဖော်ကျူးခဲ့သည့်အတိုင်း ကောက်ယူရွေးချယ်ကာ တင်ပြသွားဦးမည်။

"ဘိက္ခဝေ ငါနှင့် သွေးချင်းတော်စပ်သူ ဘိက္ခုနီ သာဝိကာများအထဲ မဟာပဇာပတိ ဂေါတမီက အဂ္ဂဖြစ်၏။"

'မဟာပရဂျန် ဉာဏ်ရှင်တို့ထဲမှာ ခေမာမှာ အဂ္ဂဖြစ်၏။'

'ရိဒ္ဓိမတိ (ရိဒ္ဓိရှင်မ) တို့ထဲ၌ ဥပ္ပလဝဏ္ဏာ အဂ္ဂဖြစ်၏။'

"ဝိနယဓရတို့ထဲမှာ ပဋာစာရာ အဂ္ဂဖြစ်၏။" 'သမာဓိရှင်တို့ထဲမှာ နန္ဒာမှာ အဂ္ဂဖြစ်၏။'

'အာရဒ္ဓ ဝိရိယတို့၌ သောဏာမှာ အဂ္ဂဖြစ်၏။'

'စက္ခုပရာဘိဂျန် (ဉာဏ်ရှင်) တို့၌ ကုန္ဒလကေသမှာ အဂ္ဂဖြစ်၏။'

'ရှေ့ဘဝ အနုဿမ္ပတိရှိသူများထဲမှာ ဘဒ္ဒရ ကပိလာယနီမှာ အဂ္ဂဖြစ်၏။'

'မဟာအဘိဉာဏ် ရရှိသူတို့ထဲမှာ ဘဒ္ဒရ ကစ္စာယာနီမှာ အဂ္ဂဖြစ်၏။'

'ရုက္ခစီဝရ ဆင့်သူများထဲမှာ ကိတာဂေါတမီ အဂ္ဂဖြစ်၏။'

'သဒ္ဓါကြည်ညိုမှု ကြီးမားသူများထဲမှာ သင်္ဂလာ–မာတာ အဂ္ဂဖြစ်၏။'

ဘုရားရှင်မှာ ဘိက္ခု အပေါင်းတို့အား ဆက်လက်ပြောဆို မြွက်ကြားခဲ့သည်မှာ=

ဘိက္ခဝေ 'ငါဘုရား၏ ဥပါသိကာ သာဝိကာတို့ထဲမှာ သေနာနီ၏ ဒုဟိတာ (သမီး) သုဇာတာမှာ အဂ္ဂဖြစ်၏။'

'ဒါယိကာများထဲမှာ ဝိသာခါ (မိဂါရမာတာ) အဂ္ဂဖြစ်၏။'

'ဗဟုသုတများတဲ့ထဲမှာ ခုဇ္ဇ (ကုဇ္ဇ) ဥတ္တရာမှာ အဂ္ဂဖြစ်၏။'



'မေတ္တာဝိဟာရ ရရှိထားသူများထဲမှာ သာမာဝတီမှာ အဂ္ဂဖြစ်၏။'

'သမာဓိတည်သည့်သူများထဲမှာ နန္ဒမာတာ အဂ္ဂဖြစ်၏။'

'ပဏီတ ဒါယိကာတို့ အနက် သုပရဝါသာ ကောလိယ သမီးမှာ အဂ္ဂဖြစ်၏။'

'သူနာပြု ကိစ္စဝိစ္စထဲမှာ သုပိယာ– ဥပါသိကာ အဂ္ဂဖြစ်၏။'

'ယုံကြည် စိတ်ချရမည့်သူများ ထဲမှာ နကုလမာတာ အဂ္ဂဖြစ်၏။'

"လွန်ကဲစွာ ဝမ်းမြောက်ဝမ်းသာဖြစ်တတ်သူများထဲမှာ ကာတ္တိယာယနီ အဂ္ဂဖြစ်၏။"

"အနုဿဝါ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်သူများထဲမှာ ကုကုရဃရရှင်မ ကာလီ ဥပါသိကာမှာ အဂ္ဂဖြစ်၏။"

ဤသို့ဖြင့် ဘိက္ခုနီများနှင့် ဥပါသိကာတို့၏ ထူးခြားသည့်ဂုဏ်ရည်ကို ချီးကျူးမြွက်ကြားပေးခဲ့သူ ရှင်တော်မြတ်ဗုဒ္ဓက မိန်းမသားတို့၏ ဝိရောဓိ အဘယ်မှာ အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း။

ဘုရားရှင်နှင့် ရှင်အာနန္ဒာ တို့အကြား မိန်းမသားများနှင့် စပ်လျဉ်းသည့် အပြောအဆို အမေးအဖြေတို့ကို အခြား ဘိက္ခုများလည်း ကြားထားခဲ့ပြီးဖြစ်သည်။ တနေ့တွင် ဘိက္ခုသံဃအဖွဲ့ဝင် ဘိက္ခုနှစ်ပါးတို့သည် ခရီးဝေး တခုကို ကြွမြန်းခဲ့ကြသည်။ လမ်းခရီးစပ်ကြား၌ မြစ်တခု စီးဆင်းနေသည်။ ထိုဘိက္ခုနှစ်ပါးတို့သည် ထိုမြစ်ကမ်းပါး၌ ထိုင်လျက် ငိုကြွေးနေသော မိန်းမသား တစ်ဦးကို တွေ့မြင်ခဲ့ရသည်။ ၄င်းတို့နှစ်ပါးထဲက ဘိက္ခုတစ်ပါးသည် ထိုမိန်းမ ငိုကြွေးနေရခြင်း၏ အကြောင်းကို မေးမြန်းစုံစမ်းသင့်သည်ဟု မိမိအဖော် ဘိက္ခုအား ပြောလေသည်။ နောက်ဘိက္ခုက ဤမိန်းမနှင့် စကားပြောဆိုခြင်းသည် သင့်တော်လိမ့်မည်မဟုတ် ပြီးတော့ စကားပြောဆိုမှု ပြုလုပ်ပါက ငါတို့ သာဋ္ဌာ (ဂုရု– ဆရာ)၏ အဆုံးမဩဝါဒကို ပစ်ပယ်ရာလည်း ကျနိုင်ကြောင်း ပြန်ပြောလေသည်။ သို့သော် ပထမ ဘိက္ခုသည် ဒုတိယဘိက္ခု၏ အကြံပြုချက်တို့ကို ဂရုမပြု အရေးမပေးဘဲ ထိုမိန်းမ၏ အနားသို့ လျှောက်သွားကာ ဤသို့မေးခဲ့သည်။ "ဒကာမကြီး ဘာဖြစ်လို့အသင် ငိုနေရပါသလဲ၊ ပြဿနာကို ပြောပါဦး ကျုပ်အနေဖြင့် အဘယ်အကူအညီမျိုးကို ပေးရမှာလဲ" စသည်အားဖြင့် မေးမြန်းစုံစမ်းခဲ့သည်။

ထိုအမျိုးသမီးမှာ အရှင်ဘိက္ခု ကျွန်မနေထိုင်ရာရွာမှာ မြစ်၏တဘက်ကမ်းမှာ တည်ရှိပါတယ်။ ကျွန်မ မနက်ပိုင်းက ရောဂါဘယ ခံစားနေရသည့် ကျွန်မသားလေး အတွက် ဒီဘက်ကမ်းရှိ ရွာမှာနေထိုင်တဲ့ ဆေးဆရာ တစ်ဦးထံမှ ဆေးမြစ်ကို လာယူခြင်း ဖြစ်တယ်၊ ကျွန်မလာတုန်းက ဒီတောင်ကြားချောင်းကို ဖြတ်ကာ ဆေးမြစ် သွားယူပြီး ဖြစ်တယ်၊ ယခုတော့ ချောင်းရေကြီးနေပါပြီ၊ သားလေးကို ဆေးတိုက်ရမှာ ဖြစ်ပါတယ်၊ ကျွန်မအနေဖြင့် မမျှော်လင့်ထားတဲ့ ဒုက္ခအကျပ်အတည်းနှင့် တွေ့နေရပြီ အရှင်ဘိက္ခု ကျွန်မသားလေးကို အချိန်မီ ဆေးမတိုက်ရလျှင် သေများသေဆုံးသွားမှာလားကို

www.burmeseclassic.com

www.burmeseclassic.com



ပူပန်ပြီး ကျွန်မ ငိုနေရပါတယ်။ ထိုစကားများကို ကြားရပြီး ဘိက္ခုသည် မငိုတော့ပါနှင့် ဒကာမကို ဟိုဘက်ကမ်းရောက်အောင် ထမ်းပို့ပေးပါမယ်၊ စိတ်ချပါ ကျုပ်ကူညီပါမယ် ဟုပြောခဲ့ပါသည်။

ဒုတိယ ဘိက္ခုသည် ထိုသူတို့ နှစ်ယောက်ပြောဆိုနေကြခဲ့သည့် စကားများကို နားထောင်လျက်ရှိခဲ့ရာ "အသင်ဘိက္ခု မိန်းမသားတယောက်ကို ပခုံးပေါ်ထမ်းကာ မြစ်တဘက်ကမ်းကို ပို့ပေးမည်ကိစ္စကို ငါတို့ဘိက္ခုများ လိုက်နာရန် ဖြစ်သည့် ဝိနည်း (ဝိနယ)ကို ချိုးဖေါက်ရာ ကျသည့်အတွက် အာပတ်သင့်လိမ့်မည် ကိုယ်တော်" ဟုဆိုကာ တားမြစ်ရန် ကြိုးစားခဲ့သည်။

ပထမဘိက္ခုသည် ဒုတိယကိုယ်တော်၏ စကားများကို ဂရုမမူ ထိုမိန်းမကြီးအား ပခုံးပေါ်ဝယ်စီးစေပြီး အလွန်တရာ ပြင်းထန်၍ အရှိန်အဟုန်ဖြင့် စီးဆင်းလျက်ရှိနေသည့် ချောင်းရေကို ခက်ရာခက်ဆစ် ဖြတ်ကျော်ခဲ့သည်။ တဘက်ကမ်းသို့ ရောက်ရှိ လာခဲ့သည်။ ထိုမိန်းမကြီးသည် ဘိက္ခုအားကျေးဇူး ဥပကာရတင်ရှိကာ အလျှင်အမြန် မိမိရွာရှိရာဖက်သို့ သုတ်သွားခဲ့သည်။

ဝိဟာရကျောင်းသို့ ပြန်ရောက်သောအခါ ဒုတိယဘိက္ခုသည် အဖြစ်ပျက် တခုလုံးကို ဘုရားရှင်အား တင်ပြပြီး ဝိနည်းကို ချိုးဖောက်ခဲ့သည့် သူ့အဖေါ် ကိုယ်တော်အား အပြစ်ဒဏ်စီရင်ရန် လျှောက်ထားခဲ့သည်။

ဘုရားရှင်သည် ထိုဘိက္ခုကို မေးတော်မူ၏။ "အာဝုသော အခြားကိုယ်တော် တင်ပြခဲ့သည့် ထိုမိန်းမအား စကားပြောသလား။ ပြီးတော့ ထိုမိန်းမကို ပခုံးပေါ်တင်ကာ မြစ်ရေကူးပေးပါသလား။"

အရှင်ဘန္တေ "မှန်လှပါ ဘုရား ဆရာတော်ဘုရား ကြားလိုက်သည့်အတိုင်း တပည့်တော်မှာ ထိုမိန်းမကြီးအား ကူညီဆောင်ရွက် ပေးခဲ့ပါသည် ဘုရား။

အဘယ်အကြောင်းများကြောင့် အာဝုသော ဤသို့ ဆောင်ရွက်ရပါလဲ။

အရှင်ဘန္တေ "ထိုမိန်းမကြီးရဲ့သားဟာ ရောဂါဘယပြင်းထန်းစွာ ခံစားနေရ ပါတယ် ဘုရား၊ မိခင်ဖြစ်သူ ထိုမိန်းမကြီးက သားအတွက် ဆေးမြစ်များကို ဒီဘက်ကမ်းရှိ ရွာမှဆေးဆရာဆီက ဆေးမြစ်ကို လာယူခဲ့သည်။ အပြန်ခရီးတွင် ချောင်းရေကြီးလာ၍ ပြင်းထန်သော အရှိန်အဟုန်ဖြင့် စီးဆင်းနေသည့် မြစ်ရေထဲသို့ သူဘာသာ သူဆင်းသက် မည်ဆိုပါက ရေနောက်ပါသွားပြီး သေဆုံးသွားနိုင်သည်။ ဆေးမသောက်ရဘဲနှင့် ရောဂါခံစားနေရတဲ့ သူ့သားဟာလည်း သေဆုံးသွား နိုင်ကြောင်းကို ပြောပြခဲ့ပါသည် ဘုရား။ သူမကျရောက်နေသည့် ဒုက္ခများကို ကြားသိကာ တပည့်တော်မှာ သူမအား ပခုံးပေါ်တင်ကာ မြစ်တဖက်ကမ်းအထိ ပို့ပေးလိုက်ရပါသည် ဖြစ်ကြောင်းပါ ဘုရား။"



စွပ်စွဲခြင်း ခံနေရသည့် ပထမဘိက္ခုမှ ရှိသေလေးမြတ်စွာဖြင့် လျှောက်ထား တင်ပြခဲ့ ပါသည်။

ထိုလျှောက်ထား တင်ပြချက်များကို ကြားသိတော်မူသော အရှင်ဗုဒ္ဓသည် ဒုတိယဘိက္ခုအား ညွှန်၍ ဤသို့ ဆိုတော်မူခဲ့သည်။ "အာဝုသော သင့်အသိပညာ ကင်းမဲ့နေသော လူမိုက်တဦးဖြစ်ပါတယ်။ သင့်သည် ငါဘုရား၏ ဆုံးမသွန်သင်ခြင်းတို့ကို နားလည်အသိပွားနိုင်အောင် ကြိုးစားခြင်းမရှိခဲ့ပါ၊ ငါ၏ဆုံးမဩဝါဒကို လိုက်နာ ကျင့်သုံးရန် အသိတရား တို့ကိုထည့်၍ စဉ်းစားဆင်ခြင်မှုများကို မပြုလုပ်နိုင်ခဲ့ပါ၊ မိန်းမသားတယောက်ကို အကြောင်းမဲ့ကြည့်ရခြင်း၊ ထိုမိန်းမသားအား မက်မောသည်ကို အကြောင်းခံပြုကာ သူမနှင့်စကား ပြောဆိုခြင်းတို့သည် အပြစ်ရှိကြောင်း ငါဘုရားက ဆုံးမသွန်သင်သည်။ သို့သော် မိန်းမသားတဦးသည် ဒုက္ခကျပ်တည်းမှု တစုံတရာတွင် ကျရောက်နေပါက ၎င်းအား ကူညီဖေးမသွားရန် ဖြစ်နိုင်သမျှကို ကြိုးစားအားထုတ် လုပ်သွားရမှာ ဖြစ်ပါသည်။ အသင့်၏ အပေါင်းအဖေါ်ဖြစ်သည့် ဤဘိက္ခုမှာ သန့်စင်စိတ်ထားဖြင့် ထိုမိန်းမသားအား စကားပြောဆိုခဲ့သည်။ သူမကျရောက်နေသည့် ဒုက္ခထဲမှ ဤဘိက္ခုသည် သူမအား ကယ်တင်ရန် မှန်ကန်သော လုံ့လပြုခဲ့သည်။ ဤအာဝုသော ဆောင်ရွက်ချက်များမှာ ဓမ္မနှင့်ညီ၏။ တရားနှင့်ညီ၏။ ဆောင်ရွက်မှု များအတွက် သူတော်စင် သူတော်မြတ်၏ ချီးမွမ်းခြင်းကို ခံထိုက်၏ ထိုကဲ့သို့သော ပရဟိတ အပြုအမူတို့ကို သင့်က သေးသိမ်သည့် ဉာဏ်မျက်စိဖြင့် မမြင်မတွက်သင့် အပြစ်ကြီးမားနိုင်သည်။ အမှန်တကယ်ဆိုပါလျှင် သင့်မှာ အပြစ်ရှိသည်လို့ မှတ်ယူရန် ဖြစ်ပါသည်" အစရှိသော ဆုံးမစကားများ ပြောဆိုကာ ထိုဘိက္ခုနှစ်ပါးတို့အား ၎င်းတို့သီတင်းသုံးရာ ကျောင်းသို့ ပြန်ခိုင်းလေသည်။

## စကြဝတေးမင်းတို့၏ ဈာပန ပမာ

ဘုရားရှင်ပရိနိဗ္ဗာန် ပြုပြီးနောက် ဈာပနပြုရမည့် အခမ်းအနားနှင့် စပ်လျဉ်းမည့် ကိစ္စနှင့်ပတ်သက်ပြီး လမ်းညွှန်မှု ခံယူလို၍ ရှင်အာနန္ဒာမှာ မြတ်စွာဘုရားအား ချဉ်းကပ်၍ ဤသို့မေးတော်မူသည်။ "ဘန္တေ တထာဂတ၏ ခန္ဓာကိုယ်ကို တပည့်တော်တို့ အဘယ်ကဲ့သို့ စီမံရပါမည်နည်းဘုရား"

"ချစ်သားအာနန္ဒာ တထာဂတ၏ ခန္ဓာကိုယ်ကို မည်သို့မည်ပုံ ရှိခိုးပူဇော်ရမည် စသည့်ကိစ္စ ဝိစ္စနှင့် ပတ်သက်ပြီး၊ စိုးရိမ်ပူပန်မနေပါနှင့်။ အာနန္ဒာ သင်သည် အမှန်တရား ဖြစ်သည့် အရာတို့အတွက် ကြိုးစားအားထုတ်သွားပါ၊ အဓိပ္ပါယ်ရှိသည့် အမှန်တရား အတွက် ကြိုးစားအားထုတ်သွားပါ၊ အဓိပ္ပါယ်ရှိပြီး မှန်ကန်နေသည့် အရာတို့ကို ပျင်းရိခြင်းမှ လွတ်ကင်းကာ ခိုင်မာသည့် စိတ်တည်ကြည်မှုတို့ဖြင့် ကြိုးစားအားထုတ်

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေသွားလော့။ ချစ်သားအာနန္ဒာ ခတ္တိယအနွယ်ဝင် ပဏ္ဍိတ (ပညာရှင်) ဗြာဟ္မဏ အနွယ်ဝင် ပဏ္ဍိတ၊ ဂေဟပတိ ပဏ္ဍိတပညာရှင် အားလုံးတို့သည် ငါဘုရားရှင်အား အတူတူလေးစား ကြည်ညိုကြလေသည်။ ၄င်းတို့အားလုံးက ငါတထာဂတ ပရိနိဗ္ဗာန် ဝင်ပြီးနောက် ငါ့ခန္ဓာကိုယ်ကို ရှိခိုးပူဇော်သမှု ပြုလုပ်သွားပေလိမ့်မည်။

ဘန္တေ "တထာဂတ၏ ခန္ဓာကိုယ်ကို ဘယ်ပုံဘယ်နည်း ပြုလုပ်သင့်ပါသလဲ" ဘုရား။

"စကြဝတေးမင်းတို့က နတ်ရွာစံပြီးနောက် ၄င်းတို့၏ ခန္ဓာကိုယ် (အလောင်း) ကို ပြုလုပ်ကြသည့်ပမာ လုပ်သင့်ပါသည်။

ဘန္တေ "စကြဝတေးမင်းတို့၏ အလောင်းကို ဘယ်ပုံဘယ်နည်း ပြုလုပ်ရပါသနည်း" ဘုရား။ ထိုမေးခွန်း အဖြေကို ဘုရားရှင်သည် ရှင်အာနန္ဒာကို ပြောပြရှင်းပြ ပေးခဲ့ပါသည်။ ထိုအဖြေတို့၌ ထိုစဉ်ထိုအချိန်ကာလက စကြဝတေးမင်းတို့ နတ်ရွာစံပြီး ၄င်းတို့အလောင်းကို ဈာပနာပြုသည့် ထုံးတမ်းစဉ်လာကို သိရှိတွေ့မြင်နိုင်သည်။ ဘုရားရှင်သည် ရှင်အာနန္ဒာအား ဤသို့ရှင်းပြပြောဆိုခဲ့သည်။

"ချစ်သား အာနန္ဒာ နတ်ရွာစံခဲ့ပြီး စကြဝတေးမင်းတို့၏ ခန္ဓာကိုယ် (အလောင်း)ကို ဦးစွာ ပထမ အဝတ်အစား အသစ်ဖြင့် ပတ်ယူရ၏။ အဝတ်သစ်တို့ဖြင့် ပတ်ပြီးသည့် အလောင်းကို ဝါဂွမ်းဖြင့် အစအဆုံး တခါပတ်ရပါသည်။ ထိုသို့ သေချာ ပတ်ပြီးနောက် ဆီများထည့်ထားသည့် သံခေါင်းထဲမှာ သွင်းရပါသည်။ ထိုသို့ ပွင့်နေသည့် ခေါင်းကို အလားတူ ခေါင်းဖုံးပြားဖြင့် ဖုံးအုပ်ထားရပါသည်။ မွှေးကြိုင်သည့် ထင်းများကို စုပုံကာ ထိုထင်းပုံကို မီးရှို့၍ စကြဝတေးမင်းတို့၏ အလောင်းကို မီးသင်္ဂြိုဟ်ရပါသည်။ ထိုနည်းဖြင့် မီးသင်္ဂြိုဟ်ပြီးနောက် ဓာတ်တော်များကို စုဆောင်းပြီး အရပ်လေးမျက်နှာမှလူတို့ အလွယ်တကူလာရောက် ဖူးမြော်နိုင်သည့် လမ်းဆုံ နေရာမျိုးတွင် အမှတ်တရ ထူပများကို တည်ဆောက်ပေးရပါသည်။

ထိုသို့တည်ဆောက်သည့် (ထူပ)စေတီများမှာ လာရောက်၍ ပန်းမာလာ ဆီနံ့သာ အမျိုးမျိုးတို့ဖြင့် ရှိခိုးပူဇော် ကြမည့်သူများမှာ ကုသိုလ်ပွားများ၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာတို့ကို ရရှိကြပေလိမ့်မည်။ အသင် အာနန္ဒာ လေးမျိုးလေးစားသော သူမြတ်တို့ကို ရည်စူး၍ (ထူပ)စေတီများ တည်ဆောက်ရခြင်းဖြင့် ထိုက်တန်၏။ (၁) တထာဂတ မြတ်စွာဘုရား၊ (၂) သမ္မာဗောဓိဉာဏ် ရရှိထားသည့် ဘုရားများ၊ (၃) တထာဂတ ဘုရားရှင်တို့၏ အဂ္ဂသာဝကများ၊ (၄) စကြဝတေးမင်းများတို့ ဖြစ်ကြပါသည်။

တထာဂတ ဘုရားရှင်အား ရည်စူးကာ စေတီပုထိုးများ တည်ဆောက်ခြင်း အကျိုးအမြတ် ကြီးမားပါသည်။ အာနန္ဒာ အဘယ်ကြောင့်ဆိုသော် လူအများတို့သည်



ထိုစေတီပုထိုးသို့ လာရောက်ဖူးမြော်ကြမည်ဖြစ်၍ ဘုရား ဂုဏ်တော် တရားဂုဏ်တော်တို့ကို အောက်မေ့ကာ ကြည်ညိုသဒ္ဓါများ ပွားကြပေလိမ့်မည်။ ထိုသို့ဘုရားဂုဏ်တော် တရားဂုဏ်တော်များ ပွားများ၍ တရားစစ် တရားမှန်တို့ကို နိကိုးကျင့်ကြံအားထုတ်ပြီး လောကီ လောကုတ္တရာ ချမ်းသာသုခများကို ခံစားရပေလိမ့်မည်။ ထိုသို့ပင်စောစောက ငါပြောပြခဲ့ပြီး ပုဂ္ဂိုလ်ထူးများအား ရည်စူးကာ အမှတ်တရဖြစ်သည့် စေတီပုထိုးများ တည်ခြင်းတို့က လူ၊ နတ်၊ သတ္တဝါ အပေါင်းတို့၏ ချမ်းသာရာ ချမ်းသာ ကြောင်းကို ဖြစ်ပေါ်နိုင်ပါစေ၏" ချစ်သား အာနန္ဒာ။

## ရှင်အာနန္ဒာ၏ဂုဏ်ရည်

ကာလနှစ်များ ရှည်စွာက ဘုရားရှင်ဗုဒ္ဓ၏ အနီးကပ်တွင် နေထိုင်ကာ အစစအရာရာကို ပြုစုခဲ့သည့် ရှင်အာနန္ဒာမှာ ရှင်ဗုဒ္ဓအား မေတ္တာ (ခင်မင်မှု) ကပ်နေခဲ့သည်။ ဘုရားရှင်နှင့် အမြဲတမ်းအတွက် ခွဲခွါရတော့မည်ကို စဉ်းစားတွေဝေကာ အလွန်တရာ စိတ်ပူပန်လျှက်ရှိခဲ့သည်။ ဘုရားရှင်နားမှ ထွက်ခွါ၍ ကျောင်းအတွင်းသို့ ဝင်သွားကာ နံရံရှိ သစ်ငုတ်ကလေးတခုကို ကိုင်လျှက် ငိုကြွေးနေသည်။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်တော့မည်။ ထိုအဖြစ်က ငါ့ရှေ့မှောက်တွင် ဖြစ်ပျက်လာသည်ကို ငါကသက်သေထူနေရပြီ စသည်ဖြင့် တွေးတော ညည်းတွားပြီး ရှင်အာနန္ဒာမှာ ကြီးစွာ စိတ်ပူပန်လျှက်ရှိခဲ့သည်။

ဘုရားရှင်မှာ အာနန္ဒာကို မမြင်သဖြင့် "ဘိက္ခဝေ အာနန္ဒာ ဘယ်မှာ ရှိနေပါသလဲ" ဟုမေးမြန်းခဲ့ရာ အရှင်ဘန္တေ "ရှင်အာနန္ဒာမှာ ကျောင်းအတွင်းတွင် နံရံကိုမှီ၍ ငိုကြွေးလျှက် ရှိနေကြောင်း လျှောက်ထား ကြလေသည်။ "အိုဘိက္ခု၊



www.burmeseclassic.com



ငါ့အနားလာခဲ့ပါ ငါ့ကိုယ်စား အာနန္ဒာအား ငါခေါ်နေကြောင်း သွားရောက် အကြောင်းကြားပါဦး” “မှန်လှပါဘုရား” ဟုပြောဆိုကာ ထိုဘိက္ခုသည် အာနန္ဒာအား ခေါ်ယူလာခဲ့သည်။

ရှင်အာနန္ဒာသည် ဘုရားရှင်ထံသို့ လာရောက်ကာ ရှိခိုးကန်တော့လျက် ဘေးနားတွင် ထိုင်လေတော် မူသည်။ ထိုအခါ ဘုရားရှင်သည် “မပူပန်ပါနှင့် မငိုပါနှင့် အာနန္ဒာ ငါအစောကတည်းက ပြောခဲ့ပြီ မဟုတ်လား။ ချစ်ခင်အပ်သည့် အရာအားလုံးကို ခွဲခွာရ၏။ ဖြစ်ပေါ်သမျှ အနိစ္စသဘောကို ဆောင်သည်။ မပျက်ပါစေတော့ စိတ်ထားပြင်းပြနေမည်ဆိုလျှင် အဘယ်ရအံ့းပါမည်နည်း အနိစ္စ၏ သဘောတရားကို ဆန့်ကျင်နေလို့ မဖြစ်နိုင်ပါ။ ချစ်သားအာနန္ဒာ သင်သည် ကာလရှည်စွာ ငါဘုရားအား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြုစုခဲ့ပါ၏။ ထိုကံတို့အတွက် အားထုတ်တော်မူပါ၊ ကံသုံးပါးလုံး စင်ကြယ်လာပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု၊ ထို့နောက် ဘုရားရှင်သည် ဘိက္ခုအပေါင်းတို့အား ဖိတ်ခေါ်ကာ ဤသို့ဆုံးမြွက်ဝါဒပြုခဲ့သည်။

“ဘိက္ခုဝေ အတိတ်ကာလမှာ ပေါ်ထွန်းခဲ့ပြီးဖြစ်သော တထာဂတ သမ္ဗုဒ္ဓတို့၏ အနီးကပ်နေ (ဥပါသထာက) တပည့်တို့သည် ထိုဘုရားရှင်တို့အား အာနန္ဒာသည် ငါဘုရားအား ပြုစုခဲ့သည့်ပမာ ပြုစုခဲ့ကြ ကုန်သည်။ ဘိက္ခုအပေါင်းတို့ နောက်နောင် ကာလတွင် ပေါ်ထွန်းကြမည့် တထာဂတ ဗုဒ္ဓတို့၏ ဥပသထာက တို့သည်လည်း ငါ့အာနန္ဒာကဲ့သို့ပင် တပည့်သာဝကများ ဖြစ်ကြပြီး ထိုဘုရားတို့အား အနီးကပ်ပြုစု သွားကြ ပေလိမ့်မည်။ ဘိက္ခုတို့ အာနန္ဒာမှာ ပဏ္ဍိတ (ပညာရှင်) တဦးဖြစ်ပါသည်။ ဘိက္ခုတို့ အာနန္ဒာမှာ မေဓါဝိ (ဉာဏ်ပညာ ထက်မြက်သူ) ဖြစ်၏ ငါဘုရားအား အဘယ်သူများသည် အဘယ်အချိန်ကာလမျိုး၌ ဖူးမြော်တွေ့ရှိရမည်။ အဘယ် ကာလမျိုး၌ တွေ့ရှိဖူးမြော်ခွင့် မရှိရမှာကို သူကောင်းစွာ နားလည်ထားသူ ဘိက္ခု ပညာရှင်တဦးဖြစ်သည်။ အဘယ်အချိန်ကာလသည် ဘိက္ခုနီများအတွက် အဘယ်ကာလသည် တိထိကတို့အတွက် တွေ့ခွင့်ပြုသင့်မသင့်ကို ကောင်းစွာ စဉ်းစား ဆင်ခြင်တတ်သည်။ ဘိက္ခုတို့ အာနန္ဒာမှာ အခြားသူများနှင့် မတူထူးဆန်း အံ့ဩဖွယ်ရာ ဂုဏ်ရည် (၄)ပါးရှိသည်။ ဓမ္မဂုဏ်လေး ပါးကို ဆိုလိုပါသည်။ ထိုလေးပါးသော ဂုဏ်ရည်တို့မှာ (၁) ဘိက္ခုသံဃာ အဖွဲ့ဝင် သံဃာ အပေါင်းတို့သည် ရှင်အာနန္ဒာအား သွားရောက်ဖူးမြော်သည့် အခါမျိုး အာနန္ဒာမှာ ၄င်းတို့အား တရားဒေသနာ၊ ဓမ္မဒေသနာ ပြုသည့် အခါမျိုး၌ ၄င်းတို့သည် ကျေနပ်အားရမိကြလေသည်။ အာနန္ဒာထံမှ တစုံတရာ ဥပဒေသများ မကြားရသည့် အခါမျိုး၌ ၄င်းသံဃာများ စိတ်မချမ်းမြေ့ ဖြစ်တတ်ကြလေကုန်၏။ ထိုနည်းတူစွာ ဘိက္ခုနီသံဃာဝင်များ၊



ဥပါသကာ ဥပါသိကာ အဖွဲ့ဝင်များ တို့မှာလည်း အာနန္ဒာအား ထပ်တူထပ်မျှ လေးစား ကြည်ညိုကြကုန်၏။ ၄င်းတို့မှာလည်း အာနန္ဒာအား ဖူးမြော်ခွင့်ရတိုင်း သူ့ထံမှ ဓမ္မဒေသနာများကို ကြားရ၍ ကျေနပ်အားရ ဖြစ်ကြကုန်၏။ ချစ်သား ဘိက္ခုအပေါင်းတို့ အာနန္ဒာမှာ ဤဓမ္မ ဂုဏ်ရည်လေးပါးတို့ ပြည့်စုံ တင့်တယ်သည်။

## စကြဝတေးမင်းတို့၏ ဂုဏ်လေးပါး

ဘိက္ခုအပေါင်းတို့အား ဆက်လက်၍ စကြဝတေးမင်းတို့၏ ဂုဏ်ရည်လေးပါး တို့ကို ဤသို့ ရှင်းပြမြွက်ကြား ပေးလေသည်။ ဘိက္ခုဝေ စကြဝတေးမင်းတို့မှာ ဂုဏ်ရည်လေးပါး (ထူးဆန်းသည့် အရည်အချင်း) လေးမျိုးရှိကြ၏။ (၁) ဘိက္ခုဝေ အကယ်၍ စကြဝတေးမင်း တပါးပါးအား ခတ္တိယမျိုးနွယ်စုမှ လူတို့သည် သွားရောက် ဖူးမြော်လျှင် ၄င်းတို့သည် ထိုစကြဝတေးမင်း ဖူးရ၍ ၄င်းတို့မင်းမှ ပြောဆိုမှာကြား လိုက်သည့် စကားများကို ကြားသိရှိ၍သော်၄င်း ကျေနပ်အားရတော်မူကြ၏။ ထိုမင်းမြတ်က ဘာမျှမပြောဆို မမှာကြားနေခဲ့ပါက ဝမ်းသာကျေနပ်အားရမှု မဖြစ်လတ္တံ့။ ထိုနည်းပမာ ၄င်းစကြဝတေးမင်းမြတ်တို့အား ဗြာဟ္မဏ၊ သာမဏနှင့် ဂေဟပတိတို့ လူ့အဖွဲ့အစည်းမှ လူတို့သည် စကြဝတေးမင်းအား သွားရောက် ဖူးမြော်သည့်အခါ အကယ်၍ ထိုစကြဝတေးမင်းမှာ သူ့ထံလာရောက်ဖူးမြော်သည့် လူ့အဖွဲ့အစည်းမှ လူများအား အစောကဲ့သို့ ပြုစုအားပေး စကားပြောဆိုပေးပါက ၄င်းတို့အသီးသီး ကျေနပ်အားရ ကြကုန်၏။ စကြဝတေးမင်းမှာ ၄င်းတို့အား ဘာမျှမပြောမဆို နှုတ်မဖွင့်ပါက အားရကျေနပ်ကြမည် မဟုတ်။ ချစ်သား အာနန္ဒာမှာလည်း ထိုမင်းမျိုး မင်းမြတ်တို့နှင့် တူနေပါ၏။ အာနန္ဒာအား လာရောက် ဖူးမြော်သည့် ဘိက္ခုသံဃာ၊ ဘိက္ခုနီ သီလရှင်နှင့် ဒါယကာ၊ ဒါယိကာမ တို့မှာလည်း ရှင်အာနန္ဒာထံမှ ဓမ္မဒေသနာကို ကြားရလျှင် ကျေနပ်အားရပြီး ပီတိဖြစ် ကုန်ကြ၏။ သူ့ထံမှ ဘာမျှမပြော မဆိုမကြားရလျှင် ကျေနပ်ပီတိ မဖြစ်ရပါ။ ထို့သို့ အမျိုးမျိုး ချီးကျူး ဂုဏ်ပြုဘွယ် စကားများဖြင့် မြွက်ကာ အာနန္ဒာအား နှစ်သိမ့်စေခဲ့သည်။

ထို့နောက် ရှင်အာနန္ဒာသည် ဘုရားရှင်အား ဤသို့ လျှောက်ထား ပန်ကြားလေသည်။ “အရှင်ဘုရား သေးငယ်လှတဲ့ ဤနဂရက (မြို့နေရာကလေး) ထင်ပေါ်ကျော်ကြားမှု ဘာမျှမရှိတဲ့ ဤကုသိနာရာလို နေရာမျိုး၌ ပရိနိဗ္ဗာန် မစံတော်ပါနှင့် ဘုရား။ ထင်ပေါ်ကျော်ကြားလှတဲ့ စမ္ပာ ရာဇဂြိုဟ်၊ သာဝတ္ထိ သာကေတ၊ ကောသမ္ဗီ၊ ဗာရာဏသီလို နေရပ်မျိုးရှိပါသေးတယ် ဘုရား၊ ထိုနေရပ်မျိုး၌ ပရိနိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်တော်မူပါ။ ထိုမြို့ကြီးများ၌ ဘုရားရှင်၏ တပည့်တပန်းများ အများအပြား ရှိကြပါတယ်။ တဦးနှင့်တဦး ပိုပြီး စီးပွားဂုဏ်၊ ချမ်းသာဂုဏ်နှင့် ပြည့်ဝနေတဲ့ ဘုရားဥပါသကာ၊ ဥပါသိကာ အများအပြား ရှိကြတဲ့ ဘုရားရှင်အား သူ့ထက်ငါ ပိုကြီးကျယ်ခမ်းနားလှအောင် ပူဇော်ကြကုန်မည်ဖြစ်ပါတယ် ဘုရား ဟူ၍ အာနန္ဒာမှာ လျှောက်ထားတင်ပြတောင်းဆိုခဲ့ပါသည်။

ရှင်အာနန္ဒာ လျှောက်ထားတင်ပြလာသည့် လျှောက်ထားချက်များကို ကြားသိကာ ဘုရားရှင်သည် အာနန္ဒာအား ဤသို့ ပြောပြမြွက်ကြားပေးခဲ့သည်။ "မပြောပါနှင့် ဤသို့ မပြောတော့ပါနှင့် အာနန္ဒာ အတိတ်ကာလတုန်းက ဤကုသိနာရာမှာ မဟာသုဒဿန အမည်ရှိခဲ့သော စကြဝတေးမင်းတပါးမှာ မင်းမူခဲ့ပါသည်။ ထိုစကြဝတေး ဓမ္မရာဇာ မင်းမြတ်သည် အရပ်လေးမျက်နှာရှိ တိုင်းနိုင်ငံအပေါင်းတို့အပေါ် မင်းမူခဲ့သည်။ ထိုမဟာ သုဿန မင်းကြီး၏ ရာဇဓါနီ (ရာဇာဌာနီ) မြို့တော် ဤကုသိနာရာသည် ထိုစဉ် ထိုအခါက ကုသာဝတီ အမည်ဖြင့် ကျော်ကြားခဲ့ဖူးသည့် မြို့တော်တခုဖြစ်ခဲ့ပါသည်။ ကုသာဝတီမြို့တော်မှာ အရှေ့အနောက် (၁၂) ယူဇနာ ရှည်လျားပြီး၊ တောင်နှင့်မြောက် (၇) ယူဇနာအထိ ကျယ်ပြန့်ခဲ့ပါသည်။ ထိုစဉ်က ကုသာဝတီ နေပြည်တော်သည် နတ်တို့၏ နေပြည်တော်ဖြစ်သည့် အာလကနန္ဒပြည်ပမာ စည်ပင်သာယာဝပြောခဲ့ပါသည်။ ကုသာဝတီမြို့တော်မှာ နေ့ညမရွေး အဆက်မပြတ် ဆင်၊ မြင်း၊ ရထား၊ ဘေရီ၊ အိုးစည်၊ ပုံမောင်း၊ ဝိဏာစသည့် အော်သံ၊ ဟိန်းသံ၊ တီးမှုတ်သည့် အသံဆယ်မျိုးတို့ဖြင့် အစဉ်မြည်ဟိန်းလျက်ရှိခဲ့ပါသည်။

ဤနေရပ်ကို သေးငယ်သည်၊ တောကျသည် စသည်တို့ဖြင့် သမုတ်တပ်ခြင်း မပြုသင့်ပါ။ ထိုစဉ်က (၁၂) ယူဇနာ ရှည်လျားသည့် ရတနာကျောက်တို့ဖြင့် စီခြယ်တည်ဆောက်သည့် မြို့ရိုးခံတပ်ဖြင့် တင့်တယ်ခဲ့သည်။ ဤကုသိနာရမြို့ကို သေးငယ်ပြီး ကျော်ကြားမှု မရှိသည့်နေရာ အရပ်မျိုးဖြင့် မမှတ်သင့်ပါ အာနန္ဒာ။ ကုသာဝတီ နေပြည်တော်၏ ကြီးကျယ်ခမ်းနားပုံကို မဟာသုဒ္ဒေါဒနသုတ်၌ ဘုရားရှင်မှာ အကျယ်တဝင့် ဟောကြားထားခဲ့သည်။ ထိုအကြောင်းများကို နောက်ပိုင်းအခန်းများ၌ ဆက်လက်ရေးသား ဖေါ်ပြသွားမည်ဖြစ်ပါသည်။

"ချစ်သားအာနန္ဒာ ကုသိနာရ ဇနပုဒ်သို့သွား၊ ထိုဂါမ ဇနပဒမှာ နေထိုင်ကြလျက်ရှိကြသော မလ္လအနွယ်ဝင်တို့အား ယနေ့ည၏ နောက်ဆုံးပဟိုရ်ကာလတွင် ဘုရားရှင်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်တော့မည့် သတင်းကို သွားရောက်ပေးကြ။" ငါတို့ မလ္လတို့၏ ဂါမရွာ၌ ဘုရားရှင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုခဲ့၏။ သို့သော် ငါတို့ ထိုအဖြစ်ကို တင်ကြိုမသိရလို့ ဘုရားရှင်အား မဖူးမြော်ခဲ့ရပါ၊ ထိုအဖြစ်ကို မပေါ်လာစေနှင့်၊ ဘယ်သူကိုမျှ နှမြောတသ ဖြစ်လာရနိုင်သည့် အခြေအနေ အခွင့်အခါ မဖြစ်လာပါစေနှင့်။



"မှန်လှပါ ဘုရား" ဟုပြောဆိုကာ အာနန္ဒာသည် မလ္လတို့၏ ရွာဇနပုဒ်ထဲသို့ ထွက်ခွာသွားခဲ့ပါသည်။ ရှင်အာနန္ဒာမှာ သင်္ကန်းဆင် သပိတ်လွယ်၍ ကုသိနာရာသို့ တပါးတည်း ဝင်သွားခဲ့သည်။ ထိုအချိန်က မလ္လမင်းတို့သည် အကြောင်းကိစ္စတခုခုဖြင့် မြို့အလယ်၌ တည်ရှိခဲ့သည်၊ ၎င်းတို့၏ 'သံသာဃရ' (အစည်းအဝေးခန်းမ)၌စုဝေးလျက်ရှိခဲ့ရာ ရှင်အာနန္ဒာသည် ထိုသံသာဃရ သို့ဝင်၍ ဘုရားရှင် ပရိနိဗ္ဗာန်ပြု တော့မည့် သတင်းကို မလ္လမင်းများ ရှေ့မှောက်တွင် ဖွင့်ချပြောဆိုခဲ့သည်။ ရှင်အာနန္ဒာထံမှ ထိုသတင်းကို ရလျှင်ရချင်း၊ မလ္လ လူ့အဖွဲ့အစည်းမှ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူငယ်၊ လူရွယ် အားလုံးတို့သည် စိတ်မချမ်းမသာ ဖြစ်လာကာ ဘုရားရှင် ရှိနေသည့် မြို့အပြင်ရှိ သာလဝန်သို့ အပြေးအလွှား စုဝေးလာကြကုန်၏။ ရင်ထုငိုကြွေးနေကြသည့် ထိုပရိသတ်ထုသည် သာလဝန်သို့ စုပြုံလာခဲ့ကြလေသည်။ ထိုမျှများပြားသော ပရိသတ်တို့အား တချိန်တည်းနှင့် ဘုရားရှင်အား ဖူးမြော်ခွင့်ပေးရာတွင် အခက်ခဲ မပေါ်ပေါက်စေရန် ရှင်အာနန္ဒာသည် ထိုပရိသတ်များ အစဉ်လိုက် လူပုဂ္ဂိုလ် မိသားစုအလိုက် ဖူးမြော်နိုင်ရန် စီစဉ်ပေးခဲ့ရလေသည်။ လေးငါးနာရီကြာ အချိန်ကာလအတွင်း ကုသိနာရာမှ မလ္လလူ့အဖွဲ့အစည်းဝင် ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူငယ်၊ လူရွယ် အားလုံးတို့သည် ပရိနိဗ္ဗာန် ဝင်တော့မည့် ဘုရားရှင်အား ဖူးမြော်ခဲ့ရပါသည်။ ထိုအစီစဉ်ကို ရှင်အာနန္ဒာက ဦးစီးပြုလုပ်သွားခဲ့နိုင်သည်။

## သုဘဒ္ဒရအား နောက်ဆုံးအနေဖြင့် ဥပဇ္ဈာယ် (ပရဝဇ္ဇာယ) ပြုပေးခြင်း

ထိုအချိန်ကာလက ကုသိနာရာတွင် သုဘဒ္ဒရ အမည်ရှိသော (ပရိဗ္ဗါဇက) ရသေ့တစ်ပါး နေထိုင်လျက်ရှိခဲ့ရာ ထိုဗြာဟ္မဏအနွယ်ဝင် သုဘဒ္ဒရ ရသေ့ကြီးသည် စောစောက ရှင်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်တော့မည့် သတင်းကို ကြားသိရ၍ ရှင်ဗုဒ္ဓရှိရာ သာလဝန်သို့ ရောက်ရှိလာခဲ့လေသည်။ ရှင်အာနန္ဒာနှင့် ဦးစွာပထမ တွေ့ဆုံကာ ဤသို့ ဆိုလေ၏။ အို ရှင်အာနန္ဒာ ငါသည် သက်ကြီးဝါကြီး (မဟလ္လက) တို့ထံမှ ကြားဖူး၏။ လောက၌ တခါတရံမှသာ တထာဂတ အရဟတ္တ သမာသမ္ဗုဒ္ဓက ဗုဒ္ဓတို့ ပေါ်ထွန်းတတ်ကြ၏။ သို့ဖြစ်ပါ၍ ငါရသေ့က သာမဏ ဂေါတမကို ဖူးမြော်လိုသည့် ဆန္ဒရှိနေပါသည်။

ထိုရသေ့ ပြောဆိုခဲ့သည့် စကားကို ကြားသိသော ရှင်အာနန္ဒာမှာ သူ့အား ဤသို့ပြန်ပြောခဲ့သည်။ "မဖြစ်နိုင်ပါ ရှင်ရသေ့၊ ဒီအချိန်အခါမျိုး၌ ဘုရားရှင်အား ဒုက္ခမပေးတော့ပါနှင့် ဘုရားရှင် မြတ်ဗုဒ္ဓဟာ မောပန်းနေပါပြီ၊ သုဘဒ္ဒရမှာ ရှင်အာနန္ဒာအား ဒုတိယ၊ တတိယ အကြိမ် ဖူးမြော်ခွင့်ကို တောင်းဆိုနေသည်ကို ရှင်ဗုဒ္ဓကြားသိရခဲ့ပါသည်။ ထိုအခါ ဘုရားရှင်သည် "ချစ်သားအာနန္ဒာ သုဘဒ္ဒရကို

www.burmeseclassic.com

www.burmeseclassic.com





တားမြစ်မနေပါနှင့် ဖူးမြော်ပါစေတော့ ကဲအာဝုသော ဝင်ပေတော့ ဘုရားရှင်က သင့်အားခွင့်ပြုပေးထားပြီ''ဟု အာနန္ဒာက ပြောပြလိုက်သဖြင့် သုဘဒ္ဒရမှာ ဘုရားရှင် လဲလျောင်းနေခဲ့သည့် အိပ်ရာနားသို့ ဝင်သွားပြီး အရိုအသေပြုကာ တဘက်တွင် ထိုင်လေသည်။

သုဘဒ္ဒရ ရသေ့ကြီးက ရှင်ဗုဒ္ဓအား ရည်ညွှန်းကာ အရှင်ဂေါတမ ဘုန်းတန်ခိုးကြီး၍ ထင်ပေါ်ကျော်ကြား နေကြသော ပုဏ္ဏကာဿပ မောက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန်၊ သံဇယဝေလဋ္ဌိတ္ထိပုတ္တ၊ နိဂဏ္ဌ နာထပုတ္တ စသည့် ဆရာအာစရိယများကို သူတို့နားလည်ထားသည့် တရားသဘောများသည် မှန်၏ဟု အသီးသီးတို့က ပြောဆိုလေကြပါသည်။ ထိုအာစရိယ ဆရာကြီးများအနက် အချို့သော အရှင်မြတ်တို့က ၎င်းတို့ တွေ့ရှိထားသည့် တရားဓမ္မ တို့မှသာ အမှန်ဆုံး သစ္စာတရား ဖြစ်ကြောင်းလည်း ဆိုကြကုန်၏။ အရှင်ဂေါတမ အနေဖြင့် ဘယ်သူဘယ်ဝါ မှန်ကန်စွာ ဆိုကြသည်ကို ရှင်းလင်းပေးပါလား။ သုဘဒ္ဒရ (ပရိဗ္ဗဇက)၏ စကားများကို ကြား၍ ဘုရားရှင်ဗုဒ္ဓသည် သူ့အား ဤသို့ဆိုခဲ့သည်။

''အသင်သုဘဒ္ဒရ ထိုသို့သော စကားများကို ထားလိုက်ပါတော့၊ ငါဘုရားသည် သင့်အား ဓမ္မဒေသနာပြုအံ့ စိတ်အေးအေးနှင့် နားဆင်ပြီး ထိုတရားများအတိုင်း လိုက်နာကျင့်သုံးသွားပေတော့။'' ''မှန်လှပါဘုရား''။ ထိုအခါ ဘုရားရှင်သည် ဤသို့ မြွက်ကြားခဲ့လေသည်။ ''အသင်သုဘဒ္ဒရ အကြင်ဓမ္မ ဝိနယတို့၌ မဂ္ဂင်ရှစ်ပါးကို ပြဋ္ဌာန်းခြင်းမရှိ ထိုတရားဓမ္မအတိုင်း ကျင့်သုံးအားထုတ်ကြသော သာမဏ၊ ဗြာဟ္မဏ မည်သူမဆို ပထမ အဆင့်ဖြစ်သော သောတာပန်လည်း မတည်နိုင် တရားပေါက် ရောက်ရသည့် ဒုတိယ တတိယအဆင့်များ ဖြစ်ကြသည့် ''သကိဒါဂါမိ'' အနာဂါမိ'' အဆင့်များသို့လည်း မတည်နိုင် ထိုသို့ အဆင့်ဆင့်တက်ရမည် တရားရှင်တို့၏ အဆင့်



တဆင့်ပြီးတဆင့် မတည်နိုင်ခဲ့ရပါ၍ နောက်ဆုံး စတုတ္ထအဆင့်ဖြစ်သည့် ''အရဟတ္တ'' မဂ်ဖိုလ်သို့ မဆိုက်ရောက်နိုင်ကြောင်းကို သံသယ မရှိနိုင်မြဲစွာ ယုံကြည်ပါ။ သုဘဒ္ဒရ ငါဘုရား ပြဋ္ဌာန်းခဲ့သည့် မဂ္ဂင်ရှစ်ပါး လမ်းကြောင်းအတိုင်း တရားအားထုတ်သည့် ဘိက္ခုသည် အမှန်စင်စစ် အရဟတ္တဖိုလ်၌ တည်နိုင်ပါကြောင်း ရှင်ဗုဒ္ဓက သုဘဒ္ဒရအား ရှင်းလင်းပြောပြခဲ့သည်။ သုဘဒ္ဒရအား ဆက်လက် ဟောကြားသည်မှာ ''ငါဘုရားမှာ အသက်အရွယ် (၂၉)နှစ်တွင် ကုသိုလ်ဓမ္မများကို ရှာဖွေသည့် အလိုငှါ ပရိဗ္ဗဇိတ အဖြစ်ကို ခံယူခဲ့ရာ ယခုဆိုပါက (၅၁)နှစ်ကာလ ကြာခဲ့ပါပြီ။ တရားဓမ္မ အာရိယဓမ္မ သစ္စာဓမ္မကို မြင်သူ၊ ရရှိထားသူ ငါမှလွဲ၍ တဦးတယောက်ကို ငါမတွေ့ရသေးပါ။'' ထိုသို့ မြွက်ကြားခဲ့သည်ကို ကြားရ၍ သုဘဒ္ဒရမှာ ထူးဆန်းပါလား ဘုရား၊ အံ့ဩစရာပါ ဘုရား ''တပည့်တော် ယခုအချိန်ကစ၍ အရှင်ဘုရား၏ အရိပ်အဝါသ၊ ဓမ္မ၏ အရိပ်အဝါသကို ကိုးကွယ်သွားပါတော့မည် ဘုရား။ တပည့်တော် ပရဝဇ္ဇယ ခံယူလိုပါကြောင်းပါ ဘုရား'' ဟု လျှောက်ထား မေတ္တာရပ်ခံခဲ့လေသည်။

''အသင်သုဘဒ္ဒရ အခြားနည်းလမ်းများနှင့် တရားရှာ တိတ္ထိကရသေ့ ရဟန်းများ ငါဘုရား ပြဋ္ဌာန်းသည့် အာရိယ သစ္စာ ဓမ္မလမ်းကြောင်းကို ကူးပြောင်းပြီး ဥပဇ္ဈာယ် ခံယူလိုပါက ငါတို့က ၎င်းပုဂ္ဂိုလ်အား (၄)လတိတိ ပရိဝါသ ပြုရပါ၏။ ထိုသို့(၄) လကြာ ပရိဝါသ ပြုပြီးမှသာ ဥပဇ္ဈာယ် ခံယူရပါသည်'' ဟု ဘုရားရှင်က သုဘဒ္ဒရအား ရှင်းပြပြောဆိုခဲ့သည်။ ''အရှင်ဘုရား မိန့်တော်ရှိသည့်အတိုင်း တပည့်တော် သုဘဒ္ဒရမှာ (၄)လကြာ ပရိဝါသ ပြုပြီးသည့်အခါ သစ္စာဓမ္မ၌ ဥပဇ္ဈာယ် ခံယူလိုပါကြောင်းပါ ဘုရား'' ပြန်လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် ရှင်အာနန္ဒာအား အနီးနားသို့ ခေါ်၍ သုဘဒ္ဒရအား ပရဝဇိတ ပြုပေးလိုက်ပါတော့ဟူ၍ မှာကြားခဲ့သည်။

''မှန်လှပါဘုရား'' ရှင်အာနန္ဒာမှ ပြန်ပြောခဲ့ပြီး သုဘဒ္ဒရအား ရှင်အာနန္ဒာမှာ ဤသို့ဆိုခဲ့၏။ ''အသင် ပရိဗ္ဗဇက သုဘဒ္ဒရ သင်ကံကောင်း၏၊ ကံအကျိုးပေး ထူးခြားလှ၏၊ သင်သည် ဘုရားရှင် ရှေ့တော်မှောက်၌ တပည့်အဖြစ်ကို ခံယူခဲ့နိုင်သည်။ သင့်အတွက်မြတ်သော အကျိုးများရှိ၏၊ ပရိဗ္ဗဇက သုဘဒ္ဒရမှာ ဘုရားရှင်ထံမှ ပရဝဇ္ဇယရရှိခဲ့၏၊ ဥပသံမ္ပဒါရခဲ့၏၊ ထိုသို့ ဥပဇ္ဈာယ် ခံယူပြီးနောက် တိုတောင်းသည့် အချိန်ကာလတွင် ဗြဟ္မစရိယ အကျင့်မြတ်နှင့်အတူ တရားများကို ကျင့်ကြံအားထုတ် သွားခဲ့ပါသည်။ တရားပေါက်လာ၍ အရဟတ္တဖိုလ်၌ တည်နိုင်ခဲ့ပါသည်။

သုဘဒ္ဒရမှာ ဘုရားရှင်၏ နောက်ဆုံး တပည့်ဖြစ်ပြီး၊ ထိုစဉ်ကာလ၏ နောက်ဆုံး အရဟတ္တလည်း ဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးဓမ္မဒေသနာ

ရှင်ဗုဒ္ဓသည် သူ့ဘဝတလျှောက်တွင် မိမိကိုယ်တော်တိုင် နေရပ် တစုံတရပ်ကို တည်ထောင်သွားရမည်ကို အရေးမပေးဘဲ ဓမ္မရေးကိုသာ ဦးစားပေးတည်ဆောက်သွားရန် ကြိုးပမ်းခဲ့သည်။ ပရိနိဗ္ဗာန် ဝင်တော့မည် မတိုင်ခင် ရှင်အာနန္ဒာအား အနားသို့ ခေါ်တော်မူကာ ဤသို့မြွက်ကြားခဲ့ပါသည်။

"အာနန္ဒာ သင်တို့ စဉ်းစားထင်မြင်ကောင်း ထင်မြင်လိမ့်မည်။ (၁) အတိတ်-သသတာ (လွန်ခဲ့ပြီး ဖြစ်သောအရာ) ဟောကြားခဲ့သည့် ဒေသနာ ဥပဒေသဖြစ်သည်။ ယခုတော့ငါတို့မှာ ဆရာ (ဂုရု) မရှိတော့ပါ။ ငါဘုရား ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဓမ္မနှင့် ဝိနယ (ဝိနည်း) တို့မှာ သင်တို့၏ဆရာ ဖြစ်ကြောင်း သတ်မှတ်ကြ။ (၂) အာနန္ဒာ ယခုအချိန် ဘိက္ခု အချင်းချင်း တပါးနှင့်တပါးကို 'အာဝုသော' ဟုခေါ်ကြ၏။ ငါဘုရား မရှိတော့သည့် ကာလအချိန်တွင် ဝါကြီးသော ဘိက္ခု သံဃာများက မိမိထက် ဝါငယ်သော ဘိက္ခုအား 'အာဝုသော' ဟုခေါ်နိုင်ပြီး၊ ဝါကြီးသော ဘိက္ခုမြတ်တို့ကို ဝါငယ်များက အရှင်ဘန္တေဟူ၍ ခေါ်ရမည်။ ဝါငယ်သော ဘိက္ခုတို့က ဝါကြီးသော ဘိက္ခုတို့အား အရှင်ထေရ် သို့မဟုတ် အရှင်ဘန္တေဟူ၍ ခေါ်ဆိုကြရမည်။ (၃) ငါဘုရား မရှိတော့သည့် အချိန်ကာလတွင် သေးငယ်သော ဝိနည်း (ဝိနယ သိက္ခာပဒ) အချို့တို့ကို သံဃာ့အဖွဲ့မှ တိုင်ပင်ညှိနှိုင်းကာ စွန့်ပစ်လို့ ဖြစ်နိုင်ပါသည်။

အထက်ဖော်ပြပါ ဥပဒေသများကို ထောက်ရှုခြင်းဖြင့် ဘုရားရှင်ဗုဒ္ဓသည် (ဘိက္ခု-ဝိနယ) ဝိနည်းသေးငယ် အချို့တို့ကိုလွှဲ၍ တရားဓမ္မဆိုင်ရာ အခြေခံမူလ ဒဿန (အတွေးအခေါ်) တို့တွင် တစုံတရာ ပြောင်းလဲမှုတို့ကို ခွင့်မပြုခဲ့သည်မှာ ထင်ရှားနေပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာ၏ မူလအတွေးအခေါ်မှာ ယနေ့တိုင် တစုံတရာ ပြောင်းလဲမှု မရှိဘဲ နဂိုမူလအတိုင်း တည်မြဲလျက် ရှိကြောင်းကို တွေ့မြင်နိုင်ပါသည်။

ဘုရားရှင်သည် ရှင်အာနန္ဒာအား ဆက်လက်မြွက်ကြားခဲ့သည်မှာ (၄) အာနန္ဒာ ငါဘုရား မရှိသည့်အချိန် ကာလတွင် ဆန္နဘိက္ခုအား 'ဗြဟ္မဒဏ်' ခတ်သင့်သည်ဟု မှာကြားခဲ့သည်။ 'ဗြဟ္မဒဏ်'၏ အဓိပ္ပါယ်ကို နားမလည် လိုက်သော ရှင်အာနန္ဒာမှာ ထို 'ဗြဟ္မဒဏ်'၏ သဘောသဘာဝကို ရှင်းလင်းပြောပြရန် တောင်းပန်ခဲ့သည်။ ထိုအခါ ဘုရားရှင်မှာ "အာနန္ဒာ ဆန္နဘိက္ခု ပြောချင်ရာပြောပါစေ။ သို့သော် ဘိက္ခုအပေါင်းတို့မှာ ၎င်းအား ဘာမျှ ပြန်မပြောခြင်း၊ ဒေသနာပြုခြင်း၊ အနုသာသနာပြုခြင်းတို့ကို လုံးဝမပြုဘဲ ဖြတ်တောက်ထားပေးရမည်။" ဗုဒ္ဓသာသနာ၏ နောက်ဖြစ်ပျက် အကြောင်းအရာများကို လေ့လာရာတွင် ဘိက္ခုသံဃာမှာ ကောသမ္ဗီ၌ ဆန္နအား ဗြဟ္မဒဏ် ခတ်ခဲ့ရပါသည်။ ထိုဒဏ်ခတ်ရခြင်းသည် ထိုသူအား ဘိက္ခုသံဃာမှ ပယ်ထုတ်ခြင်း တမျိုးဖြစ်ပါသည်။ ဘိက္ခုဆန္နသည် ၎င်းအားခတ်ခဲ့သည့် ဗြဟ္မဒဏ်ကို ရှိသေလေးမြတ်စွာ လက်ခံခဲ့ရသည်။ ထိုဗြဟ္မဒဏ်မျိုး ခတ်ခံရပြီးနောက် ဘိက္ခုဆန္နသည် မိမိ၏ အပြုအကျင့်၊ အပြောအဆို အနေအထိုင်တို့ကို ပြုပြင်ပြီး တရားစစ် တရားမှန်တို့ကို အာရုံစိုက် ကျင့်ကြံအားထုတ် သွားခဲ့သည်ဟု ဆိုထားကြောင်း တွေ့ရှိရနိုင်ပါသည်။ ထိုသို့ တရားကိုသာ မှန်ကန်သည့် နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်သဖြင့် ဘိက္ခုဆန္နသည် အရဟတ္တဖိုလ်၌ တည်ရှိသွားနိုင်ခဲ့ပါ ကြောင်းကိုလည်း ဗုဒ္ဓစာပေကျမ်းများ၌ ဖော်ပြထားကြောင်း တွေ့ရှိနိုင်ပါသည်။ နောက်ဆုံး၌ အရှင်ဗုဒ္ဓသည် ဘိက္ခုအပေါင်းတို့အား ရည်ညွှန်းလျက် "ချစ်သား ဘိက္ခုဝေ သံဃာ့အဖွဲ့ဝင် ဘိက္ခုတပါးပါး၏ စိတ်ထဲ၌ ဒွိဟ-သံသယ တစုံတစ်ခုရှိပါက ငါဘုရားအား ယခုပွင့်ပွင့်လင်းလင်း မေးမြန်းလိုက်ကြပေတော့။ ဘိက္ခုဝေ ငါဘုရား မရှိတော့သည့် အချိန်ကာလတွင် တပည့်တော် မမေးလိုက်ခဲ့ရဘူး စသည်ဖြင့် နောင်တရရှိနေမည် အခြေအနေမျိုးကို မဖြစ်ပါစေနဲ့။ ငါဘုရားရှင် ရှေ့မှောက်တွင် သံသယ ကင်းရှင်းသွားအောင် မေးမြန်းထားကြပါ။

ဘုရားရှင်သည် ဘိက္ခုအပေါင်းတို့အား ဒုတိယ၊ တတိယ အကြိမ်အထိ ဘိက္ခုတို့ထံမှ မေးခွန်း မေးမြန်းချက်ကို ဖိတ်ခေါ်ခဲ့ပါသည်။ ဘိက္ခုအပေါင်းတို့မှာ တတိယအကြိမ် မေးမြန်းခဲ့သည့် အချိန်အထိ အားလုံးတိတ်ဆိတ်လျက် ရှိခဲ့ကြသည်။ ထိုအဖြစ်ကို မြင်တွေ့၍ ရှင်အာနန္ဒာမှာ ဘုရားရှင်အား လက်အုပ်ချီကာ ဤသို့ လျှောက်ထားတော်မူခဲ့သည်။

"ထူးဆန်းအံ့ဩစရာ ကောင်းလှပါ၏ဘုရား" ဘိက္ခုသံဃာအဖွဲ့ဝင် သံဃာ တဦးဦး၏ စိတ်ထဲမှာ ဗုဒ္ဓဓမ္မ၊ သံဃာနှင့် ပတိပဒ (မဂ္ဂ) အတွက် စိုးရိမ်ကြောင့်ကြမှု စိုးစဉ်းမျှ မရှိတော့ပါကြောင်းပါဘုရား ရှင်အာနန္ဒာမှာ ဝမ်းပန်းတသာ ဖြေတော်မူခဲ့သည်။

ချစ်သားအာနန္ဒာ ဤငါးရာသော ဘိက္ခုကြီးငယ် အပေါင်းတို့၏ စိတ်ထဲ၌ ဗုဒ္ဓဓမ္မ သံဃာ မဂ္ဂင်ရှစ်ပါးနှင့် စပ်လျဉ်းပြီး ဒွိဟ-သံသယ မရှိကြောင်းကို ကြားသိကာ ငါဘုရား ပီတိကျေနပ်မှုရှိပါသည်။ ထိုနောက် ဘုရားရှင်သည် ဘိက္ခုအပေါင်းတို့အား ဆက်လက်မြွက်ကြားတော် မူခဲ့သည်မှာ "ဟန္ဒ ဘိက္ခု အပေါင်းတို့ သင်္ခါရ (ပြုသမျှ အရာ အားလုံး) ဖြစ်သမျှ အားလုံး ပျက်ရာ၏၊ အနိစ္စ သဘောဆောင်၏၊ ပျင်းရိခြင်း မပြုဘဲ ဘဝ၏ ပန်းတိုင် (ဦးတည်ချက်) ကိုရရှိအောင် ကြိုးစားအားထုတ်ကြလော့။ တထာဂတ ငါဘုရား၏ နောက်ဆုံးမှာကြားချက် (ဝါဆ) ဖြစ်သည်။

ဤသို့ဖြင့် ဘုရားရှင်မြတ်ဗုဒ္ဓသည် မိမိဘဝ၏ နောက်ဆုံးအချိန် ကာလအထိ ဘိက္ခုသံဃာများ အကျိုးအမြတ် ဖြစ်စေသည့် ဒေသနာသိက္ခာမျိုးဖြင့် မြွက်ကြား ဟောပြော မှာကြားခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com



## မဟာပရိနိဗ္ဗာန်

ထိုနေ့မှာ ကဆုန်လ၏ လပြည့်နေ့ဖြစ်ခဲ့သည်။ ထိုနေ့တွင် သိဒ္ဓတ္ထဂေါတမ ဘုရားလောင်း အဖြစ်ဖြင့် လုမ္ဗိနီ သာလဝန်တွင် မွေးဖွားခဲ့သည်။ ကဆုန်လပြည့်နေ့တွင် ရှင်ဗုဒ္ဓသည် ဗုဒ္ဓဂါယာတွင် ဗုဒ္ဓအဖြစ်ကိုရခဲ့သည်၊ ယခုတဖန် ထိုမြတ်သော ကဆုန်လပြည့်နေ့တွင် ဘုရားရှင်မြတ်ဗုဒ္ဓသည် မဟာပရိနိဗ္ဗာန်ဝင်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုလပြည့်နေ့ညတွင် ကုသိနာရာရှိ မလ္လမင်းတို့၏ သာလဝန်မှာ လရောင်ခြည်များ အောက် လင်းတောက် လျက်ရှိနေခဲ့ပါသည်။ သာလပင်များ၏ သစ်ကိုင်းသစ်ရွက်များမှ လရောင်ခြည်များသည် ထိုးဖောက်ကာ သာလပင်နှစ်ပင်ကြား သီဟာသနာ သလွန်တော်ပေါ် လဲလျောင်းနေသည့် ဘုရားရှင် မြတ်ဗုဒ္ဓ၏ မျက်နှာတော်နှင့် ခန္ဓာကိုယ်ပေါ် လရောင်ခြေ ကျရောက်လျက်ရှိရာ မြတ်ဗုဒ္ဓ၏ ခန္ဓာကိုယ်မှာ သူ့သဘာဝ အလျောက်လည်း လရောင်ခြည်ပမာ လင်းထိန် တောက်ပလျက် ရှိခဲ့ပါသည်။ ထိုညတွင် ပေါ်ထွန်းနေသည့် ရှုခင်းမှာ အလွန်တရာ ထူးဆန်း လှပတင့်တယ်ခဲ့၏။ ဘိက္ခုအပေါင်း တို့သည် လက်အုပ်ချီလျက် သဒ္ဓါကြည်ညိုသည့် မျက်စေ့ဖြင့် မျက်တောင်မခတ် ဘုရားရှင်အား ကြည့်လျက်ရှိခဲ့ကြသည်။ နတ်တို့မှာလည်း ဘိက္ခုတို့နှင့် ထပ်တူထပ်မျှ လက်အုပ်ချီကာ ဘုရားရှင်အား ဖူးမြော်လျက် ရှိခဲ့ကြသည်။ လသာနေသည့် ထိုည၌ ညအချိန်ပျံသန်းတတ်သည့် ငှက်များလည်း သစ်ပင်သစ်ရွက်များကြားမှာ တိတ်ဆိတ်လျက် ရှိခဲ့ကြသည်။ သဘာဝ ပတ်ဝန်းကျင်တခုလုံးမှာ တိတ်ဆိတ်နေကာ ဘုရားရှင်အား ဖူးမြော်နေဟန်ပေါ် နေပါသည်။

တထာဂတ ဗုဒ္ဓသည် အနောက်အရပ်သို့ မျက်နှာမူ၍ သလွန်ပေါ်အေးချမ်းစွာ လဲလျောင်းလျက်ရှိခဲ့သည်။ ထိုအခါ ဘုရားရှင်သည် သမာဓိအဆင့် (၄) ဆင့်၏ ပထမအဆင့်၌ တည်လေသည်။ ပထမအဆင့်မှာ တည်နေကာ တခါ ဒုတိယအဆင့်သို့





ကူးကာ သမာဓိတည်ခဲ့၏။ ဒုတိယအဆင့်မှ တဆင့် တတိယအဆင့်၊ တခါ တတိယ အဆင့်မှ စတုတ္ထအဆင့်၌ သမာဓိ တည်ခဲ့လေသည်။ စတုတ္ထအဆင့်မှ တည်နေကာ အာကာသညယ အာယတနမှ ထိုတဆင့် ဝိဉာဏ် ညအာယာတနမှ တဆင့် အကိဉ္စညာယာတနာ မှတဆင့် နဲဝသညာ ယတန မှတဆင့် သဘာဝေဒယိတ နိရောဓ၌ တည်ရှိသွားခဲ့သည်။

ထိုအဖြစ်ကို မြင်တွေ့၍ အာနန္ဒာမှာ ရှင်အနုရုဒ္ဓါအား မေးတော်မူခဲ့၏။ "ရှင်အနုရုဒ္ဓါ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်ခဲ့ပြီလား။" မဝင်ရသေးပါ အာနန္ဒာ၊ ဘုရားရှင်မှာ သညဝေဒ ယိတနိရောဓ အဆင့်၌ တည်လျက်ရှိဆဲပါ။ ထိုအခါ သမာဓိအဆင့် လေးဆင့်တို့၏ အမြင့်ဆုံးအဆင့်မှထွက်၍ နဝသညာ၊ နာသညာယာတန၌ တည်တော် မူလေသည်။ ထိုအဆင့်မှာ မဟာပရိနိဗ္ဗာန် ဝင်တော်မူခဲ့သည် အဆင့်ဖြစ်သည်။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်တော်မူသည်နှင့်အတူ ပထဝီမြေသည် ကြီးပြင်းစွာ လှုပ်ရှားလာခဲ့ပြီး၊ နတ်ပြည်၌ တူရိယာ အမျိုးမျိုးတို့ကို တီးမှုတ်သည့် အသံများ ပေါ်လာခဲ့ကြလေသည်။

ရှင်အနုရုဒ္ဓါကဲ့သို့ ဝါရင့်ကြီးမြတ်သော ဘိက္ခုများ အချို့သာလျှင် ဘုရားရှင်မှ သမာဓိ အဆင့်ဆင့်တို့၌ တည်လျက် နောက်ဆုံး ပရိနိဗ္ဗာန် ဝင်ခဲ့သည့် အဖြစ်အပျက်ကို ပီတိတို့ သမာဓိ ကောင်းနေသော ဒိဗ္ဗစက္ခုဖြင့် မြင်တွေ့နိုင်ခဲ့သည်။ ရှင်အနုရုဒ္ဓါမှာ သတိပဋ္ဌာန်းလေးခုတို့ကို လေးလေးနက်နက် သိရှိနားလည် ကျင့်ကြံအား ထုတ်ခဲ့သူ ရဟန်းတပါး ဖြစ်ခဲ့ပါသည်။ ဘုရားရှင် ကိုယ်တော်တိုင်က ဒိဗ္ဗစက္ခု ရရှိထားပြီး ငါ၏ ရဟန်းများအနက် ရှင်အ နုရုဒ္ဓါမှာ အဂ္ဂဖြစ်၏ ဟူ၍ ချီးမွမ်းအနုမောဒန ပြုခဲ့ဖူးပါသည်။

ဗောဓိဉာဏ် အဆင့်ကို ရရှိပြီးနောက် (၄၅) နှစ်တိတိ များပြားသော ဘိက္ခု သံဃာ၊ ဥပသကာ၊ ဥပါသိကာ တို့၏ စိတ်နှလုံးမှ အဝိဇ္ဇာနှင့် တူသော အမှောင်ကို မိမိ၏ တရားမီးတို့ဖြင့် သုတ်သင်ပြီး လင်းထိန်စေခဲ့သော အရှင်မြတ်ဗုဒ္ဓသည် ယနေ့ဆိုပါလျှင် ဖြစ်ပျက်မှု အနိစ္စ သဘောတရားနှင့်အညီ ပရိနိဗ္ဗာန်သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

ဘုရားရှင် မဟာပရိနိဗ္ဗာန် ဝင်သည်ကို သဟာပတိ ဗြဟ္မာမှာ ဂါထာကို ရွက်ဆိုခဲ့သည်။ "သံသရာ၌ သတ္တဝါတိုင်းသည် အသက်(ဇီဝ)မှ ဆုံးရှုံးရမည်ဖြစ်၏။ ဘုရားရှင် တထာဂတ (ဂုရု) ကဲ့သို့သော မဟာဗလရှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လည်း ပရိနိဗ္ဗာန်နှင့်ကြုံရပေသည်။" ဘုရားရှင်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်ခဲ့သည့်အခါ သကြားနတ်မင်းက "သင်္ခါရပါ ဖြစ်ပေါ်သမျှ ကေန်မုချ ပျက်ရ၏။" ဖြစ်ပြီးပျက်ကာ အေးငြိမ်းသွားရခြင်းသည် သုခချမ်းသာ အမှန်ဖြစ်သည်။

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်တော်မူပြီး သတင်းကိုကြား၍ ရာဂဒေါသ မကင်းစင်သေးသည့် ဘိက္ခုများသည် တစ်ဦးလက် တစ်ဦးကိုင်လျက် ငိုကြွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သော ဘိက္ခုတို့သည် ဖြတ်လှဲချလိုက်သည့် သစ်ပင်ပမာ မြေကြီးပေါ် ပစ်လှဲလျက် လူးလိမ့်ငိုကြွေးကြသည်။ ဥမ္မဇာဉ်ဉာဏ်ရရှိထားပြီးဖြစ်သော ရဟန်းတော်များကမူ ထိုအဖြစ်ကို သင်္ခါရ သဘောတရားနှင့် အညီဖြစ်ကြောင်းကို နားလည်သဘော ပေါက်ကြသဖြင့် တည်ငြိမ်စွာ မလှုပ်မရှက်နေမြဲ နေထိုင်လျက်ရှိကြသည်။ ထိုအဖြစ် အပျက်များကို မြင်တွေ့ရ၍ ရှင်အနုရုဒ္ဓါက ရဟန်းပရိသတ်အလယ်၌ ဤသို့ မိန့်တော်မူသည်။

ငါ့ရှင်တို့ သောကမဖြစ်ကြနှင့်၊ မငိုကြွေးကြနှင့်။ ဘုရားရှင်ဟောကြားထားသည့် တရားတော်များကိုသာ အမှတ်ရကြ။ ချစ်ခင်အပ်သော အရာအားလုံးနှင့် ကွဲကွာရခြင်းဟူသည် ဖြစ်မြဲတံထွာ ဓမ္မတာအတိုင်းပင် ဖြစ်သည်။ ငါ့ရှင်အနန္ဒာ၊ ကုသိနာရာမြို့တွင်းသို့ဝင်ပြီး၊ မလ္လမင်းတို့အား ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး ဖြစ်ကြောင်း သတင်းပေးပေတော့။ တန်ပါဘုရားဟု ပြန်ကြားလျှောက်ထားပြီး၍၊ ရှင်အာနန္ဒာသည် ဒုကုဋ်သင်္ကန်းကြီးအား ပုခုံးပေါ်တင်လျက် သပိတ်လွယ်ကာ ကုသိနာရာမြို့တွင်းသို့ တပါးတည်း ကြွချီတော်မူလေသည်။ ထိုအချိန်တွင် ကုသိနာရာမှ မလ္လမင်းများသည် မြို့အလယ်ခေါင်ရှိ ခန်းမဆောင်တွင် စည်းဝေးလျက် ရှိကြသည်။ ရှင်အာနန္ဒာလည်း ထိုခန်းမဆေ ာင်သို့ဝင်သွားကာ မလ္လမင်းတို့အား ဖြစ်ပျက်ပုံကို ပြောပြခဲ့သည်။

ရှင်အာနန္ဒာထံမှ ဘုရားရှင် ပရိတ်နိဗ္ဗာန် စံဝင်တော်မူပြီးဖြစ်ကြောင်း သတင်းစကား ကြားရသော ထိုတဒင်္ဂ၌ပင် မလ္လအမျိုးသား၊ အမျိုးသမီး ကလေး လူကြီး အားလုံးတို့သည် စိတ်သောကများစွာ ဖြစ်ကြသည်။ အချို့သော ယောကျာ်း မိန်းမတို့ကား ကြေကွဲစရာကောင်းသော အသံဖြင့် ရင်ပတ်ကိုထုလျက် ငိုကြွေး



ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီး ဘုရားရှင်၏ ရုပ်ကလပ်ကို မလ္လမင်းများ ပူးမြော်နေသည့်ပုံ



ကြလေသည်။ ကုသိနာရာမှ မလ္လအမျိုးသားတို့သည် ဆီမွှေးနံ့သာနှင့် ပန်းမာလာ အမျိုးမျိုး အတီးအမှုတ် အဖုံဖုံတို့ကို စုစည်းကြလေသည်။ ပိတ်စအမျိုးမျိုးတို့ကို စုစည်း၍ မဏ္ဍပ်ဆောက်သူကဆောက်၊ ပန်းမာလာတို့ဖြင့် ဖြန့်ကြကာ ရှိခိုးသူများက ရှိခိုးဖြင့်၊ ဘုရားပူးသူတို့ဖြင့် တနေ့တခြားပိုမို၍ များပြားဝေစည်လာခဲ့ပေသည်။ တဘက်တွင် ဘုရားရှင်အား မီးသင်္ဂြိုဟ်မည့် အစီအစဉ်နှင့် အခန်းအနားတို့ကိုလည်း လိုအပ်သလိုပြင်ဆင် ကြကုန်လေသည်။ ရှင်အာနန္ဒာက ဘုရားရှင်၏ ခန္ဓာကိုယ်ကို ပူးမြော်လိုသည့် စိတ်ဆန္ဒဖြင့် ရောက်လာကြသော လူထုကြီးကို စံနစ်တကျ ပူးမြော်ခွင့်ရနိုင်အောင် စီစဉ်ပေးရသည်။ လူထုပရိသတ်များပြားလွန်းသဖြင့် အမျိုးသမီးများအား ဦးစားပေး စံနစ်ဖြင့် စီစဉ်ရသည်။ ထိုသို့ပူးမြော်ကြရင်း ပြင်ဆင်ကြရင်းဖြင့် လေးရက်တိတိ ကုန်လွန်ခဲ့ပြီးဖြစ်သည်။ အခန်းအနား အတီးအမှုတ်တို့ ခန်းနားသိုက်မြိုက်စွာ ကျင်းပရင်းနှင့်ပင် ပဥ္စမ ဆဋ္ဌမနေ့တို့မှာလည်း ကုန်ဆုံးခဲ့ပြီး သတ္တမမြောက်နေ့တွင် မလ္လတို့၏ အကြီးအကဲရှစ်ဦးတို့သည် ဦးခေါင်းမှ ရေစင်သွန်းချိုးပြီး၊ သန့်ပြန့်သစ်လွင်သော အဝတ်ထည်တို့ကို ဝတ်ဆင်ကာ ဘုရားရှင်၏ သရီရ ရုပ်ကလာပ်တော် တင်ထားသည့် ထမ်းစင်ကို ချီးပိုးထမ်းရွက်ရန် အားထုတ်ကြလေသည်။ အံ့ဩစရာကောင်းသည်မှာ ထိုရှစ်ယောက်သော မလ္လတို့ မည်မျှပင်အားထုတ်ကြစေကာမူ ထမ်းစင်ကို ထမ်းရွက်၍ မရနိုင်အောင်ဖြစ်နေခြင်းပင်။ ထိုအဖြစ်ကို ဒိဗ္ဗစက္ခုရှင် အရှင်အနုရုဒ္ဓါအား မေးမြန်းလျှောက်ထားခဲ့ကြရာ အရှင်က မလ္လတို့အား ဤသို့ ရှင်းပြတော်မူလေသည်။

"အရှင်း မလ္လမင်းတို့၊ သင်တို့စီစဉ်ပုံနှင့် နတ်ဗြဟ္မာတို့၏ စီစဉ်ပုံက မတူကွဲပြား တခြားစီဖြစ်နေ၍ ဤအဖြစ်မျိုးဖြင့် ကြုံနေရခြင်းဖြစ်သည်" ဟုမိန့်တော်မူသည်။

"အရှင်ဘုရား နတ်တို့က အဘယ်သို့သော စီစဉ်ပုံမျိုးကို နှစ်ခြိုက်ကြပါသလဲ"ဟု မလ္လတို့က ထပ်မံလျှောက်ထားခဲ့ကြပြန်ရာ၊

အရှင်အနုရုဒ္ဓါက "ဒကာတော် မလ္လမင်းတို့၊ သင်တို့က အဆိုအက အတီးအမှုတ်နှင့်တကွ ဘုရားရှင်၏ ရုပ်ကလာပ်တော်အား မြို့၏တောင်ဘက်အရပ်မှ ထုတ်သွားပြီး မြို့ပြင်ပမှာဆင့် တောင်ဖက်အရပ်၌ မီးသင်္ဂြိုဟ်ချင်ကြသည် မဟုတ်လော။ နတ်တို့ကား ဘုရားရှင်၏ သရီရကိုယ်တော်အား မြောက်ဘက်တံခါးမှထုတ်၍ မြို့အလယ်နေရပ်သို့ ပြန်သယ်လာကာ အရှေ့ဖက်တံခါးမှ ပြန်ထွက်၍ အရှေ့အရပ်ရှိ မလ္လတို့ ကိုးကွယ်ရာ မကုဋဗန္ဓန (လက်ရှိ ရာမာဘာရ စေတီတော်) အနီး၌သွင် မီးသင်္ဂြိုဟ်ချင်ကြတာဖြစ်တယ်"ဟု မိန့်တော်မူရာ၊ မလ္လတို့လည်း နတ်တို့၏ စိတ်ဆန္ဒ အလျောက် ဖြစ်ပါစေတော့ဟု အရှင်အနုရုဒ္ဓါအား ဝန်ခံလျှောက်ထားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရက်ပိုင်းအတွင်း ကုသိနာရုံ တဝိုက်တွင် မန္ဒာရဝ ခေါ် နတ်ပန်းတမျိုး ကောင်းကင်ယံမှ မိုးရွာသလို တဖွဲဖွဲ သက်ဆင်း၊ ပြန့်ကြဲနေခဲ့ရာ လူတို့ပုခုံး၊ ခါးအထိ ပုံအောနေတော့သည်။ နတ်တို့က နတ်၌ဖြစ်သော ပဋ္ဌင်တူရိယာ၊ စည်းစောင်းညှင်း သံသာတို့ဖြင့်လည်းကောင်း၊ မလ္လတို့က လူ၌ဖြစ်သော နာဋအနု ဆို၊ က၊ တီးမှုမျိုးစုံ တို့ဖြင့်လည်းကောင်း နောက်ဆုံးပူဇော်ကြလျက် ဘုရားရှင့်ရုပ်ကလာပ်တော်အား မြို့၏ မြောက်ဘက်မှ မကုဋဗန္ဓန ကျောင်းတော်နေရာအရောက် သယ်ဆောင်လာခဲ့ကြသည်။ ဗုဒ္ဓ၏ ရုပ်ကလာပ်တော်အား တေဇောဓါတ် လောင်ကျွမ်း၍ မီးသဂြိုဟ်ပူဇော်ခြင်း အခန်းအနားသည် ဗုဒ္ဓဘာသာသမိုင်းတွင် အခန်းအနားဆုံးအဖြစ် သမိုင်းတွင်ရစ် ပေတော့သည်။ ယင်းကို မလ္လတို့က အစမှ အဆုံးတိုင် စီမံခဲ့ကြခြင်းဖြစ်သည်။

ထိုသို့သော အခမ်းအနားဖြင့် ဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်အား မကုဋဗန္ဓန ကျောင်းတော်အနီးသို့ သယ်ဆောင်လာပြီး မလ္လမင်းတို့သည် အရှင်အာနန္ဒာအား ဤသို့လျှောက်ထားခဲ့ကြသည်။

"အရှင်ဘုရားအာနန္ဒာ ဆက်လက်ပြီး ဘုရားရှင်၏ ရုပ်ကလာပ်တော်အား မည်သို့မည်ပုံ ပြုလုပ်ရပါမည်နည်း။"

"အသင် မလ္လမင်းတို့ စကြာဝတေးမင်းမြတ်တို့၏ အလောင်းကို ပြုရာဘိသကဲ့သို့ ဘုရားရှင်၏ သရီရရုပ်ကလာပ်တော်အား ဆက်လက်ပြုလုပ်သွားရပါမည်။"

"အရှင်ဘုရား၊ စကြာဝတေးမင်းတို့၏ အလောင်းကို မည်သို့မည်ပုံပြုလုပ်ရပါသနည်း။"

"အသင် မလ္လမင်းတို့ စကြာဝတေးမင်းမြတ်တို့၏ အလောင်းကို ဦးစွာ ပထမ အဝတ်သစ်ဖြင့် ပတ်ရစ်ရပါသည်။" ဆက်လက်၍ ဘုရားရှင် ကိုယ်တော်တိုင် (သက်တော်ထင်ရှား ရှိစဉ်အခါက) ရှင်အာနန္ဒာအား မိန့်တော်မူခဲ့သည့် အစီအစဉ်အတိုင်း အသေးစိတ် ရှင်းလင်း မိန့်ကြားတော်မူခဲ့ပေသည်။

ရှင်အာနန္ဒာ၏ ရှင်းပြချက်အရ မလ္လမင်းတို့သည် ဘုရားရှင်၏ဥတုဇ ရုပ်ကလာပ်တော်အား ဦးစွာပထမ အဝတ်ဖြူအသစ်ဖြင့် ရစ်ပတ်ကြသည်။ ၎င်းအပေါ်က ဝါဂွမ်းဖြင့် တထပ်ပတ်ပြန်သည်၊ ၎င်းအပေါ်က ငါးရာသော အဝတ်တို့ဖြင့်





ပတ်ပြန်သည်။ ထိုသို့ ပတ်ထားပြီးနောက် ကြေးနီအိုး၌ လှောင်ထားသည့် ဆီတွင်ထည့်စိမ်ကာ စန္ဒကူးနံ့သာ သစ်မွှေးမျိုးစုံတို့ဖြင့် ပြုလုပ်ထားသည့် သစ်မွှေးပုံကြီး ပေါ်သို့တင်ပေးကြသည်။

## ရှင်မဟာကဿပ ဘုရားရှင်အားနောက်ဆုံးဖူးမြော်ခြင်း။

ကုသိနာရုံမှာ ဘုရားရှင်အလောင်းကို မီးသဂြိုဟ်ရန် ပြုလုပ်နေစဉ် အချိန်အတိုး အတွင်း အရှင်မဟာကဿပသည် ရဟန်းအပေါင်း ငါးရာခြံရံလျက် ပါဝါနှင့်ကုသိနာရုံ လမ်းစပ်ကြားဝယ် ခရီးရှည်ကြွချီလျက် ရောက်ရှိနေခဲ့သည်။ ထိုစဉ် လမ်းမကြီးဘေးရှိ သစ်ပင်တပင်အောက် ခေတ္တအနားယူနေခိုက် ကုသိနာရုံဖက်မှ လာနေသော အာဇီဝက ရသေ့တပါးကို လှမ်းမြင်လိုက်ရသည်။ ရှင်မဟာကဿပက ထိုရသေ့အား အနားသို့ ခေါ်လျက် "ငါ့ရှင် ငါတို့၏ဆရာ ရှင်တော်ဗုဒ္ဓအား သင်သိပါသလော" မေးလိုက်သည်။

"မှန်နှိပ်ပါ့ငါ့ရှင်၊ သင်တို့၏ဆရာ သမဏဂေါတမကို ကျွန်ုပ်သိပါတယ်။ သမဏဂေါတမ ပရိနိဗ္ဗာန်ပြုသွားသည်မှာ ယနေ့ဆိုလျှင် ရက်သတ္တပတ်တောင် ရှိနေပါပြီ။ ဤပန်းကို ပင်လျှင် အရှင်ဂေါတမရဲ့ ရုပ်အလောင်းကို မီးသဂြိုဟ်ဖို့ရန် စီစဉ်နေကြသည့်အရပ်မှ ကောက်ယူလာခဲ့ခြင်း ဖြစ်ပါတယ်" ဟူ၍ပြောပြခဲ့သည်။

ထိုသတင်းကိုကြားသိရ၍ ရှင်မဟာကဿပနှင့်တကွ နောက်ပါ ရဟန်းတော်တို့သည် စိတ်ဒေါသကကြီးစွာ ဖြစ်ကြသည်။ ထိုရဟန်းတော်များအနက် သုဘဒ္ဒ (နာမည်တူ နောက်ရဟန်းတော်တပါးလည်းရှိသေး) အမည်ရှိသော ရဟန်းတပါးသည် ၎င်း၏ မိတ်ဆွေဟောင်းဖြစ်ခဲ့ဖူးသူတချို့ပါဝင်သည့် ရဟန်းသံဃာတို့၏ အလယ်တွင် ဤသို့ ပြောဆိုလာခဲ့သည်။

ငါ့ရှင်တို့၊ သောကဖြစ်စရာမရှိတော့ပါ၊ မဟာသမဏ ရှင်ဂေါတမဟာ သက်တော်ထင်ရှား ရှိခဲ့စဉ်တုန်းက ငါတို့အား ဒီဟာမလုပ်နဲ့၊ ဟိုဟာလုပ်ပါ။ ဒီလိုနေထိုင်ပါ၊ ဟိုလိုကျင့်ကြံပါ စသဖြင့် အမြဲပြောဆို ထိန်းကျောင်းလာခဲ့သည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ယှဉ်သူမရှိတော့တဲ့ကာလမှာ ငါတို့ ကြိုက်ရာလုပ်လို့ရနိုင်ပြီ စသည် အားဖြင့် သွားပုတ်လေလွင့် ထုတ်ဖော် ပြောဆိုလာခဲ့သည်။



မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသွားပြီးအဖြစ်ကို အာဇီဝက ရသေ့ ရဟန်းများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပုံ

ထိုအခါ ရှင်မဟာကဿပသည် ရဟန်းအပေါင်းတို့ကို ဤသို့မြွက်ကြားခဲ့သည် “ရဟန်းတို့ စိုးရိမ်သောက မဖြစ်ကြနှင့်၊ ရှင်တော်မြတ်ဗုဒ္ဓဟာ ငါတို့အားလုံးကို သင်္ခါရအားလုံးဟာ အနိစ္စဖြစ်တယ်၊ ဘယ်အရာမျှ ထာဝရ တည်မြဲသော အရာဟူ၍ မရှိ။ ဖြစ်သမျှ ပျက်ကြရတယ်။ ဤအမှန်တရားကို မည်သူကမှ မလွန်ဆန်နိုင်။ ငါ့ရှင်တို့ ငါတို့အားလုံး အခုချက်ချင်း ကုသိနာရုံသို့ ခရီးဆက်ပြီး ဘုရားရှင်အား မီးမသင်္ဂြိုဟ်ခင်မှာ ရအောင်ဖူးမြော်ကြစို့”ဟု ပြောဆိုကာ ကုသိနာရုံသို့ ခရီးဆက်ခဲ့ကြလေသည်။

တဘက်တွင် မလ္လလေးဦးတို့သည် ရေချိုးသန့်စင်ပြီး၊ ဘုရားရှင်၏ သရီရ ရုပ်အလောင်းတော်အား နံ့သာထင်းပုံတွင်တင်ကာ မီးသင်္ဂြိုဟ်ရန် စီစဉ်နေခဲ့ကြသည်။ သို့ရာတွင် အလောင်းတော်ကို မီးရှို့သော်လည်း မီးမလောင်ခြင်းကို မြင်တွေ့ကြရ၍ အာလုံးသောပရိသတ်မှာ အံ့အားသင့်လျက်ရှိကြသည်။ အကြောင်းရင်းကို အရှင်အနုရုဒ္ဓါအား လျှောက်ထား၊ မေးမြန်းကြသည့်အခါ အရှင်သည် မိမိရရှိထားသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှုသုံးသပ်တော်မူကာ ဤသို့ပြောပြတော်မူသည်။

“အသင် မလ္လမင်းအပေါင်းတို့ ဘုရားရှင်ဗုဒ္ဓ၏တပည့် အဂ္ဂသာဝကတပါးဖြစ်သူ ရှင်မဟာကဿပသည် ရဟန်းသံဃာအပေါင်း ငါးရာခြံရံလျက် ဘုရားရှင်အား နောက်ဆုံးဖူးမြော်ရန် ဤနေရာသို့ ကြွရောက်လာနေသည်။ ရှင်မဟာကဿပသည် ဘုရားရှင်၏ ခြေတော်အစုံကို ရှိခိုးပူဇော်ခြင်းမပြုရသေးသမျှ ကာလပတ်လုံး ဘုရားရှင့် ရုပ်ကလာပ်တော်အား မီးစွဲလောင်မှာ မဟုတ်ကြောင်း ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။”

ထို့နောက်မကြာမီ အချိန်ကာလတွင်ပင် ရှင်မဟာကဿပနှင့် ရဟန်းအပေါင်း ငါးရာတို့သည် မကုဋဗန္ဓန နေရာသို့ ရောက်ရှိလာခဲ့ကြလေသည်။ ဦးစွာပထမ ရှင်မဟာကဿပသည် ဘုရားရှင်၏ ရုပ်ကလာပ်တင်ထားရာ ထင်းပုံကို လက်ယာရစ်





သုံးပတ်လှည့်လျက် ခြေတော်အစုံကိုလှမ်း၍ မိမိ၏ ဦးခေါင်းတော်ဖြင့် သုံးကြိမ်ထိကာ ရှိခိုးအရိုအသေပြုခဲ့သည်။ ထို့နောက် နောက်လိုက် ဘိက္ခုငါးရာတို့သည်လည်း ရှင်မဟာကဿပနည်းတူ ဘုရားရှင်ကို ရှိခိုးပူဇော်ခဲ့ကြသည်။ ထိုသို့ ပူဇော်ပြီးသော် မလ္လလေးဦးတို့သည် “စိတ္တာ” ခေါ် ဘုရားရှင် ရုပ်အလောင်းတော် တင်ထားသည့် ထင်းပုံကို မီးတို့ခဲ့ကြရာ မီးတောက်လာ၍ တဟုန်းဟုန်း မီးလောင်ကျွမ်းခဲ့ပါသည်။

ဤမကိုဋ်ဗန္ဓန ကျောင်းတိုက်နေရာ သည် မလ္လမင်းတို့ ရာဇဘိသိတ်သွန်းရာ နေရာထူးနေရာမြတ်ဖြစ်သည်။ ရာဇဘိသိတ်သွန်းရာ နေရာဖြစ်၍ မကိုဋ်ဗန္ဓနဟူ၍ အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ဘုရားရှင်၏ ရုပ်ကလာပ်တော် တေဇောဓါတ် လောင်ကျွမ်းခဲ့ပြီးနောက် ကောင်းကင်ယံတွင် မိုးတိမ်များတက်လာကာ မိုးရွာချခြင်းဖြင့် “စိတ္တာ” မီးပုံကြီး အေးငြိမ်းစေသည်။ မလ္လမင်းတို့မှလည်း နံ့သာရည် အမျိုးမျိုးပက်ဖြန်းပြီး စိတ္တာကို အေးငြိမ်းစေသည်။ ထို့နောက် မလ္လမင်းတို့သည် ဘုရား၏ ဓါတ်တော်များကို ကောက်ယူစုပုံ၍ မလ္လမင်းတို့ပိုင် မြို့တော်ခန်းမဆောင်၌ ခုနစ်ရက်တိတိ အစောင့်အရှောက်နှင့် ထားခဲ့ပြီး အတီးအမှုတ် အဆိုအကတို့ဖြင့် ခန်းနားသိုက်မြိုက်စွာ ပူဇော်ကြကုန်လေသည်။ ဓါတ်တော်များကို လုံခြုံစွာထားရှိပြီးနံ့သာ အမျိုးမျိုး ပက်ဖြန်းကာ ပူဇော်ကြသည်။

## ဓါတ်တော်များ ခွဲဝေရာ၌ဝိဝါဒ ပေါ်ထွန်းလာခြင်း။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီဟူသော သတင်းသည်အရပ် လေးမျက်နှာသို့ အလျှင်အမြန်ပျံ့နှံ့သွားခဲ့သည်။ ဝေဒေဟီ မိဖုရား၏သား မင်းအဇာတသတ်သည်

www.burmeseclassic.com

www.burmeseclassic.com





ဓါတ်တော်ကို သိမ်းပိုက်ကြရန် မင်းများ အချင်းချင်း ဓါးဆွဲလှံဆွဲ ပြုလုပ်လာခဲ့ကြသည့်ပုံ

ထိုသတင်းကိုကြားသိရ၍ တမာန်တော်တဦးအား အောက်ဖော်ပြပါ သဝဏ်လွှာနှင့် အတူ ကုသိနာရုံသို့ ချက်ချင်း စေလွှတ်လိုက်သည်။ သဝဏ်လွှာမှာ ...

"ရှင်တော်မြတ်ဗုဒ္ဓသည် ခတ္တိယအနွယ်ဖွားဖြစ်၏။ ငါသည်လည်း ခတ္တိယ အနွယ်ဖွားဖြစ်သည်။ သို့ဖြစ်ပါ၍ ဘုရားရှင်၏ ဓါတ်တော်ကို ငါတို့ရယူလိုပါသည်။ ထိုဓါတ်တော်များကို ဌာပနာပြီး စေတီပုထိုးတည်ကာ အစဉ်ပူဇော်သွားရန် ရည်ရွယ်သည်။" ဟူ၍ဖြစ်၏။

ဝေသာလီမှ လိစ္ဆဝီမင်းများကလည်း ဘုရား၏ဓါတ်တော်များကို တောင်းဆို လာခဲ့ကြသလို ကပ္ပိလဝတ္ထုမှ သကျမင်းတို့လည်း မျိုးရိုးနွယ်တူဖြစ်ခြင်းကို အကြောင်းပြု၍ ရှင်တော်ဗုဒ္ဓ၏ ဓါတ်တော်ကို တောင်းဆိုလာခဲ့ကြသည်။ အလားတူ အလ္လကပ္ပမှ ဗူလီများ၊ ရာမဂါမမှ ကောလိယများ၊ ဝေဓာဒိပမှဗြဟ္မဏများ၊ ပါဝါမှ မလ္လများ၊ ထောင့်အသီးသီးတို့မှ ဘုရားရှင်ဗုဒ္ဓ၏ ဓါတ်တော်ကို ရယူလိုကြောင်း ကုသိနာရုံ မလ္လမင်းတို့ထံ တင်ပြလာခဲ့ကြလေသည်။ ထိုသို့ ဂဏနိုင်ငံအချို့နှင့် ဘုရင့်နိုင်ငံ အချို့တို့က ဘုရားဓါတ်တော်ကို ပိုင်ဆိုင်ရယူလိုကြောင်း တောင်းဆိုလာသည်။ ထိုအခါ မလ္လမင်းတို့က ဘုရားရှင် မြတ်ဗုဒ္ဓသည် ငါတို့နိုင်ငံပိုင်နက်အတွင်း ပရိနိဗ္ဗာန်စံတော် မူခဲ့သည့် အားလျော်စွာ ဓါတ်တော်များကို ငါတို့သာ ပိုင်ဆိုင်ခွင့်ရှိသည်။ ငါတို့သည် ဓါတ်တော်များကို ဘယ်သူ့ကိုမှ မပေးနိုင်ကြောင်းကြေညာ ခဲ့လေသည်။ မလ္လမင်းတို့၏ အဆိုပါ ကြေညာချက်ကြောင့် အခြေအနေ တင်းမာလာခဲ့ပြီး နိုင်ငံများအချင်းချင်း အကြား စစ်မက်ဖြစ်လာနိုင်သည်အထိ ဆိုးဝါးလာခဲ့သည်။

ထိုသို့ အငြင်းပွားလာသည့်အခါ ဒေါဏမည်သော ပုဏ္ဏားဆရာကြီးတစ်ဦးမှ ကြားဝင်လာခဲ့ပြီး အားလုံးအဆင်ပြေ ချောမောသွားရန် ဤသို့အဆိုပြုလာသည်။



"နိုင်ငံအသီးသီးမှ တောင်းဆိုမှု ပြုလာကြသော မင်းအပေါင်းတို့ ငါတို့ဘုရား ရှင်တော်မြတ်ဗုဒ္ဓသည် အစဉ်သဖြင့် အေးချမ်းမှုနှင့် ခွင့်လွှတ်မှုသည်းခံခြင်း တရားများ ကိုသာ သွန်သင်တော်မူခဲ့သည့် အထူးခြားဆုံး၊ အတုမဲ့ ဘုရားတစ်ဆူ ဖြစ်သည်။ ငါတို့အားလုံးသည် ငါတို့ ဘုရားနှင့် သူ့တရားမြတ်ကို အစဉ်လိုက်နာ ရှိခိုးပူဇော် ကြလို၏။ သို့ဖြစ်ပါ၍ ဘုရားရှင်၏ ဓာတ်တော်များကို ယခု ဤနေရာသို့ စုရုံးရောက်ရှိ နေသည့် မင်းကိုယ်စားလှယ် ရှစ်ဦးတို့အကြား ညီတူညီမျှ ခွဲဝေယူကြပါရန် မိမိအနေဖြင့် အားလုံးကို ပန်ကြားလိုပါသည်"ဟူ၍ ဒေါဏပုဏ္ဏားကြီးမှ စေ့စပ်ဖြေရှင်း ပေးလေသည်။

ရှစ်ပြည်ထောင် နိုင်ငံ့ကိုယ်စားလှယ်တော်ကြီးများ အားလုံးလည်း ပုဏ္ဏားဆရာကြီး၏ အဆိုပြုချက်အတိုင်း သဘောတူခဲ့ကြပြီး ဓာတ်တော်များကို ညီတူ မျှတူ ခွဲဝေပေးရန် ဒေါဏ ပုဏ္ဏားကြီးကိုပင် တာဝန်အပ်နှံခဲ့ကြလေသည်။

ထိုသို့သဘောတူညီချက် ရရှိပြီးနောက် ကြေးအိုးတစ်ခုတွင် သိမ်းဆည်း ထားသော ဘုရားဓာတ်တော်များကို ရှစ်စု ခွဲဝေပေးလိုက်ပြီး ကြေးအိုးကို မိမိအတွက် တောင်းယူလိုက်လေသည်။ ထိုကြေးအိုးကို ဌာပနာပြီး စေတီတစ်ဆူတည်ကာ ပူဇော်သွားမည့် အကြောင်းကိုလည်း တစ်ပါတည်းကြေငြာသွားခဲ့သည်။ ပိပ္ပလိဝနမှာ မောရိယာအနွယ်ဝင်တို့ကား အချိန်နှောင်းမှ ရောက်ရှိလာခဲ့ကြသည်။ ဘုရားရှင်၏ ဓာတ်တော်များအလုံး ရှစ်စု၊ ရှစ်ဖို့ ဝေခွဲပြီးသားဖြစ်နေ၍ ၎င်းတို့မှာ မီးအေးငြိမ်းပြီး ကျန်ရစ်ခဲ့သော ထင်းမီးသွေးနှင့် မီးခဲများဖြင့်သာ ကျေနပ်ခဲ့ရပါသည်။ ဤသို့ဖြင့် ထိုခေတ်ထိုအချိန်က စေတီထူပ ပေါ်ပေါက်ခဲ့ရသည်မှာ –

(၁) ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်တည်ခဲ့သော ရာဇဂြိုဟ်မြို့ ၌ စေတီဘုရားတစ်ဆူ။



ဘုရားရှင်၏ ဓါတ်တော်များကို ဒေါဏပုဏ္ဏားက ရှစ်ပုံ ခွဲဝေပေးခဲ့သည့်ပုံ

www.burmeseclassic.com

www.burmeseclassic.com



(၂) လစ္ဆဝီတို့က တည်ခဲ့သော ဘုရားတစ်ဆူ။
(၃) ကပ္ပိလဝတ္ထုမှာ သကျတို့ တည်ခဲ့သည့် ဘုရားတစ်ဆူ။
(၄) အလ္လကပ္ပ၌ ဗူလီတို့ တည်ခဲ့သည့် ဘုရားတစ်ဆူ။
(၅) ရာမာဂါမတွင် ကောလိယတို့ တည်ခဲ့သည့် ဘုရားတစ်ဆူ။
(၆) ဝေထဒီပမှာ ဖြဟ္မာဏတို့ တည်ခဲ့သည့် ဘုရားတစ်ဆူ။
(၇) ပါဝါ၌ မလ္လတို့ တည်ခဲ့သည့် ဘုရားတစ်ဆူ။
(၈) ကုသိနာရုံမှာ မလ္လမင်းတို့ တည်ခဲ့သည့် စေတီ။
(၉) ပိပ္ပလိဝနမှာ မောရိယတို့ တည်ခဲ့သည့် အင်္ဂါရ စေတီတစ်ဆူ။
(၁၀) ဒေါဏ ဖြဟ္မဏ ဓာတ်တော်များ သိမ်းဆည်းထားသည့် ကြေးအိုး ဌာပနာဖြင့် တည့်ခဲ့သည့် ဘုရားတစ်ဆူ။

ဤသို့ဖြင့် ဘုရားဓာတ်တော်ကို ဌာပနာပြီး တည်ခဲ့သည့် စေတီတော် ရှစ်ဆူရှိလာခဲ့သည်။ ထိုစေတီများအနက် ခုနစ်ခုသော စေတီတော်တို့မှာ ဇမ္ဗူဒီပတွင် တည်ထားခဲ့ခြင်းဖြစ်ပြီး၊ ရာမာဂါမတွင် တည်ထားသည့် ထူပ(စေတီ)ကို နာဂမင်းတို့က ကိုးကွယ်ခဲ့ကြသည်။

ပုထိုးတစ်ခုက သုလောက၌ ပူဇော်ခံရ၍ နောက်စေတီတစ်ခုမှာ ကလိင်္ဂ မင်းရာဇာတို့၏ ပူဇော်ခြင်းကိုခံရ၍ နောက်စေတီတစ်ဆူအား ဂန္ဓာရပူရ၌ ပူဇော်ကြသည်။ ဘုရားရှင်၏ ကေသဓာတု ဆန်တော်အပင်လေးဆယ်တို့ကို နတ်အပေါင်းတို့က မီးသင်္ဂြိုဟ်ခြင်း မပြုခင်ကတည်းက ကဲ့ယူထားကြပြီး စကြာဝဠာ၏ အခြားသော နေရာဌာနများသို့ ဆောင်ကြည်းသွားခဲ့ကြလေသည်။

ယခု ရေးသားဖော်ပြခဲ့ပြီးဖြစ်သော အကြောင်းအရာနှင့် အဖြစ်အပျက်တို့မှာ ဘုရားရှင် မြတ်ဗုဒ္ဓ၏ (ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်မှစ၍) ကုသိနာရုံအထိ ဘဝဖြစ်စဉ် အကြောင်းအရာနှင့် အဖြစ်အပျက်များပင် ဖြစ်ကြသည်။

ဘုရားရှင်သည် မဟာပရိနိဗ္ဗာန်ပြုတော်မူခဲ့သည့်အတွက် ကုသိနာရုံသည် ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အရေးပါလှသော ဖူးမြော်ရာ အဓိကရသမိုင်းဝင် နေရာတခု ဖြစ်လာခဲ့ရပေသည်။ ဘုရားရှင် ကိုယ်တော်တိုင်ကလည်း ကုသိနာရုံကို သံဝေဇနီယ လေးဌာနတွင် တခုအပါအဝင်ဖြစ်ကြောင်းကို ဟောကြားတော် မူခဲ့ပါသည်။
[သံဝေဇနီယ – (အထူးသံဝေဂပွါးအပ်သော နေရာတော်မြတ်များ)။
ဘုရားရှင်အား အထူးအာရုံယူ ဖူးမြော်ပြီး

- ဤနေရာ၌ ဘုရားရှင်လောင်းလျာ ဖွားမြင်တော်မူခဲ့ပေသည်တကား၊
- ဤနေရာ၌ကား ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ် ရောက်ခဲ့ပေသည်တကား၊




- ဤနေရာ၌မှ ဘုရားရှင်သည် ဓမ္မစကြာ တရားဦးဒေသနာတော်ကို ဟောမြွက်တော်မူခဲ့ပေသည်တကား၊
- ဤနေရာဝယ် ဘုရားရှင် နောက်ဆုံး ခန္ဓာဝန်ဇာတ်သိမ်း၍ အေးငြိမ်းနိဗ္ဗာန် ဝင်စံတော်မူခဲ့ပေသည် တကားဟူ၍ သတိသံဝေဂများ အမှန်တကယ် ပွါးများနိုင်က သေလွန်သော ကာလဝယ် အပါယ်လေးပါး မလားရောက်ရကြောင်း မဟာပရိနိဗ္ဗာန သုတ်တွင် ဘုရားရှင်ကိုယ်တော်တိုင် ဗျာဒိတ်တော် မှတ်၍ ဟောကြားတော်မူခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com





## မြတ်ဗုဒ္ဓသည် မဟာပရိတ်နိဗ္ဗာန်စံတော်မူမည့် နေရာအဖြစ် ကုသိနာရုံကို အဘယ်အကြောင်း ထူးများကြောင့် ရွေးချယ်တော်မူခဲ့ပါသနည်း?

မြတ်ဗုဒ္ဓ မဟာပရိနိဗ္ဗာန် ပြုခဲ့သည့် နေရာ ကုသိနာရုံသည် ယနေ့ခေတ် ယူပီပြည်နယ် ဂေါရက္ခပူရ်မြို့မှ အရှေ့ဘက် (၃၂) မိုင်ကွာဝေးပြီး၊ ဒေဝရိယာမြို့မြောက်ဘက် (၂၂)မိုင်ဝေးကွာသော နေရာတွင် တည်ရှိသည်။ ဗုဒ္ဓစာပေများ၌ ဤဒေသကို ကုသိနာရ၊ ကုသိဂါမ စသည့်အမည်တို့ဖြင့် ဖော်ပြထားသည်။ ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်က ဤဒေသကို ကုသိနာရဟုပင် ခေါ်ခဲ့ကြသည်။ ဗုဒ္ဓပွင့်တော်မမူမီ အလွန့်အလွန်ရှေးကျသော ကာလကမူ ကုသာဝတီ အမည်ဖြင့် ကျော်ကြားခဲ့ပါသည်။ ဤမြို့ နေရာကို ကုသိနဂရဟူ၍ ခေါ်ကြသည်။

ကုသိနာရုံသည် ရှေးဟောင်း မလ္လဂဏနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည်။ မလ္လ နိုင်ငံတော်အား အပိုင်းနှစ်ပိုင်းအဖြစ် ခွဲခြမ်း အုပ်ချုပ်ခဲ့ကြသည်။ ကုသိနာရုံသည် မလ္လ နိုင်ငံတော်၏ အရှေ့ပိုင်းမြို့တော်ဖြစ်၍ ပါဝါသည် မလ္လဂဏ၏ အနောက်ခြမ်းမြို့တော် ဖြစ်ခဲ့သည်။ ကကုတ္တမြစ် (ယခုအခေါ် ဃာမတီ မြစ်)ကား မလ္လ၏ ပြည်တွင်း နယ်ခြား မျဉ်းကြီးတခုအလား နယ်ပယ်ကြီးနှစ်ခု၏ စပ်ကြားတွင် တောင်မြောက်သွယ်တန်း၍ တည်ရှိသည်။။ ပါဝါမှ မလ္လတို့၏ သာလဝန(အင်းကြင်းတော)နှင့် ကုသိနာရုံမှ မလ္လမင်းတို့၏ ဥပဝတ္တန(ဥယျာဉ်)တောတို့မှာ ဟိရညဝတီမြစ်နားတွင် ရှိခဲ့ကြသည်။ ကုသိနာရုံမြို့တွင် တည်ရှိသော ပရိနိဗ္ဗာန်ဗုဒ္ဓဝိဟာရ ကျောင်းတော် နောက်ဖက်ရှိ စေတီကြီးမှ ရှေးဟောင်း ကြေးနီပြားပေါ်၌ ရေးသားထားသည့် ကမ္ပည်းစာတွင် *ပရိနိဗ္ဗာန် စေတီတာမရပတ္တ* ဟူ၍ ရေးသားထားကြောင်း တွေ့ရှိရသည်။ ဤကြေးနီပြားသည် အရှင်မြတ်ဗုဒ္ဓ ကုသိနာရုံတွင် ပရိနိဗ္ဗာန်ဝင်ခဲ့ကြောင်း အဓိက အထောက်အထားတစ်ခု ဖြစ်သလို လက်ရှိကုသိနာရုံသည်ပင် ဗုဒ္ဓလက်ထက်တော် ကာလက ကုသိနာရာဖြစ်ကြောင်းကိုလည်း သက်သေခံလျက်ရှိသည်။

ရှင်တော်ဗုဒ္ဓလက်ထက်တော်ကာလက မဇ္ဈိမဒေသတွင် (၁၆) ပြည်ထောင် ရှိခဲ့သည်။ ထိုပြည်ထောင် များ၏အမည်များမှာ အင်္ဂ၊ မဂဓ၊ ကာသိ၊ ကောသလ္လ၊ ဝဇ္ဇီ၊ မလ္လ၊ စေဒိ၊ ဝတ္တသ၊ ကုရု၊ ပဉ္စာလ၊ မစ္ဆသယ၊ သော်ရသေန၊ အဿမက၊ အဝန္တိ၊ ဂန္ဓာရနှင့် ကမ္ဘောဇ တို့ဖြစ်ကြပါသည်။ ၎င်းတို့အနက် မဂဓ၊ ကာသိနှင့် ကောသလ္လ တို့မှာ အင်အားကြီးမားသော ဘုရင့်အုပ်ချုပ်ရေးစံနစ်နိုင်ငံများဖြစ်ပြီး ယင်းတို့ကို အဓိပတိဘုရင် ရာဇာတစ်ဦးစီက အုပ်ချုပ်တော်မူသည်။

ဒီဃနိကာယ်ကျမ်းလာအရ ထိုစဉ်က ဂဏသန္တရ (စုပေါင်းပါလီမန် အုပ်ချုပ်ရေး စံနစ်ကျင့်သုံးသည့်) ဂဏ (၇)နိုင်ငံ ပြည်ထောင်တို့မှာ–

(၁) သကျတို့၏ ကပိလဝတ္ထုပြည်၊
(၂) ကောလိယတို့၏ ရာမာဂါမပြည်၊
(၃) မောရိယတို့၏ ပိပ္ပလိဝနတိုင်း၊
(၄) မလ္လတို့၏ ကုသိနာရတိုင်း၊
(၅) မလ္လတို့၏ ပါဝါတိုင်း၊
(၆) ဗုလိတို့၏ အလ္လကပ္ပတိုင်း၊
(၇) လိစ္ဆဝိတို့၏ ဝေသာလီပြည်၊

ထို့အပြင် ပါဠိစာပေများ၌ ဗုဒ္ဓခေတ်က ဂဏသန္တရစံနစ်ကျင့်သုံးခဲ့သည့် တခြားသုံးနိုင်ငံတို့ကိုလည်း ဖော်ပြကြသေးရာ၊ ယင်းတို့မှာ –

(၁) ဝိဒေဟတို့၏ မိထိလာနိုင်ငံ၊
(၂) ဘဂ္ဂတို့၏ သုသုမာရဂိရိတိုင်း၊
(၃) ကာလာမတို့၏ ကေသပုတ္တတိုင်းတို့ အပါအဝင်ဖြစ်ကြပါသည်။

မြတ်ဗုဒ္ဓ၏ ဘဝနှင့်ပါတ်သက်သည့် ဓမ္မ ဋ္ဌာနများမှာ–

(၁) လုမ္ဗိနီဝန (ဖွားမြင်တော်မူသည့်နေရာ)
(၂) ဗုဒ္ဓဂါယာ (ဗောဓိရွှေညောင်တော်ရင်း၌ ဘုရားဖြစ်တော်မူသည့်နေရာ)
(၃)သာရနာထ (ဓမ္မစကြာတရားဦး ဟောကြားတော်မူသည့်နေရာ)
(၄)ကုသိနာရုံ (မဟာပရိနိဗ္ဗာန် စံဝင်တော်မူသည့်နေရာ)

www.burmeseclassic.com

www.burmeseclassic.com



ဤဌာနကြီး လေးဌာနမှာ သံဝေဇနီယ ဌာနများဖြစ်ကြပါသည်။ ကုသိနာရုံသည် ဗုဒ္ဓဘာသာဝင်များ ဖူးမြော်ရာဌာနကြီး တခုဖြစ်ကြောင်း ဘုရားရှင်ကိုယ်တော်တိုင်က မြွက်ကြားတော်မူခဲ့ဖူးသည်။

ဗုဒ္ဓခေတ်၌ ကုသိနာရုံသည် ဥတ္တရပထခေါ် မြောက်ပိုင်းဒေသသို့ သွားသည့် လမ်းမကြီးနှင့် ဘေးချင်းယှဉ်လျက် တည်ရှိခဲ့သည်။ ၄င်းသည်ရာဇဂြိုဟ် (ရာဇဂိရိ)မှ သာဝတ္ထိသို့တိုင် ပေါက်ရောက်သော ဒုတိယလမ်းမကြီး လည်းဖြစ်သည်။ ထိုခေတ်က ထင်ပေါ်ကျော်ကြားခဲ့သည့် မြို့ကြီးပြကြီးများဖြစ်ကြသော သာဝတ္ထိ၊ သေတဗျာ၊ ကပိလ္လဝတ္ထု၊ ကုသိနာရုံ၊ ပါဝါ၊ ဘောဂါနာရ၊ ဇမ္ဗုဂါမ၊ အမ္ဗဂါမ၊ ဟတ္ထိဂါမ၊ ဘဏ္ဍဂါမ၊ ဝေသာလီ၊ နဒီကာ၊ ကောဋိဂါမ၊ ပါဋလိပုတ္တ၊ နာလန္ဒာနှင့် ရာဇဂြိုဟ်တို့သည် အဆိုပါလမ်းမကြီး တလျှောက်တွင် တည်ရှိခဲ့ကြခြင်းဖြစ်သည်။

ဘုရားရှင်ပရိနိဗ္ဗာန် မပြုမီကာလက ရှင်အာနန္ဒာက မြတ်ဗုဒ္ဓအား ဤသို့လျှောက်ထားတော် မူခဲ့ဖူးသည်။ "အရှင်ဘုရား သေးငယ်ပြီး တောမြို့သာသာဖြစ်သည့် ကုသိနာရမှာ ပရိနိဗ္ဗာန်စံဝင်တော်မူမည့်အစား ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်ကြသည့် ခတ္တိယ သူဌေးသူကြွယ်၊ ဗြာဟ္မဏမဟာသာလနှင့် ဂဟပတိမဟာသာလများ အများအပြားနေထိုင်ကြရာ စမ္ပာ၊ ရာဇဂြိုဟ်၊ သာကေတ၊ ကောသမ္ဗီနှင့် ဗာရာဏသီကဲ့သို့သော မြို့ကြီးပြည်ကြီးများ၌ ပရိနိဗ္ဗာန် မဝင်သင့်ဘူးလားဟု လျှောက်ထားတော်မူခဲ့ပါသည်"။

ထိုအခါ၊ ဗုဒ္ဓက အာနန္ဒာအား ကုသိနာရုံနှင့် ပါတ်သက်လို့ ထိုသို့မဆိုပါနှင့်လားဟု ပယ်ချတော်မူသည်။ ရှင်အာနန္ဒာ၏ ဤလျှောက်ထားချက်ကို ရည်ညွှန်း၍ (နှောင်းခေတ်) စာရေးဆရာတို့က ကုသိနာရုံကို တောရွာငယ်တခုအဖြစ် ပုံဖော်ရေးသားကြသည် များလည်းရှိသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့သည့် နေရာမှာ တောတွင်းတစ်နေရာ ဖြစ်သည်ကား မှန်၏။ သို့သော်ထိုနေရာသည် မလ္လမင်းတို့ပိုင်နယ်မြေအတွင်း ကျရောက်ကြောင်းလည်း မှန်ကန်သည်။ အဆိုပါဒေသသည် မလ္လမင်းတို့၏ နေပြည်တော်နှင့် တစပ်တည်း ဆက်စပ်လျက်ရှိသည်။ မြို့ကြီးပြကြီးထဲမှာ ကုသိနာရုံ မပါသော်လည်း ကုသိနာရုံ ပါဝင်ကျရောက်ရာ မလ္လမင်းတို့နိုင်ငံတော်သည် ထိုစဉ်က ထင်ရှားခဲ့သည့် ဂဏသန္တရ (၁၆)နိုင်ငံ စာရင်းထဲတွင် ပါဝင်သော နိုင်ငံတခုဖြစ်ခဲ့သည်၊ အင်အားတောင့်တင်းပြီး တန်ခိုးသြဇာကြီးမားသည့် လူမျိုးစုကြီးအဖြစ် မလ္လတို့ ရပ်တည်နိုင်ခဲ့ကြသည်။

ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူပြီဖြစ်ကြောင်း ရှင်အာနန္ဒာမှ သွားရောက်၍ သတင်းပါးခဲ့စဉ်က မလ္လမင်းတို့မှာ မြို့တော်ရှိ၊ လွှတ်တော် အဆောက်အဦး - (သန္ထာဂါရ)၌ အရေးတခုဖြင့် စည်းဝေးနေကြသည့်အဖြစ်ကို ထောက်ရှုခြင်း အားဖြင့်



မလ္လမင်းတို့၏ နေပြည်တော်ပဲ ကုသိနာရာသည် သာမန်တောမြို့ကလေးတခုမဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။

အဋ္ဌကထာ ဆရာကြီး ရှင်မဟာဗုဒ္ဓဃောသရေး သုမင်္ဂလာဝိလာသနီ ခေါ် ဒီဃနိကာယ် အဖွင့်ကျမ်းတွင် ရှင်တော်ဗုဒ္ဓသည် အကြောင်းသုံးမျိုးကို အခြေခံပြီး ပရိနိဗ္ဗာန်စံရန် ကုသိနာရုံကို ရွေးချယ်တော်မူခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းခံတို့မှာ—

(၁) မဟာသုဒဿနသုတ္တံကို ပုံဆောင်ဟောကြား၍၊ ဥပဒေသပြုတော်မူရန် အလို့ငှါ ကုသိနာရုံမှာ အသင့်တော်ဆုံး နေရာဖြစ်ခြင်း၊

(၂) ဗြာဟ္မဏရသေ့ကြီး သုဘဒ္ဒအား ချေချွတ်တော်မူ၍ ရဟန်းပြုပေးရန်အလို့ငှါ အဖြစ်နိုင်ဆုံးနေရာ ဖြစ်ခြင်း။ (သုဘဒ္ဒမှာ အသက် (၁၂၀) အရွယ်ဖြစ်ပြီး၊ ဘုရားရှင်၏ မိန့်ကြားချက်အရ ရှင်အာနန္ဒာက ဥပဇ္ဈာယ်ယူ၍ ရဟန်းတက်ပေးခဲ့ရသည့် ဗုဒ္ဓ၏ နောက်ဆုံးတပည့်သာဝကဖြစ်သည်။ ၄င်းသည် အရဟတ္တဖိုလ်သို့တိုင် တည်နိုင်ခဲ့ပြီး ဘုရားရှင် ပရိနိဗ္ဗာန်မဝင်ခင် ပရိနိဗ္ဗာန်ပြုခဲ့သည်ဟု ရေးသားဖော်ပြထားကြောင်း တွေ့ရှိရပေသည်)။

(၃) ဘုရားရှင်၏ ဓါတ်တော်များကို အဆင်ပြေစွာ ခွဲဝေပေးနိုင်စွမ်းသော ဒေါဏဗြာဟ္မဏသည် ထိုစဉ်က ကုသိနာရုံမှတွင် ရောက်ရှိနေခြင်း။

မာန်မာနထောင်လွှားသော နိုင်ငံ့ခေါင်းဆောင်များ၏ နယ်ပယ်များအတွင်း ပရိနိဗ္ဗာန်ပြုခဲ့သော် ဘုရားရှင်၏ ဓါတ်တော်များကို ရပိုင်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း စစ်ရေးဖြစ်ပွားနိုင်ဖွယ်ရာ အနေအထားကို ကြိုတင်မြင်တွေ့ ထားခြင်းသည်လည်း အကြောင်းတရပ် ဖြစ်နိုင်ပေသည်။

အထက်ဖော်ပြပါ အကြောင်းတရား သုံးရပ်အပြင် စတုတ္ထအကြောင်းတရပ်လည်းရှိသေးသည်။ ယင်းမှာ သဗ္ဗညုတဉာဏ်တော်ရှင် ဂေါတမဗုဒ္ဓသည် ဘုရားလောင်းအဖြစ် လွန်ခဲ့သည့် ဘဝပေါင်း (၆)ခုတို့မှာ ကုသိနာရုံတွင် စုတေခဲ့ဖူးခြင်းဖြစ်သည်။ ဤအချက်ကို ဘုရားရှင် ကိုယ်တော်တိုင် ရှင်အာနန္ဒာအား နောက်ဆုံးအချိန်တွင် မိန့်တော်မူခဲ့သည်။ အတိတ်ကာလတွင် (၆)ကြိမ်တိတိ အရပ်လေးမျက်နှာကို အောင်မြင်နိုင်သူ၊ တရားဓမ္မ နှင့်အညီကျင့်ကြံသူ၊ အေးချမ်းတည်ငြိမ်မှုကို တည်ဆောက်နိုင်ခဲ့သူ စကြဝတေးမင်းပမာ သတ္တမအ ကြိမ်တွင်လည်း ငါဘုရားသည် ကုသိနာရုံတွင်ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူမည်ဟူ၏။

နောင်တွင် ပွင့်ပေါ်တော်မူကြမည့် တထာဂတဗုဒ္ဓတို့ ပရိနိဗာန်ပြုမည့် အရပ်သည်လည်း ကုသိနာရုံပင်ဖြစ်ပေ၏။ ကုသိနာရုံမှလွဲ၍ တခြားတပါးသော အရပ်ကို လူပြည်နတ်ပြည်တခွင်လုံး၌ ငါဘုရားမြင်တော်မမူ။

www.burmeseclassic.com

www.burmeseclassic.com



အထက်တွင် ဖော်ပြခဲ့ပြီး အကြောင်းအရာလေးခုတို့မှာ ဘုရားရှင်ဗုဒ္ဓ ကုသိနာရုံတွင် မဟာပရိနိဗ္ဗာန်ပြုခဲ့ရသည့် အဓိက အကြောင်းတရားများပင် ဖြစ်ကြသည်။

ဝဇ္ဇီပြည်ထောင်စု၏ အနောက်ဖက်ဒေသ၊ ယခုခေတ် ဂေါရက္ခပူရနှင့် ဒေဝရိယာခရိုင်များတွင် မလ္လတို့၏ဂဏနိုင်ငံ တည်ရှိခဲ့ပါသည်။ လက်ရှိသာရဏ ခရိုင်အတွင်းရှိ နယ်မြေများလည်း မလ္လဂဏတွင် ပါဝင်ကောင်း ပါဝင်နိုင်ကြောင်းလည်း ခန့်မှန်းရပါသည်။ လိစ္ဆဝီတို့နှင့်အလားတူ မလ္လတို့မှာလည်း ဂဏအစု (၉)စုပါဝင်ခဲ့ပြီး၊ ယင်းတို့သည် တချိန်က ကာသိနှင့် ကောသလ္လတိုင်းတို့မှ ထွက်ခွာလာသူများ ဖြစ်ခဲ့ကြသည်။ မလ္လတို့မှာလည်း ဣက္ခွာဝါကု အမျိုးအနွယ်မှ ဆင်းသက်လာခဲ့ကြသည့် မျိုးနွယ်စုများအနက်မှ အစုတခုဖြစ်သည်။ ခရစ်တော်မပေါ်မီ ဘီစီ (၆)ရာစုနှစ်များ လောက်က မလ္လတို့သည် မိမိတို့နိုင် လုံခြုံရေးအတွက် လိစ္ဆဝီတို့နှင့် စစ်ရေးမဟာမိတ် ပြုထားခဲ့ပုံပေါ်လေသည်။ တိုင်းတပါးမှ ၎င်းတို့ဂဏနိုင်ငံများကို စစ်ရေးအရ ကျူးကျော်လာသည့် အချိန်မျိုးတွင် ၎င်းတို့ဂဏမဟာမိတ် စုပေါင်းအင်အားဖြင့် တွန်းလှန်တိုက်ခိုက်ကြကြောင်း သာဓကများလည်း တွေ့ရှိရသည်။ မလ္လတိုင်း၏ မြောက်ဖက်ရှိနယ်မြေ (လက်ရှိ ဇမ္ပတီးခရိုင်)အထိ သကျတို့၏ ဂဏနိုင်ငံပိုင် နယ်မြေ အတွင်း ကျရောက်ခဲ့ပေသည်။ သကျဂဏသန္တရပြည်၏ မြို့တော်မှာ ကပိလဝတ္ထုဖြစ်ပြီး ယင်းမြို့တော်ဟောင်းနေရာကို သုတေသနပြုရှာဖွေကြရာတွင် လက်ရှိယူပီပြည်နယ် ပိပရဟာဝါ မြို့ဟောင်းနေရာသည်ပင် ရှေးဟောင်း ကပိလဝတ္ထု၊ မြို့တော်တည်ရှိခဲ့ရာ ဖြစ်ကြောင်း သုတေသီတို့က အတည်ပြု လက်ခံထားကြပြီး ဖြစ်ပေသည်။ သကျတို့ ကိုယ်တိုင်၌ကလည်း မိမိတို့သည် *ဣက္ခွာဝါကု* မျိုးနွယ်မှ ဆင်းသက်လာသူများ ဖြစ်ကြောင်းကို အတည်ပြုလက်ခံကြသည်။

## မဟာသုဒဿနဇာတက။

ဗုဒ္ဓသည် အလွန်ရှေးကျသော အတိတ်ကာလ ဘဝတစ်ခုတွင် ကုသဝတီခေါ် ကုသိနာရုံပြည်တွင် သုဒဿနအမည်နာမဖြင့် စကြာဝတေးမင်း ဖြစ်ခဲ့ဖူးသည်။ ဤဘုရားအလောင်းတော် မဟာသုဒဿနမင်းကြီး အကြောင်းကို ပရိနိဗ္ဗာန် ပြုတော်မူအံ့ဆဲဆဲ၊ ပလ္လင်တော်ပေါ် လဲလျောင်းတော်မူရစဉ် အခိုက်အတန့်မှာပင် ရှင်အာနန္ဒာအား မိန့်တော်မူခဲ့သည်။ (အပြည့်အစုံကို မဟာသုဒဿန ဇာတက၌ လေ့လာဖတ်ရှုနိုင်သည်)။

အရှင်မြတ်ဗုဒ္ဓသည် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းသည့် (ဇေတဝန ဝိဟာရ) ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်



လက်ျာတော်ရံ လက်ဝဲတော်ရံ အဂ္ဂသာဝကများဖြစ်ကြသည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် တန်ဆောင်မုန်းလ တလထည်း၌ပင် လပြည့်ညတွင် ရှင်သာရိပုတြာ၊ လကွယ်ညတွင် ရှင်မဟာ မောဂ္ဂလာန် အသီးသီး ပရိနိဗ္ဗာန် ပြုသွားခဲ့ ကြလေသည်။ ထိုသာဝကနှစ်ပါးတို့ ပရိနိဗ္ဗာန် ဝင်သွားသောအဖြစ်ကို မြင်တွေ့တော်မူပြီးနောက် ဘုရားရှင်သည် မိမိကိုယ်တော်တိုင်က ကုသိနာရုံသို့ ကြွရောက်၍ ပရိနိဗ္ဗာန်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ပြီးနောက် ဘိက္ခုသံဃာအပေါင်း ခြံရံလျက် ရှင်တော်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်မှ ထွက်ခွာကာ ကုသိနာရုံဖက်သို့ ကြွမြန်းတော်မူလာခဲ့ပေသည်။

အထက်ကဖော်ပြ ပြီးခဲ့သည့်အတိုင်း ရှင်အာနန္ဒာအနေဖြင့် ဘုရားရှင်အား ထင်ပေါ်ကျော်ကြားမှုမရှိသော တောမြို့ကလေး ကုသိနာရုံမှာ ပရိနိဗ္ဗာန် မပြုမူဘဲ မဇ္ဈိမဒေသရှိ အခြားမြို့ကြီး ပြကြီးတခုခု၌ ပရိနိဗ္ဗာန်ပြုတော်မူရန် ဆန္ဒပြုခဲ့သည်။ ရှင်အာနန္ဒာ၏ အဆိုပါ လျှောက်ထားချက်ကို အကြောင်းပြု၍ ဘုရားရှင်ဗုဒ္ဓသည် ကုသိနာရုံမြို့၏ ရှေးဟောင်း သမိုင်းကြောင်းကို ဟောတော်မူခဲ့ပေသည်။ အတိတ်ဘဝ တခုဝယ် ဘုရားအလောင်းတော်သည် အလွန်ကြီးကျယ်ခန်းနား၊ စည်ပင်သာယာ ဝပြောသော ကုသဝတီမြို့၌ မဟာသုဒဿန စကြာဝတေးမင်းအဖြစ် ကံတော်ကုန်ခဲ့သည်အထိ မင်းပြုခဲ့ပုံ အကြောင်းများကို ရှင်အနန္ဒာအား မိန့်တော်မူသည်။ ထိုအပြင်ဘုရားအလောင်း တီတရ၊ ကျိန်ဒရာ ငှက်မျိုးဘဝများနှင့် မိဂသမင် ဘဝများတွင်လည်း ဤကုသိနာရုံ နယ်မြေအတွင်း ကံကုန်ခဲ့ပြီး ဖြစ်သည်။

ဘုရားအလောင်းတော် မဟာသုဒဿနမင်းကြီး ကုသဝတီ နေပြည်တော်တွင် မင်းပြုအုပ်ချုပ်စဉ် ကာလက ကုသဝတီ နေပြည်တော်၏ မြို့ရိုးများမှာ (၁၂)



www.burmeseclassic.com

www.burmeseclassic.com




ယုဇနာအထိ ရှည်လျားကျယ်ပြန့်ပြီး ကျောက်မျက်ရတနာ (၇)မျိုးဖြင့် စီခြယ်ထားသည်။ မဟာသုဒဿနမင်းကြီးမှာ စကြာဝတေးမင်းတပါးဖြစ်၍ (၈၄၀၀၀)သော မြို့ငယ်ဇနပုဒ်များအထိ သူ့နိုင်ငံတော်၏ အာဏာစက်နယ်ပယ် ကျယ်ဝန်းခဲ့ပေသည်။ ကုသာဝတီမှာ ထိုစကြာဝတေးမင်းကြီး၏ နေပြည်တော်မြို့ဖြစ်၍၊ မင်း၏ နန်းတော်ကို သုံမ္မနန်းတော်ဟု ခေါ်တွင်သည်။ တောင်ညာစံ မိဖုရားကြီးမှာ သုဘဒ္ဒရာဟု *အမည်တွင်သည်။ မဟာသုဒဿနမင်းကြီးမှာ ဘဝအာသဝအားလုံး ကုန်ခမ်းပြီးမှ စုတေခဲ့ပြီး၊ နောက်ဘဝတွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထဂေါတမအဖြစ်* ပေါ်ထွန်းခဲ့သည်။ (သက်တော် သုံးဆယ့်ငါးနှစ်အရွယ်တွင်) ဗောဓိဉာဏ်ရှင် ဗုဒ္ဓအဖြစ်ကို ရရှိခဲ့သည်။ ဤအကြောင်းအရာများအားလုံး အပြည့်အစုံကို ရှင်အာနန္ဒာအား ရှင်းလင်း၊ ရှည်ဝေးစွာ မိန့်တော်မူခဲ့ခြင်းဖြစ်သည်။ မဟာသုဒဿနမင်းကြီး၏ မိဖုရားကြီး သုဘဒ္ဒရာမှာ ယခုဘဝတွင် ရာဟုလမာတာ (ယသော်ဓရာ) ဖြစ်လာခဲ့ပြီး၊ သားတော်ရာဟုလာမှာ မဟာသုဒဿနမင်းကြီး၏ အမတ်တဦးဖြစ်ခဲ့ကြောင်း စသည်ဖြင့် အတိတ်ဘဝ ဖြစ်စဉ်နှင့် ယခုဘဝအနေအထား နှစ်ရပ်တို့ကို ဆက်စပ်ဖြည့်စွက်၍ နိဂုံးအုပ်တော်မူသည်။ ထိုအကြောင်းအရာများကို မဟာသုဒဿနဇါတ်တော်၌ အကျယ်တဝင့် ဖတ်ရှုနိုင်ပါသည်။

## အရေးပါလှသော ဗုဒ္ဓ၏နောက်ဆုံးသာဝကများ

### *ရှင်အာနန္ဒာ*

ရှင်အနန္ဒာသည် သုဒ္ဓေါဒနမင်းကြီး၏ညီတော် အမိတောဒန၏ သားတော်တစ်ပါးဖြစ်ပြီး ရှင်တော်မြတ်ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားထက် အသက်ငယ်၍၊ မဟာနာမ် မင်းသားထက် အသက်ကြီးသူဖြစ်သည်။ သိဒ္ဓတ္ထမင်းသား ဂေါတမဗုဒ္ဓအဖြစ်ကို ရရှိပြီးနောက် ဒုတိယနှစ်တွင်ပင် ရဟန်းဝတ်ခဲ့သည်။ အာနန္ဒာ နှင့်အတူ အခြားသကျ မင်းသားများဖြစ်ကြသော ဘဒ္ဒိယ၊ ဘဂ္ဂု၊ ကိမိလ၊ အနုရုဒ္ဓါနှင့် ဒေဝဒတ်တို့ အပြင် ဆတ္တာသည် ဥပါလိတို့သည်လည်း ဗုဒ္ဓအထံတော်၌ ရဟန်းဝတ်ခဲ့ကြသည်။

ဗုဒ္ဓသည် (၂၅)နှစ်တာကာလအထိ မိမိအား အနီးကပ်ပြုစုသော ဥပဋ္ဌာကတို့အား အခွင့်အခါ အခြေအနေကိုလိုက်၍ ယာယီထားရှိ၍သာ လှည့်လည် တော်မူခဲ့သည်။ ယင်းဥပဋ္ဌာကများအနက် ရှင်နာဂသမာလ၊ ရှင်နာဂိတ၊ သုနက္ခတနှင့် ရှင်ဥပဝါနတို့သည် အစောပိုင်းတွင် ပါဝင်ခဲ့ကြပြီး၊ ယင်းတို့နောက်ပိုင်းတွင် ရှင်စုန္ဒ၊ ရှင်တာဂ၊ ရှင်ရာဃနှင့် ရှင်မေဃိယတို့လည်း အပါအဝင်ဖြစ်ကြသည်။ ဘုရားရှင်သည် အသက်အရွယ်အားဖြင့် (၅၅)နှစ် ပြည့်လာခဲ့သည်အခါ ဘိက္ခုတပါးပါးအား အမြဲတမ်း ဥပဋ္ဌာကအဖြစ် ခန့်ထားလိုကြောင်း ဆန္ဒပြုလာခဲ့သည်။ ထိုအချိန်ကာလက ဘုရားရှင်၏ အရေးပါတပည့်သာဝကများ အားလုံးနီးပါးက ဘုရားရှင်အား အနီးကပ်နေထိုင် ပြုစုခွင့်ရသည့် ထိုတာဝန်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ထမ်းဆောင်လိုကြောင်း ဆန္ဒပြုလာခဲ့ကြသည်။ သို့ရာတွင် ရှင်အာနန္ဒာကား ၄င်းကိုယ်တိုင်အနေဖြင့် ဘာမျှဆန္ဒမပြုဘဲ တိတ်ဆိတ်စွာ နေခဲ့သည်။ ဘုရားရှင်သည် ရှင်အနန္ဒာအားလည်း အစဉ်အတိုင်း မေမြန်းတော်မူလာသည့်အခါ ရှင်အာနန္ဒာသည် ထိုတာဝန်ကို ထမ်းဆောင် နိုင်ပါကြောင်း ပြန်လည်လျှောက်ထားသည်။ မိမိအား ထိုတာဝန်ကို ထမ်းရွက်စေလိုပါက အောက်ပါအချက် (၇)ချက်အား ဘုရားရှင်မှ လိုက်လျောခွင့်ပြုပေးရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းလည်း ထပ်လောင်းလျှောက်ထားတော်မူသည်။ ယင်းအချက် (၇)ချက်တို့မှာ--

(၁) ဘုရားရှင်အတွက် ရရှိသည့် ဆွမ်းဘောဇဉ်နှင့် သင်္ကန်းစသည့် အမိသလာဘတို့ကို တပည့်အာနန္ဒာ အား ပေးကမ်းချီးမြှောက်ခြင်း ပြုတော်မမူရန်၊

(၂) ဘုရားရှင်ကျိန်းစက်သည့် ဂန္ဓကုဋီကျောင်း၌ တပည့်အာနန္ဒာအား ကျိန်းစက်ဖို့ ခွင့်မပြုရန်၊

(၃) ဘုရားရှင်ကိုယ်တော်အား ဆွမ်းဖိတ်ကြားထားသည့် ဥပါသကာ ဒါယကာတို့ထံ ဘုရားရှင်နှင့်အတူ လိုက်ပါသုံးဆောင်စေခြင်းမျိုး မရှိစေရန်၊

(၄) ဘုရားရှင်၏ကိုယ်တော်စား ရှင်အာနန္ဒာမှ တဦးဦးသော အလှူဒါယကာတို့၏ ဖိတ်ကြားချက်ကို လက်ခံထားပြီးဖြစ်ပါက၊ ထိုဖိတ်ကြားချက်ကို ဘုရားရှင်မှ လက်ခံပေးတော်မူရန်၊

(၅) ဘုရားရှင်အား ဖူးမြော်လိုသည့် စိတ်ဆန္ဒဖြင့် အရပ်ဝေးမှလာကြသော လူပရိတ်သတ်တို့အား ရှင်အာနန္ဒာ စီစဉ်ပေးသည့်အတိုင်း ဖူးမြော်ခွင့်ပေးတော်မူရန်၊

(၆) အချိန်အခါမရွေး ဘုရားရှင်အားတွေ့၍ သံဃာ့အဖွဲ့အစည်းအတွင်း တွေ့ကြုံရတတ်သည့် အခက်အခဲများကို တင်ပြခွင့်ရှိစေရန်၊

(၇) ရှင်အာနန္ဒာ မတက်ရောက်ဖြစ်သည့် တရားပွဲမျိုး၌ ဘုရားရှင် ဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်များ ရှိခဲ့ပါလျှင် ထိုတရား ဒေသနာတော်များကို အာနန္ဒာအား ပြန်လည်ဟောကြား ပေးတော်မူရန် တို့ဖြစ်ကြသည်။

ရှင်အာနန္ဒာသည် အထက်ဖော်ပြပါ အချက်(၇)ချက်ကို လိုက်လျှောမှုပြုပေးရန် ဘုရားရှင်ထံ လျှောက်ထား၍ ဘုရားရှင်၏ သဘောတူညီမှုကို ရရှိပြီးသည့်နေ့မှစ၍ ဘုရားရှင် ပရိနိဗ္ဗာန် ပြုသည့် အချိန်ကာလအထိ အနီးကပ်ပြုစုတော်မူသည်။ ရှင်အာနန္ဒာသည် မိမိယူထားသော တာဝန်ကို သဒ္ဓါကြည်ညိုကြီးစွာဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ရာ ဘုရားရှင်၏ အထူးချီးမွမ်းအနုမောဒနာ ပြုခြင်းကိုပင် ခံယူရရှိတော် မူခဲ့ပေသည်။

ရှင်အာနန္ဒာသည် ၂၅ နှစ်တာ ကာလတိုင် ဘုရားရှင်အား သဒ္ဓါကြီးစွာဖြင့် အရိပ်ပမာ နောက်တော်မှလိုက်၍ အစဉ်သဖြင့် အတူတကွလှည့်လည် သွားလာ၊ သီတင်းသုံးတော်မူရင်း ပြုစုလုပ်ကျွေးတော်မူခဲ့ပါသည်။ ဘုရားရှင်သီတင်းသုံးတော်မူရာ



ကုဋီကျောင်းတော် လုံခြုံမှုနှင့် ဘုရားရှင်နေ့တစ်ရက် အသုံးပြုတော်မူသည့် ပစ္စည်း၊ ပရိက္ခရာ အသေးအဖွဲ့ကလေးမှအစ အားလုံးကို စနစ်တကျ စီစဉ်ပေးသည်။ မိမိ၏ တာဝန် ဝတ္တရားမှန်သမျှအား သတိကြီးစွာဖြင့် (မချွင်းမချန်) အမြဲတမ်း ထမ်းရွက်တော် မူခဲ့ပေသည်။ တစ်ခါက ဒေဝဒတ်သည် ဘုရားရှင်ကြွချီတော်မူလာသည့် လမ်းမကြီးပေါ် နာဠာဂီရိ ဆင်ကြီးကို သေရည်များတိုက်ကျွေးပြီး နင်းခြေသတ်ဖြတ်ရန် လွှတ်ပေး လိုက်သည်။ ထိုအခိုက်အတန့်တွင် ရှင်အာနန္ဒာသည် ဆင်ကြီးက ဘုရားရှင်အား အန္တရာယ် မပြုနိုင်ရန်အလို့ငှါ ဘုရားရှင်ကိုယ်တော်တိုင် တားမြစ်တော် မူနေသည့် ကြားမှပင် သုံးကြိမ်တိတိ ဘုရားရှင်အား အကာအကွယ်ပေးလျက် ဘုရားရှင်ရှေ့မှ ထွက်လာပြီး ရပ်တော်မူသည်။ ဘုရားရှင်၏ အသက်ကို မိမိအသက်ပေးပြီး စောင့်ရှောက်ကာကွယ်သွားရန် ရည်ရွယ်တော်မူရင်းပင်ဖြစ်သည်။ ထိုဆင်ကြီးမှာ ဘုရားရှင်အား နောက်ဆုံးတော့ မည်သို့မျှ ရန်မပြုနိုင်ခဲ့ပေ။ ဘုရားရှင်၏ သတ္တဝါများ အပေါ်ထားရှိသည့် မဟာကရုဏာတော်ဓါတ်ကြောင့် မူယစ်နေသည့် ဆင်ရိုင်းကြီး သည်ပင် ဘုရားရှင်အား ဦးညွှတ်ကာ နောက်ဆုတ်သွားခဲ့ရသည်။

ဘိက္ခုနှင့် ဘိက္ခုနီ သံဃာလောကတွင် ပြဿနာကြီးငယ် ပေါ်ပေါက်တိုင်း ဘိက္ခု၊ ဘိက္ခုနီတို့သည် ရှင်အာနန္ဒာ၏ ညှိနိုင်းဆွေးနွေးမှုတို့ကို အမြဲခံယူကြသည်။ ဘုရားရှင်အား တွေ့မြင်လိုသော အာဂန္တုက (ဧည့်သည်တော်) များလည်း ရှင်အာနန္ဒာ၏ စီစဉ်ပေးမှုကို ခံယူကြသည်။ ဘုရားရှင်အား အကြောင်းမဲ့ အနှောက်အရှက်ဖြစ်စေမည့် ကိစ္စမျိုးကိုမူ ရှင်အာနန္ဒာက (မှန်ကန်၊ သင့်တော်သလို) အထူးသတိထား၍ ပိတ်ပင် ရှောင်ရှားပေးရသည်။

ဘုရားရှင် တရားဟောကြားတော်မူသည့် ခန်းမတွင် တရားနာ ပရိတ်သတ် ထဲမှ ပစ္စည်းတစုံတရာမေ့ ကျန်ရစ်ခဲ့သည်ရှိသော် ထိုပစ္စည်းကို သိမ်းဆည်းထားပြီး နောက်တနေ့ ပစ္စည်းရှင်အား ပြန်ပေးအပ်သည့် တာဝန်ကိုလည်း ရှင်အာနန္ဒာကပင် ယူရသည်။ တခါက သာဝတ္ထိမြို့နေ ဝိသာခါ ဒါယိကာမကြီးသည် ရတနာများဖြင့် စီခြယ်ထားသော လည်ဆွဲတန်ဆာကို တရားဟောတော်မူရာ ခန်းမဆောင်၌ မေ့ကျန်ရစ်ခဲ့သည်။ ရှင်အာနန္ဒာလည်း ထိုလည်ဆွဲကို ကောက်ယူကာ လုံခြုံစွာ သိမ်းဆည်းထားခဲ့သည်။ နောက်တနေ့ ထိုလည်ဆွဲကို ပြန်ပေးသည့်အခါ ဝိသာခါမှာ ထိုလည်ဆွဲသည် ရဟန်းသံဃာတော် တပါးပါး၏ လက်ဖြင့် ထိကိုင်ပြီးဖြစ်နေသည့် အတွက် သူ ပြန်မယူနိုင်၊ မယူလိုတော့ဟုဆိုကာ သံဃာအားရည်မှန်း၍ လှူဒါန်းခဲ့သည်။ နောင်တွင် ထိုလည်ဆွဲတော်ကို ထုခွဲ၍ သာဝတ္ထိမြို့၌ ပုဗ္ဗာရာမဝိဟာရ ကျောင်းတိုက်ကို တည်ဆောက်ခဲ့ရာ ဝိသာခါ ပုဗ္ဗာရာမ ဝိဟာရအမည်ဖြင့် ကျော်ကြား ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တခါတရံ ဘုရားရှင်သည် အကြောင်းထူး တစုံတရာကြောင့် တရားဟောခြင်းကို အပြီးမသတ်နိုင်ဘဲ ထွက်ကြွသွားတော်မူတတ်သည်။ ထိုအခါမျိုးတွင် ရှင်အာနန္ဒာက ထိုတရားကို အပြီးတိုင်အောင် ဆက်လက်ဟောကြားပေးရသည်။ ရှင်အာနန္ဒာမှာ အချိန်အခါ အားလျော်စွာ တရားဓမ္မနှင့် စပ်လျဉ်း၍ (မူလတရားပိုင်ရှင်ဖြစ်တော်မူသော) ဘုရားရှင်ကိုယ်တော်တိုင်နှင့် ဆွေးနွေးမေးမြန်းထားရသည်။ အထူးသဖြင့် ဒုက္ခ၊ နိရောဓ၊ အနိစ္စ၊ သုညာတ၊ ဝေဒနာ၊ လောက၊ ဣဒ္ဓိ၊ အာနာပါန၊ သမ္မုတ္တိ၊ သမာဓိ စသောအကြောင်းအရာများ၏ အနက်အဓိပ္ပါယ်နှင့် စပ်လျဉ်းပြီး ဆွေးနွေးကြခြင်း ဖြစ်သည်။ အရှင်အာနန္ဒာမှာ မှတ်ဉာဏ်အလွန်ထက်မြက်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။

ရှင်အာနန္ဒာ၏ ကြိုးပမ်းမှုကြောင့် ဘိက္ခုနီသံဃာ့အဖွဲ့စည်းကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှင်တော်ဗုဒ္ဓ ကပိလဝတ္ထုသို့ ကြွမြန်းတော်မူလာစဉ်က မိထွေးတော် မဟာ ပဇာပတိဂေါတမီက သကျအမျိုးသမီးများအား သာသနာဘောင်အတွင်း ရဟန်းမ (ဘိက္ခုနီ) တောင်းပန်သော်လည်း (အလွယ်တကူ) ခွင့်ပြုတော်မမူခဲ့ပေ။ ထိုအခါ ရှင်အာနန္ဒာက အမျိုးသမီးများ ရဟန်းပြုခွင့် ရရှိနိုင်အောင် ဘုရားရှင်အား ဤသို့ လျှောက်ထားခဲ့သည်။

"အရှင်ဘုရား ဘုရားရှင်၏ သာသနာတော်အတွင်း၌ အမျိုးသမီးများအနေဖြင့် အိုးအိမ်စွန့်၍ ရဟန်းမ အဖြစ်ခံယူပြီး တရားအားထုတ်လျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် အရဟတ္တဖိုလ်ရ အဆင့်များကို မျက်မှောက် ပြုနိုင်ပါသလား"

"မျက်မှောက်ပြုနိုင်ပေသည် အာနန္ဒာ။"

"သို့ဖြစ်ပါလျှင်၊ မိထွေးတော်လည်းဖြစ်၊ အရှင်ဘုရားအား မိမိနို့ရည် တိုက်ကျွေးခဲ့၍ မွေးမြူခဲ့သူလည်းဖြစ်၍ ရဟန်းပြုခွင့် တောင်းပန်လာသည် မဟာပဇာပတိဂေါတမီအား ခွင့်ပြုသင့်ကောင်းပါပြီဘုရား" ဟူ၍ ရှင်အာနန္ဒာက ကြားဝင်တောင်းပန်ခဲ့ရာ နောက်ဆုံးတွင် လိုက်နာရမည့် ဂရုဓမ္မ(၈)ချက်နှင့်အညီ အမျိုးသမီးများအား ဘိက္ခုနီပြုခွင့် ပေးတော်မူခဲ့ရလေသည်။ ဤအချက်ကြောင့်လည်း ဘိက္ခုနီများက ရှင်အာနန္ဒာအား အထူးလေးစား ကြည်ညိုကြသည်။ ရှင်အာနန္ဒာကား ပုဂ္ဂလသပ္ပါယမျှတသူ၊ (ပရိသတ်လေးပါးလုံး၌) ဆက်ဆံ၊ ပေါင်းသင်း၍ ဝင်ဆန့်သူ ပုဂ္ဂိုလ်ထူးလည်းဖြစ်သည်။ ထိုခေတ်ထိုခါက သာသနာတော်တွင် အကျော်အမော်ဆုံး ပညာရှင်များ ဖြစ်တော်မူကြသော ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်ကင်္ခါရေဝတ၊ ရှင်အနုရုဒ္ဓါ ကဲ့သို့သော ရဟန္တာ ထေရ်ကြီးဝါကြီးတို့သည်ပင် ရှင်အာနန္ဒာအား လေးစားကြသည်။ ရှင်အာနန္ဒာ ကိုယ်တိုင် နှိုက်ကလည်း ဘိက္ခု ဘိက္ခုနီတို့အား ထိုက်သင့်သည့် လေးစားကြည်ညိုသမှုဖြင့် လိုအပ်သလို ကူညီ ပြုစုမှုတို့ဖြင့် စောင့်ရှောက်ပေးတတ်လေ့ရှိပေသည်။



သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ်၊ အခါတပါး၌ ဘုရားရှင်သည် ဘိက္ခု သံဃာဝင် ထိပ်တန်းတပည့်သာဝက တစ်ဦးချင်းစီတို့၏ ဂုဏ်ရည်များကို ဖော်ကျူး၍ အထူးအချွန် (အဂ္ဂ) အနေဖြင့် သတ်သတ်မှတ်မှတ် မိန့်တော်မူရာ ရှင်အာနန္ဒာနှင့် ပါတ်သက်၍ "ရဟန်းတို့ ငါဘုရား၏ သာဝကများအနက် အာနန္ဒာသည် ဗဟုသုတ၊ ဖြတ်လတ်မှုနှင့် သမ္ပဇာဉ်ဉာဏ်တို့ အရာတွင် သာလွန်ထူးချွန် အမွန် အဂ္ဂဖြစ်ပေ၏။ ငါဘုရားအား လုပ်အကျွေးပြုစုသူ ဥပဋ္ဌများအနက်၌လည်း အဂ္ဂဖြစ်၏"။

ရှင်အာနန္ဒာမှာ မှတ်ဉာဏ် အလွန်ထက်မြက်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ဘုရားရှင် ဟောကြားသည့် တရား ဒေသနာများကို တိတိကျကျ၊ မှန်မှန်ကန်ကန်၊ လုံးဝလွဲမှား ချွတ်ချော်ခြင်းမရှိဘဲ ဘုရားရှင် ဟောတော်မူသည့် အတိုင်း ပြန်လည်ဟောကြားတော်မူနိုင်စွမ်းလည်းရှိဘိသည်။ ဤအတွက် သူ့အား ဓမ္မဘဏ္ဍာဂါရိက (တရားဘဏ္ဍာတိုက်စိုး) ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်။ ရှင်အာနန္ဒာသည် ရှစ်သောင်း နှစ်ထောင်သော ဓမ္မသုတ္တံတို့ကို ဘုရားရှင်ထံမှ (တိုက်ရိုက်) နာကြားရ၍ နှုတ်လွတ် အာဂုံဆောင်တော်မူသည်။ ကျန်နှစ်ထောင်သော ဓမ္မက္ခန္ဓာတော်များကို ရှင်သာရိပုတ္တရာ ကဲ့သို့သော မထေရ်ကြီးများထံတော်မှ နာယူ၍ နှုတ်ငုံဆောင်တော်မူသည်။

ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသွားပြီးနောက် ပထမသံဃာယနာကို ရာဇဂြိုဟ်၌ ပြုလုပ်ကာ ရဟန္တာပေါင်းငါးရာ စုဝေးခဲ့ကြသည်။ သင်္ဂါယနာတွင် တက်ရောက်ရန် ရွေးချယ်ထားသည့် ရဟန္တာ ပေါင်းငါးရာတို့တွင် ရှင်အာနန္ဒာလည်း တစ်ပါးအပါအဝင် ဖြစ်သည်။ ထိုအချိန်ထိ ရှင်အာနန္ဒာမှာ ရဟန်းကိစ္စမပြီးသေး။ (ရဟန္တာမဖြစ်သေး)။ ဓမ္မက္ခန္ဓာ (ရှစ်သောင်းလေးထောင်)အား အာဂုံနှုတ်လွတ် ရွတ်ဆိုနိုင်သည့် ရှင်အာနန္ဒာအား ရှင်မဟာကဿပ ကိုယ်တော်မြတ်က (အထူးဦးစားပေး၍) ဖိတ်ကြားပြီး သင်္ဂါယနာတင်ပွဲ ကျင်းပမည့် ခန်းမဆောင်၌ ရှင်အာနန္ဒာအတွက် နေရာတနေရာကို ချန်လှပ်ပေးထားသည်။ သင်္ဂါယနာတင်ပွဲ အတွက် သတ်မှတ် စည်းမျဉ်းအရ ရဟန္တာဖြစ်ပြီးသား ရဟန်းတော်များသာ ပါဝင်တက်ရောက်ခွင့်ရှိသည်။ သို့ဖြင့် (ရှင်အာနန္ဒာမှာ ပွဲတော်ရက်မတိုင်မီ နောက်ဆုံးနေ့၌) ရဟန္တာအဖြစ်ထိ တက်လှမ်းနိုင်အောင် ညလုံးပေါက် တရားရှုမှတ်နေခဲ့ရာ ထိုညမိုးလင်းခါနီး အချိန်တွင် တရားဉာဏ်တော် အလင်းပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။ သင်္ဂါယနာတင် အစည်းအဝေး၌ ရှင်မဟာကဿပက ရှင်အာနန္ဒာအား သုတ္တံများ ဆိုင်ရာ မေးခွန်းများ မေးမြန်းပြီး၊ ဝိနယ (ဝိနည်း)များဆိုင်ရာ မေးခွန်းများကိုမူ ရှင်ဥပါလိ မထေရ်ကြီးအား မေးမြန်း၊ ဖြေဆိုစေ၍ အတည်ပြု ဆုံးဖြတ်တော်မူကြသည်။ ရဟန္တာနှစ်ပါးလုံးသည် သက်ဆိုင်ရာ မေးမြန်းချက်များကို တိကျမှန်ကန်စွာ ဖြေဆိုတော်

www.burmeseclassic.com

www.burmeseclassic.com



မူကြပြီးသည့်နောက် ပထမသင်္ဂါယနာတင် အစည်းအဝေးကြီးအား (ဆက်လက်၍) အောင်မြင်စွာ ကျင်းပသွားနိုင်ခဲ့ကြသည်။

ထိုသင်္ဂါယနာတင် သဘင်ကြီး၌ တာဝန်ရှိ အကြီးအမှူး ဖြစ်တော်မူသော ရှင်မဟာကဿပက (ဘုရားရှင်အား ပြုစုလုပ်ကျွေးစဉ်က) ကိစ္စတချို့အတွက် ရှင်အာနန္ဒာအား အပြစ်တင်စကားများ မိန့်တော်မူသည်။ မိမိအားပြစ်တင်ခဲ့ကြသည့် ပြဿနာများကို ရှင်အာနန္ဒာမှ သည်းခံ၊ နားလည်ပြီး တည်ငြိမ်စွာဖြင့် ပြန်လည် ဖြေကြားရှင်းလင်းတော်မူသည်။ သင်္ဂါယနာတင် သဘင်ကြီးကျင်းပစဉ်အတွင်း ဝိဝါဒကွဲပြား၊ အငြင်းပွါးမှုများ မပေါ်ပေါက်စေရန်အလို့ငှါ ရှင်အာနန္ဒာသည် မိမိ အပြစ်တင်ခံရသည့် ကိစ္စများအတွက် သဘင်ကြီး ရှေ့မှောက်တွင် တိုလျှိုးတောင်းပန် ခဲ့ပေသေးသည်။

မိမိဘဝ၏ နောက်ဆုံးအချိန်ထိ ရှင်အာနန္ဒာမှာ ဘိက္ခုသံဃာများအား တရားဒေသနာတော်များ (မပြတ်ဟောပြော၊ ပို့ချတော်မူရင်း) သက်တော်(၁၂၀)နှစ် တိုင်တိုင် သီတင်းသုံး နေထိုင်တော်မူခဲ့ပေသည်။

မိမိနောက်ဆုံးအချိန် ရောက်ပြီဆိုသောအဖြစ်ကို သိတော်မူသော ရှင်အာနန္ဒာသည် မိမိ၏ ခန္ဓာဝန်ကို စွန့်ရန်အတွက် ရာဇဂြိုဟ်မြို့မှ ဝေသာလီဘက်သို့ ခရီးထွက်လာခဲ့လေသည်။ ထိုသတင်းကို ကြားသိရသည့်အခါ မဂဓပြည့်ရှင် အာဇတသတ္တု (အဇာတသတ်)သည် မင်းမှုထမ်းများ ခြံရံလျက် ရောဟိဏီမြစ်၏ မဂဓဘက်ကမ်းတလျှောက် ရှင်အာနန္ဒာ မထေရ်ကြီး၏ နောက်သို့ လိုက်လာခဲ့ပါသည်။ ဝေသာလီ မင်းများကလည်း မထေရ်ကြီးမှာ ဝေသာလီသို့ ကြွလာနေသော သတင်းကို ရရှိသဖြင့် ရောဟိဏီမြစ်၏ ဝေသာလီဖက်ကမ်း၌ ကြိုဆိုကြရန် စုရုံး၍လာခဲ့ကြလေသည်။ နှစ်ဘက်သော မင်းမြတ်တို့၏ သဒ္ဓါကြည်ညိုမှု အတိုင်းအတာကို ကောင်းစွာနားလည် သဘောပေါက်တော်မူသော ရှင်အနန္ဒာမထေရ်ကြီးသည် မြစ်အလယ်၌ပင် "တေဇောကသိဏ" သမာဓိဘာဝနာကို ပွားများကာ မိမိခန္ဓာကိုယ်ကို လောင်ကျွမ်း စေပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါသည်။ နှစ်ဘက်မင်းမြတ်တို့လည်း မထေရ်ကြီး၏ ဓါတ်တော်များကို ထက်ဝက်စီခွဲဝေယူကာ မိမိတို့တိုင်းနိုင်ငံ အသီးသီးတွင် စေတီတော်များ တည်ဆောက်၍ မြတ်နိုးစွာ ကြည်ညိုပူဇော်ကြလေသည်။

## အရှင်အနုရုဒ္ဓ မထေရ်

အနုရုဒ္ဓမှာ ကပိလဝတ္ထု သကျမင်းမျိုးနွယ်မှပင်ဖြစ်၍ ဖခမည်းတော်မှာ သုဒ္ဓေါဒနမင်းကြီး၏ညီတော် အမိတောဒနမင်းပင်ဖြစ်သည်။ ၎င်းမှာ သားတော်နှစ်ပါး ထွန်းကားခဲ့ရာ အကြီးမှာ မဟာနာမဖြစ်၍ အငယ်မှာ အနုရုဒ္ဓဟု အမည်တွင်သည်။




သိဒ္ဓတ္ထမင်းသား ဗုဒ္ဓအဖြစ် ရောက်ရှိတော်မူပြီးနောက် တခြားမျိုးနွယ်များနည်းတူ ထောင်ဂဏန်းချီသော သကျအနွယ်ဝင်တို့သည်လည်း ဗုဒ္ဓထံတော်ပါး၌ ရဟန်းများ အဖြစ် ခံယူလာကြလေသည်။ ထိုအဖြစ်ကိုမြင်သော မဟာနာမ် မင်းသားကြီးအတွက် စဉ်းစားတွေးပူစရာ အကြောင်းတခု ပေါ်လာသည်။ သူတို့မိသားစုထဲမှ ယခုတိုင် တစုံတယောက်မျှ ရဟန်းပဉ္စင်း မပြုရသေး။ ဤအတွက် မဟာနာမသည် ညီငယ် အနုရုဒ္ဓနှင့် ခေါင်းချင်းရိုက် ညှိနှိုင်းတိုင်ပင်ရတော့သည်။

"ငါတို့ညီအကို နှစ်ယောက်အနက် တယောက်ယောက်တော့ ဗုဒ္ဓရဲ့ အဆုံးအမ သာသနာ့ဘောင်မှာ ရဟန်းဝတ်သင့်တယ် ထင်တာပဲ။"

သို့ဖြင့် ပထမတွင် ညီတော်ငယ် အနုရုဒ္ဓါမှာ အိမ်ထောင့်တာဝန်နှင့် မိသားစုအရေးကို ထမ်းရွက်ပြီး နောင်တော်ကြီး မဟာနာမက ရဟန်းဘဝ ခံယူရန် သဘောတူခဲ့ကြသည်။ ထို့နောက်တွင် နောင်တော် မဟာနာမက ညီတော်အနုရုဒ္ဓါအား မိသားစုရေးရာနှင့် တာဝန်ဝတ္တရားများ၊ အတွင်းအပြင် ကိစ္စဝစ္စများကို စေ့စပ်သေချာ ဆွေးနွေး ရှင်းလင်းပြတော့သည်။ ဤတွင် ညီတော်အနုရုဒ္ဓါမှာ ငယ်စဉ်ကတည်းက လူမှုအိမ်ထောင်ကိစ္စများကို စိတ်ဝင်စားခဲ့သူတဦး မဟုတ်ခဲ့သည့် အားလျော်စွာ အနှီသို့သော ရှုပ်ထွေးမှုမျိုးစုံအောက်ဝယ် ဘဝကို မနှစ်မြပ်လိုတော့သူဖြစ်လာသည်။ နောင်တော်၏ စကားများ ကြားရပြီး နောက်ဆုံးတွင် မိမိအား တရားတော်၌သာ ခွန်အားစိုက်ထုတ်ခွင့်ပြုရန် တောင်းဆိုလာခဲ့သည်။

အနုရုဒ္ဓါမှာ တောထွက် ရဟန်းဝတ်ရန် မိခင်ကြီးထံသွားရောက်၍ ခွင့်ပန်ခဲ့ရာ သားတော်ငယ်၏ ပန်ကြားချက်အတွက် မိခင်ကြီးလည်း ရတက်မအေးနိုင်စွာဖြင့် "စိတ်ပြောင်းလိုက်စမ်းပါ့ သားရယ်"ဟု ဖျောင်းဖျလေတော့သည်။ သားငယ်ကို မည်သို့မှ နားချမရသည့်အဆုံး ငယ်သူငယ်ချင်းဖြစ်သူ ဘဒ္ဒိယမင်းသားကလည်း



www.burmeseclassic.com

www.burmeseclassic.com



သားယေ်နှင့်အတူတကွ လိုက်ပါပြီး ရဟန်းဝတ်မည်ဆိုလျှင်တော့ အမေခွင့်ပြုပေးမယ်ဟု ဆိုလာလေသည်။ မိခင်၏သဘောထားကို သိရလျှင်ပင် အနုရုဒ္ဓါလည်း ဘဒ္ဒိယမင်းသားထံပြေး၍ အရေးတကြီး ညှိနှိုင်းလေတော့သည်။

ဘဒ္ဒိယမင်းသား တောထွက်ပြီး ရဟန်းအဖြစ်ခံယူရန်အတွက် အချိန် (၇)နှစ် အထိ ဆိုင်းငံ့ရဦးမည်ဟု သိလာရသည်တွင် အနုရုဒ္ဓါအနေဖြင့် (၇ နှစ်မပြောနှင့်)လုံးဝ အချိန်ဆိုင်းနိုင်မှာ မဟုတ်ကြောင်းဖြင့် ယေ်ပေါင်းမိတ်ဆွေနှစ်ဦး ဆက်လက်ဆွေးနွေးကြရာ ခုနစ်ရက်မြောက်သည့်နေ့တွင် ကပိလဝတ္ထုမှ ထွက်ခွာကြရန် နောက်ဆုံးသဘောတူညီမှုရခဲ့ကြသည်။ ခုနစ်ရက်မြောက်သည့်နေ့တွင် အနုရုဒ္ဓါ၊ ဘဒ္ဒိယ၊ ဘဂ္ဂု၊ ကိမိလ၊ ဥပါလိနှင့် ဒေဝဒတ်တို့သည် ရဟန်းပဥ္စင်းအဖြစ် ခံယူရန် ကပိလဝတ္ထုမှ အတူတကွ ထွက်ခွာလာခဲ့ကြသည်။

ဘဂ္ဂုမှာ သကျအနွယ်ဝင်တဦးဖြစ်ပြီး၊ ဒေဝဒတ်မှာ သုပ္ပဗုဒ္ဓနှင့် အမိတာတို့၏ သားဖြစ်သည်။ အမိတာမှာ သုဒ္ဓေါဒနမင်းကြီး၏ ညီမအရင်းဖြစ်သည်။ ကိမ္ဗိလမှာလည်း ကပိလဝတ္ထုမှ သကျပုတ္တတဦးဖြစ်ပြီး ဥပါလိကား ဆတ္တာသည် မျိုးရိုးမှဖြစ်သည်။ *ထိုခုနစ်ယောက်သော* သူတို့သည်အနုပိယာခေါ် ရွာတရွာ၌ သီတင်းသုံးလျက်ရှိနေသည့် ဗုဒ္ဓအထံတော်သို့ ရောက်ရှိသွားကြပြီး၊ ရဟန်းပဥ္စင်းအဖြစ် ခံယူခဲ့ကြသည်။ ဝါတွင်းသုံးလ အစပိုင်း၌ပင် ရှင်အနုရုဒ္ဓါသည် "ဒိဗ္ဗစက္ခု" အဘိဉာဏ်ကို ရရှိတော်မူခဲ့သည်။ ရှင်တော်မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က ရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုဉာဏ် ရရှိကြသည့် ငါ၏တပည့်သာဝကများအနက် သာလွန်ထူးချွန်ဆုံး (အဂ္ဂ) ဖြစ်ကြောင်းဖြင့် ဧတဒဂ် (ဘာသာရပ်တခု၌ အထူးချွန်ဆုံးဘွဲ့) ချီးမြှင့်တော်မူသည်။

ရဟန်းဘဝရောက်ပြီးနောက် မကြာမီ ရှင်အနုရုဒ္ဓါသည် သီတင်းသုံး နေထိုင်ရန် ဝံသဒါယခေါ် ရှေးဟောင်း ဒေသသို့ ရှင်ကိမ္ဗိလနှင့်အတူ ထွက်ခွာလာခဲ့သည်။ တချိန်တွင် ရှင်ဗုဒ္ဓသည် အနုရုဒ္ဓါတို့သီတင်းသုံးနေထိုင်ကြရာ ဝံသဒါယအရပ်သို့ ကြွချီတော်မူလာခဲ့ရာ ရှင်အနုရုဒ္ဓါနှင့် အခြားဘိက္ခုတို့အား သမာဓိဆိုင်ရာ မေးခွန်းတချို့ မေးမြန်းတော်မူသည်။ သမာဓိအားကောင်းလာလျှင် ဘဝ၏ဒုက္ခခပ်သိမ်းမှ လွတ်မြောက်နိုင်ကြောင်း တရားတော်များ ဟောကြားပေးတော်မူခဲ့သည်။

"ဘုရား၌ ကြည်ညိုခြင်း သဒ္ဓါဖြင့် အိုးအိမ်သားမယားကိုစွန့်၍ တရားကျင့်နေကြသော ရဟန်းတို့၊ သင်တို့သည် ဗြဟ္မစရိယအကျင့်ကို မည်သို့လျှင်ကျင့်ကြံကြပါသနည်း" ဟူ၍ ရှင်တော်ဗုဒ္ဓက ဝံသဒါယ၌ သီတင်းသုံး နေထိုင်လျက်ရှိသော ရှင်အနုရုဒ္ဓါနှင့် အခြားဘိက္ခုနှစ် ပါးတို့အား မေးမြန်းခဲ့ရာ အခြားဘိက္ခုများက စကားတုံ့ မပြန် ကြသော်လည်း ရှင်အနုရုဒ္ဓါက ဤသို့ပြန်လည် လျှောက်ထားတော်မူသည်။



"တပည့်တော်တို့မှာ မှန်ကန်သည့် ဗြဟ္မစရိယအကျင့်တို့ကို ကျင့်ကြံကြောင်းပါ ဘုရား"

"သာဓု သာဓု၊ ကောင်းပါပေစွ၊ ကောင်းပါပေစွ အနုရုဒ္ဓါ၊ သင်နှင့်သင့်တော်သည့် ကျင့်စဉ်ပါပေ။ သင်သည် ပထမအရွယ်၌နုပျိုပြီး ယောက်ျားကောင်းပီသသည့် မင်းသားတဦးဖြစ်ခဲ့သည်။ နောင်တွင် မင်း၊ အုပ်ချုပ်သူ၊ နိုင်ငံ့အရေးတို့မှဖြစ်သော အချုပ်အထွေးနှင့် ဘေးအန္တရာယ်တို့ကို ကြောက်လို့မဟုတ်မူ၍၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ဒုက္ခအပေါင်းတို့မှ အပြီးတိုင် လွတ်မြောက်လိုသည်ဖြစ်၍သာ ယခုကဲ့သို့ သာသနာဘောင်သို့ ဝင်ရောက်လာခြင်းဖြစ်သည် မဟုတ်တုံလော။ သင်၏ ရည်ရွယ်ရင်းသည် ယခု ငါဘုရား မိန့်တော်မူသည့်အတိုင်းပင် တထပ်တည်းဖြစ်သည် မဟုတ်ပါလား"

"မှန်ပါဘုရား" – ဟုအနုရုဒ္ဓါက ပြန်ဖြေကြားခဲ့သည်။

အကြိမ်ပေါင်းများစွာ ဘုရားရှင်သည် အနုရုဒ္ဓါနှင့်အတူ ဥပသကာ ဥပသိကာမတို့အား တရားဒေသနာတော်များ ဟောတော်မူဖူးသည်။ ဂဟပတိ ဒါယကာ ဒါယိကာမတို့၏ ဖိတ်ကြားချက်များအရ အနုရုဒ္ဓါအပါအဝင် အခြားဘိက္ခုများနှင့် အတူတကွ အကြိမ်များစွာ ဆွမ်းဘောဇဉ်များ ဘုဉ်းပေးတော်မူခဲ့ဘူးသည်။

တခါက ရှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည်၌ ဇေတဝန်သီတင်းသုံး နေတော်မူခဲ့သည်။ ထိုအခါက အနုရုဒ္ဓါ မထေရ်ကြီးသည် သတိပဋ္ဌာန်ကမ္မဋ္ဌာန်းဖြင့် သမာဓိထူထောင်လျက် ရှိနေခဲ့သည်။ ထိုစဉ် အရှင်၏ဉာဏ်အာရုံ၌ ထင်မြင်စဉ်းစားမိပုံမှာ 'သမာဓိစခန်း တက်လှမ်း ထူထောင်ရာတွင် သတိပဋ္ဌာန်တရားလေးပါးနှင့် အညီအညွတ် မဖြစ်သော တရားရှင်တို့၏ လုပ်ရပ်သည် မဂ္ဂင်ရှစ်ပါးနှင့်လည်း ဆီလျော်ကိုက်ညီလိမ့်မည်မဟုတ်။ သတိပဋ္ဌာန်လေးပါးနှင့်အညီ ကျင့်သုံးအပ်သော တရားသည်သာ မဂ္ဂင်ရှစ်ပါးနှင့်လည်း ကိုက်ညီနိုင်မည်ဖြစ်သည်' ဟူ၏။

ရှင်အနုရုဒ္ဓါ၏ စိတ်ဘာဝနာကို (ဝေးလံရပ်မှ နေ၍ပင်) သိရှိနားလည်တော်မူသော ရှင်မဟာ မောဂ္ဂလာန်သည် တနေ့တွင် သာဝတ္ထိပြည်သို့ ရောက်ရှိလာခဲ့သည်။ ရှင်မောဂ္ဂလာန်က သတိပဋ္ဌာန် လေးပါးနှင့်အညီ တရားအားထုတ်သော ဘိက္ခုများ အကြောင်းကို ရှင်အနုရုဒ္ဓါအား မေးမြန်းတော်မူခဲ့ရာ အနုရုဒ္ဓါမထေရ်ကြီးသည် ထိုအကြောင်းအရာများကို စုံလင်စွာ ရှင်းလင်းလျှောက်ထားတော်မူသည်။

သာဝတ္ထိပြည်၊ သတနုမြစ်ကမ်းပါးရှိ ကုဋီကျောင်း၌ ရှင်အနုရုဒ္ဓါ သီတင်းသုံးတော်မူခဲ့စဉ် ရဟန်းတော်တစ်ပါး ရောက်လာခဲ့ပြီး "မည်သည့် တရားများကို ကျင့်ကြံအားထုတ်ကြသည့် တရားရှင်တို့မှာ ဗဟုလိကိတ မဟာအဘိညာဉ်ကို ရရှိနိုင်ပါသနည်း" ဟု ရှင်အနုရုဒ္ဓါအား မေးမြန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သတိပဋ္ဌာန်လေးပါးနှင့်အညီ ကျင့်ကြံအားထုတ်သော တရားရှင် ရဟန်းတော်တို့သည် ဗဟုလိကိတ မဟာအဘိညာဉ်ကို ရရှိနိုင်ကြောင်း ရှင်အနုရုဒ္ဓါမှ အဖြေပေးခဲ့သည်။ ရှင်အနုရုဒ္ဓါသည် အခြားအခြားသော ရဟန်းတော်တို့အားလည်း သတိပဋ္ဌာန်လေးပါး၌ ဘာဝနာစိတ်ကို ပွားများစေသည်။ 'မိမိတို့စိတ်ဘာဝနာကို သတိပဋ္ဌာန်တရားတို့၌ တည်စေနိုင်စွမ်းအား ရရှိသွားနိုင်က ခန္ဓာကိုယ်တွင် ဖြစ်တတ်သည့် အခြားဒုက္ခဆင်းရဲမှု တို့ကိုလည်း ကျော်လွှားနိုင်စွမ်းမည် ဖြစ်ကြောင်း' ရှင်အနုရုဒ္ဓါမှ မကြာခဏဆုံးမ သွန်သင်တတ်လေသည်။

ရှင်အနုရုဒ္ဓါ၌ 'ရောဟဏီ' အမည်ရှိသော ညီမငယ်တယောက်ရှိခဲ့ရာ တစ်ချိန်တွင် ၄င်းသည် ကိုယ်ရေပြား ရောဂါ စွဲကပ်ကာ ဒုက္ခဆင်းရဲ ခံစားနေရလေသည်။ တနေ့တွင် ရှင်အနုရုဒ္ဓါသည် ညီမရောဟဏီထံ ကြွရောက်ကာ မိမိပိုင်ဆိုင်သည့် ရွှေငွေ ရတနာများကို ထုခွဲကာ ဘိက္ခုသံဃာတော် သီတင်းသုံးနေထိုင်ရန် ကျောင်း (ဝိဟာရ) တဆောင် လှူဒါန်းဖို့ရန် နှိုးဆော် တိုက်တွန်းတော်မူသည်။ ညီမဖြစ်သူကလည်း နောင်တော်မထေရ်ကြီး အကြံပြုသည့် အတိုင်းပင် မိမိပိုင် လက်ဝတ်လက်စားများမှ ဖြစ်သည့်ငွေဖြင့် ကျောင်းတစ်ဆောင် တည်ဆောက်ပြီး ရဟန်းသံဃာအား လှူဒါန်းခဲ့ပေသည်။ ထိုကုသိုလ်ကောင်းမှု၏ အကျိုးပေးအဖြစ် ရောဟိဏီ၏ ကိုယ်ရေပြား ရောဂါလည်း အပြီးပျောက်ခဲ့ပေသည်။

ကုသိနာရုံတွင် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်ခဲ့စဉ် မြတ်ဗုဒ္ဓ၏ သရီရ ရုပ်ကလာပ်တော်အား မီးသင်္ဂြိုဟ်ရန် အားထုတ်ကြစဉ် အလောင်းတင်ထားသည့် ထင်းပုံအား မီးမစွဲနိုင်သည့် အကြောင်းရင်းကို မိမိဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် ရှုမြင်သုံးသပ်တော်မူပြီး 'ရှင်မဟာကဿပနှင့် နောက်ပါ ရဟန်းတော်အပေါင်းမှ ဘုရားရှင်၏ ခြေတော်အစုံ၌ ဦးခိုက်ကော်ရော် ပူဇော်ပြီးချိန်အထိ စောင့်ဆိုင်းပေးကြရန်' မလ္လမင်းတို့အား အကြံပြုသူမှာ ရှင်အနုရုဒ္ဓါ မထေရ်ကြီးပင်ဖြစ်သည်။

အနုရုဒ္ဓါမထေရ်ကြီးမှာ သတိပဋ္ဌာန်တရားများကို အထူးကျင့်ကြံပွါးများ၊ ဈာန်ဝင်စားလျက် တကိုယ်တည်း သီတင်းသုံးနေထိုင်ခြင်းရကို နှစ်ခြိုက်တော်မူသည်။ ဈာနလာဘီ (ဈာန်အဘိညာဉ်) တန်ခိုးရှင်ဖြစ်၍ နတ်ပြည်နှင့် အခြားလောကတို့သို့ ဈာန်ပျံ၍ ကြွချီသွားလာလေ့လည်းရှိသည်။ မိမိဘဝ၏ နောက်ဆုံး (၂၅)နှစ်တာ ကာလတွင် ရှင်အနုရုဒ္ဓါသည် ညဥ့်၏နောက်ဆုံး ပဟိုရ်တွင်သာ ကျိန်းစက်တော်မူလေ့ရှိသည်။ ရှင်အနုရုဒ္ဓမထေရ်ကြီးသည် အနှစ်တရာကျော်မျှ သက်တော်ရှည် သီတင်းသုံးနေထိုင်တော်မူခဲ့ပြီး ဝဇ္ဇီတိုင်းနိုင်ငံတွင် 'ဝေဠုဝဂါမရွာ'၌ ပရိနိဗ္ဗာန်ပြုခဲ့ပါသည်။





## ရှင်မဟာကဿပ

ဗုဒ္ဓစာပေ အထောက်အထားတချို့အရ ဗုဒ္ဓသည် ဘုရားလောင်းတော်အဖြစ် ပါရမီဖြည့်တော်မူစဉ် ဘဝတချို့တွင် ကုသိနာရုံ၌ ကျင်လည်ခဲ့ဖူးသည်။ ပရစိနယုဂ် (အလွန့်အလွန် ရှေးကျသော) ကာလတွင် ဘုရား အလောင်းတော်သည် (ကုသာဝတီ) ခေါ် (ကုသီနာရ) ကုသိနာရုံမြို့တော်နှင့် ကုသာဝတီ နိုင်ငံတော်ကို တည်ထောင် အုပ်ချုပ်ခဲ့သည့် စကြဝတေးမင်း ဖြစ်တော်မူခဲ့ဖူးသည်။ ဘုရားအလောင်းတော်သည် သူများအကျိုးဆောင် *(ဟိန္ဒူစကားလုံး)* ငှက်ဘဝနှင့် သနားကြင်နာမှု ကြီးမားသည့် စိတ်ဓါတ် ပြည့်ဝသည့် သမင်ဘဝအဖြစ်တို့၌ ကုသာဝတီမှာပင် ကျင်လည်ကျက်စားရင်း ပါရမီဖြည့်ခဲ့ရပါသည်။ ထိုသို့သောသမိုင်း နောက်ခံ အကြောင်းတရားများကြောင့်လည်း ကုသိနာရုံသည် ယနေ့ခေတ်၊ ဗုဒ္ဓဘာသာလောက၌ ဖူးမြော်ရာဌာနကြီးတခုအဖြစ် ထင်ရှားနေခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် နောက်ဆုံးပိုင်းကာလ သံဃာအဖွဲ့စည်းထဲတွင် ထင်ရှား၍ အရေးပါလှသော မထေရ်ကြီးတို့မှာ (၁) ရှင်အာနန္ဒာ၊ (၂)ရှင်အနုရုဒ္ဓါ၊ (၃) ရှင်မဟာကဿပနှင့် (၄) ရှင်သုဘဒ္ဒတို့ ဖြစ်ခဲ့ကြသည်။ ၄င်းမထေရ်ကြီးများအနက် ရှင်သုဘဒ္ဒရသည် ဗုဒ္ဓ၏နောက်ဆုံး သာဝကဖြစ်ပြီး ဘုရားရှင် ပရိနိဗ္ဗာန်မဝင်မီ အချိန်ပိုင်းကလေးကပ်ပြီး အရဟတ္တဖိုလ် တည်ခဲ့သည်။

**ရှင်အာနန္ဒာနှင့် ရှင်အနုရုဒ္ဓါ တို့မှာ ဂေါတမဗုဒ္ဓ၏ သွေးချင်းသားချင်းများ ဖြစ်ကြသည်။ ရှင်အာနန္ဒာမှာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့ပြီးနောက် ပထမ သံဃာယနာတင် သံဂီတိ (အစည်းဝေးမတိုင်မီ နောက်ဆုံးညတွင်မှ အရဟတ္တ ဖိုလ်တည်ခဲ့ပါသည်။) ရှင်အာနန္ဒာနှင့် ရှင်အနုရုဒ္ဓါ တို့အကြောင်းကို ရှေ့အခန်းများတွင် အတော်အတန် ဖော်ပြခဲ့ပြီးဖြစ်၍**

www.burmeseclassic.com

www.burmeseclassic.com



**ရှင်းမဟာကဿပ ဘဝအကြောင်းကို ဤနေရာတွင် ဆက်လက်ရေးသား ဖော်ပြသွားဦးမည်ဖြစ်သည်။**

ရှင်မဟာကဿပ၏ ငယ်နာမည်မှာ ပိပ္ပလီကုမာရဖြစ်သည်။ ဖခင် ကပိလနှင့် မိခင်သုမနဒေဝီတို့မှာ မဂဓတိုင်းတွင် စီးပွားဥစ္စာချမ်းသာသည့် သူဌေးမောင်နှံတို့ ဖြစ်ကြသည်။ ထုံးစံအတိုင်းသား ပိပ္ပလီ ကုမာရ အရွယ်ရောက်လတ်သော် မိဘများက မိမိတို့သားအား လှပသည့် ကညာပျိုတစ်ဦးနှင့် အိမ်ထောင်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် သားပိပ္ပလီကုမာရမှာ အိမ်ထောင်မပြုလိုကြောင်း ဆန္ဒပြုလာခဲ့ပါသည်။ မိဘစကားကိုလည်း မလွန်နိုင်သဖြင့် သားကိုယ်တိုင်က ထုလုပ်ပေးမည့် မိန်းမပျို ရုပ်ထုနှင့် စွပ်ချွတ်တူသည့် အလှကညာပျို ရှာပေးနိုင်ပါက အိမ်ထောင်ပြုမည့်အကြောင်း မိဘများထံ အရေးဆိုလာခဲ့လေသည်။ ဖခင်ဖြစ်သူ ကပိလ သူဌေးကြီးလည်း တော်ရုံနှင့် လက်လျော့တတ်သူ တဦးမဟုတ်၊ သားထုလုပ်ထားသည့် ရုပ်ထုပမာ လှပစွာသော '***ဘဒ္ဒရာကပိလာနီ***' အမည်ရှိ ကညာပျိုတယောက်ကို သာကေတမြို့ (ယခုအယိုဒ္ဓယမြို့)မှာ ရှာတွေ့ခဲ့သည်။ ***ဘဒ္ဒရာ (ဘဒ္ဒါ)*** မှာလည်း အိမ်ထောင်ရေးဘဝကို နှစ်ခြိုက်လှသူ မိန်းကလေး တစ်ဦးမဟုတ်သည့် အားလျော်စွာ ဘဝဖော်ဖြစ်မည့် ပိပ္ပလီကုမာရထံ စာရေး၍သတင်းပါးခဲ့သည်။ သို့သော် နှစ်ဘက် မိဘများက သားသမီးတို့၏ စိတ်ဆန္ဒကို လျစ်လျူရှုလျက် သူတို့နှစ်ဦးအား အိမ်ထောင်ချဖြစ်အောင် ချပေးခဲ့ကြသည်။

ပိပ္ပလီကုမာရနှင့် ဘဒ္ဒရာကပိလာနီတို့ အိမ်ထောင်ပြုပြီး တခန်းထဲ၌ နှစ်ပေါင်း အတော်ကြာကြာ အတူနေထိုင်ခဲ့သော်လည်း၊ သူတို့နှစ်ယောက် အကြင်လင်မယား အဖြစ် ဆက်ဆံခြင်းကို မပြုလုပ်မှုဘဲ ဗြဟ္မာစရိယ အကျင့်မြတ်ကိုသာ တိကျစွာ ထိန်းသိမ်းကျင့်ကြံ၍ နေလာခဲ့ကြသည်။

မိုးဦးကာလ တစ်နေ့တွင် ပိပ္ပလီကုမာရသည် မိမိပိုင်လယ်မြေပေါ်၌ ထွန်ယက်နေကြစဉ် ထည်ကြောင်းများနောက်တွင် အလျှာလိုက် ပြိုကွဲထွက်ကျလာသည့် မြေစိုင်ခဲများမှ ထွက်ပေါ်လာခဲ့ကြသော ပိုးမွှားများကို ကျီးငှက်များက ပျံသန်းကာ နှုတ်သီးများဖြင့် ထိုးသုတ်၊ သတ်ဖြတ်စားသောက်နေကြသည့် ရှုခင်းကိုမြင်တွေ့ရ နိုက်ဝယ် (သံဝေဂအတွေးများဖြင့်) အတွေးပွါးလာခဲ့တော့သည်။ ဤပိုးမွှားများ ယခုလို သေကြေပျက်စီးကြရ၊ ကျီးငှက်အစာ ဖြစ်ကြရသည့်အတွက် (တိုက်ရိုက်တာဝန်ရှိသူ) ငါ့မှာသာအကုသိုလ်ပွားပြီး ငရဲကြီးနေဦးမည်။ အကုသိုလ်ကံ အကျိုးပေးကား တနေ့ ငါ့အပေါ် ဖိစီးလာလိမ့်ဦးမည်။ ထိုသို့သော အတွေးမျိုးတို့သည် သူ့စိတ်ထဲတွင် မကြာခဏဆိုသလို ယှက်သန်းလွှမ်းမိုး၍ လာတတ်ကြသည်။ သို့ဖြင့် နောက်ဆုံးတွင်



ဂဟပတိခေါ် အိမ်ရာထောင်သော လူ့ဝတ်ကြောင်ဘဝကို စွန့်လွှတ်၍ ရသေ့ရဟန်းတို့ ဘဝသို့ ကူးပြောင်းရန် စိတ်ပိုင်းဖြတ်ခဲ့ပေသည်။

တဘက်တွင်လည်း ဇနီးဖြစ်သူ ဘဒ္ဒရာကပိလာနီသည် နှမ်းစေ့များကို အိမ်ရှေ့ ဖျာတချပ်ပေါ် နေပူလှမ်းထားခဲ့ရာ နှမ်းစေ့များကြားမှ ထွက်လာကြသည့် သေးငယ်သော ပိုးမွှားများကို ငှက်များက နှုတ်သီးဖြင့် ထိုးကောက်၍ စားနေသည်ကို မြင်တွေ့၍ အလွန့်အလွန်ပင် စိတ်မချမ်းမြေ့နိုင်ဖြစ်လျက် ဂဟပတိ (အိမ်ထောင်ရှင်) တို့၏ ဘဝကို အကြီးအကျယ် စိတ်ပျက်လာခဲ့လေတော့သည်။ ပိပ္ပလီကုမာရ လယ်ထဲက အိမ်ပြန်ရောက်သည့်အခါ ဇနီးမောင်နှံတို့နှစ်ဦး ခေါင်းချင်းရိုက်၍ တိုင်ပင်ဆွေးနွေးကြကာ အိမ်ထောင်သည်ဘဝကို စွန့်ကာ ရသေ့ရဟန်းတို့ဘဝဖြင့် တရားကျင့်ကြံသွားကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ပိပ္ပလီနှင့် ဘဒ္ဒရာကပိလာနီတို့ ဇနီးမောင်နှံသည် ဆံကေသာများကို အချင်းချင်း အပြန်အလှန်စီ ရိတ်ဖြတ်ကြလျက်၊ (ရသေ့၊ ရဟန်းအသွင်ကို ယူလျက်) အိမ်ကိုစွန့်ခွါ၍ လမ်းပေါ်ထွက်လာခဲ့ကြလေသည်။ လမ်းဆုံတနေရာသို့ ရောက်သောအခါ ပိပ္ပလီသည် ညာဘက်သို့ သွားသည့် လမ်းအတိုင်းလျှောက်သွားပြီး၊ ဘဒ္ဒရာကပိလာနီမှာ ဘယ်ဘက်သို့ သွားသည့် လမ်းအတိုင်း အသီးသီး လျှောက်သွားခဲ့ကြလေသည်။ (သံသရာတလျှောက် ငှက်ဖြစ်လျှင်ပင် တကိုင်းတည်း အတူနား၍ အစဉ်သဖြင့် မကွေမကွာ မေတ္တာစစ်ဖြင့် ချစ်လာခဲ့ကြရှာသော) ၎င်းတို့ ဇနီးမောင်နှံ နှစ်ဦး နောက်ဆုံး လူချင်းခွဲခွာသည့် အချိန်တွင် ရုတ်ခြည်း ငလျင်ကြီးလှုပ်လာပြီး မိုးချုန်းသံကြီးများဖြင့် ပွဲတင်ထပ်လျက် ပတ်ဝန်းကျင် တခုလုံး တုန်လှုပ်ချောက်ချားဖွယ် ဖြစ်သွားတော့သည်။

ထိုအချိန်က ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့ရှိ ဝေဠုဝန ဂန္ဓကုဋီကျောင်းတိုက်၌ သီတင်းသုံးတော်မူနေသည်။ ထိုဖြစ်စဉ်တခုလုံးအား ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ကြည့်ရှုသုံးသပ်တော်မူကာ ဝေဠုဝန်ကျောင်းတော်မှ ထွက်ကြွတော်မူလာပြီး နာလန္ဒာ***ကျောင်းတော်***သို့ သွားသည့် လမ်းနံဘေးရှိ ပြဉ်ညောင်ပင်ကြီး တစ်ပင်အောက်၌ သီတင်းသုံး စံပါယ်တော်မူနေခဲ့လေသည်။

ပိပ္ပလီ ထိုလမ်းမကြီးအတိုင်း လျှောက်သွားနေခဲ့သည်။ ပြဉ်ညောင်ပင်ကြီး အောက်တွင် ထိုင်တော်မူလျက် သီတင်းသုံးတော်မူနေသော ဗုဒ္ဓအား အဝေးမှပင် လှမ်း၍ မြင်လိုက်သည်။ အိမ်မှထွက်ကတည်းကပင် လောက၌ အရဟတ္တဖိုလ်ရရှိပြီး၊ သမ္မာသမ္ဗောဓိ ဉာဏ်တော်ရှင်သည်သာလျှင် သူ့ဆရာဖြစ်ရမည်ဟု ဆုံးဖြတ် လာခဲ့သော ပိပ္ပလီကုမာရသည် ဗုဒ္ဓ၏အထံတော်သို့ ရောက်ရှိလာခဲ့လေသည်။ ရှင်တော်ဗုဒ္ဓသည် မိမိထံတော်ပါးသို့ ရောက်ရှိလာသူ ပိပ္ပလီအား ထိုင်ခိုင်းတော်မူသည်။ ပိပ္ပလီမှာလည်း ရှင်ဗုဒ္ဓါအား အရိုအသေပြုကာ သင့်တော်သည့် နေရာတွင် ထိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် သူ့အား တရားဒေသနာတော်များကို ဟောကြားပေးခဲ့သည်။ ပြီးမှ ပိပ္ပလိ၏ တောင်းပန်ချက်အရ ဘုရားရှင်က ရဟန်းပြုပေးတော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ပိပ္ပလိကိုယ်တော်၏ ဘွဲ့နာမမှာ မဟာကဿပ ဖြစ်လာခဲ့သည်။ ထို့နောက် ဘုရားရှင်သည် ရှင်မဟာကဿပအား အတူခေါ်ယူကာ ရာဇဂြိုဟ်ဘက်သို့ ကြွလာခဲ့ရာ လမ်းတနေရာတွင် သစ်ပင်တပင်အောက်၌ ထိုင်ကြရန် ဆန္ဒပြုတော်မူလာလေသည်။ မဟာကဿပသည် ဘုရားရှင် သီတင်းသုံးတော်မူရန် မိမိ၏ နှစ်ထပ်သင်္ကန်းကြီး – (သံဃာဋိ) ကို ခင်းကျင်းပေးလေသည်။ ရှင်ကဿပ၏ ထိုအပြုအမူတို့ကို မြင်တွေ့၍ ရှင်တော်ဗုဒ္ဓက ဤသို့မေးတော်မူသည်။ "ငါ့ရှင်၊ သင့်အဖို့ကော အဘယ်သင်္ကန်းကိုများ ဝတ်ဦးတော့မှာလဲ။"

"တပည့်တော်အား အရှင်ဘုရား ဝတ်ဆင်တော်မူထားပြီးသည့် သင်္ကန်းဟောင်းကိုသာ စွန့်တော်မူပါ၊ ဘုရားရှင်၏ စုတ်ပြတ်နေသည့် သင်္ကန်းဟောင်းက တပည့်တော်အတွက် လောကစည်းစိမ်ခပ်သိမ်းထက် ပို၍တန်ဖိုးရှိကြောင်းပါ ဘုရား"

ထိုအခါဗုဒ္ဓသည် မိမိ၏သင်္ကန်းဟောင်းတော်ကို ရှင်ကာဿပအား ပေးသနားတော်မူသည်။ ရှင်မဟာကဿပမှလည်း မိမိပါလာသော သင်္ကန်းအသစ်ကို ဘုရားရှင်အား ဆက်ကပ်တော်မူခဲ့ပါသည်။ ဘုရားရှင် ကိုယ်တော်တိုင်မှ ချီးမြှောက်သည့် သင်္ကန်းဟောင်းအား လက်ခံရယူနိုင်ခဲ့ခြင်းအတွက် ရှင်မဟာကာဿပသည် အာရုဝမ်းသာ(ပီတိ၊ သောမနဿ)ဖြစ်ခြင်း၊ မိမိဘဝကို မိမိကျေနပ်မိခြင်းများ ဖြစ်ရပေသည်။ ဘုရားရှင်ကိုယ်တော်တိုင် ဝတ်ရုံ သုံးဆောင်တော်မူထားပြီးဖြစ်သည့် သင်္ကန်းကို (မိမိမှအပ) အခြားမည်သူကမျှ ဤကဲ့သို့ ဆက်ခံဝတ်ရုံခွင့် ရရှိနိုင်မည် မဟုတ်။ (ဤအချက်ကြောင့်လည်း အရှင်မဟာကာဿပသည် အလွန်ပြင်းထန်ခြိုးခြံစွာ ကျင့်ရသော (ဓုတင်) အကျင့်ကို ဆောက်တည်ကာ ရှစ်ရက်မျှ တိုတောင်းသည့် အချိန်ကာလအတွင်း ကိလေသာ လုံးဝကင်းရှင်းအောင် ကျင့်ကြံအားထုတ်ခဲ့ရာ အားထုတ်မှုပိုင်းတွင် မှန်ကန်၊ မျှတနေသည်ဖြစ်၍လည်း ရှစ်ရက်အတွင်း အရဟတ္တဖိုလ်၌ တည်နိုင်ခဲ့ပေသည်။ မဟာပုရိသတို့၏ မှတ်အသားဟုဆိုအပ်သော လက္ခဏာ (၃၂) မျိုးအနက် ရှင်ကာဿပ၏ ရုပ်ခန္ဓာတော်တွင် (၆) မျိုးသော လက္ခဏာတို့ ပါရှိသည်ဟု ဆိုကြသည်။ တန်ခိုးဣဒ္ဓိအရာ၌ ရှင်ကာဿပသည် ရှင်အနိရုဒ္ဓ၊ ရှင်မဟာမောဂ္ဂလန်နှင့် ရှင်ကပ္ပိနတို့နှင့် တတန်းတစားတည်း ရှိခဲ့သည်။ ***သို့သော် ရှင်ကာဿပ၏ ဉာဏ်ဆင့်မှာ အထက်တွင် ဖော်ပြထားသည့်*** အရှင်မြတ်တို့ထက် နိမ့်နေခဲ့ပါသည်။ ရှင်ကာဿပ၏ တရားဒေသနာများကို လူကြိုက်များခဲ့ပြီး၊ သံဃာတော်များအား မျက်မှောက်ဘဝတွင် တရားဓမ္မနှင့်အညီ ကျင့်သုံးနေထိုင်ကြရန် ဆုံးမသွန်သင်တော်မူလေ့ရှိသည်။ ဗုဒ္ဓသည် ရှင်မဟာ



ကဿပအား လမင်းနှင့် ဥပမာထပ်တူပြု၍ ချီးမွမ်းတော်မူသလို (မိမိနှင့် တတန်းတည်း ထား၍လည်း မြှောက်စားတော် မူလေ့ရှိပေသည်)။

တခါသော် ဗုဒ္ဓသည် ရှင်မဟာကဿပနှင့် စပ်လျဉ်း၍ ဤသို့ မြွက်ကြားတော်မူသည်။ "ရှင်ကဿပကား ဘယ်လောကီ စည်းစိမ်းကိုမှ တွယ်တာ၊ ကပ်ငြိခြင်းမရှိ၊ သူသည် ရေကြည်အိုင်၌ ငုတ်သည့် ဟင်္သာငှက်နှင့် ပမာတူသည်။ ရွှေဟင်္သာငှက်သည် ရေကြည်အိုင်၌ ရေငုတ်သော်လည်း ၎င်းတို့၏ ကိုယ်ခန္ဓာမှာ ရေတစ်စက်မျှ တင်ရစ်ခြင်း မရှိ။" သာဝတ္ထိပြည်၊ (ဇေတဝန်ကျောင်းတော်၌) သီတင်းသုံး နေထိုင်တော်မူစဉ်ကလည်း ဗုဒ္ဓသည် အရှင်မဟာကဿပနှင့် စပ်လျဉ်း၍ ဤသို့ မြွက်ကြားတော်မူခဲ့ဖူးသည်။

"ရဟန်းတို့၊ ငါ၏တပည့်သာဝကကြီးဖြစ်သော ကဿပသည် မည်သည့် သင်္ကန်းမျိုးကို ဝတ်ရဝတ်ရ၊ မည်သည့်ဆွမ်းဘောဇဉ်မျိုးကို ဘုဉ်းရဘုဉ်းပေးရ အမြဲကျေနပ်ရောင့်ရဲတတ်သည်။ ဂိလာနအသုံးအဆောင်ဖြစ်သော မည်သည့် ဆေးပစ္စည်းမျိုးကိုရရှိ ရရှိ၊ ကာဿပကား မည်သည့်အခါမှ ငြီးတွားခြင်းမရှိ၊ ကျေနပ်အားရစွာ သုံးစွဲပေသည်" ဟူ၏။

ရှင်မဟာကာဿပသည် ကြီးကျယ်ခမ်းနားလှသည့် ဝိဟာရကျောင်းတိုက်ကြီး များ၌သီတင်းသုံး နေထိုင်ခြင်းကို မက်မောခြင်းမရှိ၊ အရညဝါသီ တောတောင်ကို ခိုမှီ၍ သီတင်းသုံးရသော အဖြစ်၌သာ မွေ့လျော်ပျော်ပိုက်တော်မူ၏။ သက်တော်ကြီးရင့် အိုမင်းလာသည်အထိ ဘဝနေထိုင်မှုပုံစံ ပြောင်းလဲမသွားခြင်းမရှိခဲ့။ အရှင်သည် ဘိက္ခုနီများအား တရားဒေသနာ ဟောရခြင်းကို များစွာနှစ်မြို့တော်မူလှသည် မဟုတ်ပေ။ တခါက ရှင်အာနန္ဒာ၏ မေတ္တာရပ်ခံချက်အရ ဥပဒေသပြုခဲ့ဖူးသည်။ ဇေတဝန်ကျောင်းတော်ဝင်းထဲ၌ အနာထပိဏ်က ဘိက္ခုနီများ သီတင်းသုံးနိုင်ရန် တည်ဆောက်လှူဒါန်းခဲ့သည့် ကျောင်း၌ ရှင်မဟာကာဿပမှာ ရှင်အာနန္ဒာအား ပြစ်တင်စကားမျိုးကို တခါတခါ ပြောတတ်သည်။ ရှင်အာနန္ဒာမှာ ရိုးဖြောင့်၍ သည်းခံတရား အပြည့်ရှိသော ဘိက္ခုဆရာတပါးဖြစ်သည့် အားလျော်စွာ မဟာကာဿပမှာ သူ့အား စွပ်စွဲပြောသည့် စကားများကို အရေးမပေး ခွင့်လွှတ်စမြဲ ***ခွင့်လွှတ်တတ်သည်။ ဘိက္ခုနီအများစုက ရှင်မဟာကာဿပကို လိုလား*** နှစ်ခြိုက်အားရခြင်းမရှိ၊ ဘိက္ခုနီများက ရှင်အာနန္ဒာအား အထူးလေးစားမြတ်နိုး ကြသည်။ သို့ပြုရခြင်း၏ အကြောင်းမှာ ရှင်အာနန္ဒာ၏ အထူးကြိုးစားမှုကြောင့် ဘိက္ခုနီ သံဃာဖြစ်ပေါ်လာရသည့် အတွက်လည်း ဖြစ်နိုင်ပါသည်။

အရှင်မဟာကာဿပသည် သူဆင်းရဲတို့အပေါ် ကရုဏာထားရှိသည်ဖြစ်၍ သူဆင်းရဲတို့၏ ရွာ၌ ဆွမ်းခံယူတတ်သည်။ ရှင်ကာဿပအား ယောကျ်ား မိန်းမ အားလုံးတို့ လှူဒါန်းပျော်ကြ၏။ ထို့အပြင် နတ်ဒေဝတာများလည်း ရှင်ကာဿပအား

www.burmeseclassic.com

www.burmeseclassic.com



အထူးလေးစား ကြည်ညိုကာ အလွန်အတမ်းပြုရာ၌ ပျော်မွေ့တတ်ပါသည်။ မဟာကဿပ၏ ဘဝနှင့် စပ်လျဉ်းသည့် အဖြစ်အပျက်များ အများအပြား ရှိသော်လည်း ဤနေရာတွင် ထိုအဖြစ်အပျက်များကို စုံစုံညီညီ ရေးသားဖော်ပြလို့ မဖြစ်နိုင်ပါ။ ဒိဗျစက္ခု ဉာဏ်ရှင် ဗုဒ္ဓသည် မဟာကဿပအား တွေ့ရှိရခဲ့ကတည်းကပင် ဤပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်က ဘိက္ခုများကို စည်းရုံးစုစည်း၍ သင်္ဂါယနာတင်သွားမည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်းကို တင်ကြိုမြင်တွေ့ သိရှိထားပြီးဖြစ်ပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့သည့် အချိန်ကာလက ရှင်မဟာကဿပသည် ဘိက္ခုအပေါင်း (၅၀၀) ခြံရံလျက် ပါဝါနှင့် ကုသိနာရုံလမ်းခရီး အကြားတွင် သွားနေခဲ့သည်။ ထိုအခါက ရှင်ဗုဒ္ဓ ပရိနိဗ္ဗာန်စံသွားခဲ့ပြီး သတင်းကို ကြားသိရသည့်အခါ အာဗိဝက တက္ကတွန်းတစ်ဦးက "ဒို့လွတ်သွားပြီ။ ငါတို့လုပ်ချင်ရာလုပ်လို့ရပြီ။ ငါတို့လွတ်သွားခဲ့ပြီ စသည်အားဖြင့် ပြောဆိုခဲ့သည့် စကားများကို ရှင်ကဿပ ကြားခဲ့ရသည့် အချိန်ကတည်းက သံဃာများ အစည်းအဝေးဖြင့် ဝိနည်းဆိုင်ရာ ကိစ္စဝိစ္စများကို တိတိကျကျ သတ်မှတ်သွားရန် လိုအပ်ကြောင်း စိတ်ကူးမိခဲ့သည်။ အကယ်၍ စောစောကပင် ဘိက္ခုများ ဘိက္ခုသံဃာ့အဖွဲ့တွင် ရှိနေဦးမည်ဆိုပါက ဘိက္ခုသံဃာ့အဖွဲ့နှင့် ဗုဒ္ဓသံဃာ့အဖွဲ့၏ အကျိုးနစ်နာလိမ့်ပေမည် စသည့်အတွေးအမြင်သည် ရှင်ကဿပ စဉ်းစားတွေဝေခဲ့ပါသည်။ ထိုသို့ ကိစ္စများကို ရှင်းလင်းသွားရန် ဗုဒ္ဓ ဓမ္မသင်္ဂါယနာတခု ဖြစ်လာဖို့ လိုအပ်သည်ဟု မဟာကဿပက ထိုစဉ်ထိုအခါကပင် စဉ်းစားထားပြီး အချိန်တန်လာသည့်ကာလတွင် ငါကထို သင်္ဂါယနာမျိုးကို ကျင်းပပြုလုပ်သွားမည်ဟု စိတ်ပိုင်းဖြတ်ခဲ့ပါသည်။ ပရိနိဗ္ဗာန်ပြုပြီးနောက် ကုသိနာရုံတွင် ဘုရားရှင်၏ ခန္ဓာကိုယ်ကို မီးသဂြိုဟ်ပြီးသကာလ ဓါတ်တော်များကို ခွဲဝေယူပြီး၊ ရှင်မဟာကဿပသည် မဂဓအတွက် ရရှိခဲ့သည့် ဓါတ်တော်အစုကိုယူပြီး မဂဓပြည့်ရှင် အဇာတသတ်ထံသို့ ကြွချီခဲ့သည်။ ထိုဓါတ်တော်များကို ဌာပနာလျက် ရာဇဂြိုဟ်၌ ကြီးကျယ်ခမ်းနားသည့် စေတီတစ်ဆူကို တည်ခဲ့ရပါသည်။

ရှင်မဟာကဿပမှာ ဘုရင် အဇာတသတ်၏ အကူအညီဖြင့် ပထမ သင်္ဂါယနာ သံဂီတိကို ကျင်းပသွားရန် စီစဉ်ခဲ့သည်။ ထိုသင်္ဂါယနာ သံဂီတိကို တက်ရောက်ကြရန် ရဟန္တာအပါး ငါးရာကို ရွေးချယ်ခဲ့ရသည်။ ဝါတွင်းကာလအတွင်း သင်္ဂါယနာတင်သည့် သပ္ပတပဏ္ဏိလှိုဏ်၌ ရှင်အာနန္ဒာအတွက် ထိုင်ခုံတခုကို လစ်လပ်ထားခဲ့ကြသည်။ ရှင်အာနန္ဒာမှာ ထိုအချိန်ကာလအထိ ရဟန္တာအဖြစ် မတည်ခဲ့သေးပါ။ သင်္ဂါယနာ စတော့မည့် တစ်ညကြို အာနန္ဒာမှာ သမာဓိထိုင်ခဲ့ရာ နောက်နေ့ မိုးလင်းခါနီးမှာ အရဟတ္တဖိုလ် တည်နိုင်ခဲ့သည်။ သပ္ပတပဏ္ဏိ တောင်လှိုဏ်၌ သင်္ဂါယနာ သံဂီတိ အတွက် ရောက်လျက်ရှိသော ဘိက္ခုအပေါင်းတို့၏ သဘော



တူညီချက်ကိုရယူ၍ သံဂီတိ၏ ဦးစီးနာယက ဖြစ်သူ ရှင်မဟာကဿပသည် ဗုဒ္ဓဓမ္မ သုတ္တံများကို ရွတ်ဖတ် သရဇ္ဈာယ်သွားရန် ရှင်အာနန္ဒာအား တာဝန်ပေးခဲ့ပြီး၊ ဝတ်နည်း (ဝိနယ) ဆိုင်ရာ မေးခွန်းများကို ဖြေရှင်းသွားရန် ရှင်ဥပါလိအား တာဝန်ပေးခဲ့ပါသည်။ ပထမ သင်္ဂါယနာတင် သင်္ဂီတိတွင် သဘာပတိအဖြစ် ဆောင်ရွက်ပေးခဲ့သူ ရှင်မဟာ ကာဿပသည် သင်္ဂီတိအပြီးတွင် ရှင်အာနန္ဒာနှင့် ရှင်ဥပါလိတို့၏ မှတ်ဉာဏ်များကို ချီးကျူးထောပနာ ပြုခဲ့ပါသည်။ ပထမ သင်္ဂါယနာကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အတွက် ဝေဘာရတောင်နှင့် ရာဇဂြိုဟ်မြို့ နေရာသည် ဗုဒ္ဓလောက၌ သမိုင်းတွင်ခဲ့ ရသည့် အရပ်နေရာ ဖြစ်လာခဲ့ရပါသည်။

ရှင်တော်မြတ် မဟာကဿပသည် အရှင်မြတ်စွာဘုရား၏ တရားဓမ္မများကို သူ့မူလအတိုင်း ထားစေလိုသည့် စိတ်ဆန္ဒပြင်းပြခဲ့သူတဦး ဖြစ်ခဲ့သည်။ နောက်ပိုင်း ကာလများတွင် ဗုဒ္ဓတရားတော်သည် သန့်စင်ကြည်လင်း နေစေချင်လိုသည့် စိတ်သဘောထားဖြင့် ထိုသို့ သင်္ဂါယနာ သင်္ဂီတိကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ အချို့သော သူများသည် ရှင်မဟာကဿပအား ရှေးရိုးစွဲဝါဒီဟူ၍ စွပ်စွဲကြသည်။ သို့သော် ရှင်မဟာကဿပမှာ ဗုဒ္ဓတရားတော်ကို သန့်စင်စေမြဲ သန့်စင်နေပါစေ ဆန္ဒစွဲ သူတော်မြတ်တပါးဖြစ်ကြောင်း ဗုဒ္ဓ ဓမ္မလောက က ကြည်ညိုသွားရမှာ ဖြစ်ပါသည်။ ရှင်မဟာကဿပသည် အသက် ၁၂၅-နှစ်တွင် အာယုကုန်ဆုံးခဲ့ပြီး ပရိနိဗ္ဗာန် ပြုခဲ့ရပါသည်။ ရှင်ကာဿပမှာ သက်ထက်ဆုံး စက်တော်ခေါ်ရန် ကုတင်များကို မသုံးစွဲခဲ့ပါ။ မြေပေါ်မှာ သင်္ဃာဋီခင်း၍ အိပ်လေ့ရှိခဲ့သည်။ ပရိနိဗ္ဗာန်ပြုပြီးသည့်အခါ ထိုအရှင်မြတ်၏ စွယ်တော် ဓါတ်တုတခုကို သီရိလင်္ကာသို့ ပင့်ဆောင်သွားပြီး ဘီမတိတ္ထ ဝိဟာရကျောင်း၌ ဌာပနာထားခဲ့ရပါသည်။

## ရှင်သုဘဒ္ဒ

ဘုရားရှင် သက်တော်ထင်ရှားရှိနေစဉ်က သုဘဒ္ဒမှာ နောက်ဆုံး ဥပဇ္ဈာယ် ပေးခံရသည့် ဘိက္ခုဖြစ်၏။ မဟာပရိနိဗ္ဗာန်ဝင်ရန် ဘုရားရှင်မှာ ဝေသာလီမှ ကုသိနာရုံသို့ ခရီးထွက်လာခဲ့သည်။ ကုသိနာရုံနယ်မြေသို့ ရောက်လာကာ ခရီးပန်းကာ သာလပင် နှစ်ပင်ကြား သံဃာဋီ အပေါ်လဲလျောင်းကာ အနားယူလျက်ရှိရာ သုဘဒ္ဒရ မည်သော သက်အို အာဇီဝက တစ်ဦးသည် ဘုရားရှင်အား ဖူးမြော်လိုကြောင်း ရှင်အာနန္ဒာထံ ခွင့်ပန်လာခဲ့သည်။ ဘုရားရှင်အား ထိုအချိန်မျိုး၌ ဝင်တွေ့ခွင့်မပြုလိုသော ရှင်အာနန္ဒာနှင့် သုဘဒ္ဒရတို့ အချင်းချင်း ပြောဆိုနေသည့် စကားများကို မြတ်စွာဘုရားကြားသိကာ "ချစ်သား အာနန္ဒာ သုဘဒ္ဒရအား ငါ့ရှေ့သို့လာပါစေဟု မိန့်ကြားတော်မူခဲ့သည်။" အဘိုးအို သုဘဒ္ဒသည် ရှင်တော်ဗုဒ္ဓအား လေးစားကြည်ညိုရင်းရှိသည့် အာဇီဝက

www.burmeseclassic.com

www.burmeseclassic.com



တက္ကတွန်းတဦးဖြစ်သည်။ ဘုရားရှင်အား ဖူးမြော်ခွင့်ရသည့် အခိုက်တွင် ဘုရားထံတော်ပါးသို့ ချဉ်းကပ် ရှိခိုးလျက် လက်အုပ်ချီ၍ သင့်တော်သည့် နေရာတွင် ထိုင်လျက် ဘုရားရှင်အား ဤသို့လျှောက်ထားသည်။

"အရှင်ဂေါတမ ဗြာဟ္မဏအနွယ်ဝင် ဂဏာစရိယ အချို့တို့သည် ထင်ပေါ်ကျော်ကြားမှုလည်းရှိကြ၏။ နောက်လိုက် တပည့်တပန်းများကြ၏။ ထိုသို့သော ရဟန်းပညာရှင်တို့တွင် ပုရဏကဿပ၊ မက္ခလိဂေါသာလ၊ သဉ္စယ ဝေလဋ္ဌိပုတ္တ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယနနှင့် နိဂဏ္ဍ နာဋပုတ္တ စသည့် ဆရာကြီးတို့သည် ၎င်းတို့ဟောကြားဖြန့်ဝေလျက်ရှိသော ဟောကြားချက်များကို ၎င်းတို့ကိုယ်တိုင်က အမှန်အတိုင်းသိကြရဲ့လား။ သို့တည်းမဟုတ် အချို့သော ဆရာကြီးများက နားလည်သိရှိပြီး၊ အချို့က လုံးဝသိရှိနားလည်ခြင်း မရှိကြဘူးလား" "သုဘဒ္ဒ၊ မိမိ၏ အယူအဆနှင့် လုပ်ရပ် (ကမ္မ)တို့ကို ခဏတာ မေ့ထားလိုက်ပါဦး။ ငါဘုရား သင့်အား တရားဟောပါရစေ။ အာရုံစိုက်၍သာ နာကြားပေတော့။"

"သုဘဒ္ဒ၊ အကြင်သို့သော ကျင့်စဉ် ဓမ္မ (နှင့် ဝိနယ) အား လိုက်နာကျင့်သုံးရန် (ညွှန်ကြားရာတွင်) မဂ္ဂင်ရှစ်ပါး တည်းဟူသော လမ်းရှစ်သွယ်ကို ထည့်သွင်းပြဋ္ဌာန်း ပေးခြင်း မပါရှိပါက ထိုတရားဓမ္မကို ကျင့်ကြံသူ သာမဏများမှာ ပထမ အဆင့်ဖြစ်သော သောတာပန်၊ ဒုတိယအဆင့်ဖြစ်သော သကဒါဂါမ်၊ တတိယနှင့် စတုတ္ထ သမဏ အဆင့်များဖြစ်ကြသော အနာဂါမ်နှင့် အရဟတ္တ အဆင့်တို့သို့ တက်လှမ်း၍ တည်နိုင်ကြမည်မဟုတ်။ မဂ္ဂင်ရှစ်ပါးနှင့် အညီ ဓမ္မ ဝိနယတို့ကို ကျင့်ကြံအားထုတ်ဖြစ်သည့် သမဏတို့မှာသာ အစဉ်အတိုင်းဖြစ်သော တရားအဆင့်တို့၌ တည်နိုင်ကြမည် ဖြစ်သည်။"





*အသင် သုဘဒ္ဒရ ငါဘုရားသည် (၂၉)နှစ်အရွယ်၌ ပရဝဇ္ဇယ ခံယူပြီး ယခု (၅၁) နှစ်ရှိပါပြီ။ ဤအချိန်ကာလတွင် အရိယဓမ္မ (သစ္စာဓမ္မ) ကို တရားညီမျှမှုနှင့်အညီ ကျင့်ကြံအားထုတ်ခွင့်ကို (ဤငါဘုရား၏ သာသနာတော်မှလွဲ၍(အခြား အာဘယ်မှာမှ မတွေ့ရှိရသေးပါ။*

ဗုဒ္ဓ၏ ဆုံးမသြဝါဒဒေသနာတော်များကို အဆုံးတိုင် နာကြားရပြီးသည့်တွင်ကား ကျေနပ်အားရ ဝမ်းသာလှသည်ဖြစ်၍ "တရားတော်သည် ထူးဆန်းပါ၏၊ အံ့သြစရာ ကောင်းလှပါ၏ ဘုရား။ တပည့်တော်သည် ဓမ္မနှင့်အတူ ဘိက္ခုသံဃာအားလည်း ရှိခိုးပါ၏၊ တပည့်တော်အား ရဟန်းအဖြစ် ချီးမြှောက်တော်မူပါဘုရား"။ ထိုအခါ ဘုရားရှင်သည် အာနန္ဒာအား ခေါ်တော်မူ၍ ဥပသမ္ပဒက်ဆောင်စေတော်မူသည်။

သို့ဖြင့် ရှင်သုဘဒ္ဒရသည် ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကာလ၌ ဗုဒ္ဓအထံ တော်ဝယ် နောက်ဆုံးရဟန်းပဉ်းဖြစ်ခဲ့သည့် ပစ္ဆိမသာဝက ဖြစ်လာခဲ့ရပေသည်။ အရှင်သည် တိကျမှန်ကန် စူးစိုက်နာယူ၍ ကြိုးစားကျင့်ကြံခဲ့သည့်အတွက် ထိုနေရာ၌ပင် အရဟတ္တဖိုလ်၌ တည်ခဲ့ပါသည်။

ကုသိနာရုံတွင် မဟာပရိနိဗ္ဗာန်မဝင်ခင် ဘုရားရှင်သည် အောက်ဖော်ပြပါ တရားဒေသနာတော်ကို နောက်ဆုံး မြွက်ကြားတော်မူခဲ့သည်။

*အာကာသေစ ပဒံ နတ္ထိ သမဏော နတ္ထိ ဗာဟိရေ။*
*ပပဉ္စာ ဘိရတာ ပဇာ နိပ္ပဉ္စာ တထာဂတာ၊*
*အာကာတေ စ ပဒံ နတ္ထိ သမာဏော နတ္ထိဝါဟိရေ၊*
*သခါရာ သဿတာ နတိ၊ နတိ ဗုဒ္ဓါ နမိဉ္ဇတ*

*အနက်မှာ- ကောင်းကင်ယံ၌ ခြေရာမရှိ၊*
*အပြင်မှာ သာမဏ (ရသေ့ရဟန်း) တို့ မနေထိုင်၊*
*အားလုံးသော သူတို့သည် ပပံ့ဥ၌ အလုပ်များနေကြသည်။ သို့သော် တထာဂတ တို့သည် ပပံ့ဥ ကင်းရှင်းကြသည်။*

ဓမ္မပဒ၊ မလဝဂ္ဂ။



www.burmeseclassic.com

www.burmeseclassic.com



## ဒေါဏ ဗြာဟ္မဏ

ဒေါဏဗြာဟ္မဏကြီးသည် တထာဂတ ဗုဒ္ဓအား (အထူး)သဒ္ဓါ ကြည်ညိုသူတဦး ဖြစ်သည်။ ဘုရားရှင်၏ ဓါတ်တော်များ ခွဲဝေရေးနှင့် ပတ်သက်၍ အငြင်းပွါးမှုမရှိစေဘဲ အားလုံးအဆင်ပြေချောမွေ့အောင် ဖြေရှင်းဆောင်ရွက် ပေးခဲ့သူလည်း ဖြစ်ပြီး၊ မလ္လတို့ပိုင် ဗေဌဒီပ (ကျွန်း)၌ နေထိုင်သူဖြစ်သည်။ သူသည် မလ္လဂဏနိုင်ငံတော်၏ သမတဖြစ်သူ ဝဇရပါဏိ၏ မိတ်ဆွေ တဦးလည်းဖြစ်သည်။ မလ္လတိုင်း နိုင်ငံတခွင်တွင် ရှင်တော်ဗုဒ္ဓအား ထောက်ခံသည့် မဟာဝိပဿီ တစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားသူ ဓမ္မပညာရှင် တစ်ဦးလည်း ဖြစ်သည်။ ကုသိနာရုံတွင် ရှင်တော်မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုသွားခဲ့ပြီးနောက် ဘုရားရှင်၏ ဥတုဇရုပ်အလောင်းတော်ကို မီးသင်္ဂြိုဟ်ခြင်းအပါအဝင် နောက်ဆက်တွဲ လုပ်စရာများအားလုံးကို တရားဓမ္မနှင့်အညီ အစအဆုံးပါဝင်ကြည့်ရှု၍ အကောင်းဆုံး၊ အလှပအတင့်တယ်ဆုံး ဖြစ်အောင် ကူညီဆောင်ရွက် ပေးသွားခဲ့သူလည်းဖြစ်သည်။

ဘုရားရှင်၏ ဓါတ်တော်များ ခွဲဝေယူမှုနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုတို့ကို ဖြေရှင်းပေးနိုင်ခဲ့သူ ဆရာကြီး ဒေါဏက ဝိဝါဒဖြစ်ပွားနေကြသော ရှင်ဘုရင်များ၊ ဂဏာဓိပတိတို့အား ဤသို့ ကြားဝင်ပြောဆို၍ ဖြန်ဖြေခဲ့သည်။

"လေးစားအပ်သော ရှင်ဘုရင် ကိုယ်စားလှယ်များနှင့် ဂဏာဓိပတိတို့၊ ငါတို့ အရှင်မြတ်ဗုဒ္ဓသည် အေးငြိမ်းချမ်းသာမှုကိုသာ လိုလားသူဖြစ်သည်။ လူ၊ နတ်၊ ဗြဟ္မာ အားလုံးတို့အပေါ် ကရုဏာတော်ကို အမြဲထားခဲ့သူဖြစ်ပြီး၊ လောကမှာ အခြား အဘယ်သူများနှင့်မဆို နှိုင်းယှဉ်၍ မရနိုင်သော *ဒိဗျဉာဏ်ရှင်* မဟာပုရိသ



တစ်ဦးလည်းဖြစ်ပါသည်။ ထိုမျှကြီးမားမြင့်မြတ်သော ပုဂ္ဂိုလ်ထူးကြီး၏ ဓါတ်တော်များကို လူအများတို့ အစဉ်ဖူးမြော်နိုင်အောင် ဆောင်ရွက်သွားရန် တာဝန်သည် အရှင်မင်းမြတ် တို့အားလုံးအပေါ်မှာ ရှိနေသဖြင့် ဤပွဲတော်သို့ တက်ရောက်ဆင်နွှဲကြသော၊ တိုင်းနိုင်ငံ အသီးသီးကို ကိုယ်စားပြုသည့် မင်းများအနေဖြင့် ညီတူညီမျှခွဲဝေ ယူသင့်ပါကြောင်း" ဆန္ဒပြုကာ သင်ဆိုင်သူများ အားလုံး၏ ထောက်ခံမှုဖြင့် ဘုရားရှင်၏ ဓါတ်တော်များကို ရှစ်ပုံ ပုံလျက် တစ်ပုံစီကို သက်ဆိုင်ရာ တနိုင်ငံချင်းစီအတွက် ခွဲဝေပေးခဲ့ပါသည်။ နောက်ဆုံး၌ ဓါတ်တော်များကို (၇)ရက် တိတိလုံခြုံစွာ သိမ်းဆည်းထားခဲ့သည့် ကုမ္ဘ (အိုး) ကို မိမိအတွက် ဝေစုခွဲ၍ ယူခဲ့ပေသည်။ ထို(ကုမ္ဘ)အိုးကို မိမိနေရပ်တွင် ဌာပနာကာ ထူပတစ်ဆူ တည်ထား၍ ပူဇော်ကြည်ညိုခဲ့သည်။ ဒေါဏပုဏ္ဏား၏ အမြော်အမြင် ကြီးမားမှုကြောင့် ဓါတ်တော်အတွက် အငြင်းပွါးကြရမှသည့် စစ်ရေးဖြစ်ပွားတော့မည့် အခြေအနေတရပ်ကို ရှောင်လွှဲနိုင်ခဲ့ပေသည်။

တရုတ်ခရီးသည် ရဟန်းတော်ကြီး ဟူအင်ရှန်၏ ခရီးသွားမှတ်တမ်း၌ ဒေါဏထူပအကြောင်းကို ရေးသားဖော်ပြထားကြောင်း တွေ့ရှိနိုင်သည်။ ဟူအင်ရှန် ကိုယ်တော်ကြီးက ထိုဒေါဏထူပကို ဖူးမြော်ခဲ့ရကြောင်း သူ၏ခရီးသွား မှတ်တမ်း၌ အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်။

"ဤအရပ်မှနေ၍ ရက္ခမျိုးနွယ်စုများတို့အား ဘုရားရှင်ဗုဒ္ဓသည် တရားဓမ္မ တို့ဖြင့် ဆုံးမသွတ်သွင်းခဲ့သည်။ ထိုနေရာ၏ အရှေ့တောက်ဘက်အရပ်သို့ မီတာ (၁၀၀)ခန့် လမ်းလျှောက်သွားလျှင် ပြိုပျက်နေသည့် ထူပတခုသို့ ရောက်ပါသည်။ ယင်း၏ပွဲပြိုနေသည့် အစိပ်အပိုင်းတို့ကိုလည်းတွေ့ရှိခဲ့ရသည်။ စေတီ၏ အောက်ခြေပိုင်း ဆယ်ပေ ဆယ့်ငါးပေ (၁၀' ၁၅') ခန့် ကျန်ရစ်နေသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ရှေးခေတ်ဟောင်းက ဒေါဏပုဏ္ဏားသည် မိမိရရှိထားသည့်အိုးကို ဌာပနာကာ တည်ခဲ့သည့် ထူပဖြစ်၍ ဒေါဏထူပဟု မှည့်ခဲ့ပါသည်။

နောက်ပိုင်းကာလတွင် အသောကမင်း တရားကြီးသည် ဒေါဏထူပ အရင်းကို ဖျက်၍ ဌာပနာထားသည့် အိုးကိုထုတ်ယူခဲ့သည်။ ယင်းအိုးကြီးကို နဂိုကတည်းက ပျားရည်များဖြင့် သုတ်သင်ထားခဲ့သည်မို့ ဘုရားရှင်၏ ဓါတ်တော်အစိပ်အပိုင်း အချို့တို့သည် ထိုအိုး၌ကပ်ငြိ၍ ပါရှိခဲ့သည်ဟု ဆိုကြသည်။ မူရင်းဒေါဏ ထူပ တည်ရှိခဲ့သည့်နေရာတွင် အသောကမင်းကြီးသည် စေတီသစ်တဆူကို တည်ထား မှုးတော်မူခဲ့သည်။ အသောကတည်ခဲ့သည့် စေတီမှာ မူလစေတီထက်ပို၍ ကြီးမားခမ်းညားကြောင်း ဆိုကြသည်။ ပွဲတော်များ ကျင်းပရသည့် နေ့ထူးနေ့မြတ်တို့၌ ထိုစေတီတော်မှာ အလိုအလျောက် အလင်းရောင်ခြည်များ ထွန်းတောက်လာသည် ဟူ၍လည်း ဒေသခံတို့က ကတိပြု ပြောဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါဏ (ထူပ) စေတီတော်ကို ဒေါဏပုဏ္ဏားကြီး နေထိုင်ခဲ့သော ဗေဋ္ဌဒိပ၌ တည်ခဲ့ပါသည်။ ထိုစေတီတော်ကို ဖူးမြော်ခဲ့ပြီး၊ တရုတ်ဘုန်းကြီး ဟူအင်ရှန်က အထက်ဖော်ပြပါ အကြောင်းအရာကို မိမိ၏ခရီးသွား မှတ်တမ်းစာအုပ်၌ ရေးသားခဲ့ပါသည်။ ဤအကြောင်းအရာများကို ထောက်ရှုခြင်းဖြင့် ဗေဋ္ဌဒိပမှာ မလ္လတို့နိုင်ငံမှာတည်ရှိပြီး မလ္လဂဏနိုင်ငံ၏ အစိပ်အပိုင်းတခုဖြစ်ကြောင်း ထင်ရှားပါသည်။ သာရယုမြစ်တဘက်ကမ်းရှိ နယ်မြေသည် တချိန်က မလ္လဂဏ၏ အစိပ်အပိုင်း ဖြစ်ခဲ့ဖူးကြောင်း အခြားထင်ရှားသည့် ဥဒါဟရုဏ်များ ရှိသေးသော်လည်း အချို့ပညာရှိများက လက်မခံကြပေ။ မည်သို့ပင်ဖြစ်စေ၊ ဒေါဏထူပသည် တရုပ်ခရီးသည်ကြီး ရောက်ရှိခဲ့သည့် အချိန်ကာလအထိ တည်ရှိခဲ့သေးသည်မှာ အမှန်ပင်ဖြစ်သည်။

## မလ္လဂဏနိုင်ငံမှ ထင်ပေါ်ကျော်ကြားခဲ့သည့် ဘိက္ခုများ

### ဒဗ္ဗမထေရ်

မလ္လဂဏမင်းဆက်တို့၏ ဂဏနိုင်ငံမှာ ဟိမဝန္တာ တောင်ခြေရင်းတွင် တည်ရှိခဲ့သည်။ မလ္လတို့ ဂဏနိုင်ငံသည် အပိုင်းနှစ်ပိုင်း အဖြစ်တည်ရှိခဲ့ရာ ပထမအပိုင်း၏ ရာဇဓါနီ (မြို့တော်) မှာ ကုသိနာရုံဖြစ်ပြီး၊ နောက်တပိုင်းကိုမူ ပါဝါမြို့အား မြို့တော် အဖြစ်ထားရှိကာ အုပ်ချုပ်ကြသည်။ မလ္လနိုင်ငံတွင် အတော်ရှေးကျ၊ စောစီးစွာကတည်းက ထင်ပေါ်ကျော်ကြား ကြခဲ့သည့် ဗုဒ္ဓဘာသာ ရဟန်းများ ပေါ်ထွန်းခဲ့ပါသည်။ ထိုသီလသမာဓိ *ပရဂျန်း* ပညာနှင့် ပြည့်စုံခဲ့သော အဆိုပါ ရဟန္တာများအနက် ဒဗ္ဗမထေရ်သည် ထင်ရှားသော ရဟန္တာတပါး ဖြစ်သည်။ ထေရဂါထာကျမ်း၌ ဖော်ပြချက်အရ ရှင်ဒဗ္ဗ၏ မိဘများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အလျောက် ၎င်းတို့၏သား ဒဗ္ဗကို ငယ်စဉ်ကလေးအရွယ်၌ပင် ဘိက္ခုသံဃာတော်တို့၏ ထံတော်ပါး၌ အပ်နှင်းခဲ့ပါသည်။

သို့သော် တိပိဋကစာရိယ ဒေါက်တာ ဓမ္မကိတ္တိရေး ကုသိနာရုံ သမိုင်းစာအုပ်တွင် ရှင်ဒဗ္ဗ၏ မွေးဖွားရာ အရပ်နေရာမှာ ကုသိနာရုံ ဖြစ်ကြောင်းနှင့် ရှင်ဒဗ္ဗမှာ မလ္လမင်းမျိုး မင်းနွယ်မှ မွေးဖွားခဲ့သူ တစ်ဦးဖြစ်ကြောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရှင်ဒဗ္ဗ၏ မွေးဖွားရာဒေသနှင့် စပ်လျဉ်း၍ ဖော်ပြသည့် ဂါထာတခုက ဤသို့ ဆိုထားသည်။

ရှင်ဒဗ္ဗလောင်းလျာ ကိုယ်ဝန် မိခင်ဝမ်းဗိုက်၌ ရှိနေစဉ် မိခင်ဖြစ်သူ ဆုံးပါးသွားခဲ့ပြီး အလောင်းကို မီးသင်္ဂြိုဟ်နေစဉ် မီးအရှိန်ကြောင့် ဝမ်းဗိုက် ရုတ်တရက် ပေါက်ကွဲ



သွားခဲ့သည်။ ဝမ်းဗိုက်ထဲက ကလေးငယ် ထွက်ကျလာခဲ့ကာ အလောင်းတင် ထင်းပုံဘေးရှိ မြက်ခြောက်ပုံပေါ်သို့ ကျရောက်သွားသည်။ ဆွေမျိုးများက ကလေးငယ်အား အဖွားဖြစ်သူထံ ပို့ပေးလိုက်ကြသည်။

သူ့အဖွားမှာ အနုပိယတောအုပ်နယ်မြေရှိ ရွာတရွာ၌ နေထိုင်သူဖြစ်သည်။ သူငယ်ဒဗ္ဗ (၇)နှစ်အရွယ် ရှိနေစဉ် ရှင်တော်ဗုဒ္ဓသည် ဓမ္မဖြန့်ချီရေး ဒေသစာရီ လှည့်လည်တော်မူရင်း ထိုရွာသို့ ရောက်လာခဲ့သည်။ ဒဗ္ဗကလေးမှာ ကလေးတို့ ဘာသာဘာဝအတိုင်း မြူးထူးခုန်ပေါက် ကစားလျက်ရှိနေခဲ့သည်။ ထိုအချိန်တွင် ရှင်တော်ဗုဒ္ဓသည် ဘိက္ခု သံဃာ အခြံအရံများ ခြံရံလျက် ထိုနေရာမှ ကြွချီနေကြောင်းကို သူဖူးမြင်ခဲ့ရသည်။ ရှင်တော်ဗုဒ္ဓ၏ တည်ကြည်ခန့်ငြားပြီး ကရုဏာရောင်ခြည်တော်များ ထွက်ပေါ်နေသည့် မျက်နှာတော်ကို ဖူးမြင်ရသည့် ခဏတွင်းမှာပင် ဒဗ္ဗကလေးမှာ ရှင်တော်ဗုဒ္ဓ နောက်တော်ပါးသို့ လိုက်လံရန် စိတ်ပေါက်လာခဲ့သည်။ ကလေးငယ်သည် အိမ်ပြန်ကာ အဖွားထံ ခွင့်ပန်ရာ အဖွားသည်လည်း မြေးလေး၏ ရှေ့လာနောင်ရေး များကို စဉ်းစားကာ ရဟန်းပြုခွင့် ပေးလိုက်သည်။

ထို့နောက်တွင် ဒဗ္ဗကုမာရသည် ဗုဒ္ဓဘုရားရှင်ထံ သွားရောက်၍ ရဟန်း ပြုပေးဖို့ရန် တောင်းဆိုလာခဲ့ရာ ကလေးငယ်၏ ဘဝဟောင်းမှ ကုသိုလ်များကို မြင်တွေ့တော်မူသည့်အလျောက် ရှင်တော်မြတ်ဗုဒ္ဓက ရဟန်းပြုပေးတော် မူခဲ့လေသည်။ သာမဏေဒဗ္ဗမှာ အနုပိယတောအုပ်အတွင်းရှိ ကျောင်းတစ်ကျောင်း၌ နေထိုင်၍ တရားအလုပ်ခွင်တဖက်နှင့် ပညာဆည်းပူးလျက်ရှိနေစဉ်ပင် ဘုရားရှင်သည် ရာဇဂြိုဟ် ပြည်သို့ ကြွမြန်းသွားတော် မူခဲ့လေသည်။ သာမဏေ ဒဗ္ဗလည်း ဆက်လက်၍ (ဘုရားရှင်နှင့် အနီးကပ်နေထိုင်၍) တရားကျင့်ကြံရန် ရာဇဂြိုဟ်သို့ လိုက်ပါထွက်ခွာ သွားခဲ့ကာ (ဝေဠုဝန်) ကျောင်းတော်၌ ဆက်လက် သီတင်းသုံးတော်မူခဲ့သည်။ တနေ့တွင် သံဃာများ စုပေါင်းအစည်းအဝေး၏ သဘောတူညီမှုနှင့်အညီ ရှင်ဒဗ္ဗမှာ သံဃာတော်များအတွက် သင့်တော်သလို အိပ်ရာ နေရာများ စီစဉ်ပေးခြင်းနှင့် မီးဖိုဆောင်၏ အကြီးအကဲအဖြစ် တာဝန်ပေး ရွေးချယ်ခံရလေသည်။

*ဒဗ္ဗမထေရ်သည် ဘိက္ခု သံဃာဝင် သုတ္တန္တိက၊ ဝိနယဓရ၊ ဓမ္မကထိက၊ ဈာနီ* ဗဏ္ဏ၊ အပရာဟဏ စသော သံဃာများ အတွက် သီးသန့်စီ အိပ်ရာခင်းများ အဆင်ပြေအောင် စီစဉ်ပေးရသည်။ အချင်းချင်း အသိအကျွမ်း ဖြစ်ကြသော ဘိက္ခုများ အိပ်ကြရန် တနေရာတွင် စီစဉ်ပြီး၊ အာဂန္တု၊ ဧည့်သည်ဖြစ်နေကြသော ဘိက္ခုတို့အား သီးသန့်စီ အားလုံး အဆင်ပြေ ချောမောအောင် စီစဉ်ပေးတတ်သည်။ ဘိက္ခု အများအပြားတို့မှာ ရှင်ဒဗ္ဗကိုယ်တော်အား ချစ်ခင်မြတ်နိုး ကြသည်။ ရှင်ဒဗ္ဗသည် ဣဒ္ဓိဗလ၊ သမာဓိဗလ တို့ဖက်၌လည်း လေ့လာကျွမ်းကျင်မှုရှိသော ရဟန်း၊ တန်ခိုးရှိ

www.burmeseclassic.com

www.burmeseclassic.com



ထားသူဖြစ်၍လည်း တစ်ပြိုင်တည်း၌ မိမိကိုယ်ပွားတို့ဖြင့် (မိမိရောက်ရှိနေသည့် ကျောင်းအပြင်) အခြားအခြားသော ကျောင်းများ၌လည်း မိမိတာဝန်ကို တပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင်က ရှင်ဒဗ္ဗ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ချီးကျူးတော်မူတတ်သည်။ တနေ့တွင် ရှင်တော်မြတ်ဗုဒ္ဓသည် ဘိက္ခုနှင့် ဘိက္ခုနီများ စုဝေးရာ၌ ရှင်ဒဗ္ဗကို ချီးမွမ်းပြောဆိုရာတွင်–"ရဟန်းတို့ ဒဗ္ဗမ ထေရ်သည် သူ့အားအပ်နှင်းထားသည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အတော်ဆုံး (အဂ္ဂ) ဖြစ်သည်"။

မေတ္တိယနှင့် ဘုမ္မဇကခေါ် ကိုယ်တော်နှစ်ပါးတို့ကား ရှင်ဒဗ္ဗအပေါ် မရှုစိမ့်မနာလိုသူများဖြစ်ကြသည်။ ရှင်ဒဗ္ဗမှ ထိုဘိက္ခု နှစ်ပါးတို့အတွက် စီစဉ်ပေးသည့် အိပ်ရာနေရာ စီစဉ်ပေးမှုအတွက် သဘောမတွေ့ဖြစ်ကြရာမှ မကျေနပ် ဖြစ်နေကြခဲ့ခြင်း ဖြစ်သည်။

တနေ့တွင် ကလျာဏ ဘတ္တိက ဒါယကာကြီး နေအိမ်တွင် ဆွမ်းစားအလှည့် ကျလာသည်ဖြစ်၍ ထိုရဟန်းနှစ်ပါးတို့သည် ဒါယကာကြီး ဘတ္တိကအိမ်ကို ဆွမ်းဘုဉ်းပေးရန် ကြွလာခဲ့ကြသည်။ ဒါယကာကြီး ဘတ္တိကကား ပညာအရည်အချင်း လည်းမရှိ ကောင်းသော အကျင့်သီလကို စောင့်ထိန်းနိုင်ခြင်းလည်း မရှိသည့် ထိုရဟန်း နှစ်ပါးတို့အား ညံ့ဖျင်းသော ဆွမ်းဘောဇဉ်များကို သူ့ကျွန်မများမှ တဆင့် အကပ်ခိုင်း ခဲ့သည်။ မေတ္တိယနှင့် ဘုမ္မဇတို့က ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးကြရသော်လည်း ထိုသို့ ဥပေက္ခာပြုခံရခြင်းမှာ ရှင်ဒဗ္ဗကြောင့် ဖြစ်နိုင်သည်ဟု ယူဆ၊ ယုံကြည်ခဲ့ကြသည်။ ထိုဘိက္ခုနှစ်ပါးတို့သည် ဆွမ်းဘုဉ်းပေးပြီး အပြန်တွင် စိတ်ပျက် လက်ပျက် အခန်းတခန်း၌ မှောက်ခုံအိပ်လျက် တစုံတရာကို စဉ်းစားကြံစည်လျက် ရှိနေခဲ့ကြသည်။ ထိုအခိုက်တွင် ၎င်းတို့ထံ မန္တိယာမည်သော ဘိက္ခုနီ တပါးရောက်ရှိလာခဲ့သည်။ ဘိက္ခုနီ မန္တိယာသည် ဘိက္ခုနှစ်ပါးအား အရိုအသေပေးကာ ခေါင်းငုံ့၊ ရပ်နေသည်။

"အရှင်ဘုရားတို့၊ တပည့်တော်မကို အဘယ်အတွက် ခေါ်ရပါသလဲ။ တပည့်တော်မှာ တစုံတခုအပြစ် ကျူးလွန်ခဲ့လို့ပါလား ဘုရား" ဟူ၍မေးသည်။

အသင့်ညီမ ရှင်ဒဗ္ဗမလ္လပုတ္တဟာ ငါတို့ကို ဒုက္ခပေးနေတယ်၊ တို့ရဲ့စားရေး၊ အိပ်ရေး အမှုကိစ္စတွေအတွက် လုံးဝဂရုစိုက်ခြင်းမရှိဘူး။"

"ဒါဆို ာပည့်တော်မက ဘာများဆောင်ရွက်ပေးရပါလည်း"

"ညီမက၊ ဘုရားရှင်ထံ သွားပြီး ရှင်ဒဗ္ဗက ညီမကို စော်ကားတယ်ဆိုပြီး တိုင်ကြား အပြစ်ဆိုပေးပါ။" လိုရဟန်းနှစ်ပါးတို့သည် မိမိတို့ အကြံအစည် အထမြောက်အောင် မေတ္တိယာ ဘိက္ခုနီကို စည်းရုံးခဲ့ကြသည်။



ဘိက္ခုနီ မန္တိယာသည် ဘုရားရှင် ထံတော်ပါးသို့ ချဉ်းကပ်၍ ဘုရားရှင်အား အရိုအသေပေးကာ ရပ်လျက်ငုံ့လင့်၏။ အခွင့်သာသည်နှင့် ဘိက္ခုနှစ်ပါးတို့၏ အကြံအစည်အတိုင်း ရှင်ဒဗ္ဗအား စွပ်စွဲ တိုင်တန်းလေတော့သည်။ ဘိက္ခုနီ၏ စွပ်စွဲချက်ကို ကြားသိရလျှင် ရှင်တော်ဗုဒ္ဓသည် ရှင်ဒဗ္ဗအားခေါ်တော်မူ၍ ဘိက္ခုနီ၏ စွပ်စွဲချက်နှင့် စပ်လျဉ်းနေသည့်ကိစ္စကို အမှန်အတိုင်း လျှောက်လဲနိုင်းတော်မူသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ကာမစပ်ရှက်သည့် ကိစ္စမျိုးကို အိပ်မက်ထဲ၌ပင် မမြင်မက်ခဲ့ဖူးပါ ဘုရား။ နိုးကြားနေသည့် ဘဝသက်တမ်းတလျှောက် ယင်းမသင့်မလျော်သည့် ကိစ္စများကို အဘယ်မှာလျှင် ကျူးလွန်နိုင်ပါလိမ့်မည်နည်း။ အရှင်ဘုရား တပည့်တော်သည် ငယ်စဉ်ကလေးဘဝကတည်းက ဗြဟ္မစရိယ အကျင့်ကို သတိကြီးစွာဖြင့် ကျင့်ကြံလာခဲ့သူသာဖြစ်ပါသည်" ဟူ၍ ပြန်လည် လျှောက်ထားခဲ့သည်။ နှစ်ဘက်ဆိုင်ရာတို့၏ စကားများကို စိစစ်နာကြားပြီးသည့်အခါ ရှင်ဒဗ္ဗမှာ လုံးဝအပြစ်မရှိကြောင်း ထင်ရှားလာခဲ့သည်။ ဘိက္ခုနီ မန္တိယာမှာလည်း *သူ့အပြစ်ကိုဖွင့်ချ၍ လက်ခံလာခဲ့သည်။ ဘိက္ခုသံဃာ့အဖွဲ့မှာ သူ့အား* သံဃာ့အဖွဲ့မှ နုတ်ထွက်သွားခိုင်းခဲ့ပြီး၊ မေတ္တိယနှင့် ဘုမ္မဇ ကိုယ်တော်နှစ်ပါးတို့ကို *ဝိနည်းနှင့်အညီ အရေးယူခဲ့ကြသည်။ သံဃာ့အဖွဲ့မှာ ရှင်ဒဗ္ဗအား 'သမ္မုတိဝိနယ' အဖြစ် သိက္ခာတင်ပေးတော်မူခဲ့သည်။*

ရှင်ဒဗ္ဗသည် တရားဓမ္မနှင့် သမာဓိ ကျင့်ကြံရာတွင် ထာဝစဉ်မွေ့လျော်စွာ နေထိုင်သွားခဲ့သည်။ ရှင်ဒဗ္ဗမှာ အရဟတ္တဖိုလ်၌ တည်ခဲ့သည့် အဖြစ်၏ အေးချမ်းမှုတို့ကို အောက်ပါ ဂါထာတို့ကို ဥဒါန်းကျူးကာ ဖော်ခဲ့သည်။

> ယော ဒုဒ္ဒမိယော ဒမေန ဒန္တော ဒဗ္ဗော သန္တုသိတော ဝိတိဏ္ဏကင်္ခော၊
> ဝိဇိတာဝီ အပေတဘေရဝေါ ဟိ ဒဗ္ဗော ထေရော ဂါထံ အဘာသိ...

အိတ္တထံ သုဒံ အာယသမာ ဒဗ္ဗော ထေရော ဂါထံ အဘာသိတ္ထာတိ။

အနက်မှာ–

'အကြင်သူသည် အမွန်မြတ်ဆုံးသော နည်းလမ်းတို့ဖြင့် မိမိကိုယ်စိတ်နှစ်ဖြာကို ထိန်းသိမ်းရာတွင် ကျေနပ်နေ၏၊ သံသယစိတ်တို့မှ ကင်းရှင်း၏၊ မိမိစိတ်နှင့် ကိုယ်တို့ကို နိုင်၏၊ အကြောက်စိတ်မှ ကင်းရှင်း၏၊ ထိုသူသည် အေးချမ်း၍ တည်ငြိမ်ကာ ကျေနပ်မှု အပြည့်ဖြင့် ပျော်မွေ့လျော်ဘိ၏။'

ဝေဠုဝန်ကျောင်းတော်၌ ရှင်တော်မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူနေစဉ် ရှင်ဒဗ္ဗသည် ဘုရားရှင်ထံသို့ ရောက်လာ၍ ဘုရားရှင်အား ရှိခိုးကန်တော့လျက် သင့်တော်သည့် နေရာတခု၌ လက်အုပ်ချီကာ ရပ်နေတော်မူသည်။ အချိန်အခါ သင့်လတ်သော် ရှင်ဒဗ္ဗသည် ဘုရားရှင်ထံ ဤသို့ လျှောက်ထားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား တပည့်တော်ကား ပရိနိဗ္ဗာန် ဝင်ရမည့်အချိန် တန်နေပါပြီဘုရား။"

"ချစ်သား၊ သင့်သလိုသာ ဆောင်ရွက်ပေတော့" မြတ်ဗုဒ္ဓမှ ထိုသို့ခွင့်ပြုချက် ရရှိခဲ့ပြီးနောက် ရှင်ဒဗ္ဗသည် ဘုရားရှင်အား သုံးပတ်လှည့်လည်လျက် ရှိခိုးကန်တော့ခဲ့ပြီး ရျာန်ဝင်စားလျက် အထက်ကောင်းကင်ယံသို့ ပျံတက်သွားခဲ့သည်။ ကောင်းကင် ရျာန်ဝင်စားလျက် ... လေဟာပြင်၌ ဈာန်သမာဓိဝင်စားသည့် ထိုင်ဟန်မျိုးဖြင့် ထိုင်တော်မူကာ အတွင်းတေဇ စွမ်းအင်တို့ဖြင့် မိမိကိုယ်ကို မီးသဂြိုဟ်လောင်ကျွမ်းစေကာ ပရိနိဗ္ဗာန်ပြုခဲ့ပေသည်။ ထိုအဖြစ်ကိုမြင်၍ ရှင်တော်မြတ်ဗုဒ္ဓမှ ဤသို့ ဥဒါန်းကျူးခဲ့သည်။

*"ဒဗ္ဗဟာ ခန္ဓာကိုယ်မှ လွတ်ငြိမ်းသွားပြီး သူ၏သညာမှာ အမြဲတမ်း အတွက် ချုပ်ငြိမ်းသွားပါပြီ၊ သူ့သင်္ခါရ အစုတို့မှာ အေးငြိမ်းသွားပြီ တကား။*

## ယသမထေရ်

ယသမထေရ်သည် မလ္လမင်းမျိုးမင်းနွယ်မှ မွေးဖွားသူဖြစ်၍ ဥစ္စာပစ္စည်း ချမ်းသာကာ မင်းသားတို့ ကျင်လည်လုပ်ဆောင်အပ်သော အမှုကိစ္စအဝဝတို့၌ ပျော်မွေ့ကျင်လည်ခဲ့သူဖြစ်သည်။ မလ္လမင်းဆက်တို့သည် ဘုရားရှင် ဗုဒ္ဓ၏ အတွေးအခေါ် ဒဿနကို အလွန်တရာ လေးစားကြည်ညိုခဲ့ကြသူများ ဖြစ်ကြသည်။ ၄င်းမင်းများ၏ မျိုးရိုးတွင် ဗုဒ္ဓတရားအမြင်၏ သက်ရောက်မှုရှိနေခဲ့သည်။ မင်းသားယသလည်း အခြေခံပညာရပ်များကို ကုသိနာရုံ၌ သင်ကြားခဲ့ပြီး အဆင့်မြင့်ပညာရပ်များကို ဆည်းပူးရန် တက္ကသိုလပြည်သို့ သွားခဲ့သည်။ ထိုခေတ် ထိုအချိန်က မင်းသားများ၊ သူဌေး သူကြွယ်တို့၏ သားများသည် အဆင့်မြင့်ပညာရပ်များကို ဆည်းပူးသင်ယူရန် တက္ကသိုလသို့ သွားရပါသည်။

မလ္လမင်းသား ယသမှာ အဆင့်မြင့် ပညာရပ်များကို သင်ယူပြီး၊ မိမိနေရပ်သို့ အပြန်တွင် သဘိယခေါ် အာဇီဝကတဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုအချိန်ကာလက အာဇီဝက ရသေ့ရဟန်းတို့မှာ ဘာဝဒဿန အမျိုးမျိုးကွဲပြားနေခဲ့သည်။ ယသနှင့် သဘိယတို့သည် နှစ်ယောက်အတူ သာဝတ္ထိပြည်သို့ ရောက်လာခဲ့ကြသည်။ ဇေတာဝန်ကျောင်း၌ သီတင်းသုံးလျက်ရှိသော ရှင်ဗုဒ္ဓထံ သူတို့နှစ်ယောက် သွားရောက် ဖူးမြော်ခဲ့ကြသည်။ ဘုရားရှင်အား အရိုအသေပြုပြီးနောက် သဘိယပရိဗိုဇ်က ဘုရားရှင်အား မေးခွန်း (၆) ခု မေးမြန်းခဲ့သည်။ ဝိဝါဒများပြားတတ်သည့် သဘိယမှာ ဘုရားရှင်အား ဝေဖန်ရှုတ်ချနိုင်မည့် အခွင့်အခါကိုသာ စောင့်စားလျက်ရှိသည်။ ရှင်တော်ဗုဒ္ဓသည် သဘိယ မေးခွန်းများကို ဖြေကြားခဲ့ပြီးနောက်တွင် ယင်း၏သဘော သဘာဝ အလိုအဇ္ဈာသယနှင့် လျော်စွာ (သဘိယ–သုတ္တံတရားဒေသနာတော်ဖြင့်) ဟောကြား ချေချွတ်တော်မူခဲ့ပေသည်။



သဘိယ–သုတ္တံ၏ အနှစ်သာရမှာ– အကြင်သူသည် ဒုမ္မေဓစိတ် (သူတပါးအား ဝေဖန်လိုသည့်ဆန္ဒ)ဖြင့် တရားဒေသနာများကို နာယူလေ့ရှိ၏။ ထိုသူသည် သုဓမ္မ (တရားစစ်တရားမှန်)မှ မိုးနှင့်မြေပမာ ဝေးကွာသူဖြစ်သည်။ အကြင်သူကား သဒ္ဓါ ကြည်ညိုသည့် စိတ်ဖြင့် တရားနာ၏၊ ထိုသူတော်စင်သည် စင်စစ်စိတ်ချမ်းသာပျော်ရွှင်၊ အေးငြိမ်းမှုသုခကို ရရှိသူဖြစ်ပေ၏။

ဘုရားရှင်၏ ဥပဒေသများကို နာယူမှတ်သားရသည်ဖြစ်၍ ယသသည် အလွန်ကျေနပ်မှုရရှိခဲ့ပြီး ရှင်တော်မြတ်ဗုဒ္ဓအား သဒ္ဓါကြည်ညိုလာခဲ့ပြီး၊ ထိုနေရာ၌ပင် ရဟန်းအဖြစ်ကိုခံယူကာ တရားကျင့်ကြံအားထုတ်ရန် ဆုံးဖြတ်လေသည်။ "ဝေဖန်လိုချင်စိတ်ဆန္ဒဖြင့် ဇိန (ဗုဒ္ဓ)၏ ဥပဒေသများကို နာယူကြသည့် လူမိုက်တို့သည် ပထဝီမြေနှင့် အာကာသကောင်းကင်ပြင် (ဘယ်တော့မှ မဆုံဆည်းနိုင်သည့်အလား) သစ္စာတရားဓမ္မနှင့် ဝေးကွာမြဲ ဝေးနေကြရ၏။" အကြင်သူသည် ဝေဖန်လိုသည့် စိတ်ရင်းဖြင့် ဗုဒ္ဓ၏ တရားဓမ္မကို နာယူ၏၊ ထိုသူသည် သစ္စာအမှန် တရားနယ်ပယ်၌ ခန်းခြောက်သူဖြစ်၏။ ရေတိမ်ရာအင်းအိုင်၊ မြစ်ချောင်းတို့၌ ငါးများ ရေခန်းခြောက်ခြင်းကို (ရင်ဆိုင်ရသည်)နှင့် ပမာတူ၏။"

**"အကြင်သူသည် ဝေဖန်လိုသော စိတ်ဆန္ဒဖြင့် တရားတော်ကို နာယူ၏၊ ထိုသူသည် တရားစစ်တရားမှန် နယ်ပယ်၌ မတိုးတက် မကြီးပွားနိုင်။ ပုပ်နေသော မျိုးစေ့ကို (ကောင်းသော) လယ်မြေများ၌ စိုက်ပျိုးသည်နှင့် ပမာတူကြသည်။"**

"အကြင်သူသည် စိတ်ပျော်ရွှင် (ကြည်လင်)စွာ မြတ်ဗုဒ္ဓ၏ တရားဓမ္မကို နာယူ၏။ ထိုသူသည် ကိုယ်စိတ်နှစ်ပါးမသန့်စင်မှု '*ဝိကာရ*'များကို သန့်ရှင်းစင်ကြယ် လာစေကာ အပြစ်အားလုံးကင်းစင်၍ အေးချမ်းလှသည့် နိဗ္ဗာန်သုခတို့ကို ရပေသည်။"

ဘုရားရှင်၏ (ဓမ္မရေးမှု) ဥပဒေသများကို နာယူမှတ်သား နှလုံးပွါး၍ နှစ်ထောင်းအားရရှိလှသော ယသသည် ဘုရားရှင့် အဆုံးအမ သာသနာတော်၌ အသက်ထက်ဆုံး ကျင့်ကြံအားထုတ်လာခဲ့ရာ၊ (နောက်ဆုံးတွင်) အရဟတ္တဖိုလ်၌ တည်တော်မူခဲ့ပေသည်။ သက်တမ်းစေ့ သီတင်းသုံးနေတော်မူခဲ့ပြီးမှ ပရိနိဗ္ဗာန် စံတော်မူသည်။

## ဂေါဓိကမထေရ်

ပါဝါ မလ္လဂဏ နိုင်ငံတော်အား အုပ်စိုးကြသည့် မလ္လမင်းမျိုးမင်းနွယ် မိသားစု တခုတွင် ဂေါဓိက လောင်းလျာ မွေးဖွားခဲ့သည်။ ငယ်စဉ် ကလေးဘဝကတည်းက အကျင့်သီလ ကောင်းသူ ဂေါဓိက မင်းသားလေးမှာ အခြားမလ္လမင်းသား သုံးဦးတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



မိတ်သင်္ဂဟ အဖြစ်ရှိခဲ့ကြရာ တနေ့တွင် အဆိုပါမင်းသားလေးဦးတို့သည် အကြောင်းကိစ္စတခုနှင့် ကပိလဝတ္ထုသို့ ရောက်သွားခဲ့ကြသည်။ ထိုအချိန်က ရှင်တော်ဗုဒ္ဓသည် နိဂြောဓရာမ ဝိဟာရကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက်ရှိသဖြင့် မလ္လမင်းသားလေးဦးတို့လည်း ကပိလဝတ္ထုမှ အခြားသူများနှင့်အတူ နိဂြောဓရုံကျောင်းတော်သို့ သွားကာ ဘုရားရှင်အား ဖူးမြော်၍ တရားတော်များကို နာယူကြကုန်၏။ ဘုရားရှင်၏ တရားဒေသနာတော်ကို နာယူရသဖြင့်နှစ်ထောင်းအားရ ကြည်နူးရွှင်ပျရှိကြသော မလ္လမင်းသား လေးဦးတို့သည် နိဂြောဓာရုံကျောင်းတော်၌ပင် ရဟန်းအဖြစ်ခံယူကြကာ ထိုနေရာ၌ပင် အတန်ကြာ ဆက်လက်နေထိုင် သီတင်းသုံးခဲ့ကြလေသည်။ နောက်ပိုင်းတွင် ထိုရဟန်းတော် လေးပါးတို့သည် မဂဓနိုင်ငံ၏ ရာဇဓါနီမြို့တော်ဖြစ်သော ရာဇဂြိုဟ်သို့ ရောက်ရှိလာခဲ့ကြသည်။ ဗိမ္ဗိသာရ မင်းကြီးလည်း အဆိုပါ ရဟန်းတော်ကြီးများ သီးတင်းသုံးနိုင်ရန် ကုဋီကျောင်းတော် တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းတော်မူရာ ထိုကျောင်းတော်၌ပင် နေထိုင်သီတင်းသုံးတော်မူလျက် သမာဓိစခန်း တရားလမ်းကို ကျင့်ကြံခဲ့ကြသည်။ သမာဓိကျင့်ကြံအားထုတ်မှု အားလပ်သည့် နေ့တနေ့တွင် မိုးသီးထန်စွာ ရွာနေသည့်အဖြစ်ကို မြင်တွေ့၍ ၎င်းလေးဦးတို့သည် အောက်ပါအတိုင်း ဥဒါန်းကျူးခဲ့ကြသည်။

**'ဝဿတိ ဒေဝေါ ယထာ သုဂီသံ ဆန္နာမေကုဋိကာ သုခါ နိဝါတာ၊**

**စိတ္တံ သုသမာဟိတဉ္စ မယ်ယဟံ အာထစေ ပတ္ထယသိ ပဝဿ ဒေဝါသိ။'**

'ရွာသွန်းနေသည့် မိုးသီးမိုးပေါက်များကား သီချင်းဂီတသံတို့ပမာ စိတ်နှလုံးသားကို အေးချမ်းစေ၏။ ကျုပ်တို့ ကုဋီကျောင်းကလေးသည် လုံခြုံပြီး ချမ်းသာမှုကို ဖြစ်စေသည်၊ လေမုန်တိုင်းတို့ကလည်း မလှုပ်မရှက်စေနိုင်၊ ငါတို့ စိတ်သည်လည်း လုံခြုံစွာ တည်ငြိမ်နေ၏။ ဒေဝမိုးတို့ ရွာချင်သလို ရွာပေတော့။'

## သုဗာဟု

သုဗာဟု၊ ဝလ္လိယာနှင့် ဥတ္တိယ မထေရ်တို့သည် ရှင်ဂေါဓိကနှင့်အတူတူပင် ရဟန်းအဖြစ် ခံယူခဲ့ကြပြီး၊ ၎င်းတို့လေးဦးမှာ သက်ထက်ဆုံး အတူတကွ သီတင်းသုံးကာ အရဟတ္တဖိုလ်၌ အသီးသီးတည်ခဲ့ကြသည့် ရဟန္တာများ ဖြစ်ခဲ့ကြသည်။ ထိုရဟန္တာ (အရဟတ္တ) လေးပါးတို့သည် တောတောင်များအတွင်း နေထိုင်သီတင်းသုံးရသည်ကို ပိုမိုနှစ်ခြိုက်ကြသည်။ ထိုခေတ်ထိုအခါက ၎င်းမထေရ်ကြီးတို့သည် ကိုးကွယ်ကြည်ညိုသူ များပြား၍ ထင်ပေါ်ကျော်ကြားလှသော ထိပ်တန်းရဟန္တာမထေရ်ကြီးများဖြစ်ကြသည်။ ထိုရဟန္တာကြီးများ ရာဇဂြိုဟ်သို့ ရောက်ရှိလာသောအခါ



ဘုရင်ကြီးဗိမ္ဗိသာရက ကုဋီကျောင်းငယ် တည်ဆောက်ပြီး၊ ၎င်းတို့အား တင်လှူတော်မူသည်။

ဘုရင့်ကိုယ်စား လုပ်ဆောင်ရသည့် ဘုရင့်လူများသည် ထိုမထေရ်ကြီးများ နေထိုင်သီတင်းသုံးရန် တည်ဆောက်သည့် ကုဋီကျောင်း၏ အမိုးများကို မမိုးဘဲ ချန်ထားရစ်ခဲ့ကြသည်။ မထေရ်ကြီး လေးပါးတို့ ဝါတွင်း (၃)လကျော်မျှ နေထိုင်သီတင်းသုံးတော်မူကြစဉ် အတိုးအတွင်း မဂဓတိုင်းအတွင်း မိုးတစ်စက်မျှ ရွာသွန်းခြင်း မရှိခဲ့ပေ။ မိုးခေါင်သည့် အခြေအနေမှာ တနေ့တခြား ပိုမိုစိုးရိမ်ဖွယ်ရာ ဖြစ်လာခဲ့ရာ မဂဓပြည့်ရှင် ဗိမ္ဗိသာရကိုယ်တော်တိုင် အကြောင်းကို လေ့လာစုံစမ်းတော့မှ မထေရ်ကြီးများ သီတင်းသုံးရာ ကုဋီကျောင်း၏ အမိုးများ ယခုတိုင် မမိုးမကာ ရသေးကြောင်းနှင့် ယင်းအချက်ကြောင့်ပင် မဂဓပြည်၌ ယခုလိုမိုးခေါင်ရခြင်း ဖြစ်ကြောင်းကို ပညာရှိအမတ်မင်းများက တင်ပြလာခဲ့ကြသည်။ အဖြစ်မှန်ကို သိရှိရသည်နှင့် ချက်ခြင်းဆိုသလိုပင် ထိုမထေရ်ကြီးများ သီတင်းသုံးတော်မူရာ ကုဋီကျောင်း၏ ခေါင်မိုးကို ချက်ချင်း ပြင်ဆင်မိုးကာခိုင်းလိုက်သည်။ ကုဋီကျောင်း၏ အမိုးမိုးပြီးသည့် ညမှစ၍ ရာဇဂြိုဟ်၌ မိုးသည်းထန်စွာ ရွာလာခဲ့တော့သည်။ ရဟန္တာကြီး လေးပါးတို့၏ ဘုန်းတန်ခိုးမှာ မဂဓပြည်အနှံ့တွင် တမဟုတ်ခြင်း ကြီးထွားပြန့်နှံ့ခဲ့လေတော့သည်။

ကုသိနာရုံသမိုင်းတွင် အခြားစံဝင် သူရဲကောင်းများသည် မလ္လမင်းတို့၏ ဂဏအုပ်ချုပ်မှုစံနစ်ကို စတင်ခဲ့ကြသည်။ အစောပိုင်းကာလမှသည် ဗုဒ္ဓခေတ်ကာလအထိ ကုသိနာရုံတွင် မလ္လတို့၏ ဘုန်းဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည်။ သူရသတ္တိ (လက်ရုံးရည်) အရရော၊ ပညာဉာဏ် (နှလုံးရည်) ဂုဏ်ဖြင့်ပါ ပြည့်စုံကြသည့် သူရဲကောင်းအချို့လည်း ပေါ်ထွန်းခဲ့ကြသည်။ အဆိုပါ သူရဲကောင်းကြီးများသည် ဗုဒ္ဓဓမ္မ၌ သဒ္ဓါသက်ဝင် ကြည်ညိုကြသူများချည်း ဖြစ်ကြပြီး မလ္လဂဏနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အကျိုးကျေးဇူးများကို ဖော်ဆောင်ရန် ကြီးမြတ်သည့် စွန့်စားမှုများကို ပြုခဲ့ကြသည်။ ထိုသူရဲကောင်းများ၏ အမည်နာမသည် ကုသိနာရုံသမိုင်းတွင် ထာဝရမှတ်တမ်းတင်ကျန်ရစ်မည့် ဂုဏ်ယူစရာများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကုသိနာရာမှာ ဖွားမြင်ခဲ့သည့် သူရဲကောင်းများ

## ဗန္ဓုလ မလ္လ

ဗန္ဓုလသည် (အထက်တွင် ဖော်ညွှန်းခဲ့သည့် မှတ်တမ်းဝင်) မလ္လလူမျိုး သူရဲကောင်း တဦးဖြစ်သည်။ ကုသိနာရုံ၏ သမိုင်းဆိုင်ရာ စာပေများ၌ နေရာအနှံ့တွင် ဗန္ဓုလ၏ ရဲရင့်လှစွာသော သူရသတ္တိကို ဖော်ကျူးသည့် အကြောင်းအရာများစွာကို တွေ့ရှိရသည်။ ဗန္ဓုလသည် မလ္လမင်းမျိုးမင်းနွယ်မှ ပေါက်ဖွားခဲ့သော (ထိုခေတ်ထိုခါက) ပြိုင်ဖက်ကင်းသည့် စစ်သူရဲကောင်း တဦးဖြစ်သည်။ အခြေခံပညာကို ကုသိနာရုံတွင်ပင် သင်ယူခဲ့ပြီး အဆင့်မြင့် အတတ်ပညာများကို တက္ကသီလခေါ် တက္ကသိုလ်ပြည်တွင် သင်ယူဆည်းပူးခဲ့သူဖြစ်သည်။ အဆင့်မြင့် ပညာရပ်များကို သင်ယူရန် တက္ကသီလသို့ ဗန္ဓုလ ရောက်သည့်နေ့တွင်ပင် မဟာကောသလမင်းကြီး၏သားတော် ပသေနဒီ မင်းသားနှင့် ဝေသာလီမှ လိစ္ဆဝီ ကုမာရ မဟာလိတို့လည်း ထိုတနေ့ တည်းမှာပင် ရောက်ရှိလာခဲ့ကြသည်။ ကံအားလျော်စွာ ထိုမင်းသား သုံးဦးတို့သည် တက္ကသီလမြို့ အပြင်ရှိ ဓမ္မသာလာ (ဇရပ်)တခု၌ (တိုက်တိုက်ဆိုင်ဆိုင်) တွေ့ဆုံခဲ့ကြသည်။ အချင်းချင်း အပြန်အလှန် မိတ်ဆက်ကြပြီးနောက် ထိုတည အတူတကွ စုစုဝေးဝေး အိပ်စက်ခဲ့ကြ ဖူးသည်။ တက္ကသီလသို့ လာရခြင်း၏ ရည်မှန်းချက်များ တူညီနေကြသော မင်းသား သုံးဦးတို့သည် ဒိသာပါမောက္ခ ဆရာကြီးထံ အတူတကွပင် ဝင်ရောက်ချည်းကပ်၍ ပညာရပ်များကို ဆည်းပူးခဲ့ကြသည်။ အချိန်များ ကုန်ဆုံးသွားသည်နှင့် အမျှ ၄င်းတို့(၃)ဦးသည် အဆင့်မြင့် ပညာရပ်အသီးသီးကို အပြီးတိုင် ဆည်းပူး၍ တချိန်တည်း တပြိုင်တည်း ဆိုသလိုပင် ကျောင်းပြီးခဲ့ကြသည်။ မိမိတို့ နေရပ်ဌာနေ အသီးသီးသို့လည်း အတူတကွပင် ပြည်တော် ပြန်ခဲ့ကြသည်။



ပသေနဒီသည် သာဝတ္ထိ နေပြည်တော်သို့ ပြန်လာခဲ့ပြီး မိမိ၏ ဖခမည်းတော် မဟာကောသလ



မင်းကြီး၏ ရှေ့တော်မှောက်၌ မိမိသင်ကြားခဲ့သည့် အတတ်ပညာများကို ထုတ်ဖော်ပြသခဲ့သည်။ ဖခမည်းတော်မင်းကြီးမှာ သားတော်၏ အတတ်ပညာများကို စမ်းသပ် ကိုယ်တိုင် ရှုမြင်ရ၍ ကျေနပ်အားရတော်မူပြီး၊ ထုံးတမ်းစဉ်လာနှင့်အညီ သာဝတ္ထိ နေပြည်တော်၏ ထီးနန်းကို သားကြီးဩရသာအား အပ်နှင်းခဲ့လေတော့သည်။ ပသေနဒီမင်းသည် မင်းကျင့်အပ်သော ရာဇဓမ္မတရားများနှင့် ဆီလျော်ညီစွာ တိုင်းရေးပြည်မှု ကိစ္စအဝဝတို့ကို ဆောင်ရွက် လာခဲ့လေသည်။ ပသေနဒီသည်လည်း ရှင်တော်ဗုဒ္ဓအား သဒ္ဓါကြည်ညိုမှု နက်ရှိုင်းကြီးမားသည့် မင်းတစ်ပါးပေတည်း။

ဝေသာလီမှ မဟာလိကား သူတတ်ကျွမ်းလာသည့် အတတ်ပညာတို့ကို ဝေသာလီမင်းတို့ ရှေ့မှောက်တွင် ထုတ်ဖော်ပြသရစဉ် လိုအပ်သည်ထက်ပို၍ စွမ်းအင်ကို ထုတ်ဖော်ပြသမိသဖြင့် သူ့မျက်လုံးအစုံ ကွယ်ခဲ့ရသည်အထိ ဖြစ်သည်။ လိစ္ဆဝီ မင်းများသည် ထိုအဖြစ်ကိုမြင်ရ၍ များစွာစိတ်မချမ်းမသာ ဖြစ်ကြကုန်သည်။ ထိုကိစ္စကို စာနာစဉ်းစားကြလျက် ငွေတစ်သိန်း အခွန်ထွက်သော ဝေသာလီမြို့၏ ဂိတ်တံခါး ပေါက်ကြီးတခုကို ကောက်ယူ ခံစားခွင့်ရှိသည့် ဂိတ်မှူးမင်းကြီးအဖြစ် ချီးမြှောက် တာဝန် ပေးအပ်လိုက်ကြသည်။ ထိုနေရာ၌ အဆိုပါ တာဝန်ကို ထမ်းရွက်ရင်းက လိစ္ဆဝီမင်းသား ငါးရာကျော်တို့ကို အတတ်ပညာ အမျိုးမျိုး သင်ကြားပေးကာ နေထိုင်လျက်ရှိသည်။

*ဗန္ဓုလသည်လည်း ကုသိနာရုံသို့ ရောက်ရှိလာသည့်အခါ မိမိ ဆည်းပူးခဲ့သည့် အတတ်ပညာများ အစွမ်းထက်လှပုံကို ပြသခဲ့ရပေသည်။ ထိုစွမ်းအင်ပြပွဲတွင် မလ္လမင်းကိုသည် ဝါးလုံး (၆၀) တို့ကို တစုတဝေးတည်း စည်းနှောင်ကာ ထောင်ထားပေးကြသည်။ ဗန္ဓုလက ထိုဝါးလုံးစည်းများကို ဓါးဖြင့် ခုတ်ဖြတ်ပြရမည်ဖြစ်သည်။ ဗန္ဓုလသည် မြေပြင်မှ အတောင် (၈၀) အပေါ်သို့ ခုန်ကာ ဝါးလုံးများကို တစည်းပြီးတစည်း ခုတ်ဖြတ်နိုင်ခဲ့သည်။ နောက်ဆုံးဝါးစည်းကို ခုတ်ဖြတ်လိုက်ချိန်တွင်မူ သံချောင်း(ကို ခေးထိ၍) မြည်သံကို ကြားလိုက်မိကြပေသည်။ ထိုသို့ဖြစ်ရသည်မှာလည်း နောက်ဆုံး ဝါးစည်း၏ ဝါးတစ်လုံးထဲတွင် အဆစ်များကိုဖောက်ပြီး သံချောင်းကို စံနစ်တကျ ကြိုတင် ထည့်သွင်းထားကြသောကြောင့်ဖြစ်သည်။ မလ္လတို့၏ ဉာဏ်ဆင်ပုံကို (ရိပ်စား)သိရှိလိုက်ရသည့်အခါ (ယင်းတို့အပေါ်) အကြီးအကျယ် စိတ်ပျက်မိပြီး ဒေါသလည်းဖြစ်ရသည်။ မလ္လမင်းများအား တိုက်ခိုက်ကာ အာဏာသိမ်းယူမည် ဟုပင် စိတ်ပိုင်းဖြတ်ခဲ့မိသည်။*

အိမ်ပြန်လာခဲ့ပြီး သူ့အကြံစည်ကို မိဘများအား ဖွင့်ဟအသိပေးခဲ့ရာ ၄င်းတို့က မလုပ်သင့် မလုပ်ထိုက်သည့် ဝန်လေးလှစွာသော လုပ်ရပ်မျိုးဖြစ်နေ၍ မကျူးလွန်မိ စေရန်တားမြစ်ကြသည်။ မိဘစကား နားထောင်လေးစားသည့် အနေဖြင့် ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ဆုံးဖြတ်ထားချက်ကို** ပယ်ဖျက်လိုက်သော်လည်း ကိုယ့်သွေးချင်း သားချင်းတို့၏ လုပ်ရပ်အပေါ် နာကျည်းခံပြင်း စိတ်များကိုမူ ထိန်းချုပ်မျိုသိပ်ခဲ့ရပေသည်။ သို့ဖြင့် မလ္လနိုင်ငံတော်မှ အပြီးတိုင်စွန့်ခွါလာရသူ ဗန္ဓုလကား (တချိန်က) ကျောင်းနေဘက် ဖြစ်ခဲ့ဖူးသည့် ပသေနဒီ ကောသလမင်းထံ ချဉ်းကပ် ခစားခွင့်ရနိုင်ရန် သာဝတ္ထိပြည်သို့ ရောက်ရှိလာခဲ့ပေသည်။ ပသေနဒီမင်းကြီးမှာ ဗန္ဓုလကဲ့သို့ သူရသတ္တိနှင့် ပြည့်စုံသော သူရဲကောင်းကြီးတစ်ဦး ရောက်ရှိလာခြင်းအပေါ် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကောသလ နိုင်ငံတော်၏ စစ်သေနပတိအဖြစ် ခန့်အပ်မြှောက်စားလိုက်လေသည်။

ကောသလမင်းကြီးထံ စစ်သေနပတိအဖြစ် ခန့်အပ်ခံရပြီးနောက် ဗန္ဓုလသည် မိဘများနှင့် မိသားစုဝင်တို့အား သာဝတ္ထိ၌ ပင့်ခေါ်ထားပြီး နေထိုင်လာခဲ့သည်။ နောက်ပိုင်းတွင် ဗန္ဓုလသည် ကုသိနာရုံမှ မလ္လိကာမည်သော မင်းသမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့ပါသည်။ နှစ်ပေါင်းအတန်ကြာ ပေါင်းသင်းဆက်ဆံ နေထိုင်ခဲ့သော်လည်း ဗန္ဓုလတို့ ဇနီးမောင်နှံမှာ သားသမီးရတနာ တဦးတစ်ယောက်မျှ ထွန်းကားလာခြင်း မရှိခဲ့ပါ။ ထိုအဖြစ်ကို စိတ်ပျက်မိသဖြင့် ဗန္ဓုလသည် ဇနီးဖြစ်သူ မလ္လိကာအား မိဘရပ်ထံ *(ကုသိနာရုံ)*သို့ ပြန်ပို့လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ မလ္လိကာလည်း ကုသိနာရုံသို့ ပြန်မသွားခင် ဘုရားရှင်အား ဖူးမြော်လိုသည့် စိတ်ဆန္ဒဖြင့် ဘုရားရှင် သီတင်းသုံးလျက် ရှိရာ ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကာ ဘုရားရှင်အား ရှိခိုးကန်တော့လျက် (သင့်တော်ရာ တနေရာတွင်) တဘက်တွင် ရပ်နေလေသည်။

"အသင် ဒါယိကာမ ဘယ်သွားမလို့လဲ။" "အရှင်ဘုရား တပည့်တော်မ ယောက်ျားက တပည့်တော်မကို မိဘအိမ် ပြန်နိုင်းပါတယ် ဘုရား။" "အဘယ်သို့သော အကြောင်းများကြောင့်ပါလိမ့်။" "အခုတိုင် သားသမီးရတနာ တစ်ယောက်တလေမှ မထွန်းကားသေးတာကြောင့်ပါ ဘုရား" ဟု ပြန်လည်လျှောက်ထားသည့်အခါ "ဒါယိကာမ မိဘအိမ်ပြန်သွားစရာအကြောင်း မရှိတော့ပါဘူး။" မိန့်တော်မူလိုက်သည်။

မလ္လိကာလည်း ဘုရားရှင်အား ရှိခိုးကန်တော့ကာ အိမ်ပြန်လာခဲ့သည်။ အိမ်ပြန်လာရခြင်း အကြောင်းရင်းကိုလည်း ဘုရားရှင် မြွက်ကြားတော်မူခဲ့သည့်အတိုင်း ထုတ်ဖော်ပြောပြလိုက်သည်။ ဘုရားရှင့်အပေါ် ဒိဗ္ဗစက္ခု ဉာဏ်တော်ရှင်အဖြစ် ကြည်ညိုလေးစားရင်းရှိသည့် ဗန္ဓုလအနေဖြင့် (အိမ်သူသက်ထား ဇနီးမယားအပေါ်) ပုံမှန်အတိုင်း ခင်မင်ရင်းနှီးစွာ ဆက်လက်ပေါင်းသင်း၍ နေလာခဲ့ကြလေသည်။

တရွေ့ရွေ့နှင့် ကာလအတန်ကြာပြီးသော တနေ့တွင် မလ္လိကာမှ ခင်ပွန်း လင်သားအား ဤသို့(ထူးဆန်းစွာ) ဆိုလာခဲ့သည်။ 'အရှင် ကျွန်မမှာ ဝေသာလီမင်းတို့ (အဘိသိက်သွန်းရာ) မင်္ဂလာရေကန်တော်မှရေကို သောက်သုံးလိုသည့်



စိတ်ဆန္ဒဖြစ်နေပါသည်။ အဆင်ပြေအောင် စီစဉ်ပေးပါဦးလော့ဟူ၍ တောင်းဆို လာခဲ့သည်။

ခင်ပွန်းဖြစ်သူ ဗန္ဓုလ စစ်သူကြီးက ချက်ချင်းပင် မြင်းရထားဆင်လျက် ဇနီးဖြစ်သူ မလ္လိကာနှင့်အတူ ဝေသာလီသို့ ထွက်ခဲ့လေသည်။ ဗန္ဓုလသည် မြင်းရထားကို အမြန်မောင်းနှင်ခဲ့ပြီး၊ လစ္ဆဝီမင်း မဟာလိ တာဝန်မှူးအဖြစ် စောင့်ကြပ်သည့် တံခါးပေါက်မှ ဝေသာလီမြို့တော်သို့ ဝင်ခဲ့သည်။ ထိုရထားသံကို ကြားလိုက်ရသည် ချက်ခြင်း 'ဤရထားသံကား ဗန္ဓုလမလ္လ၏ မြင်းရထားအသံပင် ဖြစ်နိုင်ကြောင်း' မဟာလိ သိရှိနားလည် သွားတော့သည်။

ဝေသာလီမျိုးနွယ်တို့၏ *(ပုသ္ခကရဏီ)* မင်္ဂလာရေကန်ကြီးကို သံစကာတို့ဖြင့် ဖုံးထားပြီး အစောင့် အကြပ်တို့ဖြင့် ကြပ်မတ်ထားသည်။ ကျေးငှက်များသော်မှ ရေသောက်ချိုးခြင်း မပြုနိုင်အောင် သံစကာတို့ဖြင့် ဖုံးအုပ်ထားခြင်းဖြစ်သည်။ မည်သူမျှ မဆင်းသက်နိုင်ရန် ကြပ်တည်းသည့် ဥပဒေများကို ပြဋ္ဌာန်းကာ အစောင့် အရှောက်များချထားသည်။

ဗန္ဓုလသည် ရထားမှဆင်းသက်ကာ အစောင့်အရှောက်တို့ကို ရိုက်နှက် ထွက်ပြေးစေခဲ့ပြီး၊ မိမိ၏ စွမ်းအားထက်လှသောဓားဖြင့် သံစကာတို့ကို ဖြတ်တောက် ဖယ်ရှားခဲ့ပြီး လင်မယားနှစ်ယောက်စလုံး ကန်ထဲသို့ဆင်း၍ ရေသောက်ရေချိုးခြင်း တို့ကို ပြုလုပ်ခဲ့ကြသည်။ ရေချိုးပြီး ကမ်းပေါ်တက်လာကာ မိမိဝင်လာခဲ့သည့် လမ်းအတိုင်းပင် ရထားကို မောင်းထွက်ခဲ့သည်။ အစောင့်များက ထိုသတင်းကို ဝေသာလီမင်းသားတို့ထံ သွားရောက်တိုင်ကြားခဲ့ရာ လိစ္ဆဝီမင်းသား (၅၀၀) တို့သည် ဒေါသအဟုန်ဟုန်ဖြင့် ရထားစီး၍လာသော ဗန္ဓုလကို ဖမ်းဆီးနိုင်ရန် လိုက်ခဲ့ကြ လေသည်။

မဟာလိကား ဗန္ဓုလ၏သတ္တိစွမ်းအင်ကို ကောင်းစွာသိရှိထားသူဖြစ်သည်။ ဝေသာလီ မင်းသားများအား ဗန္ဓုလ၏နောက်သို့ မလိုက်ကြရန်၊ ဗန္ဓုလတယောက် တည်းက အသင်မင်းသား (၅၀၀) တို့ကို သတ်ဖြတ် တိုက်ဖျက်နိုင်ကြောင်းကို သတိပေး တားမြစ်သေးသော်လည်း ဘယ်လိစ္ဆဝီမင်းသားကမှ မဟာလိပြောစကားကို အရေးတယူမရှိကြ။ မိမိတို့ မြင်းရထားများကို ဇက်ကုန်မောင်းနှင်ကာသာ လိုက်လာခဲ့ကြသည်။ လိစ္ဆဝီမင်းသားတို့ လိုက်လာခြင်းကို မြင်တွေ့၍ မလ္လိကာသည် မြင်းရထားမောင်းနှင်သော သူ့ခင်ပွန်းအား သတိပေးခဲ့ရာ "ဘာမျှ မစိုးရိမ်ပါနှင့်၊ လိစ္ဆဝီများလမ်းပေါ်တွင် တတန်းတည်းဖြစ်လာသည့်အခါတွင် ကျုပ်အားပြောပါ" ဟု မှာကြားပြီး မတုန်မလှုပ် ရထားကိုသာ တွင်တွင် မောင်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာပြီးနောက် မြို့အပြင်ဖက် လမ်းမကြီးပေါ်တွင် လိစ္ဆဝီတို့ မြင်းရထားများအားလုံး ရှေးနောက်စီရီ (ရှေးဆုံးရထား တစ်စီးတည်းသာဖွယ် မြင်ရသည့်အနိုက်တွင်) ရထားများအားလုံး တတန်းတည်းဖြစ်ကြပြီဖြစ်ကြောင်း ပြောထားသည့်အတိုင်း မလ္လိကာက အသိပေးလိုက်သည်။ ဗန္ဓုလသည် မြင်းဇက်ကြိုးကို ဖနီးလက်ထဲခဏ ကိုင်နိုင်းလိုက်ပြီး မိမိရထားပေါ်မှနေ၍ပင် အလွန်အစွမ်းထက်သည့် မြှားတချောင်းတင်လျက် အရှိန်ပြင်းစွာ ပစ်လွှတ်က်ရာ လိစ္ဆဝီမင်းသား (၅၀၀) စုံလုံး ထိုနေရာ၌ပင် ပွဲချင်းပြီး သေးဆုံးကုန်ကြသည်။ ဗန္ဓုလတို့ ဇနီးမောင်နှံလည်း သာဝတ္ထိသို့ ဘေးမသီရန်မခ ပြန်လာခဲ့ကြလေသည်။

မလ္လိကာလည်း တစစဖြင့် ကိုယ်ဝန်ရင့်မာလာခဲ့ရာ အချိန်စေ့သော် သားယောက်ျား ကလေးချည်း (၁၆) မွှာပူးမွေးဖွားခဲ့လေသည်။ (သို့ဖြင့်) သားယောက်ျားကလေး (၃၂) ဦးတို့ အရွယ်ရောက်လာကြသည့်အခါ ဖခင်ဖြစ်သူ ဗန္ဓုလကဲ့သို့ပင် သူရသတ္တိနှင့် ပြည့်စုံသော သူရဲကောင်းများချည်း ဖြစ်လာခဲ့ကြပြီး ဖခင်ဖြစ်သူ စစ်သူကြီး ဗန္ဓုလနှင့်အတူ မဂဓတပ်မတော်တွင် စစ်မှုထမ်းကြသည်။

တခါသော် ကောသလမင်းကြီးသည် တံစိုးလက်ဆောင်ယူ (လာဘ်စား၍ မမှန်မကန် စီရင်ဆုံးဖြတ်သော) သာဝတ္ထိပြည်ရှိတရားသူကြီးအဖွဲ့တခုလုံးကို ရာထူးမှ ချထားလိုက်လေသည်။ ဤသို့ဖြစ်ရသည်မှာ စစ်သေနာပတိ ဗန္ဓုလ၏လက်ချက် ဖြစ်ရမည်။ ဘုရင်အား ၄င်းမှတိုင်ကြားခြင်းဖြစ်မည်ဟု တရားသူကြီးအဖွဲ့ဝင် အချို့တို့က ယုံကြည်ယူဆကြသည်။ ထိုကြောင့်လည်း တရားသူကြီးအဖွဲ့ဝင်တို့သည် ဗန္ဓုလကို မနာလိုမုန်းတီးလာခဲ့ကြပြီး (နောက်ဆုံးတွင်မူ) အကောက်ဉာဏ်ဆင်ပြီး စစ်ဦးစီး ဗန္ဓုလသည် မိမိသားများနှင့်အတူ သာဝတ္ထိထီးနန်းကို အပိုင်စီးရန် ကြံစည်နေကြောင်း၊ မဟုတ်မတရား ဝါဒဖြန့်ကြလေသည်။

ပသေနဒီကောသလ မင်းကြီးလည်း တရားသူကြီးများမှ ဝါဒဖြန့်ချီသည့်အတိုင်း အမှန်ကန်ပင် ဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆမိသဖြင့် ဗန္ဓုလနှင့် သားများအား ရှင်းလင်း သုတ်သင်ပစ်ရန်အထိ စဉ်းစားလာခဲ့လေသည်။ လျှို့ဝှက်စီစဉ်မှုတခုဖြင့် နယ်စပ် ဒေသတို့၌ ပုန်ကန်မှုပေါက်ကွဲလာသည်ကို အကြောင်းပြု၍ မင်းကြီးသည် စစ်ဦးစီး ဗန္ဓုလနှင့် အတူ သားများကို သူပုန်ရန်နှိမ်နင်းရန် နယ်စပ်သို့ လွှတ်ခဲ့သည်။

အမိန့်တော်အတိုင်း နယ်စပ်ဒေသသို့ စစ်ချီသွားကာ သူပုန်များ၏ရန်ကို နှိပ်နင်းခဲ့ပြီး သာဝတ္ထိသို့ ပြန်လာခဲ့ရာ လမ်းခရီးအကြား မင်းကြီး၏ ကြိုတင်စီစဉ်မှု တရပ်တွင် ဗန္ဓုလနှင့် သားများသည် ခြုံခိုတိုက်ပွဲတခုတွင် အားလုံး အသတ်ခံသွား ခဲ့ကြသည်။



အချိန်ကာလ ကြာညောင်းလာခဲ့သည့်အခါ ပသေနဒီ ကောသလမင်းကြီးသည် မိမိသူလျှိုများမှတဆင့် ဗန္ဓုလတို့၏ အဖြစ်မှန်ကို သိရှိလာခဲ့ရသည်။ မင်းကြီးသည် သူ့အမှားကို သိရှိလာပြီး နောင်တကြီးစွာ ရရှိခဲ့ပေသည်။

## ဒီဃကာရာယဏ

**ဒီဃကာရာယဏသည် မလ္လမင်းမျိုးမင်းနွယ်မှ ပေါက်ဖွားခဲ့သူဖြစ်ပြီး ဗန္ဓုလမလ္လ၏ တူတော်စပ်သူ တဦးလည်းဖြစ်သည်။ အပြစ်မရှိသော ဗန္ဓုလနှင့် သားများကို လုပ်ကြံမိခဲ့သည့်အတွက် ပသေနဒီမင်းကြီးမှာ နောင်တကြီးစွာ ရလျက်ရှိခဲ့ပေသည်။ မိမိ၏ မှားပြစ်ကို မိမိသိသော မင်းကြီးသည် ဗန္ဓုလ၏တူ ဒီဃကာရာယဏအား (အထူး) ခေါ်ယူလျက် ဗန္ဓုလ၏ နေရာတွင် (စစ်သေနာပတိရာထူးဖြင့်) အစားထိုး ချီးမြှင့်ခဲ့ပေသည်။ (နောက်တွင်) ဘုရင်ကြီးကိုယ်တိုင်လည်း တဖြေးဖြေးနှင့် တိုင်းရေးပြည်ရေး ကိစ္စများကို စိတ်ဝင်စားမှု နည်းပါးလာခဲ့သည်။**

ထိုအချိန်က ရှင်တော် မြတ်ဗုဒ္ဓသည် သံဃာတော်များနှင့်အတူ သကျတို့ပိုင်နက် ဒေသတစ်ခုဖြစ်သည့် ဥလုမ္ပခေါ် နယ်မြေတွင် သီတင်းသုံးတော်မူလျက်ရှိသည်။ ပသေနဒီ မင်းကြီးသည် မင်းတို့၏ အခြွေအရံနှင့်အတူ ဘုရားရှင်အား ဖူးမြော်ရန် ဥလုမ္ပသို့ ထွက်လာခဲ့သည်။ ဘုရားရှင် သီတင်းသုံးလျက်ရှိရာ ကျောင်းတော်နှင့် မနီးမဝေးသည့် နေရာတခုတွင် မင်းကြီး စခန်းချခဲ့သည်။ မင်းတို့ဆောင်းရသည့် ထီးတော်၊ မင်းဝတ်မင်းစား၊ မကုဋ် (သရဖူ)နှင့် ရွှေခါး၊ ဖိနပ် တို့ကိုချွတ်၍ သေနပတိဖြစ်သူ ဒီဃကာရယဏ လက်ထဲ အပ်နှံထားခဲ့ပြီး၊ မင်းကြီးသည် နောက်တော်ပါ အလုပ်အကျွေး တချို့နှင့်အတူ ကျောင်းသခ်ိမ်းဘက်သို့ ခြေလျင်လျှောက်လာခဲ့ကာ ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းသခ်ိမ်းထဲသို့ *တဦးတည်း* ဝင်သွားသည်။

မိမိ၏ ဦးကြီးနှင့် ညီအစ်ကိုများကို လုပ်ကြံသတ်ဖြတ်ခဲ့သူ သာဝတ္ထိပြည့်ရှင် ပသေနဒီမင်းကြီးကို သေနာပတိ ဒီဃကာရာယဏက ကျေနပ်လှသည်မဟုတ်၊ အစဉ်သဖြင့် အခွင့်အခါကိုသာ ရှာဖွေစောင့်စားနေသူဖြစ်သည်။ ယခုအခြေအနေ ပေးလာပြီဆိုသည်နှင့် ဘုရင်သားတော်၊ အိမ်ရှေ့မင်းသား ဝိဍူဍဘနှင့်အတူ လုံခြုံရေးတပ်ကို တပါတည်းခေါ်ငင်လျက် မြင်းတစ်ကောင်နှင့် အလုပ်အကျွေးပြုသူ မိန်းမတဦးတို့ကိုသာ ချန်ထားရစ်ခဲ့ပြီး သာဝတ္ထိနန်းတော်ဆီသို့ အမြန်ပြန်သွား ခဲ့ကြသည်။

ဝိဍူဍဘသည်လည်း (မြန်နိုင်သမျှအမြန်) ထီးနန်းစည်းစိမ် (ဘုရင့်အာဏာ)ကို သိမ်းပိုက်လိုစိတ် ပြင်းပြနေသူဖြစ်သည်။ (ဤတွင်)

www.burmeseclassic.com

www.burmeseclassic.com



ဒီဃကာရာယဏသည် သာဝတ္ထိနန်းတော်သို့ ပြန်ရောက်လျှင် ရောက်ချင်းပင် (အချိန်ဆွဲမနေတော့ဘဲ) ဝိဍူဒဘအား မင်းခန်းမင်းနားဖြင့် (အကျဉ်းရုံး ဘိသိက်သွန်း၍) နန်းတင်ပေးလိုက်လေသည်။ ဘုရားရှင်အထံတော်မှ တရားဒေသနာတော်များကို နာကြားပြီး ယာယီစခန်းချသည့် နေရာသို့ ပြန်လည် ထွက်ခွါလာခဲ့ရာ သေနပတိကြီးနှင့် လုံခြုံရေးတပ်သားများကို (အရိပ်အခြေသော်မျှ) မမြင်တွေ့ရတော့မှ အံ့အားသင့်သွားခဲ့သည်။ အကျိုးအကြောင်းကို အလုပ်အကျွေး မိန်းမငယ်ထံမှ ကြားသိရသည့်အခါ ဘုရင်ကြီးသည် ဒီဃကာရာယဏနှင့် ဝိဍူဒဘတို့၏ သစ္စာဖောက်မှုပေါ် ဒေါသကြီးစွာဖြစ်မိသည်။ ဝိဍူဒဘတို့ကို ဖမ်းဆီးနိုင်ရန် တူတော်စပ်သူ မဂဓဘုရင် အာဇာတသတ်ထံမှ အကူအညီရယူဖို့ စဉ်းစားမိသဖြင့် ရာဇဂြိုဟ် နေပြည်တော်ဘက်သို့ ခရီးဆက်လာခဲ့လေသည်။

ပသေနဒီ (ပရသေနဇိတ) မင်းကြီး ရာဇဂြိုဟ်ရောက်တော့ နေလုံးကွယ်ရုပ် မိုးကြီးချုပ်လေပြီ။ နေပြည်တော်၏ မြို့တံခါးပေါက်များ ပိတ်ထားနှင့်လေပြီ။ နောက်တနေ့မိုးလင်းလို့ မြို့တံခါးတွေဖွင့်တော့မှ ဝင်ရောက်နိုင်မည်၊ တနေ့ကုန် ခရီးပန်းနေပြီးဖြစ်၍ မြို့အပြင်ရှိ ဓမ္မသာလ (ဇရပ်)တွင်ပင် တညတာ အိပ်စက်နားခိုရန် ဆုံးဖြတ်ရတော့သည်။ (သို့ဖြင့်) တချိန်တခါက ဘုန်းတန်ခိုး အရှိန်အဝါကြီးလှစွာသော ပသေနဒီ ကောသလမင်းကြီးသည် အမောလွန်ပြီး မြို့ပြင်ဇရပ်ကလေးပေါ်တွင်ပင် ညတွင်းချင်း နတ်ရွာစံ ကံတော်ကုန်ခဲ့ရပေသည်။

သကျနွယ်ရိုး မင်းမျိုးဆွေရင်းတို့၏ ပြစ်ရယ်ပြုစော်ကားခြင်း ခံထားရသည့် ဝိဍူဒဘသည် သကျတို့ကို (အခွင့်သာလျှင်) ဂလဲ့စားချေလိုသူ၊ သကျတို့၏ရန်သူ ဖြစ်နေလေပြီ။ ဝိဍူဒဘ ဘုရင်ဖြစ်လာပြီဆိုသည်နှင့် စစ်သည်အလုံးအရင်းနှင့် ကပိလဝတ်ပြည်ကို ဖျက်ဆီးရန် စစ်ချီလာခဲ့ပြီး ကပိလဝတ္ထုမှာ တွေ့ရှိသမျှ သကျအနွယ်ဝင်တို့ကို သတ်ဖြတ်ဖျက်ဆီးခဲ့သည်။ ထိုစဉ်က ကပိလဝတ်ကို အုပ်စိုးသူ မဟာနာမဘုရင်ကြီးနှင့် မိသားစုမှအပ ကပိလဝတ္ထုရှိ စစ်သည်များနှင့် ပြည်သူပြည်သား အများအပြားတို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ဖျက်ဆီးပစ်ခဲ့သည်။ (စစ်ဆင်ရေး အောင်နိုင်ပြီးဆုံး၍) မိမိတပ်ကို ခေါက်၍ သာဝတ္ထိ နေပြည်တော်သို့ အပြန်ခရီးတွင် မိုးလည်းချုပ်လှပြီ၊ မောလည်း မောပန်းနေကြပြီဖြစ်၍ အစိရဝတီ မြစ်ကမ်းပါးတွင်ပင် ညအိပ်စခန်း ချခဲ့ကြသည်။ အချို့စစ်သည်များက မြစ်၏ သဲသောင်ပေါ်အိပ်ကာ အချို့က ကမ်းပါးပေါ်တွင် အိပ်ကြလေသည်။ (တနေကုန်) ကပိလဝတ္ထုပြည်သားများကို တိုက်ခိုက် သတ်ဖြတ်ခဲ့ရသဖြင့် မောကြီးပမ်းကြီးနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ ကြရှာသည်။ (ထိုညတွင်) အထက်အညာ ဟိမဝန္တာဝယ် မိုးကြီးသည်းထန်စွာရွာသဖြင့် အစိရဝတီ



မြစ်တွင် ရေလှိုင်းများ အဟုန်ကြီးစွာ တိုးဝေ့စီးဆင်းလာခဲ့သည်။ ရုတ်တရက် ရေလှိုင်းကြီးများ အဟုန်ကြီးစွာဖြင့် သိမ်းကျုံးဝါးမျိုး ခံလိုက်ရသည့် တပ်အလုံးအရင်း တို့သည် ရေထဲမျောပါသွားကာ သေကြေပျက်စီး ကြကုန်လေသည်။ ကောသလဘုရင် ဝိဍူဒဘနှင့် စစ်သေနာပတိ ဒီဃကာရာယဏတို့လည်း နစ်မြုပ်သေကြေခဲ့ကြ ရှာလေသည်။ ကြီးမားသည့် အကုသိုလ်ကံကြီးများ ကျူးလွန်ပြုမှားမိကြသည့် ပသေနဒီ ဘုရင်ကြီး၊ ဝိဍူဒဘနှင့် ဒီဃကာရာယဏတို့သည် (မျက်မှောက်ဘဝတွင်ပင်) လက်ငင်း ကံဆိုးအကျိုးပေးနှင့် ပက်ကင်းတွေ့ကာ သေကြေပျက်စီးခဲ့ကြရခြင်း ဖြစ်ပေသည်။

ကပိလဝတ္ထု၏ ပျက်စီးမှုသည် အကြောင်းမဲ့တော့ မဟုတ်ပါ။ ကပိလဝတ္ထု ပျက်စီးရခြင်းကိစ္စမှာ သကျမင်းများ၌လည်း အပြစ်ရှိခဲ့ပါသည်။ အကြောင်းမှာ ဤသို့ဖြစ်သည်။

ကပိလဝတ်ပြည် (ယခုကဲ့သို့) ပျက်ခြင်းမလှ ပျက်စီးခဲ့ရခြင်း၏ အဓိက အကြောင်းတရားများထဲတွင် သကျတို့ကိုယ်တိုင်၏ အားနည်းချက်သည်လည်း အကြောင်းအရာ တရပ်အဖြစ် ပါဝင်ပေသည်။ ဟိမဝန္တာတောင်ခြေရင်း၌ တည်ရှိခဲ့သည့် နိုင်ငံငယ်များအနက် ထိုစဉ်က သာဝတ္ထိပြည့်ရှင် ပသေနဒီ ကောသလမင်း၏ ကောသလတိုင်း နိုင်ငံတော်သည် အင်အားအကြီးမားဆုံးဖြစ်သည်။ အိမ်နီးနားချင်းများ ဖြစ်သော ကပိလဝတ္ထု (သကျ) နိုင်ငံတော်နှင့် အချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်လိုသော ပသေနဒီမင်းကြီးသည် သကျအနွယ်ဝင် မင်းသမီးတစ်ဦးအား မိဖုရားမြှောက်လိုသည်။ သို့ကြောင့် သကျတို့ထံမှ (သင့်တော်မည့်) သကျနွယ်ဝင် မင်းသမီးတစ်ဦးအား ဆက်သပေးရန် တောင်းဆိုလာခဲ့သည်။ ထိုအချိန်ကာလက တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု တည်ဆောက်လိုသော မင်းစိုးရာဇာများ လောကတွင် အဆိုပါ ***ကုမ္မနီတိ*** မျိုးကို သုံးစွဲလေ့ရှိခဲ့ကြသည်။ ယင်းသည် အောင်မြင်ထိရောက်သော နိုင်ငံရေးပေါ်လိစီတရပ် ဖြစ်ခဲ့သည်ဟု ဆိုလျှင်ပင် မှားနိုင်မည်မဟုတ်ချေ။ သို့ရာတွင် နိုင်ငံ့အရေးထက် အမျိုးဂုဏ် (မထိခိုက်ရေး)ကို ပိုမိုအရေးပေးတတ်ကြသော သာကီဝင်မင်းတို့က လှပ၍ အရွယ်ရောက်နေသော ကျွန်မသမီးတစ်ဦးအား (ကျွန်မျိုးဖြစ်မှန်း ကောသလမင်းကြီး မရိပ်စားမိအောင် စီစဉ်ပြီး) ကောသလနန်းတော်သို့ ဆက်သခဲ့ကြသည်။ သကျတို့၏ လှည့်ကွက်ကို လုံးဝမသိရှာသော ပသေနဒီမင်းကြီးမှာ ဆက်သလာသည့် သကျကညာပျိုကို တောင်ညာစံ မိဖုရားအဖြစ် မြှောက်စားထားလိုက်လေပြီ။ အချိန်တန်ရောက်သည့်အခါ ထိုမိဖုရာငယ်မှာ သားတော်တပါး ဖွားမြင်လာသည်။ သူကားကောသလတိုင်း နိုင်ငံတော်၏ မင်းရိုးနန်းလျာဝိဍူဒဘ မင်းသားပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကောသလပြည် အိမ်ရှေ့မင်းသား (ဝိဍူဒဘ)သည် (အရွယ်ရောက်လတ်သော်)တနေ့တွင် အခြွေအရံနှင့်အတူ မိမိ၏အဘိုးတို့ နိုင်ငံဖြစ်သည့် ကပိလဝတ္ထုသို့ သွားရောက်လည်ပတ်လေသည်။ သကျတို့၏ နန်းတော်တွင် သူ့နှင့် ထိုက်သင့်သည့် ကြိုဆိုညွှတ်ခြင်းမျှ ဟုတ္တိပတ္တိ မပြုလုပ်ကြဘဲ အေးတိအေးစက် ဆက်ဆံကြသည်။ (မျှော်လင့်တောင့်တခဲ့သည့်အတိုင်း) ထိုက်သင့်စွာ ညွှတ်ခံမှု၊ ချစ်ခင်ယုယမှုတို့ကို မရရှိခဲ့သော မင်းသား ဝိဍူဒဘသည် မကြေနပ်ဖြစ်ပြီး သကျတို့အပေါ် အငြိုးအတေး ကြီးစွာထားလျက် ကပိလဝတ္ထုမှ သာဝတ္ထိသို့ ပြန်ရောက်သည့်အခါ မိခင်မိဖုရားကြီးအား ခြိမ်းခြောက်၍ မေးမြန်းတော့မှ ဖြစ်ရပ်အမှန်ကို သိလာရပေသည်၊ ဤအဖြစ်မှန်ကို သိရှိပြီးနောက်တွင် ပသေနဒီ မင်းကြီးသည်လည်း စိတ်မသက်မသာဖြစ်ခဲ့ရပြီး၊ ဝိဍူဒဘ မင်းသားကမူ သကျတို့ မျိုးပြုတ်အောင် တိုက်ဖျက်သွားမည့် အကြောင်း သန္နိဋ္ဌာန်ချခဲ့ပေသည်။

ဥပါယ်တမျိုးဖြင့် ကောသလနန်းတော်ကို အပိုင်စီးကာ မင်းဖြစ်လာသော ဝိဍူဒဘ၏ ဉာဏ်ဆင်မှုကို သဗ္ဗညုတ ဉာဏ်ရှင် ရှင်တော်မြတ်ဗုဒ္ဓကိုယ်တော်တိုင် *သိမြင်တော်မူလာသည့်အတွက် ဝိဍူဒဘအား ခေါ်၍ အမျိုးမျိုးနားချခဲ့သော်ည်း* မရခဲ့ပါ။ လူတစု၏ အမှားအတွက် လူအများကို အပြစ်ရှာခြင်းသည် (မည်သည့်အကြောင်းနှင့်မှ) တရားနည်းလမ်း မကျနိုင်ချေ။ သို့သော် ဂလဲ့စားချေလိုသော ဝိဍူဒဘသည် ဘုရားရှင်၏ စကားများကို လုံးဝနားမထောင်ဘဲ စစ်သည်အင်အားနှင့် ကပိလဝတ္ထုသို့ စစ်ချီခဲ့ပြီး သကျလူမျိုး အများအပြားတို့ကို သတ်ဖြတ်ဖျက်ဆီးခဲ့သည်။ ဤသို့ဖြင့် သကျတို့သည်လည်း အမျိုးပြုတ်ခမန်း တိုက်ဖျက်ခံရ၍ မိမိတို့၏ (ပြန်မပြင်နိုင်တော့သော) အမှားတခုအတွက် ပေးဆပ်ခဲ့ကြရသည်။

## ရောဇမလ္လ။

ရောဇမလ္လသည် မလ္လမင်းမျိုး မင်းနွယ်မှ ဖွားမြင်ခဲ့သူဖြစ်ပြီး၊ မလ္လဂဏတွင် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ တခါက ဘုရားရှင်သည် တရားဒေသနာတော်များချီးမြှင့် လှည့်လည်တော်မူရင်း၊ မလ္လတို့နိုင်ငံသို့ ဆိုက်ရောက်တော်မူလာခဲ့လေသည်။ သံဃာအပေါင်း ၁၂၀၀ ခြံရံလျက် ဘုရားရှင်မြတ်ဗုဒ္ဓ သူတို့နိုင်ငံတော်သို့ ကြွချီလာနေပြီဟူသော သတင်းစကားကြောင့်၊ ကုသိနာရုံမှ မလ္လမင်းများသည် ယင်းတို့၏ အမြင့်ဆုံး အုပ်ချုပ်ရေးကောင်စီမှ ဗုဒ္ဓနှင့်သံဃာတော် များအား ခရီးဦးကြိုဆိုနိုင်ရန် မလ္လမင်းသားအားလုံး ပါဝင်တက်ရောက်ရမည်ဟု အမိန့်တရပ်ကို ချမှတ်ခဲ့ကြသည်။ အမိန့်ကို လိုက်နာမှုမရှိသော မည်သည့် မလ္လမင်းမဆို ဒဏ်ငွေ



အသပြာ (၅၀၀)စီ ဒဏ်ကြေးဆောင်ရမည်ဟုလည်း ထပ်ဆင့်အမိန့် ပြဋ္ဌာန်းထားခဲ့ပေသည်။

ရှင်အာနန္ဒာ၏ (ရင်းနှီးသော) မိတ်ဆွေဟောင်း တစ်ဦးဖြစ်ပြီး ဘိက္ခုသံဃာ အခြံအရံဖြင့် ဘုရားရှင် ကုသိနာရုံသို့ ရောက်ရှိတော်မူစဉ် သံဃာအဖွဲ့ကို ခရီးဦးကြိုပြုလာသော ရောဇမလ္လသည် ရှင်အာနန္ဒာနှင့် (ပြန်လည်) တွေ့ဆုံဖြစ်ကြလေပြီ။ ရှင်အာနန္ဒာက ဝမ်းမြောက်ဝမ်းသာဖြင့် အရှင်းရောဇ သင်တို့ယခုလို ဘုရားရှင်နှင့် ဗုဒ္ဓသံဃာအဖွဲ့ကို လာရောက်ပြီး ပျူပျူငှာငှာ ကြိုဆိုကြတာဟာ ချီးကျူးအနုမောဒနာပြုလောက်ပါပေတယ်။ ရှင်အာနန္ဒာအား ရောဇမလ္လက ဤသို့ ပြန်လည်လျှောက်ထားသည်။ 'အရှင်ဘုရား၊ တပည့်တော်တို့ဟာ ရှင်တော်ဗုဒ္ဓနှင့် ဓမ္မသံဃာကို မိမိသဘောနှင့် မိမိလာရောက်ပြီး၊ ကြိုဆိုဂါရဝပြုကြတာတော့ မဟုတ်ပေဘူး၊ *ဂဏကောင်စီရဲ့ အမိန့်အရသာ လာရောက်ကြတာဖြစ်ပါတယ်။' ရောဇမလ္လထံမှ ထိုစကားများကို ကြားသိရ၍ ရှင်အာနန္ဒာအဖို့ စိတ်ကသိကအောင့်ဖြစ်ရသည့်တိုင် အရှင်သည် ဘုရားရှင်ထံ ချဉ်းကပ်၍ အရှင်ဘုရား၊ ရောဇမလ္လမှာ ချမ်းသာသည့် မလ္လအမျိုးသား ခေါင်းဆောင် တစ်ဦးဖြစ်ပါသည်။ သူ့လိုပုဂ္ဂိုလ်တယောက်က ဗုဒ္ဓဓမ္မ၌ ကြည်ညိုသက်ဝင်လာမည်ဆိုပါက* ဗုဒ္ဓတရားဓမ္မနှင့် သံဃာအကျိုးများစွာ ဖြစ်နိုင်ပါကြောင်းပါ ဘုရား ဟူ၍ ဘုရားရှင်အား တင်ပြလျှောက်တော်မူသည်။ အရှင်ဘုရား ရောဇမလ္လအား တရားဓမ္မကို လေးစားကြည်ညိုလာအောင် ပြုပေတော့ ဘုရား။

ထိုစကားများကို ကြားသိရ၍ ရှင်ဗုဒ္ဓသည် ရောဇမလ္လအတွက် မေတ္တာတရားများကို ပွားများခဲ့ပြီး၊ ကျောင်းတော်သို့ ဝင်ခဲ့ပါသည်။ ဘုရားရှင်၏ မေတ္တာပွါးမှုကြောင့်၊ ရောဇမလ္လသည် နွားမက မွေးထားသည့် နွားငယ်ကလေးလို ချစ်ခင်ယုယစွာ ရှင်ဗုဒ္ဓ၏ နောက်တော်ပါးမှ တကောက်ကောက် လိုက်နေလေတော့သည်။ ဓမ္မသဘင်၌ ဘုရားရှင်အား ရှိခိုးပူဇော်ကာ သင့်တော်သည့် နေရာတခု၌ ထိုင်၍ ဘုရားရှင် ဟောကြားသည့် တရားများကို အထူးစိတ်ပါဝင်စားစွာ နာယူသဖြင့်၊ ဤတရားပွဲအပြီး၌ပင် ရောဇမလ္လသည် သောတာပန် အဆင့်၌ တည်ခဲ့ပေသည်။

သောတာပန်အဖြစ် ရောက်ရှိပြီးသော ရောဇမလ္လသည် ရှင်တော်မြတ်ဗုဒ္ဓအား ဤသို့ မေတ္တာရပ်ခံ လျှောက်ထားသည်။ "အရှင်ဘုရား၊ အရှင်မြတ်တို့သည် ကုသိနာရုံ၌ သီတင်းသုံးသည့် အချိန်ကာလအတိုးအတွင်း ဘုရားအမှူးရှိသော ဘိက္ခုသံဃာအား တပည့်တော်တို့မှ သင်္ကန်း၊ ဆွမ်းဘောဇဉ်၊ လိုအပ်သည့် ဆေးဝါးများကို *လှူတမ်းလိုပါသည် ဘုရား။ အခြားမည်သူ့မျှထံမှ ဆွမ်းဘောဇဉ် ဆေးဝါးစသည်* ပစ္စည်းများကို လက်ခံရန် မလိုတော့ပါ ဘုရား။" "အသင်ရောဇ ဘုရား၏ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



ဒဿနများကို အပြည့်အဝ နားမလည် သဘောမပေါက်သေးသည့် သူများကသာ သင်ပြောသည့် စကားမျိုးကို ပြောတတ်သည်။” ရှင်ဗုဒ္ဓက ပြန်လည်မိန့်ကြားတော်မူသည်။ ဘုရားရှင်နှင့် သံဃာ့အဖွဲ့ ကုသိနာရုံတွင် သီတင်းသုံးနေထိုင်တော်မူစဉ်တချိန်လုံးတွင် မလ္လမိသားစုများ အားလုံးတို့မှ မိမိတို့ သဒ္ဓါတတ်အားသရွေ့ လှူဒါန်းခဲ့ကြသည်။ ရောဇမလ္လမှာ ဆွမ်းဘောဇဉ်များ အပြီး၌ အချိုပွဲတော်များကို နေ့စဉ်စီစဉ်လှူဒါန်းသည်။ (မည်သို့ပင်ဖြစ်စေ) ရောဇသည် ဗုဒ္ဓတရားတော်များ၌ (မတုန်မလှုပ်သက်ဝင်ကြည်ညိုရင်းဖြင့်) အသက်ထက်ဆုံး သဒ္ဓါကြည်ညိုသွားခဲ့လေတော့သည်။

## ဝဇရပါဏိ မလ္လ

ဝဇရပါဏိမှာ ကုသိနာရုံ၏ မလ္လမင်းတစ်ပါးဖြစ်ခဲ့သည်။ ဘုရားရှင်ဗုဒ္ဓနှင့်ဗုဒ္ဓသံဃာကို လေးစားကြည်ညိုမှုရှိခဲ့သည့် မင်းဖြစ်သည်။ သာလဝန်တွင်မဟာဂရုဏာရှင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခဲ့ပြီး သတင်းကို ကြားသိရ၍ ထိုနေရာသို့အပြေးအလွှား ရောက်ရှိလာခဲ့ရာ ဘုရားရှင်၏ အလောင်းကို မြင်တွေ့၍ရုတ်ချည်းသတိလစ်ကာ မြေပေါ်လဲကျခဲ့လေသည်။ အတန်ကြာ သတိလစ်နေရာမှပြန်သတိရလာ၍ “အိုအရှင်မြတ်ဘုရား ဘုရားရှင်မှာတော့ မဟာပရိနိဗ္ဗာန်ဝင်တော်မူခဲ့ပြီ ဘုရား၊ အရှင်မြတ် မရှိတော့သည့် နောက်ပိုင်းမှာ ဘဝသံသရာပင်လယ်ကြီးကို ကူးဖြတ်နိုင်ရန် ငါတို့လူများကို မည်သူက ဘဝပင်လယ်ကူးသင်္ဘောပေးနိုင်ပါအံ့၊ အဝိဇ္ဇာကို ထိုးထွင်းကာ ဝိဇ္ဇာဉာဏ်အလင်းကို အဘယ်သူက ငါတို့အားပေးသနားပါမည်နည်း ဘုရား” စသည်ဖြင့် မြည်တမ်းငိုယိုခဲ့ပါသည်။

ဝဇရပါဏိမှာ ပတ္တမြားစီခြယ်ထားသည့် တင်းပုတ်ကို အစဉ်သဖြင့်လက်ထဲကိုင်စွဲထားသော မင်းသူရဲသည် မိမိကိုင်ထားသော ပတ္တမြားတင်းပုတ်ကိုမြေပေါ်ပစ်ချခဲ့ပြီး ထိုနေရာ၌ပင် အသက်ဆုံးရှုံး၍ နတ်ရွာစံသွားခဲ့လေတော့သည်။ နောက်ပိုင်းကာလတွင် ကုသိနာရုံမှ မလ္လတို့သည် ဝဇရပါဏိ အောက်မေ့ဘွယ်ရာအမှတ်တရဖြစ်စေရန် စေတီတစ်ဆူ တည်ဆောက်၍ ကိုးကွယ်ခဲ့ကြလေသည်။

## မလ္လိကာ သူရဲကောင်းမ။

မလ္လမင်းမျိုးမင်းနွယ်မှ ပေါက်ဖွားခဲ့ရသည့် မလ္လအမျိုးသမီး သူရဲကောင်းမတို့အနက် မလ္လိကာမှာ ရှေ့ဆုံးက နေရာယူထားသည့် အမျိုးသမီး သူရဲကောင်းမတစ်ဦးဖြစ်ခဲ့သည်။ မလ္လိကာမှာ စစ်အတတ်ပညာများကို ကုသိနာရုံမှာပင် သင်ယူလေ့ကျင့်ခဲ့သည်။ ဓါးအတတ်ပညာနှင့် ရထားမောင်းသည့် အတတ်ပညာတို့၌ အထူးကျွမ်းကျင်ခဲ့သည်။ မလ္လအမျိုးသမီး သူရဲကောင်းမ တစ်ဦးဖြစ်ခဲ့ပါသည်။ ဗန္ဓုလမှာ တက္ကသိုလ်မှာပညာသင်ကြားပြီး ကုသိနာရုံသို့ ပြန်လာခဲ့သည့်အခါ စွမ်းအင်သတ္တိပြပွဲအပြီးမှာမလ္လိကာနှင့် အိမ်ထောင်ကျခဲ့ရပါသည်။ ဗန္ဓုလမှာ သာဝတ္ထိပြည်သို့ ထွက်ခွာသည့်အချိန် ကြင်ယာဖက် မလ္လိကာမှာလည်း ခင်ပွန်းနောက်လိုက်သွားရပြီး သာဝတ္ထိမှာပင်နေထိုင်သွားခဲ့ရပါသည်။ သေနာပတိ မဟာဗန္ဓုလနှင့် သားများသည် နယ်စပ်ဒေသမှာပေါ်ပေါက်ခဲ့သည့် သောင်းကျန်းသူများရန်ကို နှိမ်နင်းပြီး သာဝတ္ထိသို့အပြန် တောလမ်းခရီးအကြား ပသေနဒီမင်းကြီး ဆင်ယင်ထားသည့် လူများ၏ ခြုံခိုတိုက်ပွဲတခုတွင်ဗန္ဓုလနှင့်သားများသည် သတ်ဖြတ်ခံခဲ့ရပါသည်။



ထိုအချိန်ကာလတွင် သေနာပတိ၏ ကတော်ဖြစ်ခဲ့သူ မလ္လိကာမှာမိမိနေအိမ်တွင် ဘိက္ခုသံဃာပေါင်း (၅၀၀)တို့အား ဆွမ်းကပ်လှူဒါန်းရန် ပင့်ဖိတ်ထားခဲ့ရာရှင်သာရိပုတ္တရ ဦးဆောင်ထားသည့် ဘိက္ခုသံဃာများအား ဆွမ်းကပ်လျက်ရှိခဲ့စဉ်ကျွန်မတစ်ယောက်၏ လက်ထဲမှ လွတ်ကျသွားခဲ့သည့် ထောပတ်အိုးတစ်လုံး ကွဲကာထောပတ်များမှာ မြေပေါ်ပြန့်ကျဲသွားခဲ့ရာ ထိုအဖြစ်အပျက်ကို မြင်တွေ့၍ရှင်သာရိပုတ္တရမှာ ကွဲပျက်ရမည့် အရာတို့သည် ကွဲပျက်သွားရသည့် သဘာဝကိုဆောင်ထား၏။ ထို့ကြောင့် ပူဆွေးစိုးရိမ်မှု မဖြစ်ကြပါနှင့် ဒါယိကာမဟူ၍ ပြောခဲ့ဘူးလေသည်။ မလ္လိကာမှာ ဣန္ဒြေမပျက် ဆွမ်းကပ်သည့်ကိစ္စကို စိတ်ပါဝင်စားဖြင့်ပြီးစီးအောင် ပြုလုပ်သွားခဲ့ပါသည်။ တရားနာစသည့် ကိစ္စဝိစ္စများအပြီးမှာမလ္လိကာသည် မိမိအိတ်ထဲမှ စာတစောင်ကိုထုတ်၍ ရှင်သာရိပုတ္တရအား



www.burmeseclassic.com

www.burmeseclassic.com



ပြသလေသည်။ ထိုစာသည် သေနာပတိ ဗန္ဓုလနှင့်သားများ တိုက်ပွဲ၌ကျဆုံးခဲ့ပြီး ဖြစ်ကြောင်း သတင်းပို့စာတစောင်ဖြစ်နေကြောင်းကို ရှင်သာရိပုတ္တရာက စိုးရိမ်တကြီး ဖတ်ရှုခဲ့ရပါသည်။

ဘိက္ခုအဖွဲ့အား ဆွမ်းကပ်ခဲ့ပြီး သံဃာတော်များ ပြန်ကြွသွားပြီးနောက် မလ္လိကာမှာ မိမိချွေးမ (၃၂)ဦးတို့အားခေါ်ခဲ့ပြီး ဘဝဟောင်းကံကြွေးကြောင့် ငါတို့အားလုံး ယခုစာထဲဖော်ပြထားသည့် အဖြစ်ဆိုးများနှင့် ကြုံခဲ့ရပြီဖြစ်ကြောင်း နှလုံးသွင်းကြရန် သွန်သင်ဆုံးမခဲ့ပြီး ၄င်း၏ချွေးမများကို ဥစ္စာပစ္စည်း ထိုက်တန်စွာ ခွဲဝေပေးကာ ၄င်းတို့၏ မိဘများထံသို့ အသီးသီး ပို့ပေးခဲ့သည်။ ပြီးမှ မိမိကိုယ်တိုင်လည်း သာဝတ္ထိပြည်အား အပြီးအပိုင်စွန့်ခွာခဲ့ပြီး မိမိတို့ တိုင်းနိုင်ငံဖြစ်သည့် ကုသိနာရုံသို့ ပြန်သွားခဲ့ပါသည်။ ထိုသို့ အပြီးအပိုင် ပြန်မသွားခင် ပသေနဒီမင်းကြီးမှာ မိမိတို့ အမှားကို သိရှိနားလည်ကာ မလ္လိကာနေအိမ်သို့ ကိုယ်တော်တိုင်ကြွချီကာ မိမိတို့ ကျူးလွန်ခဲ့ရသည့်အမှားကို ဝန်ချတောင်းပန်ခဲ့ပါသည်။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ တရားသဘောကို နားလည်သဘော ပေါက်ထားပြီးဖြစ်သော မလ္လိကာသည် ကံကြွေး၏ တန်ဘိုးကို ဆပ်ရမှာကို သိမြင်သူတစ်ဦးဖြစ်၍ မင်းကြီးတို့အား ခွင့်လွှတ်ပါကြောင်း ပြန်ပြောခဲ့ပါသည်။

ကုသိနာရုံတွင် သက်ထက်ဆုံး နေထိုင်သွားခဲ့ပြီး အသက် (၉၀)နှစ်ကျော်တွင် ကံတော်ကုန်ဆုံးပြီး နတ်ရွာစံရှာခဲ့ပါသည်။



## ခေတ်အဆက်ဆက်က ကုသိနာရုံ

ခေတ်ဟောင်း ကုသိနာရုံမှာ ဘုရင်မင်းမြတ်တို့ အုပ်ချုပ်ထားသည့် ရာဇသန္တရခေါ် မင်းတို့အုပ်ချုပ်သည့် စနစ်ရှိခဲ့ပါသည်။ သို့သော် ကုသိနာရုံတွင် အုပ်ချုပ်ခဲ့သည် ဘုရင်မင်းမြတ်တို့အကြောင်း မှတ်တမ်းများ သမိုင်းကျမ်းစာများ၌ ဖော်ပြထားခြင်းတို့ကို စုံလင်တိကျစွာ မတွေ့ရှိရသေးပါ။ ကုသိနာရုံပြည်တွင် လွန်လေပြီးသည့် ခေတ်ဟောင်းကာလတွင် မဟာသမ္မတ မင်းမျိုးမင်းနွယ်တို့က အုပ်ချုပ်ခဲ့ကြောင်း မဟာဝံသနှင့် ဒီပဝံသကျမ်းများတွင် ရေးသားဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ထိုခေတ်ထိုအခါက ကုသိနာရုံတွင် မင်းပြုအုပ်ချုပ်ခဲ့ကြသည့် ဘုရင်မင်းမြတ်တို့အနက် မဟာသုဒဿနမင်းကြီးတို့သည် တရားနည်းလမ်းကျ အုပ်ချုပ်ခဲ့ကြသည့်မင်းတို့အဖြစ် ထင်ပေါ်ကျော်ကြားခဲ့ဖူးသည်။ ဘုရားရှင်မြတ်စွာ ကိုယ်တော်တိုင်က ပရိနိဗ္ဗာန်မဝင်မီ ရှင်အာနန္ဒာအား ပြောပြခဲ့ဖူးသည်မှာ ဘုရားရှင် ကိုယ်တော်တိုင်က မိမိ၏ ရှေးဘဝများတွင် မဟာသုဒဿန စကြဝတေးမင်းအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကုသိနာရုံတွင် သက်ထက်ဆုံးမင်းပြုခဲ့သည့် အကြောင်းကို ပြောပြခဲ့ဖူးသည်။ မဟာသုဒဿနာမင်းကြီး ကုသိနာရုံတွင် အုပ်စိုးခဲ့စဉ်ကာလက ကုသိနာရုံမှာ စည်ပင်သာယာဝပြောခဲ့သည့် နိုင်ငံတော်ကြီးတခု ဖြစ်ခဲ့ဖူးကြောင်းကိုလည်း ရှင်တော်မြတ်ဗုဒ္ဓက ဥပါသကာ ဖြစ်ခဲ့သူ ရှင်အာနန္ဒာအား ပြောပြခဲ့ပါသည်။

ထိုရာဇသန္တရ (မင်းအုပ်ချုပ်ရေး) စံနစ်ကြီးသည် ကုသိနာရုံတွင် ဘယ်အချိန် ဘယ်ကာလမှာ ကုန်ဆုံးသွားခဲ့ရကြောင်း မှတ်တမ်းမှတ်ရာများလည်း မတွေ့ရသေးပါ။ သို့သော် ကုသိနာရုံ၏ အနီးအနား ပတ်ဝန်းကျင်တွင် ဂဏာသန္တရာ (ပြည်သူ့ ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သည့်စနစ်) နိုင်ငံ ရှစ်နိုင်ငံတည်ရှိခဲ့ကြောင်း မှတ်တမ်း မှတ်ရာများ တွေ့ရှိရပါသည်။ ယင်းဂဏာသန္တရ ရှင်နိုင်ငံတို့သည် ဟိမဝန္တာ ခြေရင်းတလျှောက် တည်ရှိခဲ့ကြပါသည်။ ထိုနိုင်ငံငယ်များကို ဂဏာသန္တရအုပ်ချုပ်မှု စနစ်အရ ထိုနိုင်ငံများ၏ အမြင့်ဆုံး ဂဏာသန္တရ ပရိုဂ်ဒ်ခေါ် ကောင်စီအဖွဲ့က အုပ်ချုပ်ခဲ့ရ ပါသည်။ ထိုပရိုဂ်ဒ် (ကောင်စီ)ဝင်တို့ကို မျိုးနွယ်စုအလိုက် ပြည်သူလူထုက ရွေးချယ် တင်မြှောက်ပေးရပါသည်။ ဂဏာသန္တရနိုင်ငံများ ပတ်လည်ဝန်းရံထားသော ကုသိနာရုံ မှာလည်း ထိုအုပ်ချုပ်မှုစနစ်ကို ရယူခဲ့ပါကြောင်း မှန်းဆရပါသည်။ အများဖြစ်ခဲ့သော မလ္လအမျိုးအနွယ်တို့မှာ မင်းအုပ်ချုပ်မှုစနစ်ကို တိုက်ဖျက်ကာ ကုသိနာရုံတွင် ဂဏာသန္တရစနစ်ကို တည်ရှိခဲ့ကြောင်း ဖြစ်နိုင်ချက်များပါသည်။ ဂဏာသန္တရနိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် စည်ပင်သာယာမှုတို့ကို မြင်တွေ့ကာ ကုသိနာရုံ မလ္လအနွယ်ဝင် တို့က မိမိတို့နိုင်ငံတွင် ထိုအုပ်ချုပ်မှုစနစ်ကို တည်ထောင်သွားခဲ့ရသည့် အကြောင်း လည်းဖြစ်နိုင်ပါသည်။ မလ္လတို့၏ ဘုန်းဂုဏ်ကို ကောင်းစွာသိရှိထားသည့် မဂဓ လိစ္ဆဝီ၊ သကျ၊ ကောလိယမင်းတို့က ထိုစဉ်ထိုကာလက ကုသိနဂရာဂဏာကို မျက်စောင်းထိုး မကြည့်ရဲသည့် အချက်မှာတော့ ထင်ရှားသည်။

ဘုရားရှင်ဗုဒ္ဓမြတ်စွာမှာ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ (ဖြစ်ကောင်းဖြစ်နိုင်စရာ အကြောင်းရှိသည်)တွင် ကုသိနာရုံတွင် မဟာပရိနိဗ္ဗာန်စံခဲ့ပါသည်။ ထိုအချိန်ကစ၍ ကုသိနာရုံမှာ ဖူးမြော်ရန် နေရာထူးတခုအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ ဗုဒ္ဓလောက တခုလုံးမှ ဘုရားဖူးခရီးသည်များ လာရောက်ဖူးမြော်ရာ ဌါနကြီးတခု ဖြစ်လာခဲ့ရ ပါသည်။ ဘုရားရှင်၏ ဓါတ်တော်များကို ခွဲဝေရယူပြီး နောက်ပိုင်းတွင် စေတီပုထိုးများလည်း တည်ဆောက်၍ ပူဇော်ကြခြင်း ဓလေ့တရပ်လည်း ပေါ်ထွန်း ခဲ့ပါသည်။ ပုဏ္ဏားဘိက္ခု သံဃာအပါး (၇၀၀)နှင့်အတူ ကုသိနာရုံမှာပင် အခြေစိုက် သီတင်းသုံး နေထိုင်ခဲ့သည်။ ယင်းဘိက္ခု (၇၀၀)ကျော်တို့သည် သံဃာ့ရာမ ကျောင်းသင်္ခမ်းများ၌ နေထိုင်ကာ သီတင်းသုံးကြသည်။ ကျေးရွာ၊ ဇနပုဒ်များ၌ တခါတရံသာ ဆွမ်းခံထွက်ကြသည်။ အများအားဖြင့် သံဃာ့ရာမကျောင်းများ၌



ချက်ပြုတ်သည့် ဆွမ်းဘောဇဉ်များကို မှီဝဲကြသည်။ နောက်ပိုင်းခေတ်များ၌ သာမန်ပြည်သူများအပြင် မင်းစိုးရာဇာများ၊ အမတ်များ၊ မင်းမှူးထမ်းများစသည့် အရေးပါ ပုဂ္ဂိုလ်ထူးများတို့လည်း ရံဖန်ရံခါ ကုသိနာရုံသို့ ခရီးလှည့်လည်ခဲ့ကြပါသည်။ ခေတ်တိုင်းမှာ ကုသိနာရုံသည် ဖူးမြော်ရာဌါနတခု ဖြစ်ခဲ့ရပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နောက်ပိုင်းကာလတွင် နယ်ချဲ့လိုသည့် ဆန္ဒရမ္မက် ပြင်းပြခဲ့သူ မဂဓဘုရင် အဇာတသတ်၏ တိုက်ခိုက်ခြင်းကို ကုသိနာရုံ ဂဏာသန္တရမှ မလ္လမင်းတို့ ခံလိုက်ရပါသည်။ ကုသိနာရုံမှာ မဂဓဘုရင်များလက်ထဲ ကျခဲ့ရပါသည်။

သို့သော် ဘုရင်အဇာတသတ်မှာ နောက်ပိုင်းတွင် ဗုဒ္ဓဓမ္မကို လေးစားကြည်ညို ခဲ့သူမင်းတစ်ပါး ဖြစ်လာခဲ့ရသည့် အားလျော်စွာ ကုသိနာရုံတွင် မိမိဖက်မှ ဗုဒ္ဓဓမ္မစေတီနှင့် ဓမ္မကျောင်းများ တည်ဆောက်ပေးသွားခဲ့သည့် မှတ်တမ်းများ ရှိပါသေးသည်။ နောက်ပိုင်းခေတ်ကာလများ၌လည်း ဗုဒ္ဓဘာသာဝင် ခရီးသည်များ ဗုဒ္ဓဘာသာဝင်များ အဆက်မပြတ် အဝင်အထွက်ရှိခဲ့ကြောင်းကို သမိုင်းအထောက် အထားများအရ သိရှိနိုင်ပါသည်။

## ဧကရာဇ်မင်းမြတ် အသောက၏ ကုသိနာရုံခရီးစဉ်။


ကလိင်္ဂစစ်ပွဲသည် ထိုခေတ်ထိုအချိန်က လူသေကြေပျက်စီးမှု အများဆုံး ဖန်တီးပေးသည့် စစ်ပွဲတခုဖြစ်ကြောင်း သမိုင်းမှတ်တမ်းမှတ်ရာတို့က ဆိုထားသည်။ ထိုစစ်ပွဲကြီး၏ မဟာပျက်စီးဆုံးရှုံးမှုတို့ကို မြင်တွေ့၍ အသောကမင်းကြီးမှာ မိမိလက်ထဲ ကိုင်စွဲထားသည့် ဓါးကိုပစ်ချထားကာ လောကကြီးကို စစ်လက်နက်ဖြင့် အနိုင်ယူ စိုးမိုးမည့် မိမိဆန္ဒကို ထာဝရ စွန့်လွှတ်ခဲ့သည်။ ကမ္ဘာ့အကျိုး၊ သတ္တဝါအပေါင်းတို့၏ အကျိုးကို "ဓမ္မ ဝိဇယ"တရားဓမ္မတို့၏ အောင်ပွဲဖြင့် မိမိရယူမည့်အကြောင်း ဆုံးဖြတ်ခဲ့သည်။ အာစရိယ ဘန္တေဥပဂုတ္တ၏ ဆုံးမဩဝါဒ တရားဥပဒေသများကို လက်ခံကာ ဗုဒ္ဓဘာသာဝင်မင်းတပါး အနေဖြင့် သံဝေဇနိယ လေးဌါနဖြစ်သော လုမ္ဗိနီ၊ ဗုဒ္ဓဂါယာ၊ သာရနာထနှင့် ကုသိနာရုံသို့ မင်းမှူးမတ်၊ ဘိက္ခုသံဃာများနှင့်အတူ ခရီးထွက်ကာ ဖူးမြော်ခဲ့သည်။

"ဒိဗျာဝဒါန" ဗုဒ္ဓကျမ်းတွင် ရေးသားဖော်ပြချက်အတိုင်း ခရစ်တော်မပေါ်မီ သုံးရာစုနှစ်များအတွင်း အသောကမင်းတရားကြီးမှာ ကုသိနာရုံသို့ ခရီးထွက် ရောက်ရှိခဲ့သည်။ မင်းကြီးနှင့်အတူ အာစရိယဆရာတော် ဥပဂုတ္တနှင့် အခြားဘိက္ခု သံဃာများ ပါဝင်လိုက်ခဲ့ကြသည်။ ကုသိနာရုံ သာလဝန် (သာလတော) တနေရာသို့ ရောက်သောအခါ "အရှင်မင်းကြီး (၄၅)နှစ်တိုင် တရားဓမ္မတို့ကို လှည့်လည် ဒေသနာပေးလျက် နောက်ဆုံး၌ ဘုရားရှင်ဗုဒ္ဓသည် ဤနေရာသို့ ရောက်ရှိလာပါ

www.burmeseclassic.com

www.burmeseclassic.com





ကြောင်းကို ဘန္တေ ဥပဂုတ္တက သာလပင်နှစ်ပင်ကြားရှိ မြေနေရာကို ညွှန်ပြပြောဆိုခဲ့ပါသည်။" ဤနေရာတွင် ဘုရားရှင်သည် ဘိက္ခုအပေါင်းတို့ကို နောက်ဆုံးအနေဖြင့် တရားပေးဥပဒေသပြုခဲ့သည်။ သုဘဒ္ဒရ ခေါ် ပရိဗ္ဗာဇက (ရသေ့ကြီး)အား ဤနေရာတွင် ဘုရားရှင်မှာ နောက်ဆုံးတပည့်အဖြစ် ဥပဇ္ဈာယ်ပေးခဲ့ပါသည်။ ဤနေရာမှာပင် ရှင်တော်မြတ်ဗုဒ္ဓသည် မဟာပရိနိဗ္ဗာန်ဝင်ခဲ့ရပါကြောင်း စသည့်အကြောင်းအရာများကို ရှင်ဥပဂုတ္တမှာ မင်းကြီးအား ပြောပြခဲ့လေသည်။ ဘုရားရှင်ပရိနိဗ္ဗာန် ဝင်ခဲ့ရသည့် အကြောင်းအရာများကိုကြားရ၍ မင်းကြီး၏ နှလုံးသားတို့သည် ပူပန်မှုတို့ဖြင့် ဆို့လာခဲ့လေသည်။ ခဏတဖြုတ်မင်းကြီးမှာ သတိလည်လာကာ မြေပေါ်ထိုင်ချလိုက်ခဲ့သည်။ အသောကမင်း၏ ထိုအခြေအနေကို မြင်တွေ့လာသော ရှင်ဥပဂုတ္တမှာ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်တော့မည်ကို မြင်တွေ့ခဲ့ပြီး စိုးရိမ်ပူပန်ငိုကြွေးလာခဲ့သည့် ရှင်အာနန္ဒာအား အနိစ္စနှင့် ဖြစ်ပျက်ခြင်း၏ သဘောတရားဖြင့် ဆုံးမနှစ်သိမ့်ခဲ့သည့် အလား တရားသဘောများကို ဟောကြားပြီး မင်းကြီးအား နှစ်သိမ့်စေခဲ့သည်။ အာစရိယဆရာတော်၏ ဆုံးမသြဝါဒကိုကြားရ၍ မင်းကြီးမှာ သူ့ကိုယ်ကိုသူ ထိန်းသိမ်းကာ ထိုင်ရာမှထ၍ လက်အုပ်မိုးကာ ထိုနေရာကို သုံးပတ်ပတ်ပြီး ရှိခိုးဦးကိုပြုခဲ့ပါသည်။ ကုသိနာရုံတွင် စေတီကျောင်းတည်ဆောက်နိုင်ရန် ရွှေအသပြာတစ်သိန်းလှူဒါန်း၍ ရေစက်ချခဲ့ပါသည်။

နောက်ပိုင်းကာလများတွင် အသောကမင်းတရားကြီးသည် မြတ်စွာဗုဒ္ဓ၏ (၈၄၀၀၀)သော ဓမ္မဂါထာကို အခြေခံ၍ မိမိတိုင်းနိုင်ငံတစ်လျှောက် (၈၄၀၀၀)သော



စေတီ၊ ပုထိုး၊ ကျောင်းသင်္ခမ်း၊ ကန်ဝိဟာရဘို့ကို တည်ဆောက်သွားရန် ဆုံးဖြတ်ခဲ့သည်။ ဘုရားရှင်၏ ဓါတ်တော်များဖြင့် ဌါပနာဌားသည့် စေတီပုထိုးများမှ ဓါတ်တော်များကို ပြန်စုဆောင်းကာ ဓမ္မာသောကမင်းကြီးမှ သူ့တိုင်းနိုင်ငံကုသိုလ်ဖြစ် ထို (၈၄၀၀၀)သော တည်ဆောက်မှုများကို အောင်မြင်စွာ အကောင်အထည် ဖော်သွားခဲ့ပါသည်။ ကုသိနာရုံမှာလည်း ကြီးကျယ်ခမ်းနားလှသည့် စေတီတစ်ဆူကိုလည်း တည်ဆောက်ပေးခဲ့ပါသည်။

ဒီပဝံသ ဗုဒ္ဓကျမ်းအရ အသောကမင်းတရားကြီးတည်ဆောက်ခဲ့သည့် ကုသိုလ်ဖြစ် တည်ဆောက်မှု (၈၄၀၀၀)တို့၏ ဖွင့်ပွဲအခမ်းအနားကို တန်ဆောင်မုန်းလကွယ်ညတွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်းဖြင့် နေပြည်တော် ပါဋလိပုတ္တရမြို့၌ ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ မီးထွန်းပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပသွားသည့် ထုံးတမ်းစဉ်လာ ပေါ်လာခဲ့ရပါသည်ဟု ဆိုထားပါသည်။ ယင်းပွဲတော်ကို ဒီပါဝလိဟု ခေါ်တွင်ခဲ့သည်။

## သုင်္ဂခေတ်

မောရိယမင်းဆက်၏ နောက်ဆုံးဘုရင် ဘရိဟဒ္ဒထကို ဗြဟ္မဏအမျိုးဝင် သူ့သေနာပတိ ပုဿမိတ္တသုင်္ဂက ဥပါယ်တစ်မျိုးဖြင့် ကွပ်မျက်သတ်ဖြတ်ခဲ့ပါသည်။ ဤသို့ဖြင့် ကုသိနာရုံမှာ ဗုဒ္ဓဘာသာကို ဆန့်ကျင်သမှုပြုသောသူများ လက်ထက်ကျရောက်ခဲ့ရပါသည်။ ပုဿမိတ္တမှာ အလွန်ရက်စက် ကြမ်းကြုတ်သည့်သူဖြစ်၍ ကုသိနာရုံရှိ ဗုဒ္ဓဘာသာဘိက္ခုသံဃာ အတော်များများတို့ကို သတ်ဖြတ်ခဲ့သည်။ ထိုအခါက လက်ရှိသာကလခေါ် ဘယာလ်ကွတ်တွင် ဗုဒ္ဓဘာသာကို အလွန်တရာမြတ်နိုးခဲ့သည့် မိလိန္ဒမင်းက မင်းပြုခဲ့သည်။ သို့သော် ကုသိနာရုံနှင့် သယာလ်ကွတ်က အလှမ်းဝေးကွာနေသဖြင့် မိလိန္ဒမင်းကြီးက ကုသိနာရုံရှိ ဗုဒ္ဓဘာသာတို့အား မည်သို့မျှ စောင့်ရှောက်မှု မပေးနိုင်ခဲ့ပါ။

## ခတ္တပခေတ်

သုင်္ဂအနွယ်ဝင် မင်းဆက်တို့အပြီးမှာ အိန္ဒိယနိုင်ငံ မြောက်ပိုင်းနယ်များတွင် ကဏဝါအနွယ်ဝင် မင်းဆက်တို့က အုပ်စိုးလာခဲ့ရပါသည်။ ထိုကဏဝါမင်းဆက်များလက်ထဲ ကုသိနာရုံတွင် ဖြစ်ပျက်မှုတစုံတရာ ရေးသားဖော်ပြစရာ အထူးမရှိပါ။ ကဏဝါမင်းဆက်ပြီးမှ ခတ္တပမင်းဆက်တို့က ကုသိနာရုံကို အစိုးရခဲ့ပါသည်။ ခတ္တပတို့မှာ ဗုဒ္ဓဘာသာကိုးကွယ်သည့် အမျိုးအနွယ်ဖြစ်သည့် အားလျော်စွာ ၄င်းတို့ခေတ်ကာလက စေတီပုထိုးတည်ဆောက်သွားခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရ

www.burmeseclassic.com

www.burmeseclassic.com



သိရှိရပါသည်။ ရှေးဟောင်းသုတေသန နဋ္ဌါနမှာ တူးဖော်ရှာဖွေရာတွင် ဒါမသေန ခတ္တပမင်း ခရစ်သက္ကရာဇ် (၂၂၃-၂၃၆)က ငွေဒင်္ဂါးများအချို့တို့ကို တွေ့ရှိရှိခဲ့ပါသည်။

## ကန္နိသကခေတ်

သကလူမျိုးမင်းဆက်အပြီးမှာ ကုသိနာရုံကို ကန္နိသကမင်းက အုပ်ချုပ်ခဲ့ပါသည်။ ကန္နသကမင်းမှာ ကုသာဏ အမျိုးအနွယ်ဖြစ်ခဲ့ပါသည်။ ကန္နိသကမင်းသည် ကုသိနာရုံတွင် ဗုဒ္ဓဝိဟာရကျောင်းအချို့တို့ကို တည်ဆောက်ပေးခဲ့သည်။ ရှေးဟောင်းသုတေသန လုပ်ငန်းဌါနမှ တူးဖော်ရာတွင် ခရစ်သက္ကရာဇ် (၇၈-၁၀၀) နှစ်များအတွင်း ကုသာဏမင်းဆက်များ တည်ဆောက်သွားခဲ့သည့် ဗုဒ္ဓဝိဟာရကျောင်းများ အကြွင်းအကျန်နှင့် ၎င်းတို့လက်ထက်က ကျောက်စာတခုကို ရရှိခဲ့ရာ ယင်းကျောက်စာသည် ကန္နိသကမင်း အရင်ကျခဲ့သည့် ကုသာဏမင်းဆက် ကာဒဖိသက ရေးထိုးခဲ့သည့် ကျောက်စာဖြစ်နေပါသည်။ တူးဖော်ရာတွင် ကြေးနီပြား အသပြာလေးပြားတို့ကိုလည်း တွေ့ရှိခဲ့ပါသည်။

မဟာရာဇာ ကန္နိသကမင်းမြတ်ကလည်း အသောကမင်းတရားကြီးပမာ ဗုဒ္ဓဘာသာ တိုးတက်ပွံ့ဖြိုးမှုအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။ ထိုမင်းလက်ထက်ကာလတွင် မဟာယာန ဗုဒ္ဓဘာသာဝင်တို့ ပထမဆုံး သံဃာယနာတင် သံဂီတိကို ပြုလုပ်ခဲ့ပါသည်။ ထိုသံဃာယနာ၏ လုပ်ငန်းအစီအစဉ်များကို ကြေးနီပြားပေါ် သက္ကတဘာသာဖြင့် ကမ္ပည်းတင်ကာ စေတီကျောင်း တစ်ကျောင်းတွင် စာအုပ်ပမာပြုစုကာ သိမ်းဆည်းထားခဲ့ကြပါသည်။ ကန္နိသကမင်း နတ်ရွာစံပြီးနောက် ထိုမင်းဆက်တွင် ဝါသိက၊ ဟုဗိသကနှင့် ဝါသုဒေဝမည်သော မင်းဆက်သုံးပါး ဖြစ်ခဲ့ပါသည်။ ၎င်းမင်းသုံးပါးလုံးတို့က ဗုဒ္ဓဘာသာဝင်မင်းများ ဖြစ်ခဲ့ကြပါသည်။ ထိုမင်းတို့ကလည်း ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်များ အချို့တို့ကို ဆောင်ရွက်ကောင်း ဆောင်ရွက်သွားမှာ ဖြစ်သော်လည်း အမှတ်တရာအနေဖြင့် ဖော်ပြနိုင်ရန် အကြွင်းအကျန် အစုံတခု မတွေ့ခဲ့ရပါ။

အသောကမင်းတရားကြီး လက်ထဲကာလတွင် ကုသိနာရုံ သည် တိုးတက်ပွံ့ဖြိုး စည်ပင်သာယာ လာခဲ့ရပါသည်။ ထိုအကြောင်း အရာများကို ခရစ်သက္ကရာဇ် ငါးရာစုနှစ်များအတွင်း ဘာရတ (အိန္ဒိယ)နိုင်ငံသို့ ခရီးဆက်လာခဲ့သည့် တရုတ်ခရီးသည် ဖာဟီယန်၏ ပြုစုခဲ့သည် သမိုင်းမှတ်တမ်းအရ သိရှိနိုင်ပါသည်။ တရုတ်ခရီးသည် ဖာဟီယန်သည် ကပိလဝတ္ထုနှင့် လုမ္ဗနီသို့ ခရီးသွားခဲ့ပြီးနောက် ကုသိနာရုံသို့ ခရီးဆက်ခဲ့ပါသည်။ သူ၏ခရီးသွားမှတ်တမ်းအရ ကုသိနာရုံနေရပ်မှာ "မာလာ"အမည်ရှိသော ရွာကလေးတရွာ ရှိခဲ့ပါသည်။ မာလာမည်သော ရွာသည်




အသောကမင်းတရားကြီး

ဘုရားရှင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံခဲ့သည့် နေရပ်ဖြစ်သည်။ ဖာဟီယန်သည် ထိုနေရပ်သို့ ရောက်လာသည့် အချိန်ကာလ တွင် ထိုနေရပ် သည် လူသူကင်းမဲ့ ခေါင်းပါးနေသော ရွာနေရာတခု ဖြစ်နေပါသည်။ သို့သော် သာလဝန် ဝိဟာရကျောင်း၌ ဗုဒ္ဓဘိက္ခု (သံဃာ)အချို့တို့ နေထိုင်လျက် ရှိနေကြောင်းကို ခရီးသွားမှတ်တမ်း၌ ရေးသား ဖော်ပြပေးထား ကြောင်း တွေ့ရှိရ နိုင်ပါသည်။ ထိုအချိန်ကာလက မဟာပရိနိဗ္ဗာန် ရုပ်ထုစေတီအပြင် အခြားစေတီကျောင်း (၄)ကျောင်းတို့ကလည်း တည်ရှိခဲ့ကြပါကြောင်း ရေးသားဖော်ပြ ပေးထားသည်။ ယင်းစေတီ (၄)ဆူတို့မှာ -

(၁) ဘုရားရှင် ဗုဒ္ဓထံမှာ နောက်ဆုံး ပရဝဇ္ဇယာခံယူပြီး အသက် (၁၂၀) ရှိခဲ့သော ရှင်သုဘဒ္ဒရ အရဟတ္တဖိုလ်တည်ခဲ့ပြီး ပရိနိဗ္ဗာန်ပြုခဲ့သည့် နေရာတွင် စေတီတဆူတည်ရှိခဲ့သည်။

(၂) ဝဇ္ဇပါဏီမလ္လ၏ ပတ္တမြားတင်းပုတ်ကျခဲ့သည့်နေရာ။

(၃) မလ္လတို့သည် ဘုရားရှင်ဗုဒ္ဓ၏ ခန္ဓာကိုယ်ကို (၇)ရက်တိတိထားခဲ့ပြီး ပူဇော်ကြည်ညိုခဲ့သည့် မကုဋ်ဗန္ဓနာကျောင်းနေရာ။

(၄) ဘုရားရှင်၏ ဓါတ်တော်များကို အစု (၈)စု ခွဲဝေခဲ့သည့်နေရာ။

တို့အသီးသီးသော (၄)နေရာတို့တွင် အမှတ်တရ တည်ပေးထားသည့် စေတီများကို တရုတ်ခရီးသည် ဖာဟီယန် ဖူးမြော်ခဲ့ရပါကြောင်း သူ့ခရီးသွားမှတ်တမ်းထဲမှာ ရေးသားဖော်ပြထားပါသည်။

ဖာဟီယန်ပြီးမှ (၂)ရာစု ကြာညောင်းခဲ့ပြီးဖြစ်သည့် (၇)ရာစုနှစ်များအတွင်း တရုတ်ခရီးသည် ဟူအင်ရှန်သည် အိန္ဒိယပြည်သို့ရောက်ရှိခဲ့သည်။ ဟူအင်ရှန်မှာ ကောသာမ္ဗီ၊ ကပိလဝတ္ထု၊ လုမ္ဗနီ (တော)နှင့် ရာမဂါမသို့ ခရီးလှည့်လည်ကာ ကုသိနာရုံသို့ ခရီးဆက်ခဲ့၍ ရောက်ရှိခဲ့သည်။ သူ့အရင် တရုတ်ခရီးသည် ဖာဟီယန်က ကုသိနာရုံကို မြင်တွေ့ခဲ့သည့်အတိုင်းပင် သူလည်းမြင်တွေ့ခဲ့ရပါသည်။ ဟူအင်ရှန်

www.burmeseclassic.com

www.burmeseclassic.com





အသောကမင်းတရားကြီးသည် ဇမ္ဗူဒီပတခွင်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုးများကို
တည်ဆောက် ပြန်လည်ပြုပြင်မွမ်းမံပေးခဲ့သော မင်းတပါးအဖြစ် ကျော်ကြားခဲ့သည်

ရောက်ရှိခဲ့သည့် အချိန်ကာလတွင် မောရိယတို့ တည်ဆောက်သွားခဲ့သည့် အင်္ဂါရစေတီနေရပ်မှ သာလာဝန်တည်ရှိရာ နေရပ်များမှာ တောထူထပ်ပြီး သွားလာရာ လမ်းခရီးမှာ အလွန်ခက်ထန်နေသည်။ ထိုခက်ထန်နေသည့် တောလမ်းအကြား သူခိုး၊ ဓါးပြတို့၏ရန်ကိုလည်း ကြောက်ရပါသည်။ လူသားစားသော တိရိစ္ဆာန်တို့၏ ရန်ကလည်း ထူပြားနေခဲ့သည်။

ထိုသို့သော အကြောင်းများကြောင့် ထိုအရပ်ဒေသမှာ လူနေရွာများ ခေါင်းပါးနေခဲ့ကြသည်။ ကုသိနာရုံ၏ ဝန်းကျင်မှာ အချို့အချို့ရွာများမှာ လုံးဝပျက်သုဉ်းခဲ့ပြီး အခြေအနေဆိုးသို့ ကျရောက်လျက်ရှိခဲ့သည်။ ကုသိနာရုံ၏ လူဦးရေမှာလည်း ကျဆင်းနေခဲ့သည်။ မြို့အလယ်သည်ပင်လျှင် အလွန်ပင်ခေါင်းပါးနေခဲ့သည်။ မြို့ရိုးမြို့ဟောင်းမှာလည်း ပြိုပျက်နေသည်။ သို့သော် ဝိဟာရကျောင်းဟောင်းများတွင် အချို့ဘိက္ခုများ သီတင်းသုံးနေထိုင်လျက်ရှိကြောင်း တွေ့ခဲ့ရပါသည်။ ဟူအင်ရှန်၏ မှတ်တမ်း၌ ထိုဘိက္ခုများ၏ အရေအတွက်ကို ဖော်ပြထားခြင်းမရှိပါ။ ဟူအင်ရှန်၏ ခရီးသွားမှတ်တမ်းတွင် ထိုအချိန်ကာလ တည်ရှိဆဲဖြစ်သော ဘုရားကျောင်းများနှင့် စေတီပုထိုး၊ အဆောက်အအုံများ အကြောင်းကိုအသေအချာ ဖော်ပြပေးထားကြောင်း တွေ့ရှိရနိုင်ပါသည်။ ယင်းတည်ဆောက်မှုများအနက် ရှင်ဗုဒ္ဓ၏ မဟာပရိနိဗ္ဗာန်မုဖြပြင့် ထုထားသည့် ရုပ်ထုကြီးတည်ထားခဲ့ရာ ဝိဟာရတိုက်ကျောင်းမှာ အရေးပါဆုံး ဖြစ်ခဲ့သည်။ ယင်းတိုက်ကျောင်းအနီးတွင် အသောကမင်းကြီး တည်ထောင်ခဲ့သည့်



စေတီကို တွေ့ရှိခဲ့ရပါသည်။ ထိုစေတီ၏ ဉာဏ်တော်မှာ ပြိုပျက်နေသော်လည်း အောက်ခြေမှ ပေ(၂၀၀)ခန့် အမြင့်ရှိသည့် အစိတ်အပိုင်း ကျန်ရှိလျက်ရှိခဲ့ပါသည်။ ထိုစေတီ၏ရှေ့တွင် မောရိယခေတ်က စိုက်ထူထားသည့် ကျောက်တိုင်ကို မြင်တွေ့ခဲ့ရသည်။ ထိုကျောက်တိုင်ပေါ် ကျောက်စာများဖြင့် ကမ္ပည်းထိုးရေးသားထားသည်။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုခဲ့ပုံကို ကျောက်စာဖြင့် ဖော်ပေးထားခြင်းဖြစ်သည်။ ထို့အပြင် သာလဝန် (သာလတော)၌ အဖြစ်အပျက်အချို့တို့ကို အမှတ်တရဖြစ်အောင် စေတီပုထိုးကိုလည်း တွေ့ရှိခဲ့ရသည်။ ယင်းစေတီပုထိုးများအနက် (၂)ခုမှာ ရှင်ဗုဒ္ဓ၏ ဘဝဟောင်းတို့နှင့် စပ်ဆိုင်သည့် ဖြစ်ပျက်မှုတို့ကို ဖော်ပြထားသည်။ ရှင်သုဘဒ္ဒရ ပရိနိဗ္ဗာန်ပြုခဲ့သည့် အမှတ်တရဖြင့် တည်ခဲ့သည်။ စေတီတဆူနှင့် ဝဇ္ဇရပါဏိမလ္လ ပစ်ချခဲ့သည် ပတ္တမြားတင်းပုတ်နေရာတွင် အမှတ်တရဖြစ် စေတီတဆူတို့ကို တွေ့မြင်ခဲ့ရပါသည်။ ထို့အပြင် နတ်ဒေဝတာ ဘုရားရှင်၏ ခန္ဓာကိုယ်ကို ပူဇော်ခဲ့သည့် နေရာနှင့် မဟာမာယာ ငိုကြွေးမြည်တမ်းခဲ့သည့် နေရာတို့ကို အမှတ်တရဖြစ်အောင် တည်ဆောက်ခဲ့ကြသည့် စေတီပုထိုးတို့ကိုလည်း တွေ့ရှိခဲ့ရပါသည်။

မြို့၏မြောက်အရပ်၌ မြစ်တဖက်ကမ်းပါးနှင့် ခြေလှမ်းအလှမ်း (၃၀၀)ကျော် ရှိနေရာတခု၌ စေတီ(ထူပါ)တဆူကို တွေ့ရှိခဲ့ရပါသည်။ ထိုနေရာမှာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် သူ၏ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ခဲ့သည့် နေရာဖြစ်သည်။ ထိုထူပါ အနီးအနားတွင် အခြားစေတီငယ်များလည်း တည်ရှိလျက်ရှိခဲ့ကြသည်။ အရှင်ကဿပက နောက်ဆုံးအနေဖြင့် ဘုရားရှင်၏ ခြေအစုံကို မိမိဦးခေါင်းဖြင့်ထိကာ ရှိခိုးပူဇော်ခဲ့သည့် နေရာတွင်လည်း စေတီတူတည်ဆောက် ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ဘုရားရှင်၏ ဓါတ်တော်များကို ခွဲဝေယူသည့်နေရာတွင်လည်း စေတီတစ်ဆူ တည်ထားကြောင်း တွေ့ရှိရသည်။ ယင်းစေတီမှာ အသောက မင်းတရားကြီး တည်ခဲ့သည့် စေတီဖြစ်သည်။ ဟူအင်ရှန် ရေးသားဖော်ပြထားသည်မှာ ဘုရားရှင်အား မီးသင်္ဂြိုလ်ခဲ့သည့်နေရာတွင် မီးသွေးခဲများနှင့် ထင်းမီးပြာများ ယခုထက်တိုင်ရှိနေပါသေးသည်။ ထိုနေရာ၌ သဒ္ဓါကြည်ညိုမှု အပြည့်ဖြင့် ဘုရားရှင်အား ကြည်ညိုပူဇော်ကြသူများ ထိုမီးသွေးခဲနှင့် မီးပြာတို့ကို ဖူးမြော်ရသည်ဟု ဆိုထားသည်။

National Book Trust of India က ပုံနှိပ်ထုတ်ဝေခဲ့သည့် "ဟူအင်ရှန်၏ ဘာရတ ခရီးစဉ်"စာအုပ်၌ သူ၏ကုသိနာရုံခရီးစဉ်ကို အောက်ပါအတိုင်း ရေးသားဖော်ပြ ပေးထားသည်။ "ဟူအင်ရှန် ကုသိနာရုံရောက်ခဲ့သည့် အချိန်တွင် ကုသိနာရုံမြို့တော်နှင့် ပတ်ဝန်းကျင်ရှိရွာများ ပျက်သုဉ်းခဲ့ပြီးအချိန်ဖြစ်နေသည်။ မြို့တော်တည်ရှိခဲ့ရာ မြေနေရာ၏ အနောက်မြောက်အရပ်၌ သာလ (အင်ကြင်း)ပင်များ အစုလိုက်အပြုံလိုက် ပေါက်နေကြောင်းကို မြင်တွေ့ခဲ့ရသည်။ ထိုအပင်များ၏ အရွက်များမှာ စိမ်းပြာရောင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပလျက်ရှိကြောင်းကို မြင်တွေ့ခဲ့ရသည်။ ထိုအပင်များ ပေါက်နေသည့်နေရာမှာ အရှင်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုခဲ့သည့် အကြောင်းကို အမှတ်တရဖြစ်စေသည်။ ထိုသာလဝန်ရှေ့၌ အလွန်ကြီးမားသည့် ဝိဟာရကျောင်းတခုရှိခဲ့သည်။ ထိုကျောင်းတော်၌ ဘုရားရှင်နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် မုဒြာဖြင့် ထုထားသော ဗုဒ္ဓရုပ်တုကြီးတခုကို တွေ့ရှိခဲ့ရသည်။ အနီးတွင် အသောကမင်းတရားကြီး တည်ထားခဲ့သော အခြားစေတီတဆူလည်း တွေ့ရှိခဲ့ရပါသည်။ အနီးအနားမှာ ကျောက်တိုင်ကြီးတခု စိုက်ထူထားသည်။ ထိုကျောက်ဖျာပေါ် အရှင်ဗုဒ္ဓပရိနိဗ္ဗာန်စံခဲ့ရသည်။ အချိန်ကာလက အကြောင်းအရာများ ကျောက်စာဖြင့် ရေးသားကမ္ပည်းထိုးထားသည်။ ကျောက်စာရေးထိုးခဲ့သည့် နေ့စွဲနှင့်အချိန်တို့ကို ရေးသားဖော်ပြထားခြင်းမရှိပါ။

## ဣတိသင်္ဂ၏ အိန္ဒိယခရီးစဉ်

ခုနစ်ရာ၏ နောက်ပိုင်းနှစ်များ (ခရစ်သက္ကရာဇ် ၆၇၃)တွင် ဣတိသင်္ဂအမည်ရှိ အခြား တရုတ်ခရီးသည် တယောက် အိန္ဒိယပြည်သို့ ရောက်ရှိခဲ့သည်။ သူသည် နာလန္ဒာ၊ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာသို့ ခရီးလှည့်လည်ပြီး ဝေသာလီမှတဆင့် ကုသိနာရုံသို့ ဘုရားဖူးမြော်ရန် ရောက်လာခဲ့သည်။ ထိုခေတ် ထိုအချိန်ကာလတွင် ကုသိနာရုံ၏ အခြေအနေမှာ အရင်ကထက် တိုးတက်မှု အနည်းငယ်ရှိခဲ့ပါသည်။ ကုသိနာရုံ၏ အခြေအနေ တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်ပေးခဲ့သည်မှာ ဘုရင်ဟစ်ရှဝါဒနာဖြစ်နိုင်သည်။ ဟစ်ရှဝါဒနာမှာ ဗုဒ္ဓဘာသာကိုးကွယ်သည့် မင်းတပါးဖြစ်ခဲ့သည်။ ဗုဒ္ဓဘာသာကို သဒ္ဓါကြည်ညိုသည်၊ ဟသ်ရှဝါဒနာသည် ဗုဒ္ဓဓမ္မဆိုင်ရာ ကိစ္စဝိစ္စတို့ကို စောင့်ရှောက်မှုပေးခြင်း၊ ဓမ္မတရားတို့၏ တိုးတက်ပြန့်ပွားမှုအတွက် အလှူအတန်းပြုခြင်းတို့ကို အထူးစိတ်ဝင်စားခဲ့သည့် မင်းတပါးဖြစ်ခဲ့သည်။



တရုတ်ဘုန်းတော် ဣတိသင်္ဂမှာ ဟိမဝန္တာတောင်ထိပ် တောင်တန်းလျှိုမြောင်းများကို ကျော်ဖြတ်ကာ အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့သည်



ထိုအချိန်ကာလက ကုသိနာရုံမှာ မုကုဋ်ဗန္ဓနစေတီနှင့် သာလဝန်ရှိ စေတီတို့မှာ ဘာသာဝင်တို့အတွက် အထူးဖူးမြော်ရန် နေရာဌာန ဖြစ်နေခဲ့ပါသည်။ ထိုအချိန်က ယင်းဝိဟာရကျောင်းများတွင် ဘိက္ခုအပါး ၁၀၀ ကျော်တို့က သီတင်းသုံးနေထိုင်လျက်ရှိခဲ့ကြသည်။ အာဂန္တု ဘိက္ခုများ ဆွမ်းကွမ်း ကိစ္စများအတွက် အထူးပူပမ်စရာမလိုတော့သည့် အခြေအနေရှိ ခဲ့ပါသည်။ တရုတ်ဘုန်းကြီး ဣတိသင်္ဂမှာ ထိုအချိန်က ကုသိနာရုံရှိ ဘုတော်ကြီးများ ဆင်ထားသည့် အချိန်ပြနာရီ အကြောင်းကိုလည်း မိမိ၏ ခရီးသွား မှတ်တမ်းမှာ ရေးသားဖော်ပြေးထားသည်။ ဣတိသင်္ဂနှင့်အတူ သိယာနပရဒိပ (သာကျိုင်တိန်)ခေါ် အခြားတရုတ် ဘုန်းတော်ကြီးတပါးလည်း ပါလာခဲ့ပါသည်။ ကုသိနာရုံအရောက်မှာ ယင်းတရုတ် ဘုန်းတော်ကြီးသည် နာမကျန်းဖြစ်လာကာ ကုသိနာရုံ ဝိဟာရကျောင်း၌ပင် ပျံလွန်တော်မူခဲ့ပါသည်။ မဟာယန ပရဒိပမှာ ဟူအင်ရှန်၏ တပည့်အရင်း ဖြစ်ခဲ့ပါသည်။ ဘိက္ခု ဣတိသင်္ဂမှာ တာမရလိပ္တိတွင် (၃)နှစ်ကျော်နေထိုင်ခဲ့ပြီး၊ နာလန္ဒာမှာ (၁၀)နှစ် နေထိုင်ကာ ပညာသင်ကြားသွားခဲ့ပါသည်။ နောက်ဆုံး တရုတ်ပြည် ပြန်တော့မည့် အချိန်ကာလတွင် သူသည် ကုသိနာရုံသို့ ရောက်လာ၍ ဘုရားဖူးသွားခဲ့သည်။ မိမိ ရေးသားထားသည့် ခရီးသွား မှတ်တမ်းတွင် ကုသိနာရုံ အကြောင်း နှင့် စပ်လျဉ်း၍ ဤသို့ရေးသားခဲ့သည်။

ဖျိုင်းဖြူငှက်များ အတောင်ပမာ ဖြူဖွေးနေပြီး သာလပင်ထူထပ်သည့် မွန်မြတ်သော ထိုသာလာဝန်တွင် ရှဉ့်ကောင်များ ပျော်မွေ့စွာ ဟိုပြေးဒီလွှားလုပ်နေကြသည် ဤသမာဓိဘုမိ (မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခဲ့သည့်မြေနေရာ) တွင် အရပ် လေးမျက်နှာ တိုင်းပြည် အဝှမ်း ဝှမ်းမှ ဘုရားဖူးခရီးသည်များနှင့် ဘိက္ခုများ လာရောက်ကြပြီး အချင်းချင်း သဒ္ဓါကြည်ညိုမှုအပြည့်ဖြင့် ရောနှောတွေ့ဆုံကြသည်။ ကုသိနာရုံရှိ မကုဋ်ဗုဒ္ဓနာကျောင်းတော်သို့ တခါရောက်ခဲ့ပါသည်။ ဤနေရာသည် အရှင်မြတ်ဗုဒ္ဓ မဟာပရိနိဗ္ဗာန်ဝင်ခဲ့ရသည့် နေရာဌာနဖြစ်သည်။ ဤကျောင်းတော်၌ ဘိက္ခုအပါး (၁၀၀)တို့မှာ နေ့စဉ်ဆွမ်း၊ ကွမ်းဘုဉ်းပေးသည်။ မိန်ရာသီနှင့် ဆောင်းရာသီ အချိန်ကာလများတွင် ဤဘုရားကျောင်းကို ဖူးမြော်ရန်လာတတ်သည့် ခရီးသည်များ၏ ဦးရေမှာ အံ့သြဘွယ် ကောင်းအောင် များပြားလာသည်။

နေ့တနေ့တွင် ဘိက္ခုအပါး (၅၀၀)တို့သည် ကျောင်းတော်သို့ ရောက်ရှိလာခဲ့ကြရာ ထိုမျှများပြားသော ဘိက္ခုဆရာများအား အချိန်မီဆွမ်းကပ်နိုင်ရန် မည်သို့မျှ မပြုလုပ်နိုင်သည့် အခြေအနေမျိုးဖြင့် ကြုံလာခဲ့ရပါသည်။ ထိုအခြေအနေမျိုးကိုမြင်တွေ့၍ ဆွမ်းဘောဇဉ် ချက်ပြုတ်သောသူများမှာ စိတ်ပူပန်လာခဲ့ပြီး မည်သို့မည်ပုံဆောင်ရွက်ရပါမည်နည်းဟူ၍ ကျောင်းထိုင်ဆရာတော်အား မေးမြန်းလာခဲ့ရာ ကျောင်းထိုင်ဆရာတော်မှာ အသက်အရွယ်အားဖြင့် ငယ်သေးသည့် ဘိက္ခုဆရာတပါးဖြစ်နေ၍

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားမှာ ရှိနေသည့် ထိုဆရာတော်၏ မိခင်မှာ ဆွမ်းချက်ပြုတ်သည့်သူတို့အား ဤသို့ဆိုခဲ့ပါသည်။

"မပူပန်ကြနှင့် ဒီလိုအခြေအနေမျိုးကို အတိတ်တုန်းကလည်း ကြုံခဲ့ရဘူးပါသည်။ အာဂန္တုများကို ဆွမ်းကပ်ရန် ပြင်ဆင်ကြလော့ အားလုံးအဆင်ပြေရပါမည်။ ထိုသို့မှာကြားပြီးနောက် မိခင်သူအိုမသည် ကျောက်အနက်ဖြင့် ထုထားသည့် မြတ်စွာဘုရား၏ ရုပ်တုရှေ့၌ ဆီနံ့သာများထွန်းညှိကာ ဤသို့အဓိဋ္ဌာန်ပြုခဲ့ပါသည်။

"အရှင်ဘုရား– ဆရာတော်ဘုရားကြီး ဘုရားထံဆုပန်တာကို တပည့်တော်မ မြင်ဘူးပါ၏ ဆရာတော်မှာ ယခုမရှိတော့ပါ။ ကံတော်ကုန်ရှာခဲ့ပြီး တပည့်တော်မ တို့ကျောင်းမှာ အာဂန္တုသံဃာများ ရောက်လျက်ရှိကြောင်းကို အရှင်မြတ်စွာဘုရား အသိပင်ဖြစ်ပါသည်။ တပည့်တော်မတို့၏ အရေးကိုထောက်ပံ့ ဖြေရှင်းပေးတော်မူပါ ဘုရား"ဟူ၍ လက်အုပ်ချီရှိခိုးကာ တောင်းပန်ခဲ့သည်။ အာဂန္တု ဘိက္ခုအပေါင်းတို့ကို အတူတကွဆွမ်းစားကြရန် ဖိတ်ခေါ်ခဲ့ပြီး ခါတိုင်းကဲ့သို့ အားလုံးသော ဘိက္ခုတို့အား ဆွမ်းဘောဇဉ်ကပ်ခဲ့ရာ ထိုနေ့တွင်အားလုံးသော ဘိက္ခုအပေါင်းတို့က အစောက ချက်ပြုတ်ထားသည့် ဘောဇဉ်နှင့်ပင် တင်းတိမ်အောင် ဆွမ်းဘုဉ်းခဲ့ကြသည်။ အားလုံးဘုဉ်းပေးပြီးနောက် ခါတိုင်းလိုပင် ဆွမ်းဘောဇဉ်များ ကျန်စမြဲကျန်နေကြောင်းကို အံ့သြစွာ မြင်တွေ့ခဲ့ရပါသည်။

ကျောင်းတော်ရှေ့ ထိုကျောက်နက် ရုပ်တုရှေ့တွင် စားဖွယ်ဘောဇဉ်များ ပုံပေးထားသည်ကိုမြင်၍ ငါကအကြောင်း ကိုမေးမြန်းကြည့်သော် ကျောင်းတော်တွင်းရှိ အခြားဘိက္ခုများက ကျွန်တော့အား ထိုအကြောင်းအရာများကို ပြောပြဘူးကြောင်း ဣတိသင် တရုတ်ဘုန်းတော်ကြီးက သူ့ခရီးသွားမှတ်တမ်း၌ ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည် စီကျန်ဂျန်နယ်မြေရှိ ဗုဒ္ဓဘာသာ ကျောင်းတကျောင်းတွင် အထက်၌ဖော်ပြထားခဲ့ပြီးသော ကျောက်အနက်ဖြင့် ထုထားသည့် ရုပ်တုတခု တွေ့ရှိခဲ့ရပါသည်။ ထိုရုပ်တု၏တန်ခိုးကို ငြင်းပယ်မရနိုင်သည့်အချက် တရပ်ဖြစ်နိုင်ပါသည်။

ဣတိသင်ဘုန်းတော်ကြီးသည် ကုသိနာရုံအကြောင်းကို ဆက်လက်ရေးသား ဖော်ပြရာတွင် ထိုအချိန်ကာလက ကုသိနာရုံတွင် ဘိက္ခုအုပ်စု နှစ်စုရှိခဲ့ကြဟန်ရှိသည်။ အုပ်စုတစ်စုမှာ ကုသိနာရုံရှိ အုပ်စုဖြစ်၍ ကျန်တစ်စုမှာ မကုဋ်ဗုဒ္ဓန ကျောင်းရှိအုပ်စု ဖြစ်နိုင်ပါသည်။ မကုဋ်ဗန္ဓန ဝိဟာရကျောင်းမှာ လက်ရှိ ရာမာဘာရ၏ စေတီအနီး ရှိခဲ့ပါသည်။ ယင်းစေတီကျောင်း၏ အကြွင်းအကျန်ကို ၁၉၁၁–၁၂–နှစ်များတွင် တူးဖော်တွေ့ရှိခဲ့ရပါသည်။



ဣတိသင်ဘုန်းတော်ကြီးက ဆက်လက်ရေးသားထားသည်မှာ ကုသိနာရုံရှိ ဘိက္ခုသံဃာများသည် အချိန်နာရီကို ပြနိုင်ရန် ရေပြင်ပေါ်မှာ ပန်းကန်ပြားတခုကို တင်ထားလေ့ရှိကြသည်။ ယင်းပန်းကန်ပြားအောက်၌ အပေါက်သေးသေးတခု ဖောက်ထားပေးသည်။ နေထွက်လာပြီးနောက် ယင်းပန်းကန်ပြားသည် ၁၆–ကြိမ်တိတိ ရေမြုပ်သွားပြီးသည့်အခါ နေ့လည် ၁၂–နာရီထိုးပြီဟု မှတ်ပါသည်။ မဟာဗောဓိ ဝိဟာရကျောင်းတော်၌ အချိန်နာရီပြသ၍ အလားတူ အစီစဉ်ကို ပြုလုပ်ထားခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ ထိုအချက်များကို ထောက်ရှု၍ ကုသိနာရုံတွင် ထိုစဉ်က သီတင်းသုံး နေထိုင်ခဲ့ကြသော ဘိက္ခုသံဃာများမှာ အဆင့်တဆင့်အထိ စည်းကမ်းသေဝပ်မှုဖြင့် နေထိုင်ကြောင်း ထင်ရှားသိရှိရနိုင်ပါသည်။

နေ့လည် ဆွမ်းကပ်ချိန် ဦးစွာပထမ အာဂန္တုဘိက္ခုများအား ဇင်းတုံးတစ်တုံးစီ ပေးကျွေးရသည့် အလေ့အထားရှိခဲ့သည်။ ဖွန်းတစ်ဝက်ခန့်ဆားများကို ဖက်တခုစီပေါ် ပုံ၍ ဆွမ်းဘုဉ်းတော့မည့် သူများရှေ့၌ ချပေးကြသည်။ ဖွန်းနှင့်ဆားထည့်ပြီးနောက် ထမင်းပုံပေးတော့မည့် ဘိက္ခုမှ ကျောင်းထိုင် မထေရ်ကြီးအား ရှိခိုးကန်တော့၍ ဆွမ်းကပ်ရန် ခွင့်ပန်ရပါသည်။ မထေရ်ကြီးမှာ 'သမ္မရဂတံ' ဟူ၍ ရွတ်ဆိုပြီး ဘုန်းတော်ကြီး အကြီးအကဲမှာ အားလုံးအတူ ညီတူမျှတူ ထမင်းဆွမ်းများ ထည့်လောင်းသွားရန် ခွင့်ပြုပေးသည့်နောက် ထမင်းဟင်းများကို လောင်းပေးကာ ဆွမ်းကပ်သည့် အလေ့ရှိကြောင်းကို တရုတ်ဘုန်းကြီးက သူ့ခရီးသွားမှတ်တမ်းတွင် ဆက်လက်ရေးသား ဖော်ပြထားပါသည်။ တန်းစီထိုင်၍ ဆွမ်းဘုဉ်းပေးနေကြသော ဘိက္ခုတို့ ဆွမ်းဘောဇဉ်ကို ညာဘက်လက်ဖြင့် လက်တဆုတ်ခန့် ကိုင်သွားပြီး နောက်ထပ်ထည့်ပေးရဦးမည်လောဟု မေးမြန်းသွားရသည်။ အကယ်၍ ဆွမ်းဘောဇဉ်မှာ ဒါယိကာတဦးတယောက်က လှူဒါန်းသည့်ဆွမ်းဖြစ်က နောက်ဆုံးတွင် ဘိက္ခုသံဃာ အပေါင်းတို့သည် ထိုကုသိုလ်ပြုသည့် ကုသိုလ်ကောင်းမှုကို ကျေးဇူးတင်အနုမောဒန ပြုပေးရပါသည် ဟူ၍လည်းမှတ်တမ်း၌ နိဂုံးချုပ်ရေးသားဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

တရုတ်ဘုန်းတော်ကြီးက ထိုစဉ်က အိန္ဒိယနိုင်ငံ နယ်အသီးသီးတွင် ရှိခဲ့ကြသော ဗုဒ္ဓဘာသာတို့၏ ဘုရားရှိခိုးပုံ ဆွမ်းကပ်ပုံ စသည်ဓလေ့ထုံးစံကို ရေးသားဖော်ပြထားသည်။ ကုသိနာရုံတွင် ကျင့်သုံးမှုများကို ထောက်ရှုခြင်းဖြင့် ထိုအချိန်တိုက ကုသိနာရုံတွင် တရားကျင့်ကြံအားထုတ်ခဲ့ကြသည့် ဗုဒ္ဓဘိက္ခုများက "သဗ္ဗတ္ထိဝါဒီ" ဗုဒ္ဓဘာ သာဘုန်းကြီးဘိက္ခုများ ဖြစ်နေကြောင်းဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလယ်အလတ်ခေတ်၏ ကုသိနာရုံ

ဗုဒ္ဓဘာသာဝင်ဖြစ်သူ "ဟစ်ရှုဝါဒန" အရှင်မင်းမြတ်က နတ်ရွာစံခဲ့ပြီးနောက် ခုနစ်ရာစု နောက်ပိုင်းနှစ်များကစ၍ ၁၀ရာစုနှစ်များအထိ ကုသိနာရုံတွင် ဗုဒ္ဓဘာသာအလွှန် မှေးမှိန်သွားခဲ့ရသည့် အခြေအနေနှင့် ကြုံခဲ့ရပါသည်။ ယသောဘာမင် မင်းအုပ်စိုးလာသည့် ခေတ်ကာလတွင် တရုတ်ပြည်မှ "တိုက်ရှန်" အမည်ရှိသော ဘိက္ခုတပါး အိန္ဒိယပြည်သို့ ရောက်ရှိလာခဲ့ဖူးပါသည်။ ဘိက္ခုတိုက်ရှန် ပြုစုခဲ့သည့်မှတ်တမ်းအရ ခုနစ်နှင့် ရှစ်ရာစုနှစ်များတွင် ကုသိနာရုံ၏ အခြေအနေမှာ မကောင်းခဲ့ပါ ကိုးရာစုနှစ်များတွင် ကာညကုဗ္ဗဇခေါ်လက်ရှိ ကနော်ဇ္ဇတိုင်း၏ ထီးနန်းကို ဗုဒ္ဓဘာသာဝင် မင်းမြတ်ဖြစ်ကြသော ဂဇရယုဒ္ဓနှင့် အိန္ဒြရယုဒ္ဓတို့က စိုးမိုးလာခဲ့ရသည့် ၁၁ရာစုနှစ် နောက်ပိုင်းနှစ်များနှင့် ၁၂ရာစု နှစ်၏အစောပိုင်း နှစ်များကာလတွင် ကုသိနာရုံ၏ အခြေအနေမှာ ဦးမော့လာခဲ့ရပါသည်။ ကုသိနာရုံ၏ တိုးတက်ရေး တိုးတက်ကြောင်းကို ဟဲဟယမင်းဆက်မှ မင်းများတို့ကလည်း ဆောင်ရွက်ပေးခဲ့ကြပါသည်။ လက်ရှိ မာထာဘာသာခေါ် "မာထာကွန်ဝါ" ကျောင်း၏မြေနေရာတွင် သုတေသနပြု ဆရာများက ၁၂နှစ်ရာစုနှစ်များ အစပိုင်းတွင် တူးဖော်ခဲ့ကြရာမှာ ဟဲဟယမင်းဆက်မှ မင်းများတို့ တည်ခဲ့ကြသည့် စေတီပုထိုးများ၏ အကြွင်းအကျန် ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ထိုခေတ်ကာလတွင် ကုသိနာရုံမှာ မဟာယာန ဘုန်းတော်ကြီးများမှာ သာသနာကိစ္စ အဝဝတို့ကို ချုပ်ကိုင်ထားခဲ့ပါသည်။

## ပျက်သုဉ်းမှု

အရှင်မြတ်ဗုဒ္ဓ ဘုရားရှင်သည် အနိစ္စသဘောတရားတို့ကို မကြာခဏ ဟောကြားခဲ့ဖူးပါသည်။ နိစ္စ(ထာဝရ) ဘာမျှမရှိ သဘာဝ၏ ထိုဖြစ်ခြင်းပျက်ခြင်း သဘောတရားကို မည်သည့်အရာမှ လွန်စားလို့မဖြစ်နိုင်။ ကုသိနာရုံမှာလည်း ထို့သဘောတရားကို အဘယ်သို့ လွန်စားလို့ ဖြစ်နိုင်မည်နည်း ၁၂ရာစု ကုန်ဆုံးလာခဲ့သည်နှင့်အတူ ကုသိနာရုံ၏ ထွန်းတောက်မှုများ ပျက်ပြားသွားခဲ့ရပါသည်။ ဂုတ္တမင်းဆက်များ ခေတ်ကာလ ပြီးဆုံးခဲ့သည်နှင့်အတူ ကုသိနာရုံရှိ ဝိဟာရကျောင်းများတို့၏ အခြေအနေမှာ ဆုတ်ယုတ်လာခဲ့ပါသည်။ ဟူအင်ရှန် ကုသိနာရုံသို့ ရောက်ခဲ့သည့် အချိန်ကာလကပင် ဝိဟာရကျောင်းများ၏ အချို့တို့က ပြိုပျက်သွားနေခဲ့ပြီးဖြစ်သည်။ အထက်အပိုဒ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း တရုတ်ခရီးသည် ဣတိသင် ကုသိနာရုံသို့ ရောက်လာချိန်တွင်လည်း ကုသိနာရုံရှိ ဘုရားကျောင်းများ အခြေအနေ ပိုမိုကောင်းလာခြင်း တိုးတက်လာခြင်းမရှိခဲ့ပါ၊ ကျောင်းများ၌နေထိုင် သီတင်းသုံးကြသည့် ဘိက္ခုသံဃာများက ကျောင်းတွင် ချက်ပြုတ်သည့် ဆွမ်းပကာတို့





မဟာပဏ္ဍိတရာဟုလ သံကြိတယန

အပေါ်သာ မှီခိုရပါသည်။ တခါတရံသာ ထိုဘိက္ခုတို့မှာ ဆွမ်းခံယူရန် ပတ်ဝန်းကျင်ရှိ ရွာများသို့ ထွက်ကြသည်။ ဘိက္ခုသံဃာများနှင့် ပြည်သူလူထုအကြား ဆက်ဆံမှုတို့က လျော့နည်းလာခဲ့ကြောင်း ထင်ရှားပါသည်။ ထိုအချိန်ကာလက ထေရဝါဒ၏ ဩဇာနိမ့်နေပြီး မဟာယန ဗုဒ္ဓဘာသာဝင်တို့၏ ဩဇာကြီးနေခဲ့သည်။ မဟာယန ဘိက္ခုတို့ကလည်း သန္တရမန္တရတို့နှင့်ပင် အလုပ်များကာ ဒုရာစာရီများ ဖြစ်နေကြခဲ့သည်။

သမိုင်းကို လေ့လာကြည့်ရသည့်အခါ ရှစ်ရာစုကုန်ဆုံးသည့် နောက်ပိုင်းနှစ်များတွင် ဝိဟာရကျောင်းများနေ ဘိက္ခုသံဃာတို့သည် ကျောင်းများရှိ သံဃာအဖွဲ့ပိုင် ပစ္စည်းများကို မိမိကိုယ်ပိုင် ပစ္စည်းများဟူ၍ သဘောထားခဲ့လာကြကုန်သည်။ သံဃာထုအချင်းချင်း ကြည်ညိုလေးစားမှုစသည့် ဝိနည်းများလည်း ပျက်ပြားလာခဲ့ရပါသည်။ ဝိဟာရကျောင်း တကျောင်းနှင့် တကျောင်းကြားလည်း သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့ရပါသည်။ အချင်းချင်းပဋိပက္ခ ပေါက်ကွဲလာခဲ့သည်။ ထိုအခြေအနေများတွင် သစ္စာဓမ္မကလည်း ယိမ်းယိုင်လာခဲ့ရပါသည်။

ဘိက္ခုများ၏ "ဒုရာစာရ" မကောင်းသော အကျင့်များကို ကျင့်ကြံမှုတို့ကြောင့် လူမှုဘောင်၌ ဗုဒ္ဓဘာသာကို ရန်လိုသောသူများလည်း ပေါ်ပေါက်များပြားလာခဲ့ လေသည်။ စိတ်ပျက်စရာကောင်းသော ထိုအခြေအနေမျိုးကို မဟာပဏ္ဍိတရာဟုလ သံကြိတယနက အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

"ရှစ်ရာစုနှစ်များအတွင်း ဘာရတ အိန္ဒိယနိုင်ငံတဝှမ်းရှိ အားလုံးနီးပါးသော ဘိက္ခုသံဃာများသည် 'ဝဇရယာန'တဖြစ်လဲ မဟာယနကို ကိုးကွယ်လာခဲ့ကြသည်။ ရှင်ဗုဒ္ဓ၏ ရိုးဖြောင့်ပြီး မှန်ကန်သည့် သိက္ခာဩဝါဒကို ထိုသူများက ယုံကြည်မှု ကင်းမဲ့လာခဲ့သည်။ ၎င်းတို့သည် လူ့လောကအမြင်မှာ လောကများ၏ စိတ်ကူးယဉ်ကထာ မှုံမြင်များအပေါ် ပိုမိုယုံကြည်လာခဲ့ကြသည်။ ခန္ဓာကိုယ်ပေါ်မှာ သင်္ကန်းခြုံထားသော်လည်း ထိုသူများသည် ပရမတ္ထ တရားကို ရှာကြံရာတွင် စိတ်ဝင်စားမှုနည်းပါး၍ လောကီစည်းစိမ်ကို ပိုမိုတပ်မက်လာကြသူများ ဖြစ်လာခဲ့ကြသည်။ အချို့အချို့သော

www.burmeseclassic.com

www.burmeseclassic.com



ကဝိပညာရှင်တို့ကလည်း ရှုးသွပ်နေသူပမာ ထိုသူများ၏ကျင့်စဉ်တို့ကို ဂါထာဖွဲ့ ချီကျူးအားပေး မြှောက်စားလာခဲ့ကြလေသည်။ ပညာရှင်အချို့တို့ကလည်း ဂုဏ်မျိုးသော သိဒ္ဓိတန်ခိုးများ ဆည်းပူးရန် ဂိုဏ်းများ ထောင်လာခဲ့ကြသည်။

ရှစ်ရာစုနှစ်များတွင် ဥရိယာဘုရင် အိန္ဒြိယဘူတနှင့် ထိုမင်း၏ ဆရာတော်ဖြစ်သူ အနင်္ဂဝဇရတို့အုပ်စုဝင် ဘိက္ခုများက အမျိုးသမီးများသာ မုတ္တိပေးနိုင်သည်ဟု ယုံကြည်၍ "သုရာ-သုန္ဒရီ" အရက်ယမကာနှင့် ကညာပျိုများကို ကိုးကွယ်ရာဌ ဂုဏ်ပြိုင်လာကြသည်။ ရှစ်ရာစုနှင့် ၁၂ ရာစုနှစ်များအတွင်း ဇော်ဒွမ္မမှာ ဝဇရယာန(ဝါ) ဘဲရာဝိစကြာဓမ္မသက်သေ ဖြစ်လာခဲ့ရပါသည်။

မဟာယနဘုန်းတော်ကြီးများက ခံယူချက်အမျိုးမျိုးနှင့် ရှိခိုးပူဇော်ပွဲ အမျိုးမျိုးတို့ကို ကျင်းပပြုလုပ်ခဲ့ကြလေသည်။ သူတို့သည် နိဗ္ဗာန်ရောက်ကြောင်း လွယ်ကူသည့် လမ်းစဉ်ကို ဖွင့်ပေးလိုက်သလို ဖြစ်လာခဲ့ရပါသည်။ ဝဇ္ဇရယာနတို့က ၎င်းတို့လမ်းစဉ်ကို သဟဇယာန (လွယ်ကူသည့်လမ်းစဉ်) ဟောင်အမည်ပြောင်း ခေါ်လာခဲ့ကြသည်။ ဝဇ္ဇရယာန ဘုန်းတော်ကြီးများက သိဒ္ဓိအမျိုးမျိုးကို ထွင်းပြတတ်သည်။ နာမည်အမျိုးမျိုးဖြင့် လူထုကြား ကျော်ကြားလာအောင် ဖန်တီးယူကြသည်။ အချို့ဘုန်းကြီးကျောင်းများတွင် လူသေကောင်၏ ဦးခေါင်းကို ခွက်ပမာကိုင်စွဲ၍ သွားလာတတ်သည်။ ယင်းဘုန်းကြီးများက အများအားဖြင့် သုသာန် သို့တည်းမဟုတ် လူသူကင်းမဲ့နေသော တောတောင်လျှိုမြောင်တို့၌ နေထိုင်ကြသည်။ သာမန် ပြည်သူများနှင့် ဝေးဝေးရှောင်ပြသည်။ နားမလည် အသိတရားနည်းပါးသော ပြည်သူများက သူတို့ကို တန်ခိုးရှင် အောက်မေ့ကာ ပို၍ပို၍ ကိုးကွယ်လာတတ်သည်။ အချို့ဘုန်းကြီးများက မျက်လှည့်ပညာတွင် ကျွမ်းကျင်မှု တစုံတရာရရှိထား ကြကုန်သည်။ သေရည်သေရက် သောက်စားခြင်းစသည့် ရွံ့ဘွယ်ရာကောင်းသော အကျင့်များကို ကျင့်ကြသည်။ တန်ခိုးဣဒ္ဓိပါတ် စသည်များကို ပြတတ်သည်။ သူများ မသိနိုင်သည့် ဘာသာစကားတို့ဖြင့် ဂါထာမန္တရားများကို ရွတ်ဖတ်သရဇ္ဈာယ်ကာ ပြည်သူတို့ အာရုံကို ဆွဲဆောင်ကြသည်။ အချို့အချို့သော ယင်းဘုန်းကြီးများ Hiptanisum အတတ်ပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသည်။ ဤငါးရာစုနှစ်များအတွင်း အိန္ဒိယပြည်သူ တရပ်လုံးနီးပါးက အထက်ဖော်ပြပါ ဘုန်းတန်ခိုးရှင်များ လက်ထဲကျရောက်ပြီး မိစ္ဆာရဝါဒ (မိစ္ဆာဒိဋ္ဌိ) အမျိုးမျိုးအောက်၌ ခါးကုန်းကျင်လည်ခဲ့ရပါသည်။ တဘက်မှာ အိန္ဒိယနိုင်ငံရှိ ဗြာဟ္မဏများက အိန္ဒိယ လူ့အဖွဲ့အစည်းကို ဇာတ်စံနစ်ကြီးအောက် အမျိုးမျိုး ဇာတ်နိမ့်ဇာတ်မြင့် စသည်တို့ဖြင့် ခွဲဝေထားစေခဲ့သည်။ ဒဏ်ရာဒဏ်ချက်များကိုလည်း အိန္ဒိယပြည်သူများ စံစားခံစား ခဲ့မှုများလည်းရှိနေသည်။ အိန္ဒိယပြည်တွင်း ပဋိပက္ခများက များပြားနေခဲ့ကြသည်။



အချို့အချို့သော ပြည်ကြီးပြည်ငယ်များမှာ မင်းမူနေကြသော မင်းကြီးမင်းငယ်များ လုံခြုံရေးတပ် ထားရမည့်နေရာတွင် အစောပိုင်းက ဖော်ပြထားခဲ့ပြီး တန်းခိုးရှင် သိဒ္ဓိရှင် ဟုခေါ်သည့် အဆိုပါ မိစ္ဆာဒိဋ္ဌိတို့ကို တပည့်တပန်းနှင့်အတူ မိမိတို့တိုင်း နိုင်ငံကာကွယ် ရေးအတွက် ရည်စူးကာ ကျွေးမွေးထားခဲ့ကြသည်။ ဘုရားကျောင်းများ၌ ဗလိနတ်စာ တို့ကို အကြီးအကျယ် ပြုလုပ်ခဲ့ကြသည့်ခေတ်ဟုဆိုလျှင် မမှားနိုင်ပါ။ ရာစုနှစ်များနှင့်ချီ၍ ၎င်းတို့အား ကြည်ညိုခဲ့ကြသည့် မင်းကြီး၊ မင်းငယ်၊ သူဌေးသူကြွယ်များ လှူဒါန်းခဲ့ ကြသည့် ဥစ္စာပစ္စည်းတို့ဖြင့် ၎င်းတို့ကျောင်းများမှာ ခနဥစ္စာ ကြွယ်ဝလာခဲ့တော့သည်။ ဤအချိန်ကာလတွင် အနောက်ဘက်မှ မူဆလင်များက အိန္ဒိယနိုင်ငံကို စစ်အင်အားဖြင့် တိုက်ခိုက်လာခဲ့ကြသည်။ ကျူးကျော်ဝင်ရောက်လာခဲ့သည့် မူဆလင်များက အိန္ဒိယ နိုင်ငံရှိ ဘုရားကျောင်းများမှ ခနဥစ္စာပစ္စည်းများကို တိုက်ယူရုံသာမက အချို့ဘုရား ကျောင်းများ၌ ခေတ်အဆက်ဆက်က တည်ထားခဲ့သော ဒိဗျရုပ်တုများကိုလည်း ဖျက်ဆီးပစ်ခဲ့ကြသည်။ ဘုရားကျောင်း အဆောက်အဦးများကို မီးရှို့ဖျက်ဆီးခဲ့ ကြလေသည်။ သန္တရပညာရှင်တို့၏ သန္တရ၊ မန္တရ၊ ဗလိနတ်စာစသည်တို့က မည်သို့မျှ ကာယ်နိုင်စွမ်း မရှိခဲ့ပါ။ ၁၃ ရာစု၏ အစပိုင်းနှစ်များတွင် အိန္ဒိယပြည် မြောက်ပိုင်းတခုလုံး မူဆလင်ကျူးကျော်သူများ လက်ထဲကျရောက်ခဲ့ရ ပါသည်။ ဘီဟာရနယ်မြေကို အုပ်စိုးမှုရရှိထားသည့် ပါလမင်းဆက်မှ မင်းတပါးမှာ မိမိတိုင်းနိုင်ငံကို ကာကွယ်ရန် ဥဒ္ဒန္တပူရီမှာ သန္တရဝိဟာရကျောင်း တစ်ကျောင်းကို တည်ထားခဲ့ရာ ထိုကျောင်းကြီးကို မူဆလင် စစ်မှူးတဦးဖြစ်ခဲ့သူ မွတ်ဟာမက် ဘီနဘခိတ္တယာက မြင်းစီးတပ်သား (၂၀၀) လောက်နှင့် အလွယ်တကူ သိမ်းပိုက် ထားနိုင်ခဲ့သည်။ နာလန္ဒာရှိ အံ့ဩဘွယ်ရာ ကောင်းလှသည့် တာရာမယ်တော်၏ ရုပ်တုကို အပိုင်းပိုင်းချိုး ဖျက်ဆီးပစ်ခဲ့သည်။ မူဆလင်ဘုရင်တို့၏ ရန်ကြောင့် နာလန္ဒာနှင့် ဝိကရမသီလာ တက္ကသိုလ်ကျောင်းများ၌ စာအုပ်၊ စာမူပေါင်း ထောင်သောင်းနှင့်မက မီးရှို့ခံခဲ့ရပါသည်။ ထိုကျောင်းများ၏ စာကြည့်တိုက်များအတွင်း ထိန်းသိမ်းထားခဲ့သည့် ဘာသာရေး စာပေကျမ်းများအပြင် အခြားအတတ်ပညာဆိုင်ရာ စာအုပ်စာတမ်းများ ထောင်သောင်းမက ဆုံးရှုံးခံခဲ့ရ ပါသည်။ သင်္ကန်းဝတ်ထားသည့် ဗုဒ္ဓဘာသာဘုန်းကြီး ဆရာများနှင့် အခြားဆရာ၊ ဆရာကြီးမြောက်များစွာတို့ သတ်ဖြတ်ခံခဲ့ရပါသည်။ ဤနေရာတွင် မေးစရာမေးစရာ မေးခွန်းတခုဖြစ်နေသည်မှာ မူဆလင်တပ်များက ဗုဒ္ဓဘာသာကျောင်းရော ဟိန္ဒူ ဗြာဟ္မဏ ဝါဒမန္တြီရကျောင်းကိုပါ အတူတူပင် တိုက်ခိုက် ဖျက်ဆီးခဲ့ကြသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးများကို သတ်ဖြတ်ခဲ့သလို ဟိန္ဒူဗြာဟ္မဏ ဘုန်းကြီးများ ပုရောဟိတ် ပုဏ္ဏားများ တို့ကိုလည်း သတ်ဖြတ် ရှင်းလင်းပစ်ခဲ့ကြသည်။ သို့သော် ဗြာဟ္မဏများက ယခုလည်း အိန္ဒိယနိုင်ငံ တဝှမ်းရှိနေကြပြီး ဗုဒ္ဓဘာသာဝင်တို့က အဘယ်ကြောင့်များကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်သွားခဲ့ရပါသနည်း ဆိုသည့်မေးခွန်း၏ အဖြေမှန်ကို ရှာဖွေဖြေကြားသွားရန် လိုအပ်ပေလိမ့်မည်။

ဗြာဟ္မဏဓမ္မ၌ တရားဓမ္မတို့ကို ဦးစီးဦးဆောင် ပြုလုပ်ရာတွင် ဘုန်းကြီး ပုရောဟိတ်များအပြင် သာမန်အိမ်ထောင်ရှင် (ဂေဟပတိ)များ ဦးစီးဦးဆောင် ပြုခွင့် ရှိခဲ့သည်။ သို့သော် ဗုဒ္ဓဘာသာတွင် တရားဓမ္မကို ဦးစီးဦးဆောင်ခွင့် ဘိက္ခုသံဃာများ လက်ထက်သာရှိခဲ့ပါသည်။ သင်္ကန်းဝတ်ဆင်ထားသော ဘိက္ခုသံဃာများက ကျောင်း သင်္ခမ်းများတွင်သာ နေထိုင်ကြခြင်းများခဲ့ပါသည်။ ရဟန်းသံဃာများက ၎င်းတို့ ဝတ်ဆင်ထားသည့် သင်္ကန်းအတွက်နှင့် အလွယ်တကူ သိသာနိုင်ပါသည်။ ထင်ထင် ရှားရှား ပေါ်လွင်နေသော လူတန်းစားတခုဖြစ်နေသည်။ ထို့သို့သော အကြောင်းများ ကြောင့် မူဆလင်ဘုရင်တို့ အိန္ဒိယပြည်ကို အုပ်ချုပ်လာသည့် အစပိုင်းကာလတို့တွင် ဗုဒ္ဓဘာသာဝင် ဘိက္ခုသံဃာများ နေထိုင်သွားရန် ခက်ခဲသွားခဲ့ပါသည်။ ဗြာဟ္မဏများ အနက် လက်ဝဲဝါဒီများက ရှိပါသေးသည်။ သို့သော် အများတော့ မဟုတ်ချေ။ ဗုဒ္ဓ ဘာသာဝင်များ အားလုံးနီးပါး ဝဇီရယာနီများ ဖြစ်ကြကုန်သည်။ ထိုဝဇီရယာန ဘိက္ခုများတို့၏ အတွေးအခေါ် ကျင့်ကြံမှု၊ စာရိတ္တ၊ ပညာအားလုံးက သန္တရပညာပေါ် မှီတည်ခဲ့ပြီး အခြားကမ္ဘာရှိ နတ်ဒေဝတာများ၏ ထူးဆန်းစွမ်းရည်များ အပေါ်သာ မှီတည်ခဲ့ပါသည်။ ကျူးကျော် မူဆလင်တပ်သားများ၏ ဓါးရန်များမှ အသက်ချမ်းသာခွင့် ရရှိနိုင်အောင် ၎င်းတို့၏ ထူးဆန်းစွမ်းအင်တို့က မည်သို့မျှ တတ်နိုင်ခြေမရှိခဲ့ပါ။ ထိုဗုဒ္ဓဘာသာ ဘုန်းတော်ကြီး များကို ကိုးကွယ်ခဲ့ကြသည့် ပြည်သူလူထုမှာလည်း



ကုသိနာရာ၏ ပျက်သုဉ်းမှုကို သက်သေခံပြသသည့်ပုံ



၎င်းတို့၏ အဖြစ်မှန်ကို မြင်တွေ့လာ၍ ၎င်းတို့ကိုးကွယ်မှုအပေါ် ယုံကြည်မှုပျက်ပြား လာခဲ့ရပါသည်။ အုပ်ချုပ်မှု တည်ငြိမ်လာခဲ့သည့် အချိန်ကာလတွင် ပြိုပျက်တိုက်ဖျက် ခံခဲ့ရသည့် ဘုရားကျောင်းများနှင့် အခြားဘာသာရေး အဆောက်အအုံများကို ပြန်လည်ပြင်ဆင် မွမ်းမံလာခဲ့ကြရာတွင် အကျင့်စာရိတ္တ ပျက်ပြားခဲ့သည့် ဘိက္ခုများကို ၎င်းတို့ကျောင်းသင်္ခမ်းသော်၎င်း၊ အခြားကိုးကွယ်ရာ ဌာနများကို ပြန်လည်မွမ်းမံ တည်ဆောက်သွားရန် လိုအပ်သည့် ငွေကြေးအလှူအတန်း မရခဲ့ရှိလေသည်။ ထိုသို့ဖြစ်၍ ယင်းဘုန်းကြီးများက နိကိုးရာမဲ့ ဖြစ်သွားကုန်သည်။ ရှင်တော်မြတ်ဗုဒ္ဓသည် အရင်ကတည်းက ဤသို့ မှာကြားထားခဲ့သည် မဟုတ်ပါလား။

(၁) ဘိက္ခုသံဃာများက သုတ္တံများကို တိကျမှန်ကန်စွာ ဆောက်တည်ခြင်း မရှိသည့်ကာလတို့တွင်

(၂) ဘုရားရှင်ဟောကြား မှာကြားထားသည့်အတိုင်း လိုက်နာခြင်း မပြုလုပ်သည့် အချိန်ကာလတို့တွင်

(၃) တရားဓမ္မများကို နားလည်သိရှိထားသူများက အခြားသူများအား မှန်ကန်စွာ သင်ကြားပေးခြင်း မရှိသည့် ကာလတို့တွင်

(၄) ကိုယ်ကျိုးရှာ ဥစ္စာပစ္စည်းကို တပ်မက်မှုများလာသည့် ကာလတို့တွင်

(၅) သံဃာ့အဖွဲ့၌ ကွဲလွဲမှုများ ပေါ်ပေါက်လာသည့် အချိန်ကာလတို့၌ တရားစစ် ဓမ္မမှန် တို့မှာ ကွယ်ပျောက်တတ်သည်။ ယင်းခေတ်ကာလတွင် ဗုဒ္ဓဘာသာ ဘိက္ခုများသည် ဘုရားရှင်ဗုဒ္ဓ ဟောကြားပြောဆို မှာကြားထားသည့် စကားများကို ဥပက္ခာပြုလာ ခဲ့သည့် အတွက် ဗုဒ္ဓဘာသာသည် ကြီးမားသော ဆုံးရှုံးမှုတို့ဖြင့် ကြုံတွေ့ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံကို ကျူးကျော်စစ် ပြုလာခဲ့သည့် မူဆလင်များသည် ရုပ်တုများ ချိုးခြင်းကို ၎င်းတို့၏ဘာသာရေး သွန်သင်မှုအရကုသိုလ်ဖြစ် လုပ်ငန်းဆောင်ရွက်မှုတရပ် ဟူ၍ ယုံကြည်ထားသူများဖြစ်ကြသည့် အားလျော်စွာ တကြောင်း၊ ရှင်ဗုဒ္ဓသည် ထာဝရ ဘုရားသခင်၏ အလောင်းတော် ဖြစ်သည်ဟူသော မဟုတ်မမှန် ဝါဒဖြန့်ချီမှု ရှိခဲ့သည့် အကြောင်းကြောင့်တမျိုး၊ ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာ၏ အစိပ်အပိုင်းတခု ဖြစ်ကြောင်းကိုလည်း ဝါဒဖြန့်ချီမှုက အိန္ဒိယနိုင်ငံတစ်ဝှမ်း အားကောင်းနေသည်ဖြစ်၍ ရုပ်တုကိုးကွယ်မှုလုံးဝရှုံ့ရှာကုန်သော ထိုကျူးကျော်မူဆလင်ဘုရင်တို့က ဟိန္ဒူ ဘာသာမှာ ကိုးကွယ်ထားသည့် အခြားရုပ်တုများနှင့်အတူ ဗုဒ္ဓရုပ်တု အများအပြား တို့ကိုလည်း ချိုးဖျက်ခဲ့ကြပါသည်။ ထိုမူဆလင် ကျူးကျော်သူတို့က ဗုဒ္ဓရုပ်တုများကို ချိုးဖျက် ဗုဒ္ဓဝိဟာရကျောင်းများ အခြားတည်ဆောက်မှု အဆောက်အအုံများကို မီးရှို့ ဖျက်ဆီးခဲ့သည်။ ကျောင်းသင်္ခမ်းများတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာ ဘိက္ခုများကို အကြီးအကျယ် သတ်ဖြတ်သုတ်သင်ခဲ့သည်။ ဘိက္ခု အများအပြားတို့ကို သတ်ဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



၄င်းတို့နေထိုင်ခဲ့သည့် ကျောင်းများကိုပင် မီးရှို့ပစ်ခဲ့သည်။ အချို့အချို့သော ဗုဒ္ဓဘာသာ ဘိက္ခုများက မိမိတို့အသက်ချမ်းသာမှုရနိုင်အောင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် နီပေါ၊ တိဘက်၊ မြန်မာစသည့် တိုင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင် သွားခဲ့ရပါသည်။ ကျူးကျော်အဖျက်သမားတပ်များက ကုသိနာရုံကို (၁၃)ရာစုနှစ်များအတွင်း ဝင်ရောက်လာခြင်း ဖြစ်နိုင်ပါသည်။ ယင်းအဖျက်သမားများသည် ကုသိနာရုံနယ်ရှိ ဗုဒ္ဓဝိဟာရကျောင်းများ စေတီပုထိုး၊ ကျောက်တိုင်၊ ကျောက်စာ အချို့တို့ကို ဖျက်ဆီးသွားနိုင်ခဲ့သည်။

၁၈၇၆–ခုနှစ်တွင် ကုသိနာရုံရှိ မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်းနေရာကို တူးဖော်သည့်အခါ မြေအောက်တွင် မီးတိုက်ခံလူသားများ၏အရိုးပုံ၊ မီးလောင်ထားသည့် ထင်းပုံနှင့်မီးသွေးခဲ အများအပြားတို့ကို တွေ့ရှိခဲ့သည်။ ထိုဝိဟာရကျောင်း၏ အနောက်ဘက်ရှိ ကျောင်းကြီးမြေနေရာကို တူးဖော်ရာတွင် လူသေခေါင်းများ အရိုး ပုံများ မီးလောင်ခဲ့သည့် ထင်းပုံများတို့ကို တွေ့ရှိခဲ့သည်။ လောင်ကျွမ်းနေပြီး အသေပြာများကိုလည်း ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ကြောက်မက်ဖွယ်ရာဖြစ်သည့် ထိုရှုခင်းကို တွေ့မြင်နေခြင်းသည် ရက်စက်ကြမ်းကြုတ်သည့် ကျူးကျော်မှုဆလင်တပ်တို့၏ ဖျက်ဆီးမှု လုပ်ရပ်ကို သက်သေခံနေပါသည်။ ထိုသူများသည် ဘိက္ခုများကို သတ်၊ ကျောင်းများရှိ ရွှေ၊ ငွေ၊ ဥစ္စာ၊ ပစ္စည်းကိုယူပြီးမှ ကျောင်း အဆောက်အအုံများနှင့် အခြားဓမ္မဆိုင်ရာ တည်ဆောက်မှုများကို မီးတိုက်ဖျက်ဆီးခဲ့သွားသည်ကို ယင်းတူးဖော် လုပ်ငန်းဆောင်ရွက်မှုများ အတွက်နှင့် ထင်ရှားလာခဲ့သည်။ မလ္လမင်းများလက်ထက်ကာလက စည်ပင်သာယာဝပြော တိုးတက်ဖွံ့ဖြိုးခဲ့သော ကုသိနာရုံသည် မူဆလင် ကျူးကျော်သူများ၏ တိုက်ခိုက်ဖျက်ဆီးမှု ဒဏ်ရာဒဏ်ချက်တို့ကြောင့် လူသူခေါင်းပါးလာ၍ တောတောင်လျှိုမြောင်းအဖြစ်သို့ ဆိုက်ရောက်ခဲ့ရပါသည်။ မူဆလင်ဘုရင် လက်ထက်မှာ ကုသိနာရုံရှိရှေးဟောင်းသုတေသနဆိုင်ရာ အကြွင်းအကျန်တို့က ဥပက္ခာ ပြုခံရခြင်း၏ အကြောင်းတရားများကို နားလည်လို့ရနိုင်ပါသည်။ သုတေသနဆိုင်ရာ ထိုအရာတို့သည် အံ့ဩသဖွယ် တောတောင်လျှိုမြောင် မြေအောက်တို့တွင် တိတ်ဆိတ်နေခဲ့ရာ ရာစုနှစ်များနှင့်ချီ၍ တစုံတရာပြောဆိုနိုင်မည့် အခြေအနေနှင့် အခွင့်အလမ်းတို့ကို စောင့်ဆိုင်းနေခဲ့ကြသည်။ နောက်ဆုံးတွင် မူဆလင်ဘုရင်များ၏ အုပ်ချုပ်မှုကုန်ဆုံး လာခဲ့ပြီး ဗြိတိသျှအုပ်ချုပ်မှု ကာလရောက်လာခဲ့ရာ အင်္ဂလိပ်လူမျိုး ရှေးဟောင်း သုတေသနပညာရှင်တို့ ခေါင်းပါးနေသည့် တောတောင်လျှိုမြောင်တို့၏ ခေါ်သံကိုကြား၍ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာတရားဆိုင်ရာ အမွေအနှစ်များကို ရှာဖွေ တူးဖော်ရယူသည့် လုပ်ငန်းများ ကုသိနာရုံတွင် စခဲ့ပါသည်။ ကုသိနာရုံ၏ ပြန်လည်တည်ဆောက် တိုးတက်မှု အကြောင်းအရာများကို ရှေ့အခန်းများ၌ ဖော်ထုတ်သွားမည်ဖြစ်သည်။

## တရုတ်ခရီးသည်များ၏အမြင်အရ

တရုတ်ခရီးသည် တို့ကလည်း ၄င်းတို့ရေးသားထားသည့် ခရီးသွားစာအုပ်မှတ်တမ်းများတွင် ကုသိနာရုံအကြောင်းကို အတော်အသင့် စုစုစည်းစည်း ရေးသားဖော်ပြထားခဲ့သည်။ ဗုဒ္ဓ မဟာပရိနိဗ္ဗာန် ဝင်ခဲ့သည့် ကုသိနာရုံမှာ ဂေါတမဗုဒ္ဓ မွေးဖွားပြီး အသက်အရွယ် ၂၉နှစ်အထိ နေထိုင်ခဲ့ဖူးသည့် ကပိလဝတ္ထုတို့က ဗုဒ္ဓဘာသာ လောကတွင် ထပ်တူထပ်မျှ အရေးပါကြပါသည်။ ဆန်းချီ၊ ဘရဟုတနှင့် အမရာဝတီတို့၌ ကုသိနာရုံမြို့၏ မြို့ရိုး၊ မြို့တံခါးနှင့် တံခါးပေါက်အထက် အပြင်အဆင်တို့၏ရိုပ်လွှာကို အထက်တွင် ဖော်ပြထားသည့် နေရာတို့၌ ထိုယဉ်ကျေးမှုနှင့် ပန်းချီ၊ ပန်းပုများ၌ တွေ့ရှိရနိုင်ပါသည်။ ဘုရားရှင်ဗုဒ္ဓသည် ဘုရားအလောင်းအဖြစ် ပါရမီဖြည့်ခဲ့ရသည့် ဘဝတို့နှင့် ကုသနာရုံမှာ ဆက်စပ်မှုရှိခဲ့ပါသည်။ ဘုရားရှင်မြတ်သည် ထိုသို့သော ဆက်စပ်မှုရှိသည့် အကြောင်းအရာတို့ကြောင့် ကုသိနာရုံအား မဟာပရိနိဗ္ဗာန်စံရာနေရာအဖြစ် ရွေးချယ်ခဲ့ပါသည်။ ကုသိနာရုံသည် ဘုရားရှင်မြတ် ပြောပြခဲ့သည့် သံဝေဇနီယ ဌာနကြီး (၄)ခုအနက် တခုအပါအဝင်ဖြစ်သည်။ ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်ကာလက ကုသိနာရုံမြို့မှာ အရောင်းအဝယ် ပြုဌာနကြီးတခု ဖြစ်ခဲ့ပါကြောင်း သမိုင်းစာများ၌ ရေးသား ထားသည်။

တရုတ်ခရီးသည်များသည် ဖာဟိယန်က ပိပ္ပလိဝနရှိ အင်္ဂါရထူပါမှ ၁၂ ယူဇနာ အရှေ့ဘက်မှာ ကုသိနာရုံ တည်ခဲ့ကြောင်းကို ဖော်ပြထားသည်။ ဝေသာလီမှ ကုသိနာရုံ၏ အကွာအဝေးမှာ ၂၅ယူဇနာ ရှိကြောင်း ရေးသား ဖော်ပြထားသည်။

နောက်တယောက် တရုတ်ခရီးသည် ဟူအင်ရှန်က ရာမာဂါမာ၏ အရှေ့ဘက် ၁၂၅ယူဇနာ ဝေးကွာခဲ့သည့် နေရာတွင် ကုသိနာရုံ တည်ရှိခဲ့ကြောင်းကို ရေးသားထားသည်။ ရာမာဂါမမှ ကုသိနာရုံသို့ ပေါက်သည့်လမ်းသည် အလွန်ခက်ခဲ၍ တောတိရစ္ဆာန်တို့၏ ရန်များရာ လမ်းဖြစ်ခဲ့သည်ကိုလည်း ဟူအင်ရှန်က ရေးသားဖော်ပြထားပါသည်။ နက်နဲထူထပ်နေသည့် တောတောင်ကို ဖြတ်သွားသည့် လမ်းဖြစ်ခဲ့ပါသည်။ ယင်းတောတောင်များကို ဖြတ်သွားရသည့်အခါ တောတိရစ္ဆာန်တို့၏ ရန်ကိုအချိန်မရွေး တွေ့ကြုံရရှိနိုင်သည်။ ကာနယ်ကနီယမ၏ တွေးခေါ်မှုအရ 'သဟနကွန်'၏ အရှေ့မြောက်အရပ်တွင် ထိုတောတောင်၏ အစိပ်အပိုင်းတခုက ကျန်ရှိသေးသည်။ ဂိုရ(ခ်)ပူ၏မြောက်ဘက် တောင်ခြေရင်းရှိ နယ်များတွင် ကျောက်ဆင်များ ယခုလည်း အများအပြား ရှိသေးသည်ဟု ဆိုထားသည်။ သို့သော် ကာနယ်ကနီယမ

www.burmeseclassic.com


www.burmeseclassic.com





တရုတ်ရဟန်းသည်
ဟူအင်ရှန်





သမိုင်းဝင် တရုတ်ခရီးသည် ဖာဟီယန်

ပြောဆိုခဲ့သည့် အကြောင်းအရာများလည်း ယခုဆိုလျှင် အတော်ကြာနေပြီဖြစ်၍ ဟောင်းနွမ်းနေပြီလို့ ဆိုရပေမည်။ လက်ရှိ အချိန်တွင် အခြေအနေမှာ ပြောင်းနေပြီး ဖြစ်သည်။

ဖာဟီယန်ရောက်ရှိခဲ့စဉ် အချိန်ကာလက ကုသိနာရုံမြို့ ပျက်စီးနေခဲ့ပြီးဖြစ်သည်။ သာလာဝန် (တော)သည် ဟိရညဝတီမြစ်၏ တဘက်ကမ်းတွင် တည်ရှိခဲ့သည်။ တရုတ်ခရီးသည်၏ မှတ်တမ်း သာလပင်ကြီးနှစ်ပင်ကို သူတွေ့ခဲ့ရသည်။ ထိုအပင်နှစ်ပင်အနားမှာ ရာဇာမင်းတို့က (မထ) ဝိဟာရကျောင်း တည်ဆောက်ပေးထားသည်။ ကျောင်းတွင် နေထိုင်ကြသော ဘိက္ခုဦးရေမှာ နည်းလှသည်။ ဟူအင်ရှန် ရောက်ခဲ့စဉ်က မြို့ရိုးပြိုပျက်နေပြီးဖြစ်သည်။ မြို့ရိုးအတွင်း လူနေအိမ်များလည်း ပျောက်ပါးသွားခဲ့ပြီးဖြစ်သည်။ ပြိုပျက်ကျနေပြီး ဖြစ်သော တိုက်အိမ်များ၏ အကြွင်းအကျန်တို့က နေရာအနှံ့ မြင်တွေ့နေရသည်။ ကုသိနာရုံမြို့ဟောင်းသည် ၂မိုင်ခန့်ပတ်လည်ရှိသည်ဟု ထင်ရသည်။ ဟူအင်ရှန်က သူ့မှတ်တမ်းစာ၌ ကုသိနာရုံရှိ ရေတွင်းတစ်တွင်း အကြောင်းကို အထူးမှတ်တမ်းတင် ဖော်ပြထားသည်။ ထိုရေတွင်းရေမှာ ချိုမြိန်သောအရာသာရှိကြောင်း ရေးသား ထားသည်။ ကုသိနာရုံ မြို့နေရာမှ အရှေ့မြောက်အရပ်တွင် တမိုင်ခန့် ဝေးကွာခဲ့သည့် နေရာတွင် ထိုသာလဝန် တည်ရှိခဲ့ကြောင်းကိုလည်း ရေးသားဖော်ပြထားသည်။ ထိုသာလဝန်သည် အဇိတမြစ် (ဟိရညဝတီမြစ်)၏ အနောက်ဘက်ကမ်းနားမှာ တည်ရှိခဲ့သည်။ ဤနေရာတွင် အုတ်ဖြင့် တည်ဆောက်ထားသော စေတီတဆူရှိခဲ့ရာ ထိုစေတီကျောင်းတွင် ရုပ်တုတခုကို တည်ထားခဲ့သည်။ ထိုရုပ်တုဆင်းတော်မှာ ရှင်ဗုဒ္ဓ လှဲလျောင်းနေသည့် မုဒြဖြင့် ထုထားသော ရုပ်ဆင်းတု ဖြစ်ပါသည်။ ဆင်းတုတော်၏ ဦးခေါင်းပုံကို မြောက်အရပ်ဘက်သို့ထား၍ ထုထားသော ဆင်းတုတော်ဖြစ်သည်။ ထိုဆင်းတုတော် အနီးနားတွင် အသောကမင်းတည်ခဲ့သော စေတီတစ်ဆူကို တွေ့ခဲ့ရ ပါသည်။ စေတီ၏ ညာဏ်တော်မှာ ပေ၂၀၀ခန့် မြင့်သည်။ ထိုစေတီရှေ့၌ ကျောက်တိုင် တတိုင်ကို စိုက်ထူထားသည်။ ကျောက်တိုင်ပေါ် ကျောက်စာတို့ဖြင့် ရှင်ဗုဒ္ဓ

www.burmeseclassic.com



မဟာပရိနိဗ္ဗာန် စံသည့်အဖြစ်အပျက်နှင့် အကြောင်းအရာများကို ရေးသားဖော်ပြထားသည်။

အနီးအနားမှာ အခြားထူပ (စေတီ) တစ်ဆူလည်းရှိခဲ့သည်။ ပရိဝါဇကသုဘဒ္ဒရ ပရိနိဗ္ဗာန်ပြုခဲ့သည့် နေရာတွင် အမှတ်တရ တည်ဆောက်ခဲ့သော စေတီဖြစ်သည်။ ထိုစေတီ၏နံဘေးတွင် အခြားစေတီတဆူရှိခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး ရုပ်ကလာပ်ကို ရွှေတို့ဖြင့် ပြုလုပ်ထားသည့် ခေါင်းသေတ္တာတွင် (၇)ရက်ကြာထားကာ အပူဇော်ခံခဲ့ရသည့် အဖြစ်အပျက်ကို အမှတ်တရဖြစ်အောင် တည်ဆောက်ထားသည့် စေတီဖြစ်သည်။ ထိုနေရာတွင် တည်ဆောက်ခဲ့သည့် အခြားစေတီတဆူမှာလည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး မိခင်မဟာမာယာမှာ ပုညလောကမှ ဆင်းသက်လာခဲ့သည်ကို အမှတ်တရဖြစ်အောင် တည်ထားသည့် စေတီဖြစ်သည်။ မြို့တော်၏မြောက်ဘက် ဟိရညဝတီမြစ် တဖက်ကမ်းတွင် ဘုရားရှင်အား နောက်ဆုံးမီးသဂြိုဟ်ပြုသည့်ပွဲကို ကျင်းပခဲ့သည်။ ထိုနေရာတွင် စေတီတဆူတည်ထားသည်။ ထိုစေတီ၏ သန့်စင်မွန်မြတ်မှု တို့အကြောင်း ကျော်ကြားသည်။ ထိုမြေနေရာကို အလွန်သန့်စင်မွန်မြတ်ပါကြောင်း လူတို့က လေးစားကြည်ညိုကြသည်။ အသောကမင်းကြီး တည်ဆောက်ရေစက်ချခဲ့သည့် စေတီတဆူအား ဘုရားရှင်၏ ဓါတ်တော်များကို ခွဲဝေသည့်နေရာကို အမှတ်သညာဖြစ်အောင် တည်ထားခြင်းဖြစ်သည်။

ကုသိနာရုံမြို့ တည်ရှိခဲ့သည့် နေရပ်အမှန်နှင့် ပတ်သက်၍ ပညာရှင်များတို့ အကြား သဘောထားကွဲလွဲမှု ရှိခဲ့ပါသည်။ သုတေသနဆရာ Wilson (ဝိလ်ဆန်း)က ကဆယာရွာ တည်ရှိသည့် နေရာကို ကုသိနာရုံဟူ၍ သတ်မှတ်သည်။ Cunnigham က ကုသိနာရုံ တည်ရှိသော နေရာကို ဂိုရခ်ပူမြို့မှ ၃၄မိုင်ဝေးကွာသည်၊ ရှေ့အရပ်တွင် လမ်းဆုံတခုနေရပ်၌ တည်ရှိခဲ့ကြောင်း သတ်မှတ်သည်။ အစောက ဆရာဝိလ်ဆန်း၏ သတ်မှတ်ချက်ကို အများက လက်ခံသတ်မှတ်ကြသည်။

အခြားသုတေသနပြု ဆရာတဦးဖြစ်ခဲ့သူ မစ္စတာနေဝိလ်၏ သဘောထားအရ ကုသိနာရုံတည်ရှိခဲ့သည့် နေရာကို ဂိုရခ်ပူ၏အရှေ့ဘက် ၃၄မိုင်အကွာ ဒေဝရိယာခရိုင်၏ ပဒရော်နာ ကျေးရွာအုပ်စု နယ်မြေမှ ၁၂မိုင်ခန့် ဝေးကွာတည်ရှိနေသည်။ ဒေဝရိယာခေါ် ခရိုင်မြို့မှ ၂၁မိုင်ခန့် ဝေးကွာသည့် အနောက်မြောက်ရှိ မြေနေရပ်ကို ကုသိနာရုံမြို့ဟောင်းနေရာဖြစ်ကြောင်း သတ်မှတ်သည်။ လက်ရှိအချိန်တွင် အများလက်ခံထားသည့် သတ်မှတ်ချက်မှာ ဤနေရာမှာပင်ဖြစ်သည်။ ဤနေရာမှာ ကဆယာ အမည်တွင်ထားသည်ကို ပြောင်းလဲပြီး ကုသိနာရုံဟု ခေါ်ကြသည်။ ကုသိနာရုံမှာ ဒေဝရိယာခရိုင်၊ ပဒရော်နာကျေးရွာ အုပ်စုအတွင်း ရှိနေသည်။ လက်ရှိအချိန်တွင် ဗုဒ္ဓဘာသာဝင်တို့ အချက်အချာကျပြီး ဖူးမြော်ရာ ဌာနကြီးတခုအဖြစ် ကျော်ကြားလာခဲ့ပြီးဖြစ်သည်။

## တောတောင်လျှိုမြောင်းများ စကားပြောလာသည့်ကာလ

ကုသိနာရုံ၏ ထူပစေတီ သံဃာရာမ စသည့်ဓမ္မဌာနများ ပျက်သုဉ်းသွားခဲ့ပြီး ဖြစ်နေသည်။ ရှက်ကြွရာသီချိန် အမြောက်အများ ကုန်ဆုံးခဲ့ပြီး သစ်ရွက်များဖုံးအုပ်ကာ လေမုန်တိုင်းများ တိုက်ခတ်ဒဏ်ကြောင့် သစ်ပင်ကြီးများ ဟိုဟိုဒီဒီလဲကာ ခြောက်သွေ့နေပြီး မြေပြင်မှာ မိုးရေကြောင့် ပေါက်လာခဲ့ကြသည့် မြက်ပင်နွယ်ပင်တို့က မြေပြင်တခုလုံးကို ခြုံလွှမ်းထားခဲ့ပြီး နှစ်ပေါင်းကြာညောင်းလာခဲ့ပေသည်။ ကုသိနာရုံတွင် တချိန်ကကျော်ကြားခဲ့သည့် ဓမ္မဌာနများသည် တောတောင်များ မြေတောင်ပို့ပမာ ဟိုဟိုဒီဒီ ပျောက်ကွယ်သွားရှာခဲ့ရာ ရာစုနှစ်များဖြင့် ကြာခဲ့ပြီဖြစ်သည်။

ထိုတစ်ပိုက်တွင် နေထိုင်ကြသော လူသူများသည် ကုသိနာရုံ၏ အမည်နာမကိုတောင် မေ့သွားခဲ့ပြီး၊ ရှေးဟောင်းခေတ်က တည်ဆောက်ထားခဲ့သည်။ မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်းနှင့် မကုဋ္ဌဗန္ဓနထူပါတို့မှ မြေတောင်ပို့သဖွယ် ဖြစ်သွားခဲ့ပြီး၊ အချို့အချို့သော ထိုမြေတောင်ပို့များ ပေါ်ပေါက်လျက်ရှိသော နွယ်ပင်ခြုံပင်တို့ကို ခုတ်ရှင်းကာ တောင်သူတို့က တောင်ယာအဖြစ် သုံးစွဲလျက်ရှိနေခဲ့ပြီး၊ ကုသိနာရုံတပိုက် စီးဆင်းနေခဲ့သည့် မြစ်ချောင်းတို့ကလည်း ၎င်းတို့ရေစီးကြောင်းကို ပြောင်းလဲပစ်ထားပြီး၊ မြေမျက်နှာပြင်သည် အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီး ဖြစ်သည်။

တချိန်က ကုသိနာရုံရှိ ဗုဒ္ဓဘိက္ခုများ၏ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ သံဃံ သရဏံ ဂစ္ဆာမိ ရွတ်ဖတ် သရဇ္ဈာယ်သည့် အသံဖြင့် ပဲ့တင်နေခဲ့သည့် ကုသိနာရုံ နယ်မြေသည် ဝံပုလွေ၊ ခွေးအ ကျားသစ်စသည် တောတိရစ္ဆာန်တို့၏ ကျက်စားရာ တောတောင် ဖြစ်လာခဲ့ပေသည်။ ညအချိန်မပြော နေ့ခင်းအချိန်တွင်တောင် ထိုနေရာများသို့ သွားလာခြင်းကို ကြောက်နေရပြီဖြစ်သည်။

ကုသိနာရုံတပိုက် နေထိုင်ခဲ့ကြသည့်လူတို့သည် ကုသိနာရုံဟူသော အမည်ကို မေ့သွားခဲ့ကြပြီး ထိုလူများသည် ဤနေရပ်ကို မာထာကွန်ဝါနှင့် ဒေအူအမည်ဖြင့် ခေါ်လာခဲ့ပေသည်။ မုကုဋ္ဌဗန္ဓနထူပါ၏အမည်မှာ ပြောင်းလဲလာပြီး ရာမာဘာရ မြေတောင်ပို့ ဖြစ်လာလေသည်။ အနီးအနားရှိရွာသားများသည် ဤမြေတောင်ပို့များမှ အုတ်များကို ဖော်ထုတ်သယ်ယူသွား၍ မိမိတို့နေအိမ်များ၌ မွေးမြူထားသည့် ကျွဲနွား၊ ဆိတ်စသည့် သတ္တဝါများ ရေသောက်ရန် စားကျက်များ ခြံစည်းရိုးများ နံရံများ ကာဆီးရာတွင် အသုံးပြုလာခဲ့သည်။ ခေတ်ဟောင်းက ရာဇဌာနီ မြို့တော်ဖြစ်ခဲ့သည့် ကုသိနာရုံမှာ အနုရုဒ္ဓဝါခေါ် ကျေးရွာအဖြစ် ပြောင်းလဲလာခဲ့သည်။ ကုသိနာရုံတွင်

www.burmeseclassic.com

www.burmeseclassic.com



တချိန်က တည်ရှိခဲ့သည့် စေတီကြီးများမှ ထုတ်ယူသွားသည့် အုတ်ရေ ပမာဏမှာ အလွန်များပြားခဲ့ပါသဖြင့် စေတီကြီးမှာ နောက်ဆုံးမြေတောင်ပို့ တခုအဖြစ် ပြောင်းလဲလာခဲ့ရပါသည်။

ရာမာဘာရထူပါ တခုတည်းမှ ထုတ်ယူသွားသော အုတ်ခဲများကို လှည်းအစီးတစ်ထောင်ဖြင့် သယ်ယူရသည်ဟု ဆိုကြသည်။ ရာမာဘာရ ထူပါမှထုတ်ဖော်သယ်ယူသွားသည့် အုတ်ခဲများကို သိသာဝါခေါ် မထ(ကျောင်း) ဆောက်လုပ်ရန် သုံးသွားခဲ့ရသည်။ သိသဝါခေါ် ဗြဟ္မဏ မထကျောင်း တည်ဆောက်ရန် သုံးစွဲထားသော အုတ်ခဲဟောင်းတို့မှ ရာမာဘာရထူပါမှ ထုတ်ဖော်ယူခဲ့သည့် အုတ်များဖြစ်သည်။ ထိုအုတ်များ ပမာဏမှာ 17½" x 8½" x 5" လက်မရှိသည်။ ဤအုတ်ခဲများသည် ခေတ်ဟောင်းကို သက်သေခံလျက်ရှိသည်။ ဘုရားရှင်ဗုဒ္ဓအား မီးသင်္ဂြိုဟ်ခဲ့သည့် နေရာကို အမှတ်တရ ဖြစ်အောင် တည်ဆောက်ခဲ့သောထူပါမှာ ရာမာဘာရ ဘဝါနီ (နတ်သမီး) ကျောင်း (မန္ဒိရ်)အဖြစ်ကို ပြောင်းလဲခံရပါသည်။ ဆိုလိုသည်မှာ ဗုဒ္ဓဘာသာကျောင်း ထူပါစသည့် ဓမ္မဌာနများသည် ဗြဟ္မဏ (ဟိန္ဒူ)ကျောင်းများ အဖြစ်ပြောင်းလဲခံခဲ့ရပါသည်။ ခေတ်တခေတ် အချိန်ကာလတခုတွင် ယင်းနတ်သမီး ကျောင်းနေရာတွင် မျက်လှည့်ကပြသူ(နတ)တဦး သမာဓိဝင်နေရာအဖြစ် ပြသထားခဲ့ရပါသည်။

နောက်ဆုံးတွင် ရာစုနှစ်များနှင့်ချီ၍ စွန့်ပယ်ခံခဲ့ရသည့် ကုသိနာရုံ၏ တောတောင်လျှိုမြောင် မြေတောင်ပို့များနှင့် ၎င်းတို့အောက်တွင် မြေမြုပ်နေခဲ့သည့် ရုပ်တုဆင်းတုများ၏ ကံကြမ္မာတဖြစ်လဲ ကောင်းလာခဲ့ရသည့် အချိန်ကာလ ဆိုက်ရောက်လာခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် မူဆလင်ဘုရင်များ၏ အုပ်စိုးမှု ကုန်ဆုံးခဲ့ပြီး ဗြိတိသျှအုပ်စိုးသည့် ခေတ်ရောက်ခဲ့ရပါသည်။ ဗြိတိသျှလူမျိုးများ ရှေးဟောင်း သမိုင်းဆိုင်ရာ အကြောင်းအရာများကို သိလိုမှုဆန္ဒပြင်းပြသော လူမျိုးများ ဖြစ်ကြသည်။ ရှေးဟောင်းပစ္စည်းများ၏ တန်ဘိုးကို နားလည်ကြသော သူများဖြစ်ကြသည်။ သုတေသနဆိုင်ရာ ရှာဖွေမှုနှင့် တူးဖော်မှုတို့ကို အထူးစိတ်ဝင်စားမှုရှိကြသည်။ အလွန်ထင်ပေါ် ကျော်ကြားမှုရှိခဲ့သော ရှေးဟောင်းသုတေသန လုပ်ငန်းပညာရှင် တဦးဖြစ်သော Gen. Alexendra Cunnigham ဆိုသူ အင်္ဂလိပ်တယောက်သည် သမိုင်းဝင်နေရာဌာနများကို ရှာဖွေလျက် ကုသိနာရုံသို့လည်း ရောက်ရှိလာခဲ့ပါသည်။ သူ၏ ရှာဖွေမှုတွင် မာတာကွန်ဝါကိုဋ်နှင့် ရာမာဘာရ အမည်ရှိ မြေတောင်ပို့ကြီး နှစ်ခုအပြင် မာထာဗာဗာ တောင်ပို့နှင့် ဆင်းတုတော် အနုရုဒ္ဓဝါရွာအနီးအနားရှိ အခြား မြေတောင်ပို့ စုစုပေါင်း မြေတောင်ပို့ (၅) ခုတို့ကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ဂျင်နယ်ရယ် A. Cunnigham သည် ရာမာဘာရ၏ နတ်သမီးကျောင်း နေရာကို မုကုဋ်ဗန္ဓန စေတီ၊



နိဟာနာလ (ချောင်းငယ်)ကို ဟိရညဝတီမြစ်နှင့် မာထာကွန်ဝါကိုဋ်နေရာကို မဟာပရိနိဗ္ဗာန်ဝင်ခဲ့ရသည့် နေရာဖြစ်နိုင်ကြောင်း ကြေငြာခဲ့ပါသည်။ သူရေးထားခဲ့သည့်စာတမ်း ကောက်နုတ်ချက်တခု၌ မာထာကွန်ဝါကိုဋ် နေရာ၏ အလျား ပမာဏ ပေ(၆၀၀)၊ အကျယ် ပမာဏမှာ ပေ(၂၀၀ မှ ၃၀၀) အထိရှိ၍ အမြင့်မှာ ပေ(၃၀)ခန့် ရှိပါကြောင်း ဖော်ထားခဲ့သည်။ Gen Cunnigham က မာထာကွန်ဝါကိုဋ်၏ အောက်ပိုင်း အစိတ်အပိုင်းကို ခရစ်သက္ကရာဇ် ၂၀၀ မှ ၃၀၀ နှစ်အတွင်းက တည်ဆောက်ခဲ့ခြင်း ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟု ခန့်မှန်း သတ်မှတ်ခဲ့သည်။ မထာကွန်ဝါကိုဋ် (ကောဋ) မှာ ရာမာဘာရ ကျောင်းနေရာမှ ကိုက် (၁၆၀၀)ခန့် ဝေးကွာသည်။ ထိုအကွာအဝေးကို မစ္စတာ ဗုကာနန်က ကိုက် (၄၀၀) ဟု ပြင်ဆင်ဆိုထားသည်။ Gen. Cunnigham က ဆက်လက်ရေးသားခဲ့သည်မှာ–

နက်ပြာရောင် ကျောက်တို့ဖြင့် ထုထားသည့် ရှင်ဗုဒ္ဓ၏ ဆင်းတုတော်ကြီးတခု ညောင်ပင်အောက်မှာရှိသည်၊ ထိုဆင်းတုသည် (၁၁) သို့မဟုတ် (၁၂) ရာစုနှစ်များက ထုထားသော ရုပ်တုဖြစ်နိုင်ပါသည်။ ထိုရုပ်တုမှာ ခေတ်ဟောင်းကာလက ရုပ်တု မဖြစ်နိုင်ပါ။ ထိုနေရာမှ ပေ ၁၀၀ ဝေးကွာနေသည့်နေရာတွင် အုတ်များဖြင့် တည်ဆောက်ထားသည့် စေတီ (ထူပါ) တစ်ဆူရှိသည်။ ရာမာဘာရနှင့် မာထာကွန်ဝါ ကြားနေရာ၌ ကြီးမြင့်သည့် မြေတောင်ပို့တခုရှိနေသည်။ ပမာဏမှာ စတုရန်းပေ (၅၀၀) ရှိသည်။ ၎င်းမြေတောင်ပို့ကို အနုရုဒ္ဓဝါ မြေပို့ဟု ခေါ်ကြသည်။

ဟူအင်ရှန်က ကုသိနာရုံမှ ဗာရာဏသီ၏ အကွာအဝေးခရီးကို (700 Lee)ဟု ရေးသားဖော်ပြထားသည်။ ထိုအကွာအဝေးသည် မိုင်အားဖြင့် (၁၁၂) မိုင်ခန့် ရှိနိုင်သည်။ ကုသိနာရုံ၏ တောင်ဘက်အရပ်၌ ဗာရာဏသီ တည်ရှိကြောင်း ဟူအင်ရှန်က ရေးသားထားသည်။ ဖာဟီယန်၏ ရေးသားတင်ပြချက်အရ ဝေသာလီမှ အနောက်အရပ်၌ (၁၄၈) မိုင် အကွာအဝေးရှိသော ခရီးတွင် ကုသိနာရုံ တည်ရှိကြောင်း ဖော်ထားသည်။ ယခုဆိုလျှင် ကုသိနာရုံ၏ ဝေသာလီမှ အကွာအဝေးသည် (၁၄၀) မိုင်ရှိနေသည်။ မြို့တည်နေရပ်မှာ ဝေသာလီ၏ အနောက်တောက်အရပ် ဖြစ်သည်။ ထိုမှတ်တမ်း မှတ်ရာများကို ထောက်ရှုခြင်းအားဖြင့် လက်ရှိ မာထာကွန်ဝါသည် ဘုရားရှင် ဗုဒ္ဓ၏ မဟာပရိနိဗ္ဗာန် ဝင်ခဲ့သည့် နေရာမှန်ဖြစ်ကြောင်း ထင်ရှားနေပါသည်။ အနုရုဒ္ဓဝါ ရွာသည် ခေတ်ဟောင်းက မလ္လတို့၏ ရာဇဌာနီမြို့ ကုသိနာရုံ တည်ရှိခဲ့ရာ နေရာဖြစ်ကြောင်းလည်း ထင်ရှားနေပါသည်။ ၁၈၆၀ ခုနှစ်တွင် Gen. Cunnigham ထင်မှတ်ခဲ့သည့်အတိုင်းပင် တူးဖော်ကြည့်သည့်အခါ အားလုံးမှန်ကန်နေကြောင်း ပေါ်လာခဲ့လေသည်။ လက်ရှိ မဟာပရိနိဗ္ဗာန်ဝိဟာရ နေရာသည်ပင် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်ခဲ့သည့် နေရာမှန်ဖြစ်ကြောင်းလည်း မှန်ကန်နေသည့်အပြင် ကာဆယ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



အနုရုဒ္ဓဝါ ရွာနေရာသည် ခေတ်ဟောင်းက ကုသိနာရုံမြို့ တည်ရှိခဲ့ကြောင်းလည်း မှန်ကန်နေကြောင်း တွေ့မြင်ခဲ့ရပါသည်။

လူအချို့တို့မှာ အနုရုဒ္ဓဝါရွာသည် ရှင်အနိရုဒ္ဓအား စွဲပြုခေါ်ခဲ့သည့် အမည်နာမ ဖြစ်နိုင်ကြောင်း ယုံကြည်ပြောဆိုတတ်ပါသည်။ သို့သော် ဒေါက်တာဓမ္မရက္ခိတမှာ ထိုအယူအဆကို လက်မခံ၊ အဘယ်ကြောင့်ဆိုသော် ရှင်ဗုဒ္ဓ၏ တစ်ဝမ်းကွဲ ညီတော်စပ်ခဲ့သူ ရှင်အနိရုဒ္ဓမှာ ဘုရားရှင် ပရိနိဗ္ဗာန် ပြုခဲ့ပြီးနောက် ကာလအနည်းငယ်မျှ ကုသိနာရုံတွင် နေထိုင်ခဲ့ပြီး၊ ရာဇာဂြိုဟ်သို့ ပြန်သွားခဲ့သည်။ ရာဇဂြိုဟ်မှ ကုသိနာရုံသို့ ပြန်သွားပြီး သီတင်းသုံး နေထိုင်ခဲ့သည့် အကြောင်း မတွေ့ရှိရသေးပါ။ သို့ဖြစ်ပါ၍ အနုရုဒ္ဓဝါ ဆိုသည့် အမည်နာမမှာ နောက်ပိုင်းခေတ်ကာလတွင် မှည့်ခေါ်ခဲ့သည့် အမည်ဖြစ်ကြောင်းကို ဒေါက်တာ ဓမ္မရက္ခိတက တင်ပြပြောဆိုခြင်း ဖြစ်သည်။ ဘိက္ခု ဒေါက်တာ ဓမ္မရက္ခိတ၏ အမြင်အရ သာလဝန်၊ မကုဋ်ဗန္ဓန၊ ကုသိနာရုံ စသည့် အမည်နာမများမှာ (၇)ရာစုနှစ်များအထိ မူရင်းအတိုင်း ရှိနေခဲ့ပါသည်။ သာလဝန်မှ မာထာကွဝါကိုင်၊ ကုသိနာရုံမှ အနုရုဒ္ဓဝါနှင့် မကုဋ်ဗန္ဓနမှ ရာမာဘာရ စသည် အမည်ပြောင်းလဲမှုမှာ (၁၂)ရာစု နောက်ပိုင်းနှစ်များက ဖြစ်နိုင်ပါသည်ဟု ထင်မြင်ယူဆ ထားသည်။

### တူးဖော်ခြင်း လုငန်း၏အစ။

ထိုအချိန်ကာလက သုတေသန ဌာန၏ ဒါရိုက်တာဖြစ်ခဲ့သူ Gen. A. cunnigham ၏ မှတ်တမ်းအရ ၁၈၇၅-၇၇ ခုနှစ်များတွင် မစ္စတာ A.C. Karlaila ၏ ဦးစီး ကွပ်ကဲမှုဖြင့် ရှေးဟောင်း သုတေသန ဌာနမှ ကုသိနာရုံရှိ မြေတောင်ပို့များကို စတင်တူးဖော် လာခဲ့ကြပါသည်။ မာထာဗာဗာ၏ ရုပ်တုနားရှိ ဝိဟာရကျောင်း နေရာနှင့် မာထာကွန်ဝါရ၏ အရှေ့ပိုင်း အစိတ်ပိုင်းရှိနေရာများကို စတင်၍ တူးဖော်ခဲ့ကြသည်။ ဤနေရာမှာ မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်း တည်ရှိခဲ့ရာ နေရာဖြစ်သည်။ Mr. Karlaila တို့အဖွဲ့က ထိုနှစ်တစ်နှစ်ထဲတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့် မုဒြာဖြင့် လဲလျောင်းနေသည့် ဆင်းတုတော်မြတ်ကို တူးဖော်တွေ့ရှိခဲ့နိုင်သည်။

နောက်တဖန် ၁၉၀၄-ခုနှစ်တွင် ဒေါက်တာ ဝိုကလေ၏ ဦးစီးကွပ်ကဲမှုဖြင့် တူးဖော်သည့် လုပ်ငန်းကို နိုဝင်ဘာလ ၂၈-ရက်မှ နောက်နှစ် ဖေဖော်ဝါရီလ ၂၈-ရက်အထိ လုပ်ခဲ့ရပါသည်။ ထိုအချိန်က ပဏ္ဍိတ ဟီရာနန္ဒ ရှာထရီနှင့် ပဏ္ဍိတ ဒယာရာပ ဆဟာနီတို့က စိတ်ပါဝင်စားကြွားစွာ ပါဝင်အလုပ် လုပ်ခဲ့ကြသည်။ ထိုနှစ်ကာလတွင် စေတီကြီး၏ အရှေ့ဘက်ရှိ စတုရန်းပုံရှိသည့် ထုပါနေရာတွင် တူးဖော်ခဲ့ကြသည်။ မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်း နေရာနှင့် မဟာစေတီ၏



အနောက်ဘက်ရှိ မြေနေရာများတွင် တူးဖော်သည့် လုပ်ငန်းကို ပြုလုပ်ခဲ့ရပါသည်။ ထိုနှစ်က တူးဖော်ရာတွင် အရေးပါတန်ဖိုးကြီးသည့် ပစ္စည်းပစ္စယများကို ရှာဖွေတွေ့ရှိခဲ့ ပါသည်။ ၁၉၀၄-ခုနှစ် တူးဖော်လုပ်ငန်း ကုန်ကျစရိတ်မှာ ၉၉၉ ရူပီး စာရင်းပြထား ပါကြောင်း တွေ့ရှိရပါသည်။

နောက်တဖန် ၁၉၀၆-ခုနှစ် ဇန္နဝါရီလမှစ၍ မတ်လကုန်အထိ တူးဖော်သည့် လုပ်ကန်းကို ဒေါက်တာ ဝိုကလေ၏ ဦးစီးကွပ်ကဲမှုဖြင့် ပြုလုပ်ခဲ့ပါသည်။ ထိုနှစ်တွင် တူးဖော် လုပ်ငန်း၏ ကုန်ကျစရိတ်မှာ ၁၉၇၉-ရူပီးဖြစ်သည်။ ထိုနှစ် တူးဖော်မှုတွင် အောင်မြင်မှုများစွာ ရရှိခဲ့ပါသည်။ ရွှေ၊ ငွေ၊ အသပြာ အများအပြား၊ ရုပ်တု၊ ကျောက်စာ စသည့် အဖိုးတန်ပစ္စည်းများ ရရှိခဲ့သည်။ ရှေးဟောင်း သုတေသနဆိုင်ရာ အရေးပါ ပစ္စည်းများလည်း ရှာဖွေရရှိခဲ့ကြောင်း မှတ်တမ်း တင်ထားခဲ့ပါသည်။ တူးဖော်သည့် လုပ်ငန်းကို ၁၉၀၆-ခုနှစ် ဒီဇင်ဘာ (၃)ရက်နေ့မှစ၍ ၁၉၀၇-ခုနှစ် ဖေဖော်ဝါရီလကုန်ထိ လုပ်ကိုင်ခဲ့ရာ ၃-လကြာခဲ့ပါသည်။ ယင်းနှစ်က တိုက်ငယ်ရှိ လေး၊ ငါးနေရာတို့တွင် တူးဖော်ခဲ့ကြသည်။ ကုန်ကျစရိတ်မှာ ၃၇၀၀-ရူပီး ဖြစ်သည်။

၁၉၀၉-၁၀-ခုနှစ်များတွင် ဆက်လက်တူးဖော်ကြခဲ့ရာ အစိုးရထောက်ပံ့ငွေ ၃၀၀၀ ရရှိခဲ့သည်။ ၁၉၁၀-ခုနှစ် ဧပြီလအလယ်အထိ တူးဖော်သည့် လုပ်ငန်းကို အားကြိုးမာန်တက် ပြုလုပ်ခဲ့ကြ၍ အစိုးရထံမှ ရရှိထားသော ထောက်ပံ့ငွေများ ပြတ်သွားခဲ့ရာ ကုန်ကျစရိတ် အတွက် အကြပ်တည်းဖြစ်လာခဲ့ရာ ထိုစဉ်က ဝိဟာရ ကျောင်း၏ ဆရာတော် မဟာဝီရဆွာမိက မာထာကွန်ဝါရှိ ဆင်းတုတော်ကို ပြင်ဆင်သွားရန် ငွေ ၆၀ ရူပီး လှူခဲ့ပါသည်။ နောက်တဖန် ၁၉၁၁-ခုနှစ် ဒီဇင်ဘာလမှ ၁၉၁၂-ခုနှစ် မတ်လကုန် လေးလခန့် တူးဖော်မှု လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ ငွေရူပီး ၃၀၀၀၀ အထိကုန်ကျခဲ့ရပါသည်။ နောက်ဆုံး (၂)နှစ်တူးဖော်ရာတွင် ပဏ္ဍိတ ဟီရာနန္ဒမှာ အံ့သြဘွယ်ရာ ကျောက်စာအချို့တို့ကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ထိုကျောက်စာများက မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်ပြုခဲ့သည့် နေရာအမှန်မှာ ဤနေရာပင်ဖြစ်ကြောင်း သက်သေခံပေးခဲ့ကြသည်။

### မဟာပရိနိဗ္ဗာန် ဝိဟာရ

၁၈၇၆-ခုနှစ်တွင် မစ္စတာ ကာရလယိလ၏ ဦးစီးကွပ်ကဲမှုဖြင့် မဟာပရိနိဗ္ဗာန် ဝိဟာရ ကျောင်းနေရာကို စတင်တူးဖော်ခဲ့ကြသည်။ ထိုတူးဖော်မှု မတိုင်ခင်ကာလက ဤဝိဟာရကျောင်း နေရာသည် မြေတောင်ပို့တခုပမာ မြင်တွေ့နေရပါသည်။ ဆယ်ပေခန့် မြေအောက်တူးဖော်ခဲ့သည့်အခါ ဗုဒ္ဓဆင်းတုတော်ကြီး၏ အပေါ်ပိုင်းကို တွေ့မြင်လာခဲ့ရပါသည်။ ဆင်းတုတော် အပေါ်ပိုင်းကို ဘိလပ်မြေ ပလာစတာ ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခဲ့ရသည်။ ဆက်လက်တူးဖော်ခဲ့သည့်အခါ အလျားပေ (၃၀) အနံ (၁၂) ပေရှိ ကျောင်းသင်္ခမ်းတခုကို တွေ့ရှိခဲ့ရပါသည်။ ထိုကျောင်းသင်္ခမ်း၏ နံရံများသည် (၁၀) ပေခန့်အနံရှိသည်။ ထိုကျောင်းခန်းမ၏ အလယ်ဗဟိုတွင် ပြိုပျက်နေသော သီဟာသန ပလ္လင်ပေါ် ရှင်ဗုဒ္ဓ၏ ဆင်းတုတော်တခုကို တွေ့ခဲ့သည်။ ဘုရားရှင် ဆင်းတုတော်၏ ဦးခေါင်းမှာ မြောက်အရပ်သို့ တည်ထားပြီး မျက်နှာမှာ အနောက်အရပ်သို့ လှည့်ထား၍ အိပ်ပျော်နေသည့်မုဒြာဖြင့် ထုထားသော ဗုဒ္ဓဆင်းတုတော်တခု ဖြစ်နေသည်။ ထိုဆင်းတုတော်မှာလည်း ပျက်ပြားနေသည့် အခြေအနေဆိုးတွင် မြင်တွေ့ခဲ့ရပါသည်။ ဆင်းတုတော်၏ အပေါ်ပိုင်းတွင် လက်ဝဲဘက်ခြေထောက် ကျိုးပဲ့နေခဲ့သည်။ အပြင်ဆင်းတုတော်မှာ ခန္ဓာကိုယ်အပိုင်း အချို့တို့ကလည်း ကျိုးပျက်နေသည့်အပြင် လက်ဝဲလက်ကလည်း ကျိုးပဲ့နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ဦးခေါင်းပိုင်းနှင့် မျက်နှာပိုင်းတို့မှာလည်း ပျက်ပြားနေခဲ့ပါသည်။ ဆက်လက် တူးဖော်ရာတွင် ဆင်းတုတော်၏ ကျိုးပဲ့ကျနေခဲ့သည့် အစိတ်ပိုင်းများကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ယင်းဆင်းတုတော်သည် သံကျောက်တို့ဖြင့် ထုခဲ့သည့် ဆင်းတုတော် ဖြစ်နေသည်။ ထိုကျောက်များမှာ နက်ပြာရောင် ကျောက်များဖြစ်ခဲ့သည်။ အနီးအနားရှိ အုတ်ခဲများကို ခိုင်မာသည့် ပလပ်စတာဖြင့် ဖုံးအုပ်ထားကြောင်း တွေ့ရှိခဲ့ရပါသည်။

သီဟာသန ပလ္လင်၏ အလျားမှာ (၂၄)ပေရှိ၍ ဆင်းတုတော်မှာ အလျား ပေ (၂၀) ရှိခဲ့သည်။ ဝိဟာရကျောင်းတော်၏ ပြင်ပပိုင်းမှာ (၄၇' ၆"×၃၂') ပမာဏရှိခဲ့သည်။ ထိုကျောင်းသင်္ခမ်း၏ အနောက်ဘက်ပိုင်းတွင် အလျား (၃၆'၆" × အနံ ၁၅') ပမာဏရှိသော အခြားခန်းမ တခုကို တွေ့ခဲ့ရပါသည်။ ထိုခန်းမကို ၅' ပေကျယ် နံရံတို့ဖြင့် တည်ဆောက်ထားခဲ့သည်။

ယင်းဗုဒ္ဓဆင်းတုတော် (ပဋိမာ)၏ အစိပ်အပိုင်း အတော်များများတို့သည် ဘူမိမြေအောင်တွင် ဖုံးလျက် ရှိခဲ့သည်။ မစ္စတာ Karlaila သည် (ဂိုရခ်)ပူ ခရိုင်မှူး မစ္စတာပိတာ၏ အကူအညီဖြင့် ဆင်းတုတော်နှင့် ဝိဟာရကျောင်းတို့ကို ပြန်လည် ပြင်ဆင်ခဲ့သည်။ သီဟာသန ပလ္လင်၏ လေးဘက်လေးဒေါင့်မှာ ကျောက်တိုင်တခုစီ စိုက်ထူထားခဲ့သည့်အနက် ကျောက်တိုင် နှစ်တိုင်ကိုသာ ပြန်လည်ရှာတွေ့ခဲ့သည်။ ပလ္လင်၏ နောက်ခံအပိုင်းကို ကျောက်ပြားတို့ဖြင့် ခံ၍ပြုလုပ်ထားခဲ့သည်။ သို့သော် ယင်းကျောက်ပြားများကို ရှာမတွေ့ရှိခဲ့ပါ။ သီဟာသန ပလ္လင်၏ အနောက်ဖက်ပိုင်းတွင် ကျောက်အနက်တို့ဖြင့် ထုထားသည့်ဆင်းတု (ရုပ်တု) သုံးခုတို့ကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ယင်းဆင်းတုမှာ ဦးခေါင်းကို ညာဖက်လက်ပေါ်မှီထား၍ စိုးရိမ်ပူပန်သည့် မုဒြာဖြင့် ထုထားသော ရုပ်တုဖြစ်နေသည်။



အောက်ကဆင်းတုမှာ သုဘဒ္ဒရ၏ ရုပ်တုဖြစ်ပါသည်။ တရိဒါက်ကို ရှေ့ထားကာ ထင်ပျဉ်ခွေ ထိုင်နေသည့်ပုံဖြင့် ထုထားပါသည်။ ထိုဆင်းတု၏ အောက်တွင် ဂုပ္တဘုရင်တို့၏ ခေတ်ကာလက ကမ္ပည်းထိုး ရေးသားထားသည်။ ထိုကျောက်စာပေါ် ရေးသားထားသည့် စာသားများ၏ အနက်ကို မစ္စတာ ကာရလယိလက ဤသို့ ဖွင့်ထားသည်။

'ဆွာမိ ဟာရိဗလသည် ဤဆင်းတုတော်ကို ထုခိုင်းသည်။ ဆင်းတုကို ထုသည့် ပုဂ္ဂိုလ်မှာ သူရမည်ခဲ့သည်။ ဤဆင်းတုကို ပထမ သံဃာယနကို အမှတ်တရဖြစ် ဟာရိဗလက လှူဒါန်းခဲ့သည်။ 'ဘီလစာ'နှင့် ဆန်းချီတို့တွင် သီဟာခြသေ့် ဦးခေါင်းပုံနှင့် ကျောက်တိုင်များကို လှူဒါန်းခဲ့သည် သူရနှင့် ယခုသူရတို့က လူပုဂ္ဂိုလ် တဦးတည်း ဖြစ်နိုင်သည်။' သို့သော် ဒေါက်တာ J.F. Fleet က ထိုစာသားများကို အဓိပ္ပါယ် တစ်မျိုးဖွင့်ထားသည်။

ဤဆင်းတုတော်သည် ဆွာမိဟာရိဗလက လှူဒါန်းခဲ့သည့် လှူဒါန်းပစ္စည်း ဖြစ်ကြောင်း ရှင်းပါသည်။ ဤဆင်းတုတော်ကို ထုလုပ်ပေးသူမှာ မထုရာ (ဝါသီ) နေဒိန္န ဆိုသည့် ပုဂ္ဂိုလ်မှ ထုပေးခဲ့သည်။ ဆွာမိဟာရိဗလမှာ ဒိန္နဆိုသူ ပန်းပုဆရာထံမှ အခြားဆင်းတုတော်များကို သာဝတ္ထိ၊ သာရနာထနှင့် ဗောဓဂယာတို့မှာလည်း လှူဒါန်းတည်ထောင်ပေးခဲ့သည့် မှတ်တမ်းများရှိပါသေးသည်။

တူးဖော်ရှာဖွေရာတွင် ရရှိခဲ့သည့်ကျောက်စာတခုအရ ဤဝိဟာရကျောင်းကို ဘုရင် ကုမာရဂုပ္တ လက်ထက် (ခရစ်သက္ကရာဇ် ၄၁၃-၅၅)တွင် တည်ဆောက်ခဲ့ရ ပါသည်။ ဟာရိဗလမှာ ထိုအချိန်ကာလတွင် အလွန်ချမ်းသာသည့် သေဋ္ဌိ (သူဌေး) တဦးဖြစ်ခဲ့သည်။ ဒိန္နမှာ မထုရာတွင် နေထိုင်သော နာမည်ကြီး ပန်းပုဆရာတဦး ဖြစ်ခဲ့သည်။ ဟာရိဗလမှာ ထိုစဉ် ထိုအခါက အချမ်းသာဆုံး မဟာယန ဗုဒ္ဓဘာသာ ဘိက္ခု (ရဟန်း) တပါးဖြစ်ကြောင်းကိုလည်း နောက်အဆိုတခုအား သိရှိရပါသည်။ မထုရာနယ်မြေသည် ကုသဏမင်းဆက် အချိန်ကာလကစပြီး ဂုပ္တမင်းများ လက်ထက်ထိ ပန်းပု ပန်းချီ အတတ်ပညာတို့၌ အိန္ဒိယပြည် တဝှမ်းလုံး၌ ကျော်ကြားခဲ့သည့် နေရာဖြစ်ခဲ့သည်။ သာဝတ္ထိနှင့် သာရနာတရှိ ဆင်းတုတော်များ ပမာ ကုသိနာရုံရှိ ဆင်းတုများမှာ ကျောက်အလွှာလွှာရှိသော သဲကျောက်တို့ဖြင့် ထုခဲ့သည့် ဆင်းတုတော်များ ဖြစ်ကြသည်။

မစ္စတာ Karliala က မဟာပရိနိဗ္ဗာန် ဝိဟာရရှိ ဆင်းတုတော်ကို သူ့မူရင်းအတိုင်း မြင်လာနိုင်ရန် အလွန်ကြိုးစားပမ်းစား ပြန်လည်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆေးရောင်များခြယ်ရန် လိုသည်များကိုလည်း အလိမ္မာရှိရှိ ခြယ်ပေးခဲ့ပါသည်။ ဗုဒ္ဓဆင်းတုတော်မှာ သူ့မူရင်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့လာခဲ့ပါသည်။ ဆင်းတုတော်ကို ထုပေးခဲ့သည့် ပန်းပုဆရာ၏ အံ့သြဘွယ်ရာကောင်းသောလက်ရာမှာ အတုမရှိတင့်တယ်သည်။ ရှင်ဗုဒ္ဓ၏ ရုပ်တုကို လဲလျောင်းနှစ်ခြိုက်စွာ အိပ်ပျော်နေသည့်မုဒြာဖြင့် ထုထားသော ဤဆင်းတုတော်ကို ဂရုစိုက်ဖူးမြော်ကြည့်ရှုပါက ပန်းပုဆရာသည် ဤဆင်းတုမှ သမာဓိ၊ ကရုဏာနှင့် မုဒိတာပေါ်လာအောင် ထုပေးနိုင်ခဲ့သည့် ဗုဒ္ဓဆင်းတုတော်ကြီး ဖြစ်ကြောင်းကို သိရပါလိမ့်မည်။

မစ္စတာ ကာရလယိလက ဆက်လက်၍ ဝိဟာရကျောင်း၏ တံခါးပေါက်များကို တူးဖော်ရာခဲ့ရာ တံခါးပေါက်ရှိခဲ့သည့် မြေအောက်တွင် တွင်းနှစ်ခုကို တွေ့ရှိခဲ့ရပါသည်။ တွင်းနားမှာ လက်ဘက်ရည်ခွက် ပုံသဏ္ဌာန်ရှိသော သံပတ္တာ၊ မီးလောင်ခဲ့သည့် တံခါးပေါက်၏ အစိပ်အပိုင်းအချို့၊ မီးသွေးများနှင့် လူ့သားတို့၏ အရိုးများ အခြားမီးလောင်ခဲ့သည့် ပစ္စည်းများ တွေ့ခဲ့ရပါသည်။ ထိုမြင်ကွင်းကို ထောက်ရှုကာ ဤဝိဟာရ ဘုရားကျောင်းကို ဓါးအားကိုးဖြင့် ဝင်ရောက်မီးရှို့ ဖျက်ဆီးခဲ့ရသည်ဟု မစ္စတာ Karliala က ကောက်ချက်ချ ရေးသားထားသည်။ သို့သော် မဟာဝိဟာရကျောင်းထိုင်ဆရာတော်က သေသေချာချာ ထောက်ရှုလေ့လာပြီး ယုံကြည်ပြောဆိုသည်မှာ ဤဆင်းတုတော်မှာ (Terracota) မြေကျောက်တို့ဖြင့် ထုထားသည့် ဆင်းတုတော်ဖြစ်သည်။ သေချာကြည့်ရှု စမ်းစစ်ကြည့်ပါလျှင် ဘန္တေ့သီလပရကာရှ်ပြောစကားများ မှန်ကန်နေကြောင်း သိရှိရမှာဖြစ်သည်။

မစ္စတာ Karliala က ဝိဟာရကျောင်းတွင် အခြားဆောင်ရွက်စရာတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ဝိဟာရကျောင်း၏ ခေါင်မိုးကို ပြင်ဆင် မိုးသည့်အလုပ်ကို ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ဗုဒ္ဓဆင်းတုတော်၏ လေးဘက်လေးရံတွင် သံစကာများဖြင့် ကာရံခဲ့ပြီး တံခါးပေါက်တို့ကို သံချောင်းများဖြင့် ပြုလုပ်တပ်ဆင်ပေးခဲ့သည်။

ဗုဒ္ဓဝိဟာရ၏ အနောက်ဘက်မှာ အောက်ဆင်းရန် ရှေးဟောင်းလှေကားတခု တွေ့ရှိခဲ့သည်။ ဝိဟာရကျောင်းနံရံတွင် တပ်ဆင်ထားခဲ့သည့် မဟာမာယာဒေဝီ၏ ရုပ်တုတခုရှိခဲ့သည်။ ထိုရုပ်တုကို နက်ပြာစိမ်းရောင် ကျောက်တို့ဖြင့် ထုထားသည့် ရုပ်တုဖြစ်ခဲ့ပါသည်။ ယင်းရုပ်တုကိုလည်း မဟာဝိဟာရကျောင်းတော်၏နံရံရှိ ဘုရားစင်တခု၌ တင်ထားပူဇော်လာခဲ့သည်။ နံရံမှာ မဟာပိန္နဲ ဝိဿကုစသည် ဟိန္ဒူဘာသာဝင် ကိုးကွယ်ကြသည့် အခြားဘုရားများ ရုပ်တုတို့ကိုလည်း ဆင်ထားကြောင်းလည်း တွေ့ရှိခဲ့ရပါသည်။ မဟာပရိနိဗ္ဗာန် ဝိဟာရရှေ့က ရေတွင်းကိုလည်း ထိုနှစ်ကပင် ရှာတွေ့ခဲ့သည်။ ထိုရေတွင်းမှာ (၁၂) ပေခန့် နက်ပါသည်။ တရုတ်ခရီးသည် ဟူအင်ရှန်က မိမိ၏ ဒိုင်ယာရီ မှတ်တမ်းတွင် ထိုရေတွင်းအကြောင်းကို ဖော်ပြပေးထားပါသည်။ ဟူအင်ရှန် မှတ်တမ်းအရ ထိုရေတွင်းရေမှာ ချိုသာခဲ့သည်။



ထိုတွင်းမှာ အောက်ခြေတွင် စတုရန်းပုံရှိ၍ အပေါ်ပိုင်းမှာ ပုံသဏ္ဌာန်အားဖြင့် အဝိုင်းပုံရှိ၏။

မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်း၏ အနောက်မြောက်အရပ်ရှိ တိုက်ဆောင်ကို မစ္စတာ Karliala ကပင် စ၍ဦးဆောင် တူးဖော်ခဲ့သည်။ ထိုတူးဖော်မှု လုပ်ငန်းကို ၁၉၀၄-၅ ခုနှစ် ဒေါက်တာ ဗိုကလေ၏ ကြီးကြပ်မှုဖြင့် ပြန်လည်ပြီးစီးအောင် တူးဖော်ခဲ့သည့်အခါ အရေးပါပစ္စည်း အများအပြားတို့ကို ရရှိခဲ့ပါသည်။ ဤတိုက်ဆောင်သည် ရှေးဟောင်း ဝိဟာရကျောင်း တကျောင်းဖြစ်နေခဲ့သည်။ ပေ (၁၅၀) တွင် စတုရန်းပုံဖြင့် တည်ဆောက်ခဲ့သည့် ကျောင်းဖြစ်သည်။ ဤကျောင်းတော်၏ ပြင်ပ နံရံမှာ (၉2 ) အကျယ်ရှိ၍ အတွင်းနံရံမှာ အကျယ် ၄2 ရှိသည်။ ထိုအချက်အလက်များကို ထောက်ရှုခြင်းဖြင့် ဤတိုက်ကျောင်းမှာ အထပ် ၃-၄ ထပ် ကျောင်းတိုက်ဖြစ်ကြောင်း ထင်ရှားနေပါသည်။ တိုက်အဆောင်အလယ်နေရာတွင် ၇၄2 ခန့် စတုရန်ပုံရှိသော မြေကွက်တခုရှိနေသည်။ ထိုမြေကွက်လပ်၏ ပတ်လည်၌ တိုက်ခန်းကလေး တည်ဆောက်ထားသည်။ ထိုအခန်းကလေးများမှာ ဘိက္ခုတပါးစီ သမာဓိထိုင်ရန် တည်ဆောက်ထားပုံပေါက်သည်။ ထိုမြေကွက်လပ်ပေါ် ရေတွင်းနှစ်တွင်းရှိခဲ့သည်။ ခုနစ်နှင့် ၉2 ခန့် နက်သည့်တွင်းများ ဖြစ်ကြသည်။ ၉2 ခန့်နက်နေသော ရေတွင်းကို ပြန်လည် တူးဖော်သည့်အခါ ခရစ်သက္ကရာဇ် ၉၀၀ လောက်ကပြုလုပ် မီးဖုတ်ထားသည့် မြေပြားများ တွေ့ရှိခဲ့ရပါသည်။ ထိုအကြောင်းကို ထောက်ရှုက ရှေးဟောင်း သုတေသန ပညာရှင်များက ဤတိုက်ကျောင်းကို ခရစ်သက္ကရာဇ် ရှစ်ရာခုနှစ်များက တည်ဆောက်ခဲ့သည့် ကျောင်းဆောင် ဖြစ်နိုင်ကြောင်း ပြောဆို သတ်မှတ်ကြသည်။ အချို့အချို့သော ရှေးဟောင်း သုတေသန ဆိုင်ရာ ပညာရှင်များကို ရှစ်ရာခုနှစ်များတွင် တည်ဆောက်ခဲ့သည့် ကျောင်းဆောင် ပျက်စီးသွားပြီး ယင်းတိုက်ဆောင်၏ မူလအခြေခံပေါ် ကိုးရာစု နောက်ပိုင်း နှစ်များတွင် ကျောင်းဆောင်အသစ် ပြန်ဆောက်ခဲ့ရကြောင်း ဖြစ်နိုင်ပါသည်လို့လည်း ဆိုကြပါသည်။

ဤကျောင်းဆောင်၏ အဓိက မုခ်ဝမှာ အရှေ့ဘက်က ဖွင့်သည်။ အနီးအနားမှာ အလျား ၁၇2 အနံ ၁၀2 ရှိ အဝင်ဆောင်တခုရှိပါသည်။ ဤတိုက်ကျောင်း၏ တူးဖော် ဆိုင်ရာအလုပ်များမှာ ၁၉၀၅-၀၆ နှစ်များတွင် ပြီးစီးခဲ့ပါသည်။ တဖန် ၁၉၁၂-ခုနှစ်တွင် ကျောင်းဆောင်၏ အတွင်းပိုင်းကို ပြန်လည် စစ်ဆေးခဲ့ကြသည်။ တူးဖော်ရာတွင် ရရှိခဲ့သည့် ပစ္စည်း ပစ္စယများ စာရင်းက အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) သေးငယ်သော ကြေးဝါအိုးတလုံး ရရှိခဲ့သည်။ ထိုကြေးဝါအိုးကလေးပေါ် ဂုပ္တာခေတ်သုံး အက္ခရာတို့ဖြင့် ဤသို့ ရေးထားသည်။ 'ယေဓမ္မာ ဟေတု

www.burmeseclassic.com

www.burmeseclassic.com



ပရာဘဝ' ထိုသုံးကြောင်းရှိ စာသား ခါတ်ပုံကို မစ္စတာ Karliala က ဦးစွာ ပထမ ကူးယူပုံနှိပ်ဖြန့်ဝေခဲ့သည်။

(၂) အများအပြားသော မီးဖုတ်ခဲ့သည့် အုတ်ငယ်များ ရရှိခဲ့သည်။ အကြီးဆုံး အုတ်က ၁၈"×၁၁"×၄¾" ပမာဏ ရှိခဲ့သည်။

(၃) အဝင်ဝအဆောင်ကို တူးဖော်ရာတွင် ထင်းမီးသွေးများ၊ သံချောင်းတိုများ တွေ့ရှိခဲ့ရာ ထိုပစ္စည်းများမှာ သစ်သားနှင့် သံတို့ဖြင့် တည်ဆောက်ထားခဲ့သည့် တံခါးပြင်မှာ ဖြစ်နိုင်ပါသည်။

(၄) ဤတိုက်ကျောင်းနေရာကို တူးဖော်ရာတွင် မြေမီးဖုတ်ဖြင့် ပြုလုပ်ခဲ့သည့် တံဆိပ်တုံးလေးခုတို့ကို ရှာဖွေ တွေ့ရှိခဲ့ပါသည်။ ယင်းတံဆိပ်တုံးများပေါ် ရုပ်တုတို့ဖြင့် ထုထားသည်။ ကြက်ဥပမာလုံးနေသည့် တံဆိပ်တုံးပေါ် ဘုရားရှင်ဗုဒ္ဓ ညောင်ပင်အရိပ်အောက်တွင် ဖော်ထုထားသည့် ကြာပွင့်ပေါ် ထိုင်နေပုံကို ထုထားခဲ့သည်။ ဒုတိယ တံဆိပ်တုံးမှာလည်း အလားတူဖြစ်၍ ၎င်းအပေါ်ဘုရားအလောင်း အရိမေတ္တိယ ပုံဖြင့်ထုထားသည်။ တတိယ တံဆိပ်တုံးက ပုံသဏ္ဍာန်အားဖြင့် အဝိုင်းပုံရှိ၍ ရှင်ဗုဒ္ဓ ဒုက္ခရစရိယ ကျင့်ကြံသည့် ပုံပါသည်။ စတုတ္ထနှင့် ပဉ္စမ တံဆိပ်တုံးတို့ကလည်း ပုံသဏ္ဍာန်တူနေ၍ ရှင်ဗုဒ္ဓရုပ်တုပုံတို့ဖြင့် ထုထားခဲ့ကြသည်။ ဤတံဆိပ်တုံးများက ခရစ်သက္ကရာဇ် ၉၀၀ နှစ်ပတ်ဝန်းကျင်က ပြုလုပ်ထားသည့် တံဆိပ်တုံးများဖြစ်ခဲ့သည်။

(၅) မီးဖုတ်ထားသည့်မြေဖြင့် ပြုလုပ်ခဲ့သည့် အခြားတံဆိပ်တုံးတို့ကိုလည်း ရရှိခဲ့ပါသည်။ ယင်းတံဆိပ်တုံးများကို Parcel သို့မဟုတ် စာများပို့ပေးရာတွင် သုံးစွဲခဲ့သည့် တံဆိပ်တုံးများ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

(၆) ဤတံဆိပ်တုံးများအပြင် မဟာပရိနိဗ္ဗာန် ကျောင်းတိုက်ကို တူးဖော်ရာတွင် သစ်သားပြား (၁၁) ပြားတို့ကို ရရှိခဲ့ပါသည်။ ယင်းသစ်ပြားပေါ် ရေးသားထားသည့် စာသားများနှင့် ပုံတူများလည်း ပွန်းပဲ့ကာ ဖတ်မရနိုင်သည့် အခြေအနေမျိုး၌ ရှိခဲ့သည်။ ဒေါက်တာ ဝိုကလေးက ထိုသစ်ပြားများ အကြောင်းကို အကျယ်တစ်ဝန်း ဖော်ပြပေးထားကြောင်း တွေ့ရှိနိုင်ပါသည်။

မဟာပရိနိဗ္ဗာန် ကျောင်း၏ တောင်ဘက်၌ ရှေးဟောင်းခေတ်က လေးထောင့်ပုံဖြင့် တည်ဆောက်ခဲ့သော ကျောင်းဟောင်း တစ်ကျောင်းရှိခဲ့ရာ ထိုကျောင်းနေရာကို သုတေသနဆိုင်ရာတို့က ၁၉၀၅–၀၇ ခုနှစ်များအတွင်း တူးဖော်ခဲ့ကြပါသည်။ ထိုတူးဖော်ရာတွင် သုတေသနဌာန တွေ့ရှိချက်များကို ဒေါက်တာ ဘိက္ခု ဓမ္မရက္ခိတက အောက်ပါအတိုင်း ရေးသားဖော်ပြပေးထားပါသည်။



ဝိဟာရ (L)

ရှေးဟောင်း ဝိဟာရကျောင်း၏ မြောက်ဘက်အရပ်တွင် အရှေ့ဘက်စွန်း၌ တည်ရှိခဲ့သည့် ဝိဟာရကျောင်းကို (L) ဟူ၍ ခေါ်ထားခဲ့သည်။ ဤကျောင်းရှေ့တွင် ၂2 ×၈" စတုရန်းပုံရှိ ရေတွင်းတတွင်းရှိသည်။ သက္ကရာဇ် ၁၈၇၅–ခုနှစ် မစ္စတာ Karliala ရောက်ခဲ့သည့်ကာလက ဤကျောင်းနေရာသည် မြေတောင်ပို့ (ဂမုန်းကြီး) သာသာ ရှိခဲ့သည်။ ၁၉၀၅–၀၆ ခုနှစ်များတွင် ဤတောင်ပို့၌ တူးဖော်မှုလုပ်ငန်းကို မစ္စတာ ဝိုကလေက ဦးဆောင်မှု ပြုလုပ်ခဲ့ရပါသည်။ ထိုအချိန်က ဤဂမုန်းကြီးပေါ် သစ်သီးခြံတခုရှိခဲ့ပါသည်။ ထိုနေရာမှ မလှမ်းမကွာသည့် နေရာတွင် မဟာပရိနိဗ္ဗာန် ကျောင်း၏ (ပူဇာရီ) ဗြာဟ္မဏဆရာနှင့် ကျောင်းစောင့်တို့၏ တဲကလေးများ ရှိခဲ့သည်။

တူးဖော်ကြည့်သည့်အခါ မြေအောက်ရောက်လျက်ရှိသော ကျောင်းဟောင်း၏ အခန်းများကို ဘိလပ်မြေနှင့် ကျောက်တွင်းတို့ဖြင့် တည်ထားခဲ့ကြောင်း သိရှိရပါသည်။ တူးဖော်ကြည့်သော ထိုကျောင်းကြီးကို ဘုရင်နှစ်ပါးတို့ လက်ထက်ကပြန်လည် ပြင်ဆင်မွမ်းမံခဲ့ကြောင်း အထောက်အထားများဖြင့် သိရှိခဲ့ရပါသည်။ ဤကျောင်းတော်၏ အဓိကမုခ်မှာ အရှေ့ဘက်သို့ မျက်နှာမူထားခဲ့ကြောင်း ထင်ရှားသိသာခဲ့ရပါသည်။ တူးဖော်သည့်အခါ လှေကားတခုကို တွေ့ရှိခဲ့ရပါသည်။ ထိုလှေကားကို ကျောင်းအပေါ်ထပ်သို့ တက်ဆင်းနိုင်ရန် ပြုလုပ်ခဲ့ကြောင်း ထင်ရှားနေသည်။ ကွန်ကရိတ်ကျောက်သား ပြိုပျက်ကျနေသည့် ပုံပမာဏကို တွက်ကြည့်ပါက ဤကျောင်းမှာ နှစ်ထပ်ကျောင်း ဖြစ်ခဲ့ကြောင်း သိသာနိုင်ပါသည်။ ကံကရိတ်ကျောက်သား ပုံအပေါ်က ၃2 ခန့်မြင့်နေသောပုံသည် ကျိုးပဲ့ပျက်စီးနေသော ပုကန်ပြားစသည်တို့၏ပုံ ဖြစ်နေသည်။ ဤကျောင်း၏ တံခါးပြူတင်းနှင့် ထုပ်ဆီး စသည်တို့ကို သစ်သားများဖြင့် တည်ဆောက်ထားကြောင်း လက္ခဏာများ တွေ့ရှိခဲ့ရပါသည်။ တူးဖော်ရာတွင် တွေ့ရှိခဲ့ရသည့် မီးသွေးပုံကို ကြည့်ရခြင်းဖြင့် ထိုသို့ခန့်မှန်းရပါသည်။ မီးသွေးပုံ ၁2 ခန့်တောက်လျှောက် ပုံလျက်ရှိကြောင်းကို တွေ့မြင်ခဲ့ရပါသည်။ တခါပြိုပျက်ပြီး နောက်တခါ ထိုအခြေမြစ်ပေါ် ဒုတိယတကြိမ် ကျောင်းပြန်တည်ခဲ့သည့် လက္ခဏာများ တွေ့ရှိခဲ့ရပါသည်။

## ရရှိခဲ့သော ပစ္စည်းများ

(၁) အိမ်ရှေ့ ဝါရန်တာ၌ သစ်သားတိုင်နှစ်တိုင် တွေ့ရှိခဲ့ရသည်။ ယင်းတိုင်တို့အပေါ် ခရစ်သက္ကရာဇ် ၁၀၁၅ ခုနှစ် ခေတ်ကာလက ထွင်းထားသည့် သစ်ပန်းပုများတွေ့ရသည်။ ထိုပန်းပုများက ကျောင်းပလ္လင်ပေါ်ထိုင်နေသည့် ဘိက္ခုတပါးဘက်သို့ ညွှန်ပြလျက်ရှိခဲ့သည်။ အထဲမှာ သစ်များဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထွင်းထားသော သင်္ကန်းဝတ်ပုံဖြင့် ထုထားသည့် ရုပ်တုတခု ရရှိခဲ့ပါသည်။ ယင်းဝိဟာရကျောင်းတွင် သုံးထားသောသစ်သား သစ်ပြားအားလုံးတို့ကို ပန်းချီကနုတ်များ ထွင်းထားခဲ့ပါသည်။

(၂) ကျောင်းမှာ ပတ်လည်ပုံသဏ္ဌာန်ဖြင့် တည်ဆောက်ခဲ့သော ကျောင်းဖြစ်နေသည်။ အလယ်တွင် ရှိသော မြေကွက်လပ်၏ အလယ်တွင် ရှိခဲ့သည့် ရေတွင်းကို ပြန်လည်တူးဖော်သည့်အခါ ပန်းကန်ပြား အကျိုးအပဲ့နှင့် အခြားအုတ်များနှင့် အကျိုးအပဲ့ စသည်တို့ကို တွေ့ရှိခဲ့ရပါသည်။ အနက် ၁၆2 အထိ တူးဖော်သွားရာတွင် မီးဖုတ်မြေ တံဆိပ်တုံး (၃) ခုတို့ကို ရရှိခဲ့သည်။ ပထမ တံဆိပ်တုံးက ကြက်ဥပုံသဏ္ဌာန်ရှိခဲ့သည်။ အစွန်းပိုင်းတွင် ပဲ့နေသည်။ မျက်နှာပြင် အထက်ပိုင်းတွင် သာလပင်နှစ်ပင်ကြား ခေါင်းသေတ္တာ တခုပုံဖော်ထားသည်။ အောက်ပိုင်းမှာ စာသားနှစ်ကြောင်း ရေးသားထားသည်။ ထိုစာသားများကို ခရစ်သက္ကရာဇ် ၄၀၀ က ရေးသားဖော်ထားသည့် စာသားများ ဖြစ်ကြသည်။ စာသားမှာ- "**မဟာပရိနိဗ္ဗာဏ စတုဒိသော ဘိက္ခုသံဃ**" ဤတံဆိပ်တုံး၏ ပမာဏမှာ ၅×၄ စင်တီမီတာ ဖြစ်သည်။ နောက်တံဆိပ်တုံးတခုမှာ အတော်ပွန်းလျက်ရှိရာ ၄င်းပေါ် ရေးသားဖော်ပြခဲ့သည့်ပုံရော စာသားကိုပါ မထင်အရှား ဖြစ်နေခဲ့သည်။ စာသားမှာ "မဟာပရိနိဗ္ဗာန် ဝိဟာရ ဘိက္ခုသံဃ" ဖြစ်ခဲ့သည်။

(၃) ဤဝိဟာရ ကျောင်းဝရန်တာတွင် ကျိုးပဲ့နေ၍ ကြက်ဥပုံရှိခဲ့သော မြေတံဆိပ်တုံး တခုရရှိခဲ့သည်။ ပမာဏမှာ ၃.၃×၂.၂ စင်တီမီတာ ဖြစ်သည်။ ရေးသားထားသည့် စာသားလုံးဝ ပျက်သုဉ်းနေသည်။

(၄) ကျောင်းအခန်းတခန်းမှ အဝိုင်းပုံသဏ္ဌာန်ရှိခဲ့သော တံဆိပ်တုံးတခုကို ရရှိခဲ့သည်။ ထိုတံဆိပ်တုံးပေါ် ရေးသားထားသည့် စာသားမှာ – "သီရိမဟာပရိနိဗ္ဗာန် ဝိဟာရ အာရိယ သံဃ" ဖြစ်သည်။ မဟာပရိနိဗ္ဗာန် ကျောင်းကြီး၏ လေးဘက်လေးတန်၌ ဝိဟာရကျောင်းလေးကျောင်း မူရင်းတည်ဆောက်ထားသည်။ ယင်းလေးကျောင်း နေရာကို (L) (M) (N) နှင့် (O) ဟူသည့် သင်္ကေတ အသီးသီးဖြင့် တူးဖော်ခဲ့ကြပါသည်။ ယင်းကျောင်းအသီးသီးတို့ကို တူးဖော်ရှာဖွေရာတွင် အထက်ဖော်ခဲ့ပြီး (L) အမှတ်သားဖြင့် တူးဖော်ခဲ့သည့် ကျောင်းပမာ အသုံးအဆောင် ပစ္စည်းပစ္စယများ ရှာဖွေရရှိခဲ့ကြပါသည်။ ရရှိခဲ့သော ရုပ်တုများ၊ ငွေတံဆိပ်တုံး၊ ရွှေ အသပြာနှင့် ငွေအသပြာစသည့်



ပစ္စည်းများ ခရစ်သက္ကရာဇ် ၄၀၀ နှင့် သက္ကရာဇ် ၇၀၀ ကျော်နှစ်များ အတွင်းက ပစ္စည်းပစ္စယများဖြစ်ကြခဲ့သည်။

**မဟာပရိနိဗ္ဗာန်စေတီ။ (ထူပ)**

နယ်မြေအတွင်း အစာငတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နေရသဖြင့် မစ္စတာ ဝိုကလေက ရှေးဟောင်း သုတေသန လုပ်ငန်းများကို မစနိုင်ခဲ့ပါ။ ထိုစပ်ကြားကာလ၌ ကာလကတ္တားမြို့မှ မြန်မာ့ဘိက္ခုအချို့တို့က ငွေ ၁၀၀၀၀ စုဆောင်းခဲ့ပြီး မဟာပရိနိဗ္ဗာန် စေတီကို ပြန်လည်ပြင်ဆင် မွမ်းမံသွားရန် ဆန္ဒပြုလာခဲ့ကြသည်။ ထိုသို့ ကစုံတရာပြုပြင် မွမ်းမံသည့် လုပ်ငန်းအား ခွင့်မပြုခင် စေတီအတွင်းပိုင်းကို စိစစ်ရန် လိုအပ်လာခဲ့ပါသည်။ ၁၉၁၀–ခုနှစ်တွင် ပဏ္ဍိတ ဟီရနန္ဒ ရှာထရီ၏ ဦးဆောင်မှုဖြင့် တူးဖော်သည့် လုပ်ငန်းကို စတင်ရခဲ့ပါသည်။

တူးဖော်ရေးလုပ်ငန်းစခဲ့သည့် အချိန်ကာလတွင် စေတီ၏ အထက်ပိုင်းမှာ စိန်ဖူး၊ ငှက်မြတ်နား၊ ထီး၊ ငှက်ပျောဖူး၊ ကြာရင့်၊ ကြာလန်၊ ရွှံကြာမှောက် အပိုင်းတို့မှာ ပြိုပျက်နေခဲ့ပြီး ဖြစ်ခဲ့ပါသည်။ စေတီ၏ အောက်ပိုင်း ၂၅၊ အမြင့် နှင့် ၅၆၊ အဝိုင်းသာ ကျန်လျက်ရှိခဲ့ပါသည်။ စတင်ပြုပြင်မွမ်းမံရာတွင် အထက်ပိုင်းမှာ ပြိုပျက်နေပြီး ထိုအပိုင်းကို သန့်ရှင်းဖယ်ပစ်ခဲ့ရပါသည်။ ပြိုပျက်နေသည့်အပိုင်းကို ဖယ်ရှား သန့်စင်ရာတွင် အောက်ပိုင်းမှာ ပုံအမျိုးမျိုးပါသော အုတ်ခဲများ တွေ့ရှိရသည်။ ထိုအုတ်များကြားမှာ ဘုရင်ဇယဂုပ္တ ခေတ်ကာလက ကြေးနီအသပြာတခုကို တွေ့ရှိခဲ့ရသည်။ ထိုအသပြာပေါ်တွင် မြင်းခြောက်ကောင်တို့၏ပုံကို ဖြောင်းဖြနှင့် လက်ဝဲဘက်သို့ လျှောက်နေသည့်ပုံကို ထုထားပါသည်။ လက်ယာဘက် ပတ်လည်တွင် သေးငယ်သည့် အမှတ်အသားတို့ဖြင့် စာသားတခုပေါ်အောင် ရေးထားပါသည်။ 'ဇယဂုပ္တတသယ' ဟူသည့် စာသားဖြစ်သည်။ ဇယဂုပ္တ အောင်မြင်ပါစေ ဟု အဓိပ္ပါယ်ရရှိပါသည်။ ထိုအုတ်များပေါ်ရှိ ပုံများကို ထောက်ရှုကာ ရှေးဟောင်းဝိဟာရတိုက်ကျောင်းများကို တည်ဆောက်ရာတွင် သုံးစွဲခဲ့သည့် ပစ္စည်းများဖြင့် ဤစေတီကိုလည်း တည်ဆောက်ထားကြောင်း ထင်ရှားနေပါသည်။ နှစ်ဆယ့်ငါးပေ အမြင့်သာကျန်ရှိခဲ့သည့် စေတီ၏ထိပ်ပိုင်းမှာ ၁၀' မျက်နှာပြန့်သော Saft တပြားကို ဟီရာနန္ဒမှ စေတီ၏ ဗဟိုဝန်တွင် ထည့်ကြည့်ရာ ၁၄' အောက်၌ အပေါက်တပေါက် ရှိနေကြောင်း သိရသည်။ ထိုအပေါက် ပတ်လည်ရှိ အုတ်များကို ဖယ်ရှားကြည့်သော် ၂' ခန့်နက်သော အခန်းကလေးတခု ရှိကြောင်းကို တွေ့ရသည်။ ဤအခန်းထဲမှာ ကြေးဝါဖြင့် ပြုလုပ်ထားသော အိုးတလုံးကို တွေ့ရပါသည်။ ကြေးဝါအိုးကို အဖုံးတခုဖြင့် ဖုံးအုပ်ထားသည်။ အဖုံးမှာလည်း ကြေးဝါ အပြားတခုဖြစ်နေသည်။ အဖုံးပြားပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြွေပြားလေးများကို တွေ့ရှိရပါသည်။ ကြွေပြားများကို မင်္ဂလာရှိသော အရာတခု မှတ်ရ၏။ ကြေးအိုးထဲမှာ ထည့်ထားခဲ့သည့် ပစ္စည်းများကိုထုတ်၍ စမ်းစစ်ခဲ့ကြသည်။ သုတေသနဌာန၏ မှတ်တမ်းအရ ထိုအိုးထဲမှာ သဲများနှင့် မီးသွေးများ၊ ကြွေများ၊ အဖိုးတန်ကျောက်နှင့် ပုလဲလုံးငယ်လေး အချို့တို့ကို ရရှိသည်။ ကြေးနီဖြင့် ပြုလုပ်ထားသည့် ပြွမ်းကလေး နှစ်ခုတို့ကိုလည်း ရရှိခဲ့သည်။ ထိုပြွမ်းငယ်တို့ကို ထုတ်၍ ကိုင်တွယ်ကြည့်ခိုက်တွင် ကြေမွသွားရှာခဲ့ပါသည်။ ထိုပြွမ်းတခုမှာ ပြာ၊ ပုလဲ၊ ကျောက်စိမ်းငယ်တလုံး ငွေအသပြာ ၆-ခုနှင့် ငွေသားဖြင့် ပြုလုပ်ထားသည့် ပြွမ်းကလေး တစ်ချောင်းတို့ကို ရရှိခဲ့ပါသည်။ ထိုအပြင် ၁၁×၁၆' လက်မနှင့် ၇×၈' အသီးသီးရှိ ရွှေပြွမ်းချောင်း နှစ်ခုတွေ့ရှိခဲ့ရပါသည်။ ပြွမ်းများ၏ ထိပ်ပိုင်းကို လက်ကိုင်ထားသည့် ရွှေလက်စွပ်ပမာ အဖုံးဖြင့် ပိတ်ထားခဲ့သည်။ ထိုရွှေပြွမ်းများတွင် အညိုရောင်ရှိဓါတ်မှုန့်များနှင့် နှစ်ပေါက်ခန့် အရည်ဓါတ်များအပြင် ဘာမျှ အခြားမရှိခဲ့ပါ။

ကြေးအိုးတွင် သဲများအပြင် အစိမ်းရောင်နှစ်ဖတ်အချို့တို့ကို ထည့်ထားသည်။ အဖုံးကြေးပြားပေါ် သံသာကရိုက် ဘာသာဖြင့် သုတ္တံများ ရေးသားထားသည် ပထမ အကြောင်းမှာ ကမ္ပည်းထိုးရေးထားပြီး နောက်ကြောင်းများကို မှင်အနက်ဖြင့် ရေးထားခြင်းဖြစ်သည်။ အဖုံးကြေးပြားမှာ အလျား ၁၆.၄' ၆.၂' အကျယ်ရှိ၍ ထုထည်မှာ ၁.၈' ဖြစ်ခဲ့ပါသည်။ အလေးချိန်အားဖြင့် ၂၅ ပေါင် တစ်အောင်စ ရှိခဲ့ပါသည်။ အဖုံးပြား၏ တဖက်ပိုင်းတွင် ပန်းချီပတ်လည် အလယ်၌ ဂုပ္တခေတ်နောက်ပိုင်း ကာလသုံး အက္ခရာတို့ဖြင့် ရေးသားထားသည်။

**ဧဝမ မယာ သုတမ...ကောသိမ တမယေန ဘဂဝါန**

**သာဝတ္ထိယာမ ဝိဟရတိသ္မ ဇေတာဝနေ**

**အနာထပိဏ္ဍဒသယာရာမေ (...)**

အနက်မှာ- ငါဒီလိုကြားခဲ့တယ်... တရံရောအခါ ဘဂဝါ (ဘုရား) သာဝတ္ထိရှိ အနာထပိန္ဍိကာ၏ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူ၏။

၂။ ထိုနေရာတွင် ဘုရားမှာ ဘိက္ခုအပေါင်းတို့အား ဖိတ်ခေါ်ခဲ့၍ ဘိက္ခုဗို... ဘိက္ခုတို့က အရှင်ဘန္တေ တုံ့ပြန်သည်။ ပဋိစ္စသမုပ္ပါဒ် တရားကို ငါဘုရား ဟောကြားတော်မူမည်။ လေးစားကြည်ညိုမှုဖြင့် နားဆင်ကြလော့။

၃။ ဟောကြားပြောဆိုသည့် ဓမ္မကိုကောင်းစွာ နှလုံးသွင်းကြ ... လေးစားကြည်ညိုမှု တို့ဖြင့် နားဆင်ကြ။ ဘဝမည်သို့ ဖြစ်ပေါ်ရသည့် ပဋိစ္စသမုပ္ပါဒ် မည်သို့ မည်ပုံလည်သည်ကို ငါဟောကြားအံ့။

၄။ အဝိဇ္ဇာ ပစ္စယော သင်္ခါရ သင်္ခါရ ပစ္စယော ဝိညာဏ နာမရူပ နာမရူပ ပစ္စယော ဝိဘာဏ ပစ္စယော ဆဠာယတန ဆဠာယတန ပစ္စသော ဖဿ ဖြစ်၏။



အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ၊ ဝိညာဏကြောင့် နာမရူပ၊ နာမရူပကြောင့် ဆဠာယတန တို့ဖြစ်ကြသည်။

၅။ ဖဿပစ္စယော ဝေဒနာ ဝေဒနာ ပစ္စယော တဏှာ တဏှာ ပစ္စသော ဇာတိ ဇာတိ ပစ္စယော ဇရာ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ ဖြစ်ကြ၏။

၆။ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ သေခြင်း၊ သောကဖြစ်ခြင်း၊ ငိုခြင်း၊ တမ်းခြင်း၊ ဒုက္ခဖြစ်ခြင်း၊ စိတ်မချမ်းမသာဖြစ်ရ၏။ ဒုက္ခသမုဒယ ဖြစ်ပေါ်လာရပါသည်။

၇။ မုစ္စယတေ ဓမ္မာဏာမံ= အာစယံ = ဓမ္မာဏာမံ = အပစ္စယ ကတ္တုံ၊ တဒနံ ဘဝဿယ နိရောဒိ အဝိဇ္ဇာနိရောဒိ = သင်္ခါရ -

အနက်- ဤသည်ကို ဓမ္မဟုခေါ်သည်။ တခုရပ်တန့်သွားလျှင် နောက်တခု ရပ်တန့်သွားရသည်။

၈။ ဘဝစကြာ ပဋိစ္စသမုတ်သပ္ပါဒ် က ထိုထိုသော အကြောင်းကြောင့် အကျိုးဖြစ်၍ အစဥ်လည်ပတ်ရ၏။

ပဋိစ္စသမုသပ္ပါဒ်ကို ဖြတ်တောက်ခြင်း၊ ဒုက္ခ သမုဒယ တို့ရပ်တန့်သွားခြင်း။

သင်္ခါရ ရပ်တန့်လျှင် ဝိညာဏ ရပ်တန့်သွားရ၏။ အလားတူ ဝိညာဏ ရပ်တန့်လျှင် နာမရူပ ရပ်တန့်သွားရ၏။ နာမရူပ ရပ်တန့်လျှင် အာယတန ရပ်တန့်ကြ၏။ ဆဠအယာတန ရပ်တန့်သွားပါက ဖဿရပ်တန့်သည်။

ဖဿရပ်တန့်သွားလျှင် ဝေဒနာ၊ ဝေဒနာရပ်တန့်သွားလျှင် တဏှာ၊ တဏှာ ရပ်တန့်ပါက ဥပဒါန်၊ ဥပဒါန်ရပ်တန့်လျှင် နိရောဓ၊ နိရောဓမှ ဘဝဖြစ်ခြင်း ရပ်တန့်သွားရ၏။

ဘဝဖြစ်ရခြင်းရှုပ်တန့်သွားပါက ဇာတိရပ်တန့်သည်။ ဇာတိရပ်တန့်လျှင် ဇရာ မရဏသော ပရိဒေဝစသည့် ဒုက္ခသမုဒယ အားလုံးခမ်းခြောက်ရပ်တန့်သွားရ၏။ ဤသည်ကား ဓမ္မခေါ်၏။ ဘိက္ခုဝေ ရဟန်းအပေါင်းတို့ ငါဟောကြားပြောပြသည့် ဓမ္မကို လေးစားကြည်ညိုသင့်၏။

နောက်ဆုံးနှစ်ကြောင်းတွင် ရဟန်းအပေါင်းတို့ကိုယ်စား သဿကျ ဘိက္ခု ဓမ္မနန္ဒ က သာဓုခေါ်၍ အနုမောဒန ပြုခဲ့ကြောင်းနှင့် အမျှဝေပေးခြင်းတို့ ပြုလုပ်သွားကြောင်း ရေးသားဖော်ပေးထားသည်။ ဤကြေးအိုးက ဆွာမိဟာရီလေပြုခဲ့သည့် ကုသိုလ်ဖြစ် ကြောင်းကို နောက်ဆုံးအကြောင်း၌ ရေးသားဖော်ပြပေးထားသည်။ နောက်ဆုံး အကြောင်းကို ထောက်ရှုခြင်းအားဖြင့် မဟာပရိနိဗ္ဗာန် စေတီကို ဆွာမိဟာရိဗလက

www.burmeseclassic.com



တည်ဆောက်ခဲ့ကြောင်း ထင်ရှားနေပါသည်။ အာစရိယ ဓမ္မာနန္ဒမှာ ဟာရီလေမှာ ငါးရာခုနှစ်များ၏ အစပိုင်းတွင် မဟာပရိနိဗ္ဗာန်ကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဖြစ်ခဲ့သည်။ ထို့အပြင် ဟာရီလေ ကိုးကွယ်ထားသည့် ဓမ္မစရိယ ဂုရုဖြစ်ကြောင်း ထင်ရှား နေပါသည်။ ဟာရီလေမှာ မထုရာမြို့နေ ပန်းပုဆရာကြီး ဒိန္န ထုပေးခဲ့သည့် ရုပ်တုဆင်းတု အတော်များများတို့ကို မဟာပရိနိဗ္ဗာန်ကျောင်းတွင် သုံးစွဲခဲ့သည်။ ကျောင်း အဆောက်အဦး နံရံများရှိ ဘုရားစင်များ ပေါ်တည်၍ ပူဇော်ထားသော ရုပ်တုတို့မှာ ထိုပန်းပုဆရာ ဒိန္န ထုပေးခဲ့သည့် ရုပ်တုများ ဖြစ်ခဲ့ကြောင်းလည်း ထင်ရှားနေပါသည်။

ကြေးအိုးနှင့်ရာဖွေတွေ့ရှိခဲ့သည်။ အခြားပစ္စည်းပစ္စယာများက ဘုရင်ကုမာရ ဂုပ္တခေတ်ကာလကဖြစ်သည်။ အောက်ကိုဆက်လက် တူးဖော်သွားလျှင် အခြားခေတ် ဟောင်းများက ရှေးဟောင်းပစ္စည်းများနှင့် သုတေသနဆိုင်ရာ သတင်းအချက် အလက်များ တွေ့ရှိနိုင်လိမ့်ဦးမည်ဟု စဉ်းစားတွေဝေကာ စေတီ၏ထိပ်ပိုင်းမှ အောက်သို့ 34' အထိ တူးဖော်ခဲ့ကြလေသည်။ အဝိုင်းပုံသဏ္ဍာန်ရှိသော ကွက်လပ်တခုတွေ့ရှိခဲ့ရာ ထိုမှတဖန် 2'x9" အောက်သို့ တူးဖော်ခဲ့ကြသည်။ မီးလောင်ထားသည့် ထင်းတစက လွဲလို့ အခြားဘာမျှရှာမတွေ့ခဲ့ရပါ။ ထိုအဝိုင်းပုံသဏ္ဍာန်မှ ရှိနေသည့်ကွက်လပ်မှာ ထူပငယ်ဝ၊ခုပမာ ဖြစ်နေရပါသည်။ အမြင့်မှာ 9'3" ရှိခဲ့သည်။ အထဲမှာ 1'x9½" ရှိစင်တခုရှိခဲ့သည်။ ထိုစင်ပေါ်မှာ မီးဖုတ်မြေဖြင့်ထုလုပ်ထားခဲ့သည် ဘုရားရှင်ဗုဒ္ဓ၏ အလွန်လှပသော ရုပ်တုငယ်ကို တွေ့ရှိခဲ့ရပါသည်။ ထိုထူပငယ်၏ ထိပ်ပိုင်းမှာ အပေါက်ငယ်တခုတွေ့ရသည်။ ထိုအပေါက်ငယ်နေရာမှာ ထီးမိုးရန် အတန်ထိုးရသည့် နေရာဖြစ်နိုင်သည်။ ရှေးဟောင်းသုတေသန ပညာရှင်တို့၏ အမြင်အရ ငါးရာခုနှစ် ကာလမှာ တည်ခဲ့သည့် ဤ မဟာပရိနိဗ္ဗာန် စေတီနေရာတွင် ထိုအရင်ခေတ်ဟောင်းက တည်ထားသည့် ထူပနေရာဖြစ်ကြောင်း သတ်မှတ်ပြောဆိုနိုင်ပါသည်။ ထိုထူပပတ်လည် တူးဖော်ကြခဲ့ရာ ရေထွက်လာသဖြင့် ဆက်လက်တူးဖော်သည့် အလုပ်ကိုပိတ်လိုက် ရပါသည်။ မဟာပရိနိဗ္ဗာန်စေတီကို တည်ဆောက်လာသည့်အခါ နဂိုကရှိနေခဲ့သည့် ယင်းထူပငယ်ကို မဖျက်ဘဲစေတီကြီး၏ အဝိုင်းမှာ သူ့အတိုင်းထားခဲ့ပြီး စေတီကြီးကို တည်ဆောက်သွားခဲ့သည်။ ထိုထူပငယ်တည်ဆောက်ခဲ့ရသည့် ခေတ်ကာလအချိန်ကို စမ်းစစ်သတ်မှတ်သိရှိရန် ထူပါငယ်ကိုဖြိုခဲ့ပြီး စမ်းသပ်ကြည့်မှာ ယင်းထူပကို တည်ဆောက်ခဲ့ရသည့် ခေတ်ကာလကို သတ်မှတ်နိုင်မှာဖြစ်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် မလ္လမင်းတို့သည် မိမိတို့ခွဲဝေရရှိခဲ့သည့် မြတ်ဗုဒ္ဓ၏ဓါတ်တော်များကို ဌာပနာ၍ စေတီတစ်ဆူတည်ကာ ပူဇော်ကိုးကွယ် ခဲ့ကြသည်။ သို့သော်ထိုစေတီ၏ ပုံပန်းသဏ္ဍာန် နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် တို့ကဘာမျှမရရှိခဲ့ပါ။ အသောကမင်းတရားကြီးသည် ကုသိနာရုံသို့ ခရီးဆက်ရောက် ခဲ့သည့်အခါ မလ္လတို့၏ ထိုစေတီကို ဖျက်သိမ်းပြီး ဓါတ်တော်များကို ထုတ်ယူခဲ့သည်။ ဓါတ်တော်များကိုစု၍ ၈၄၀၀၀ သောစေတီပုထိုးများကို ဇမ္ဗူဒိပတခွင် တည်ဆောက် သွားခဲ့ပါသည်။ ကုသိနာရာမှာလည်း ကြီးမားသည့် စေတီတစ်ဆူကို တည်ဆောက် ပေးသွားကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိနိုင်ပါသည်။ နောက်ပိုင်းကာလတွင် ဗုဒ္ဓဓမ္မကို ဆန့်ကျင်သူ ပုဿယမိတ္တသုင်္ဂက အသောကမင်း တည်ဆောက်ပေးခဲ့သည့် ကုသိနာရုံရှိစေတီကို ဖျက်ဆီးပစ်ခဲ့ပါသည်။ နောက်ပိုင်းကာလတွင် သုတေသနဌာနမှာ ထိုစေတီတော်တည်ရှိခဲ့ရာ နေရာကို တူးဖော်ကြည့်လိုက်သည့်အခါ ပုဿယမိတ္တ၏ အဖျက်လုပ်ရပ်များကို တွေ့မြင်ခဲ့ရပါသည်။ ကုသိနာရုံတွင် ကနိဋ္ဌက မင်းကြီး ခေတ်ကာလက တည်ဆောက်ခဲ့သည့် စေတီပုထိုးကြီး ငယ်အများအပြား တွေ့ရှိသည်။ နောက်ပိုင်းကာလတွင် အရှင်ဟာရီဗလမှာ ထိုစေတီပုထိုးများကို ပြန်လည်မွမ်းမံ ခဲ့သည်ကို သုတေသနမှတ်တမ်းအရ သိရှိရပါသည်။ အရှင်ဟာရီဗလတို့နောက်ပိုင်း ကာလတို့၌ အခြားအခြားသူများတို့ကလည်း ယင်းစေတီပုထိုး ကျောင်းသင်္ခမ်းများကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်း စသည်တို့ကို လုပ်သွားခဲ့ကြပါကြောင်း သုတေသန မှတ်တမ်းအရ သိရှိရပါသည်။

## စတုရန်းပုံထူပါ

မဟာပရိနိဗ္ဗာန်စေတီနှင့် မနီးမဝေးမှာတည်ရှိသည့် စတုရန်းပုံထူပ၏ မြေတောင်ပို့ကို ၁၉၀၄-၅ ခုနှစ်များတွင် တူးဖော်ကြသည်။ ထိုအချိန်ကာလက ဤထူပါ၏ပုံသဏ္ဍာန်မှာ ပေ၉၀ စတုရန်းပုံရှိသော မြေတောင်ပို့ကြီးတခုအဖြစ် ရှိနေခဲ့ပါသည်။ ဤထူပါ၏မြောက်ဖက်မှ အတက်အဆင်း လှေကားတခုတည်ဆောက် ထားခဲ့ရာ ထိုလှေကားနေရာမှစ၍ တူးဖော်ကြည့်ခဲ့ရာ မြေအောက်တွင် တိုက်အဆောက် အဦးပျက်တခုကို တွေ့ရှိခဲ့ရပါသည်။ ထိုအဆောက်အဦးကို တည်ဆောက်ရန် 19"x10"x13" ပမာဏရှိသည့် အုတ်ခဲများကိုသုံးစွဲကာ တည်ဆောက်ထားကြောင်း သိရှိရပါသည်။ ထိုအဆောက်အဦး၏ ထောင့်တစ်နေရာတွင် ကြေးပြား ၁၂ပြားတို့ကို တွေ့ရှိခဲ့ရပါသည်။ ယင်းကြေးပြားတို့အနက် ကြေးပြားရှစ်ပြားမှာ ကနိဋ္ဌက ခေတ်ကာလကဖြစ်၍ ကျန်လေးပြားတို့မှာ ကနိဋ္ဌက အရင်အုပ်ချုပ်ခဲ့သူ ကာဒိဖိရှာမင်း အချိန်ကာလကဖြစ်ကြောင်း သိရပါသည်။ ထိုကြေးပြားမှာ အခြားမီးလောင်ကျွမ်းထားသည့် ပစ္စည်းများ ပုံထဲမှာ ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ထိုအခြင်းအရာကို ထောက်ရှုသော ယင်းအဆောက်အဦးသည် မီးရှို့ခံခဲ့ရပါကြောင်း ထင်ရှားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝိုကလေ၏ တွက်ချက်အရ ဤဝိဟာရကျောင်း (၁)ရာစုနှစ်များ ကာလက မီးတိုက်ဖျက်ဆီး ခံခဲ့ရသည့် ကျောင်းဖြစ်နိုင်သည်။ နောက်မှာ မူရင်းအုတ်မြေပေါ်မှာ ကျောင်းသစ်တခု ဆောက်ခြင်း ဖြစ်နိုင်သည်။ တူးဖော်မှုမပြုခင် အချိန်ကာလက ကျောက်ပြားငယ်တခုကို တွေ့ရှိခဲ့ရပါသည်။ ထိုကျောက်ပြားပေါ် မထင်မရှားဖြစ်နေသည့် စေတီပုံလေး ၂ခုကိုထွင်းထားခြင်းကို တွေ့ရှိခဲ့ရပါသည်။ ထိုကျောက်ပြား၏အမြင့်မှာ ၈ စင်တီမီတာ ပမာဏရှိခဲ့ပါသည်။

## ထူပါ(စေတီ)ငယ်များ

မဟာပရိနိဗ္ဗာန်စေတီကြီး၏ အရှေ့မြောက်အရပ်၌ ထူပါ(စေတီ)ငယ် အများအပြားတို့ကို တည်ဆောက်ထားခဲ့သည်။ ထိုစေတီငယ်နေရာများကို ၁၉၇၆– ခုနှစ်တွင် Mr. Karliala၏ ဦးဆောင်ကြီး ကြပ်မှုအောက်တွင် တူးဖော်ခဲ့ကြရပါသည်။ စေတီကြီး၏ အနားတွင် မြေအောက်တူးဖော်ကြည့်ခဲ့ရာ တွင်စေတီငယ် (၅)ဆူတို့ကို တွေ့ရပါသည်။ ထိုစေတီငယ်အသီးသီးတို့၏ ပတ်လည်အဝိုင်းမှာ 8'x4", 7'x8", 8'x9" 6' နှင့် 3'x10" အသီးသီးရှိခဲ့ပါသည်။ ထိုထူပါ(၅)ခုအပြင် အခြားစေတီများကိုလည်း တူးဖော်ရာ၌ တွေ့ရှိရပါသည်။ ထိုသို့တူးဖော်ရာ၌ ဗုဒ္ဓဆင်းတုတော်များကိုလည်း တွေ့ရှိခဲ့သည်။ ထိုဆင်းတုတော်များအနက် 1'x4" မြင့်သော ဗုဒ္ဓဆင်းတုတော်တခုလည်း ပါဝင်ခဲ့သည်။ ထိုဆင်းတုတော် အောက်ပြင်မှာ ရှေးဟောင်းအက္ခရာကို သုံးခွဲကာ စာသားတခုကို ကမ္ပည်းထိုးရေးသားခဲ့သည်။ ကမ္ပည်းစာသားမှာ–

**ယေဓမ္မာ ဟေတုပဘဝါ ဟေတုတေသယာန တထာဂတော ဟာဒတ၊**

**တေသည ယောနိရောဓ ဧဝံဝါဒီ မဟာသမဏော။**

အနက်အဓိပ္ပါယ်–

ဟေတု (အကြောင်းကြောင့်) ဖြစ်ပေါ်သည့် တရားတို့အကြောင်းကို တထာဂတာ ဗုဒ္ဓကပြောပြ၏။ ထိုတရားတို့ နိရောဓ (ချုပ်ငြိမ်းခြင်း) ကိုလည်းပြောပြ၏။ ဤသည်က ထိုမဟာသမဏ၏ဝါဒဖြစ်၏။

ဤဂါထာကို ဘိက္ခုအဿဇိတ ရာဇဂြိုလ်၌ ပရိဗ္ဗာဇက သာရိပုတ္တရအား ပြောပြခဲ့သည်။ ဤဂါထာ၏ ဤနက်အဓိပ္ပါယ်ကို သာရိပုတ္တရ သဘောပေါက် နားလည်လာ၍ မိမိနှင့်အတူ တရားရှာနေကြသော ပရိဗ္ဗာဇကရဟန်း ၂၅၀ တို့နှင့်အတူ မိမိ၏ဆရာ သံဇယထံမှခွဲခွာ၍ ရှင်တော်မြတ်ဗုဒ္ဓထံသွားရောက် ဥပသမ္ပဒံခံယူကာ တရားစစ်တရားမှန်တို့ကို ကိုးကွယ်လာခဲ့လေသည်။ ဘိက္ခုအဿဇိတ ရေးသားခဲ့သည့် ဤဂါထာသည် နောက်ရာစုနှစ်များကာလတို့၌ ကျော်ကြားမှုအဘယ်အထိ ရခဲ့သနည်း ဆိုပါက ရာဇဂြိုလ်– သာရနာထ၊ ကုသိနာရုံ စသည့် နေရပ်တို့ရှိခဲ့သည်။ မဗ္ဗဋ္ဌာနများကို



သုတေသနပညာရှင်များက တူးဖော်ရှာဖွေတိုင်း ဤဂါထာနှစ်ကြောင်း ကျောက်ပြား၊ ကျောက်စာတို့၌ ရေးသားကမ္ပည်း ထိုးထားသည်ကို တွေ့ရှိခဲ့ရပါသည်။

မဟာစေတီတော်၏ အရှေ့မြောက်အရပ်တွင်ရှိခဲ့ရာ စေတီပုထိုးငယ်များကို တူးဖော်ရာ၌ အနီရောင်ရှိ မြေမီးဖုတ် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို တွေ့ရှိခဲ့ရပါသည်။ ယင်းဆင်းတုကို အဘယမုဒြဖြင့် ထုထားသော ညာဘက်လက် ကျိုးနေခဲ့ပါသည်။ ဆင်းတု၏ဦးခေါင်းလည်း ကျိုးပြတ်နေသည်။ နောက်ပိုင်း ရှာဖွေရာတွင် မနီးမဝေးတွင် တူးဖော်တွေ့ရှိခဲ့ရ၍ ပြန်ဆက်လိုက်သည့်အခါ 2'x2" ပမာဏရှိ ဆင်းတုကောင်းတခု ဖြစ်လာခဲ့သည်။ ယင်းစေတီ၏အရှေ့ဘက်၌ တူးဖော်ရာတွင် ခေါင်းလောင်းတခုနှင့် သံချောင်း ၄–၅ ချောင်းရရှိခဲ့သည်။ ဤနေရာများတွင် တူးဖော်မှုလုပ်ငန်းမားကို ၁၉၁၁– ၁၂များတွင် တစ်ခေါက်ပြန်လုပ်ခဲ့သည်။ သို့သော် ထိုတူးဖော်မှုတို့တွင် မှတ်တမ်း တင်ကောင်းစရာ ဘာတခုမျှ မတွေ့ရှိခဲ့ပါ။

## စေတီ(ထူပါ)ငယ်များနှင့် မထ(ကျောင်းသိမ်း)

မဟာပရိနိဗ္ဗာန်ဝိဟာရကျောင်း၏ တောင်ဘက်၌ တူးဖော်ရေးလုပ်ငန်းကို ၁၉၁၉နှစ်အထိ လုပ်ကိုင်ခဲ့ရာ စေတီငယ်များနှင့် ကျောင်းသိမ်းငယ် အများအပြား တို့ကို တူးဖော်တွေ့ရှိခဲ့ရပါသည်။ စေတီကြီး၏ကပ်ရစ် တောင်ဘက်တွင် တူးဖော်လာသည့်အခါ ခြောက်ပေအဝန်းရှိခဲ့သော ပုထိုးငယ်တခုကို တွေ့ရှိခဲ့ရသည်။ ထိုနေရာမှာ ဗိဿနုဟိန္ဒူဘုရား၏ ကျိုးပဲ့နေသည့် ရုပ်ပွားတော်တခု ကိုရရှိခဲ့သည်။ နောက်ကျိုးပဲ့နေသည့် ရုပ်တုတခုမှာ ရှင်သာရိပုတ္တရ၏ ရုပ်တုဖြစ်ခဲ့ပါသည်။ ထိုရုပ်တုပေါ်တွင် ကမ္ပည်းထိုး၍ရေးသားခဲ့သည့်စာသားမှာ –

**"တေသံယုဝါစ တေသံစယောနိရောဓါ သံဃသာရိပုတ္တသယ။"**

ထိုရုပ်တုတခြမ်းပိုင်းတွင် ပရိနိဗ္ဗာန်ပြုသည့် မုဒြဖြင့် ဘုရားရှင်၏ ဆင်းတုကိုလည်း ထုထားခဲ့သည်။ ယင်းဆင်းတုတွင် ရှင်ဗုဒ္ဓအား သီဟာသနပလ္လင်ပေါ် ညာဘက်လှည့်လဲလျောင်းနေသည့်မုဒြဖြင့် ပြထားခဲ့သည်။ နောက်ရုပ်တုတခု၌ ဘုရားရှင်အားတမလွန်ခွေ ထိုင်နေသည့်ပုံဖြင့် ပြထားခဲ့သည်။ ဤဆင်းတုတော်မှာ ထက်ဝက်ပိုင်းက ကျိုးပဲ့နေသည်။ ရပ်လျက်ရှိသည့်မုဒြဖြင့် ထုထားခဲ့သည်၊ ရှင်ဗုဒ္ဓ၏ အခြားရုပ်တုတခုကိုလည်း ထိုနေရာ၌ တွေ့ရှိခဲ့ရသည်။ တံဆိပ်တုံးကြီးတခုအပေါ် ထုထားသည့် ထိုရုပ်တုမှာ နောက်ပိုင်းရာစုနှစ်များက ထုထားသည့် ရုပ်တုဖြစ် နိုင်ပါသည်။

ဒေါက်တာဝိုကလေ၏ ကြီးကြပ်မှုဖြင့် ၁၉၀၄–၅ ခုနှစ်များတွင် ပြုလုပ်ခဲ့ရသည့် တူးဖော်လုပ်ငန်း တွင်မဟာပရိနိဗ္ဗာန် ကျောင်းတော်၏တောင်ဖက်၌ နံရံထုထည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသည့် တိုက်အဆောက်အဦးတခုကိုလည်း တူးဖော်ရှာတွေ့ခဲ့ပါသည်။ ယင်းတိုက်အဆောက်အဦး၏ တံခါးပေါက်ထောင့်နှစ်ထောင့်မှာ မီးဖုတ်မြေဖြင့် ပြုလုပ်ထားသည့် ဘုရားရှင်၏ ရုပ်တုနှစ်ဆူကို ပဒုမာသိဟာသန ပလ္လင်ပေါ်ထိုင်နေသည့် ပုံသဏ္ဌာန်ဖြင့် ထုထားသည့် ရုပ်တုများ ဖြစ်ခဲ့ကြရပါသည်။ ကျိုးပဲ့နေသည့် အခြေအနေတွင် ရှိနေခဲ့ရာ နောက်ပိုင်းတွင် ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့ပါသဖြင့် ရုပ်တုစင်ကြယ်ကောင်းများ ဖြစ်လာရပါသည်။

## အင္ဂနိသမန ထူပနှင့် မိဂ္ဂထူပါ

ဤထူပါနှစ်ဆူတို့ကို ဇာတကဝတ္ထုပေါ် အခြေခံတည်ဆောက်ထားခဲ့သော ထူပါများဖြစ်ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားလောင်းအဖြစ် ပါရမီဖြည့်ခဲ့စဉ် ဘဝဟောင်းတွင် ကုသိနာရုံတွင် ဖွားမြင်ခဲ့ကြောင်း ဇာတကဝတ္ထုများ၌ ရေးသားဖော်ထားသည်။ တီတာ(ငှက်)နှင့် မိဂ္ဂ(သမင်) ဘဝတို့ဖြင့် ကုသိနာရုံတွင် မွေးဖွားခဲ့ပြီး ဘုရားလောင်းအဖြစ် ပါရမီဖြည့်ခဲ့သည့်အကြောင်း အမှတ်တရအဖြစ် ကည်ဆောက်ခဲ့သည့် ထူပါနှစ်ဆူရှိခဲ့ရာ ၁၈၇၆-ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ပါသည်။ အမှတ်တရအဖြစ် စေတီများဖြစ်သည့်အားလျော်စွာ ၎င်းတို့ကို တူးဖော်ရှာဖွေရာတွင် သုတေသနဆိုင်ရာ အခြားဘာပစ္စည်းများ မရရှိခဲ့ပါ။

## သုဘဒ္ဒရထူပါ

ဘုရားရှင်၏နောက်ဆုံး အချိန်ကာလက သုဘဒ္ဒရခေါ် ပရိဝါဇက ရဟန်းတစ်ပါးအား ရှင်အာနန္ဒာ ဥပဇ္ဈာယ် ပြုပေးခဲ့ပါသည်။ ရှင်သုဘဒ္ဒရမှာ နေ့ချင်းညချင်း အရဟတ္တဖိုလ်၌တည်ခဲ့ပြီး သက်တော် ၁၂၀တွင် ထိုနေရာ၌ ဘုရားရှင်မတိုင်ခင် ပရိနိဗ္ဗာန်ဝင်ခဲ့ပါသည်။ ရှင်သုဘဒ္ဒရကို အမှတ်တရဖြစ်အောင် နောက်ပိုင်းတွင် ထူပါ(စေတီ) တစ်ဆူတည်ခဲ့ရပါသည်။ ယင်းစေတီကို တရုတ်ခရီးသည် ဟူအင်ရှန်က သူ့မြင်တွေ့ခဲ့ရသည့်အကြောင်း မှတ်တမ်းတင်ထားသည်။ ထိုစေတီကို ဒေါက်တာ Vogale တူးဖော်ခဲ့ရာ စေတီအောက်တွင် ရေအပြည့်ရှိနေသည့် မြေအိုးတလုံးနှင့် အရိုးစုများကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

## မလ္လဝဇ္ဇရပါဏိထူပါ

မလ္လမင်းတို့သည် ဝဇ္ဇရပါဏိ သူရဲကောင်းကို အမှတ်တရဖြစ်အောင် စေတီတစ်ဆူ တည်ပေးခဲ့ကြသည်။ ယင်းစေတီသည် သုဘဒ္ဒရထူပါ၏ နံဘေးတွင် ရှိခဲ့ကြောင်း ဟူအင်ရှန်က မှတ်တမ်းတင်ထားသည်။ ဘုရားရှင်ဗုဒ္ဓ ပရိနိဗ္ဗာန်စံခဲ့ပြီး



ဖြစ်ကြောင်းသတင်းကို ရှင်အာနန္ဒာမှတဆင့်ကြားရ၍ ပတ္တမြားတင်းပုတ်ကိုင် ဝဇ္ဇရပါဏိမလ္လသည် သာလဝန်သို့ပြေးလာခဲ့ရာ မြတ်စွာဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသွားခဲ့ပြီးကို မြင်တွေ့အောက်မေ့ကာ ထိုနေရာ၌ပင် မိမိကိုင်စွဲထားသည့် တင်းပုတ်ကို မြေပေါ်ပစ်ချခဲ့ပြီး သက်လစ်ကာ ကွယ်လွန်သွားခဲ့ရှာသည်။ ပတ္တမြားတင်းပုတ် မြေပေါ်ချခဲ့သည့်နေရာတွင် မလ္လမင်းတို့သည် အမှတ်တရစေတီတဆူ တည်ခဲ့ကြသည်။

၎င်းစေတီကို တူးဖော်ရာတွင် ဘာပစ္စည်းပစ္စယာများ မတွေ့ရှိခဲ့ရပါ။ ထိုစေတီငယ်ကို ၁၉၁၂ခုနှစ်တွင် မစ္စတာ Karliala တို့အဖွဲ့က တူးဖော်ခဲ့ကြသည်။ သို့သော် စေတီတည်ဆောက်ပုံမှာ အလွန်လက်ရာ ပြောင်မြောက်ခဲ့သည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ၎င်း၏သရီရရုပ်ကလပ်ကို သာလဝန်တစ်နေရာတွင် ခမ်းခမ်းနားနားထားခဲ့ပြီး (၇)ရက်တိတိ ပူဇော်ခံခဲ့သည်။ မလ္လမင်းတို့သည် ထိုနေရာတွင် စေတီတစ်ဆူ တည်ဆောက်ခဲ့ပြီး ကြည်ညိုခဲ့ကြသည်။ ဟူအင်ရှန်၏ ခရီးသွားမှတ်တမ်း၌ ထိုစေတီအကြောင်း ရေးသားဖော်ပြထားခြင်းကို တွေ့ရှိရပါသည်။ ဟူအင်ရှန်ကိုယ်တိုင်က ထိုစေတီကို ဖူးမြော်ခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။ ထိုစေတီရှိမြေနေရာ တူးဖော်ခြင်းလုပ်ငန်းကို ၁၉၁၂တွင် ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြပါသည်။ ဤစေတီနေရာသည် မဟာပရိနိဗ္ဗာန်စေတီ၏ တောင်ဘက်၌ ရှိပါသည်။ ထိုနေရာတွင် တူးဖော်ရာတွင် မြေမီးဖုတ်တံဆိပ်တုံးအချို့တို့ကို ရရှိခဲ့ပါသည်။ ထိုတံဆိပ်တုံးများအနက် တံဆိပ်တုံးတခုပေါ် ညာဘက်လှဲလျောင်းနေသည့် ဘုရားရှင်အား မဟာပရိနိဗ္ဗာန်ဝင် မုဒြာဖြင့်ပြသထားသည်။



www.burmeseclassic.com

www.burmeseclassic.com




မာထာကွန်ဝရ ဝိဟာရ (ကျောင်း)

## ကုသိနာရာ၏ခေတ်ဟောင်းဓမ္မဌာနများ

### မာထာကွန်ဝါ ဝိဟာရကျောင်း

ဤမထာကွန်ဝါ ဝိဟာရကျောင်းနေရာတွင် ရှင်ဗုဒ္ဓသည် မိမိဘဝ၏ နောက်ဆုံးခရီးစဉ်အတွင်း ခဏခေတ္တ ထိုင်တော်မူခဲ့သည့် နေရာဖြစ်ပါသည်။ ဟိရညဝတီမြစ်၏ တဘက်ကမ်း၌ တည်ရှိသည်။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နောက်ပိုင်းကာလတွင် ဤနေရာတွင် စေတီတစ်ဆူတည်ဆောက်ထားခဲ့ရာ ထိုစေတီကို ဝိရောဓိတို့ ဖျက်ဆီးခဲ့ကြသည်။ ဘုရားရှင်၏ဆင်းတုတော်ကို ရုပ်ပျက်အောင် ဖျက်ဆီးခဲ့ပြီးနောက် မာထာကွန်ဝါ (ဝါ) (သေဆုံးခဲ့ပြီး ရာဇာကုမာရ) ဟူ၍နာမည်ပေးခဲ့ကြပါသည်၊ ယင်းဘုရားကျောင်းကို မာထာဘာဘာ မန္ဒိရ်ကျောင်းဟူ၍လည်း ခေါ်ကြပါသည်။ Gen. Cunni Gham ကထိုကျောင်းတွင် ပ၂ချိန်ကတည်ထားခဲ့သည့် ကျောက်အနက်ဖြင့် ထုထားသည့် ဗုဒ္ဓဆင်းတုတော်ကို သစ်ပင်တပင်အောက်က ရှာတွေ့ခဲ့သည်။ ယင်းဆင်းတုတော်၏ လက်တဖက်က ကျိုးပဲ့နေခဲ့ပါသည်။ ဌာနေတိုင်းရင်းသားများက ကျောက်အနက်ဖြင့် ထုထားသော ဆင်းတုတော်ကို (ကရိယဝါဘာဘာ) အသားမဲဘုန်းကြီးပ၃ ခေါ်ဝေါ်ကာပူဇော်ကြပါသည်။ နောက်တမျိုး ဗန်(ဟ်)ကတဝါ ဘာဘာ (လက်ပြတ်ဘုန်းတော်ကြီး) စသည့် အမည်နာမ အမျိုးမျိုးဖြင့် ခေါ်ဝေါ်ပူဇော်ကြကုန်၏ မာထာကွန်ဝါ (ဟိန္ဒီဘာသာစကား)၏ အဓိပ္ပါယ်မှာ





မာထာကွန်ဝရ ဗိဟာရကျောင်းဟောင်း၌ တချိန်က တည်ထား ခဲ့သည့် ဤအနက်ရောင် ဆင်းတုတော်ကို သစ်ပင်တပင်အောက်မှ ရှာတွေ့ခဲ့ရသည်

အမျိုးမျိုးကွဲပြားမှုရှိပါသည်။ ဤစကားလုံး၏ အဓိပ္ပါယ်တမျိုးမှာ မင်းသားသေ (ဝါ) သေဆုံးခဲ့ပြီး ရာဇကုမာရ (မင်းသားတော်)ဟု အဓိပ္ပါယ်ရပါသည်။

အစောကပြောခဲ့ပြီးအတိုင်း မာထာကွန်ဝါစကားလုံး၏ အခြားအဓိပ္ပါယ်များမှာ မာရသန္ဒကုမာရ မဿယကုမာရ၊ မာယာကုမာရ စသည့် အဓိပ္ပါယ်များလည်း ရရှိနိုင်ပါသည်။ မာထာကွန်ဝါနှင့် စပ်လျဉ်း၍ လူများက အမျိုးမျိုးပြောဆို အဓိပ္ပါယ်ဖွင့်ကြပါသည်။ သို့သော် လေ့လာမှုတရပ်အရ သိရှိရသည့်အမှန်တခုမှာ– ဤမာထာကွန်ဝါ ကျောင်းနေရာသည် တောတောင်ဖုံးအုပ်ပြီး မြေတောင်ပို့တခုအဖြစ် ရှိနေစဉ်ကာလက ဌာနေလူများကို ထိုမြေတောင်ပို့ကို မာထာကွန်ဝါ၏ (ကိုင်ရ်)ဟူ၍ ခေါ်ဝေါ်ကြပြီး၊ ဗုဒ္ဓအရှင်မြတ်၏ ဆင်းတုတော်ကို မာထာဗာဗာဟူ၍ ခေါ်ကြပါသည်။ ဆင်းတုမှာ ကျောက်နက်ဖြင့် ထုထားသော ရုပ်တုတော်ဖြစ်၏။ လူများက မိမိတို့စိတ်ကူးဖြင့် ကြိုက်နှစ်သက်သလို မာထာကွန်ဝါဟူ၍ အမည်ပေးထားခြင်းသာ ဖြစ်ခဲ့ပါသည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်ခဲ့ပြီး နောက်ပိုင်းကာလ ခုနစ်ရာစုနှစ်များ ကုန်ဆုံးခဲ့သည့်



အနက်ရောင်ရှိ ထိုဆင်းတုတော်ကို ရွှေရောင်ချကာ မာထာကွန်ဝရကျောင်းသစ်၌ ပြန်လည်တည်ခဲ့ရသည်

အချိန်ကာလအထိ သာလဝန၊ ဥပဝတ္တန၊ မကုဋ်ဗန္ဓန၊ ကုသိနာရုံစသည့်

www.burmeseclassic.com

www.burmeseclassic.com



အမည်နာမတို့ဖြင့် ခေါ်ဝေါ်ကြသည်။ တရုတ်ခရီးသည် အီတိသင်္ဂ( ၆၇၁-၆၉၅ ခရစ်သက္ကရာဇ်) ဤဒေသနယ်မြေကို ရောက်ရှိလာခဲ့သည်အထိ အထက်တွင် ရေးသားဖော်ထားသည့် နာမည်များဖြင့်သာ ခေါ်ဝေါ်ကြသည်။ သာလဝန၊ ဥပဝတ္တန၊ မာထာကွန်ဝါကိုင်၊ ကုသိနာရုံမှ အနုရုဒ္ဓဝါနှင့် မကုဋ်ဗန္ဓနမှ ရာမာဘာရဖြစ်လာသည့်မှာ ၁၂ရာစုနှစ် များကုန်ဆုံးခဲ့ပြီး နောက်ပိုင်းကာလတွင် ဆင့်ကဲပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည့် အမည်နာမများဖြစ်ကြသည်။

ကျောက်နက်ဖြင့် ထုထားသည့် ဤဆင်းတုတော်မှာ အမြင့် 10'x6" လက်မရှိသည်။ ဤနေရာကို မစ္စတာ Karliala က ၁၈၇၆ခုနှစ်ကတည်းက စခဲ့သည့် တူးဖော်မှုလုပ်ငန်းသည် အကြောင်းအမျိုးမျိုးကြောင့် ၁၉၁၂ခုနှစ်ကြာမှ ပြီးဆုံးနိုင်ခဲ့ပါသည်။ တူးဖော်ရာတွင် အဝိုင်းပုံသဏ္ဌာန်နှင့် တည်ဆောက်ခဲ့သည့် ဝိဟာရကျောင်း ပျက်တခုကို တွေ့ခဲ့ရပါသည်။ ထိုကျောင်းတော်၏ မုခ်မှာအရှေ့ဖက်သို့ မူထားခဲ့သည်။ ထိုကျောင်းတော်၏ အနောက်ဖက်အဝန်းတွင် ဆင်းတုတော်တင် သီဟာသန ပလ္လင်ကြီးမှာ 13'3"x2'6" ပမာဏရှိသည်။ ကျောက်နက်ဖြင့် ထုထားသည့် ဗုဒ္ဓဆင်းတုတော်ကို ၁၉၁၁တွင် ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ရပါသည်။ ဤဆင်းတုကို ပြင်ဆင်မွမ်းမံစရိတ်အဖြစ် ဘိက္ခုမဟာဝိရကဌေ (၆ဝ)ရူပီး သုတေသနလုပ်ငန်းမှူး ဟီရာနန္ဒ ရှာထရီအား ပေးလှူခဲ့ပါသည်။ မွမ်းမံပြင်ဆင်ပြီးနောက် ရုပ်တုတော်ကို သူ့မူရင်းနေရာဟောင်းတွင် တည်ပေးခဲ့လိုက်ကြပါသည်။

တူးဖော်ရာတွင် အဆိုပါ ဝိဟာရကျောင်းမှာ 3'x3½" ပမာဏရှိ ကျောက်ပြား တခုကို ရရှိခဲ့ရာ ကျောက်ပြားပေါ်အကြောင်း ၁၃ကြောင်းရှိ စာသားများကမ္ဗည်းထိုး ကျောက်စာများ တွေ့ရှိခဲ့ရပါသည်။ ကမ္ဗည်းထိုးစာသားများမှာ မှိန်ဝါးဝါးဖြစ်နေ၍ ဖတ်ရခက်ခဲလျက် ရှိခဲ့ပါသည်။ ထိုကမ္ဗည်းကျောက်စာများမှာ ၁၂ရာစုနှစ်များတွင် သုံးစွဲခဲ့ရသည့် နာဂရီ(လိပိ) အက္ခရာတို့ဖြင့် ထွင်းထား ရေးသားထားခြင်းဖြစ်သည်။ မစ္စတာ Karliala ကထိုစာသားများကို အောက်ဖော်ပြအတိုင်း ဖတ်ခဲ့ပါသည်။

"ဥုံနမောဗုဒ္ဓာယ၊ နမောဗုဒ္ဓာယ ဘိက္ခုဏော" ဤကျောက်စာကို ရေးသားရာတွင် သုံးစွဲထားသည့် (လိပိ)အက္ခရာနှင့် ဝိဟာရကျောင်းကို တည်ဆောက်ရာတွင် 9"x7"x2" အရွယ်ပမာဏရှိ အုတ်များကို ထောက်ရှုခြင်းအားဖြင့် ဤဆင်းတုတော်နှင့် ဝိဟာရကျောင်းကို ၁၁-၁၂ရာစုနှစ်များက အုပ်ချုပ်ခဲ့ကြသည့် ဆူရီမင်းများလက်ထက်က တည်ဆောက်ထားခြင်း ဖြစ်ကြောင်းကို သုတေသန ပညာရှင်တို့က သတ်မှတ်ကြပါသည်။ ဖာဟီယန်၊ ဟူအင်ရှန်နှင့် အိတ္တိသင်္ဂစသည့် တရုတ်ခရီးသည်များ မှတ်တမ်းတွင် ဤဝိဟာရကျောင်း အကြောင်းအရာများကို ဖော်ပြထားခြင်းမရှိခဲ့ပါ။



ဤဝိဟာရကျောင်းနေရာကို တူးဖော်ရာတွင် ကုသဏအခေတ်က ကြေးအသပြာ တပြားကို တွေ့ရှိခဲ့ရပါသည်။ မြေဖြင့်ပြုလုပ်ခဲ့သည့် စားပွဲပြားအချို့တို့ကိုလည်း အနီးအနားမှာ တွေ့ရှိခဲ့ရပါသည်။ မီးဖုတ်ထားသည့် မြေတံဆိပ်တုံး အချို့တို့နှင့် သံထည် အချို့တို့ကိုလည်း ရရှိခဲ့ကြောင်း သုတေသနဆရာတို့၏ မှတ်တမ်းအရ သိရှိရပါသည်။ ကျောင်းဝင်း၏ တောင်ဘက်ပိုင်းတွင် ကြေးနီဖြင့် ပြုလုပ်ထားသော စတုရန်းပုံရှိ တံဆိပ်တုံးတခုရရှိခဲ့သည်။ တံဆိပ်တုံး အရွယ်ပမာဏမှာ Ix^™ ရှိသည်။ အလယ်တွင် စာကြောင်းတစ်ကြောင်း ဖော်ထားသည်။ သုတေသနပြုဆရာတို့၏ လေ့လာမှုအရ ယင်းတံဆိပ်တုံးမှာ ဤဝိဟာရကျောင်းနှင့် ဘာမျှပတ်သက်ခြင်း မရှိပါကြောင်း သိရှိရပါသည်။ လက်ရှိမာထာကွန်ဝါမန္ဒိရ်၏ အဆောက် အဦးသစ်ကို ၁၉၂၆-၂၇နှစ် များတွင် ပြီးစီးအောင်ပြန်လည် တည်ဆောက်ခဲ့ရပါသည်။ လက်ရှိကျောင်း အဆောက် အဦး၏ အလှူရှင်ဒါယကာမှာ မြန်မာပြည်မှာ ကျောင်းဒါယကာ ဦးဖိုးကြူး အမည်ရှိ မှုဆိုးလ်ကြီးတဦး၏ ကောင်းမှုဖြစ်ခဲ့ပါသည်။

## ရာမာဘာရ မကုဋ်ဗန္ဓနကျောင်း

လွန်လေပြီး (ရှေးဟောင်းကာလ)တွင် ဤနေရာသည် မင်းတို့အား ရာဇာ ဘိသိက်သွန်းရသည့် နေရာဖြစ်ခဲ့သည်။ ထို့ကြောင့်ဤနေရာ၏အမည်မှာ မကုဋ်ဗန္ဓန (မင်းတို့အား ရွှေသရဖူတင်ပေးအပ်သည့်နေရာ) ဟူ၍အမည်တွင်ခဲ့ရပါသည်။ ဤနေရာ ဌာနသည် ကုသိနာရုံ၏သမိုင်းတွင် အရေးပါခဲ့သည့် နေရာဌာနတခုဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်မှာလည်း သာယာလှပပြီး စိတ်စွဲဖွယ်ရာ ကောင်းသည့်နေရာဖြစ်ပါသည်။ ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားရှင်၏ ရုပ်ကလပ်ကို မီးသဂြိုလ်ခဲ့ရသည့် နေရာလည်းဖြစ်သည်။ ဘုရားရှင်၏ ရုပ်ကလပ်ကို မီးသဂြိုဟ်သည့်နေရာကို အမှတ်တရ ဖြစ်အောင် ဤနေရာတွင် စေတီတစ်ဆူနှင့် မကုဋ်ဗန္ဓနအမည်ဖြင့် ဝိဟာရကျောင်းကြီး တဆောင်ကို ပြုလုပ်တည်ဆောက်ခဲ့ကြရပါသည်။ မကုဋ်ဗန္ဓနကိုင်ရှ် နေရာမှ ကိုက် ၁၆၀၀ ခန့် ဝေးကွာသည့်နေရာတွင် တည်ခဲ့သည့်စေတီတော်ကို ရာမာဂါမတိုင်းမှာ ကောလိယ မင်းတို့ကတည်ဆောက်ခဲ့သည့်ဖြစ်၍ ဤစေတီကို ရာမာဘာရာဟူ၍တွင်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းထင်ရပါသည်။ ၁၈၉၀–ခုနှစ်တွင် ထိုစေတီ၏ ဉာဏ်တော်မှာ ၄၉ပေ ရှိခဲ့ပါသည်။

ရာမာဘာရာ ထူပါ(စေတီ)၏ တူးဖော်မှု လုပ်ငန်းရပ် များကို ၁၈၇၆ခုနှစ်တွင် စခဲ့ရ ပါသည်။ ထိုအချိန်ကထူပါ၏အလယ်ဗဟိုနေရာတွင် ၂၂ပေအထိ နက်နဲခဲ့သည့် ရေတွင်းတစ်တွင်းကို တူးခဲ့ကြပြီး စမ်းသပ်ရှာဖွေခဲ့ကြရာ သို့သော် တံဆိပ်တုံးအချို့အပြင် ဘာမျှ ရှာမတွေ့ ရှိခဲ့ရပါ။ ၁၉၁၀–၁၂ခုနှစ်များတွင် ဤနေရာကို ပြန်လည်တူးဖော် ကြခဲ့ရပါသည်။ ထိပ်မှာအောက်ဖက်သို့ ၄၈ပေအထိ ယန္တရားဖြင့် စိုက်ထူ၍ စမ်းသပ်ကြည့်ရာ မောရိယခေတ်လုပ်အုတ်များ အချို့ကလွဲလို့ ဘာမျှ မတွေ့ခဲ့ရပါ။ မောရိယခေတ်လုပ်အုတ်များသည် ဤစေတီ၏ သက်တမ်းကို ဖော်လျှက်ရှိပါသည်။ ထူပါနေရာ၏ ပေ၅၀ အရှေ့ဘက်နေရာတွင် တူးဖော်ကြည့်သည့်အခါ စေတီမှာ အခြေခံစုက်ဝန်းမှာ ၁၅၅ပေ ရှိသည်။ ပမာဏအားဖြင့်



၁၉–ရာစုနှစ်များတွင် ရာမာဘာရ ထူပ တွေ့မြင်ရပုံ



၂၀–ရာစုနှစ်များတွင် ရာမာဘာရ ထူပ တော့မြင်ရပဲ



လက်ရှိ၂၀–ရာစုနှစ်များတွင် ရာမာဘာရ ထူပ တွေ့မြင်ရပုံ

မဟာနိဗ္ဗာန်စေတီ၏ ၂စားရှိကြောင်း ထင်ရှားလာခဲ့ရပါသည်။ ဤစေတီ၏ပတ်လည်နေရာကိုတူးဖော်သည့်အခါ မြေဖြင့်ပြုလုပ်ထားခဲ့သည့် ရာနှင့်ချီ၍တံဆိပ်တုံးများကို တွေ့ရှိခဲ့ရသည်။ စေတီနားမှာ တူးဖော်ရာတွင် အဝိုင်း ပုံသဏ္ဍာန် တည်ဆောက်ခဲ့သည့် ဝိဟာရကျောင်း အဆောက်အဦးတခုကို တွေ့ရှိရပါသည်။ ထိုကျောင်းကြီးမှာ ပေ44'6" x27'6" အရွယ်ပမာဏရှိခဲ့သည့် ကျောင်းအဆောက်အဦးဖြစ်နေသည်။ အခြေခံအုတ်မြေတခုလုံးမှာ ထုံးအလွှာတို့ဖြင့် ဖုံးအုပ်လျက်ရှိခဲ့ပါသည်။ ထိုကျောင်းအဆောက်





ဘုရားရှင်၏ ရုပ်ကလပ်ကို မီးသဂြိုဟ်ခဲ့သည့်နေရာ (မကုဋ်ဗန္ဓန)–ရာမာဘာရ ထူပရှေ့၌ ဘိက္ခုသံဃာများ ဝတ်ပြုနေပုံ

အဦး၏နှစ်ဖက်မှာ အဝင်တံခါးပေါက်တခုစီ တည်ဆောက်ထားခဲ့ကြောင်း တွေ့ရှိရပါသည်။

ရာမာဘာရာစေတီကြီး၏ တောင်ဘက်တွင် တူးဖော်သည့်အခါ ၁၄ခုသောစေတီငယ်တို့ကို တွေ့ရှိခဲ့ရသည်။ တူးဖော်ရာတွင် ပုံအမျိုးမျိုးပါရှိသော အုတ်ခဲများနှင့်အတူ ကျောက်ရုပ်တုတခု တည်ထားသည့် ကျောက်ပြားတခုရရှိခဲ့ပါသည်။ ထိုကျောက်ပြားပေါ် ကျောက်စာငါးကြောင်းကမ္ပည်း ထိုးရေးသားထားကြောင်းတွေ့ရပါသည်။ ထိုစာသားများမှာ အလွန်မှိန်းဝါးဝါးဖြစ်နေခဲ့ပါသည်။ ကျောက်ပြားမှာ 5'x3' အရွယ်ပမာဏရှိခဲ့သည်။ မြေတံဆိပ်တုံးနှစ်ခုတို့ကိုလည်း ရရှိခဲ့ပါသည်။ တံဆိပ်တုံး၏အပေါ်ပိုင်းမှာ စေတီ ၃ဆူစီ ပုံဖော်ထားသည်။ အောက်ပိုင်းမှာ စာကြောင်း ၅ကြောင်း ရေးသားထားကြောင်း တွေ့ရှိခဲ့ပါသည်။

ရာမာဘာရာစေတီ၏ တူးဖော်ရေးလုပ်ငန်းမှာ ယခုအချိန်ထိ မပြီးဆုံးသေးပါ။ စောင့်မျှော်လျှက်ရှိနေပါသည် ထူးဆန်းသောစွမ်းအင်ရှိသည့် ရုပ်တုငယ်ကို ရှာမတွေ့ရသေးပါ။ ထိုရုပ်တုငယ်အကြောင်းကို တရုတ်ခရီးသည် အိတ္တိုသင်္ဂ၏ မှတ်တမ်းတွင် ပါရှိခဲ့သည့်အကြောင်းအရာကို အထက်ပိုင်းများတွင် ရေးသားဖော်ပြထားပြီးဖြစ်ပါသည်။ ဤနေရာပတ်ဝန်းကျင်ရှိ မြေတောင်ပို့များအနှံ့တွင် ခေတ်ဟောင်းက အဆောက်အဦးများနှင့် တည်ဆောက်မှုများ ပြန်နှံ့လျက် ရှိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗလိဟရဏဝနခန္ဒ

ဗလိဟရဏ တောစပ်ပိုင်း ကုသိနာရုံနှင့်ကပ်ရက်မှာ ရှိခဲ့သည်။ တောစပ်မှာ ရွာငယ်များ အချို့ရှိခဲ့ကြသည်။ ထိုရွာများ၌မြတ်ဗုဒ္ဓသည် အချိန်အခါအားလျော်စွာ သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။ ယင်းတောရွာများ၌ သီတင်းသုံးနေထိုင်ခဲ့တော်မူစဉ် ရှင်ဗုဒ္ဓသည် ဘိက္ခုရဟန်းတို့အား ကိတသုတ္တံသ ဥပဒေသများတို့ကို ဟောကြားခဲ့ဖူး ပါသည်။ ဘိက္ခုရဟန်းများ ဆွမ်းခံရန်နှင့် မည်သို့မည်ပုံ စုပေါင်းနေထိုင် သီတင်းသုံး ရမည်စသည် တရားများကိုဟောကြားပေးခဲ့သည်။


ဗလိဟရဏခန္ဒမှာ တောသက်သေမဖြစ်ဘဲ၊ တောရွာကြီးတရွာ ဖြစ်ကြောင်း ကိုလည်း ရေးသားဖော်ပြထားပါသည်။ ယင်းရွာများ၌ ဗုဒ္ဓ၏တရားများကို သဒ္ဓါကြည်ညိုလေးစားကြခဲ့သော ဒါယကာ၊ ဒါယိကာမ အများအပြား နေထိုင်ခဲ့ ကြသည်။ ထိုရွာများသို့ကြွချီလာ၍ အရှင်ဗုဒ္ဓသည် အကြိမ်ပေါင်းများစွာ တရားများကို ဟောကြားပေးခဲ့ပါသည်။

သာဝတ္ထိနားမှာ ဇေတဝန်ရှိသလို ရာဇဂြိုလ်နားတွင် ဝေဠုဝန်တောတည်ရှိ နေခဲ့သည့်ပမာ ကုသိနာရုံနားမှာ (သာလဝန်) အင်းကြင်းမြိုင် တည်ရှိခဲ့ကြောင်းထင်ရှား သိမြင်နိုင်သည်။ ဗုဒ္ဓနိကာယ်ကျမ်းတို့၌ ထိုအင်ကြင်းမြိုင်အကြောင်း ပါလာသဖြင့် ဗုဒ္ဓလောက၌ ထင်ရှားကျော်ကြားလာခဲ့ရပါသည်။ ထိုသာလဝန်– အင်ကြင်မြိုင်သည် ဟိရညဝတီမြစ်တဖက်ကမ်း အနောက်ဖက်အရပ်၌ မလ္လမင်းများပိုင် ဥပဝတ္တန သို့မဟုတ် သာလဝန် (တော)တည်ရှိခဲ့ပါသည်။ အဋ္ဌကထာကျမ်း၌ ထိုအင်ကြင်းတော အကြောင်းကို ရေးသားဖော်ပြပေးထားသည်။ ထိုတောကို မလ္လမင်းတို့ကပိုင်၍ တောအလယ်၌ မလ္လမင်းတို့ တောကစားထွက်သည့်အခါမျိုး၌ တည်းခိုနိုင်ရန် နန်းတော် ပမာ အဆောက်အဦးတခုကို တည်ဆောက်ထားကြောင်းလည်း ဆိုထားကြသည်။

ရှင်တော်မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က နောက်ဆုံးခရီးစဉ် ထွက်လာခဲ့တော်မူခဲ့စဉ် ရှင်အာနန္ဒာ အားမြစ်တဖက်ကမ်းရှိ သာလဝန်သို့ ကြွကြကုန်ရန် မြွက်ကြားခဲ့ဖူးပြီး ထိုအင်ကြင်းမြိုင်နေရပ်သို့ ရောက်သောအခါ သလပင်နှစ်ပင်အကြားအနားယူရန် အိပ်ရာခင်းခိုင်းခဲ့ပြီးမြောက်အရပ်သို့ ဦးခေါင်းမူကာလဲလျောင်းခဲ့ပါသည်။

ဒီဃနိကာယ်–အဋ္ဌကထာကျမ်းတို့၏ အလိုအရ ထိုသာလဝန်၌ မလ္လမင်း အိပ်ပျော်သည့် နန်းကုတင် ရှိခဲ့ပါသည်။ ယနေ့အချိန်ကာလ၌ ကုသိနာရုံတွင် မဟာပရိနိဗ္ဗာန်ပြုခဲ့သည့် သာလဝန်နှင့် နေရာအမှန်အကန်ကို သုတေသီပညာရှင် အပေါင်းတို့က တိကျမှန်ကန်စွာ သတ်မှတ် ထားပြီးသာဖြစ်နေပါပြီ။





ခေတ်ဟောင်းက ရာမာဘာရကျောင်းဝင်းအတွင်း အရှေ့တောင်ထောင့်၌ တည်ရှိသော မာထာကွန်ဝရကျောင်းသစ်

## ရှေးဟောင်းမြို့ရိုး

ကုသိနာရုံတွင် တူးဖေါ်သည့်လုပ်ငန်းများအရ ကုသိနာရုံမြို့ဟောင်း၏ လေးဘက်လေးတန်တွင် တည်ဆောက်ခဲ့သည့် မြို့ရိုးရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ကုသိနာရုံရှိ ဝိဟာရကျောင်းများ ပတ်လည်တွင် တည်ဆောက်ခဲ့သော မြို့ရိုးတခုကို (၁၉၅၀–၅၆)ခုနှစ်များတွင် တူးဖော်ရာတွင် တွေ့ရှိခဲ့ပါသည်။ တူးဖော်ရာတွင် ယင်းမြို့ရိုးတွင် တောင်ဘက်မှာဖောက်လုပ်ခဲ့သည် တံခါးပေါက်တခုကို တွေ့မြင်ခဲ့ရပါသည်။ ယင်းအဝင်တံခါးဝမှာ 11'10" ခန့် ကျယ်ဝန်းပါသည်။ ဤတံခါးဝကို တည်ဆောက်ရာတွင် အုတ်အမျိုးအစား နှစ်မျိုးလောက်ကို သုံးစွဲထားကြောင်းတွေ့ရ ပါသည်။ အုတ်တမျိုး၏အရွယ်ပမာဏမှာ 13'5"x7'5"x2'5" ရှိနေပါ၍ အခြားတမျိုး၏ အရွယ်ပမာဏမှာ 14"x8"x2" ရှိပါသည်။ ထိုအုတ်ခဲများကို သုတေသနပညာအရ စမ်းသပ်ကြည့်သည့်အခါ ယင်းအုတ်တို့မှာ ခေတ်ဟောင်းကအုတ်များ ဖြစ်ကြောင်း သိရပါသည်။ ဤအဝင်တံခါးဝမှာ တောင်ဘက် မဟာပရိနိဗ္ဗာန်ကျောင်းနှင့် ရောက်သောအခါ မြို့ရိုးနံရံသည် 1'x7" မြေပြင်အောက်တွင် ရှိနေကြောင်း တူးဖော် သိရပါသည်။ အနောက်ဖက်တွင် မြို့ရိုးနံရံကို တူးဖော်ကြည့်ခဲ့ရာ အဝင်တံခါးပေါက်

www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ကြောင်းသိရပါသည်။ လက်ရှိဘဒလာ ဓမ္မသလာ အနီးအနားတွင် မြို့ရိုးဟောင်းမှာ လယ်ပြင်မြေညီ ၁၀လက်မအောက်တွင် ရှိနေကြောင်း တူးဖော်တွေ့ရပါသည်။ ယင်းမြို့ရိုးဟောင်းမှာ ဓမ္မသလာ၏ တောင်ဘက်နံရံမှာ အရှေ့မြောက်အရပ်သို့ ရာမနဂရနားမှာ ကားလမ်းကို ကျော်ဖြတ်ထားကြောင်း တူးဖော်တွေ့ရှိခဲ့ပါသည်။ မြောက်အရပ်သို့ ဆက်လက်တူးဖော်ရာတွင် ကွက်ကျကွက်ကျ ပျက်သုဉ်းပျက်စီးသွားခဲ့ပြီး စတုရန်းပုံထုပါနားရောက်သော မြို့ရိုးမှာ ၇ပေ ၁၀လက်မအထိ မြေအောက်ရောက်နေကြောင်း သိမြင်ခဲ့ရပါသည်။ ထိုနေရာမှမြောက်ဖက်သို့ ဆက်လက်တူးဖော်ကြည့်ရာတွင် မြို့ရိုးဟောင်းမှာ ၁၂ပေအထိ မြေပြင်အောက်သို့ ရောက်ရှိနေကြောင်း တွေ့ရှိခဲ့ရပါသည်။

## မလ္လတို့၏ ရာဇဌာနီနယ်မြေ

မာထာကွန်ဝါကိုင်၏ အရှေ့တောင်အရပ်၌ ပေ၂၅၀၀အကွာအဝေးတွင် တည်ရှိအနုရုဒ္ဓဝါရွာ၏ အရှေ့မြောက်အရပ်တွင် မြေတောင်ပို့တခုရှိခဲ့ပါသည်။ ၁၈၆၁ ခုနှစ်တွင် Gen Cunnigham က ထိုမြေတောင်ပို့၏ အကျယ်အဝန်းဧရိယာ ၅၀၀ စတုရန်းပေရှိကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ နောက်ပိုင်းကာလတွင် သုတေသန ဆရာကြီးမစ္စတာဝိဆင့်က ထိုတောင်ပို့၏ အမှန်တကယ် အရွယ်ပမာဏကို တောင်နှင့်မြောက် ၁၇၀ပေရှိ၍ အရှေ့အနောက်အကျယ်ဝန်း (၁၁၅)ပေရှိကြောင်း ရေးသားဖော်ပြ



လက်ရှိ ဘဒယာနာလာခေါ် ဟိရညဝတီမြစ်





ဘုရားဖူး တရုတ်ခရီးသည် ဟူအင်ရှန်

ထားသည်။ သို့သော် ဒေါက်တာ Volagle မှာ Gen Cunnigham ၏ အဆိုကိုသာ မှန်ကန်ကြောင်း အတိပြုခဲ့ပါသည်။ နှစ်ပေါင်း (၃၀)အတွင်း ပတ်ဝန်းကျင်မှာ လယ်သမားများသည် တောင်ပို့ ရှိတောကို ခုတ်ထွင်းရှင်းပစ်ရာ အဆိုပါတောင်ပို့၏ အရွယ်ပမာဏသည် ကျဉ်းလာခဲ့ရတော့သည်။ ဤအနုရုဒ္ဓဝါရွာသည် ခေတ်ဟောင်းက မလ္လမင်းတို့၏ ရာဇဌာနီ နယ်မြေဖြစ်ကြောင်း သတ်မှတ်အတိပြုခဲ့ကြသည်။ ၁၉၁၂-ခုနှစ်တွင် တူးဖော်သည့်လုပ်ငန်းကို ပြန်ညီလုပ်ခဲ့ကြရာ ပေ(၅၀) မြေအောက်အထိ တူးဖော်ခဲ့ရာ သို့သော်အုတ်များ အဆင့်ဆင့်မှလွဲ၍ အခြားဘာမျှ မတွေ့ခဲ့ရပါ။ တောင်ပို့ တခုလုံးမှာ မြေနိုး၏အလွှာများသာ ဖြစ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ဤထူပကို ဟူအင်ရှန်က အသောကမင်းတရားကြီး တည်ဆောက်ခဲ့သည့် ထူပါဖြစ်ကြောင်း ရေးသားဖော်ပြထားသော်လည်း လက်တွေ့မှာ အဘယ်ခါတ်တော်မျှ ဌာပနာထားခြင်းကို မတွေ့ရှိခဲ့ရပါ။ ဤတောင်ပို့မှာ ကိုက်ပေါင်း (၂၂၅)ကိုက်ဝေးကွာသည့်နေရာတွင် သရက်ခြံတခုကို တူးဖော်ကြည့်ရာတွင် အောက်ပိုင်း (၃၂)ပေရှိပြီးအပေါ်ပိုင်းမှာ ၂၇ပေရှိ စတုရန်းပုံတည်ဆောက်ခဲ့သည် အဆောက်အဦးတခုကို တွေ့ရှိခဲ့ရပါသည်၊ ဤအဆောက်အဦးကို ခေတ်ဟောင်းက သုံးစွဲသည့်အုတ် 14"x8.5"x2" အရွယ်ပမာဏရှိ အုတ်တို့ဖြင့် တည်ဆောက်ခဲ့ကြောင်းသိရှိရပါသည်။

အနုရုဒ္ဓဝါရွာ တည်ရှိမြေနေရာကို တူးဖော်လာသည့်အခါ ရွာအလယ်ပိုင်းနေရာတွင် ထူပငယ်လေးခုတို့၏ အခြေအမြစ်ကို တွေ့ရှိခဲ့ရပါသည်။ ထိုစေတီငယ်များကို အရှေ့မှအနောက်သို့ တန်းစီတည်ဆောက်ခဲ့ကြောင်း သိရှိခဲ့ရပါသည်၊

ခေတ်ဟောင်းကာလက ကုသိနာရုံ၏နာမည်မှာ ကုသဝတီမြို့ဖြစ်ခဲ့ပါသည်။ နောက်ပိုင်း ကာလတွင် ကုသဝတီမြို့ကို ကုသီနာရာဟူ၍ တွင်လာခဲ့ကြလေသည်။ ၁၂ရာစုနှစ်များအတွင်း ကျူးကျော်ဝင်လာခဲ့ကြသည့် မူစလင်ဘုရင်တို့က ကုသီနာရာကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ဤနယ်မြေအရပ်ဒေသသည် အများဥပေက္ခာပြုလာသည့် နယ်မြေတခုအဖြစ် ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရပါသည်။ လူတို့သည် ကုသိနာရာဟူသော အမည်နာမကိုတောင် မေ့လာခဲ့ကြလေသည်။ အင်္ဂလိပ်အုပ်ချုပ်မှုကာလတွင် အခြေအနေအနည်းငယ် တိုးတက်ပြောင်းလဲလာခဲ့ရပါသည်။ အင်္ဂလိပ်များ အုပ်ချုပ်သည့်ကာလတွင် ဤနေရပ်၏နာမည်မှာ ကဆယာဟူ၍ တွင်းလာခဲ့ကြသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ဗုဒ္ဓဘာသာဝင်ဖြစ်သူ ယူပီးပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်သူ ကျောင်းတကာမကြီး မာယာဝတီက ကဆယာနာမည်ကို ပြောင်းလဲပေးပြီး မူရင်းနာမည်ဖြစ်သည့် ကုသိနာရာဟူ၍ မှည့်ပေးသတ်မှတ်ပေးခဲ့ပါသည်။

## ဟိရညဝတီမြစ်

ခေတ်ဟောင်းကာလက ဟိရညဝတီခေါ်မြစ်ကြီးသည် ကုသိနာရာ၏ အရှေ့ဘက်ကနေ စီးဆင်းခဲ့သည့် မြစ်ဖြစ်ခဲ့ပါသည်။ အချို့အချို့သော စာရေးဆရာများက ဂန္ဓကမြစ်ကြီးနှင့် ဂန္ဓကမြစ်ငယ်တို့ကို ဟိရညဝတီမြစ်ဟူ၍ ရေးသားသတ်မှတ်ဖော်ပြထားကြသည်။ သို့သော် ခေတ်ဟောင်းက မလ္လမင်းတို့၏ အင်ကြင်းတောစပ် အနောက်ဘက်ရှိမြစ်သည် အမှန်တကယ် ဟိရညဝတီမြစ်ဖြစ်ပါသည်။

## ဘိက္ခုမဟာဝီရ

မဒရပ်မြို့ကို ရောက်လာသည့်အခါ မဟာဝီရဆင့်၏ အပေါင်းအဖော်များက သူ့အား စွန့်သွားခဲ့ကြသည်။ သူ့ဘဝ၏ နောက်ဆုံး နပန်းပွဲကို မဒရပ်မြို့၌ကျင်းပရာ ထိုပွဲတွင် နာမည်ကျော်မူဆလင် နပန်းသမား တဦးအပေါ် အနိုင်ယူခဲ့သည်။ ထိုနပန်းပွဲကို ဗြိတိသျှ အရာရှိအရာခံများ တက်ရောက်အားပေးခဲ့ကြသည်။ အနိုင်ရသူ မဟာဝီရသင့်အား ဗြိတိသျှအရာရှိတဦးက ငွေ (၁၀၀၀) ဆုချီးမြှင့်ခဲ့ပါသည်။ ရရှိလာသည့် ဆုငွေမှ တစ်ဝက်ခန့်ကို အပေါင်းအသင်းတို့အား ကျွေးမွေးဧည့်ခံရာတွင် သုံးစွဲခဲ့ပြီး ကျန်ငွေ (၅၀၀)ကို လက်ကိုင်ကာ သီရိလင်္ကာသို့ တဦးတည်းထွက်လာခဲ့ပါသည်။ သီဟိုဠ်သို့ ရောက်သည့်အခါ သူ့ဇာတိမြို့နားက ကုလားသူဌေးတယောက်အိမ်မှာ ငါးနှစ်တိတိ နေထိုင်ခဲ့ပါသည်။ မဟာဝီရဆင့်က ဗေဒင်လက္ခဏာပညာကို အတော့်အသင့် တတ်ထားသူဖြစ်၏။ ထိုဗေဒင်ပညာက သူ့အား သီဟိုဠ်ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့် ရင်းနှီးမှုရယူရန် အတော်အသုံးတည့်ခဲ့ပါသည်။

သီဟိုဠ်ပြည်၌ တနေရာမှတစ်နေရာသို့ လည်လှည့်လျှောက်သွားရာ တနေ့တွင် ပြင်းထန်သည့် ဝမ်းကိုက်ရောဂါဖြင့် လမ်းဘေး၌ လဲလျောင်းနေခဲ့သည်။ အနီးအနားရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းမှာ ကျောင်းထိုင်ဆရာတော် အိန္ဒြဘာသမှာ လမ်းဘေးမှာ လဲနေသည့် မဟာဝီရဆင့်အား သနားကြင်နာကာ ကျောင်းသို့ ခေါ်သွားခဲ့ပြီး ဆေးဝါးများဖြင့် ကုသပေးခဲ့ရာ ရောဂါပျောက်ကင်းသွားခဲ့သည်။ ထိုအချိန်မှစ၍ မဟာဝီရဆင့်သည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် ပိုနီးစပ်မှု ရရှိလာခဲ့သည်။ ဇာတ်နိမ့်ဇာတ်မြင့်စနစ်ကို ငယ်စဉ်ကလေးဘဝကတည်းက ယုံကြည်လေးစားလာခဲ့သည့် မဟာဝီရမှာ ထိုအချိန်ကစ၍



ဘိက္ခု ရှင်မဟာဝီရဆွာမိ

www.burmeseclassic.com


www.burmeseclassic.com



အမြင်မှန်ရသွားခဲ့ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ တချိန်လုံး ပုဆိုးဖြူနှင့် အင်္ကျီဖြူ ဝတ်ဆင်လာခဲ့သည့် မဟာဝီရဆင့်သည် သီဟိုဠ်ဘုန်းကြီး အိန္ဒြဘာသ၏ အကူညီဖြင့် ဗုဒ္ဓဘာသာ သင်္ကန်းစည်းရ၍ ဘိက္ခုတပါးအဖြစ်သို့ ပြောင်းလာခဲ့လေသည်။

သီဟိုဠ်၌ ရှိနေစဉ်ကာလတွင် ဘိက္ခုမဟာဝီရ၏ ပါဠိဘာသာ အသံထွက်ကို အားကျ၍ သီဟိုဠ် သူဌေးတယောက်က သူ့အားမိမိပိုင် ခြံတစ်ခြံကို ဘိက္ခုမဟာဝီရအား ပေးလှူဒါန်းခဲ့ပါသည်။ ဆွာမိမဟာဝီရက ထိုခြံကြီးကို မိမိ၏ဆရာရှင်အိန္ဒြအား ဆက်ကပ်ခဲ့ပါသည်။

ဝိနည်းနှင့်အညီ ဥပဇ္ဈာယ်ခံယူရမည့်အချိန် နီးကပ်လာခဲ့သည့်အခါ မိမိသည် မြန်မာနိုင်ငံမှာ ဥပဇ္ဈာယ် ခံယူလိုကြောင်း တင်ပြပြောဆိုခဲ့ပါသည်။ ဆရာဖြစ်သူ အိန္ဒြဘာသကလည်း သဘောတူ၍ ခွင့်ပြုခဲ့ပါသည်။ ထိုအခါ ဆွာမိမဟာဝီရက သီဟိုဠ်ဘုန်းတော်ကြီးနှစ်ပါးထံမှ မေတ္တာရပ်ခံခြင်းနှင့်အတူ မြန်မာနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ လမ်းခရီးစပ်ကြား ပါဋ္ဌေစေရီနှင့် ကာလကတ္တားမြို့၌ ရက်အနည်း ငယ်စီမျှနေထိုင်ခဲ့သည် ထိုနှစ်တွင်ပင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။ ဥပဇ္ဈာယ်ခံယူသည့် ကိစ္စထိုနှစ်တွင်ပင် ပြီးစီးခဲ့ပါသည်။ အချိန်ကာလမှာ ၁၈၈၄ ခုနှစ်ဖြစ်သည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်သည့်နှစ်ဖြစ်၍ တိုင်းပြည်အခြေအနေမှာ မငြိမ်မသက်ဖြစ်နေသည်။ စစ်ပွဲအပြီးမှာ ဗြိတိသျှတို့သည် မြန်မာပြည်၏နောက်ဆုံးဘုရင် သီပေါမင်းကိုဖမ်းမိ၍ အိန္ဒိယပြည် ရတနာဂီရိမြို့သို့ ခေါ်ဆောင်လာကာ ချုပ်နှောင်ထားခဲ့သည်။ တိုင်းပြည်အခြေအနေ မကောင်းပါသဖြင့် ဆွာမိမဟာဝီရကို သူ့ဆရာ မြန်မာ ဘုန်းတော်ကြီးက သူ့အား သီဟိုဠ်ပြန်သွားခိုင်းခဲ့ပါသည်။



မဟာပရိနိဗ္ဗာန် ထူပပုံကျက်၏နောက်မှာ ရှင်မဟာဝီရ တည်ဆောက်ခဲ့သည့်စေတီပုံ



မြန်မာနိုင်ငံသို့မသွားခင် ဆွာမိမဟာဝီရ၏ သင်္ဘောက ကာလကတ္တားမြို့၌ ဆိုက်ခဲ့ပါသည်။ ကလကတ္တားသို့ ရောက်လာသော် ဆွာမိမဟာဝီရက မြန်မာပြည်သို့ မသွားခင် သံဝေဇနီယဌာနကြီး လေးဌာနကို ဖူးမြော်သွားရန် စိတ်ကူးဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ထိုအချိန်က ကာလကတ္တားရောက်နေသော ဘုရားဖူးအဖွဲ့နှင့် ထိုဌာနကြီးလေးဌာနကို လိုက်သွားရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံမှ ကာလကတ္တား ရောက်နေသည့် ထိုအဖွဲ့၌ ဘုရားဖူးခရီးသည်ပေါင်း ၂၀ကျော်တို့ ပါဝင်ခဲ့ပါသည်။ ဆွာမိမဟာဝီရက ထိုခရီးစဉ်တွင် သာရနာထသို့ ရောက်ရှိခဲ့သည့်အချိန်တွင် ဌာနေလူ အချို့တို့သည် မိဂဒါဝုန်ဘုရားကျောင်းဟောင်းနှင့် စေတီပျက်တို့မှ အုတ်များကို မိမိတို့အိမ်များဆောက်ရန် ထုတ်ယူ၍ လှည်းဖြင့် သယ်ယူသွားနေကြောင်း တွေ့ရှိခဲ့ပါသည်။ ထိုသို့ အုတ်များ တိုက်ယူနေကြသည့် လှည်းသမားတဦးကို မဟာဝီရဆွာမိက တားမြစ်ခဲ့သည်။ အခြင်းဖြစ်ပွားရာသို့ ဗြိတိသျှအရာရှိ တစ်ယောက် ရောက်ရှိလာခဲ့ပါသည်။ အခြင်းဖြစ်ရခြင်း အကျိုးအကြောင်းကို မေးမြန်း စုံစမ်းလာသည့်အခါ ဆွာမိမဟာဝီရက ထိုအရာရှိအား ဤသို့ပြောဆိုရှင်းပြခဲ့ပါသည်။ လှည်းဖြင့် တိုက်ယူနေကြသည့် အုတ်များမှာ သမိုင်းဝင် ဗုဒ္ဓဘာသာ တည်ဆောက်မှုမှအုတ်များ ဖြစ်ကြပါသည်။ သမိုင်းဝင် ဗုဒ္ဓအဆောက်အဦးများမှ အုတ်များကို မိမိတို့အိမ်ယာများ ဆောက်လုပ်ရန် စည်းမဲ့ကမ်းမဲ့ ထုတ်ယူရခြင်းသည် ဗုဒ္ဓဘာသာနှင့် ဘာသာဝင်တို့၏ ယုံကြည်မှုကို စော်ကားနေသည့် အပြစ်ကြီးဖြစ်နေပါ၍ တာဝန်ရှိလူကြီးများက ယင်းအပြုအမူတို့ကို ချက်ချင်းတားမြစ်သင့်သည်ဟု ရဲရင့်စွာ ပြောဆိုတောင်းဆိုခဲ့ပါသည်။ တာဝန်ရှိ ဗြိတိသျှအရာရှိကလည်း ဆွာမိမဟာဝီရ၏ တင်ပြချက်များ တရားနည်းလမ်းကျ၍ ဌာနေလူများက ထိုဖျက်ဆီးမှုလုပ်ရပ်ကို ဆက်လက် မကျူးလွန်နိုင်ရန် အမိန့်ပြဋ္ဌာန်းပေးခဲ့ပါသည်။ ထို့အပြင် နောက်နောင်ကို သမိုင်းဝင် တည်ဆောက်မှုများမှ ဌာနေလူများ အုတ်နှင့်အခြားဆိုင်ရာ ပစ္စည်းများကို မယူနိုင်အောင် အစောင့်ချထားပေးခဲ့ပါသည်။

ဆွာမိမဟာဝီရက မြန်မာ့ ဘုရားဖူးအဖွဲ့နှင့် သံဝေဇနီယဌာန လေးဌာနသို့ ရောက်သွားခဲ့ပါသည်။ ထိုဌာနကြီးလေးဌာနအနက် ကုသိနာရုံကို သူသဘောအကျဆုံး ဖြစ်သည်ဟု ထင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် တနှစ်ပြီး မြန်မာပြည်မှ အပြန်တွင် ဆွာမိ မဟာဝီရသည် ကုသိနာရုံသို့ ဒုတိယ တကြိမ်ရောက်ရှိလာခဲ့ပါသည်။ ၁၈၉၀–ခုနှစ်တွင် ဆွာမိမဟာဝီရက ကာလကတ္တားမှ အပြီးအပိုင်ထွက်ခဲ့ပြီး ကုသိနာရုံတွင် နေထိုင်လာခဲ့တော့သည်။ ကုသိနာရုံတွင် သက်ရှက်သက်ကယ်မိုး ကုဋီကျောင်းကလေး တခုကို ဆောက်တည်ကာ တရားအားထုတ်လျက် နေထိုင်လာခဲ့ရပါသည်။ အနီးအနားရှိ တောင်သူလယ်သမားများသည် တရားကျင့်ပုဂ္ဂိုလ် ရှင်မဟာဝီရ၏

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကွမ်းအတွက် တာဝန်ယူလိုက်ကြသည်။ တဖြည်းဖြည်းနှင့် ကုသိနာရုံသို့ ဘုရားဖူးမြော်ရန် လာရောက်ကြသော ခရီးသည်များ တည်းခိုနိုင်ရန် ဓမ္မသာလ တစ်ဆောင်ကို တည်ဆောက်သွားရန် စိတ်ကူးဆုံးဖြတ်ခဲ့သည်။ တနေ့တွင် ဗြိတိသျှ အရာရှိတဦးနှင့် တွေ့ရှိခဲ့ရာ ဆွာမိမဟာဝီရက သူ့ဆန္ဒကို ထိုအရာရှိအားတင်ပြ၍ မြေကွက်တခုပေးရန် တောင်းဆိုခဲ့သည်။ ထိုအရာရှိကလည်း ဆွာမိ၏ ပရဟိတ လုပ်ငန်းကို အားပေးကူညီသွားရန် ကတိပေးခဲ့ပါသည်။ မြန်မာနိုင်ငံမှ ကျောင်းဒါယကာ ဦးချီးဖားရှိနှင့် ဗြိတိသျှအရာရှိတို့၏ အကူအညီ ထောက်ပံ့မှုဖြင့် ဓမ္မတည်းခိုရိပ်သာ တခုကို တည်ဆောက်မည့် လုပ်ငန်းကိုစရန် ဆွာမိမဟာဝီရသည် ကာလကတ္တားမြို့သို့ ရောက်လာခဲ့သည်။ အလှူရှင် ကျောင်းဒါယကာ ချီးဖားရှိနှင့် တိုင်ပင်ဆွေးနွေးကာ ကုသိနာရုံသို့ ပြန်လာခဲ့သည်။ ကုသိနာရုံသို့ ပြန်ရောက်သည့်အချိန်တွင် ဗြိတိသျှ အရာရှိက ပြောင်းရွှေ့သွားခဲ့ပြီး ဖြစ်နေသည်။ ဇနကဓါရီမြို့ မျက်နှာဖုံးတဦး၏ အကြံပေးချက်အရ သက်ဆိုင်ရာ အစိုးရရုံး၌ ဓမ္မသာလဆောက်နိုင်ရန် မြေကွက်တခု ချမှတ်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် အငြင်းခံလိုက်ရပါသည်။ နောက်ဆုံးတွင် ဆွာမိမဟာဝီရမှာ ဗြာဟ္မဏ တဦးထံမှ တစ်ဧကလျှင် ရူပီး ၆၀ နှုန်းဖြင့် မြေကွက်တခုကို ဝယ်ယူခဲ့ပါသည်။

ဓမ္မခရီးသည်များ တည်းခိုနိုင်ရန် တည်းခိုရိပ်သာ (ဓမ္မသာလာ) တည်ဆောက်သည့် အလုပ်ကို စခဲ့လေသည်။ နှစ်လ သုံးလခန့် တည်းခိုရိပ်သာ တည်ဆောက်မှုလုပ်ငန်း ပြုလုပ်ကြီးကြပ်ပြီး၊ ဆွာမိမဟာဝီရသည် ကာလကတ္တားသို့ ပြန်သွားခဲ့ပါသည်။ မြန်မာနိုင်ငံမှာ ရခိုင်လူမျိုးအလှူရှင် ချီးဖားရှိမှာ ဆွာမိကြီးအား သေတ္တာငယ်တခုကို ပေးလှူခဲ့ရာ သေတ္တာ၌ ငွေ ၁၅၀၀ ရူပီးပါရှိခဲ့ပါသည်။ ထိုခေတ်တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက မိမိတို့လက်ဖြင့် ငွေကြေးကိုင်လေ့ ကိုင်ထမရှိခဲ့ပါ။ ဆွာမိကြီး အပြန်ခရီးစဉ်မှာ သူစီးလာခဲ့သည့် မီးရထားသည် ဒေဝရီယာ ဘူတာသို့ ဆိုက်ရောက်လာခဲ့သည့်အခါ ကုန်ထမ်းကူလီတယောက်အား ၄-ပဲ (၂၅-ပြား) ပေးရန် လိုအပ်လာပြီဖြစ်၍ ဆွာမိမှာ ၄င်းနှင့်အတူပါလာသော ငွေသေတ္တာကို ကူလီရှေ့မှောက် တွင်ဖွင့်ခဲ့ရပါသည်။ အနီးအနားတွင် မတ်တပ်ရပ်နေကြသည့် အခြားသူများကလည်း သေတ္တာတွင် ငွေအများအပြားပါရှိနေကြောင်း တွေ့မြင်သွားခဲ့ရပါသည်။ ဒေဝရီယာမှ ကုသိနာရုံသို့ ထိုအချိန်ကာလက နွားလှည်းဖြင့် ကူးရပါသည်။ ကုသိနာရုံသို့ မောင်းနှင်လာသည့်လှည်းကို ညအချိန်တွင် ဓါးပြအုပ်စုတခုက ဝိုင်းကာတိုက်ခိုက်ခဲ့ရာ ဆွာမိကြီး ပါလာသော ငွေသေတ္တာပါသွားခဲ့သည်။ ယနေ့ယခုအချိန်ကာလတွင် ယင်းကဲ့သို့သော အဖြစ်အပျက်မျိုးမှာ သေးငယ်ပြီး မပြောစလောက်ဖြစ်နေပါသည်။ သို့သော် ထိုခေတ်





မြန်မာပြည်မှ ကျောင်းဒါယကာ ချီးစားရှိ

ထိုအချိန်ကာလက ဆွာမိမဟာဝီရလို ပုဂ္ဂိုလ်များအတွက် အလွန့်အလွန်ခံရ ခက်သည့် အဖြစ်အပျက် ဆုံးရှုံးမှုတရပ် ဖြစ်ခဲ့ရပါသည်။

အလှူရှင် ဒါယကာ ချီးဖားရှိက စိတ်ပျက်မှု တစုံတရပ်မရှိဘဲ ဓမ္မသာလ ပြီးစီးအောင် တည်ဆောက်သွားရန် ဆက်လက် ကူညီသွားခဲ့ပါသည်။ ၁၉၀၂-ခုနှစ်တွင် တည်းခိုရိပ်သာ၏ တည်ဆောက်မှုလုပ်ငန်း ပြီးစီးခဲ့ပါသည်။ ယင်းဓမ္မရုံပြီးစီးအောင် တည်ဆောက်ရာတွင် ငွေ ၁၅၀၀၀ ရူပီးခန့် ကုန်ကျခဲ့ပါသည်။ ထိုစဉ်က ယင်းဓမ္မရုံ၌ အလှူရှင် ချီဖားရှိနှင့် ဘိက္ခုမဟာဝီရတို့ ဓါတ်ပုံ တခုစီကို ဓမ္မာရုံ၌ ချိတ်ထားခဲ့သည်ကို မြင်တွေ့ရပါသည်။ သို့သော် ယခုအချိန် ကာလတွင် ဓမ္မခရီးသည်တို့မှာ ယင်းဓါတ်ပုံများကို မတွေ့ရှိရပါ။

နှစ်ဆယ်ရာစု အစပိုင်းနှစ်များတွင် အနောက်နိုင်ငံ ပညာရှင် အချို့တို့က ရှင်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခဲ့သည့်နေရာ ကုသိနာရုံဖြစ်ကြောင်းကို မယုံကြည်ကြပေ။ သို့သော် မဟာပရိနိဗ္ဗာန် စေတီတော်၏ အတွင်းပိုင်းကို တူးဖော်ကြည့်ရာတွင် တွေ့ရှိရသော မှတ်တမ်းမှတ်ရာတို့က ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့သည့် နေရာမှန်မှာ ကုသိနာရုံပင် ဖြစ်ကြောင်းကို ယနေ့ငြင်းမရနိုင်ကြောင်း အချက်တရပ်ဖြစ်နေပါပြီ။ မဟာပရိနိဗ္ဗာန် စေတီကို တဖန် မြန်မာနိုင်ငံမှ အလှူရှင် ဒါယကာ တဦးက ငွေ ၁၈၀၀၀ ရူပီး အကုန်ခံကာ ပြန်လည်မွမ်းမံသွားခဲ့ရပါသည်။

မဟာဝီရ ဆွာမိက လက်ရှိ မဟာပရိနိဗ္ဗာန်စေတီ၏ တင့်တယ်ခမ်းနားပုံကို မမြင်သွားရှာခဲ့ပါ။ သို့သော် သူ့အချိန် သူ့အခါနှင့် သူ့တာဝန်ကိုတော့ ကျေပွန်အောင် ဆောင်ရွက်သွားခဲ့ကြောင်းကို ဝန်ခံထောပနာပြုရမှာ ဖြစ်ပါသည်။ ဆွာမိ မဟာဝီရမှာ သူ့ဘဝ၏ နောက်ဆုံးပိုင်းနှစ်များတွင် အစာကြေဝမ်းကိုက်ရောဂါ စွဲကပ်လာခဲ့သည်။ ထမင်းဟင်းများ မစားနိုင်ဘဲ သစ်သီးဝလံများကိုသာမှီဝဲ၍ နေထိုင်ခဲ့ရပါသည်။ ဆွာမိမဟာဝီရမှာ အစဉ်သဖြင့် ဝရန်တာမှာ အိပ်လေ့အိပ်ထရှိခဲ့ရာ မမာမကျန်းဖြစ်၍ သေတော့မည့်နောက်ဆုံး အပတ်တွင်သာ အခန်းထဲသို့ ရွှေ့ပြောင်းနေခဲ့ပါသည်။

www.burmeseclassic.com


www.burmeseclassic.com



ကွယ်လွန်တော်မူမည့် (၂) ရက်အလို၌ သူ့အချစ်ဆုံး တပည့်လည်းဖြစ်၊ အလုပ်အကျွေး ပြုပေးသူလည်းဖြစ်၊ ဖိရန်ကီးယာကို အနားတွင်ခေါ်ယူကာ မင်းလိုချင်တာပြောပါဟု မေးခဲ့ပါသည်။ ဆွာမိကြီး ကျန်းမာလာဖို့ကလွဲလို့ ကျနော်ဘာမျှ တောင်းတမှု မရှိခဲ့ပါဟု ပြန်ပြောခဲ့သည်။

ဆွာမိမဟာဝီရက သူ့အား သင်္ကန်းရောင် (ဒုဿလာ) ခြုံထည်တခုကို မှာယူပြီး ဖိရန်ကီးယာအား ခြုံဆင်ပေးခဲ့ပါသည်။ ကွယ်လွန်တော်မူမည့်နေ့တွင် တပည့်တပန်းများ ဆွာမိကြီးအိပ်နေသည့် ကုတင်ပတ်ဝန်းကျင်၌ ဝိုင်းဝန်းလာပြီး မျက်ရည်များလျှံလျက် ရှိနေကြပြီး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ စသည့် ဂါထာများကို သံပြိုင်ရွတ်ဆိုပေးနေခဲ့ကြရာ အားလုံးသောသူများအား နောက်ဆုံး ကရုဏာမျက်လုံးဖြင့် စိုက်ကြည့်ကာ အမြဲတမ်းအတွက် သူ့မျက်လုံးများကို ပိတ်သွား ရှာခဲ့လေသည်။

ကုသိနာရုံ ဝိဟာရကျောင်း၏ အရှေ့ဘက် မုခ်ဝနားမှာ ခေါင်းလောင်းကြီး ချိတ်ရန် လိုအပ်နေသည်။ ဆွာမိမဟာဝီရမှာ ခန္ဓာစွမ်းရည်သန်သည့် ပုဂ္ဂိုလ်တဦး ဖြစ်သည့်အားလျော်စွာ တဦးတည်းပင် ထိုခေါင်းလောင်းကြီးကို မ၍စင်၌ ချိတ်ပေး နိုင်ခဲ့ပါသည်။ ယင်းခေါင်းလောင်းကြီးကို လက်ရှိအချိန်တွင် မြန်မာဗုဒ္ဓဘာသာ ဝိဟာရကျောင်း အဝင်တံခါးဝ၏ ညာဘက်၌ ချိတ်ထားခြင်းကို တွေ့ရှိနိုင်ပါသည်။ ဝိဟာရကျောင်းရှေ့ ကွင်းပြင်တွင် ရှေးအခါကတူးထားသော သစ်ပြားများဖြင့် တည်ဆောက်ခဲ့သည့် ရေတွင်း တစ်တွင်းရှိခဲ့ပါသည်။ ထိုတွင်းကို ယခုအချိန်၌ သစ်ပြားများဖြင့် ဖုံးအုပ်ထားပါသည်။ ဓမ္မသာလ ရှေ့ ကွင်းပြင်အခြေအနေ ဆိုးဝါးနေသည်။ ယင်းဓမ္မသာလ၏ အုတ်နံရံမှာ ၂၂"ခန့် ထုထည်ရှိ၍ ယခုအချိန်အထိ မပြိုမပျက် ရပ်လျက်ရှိနေပါသည်။



မဟာဗရိနိဗ္ဗာန်ထူပနှင့် မဟာပရိနိဗ္ဗာန်ကျောင်း၏ မြောက်အရပ် ဒေါ်ငွေတစ်နေရာ တည်၍ တိဘက်လူမျိုး တည်ပေးခဲ့သည့် ခေါင်းလောင်းပုံ



ဓမ္မသာလအတွင်း အခန်းများ၏ တံခါးများကို ခိုင်မာသည့် သစ်သားပြားတို့ဖြင့် ပြုလုပ်ထားသည်။ အနီးအနားမှာ တချိန်က ဗုဒ္ဓဝိဟာရကျောင်း တစ်ကျောင်းလည်း ရှိခဲ့ရာ ယခုအချိန်တွင် ထိုဝိဟာရကျောင်းလည်းမရှိ ကျောင်းတွင်ရှိခဲ့သည့် ဗုဒ္ဓဆင်းတုတော်လည်း မရှိဖြစ်ရပါသည်။

ဘိက္ခုမဟာဝီရ၏ ကြိုးပမ်းမှုဖြင့် တည်ဆောက်ခဲ့ရသော ဤဓမ္မသာလမှာ ပျက်စီးယိုယွင်းနေသည့် အခြေအနေမျိုး၌ ရှိနေပါသည်။ တချိန်က ဓမ္မခရီးသည်များ ဗုဒ္ဓဘာသာကို ကြည်ညိုသည့်သူများအား ခိုကိုးမှုပေးခဲ့သည့် ယင်းဓမ္မသာလမှာ ယခုခိုကိုးရာမဲ့အဖြစ်သို့ ရောက်လျက်ရှိနေပါသည်။ လေမုန်တိုင်းတော်ငင်း၊ သည်းထန်စွာရွာမည့် မိုးရေဒါဏ်ခံရမှုအောက် အချိန်မရွေး လဲသွားနိုင်သည့် အခြေအနေရှိနေပါသည်။ ဓမ္မသာလ၏ အဝင်တံခါးမှဝင်၍ အထဲသို့ ရောက်လျှင် ရောက်ခြင်း အဖြစ်မှန်ကို တွေ့ရှိရပေသည်။ ထိုဓမ္မသာလတွင် အခန်း ၁၀ ခန်းရှိကြ၏။ သို့သော် ထိုအခန်းများကို ဂိုဒေါင်အဖြစ်သာ အများဆုံးသုံးစွဲနေကြကြောင်းကို တွေ့ရှိရနိုင်ပါသည်။ ဓမ္မသာလထဲ ဝင်လျှင်ဝင်ချင်း လက်ဝဲဘက်၌ အခန်းကြီးတခန်း ရှိပါသည်။ ထိုအခန်းတွင် ဘိက္ခုမဟာဝီရ ပျံလွန်တော်မူခဲ့ပါသည်။ ယင်းအခန်း၌ ဘန္တေ သီလပရာကာရှနှင့် စာပေမြတ်နိုးသူ ဘန္တေ စန္ဒိမာတို့နေထိုင် သီတင်းသုံးကြသည်။ ယင်းဘိက္ခုနှစ်ပါးစလုံးသည် အိန္ဒိယအနွယ်ဖွားဖြစ်ကြပါသည်။

## စန္ဒြမဏိ မထေရ်

လေးစားကြည်ညိုအပ်သော မထေရ်ကြီး ဦးစန္ဒြမဏိအား ကုသိနာရုံကို ပြန်လည်ဖော်ထုတ်တိုးတက်အောင် ကြိုးစားပြုလုပ်သွားသည့် ရဟန်းတပါးအဖြစ် သမိုင်းတင်ရမှာ ဖြစ်ပါသည်။ ဘိက္ခုမဟာဝီရ၏ နောက်ပိုင်းတွင် အရှင်စန္ဒြမဏိ မထေရ်ကြီးသည် ကုသိနာရုံ၏ ဘက်စုံတိုးတက်မှုကို စိတ်ပါဝင်စားစွာ လုပ်ကိုင် ဆောင်ရွက်သွားသည့် ရဟန်းတစ်ပါး ဖြစ်ခဲ့ပါသည်။ ၁၈၇၅-ခုနှစ်တွင် မြန်မာနိုင်ငံ ရခိုင်ပြည် ပေါက်ပင်ကွင်းရွာ မြို့ဟောင်းမြို့နယ် စစ်တွေနေ အဖ ဦးကျော်အောင် အမိ ဒေါ်မိဝင်းရီတို့မှ မွေးဖွားခဲ့ပါသည်။ ဆရာတော်၏ ငယ်နာမည်မှာ သာဘန်းဦးဖြစ်၍ ဦးကျော်အောင်နှင့် ဒေါ်မိဝင်းရီတို့၏ သားဦးဖြစ်ခဲ့ပါသည်။ အသက်အရွယ် (၇)နှစ်တွင် သာဘန်းဦးသည် မိဘရွာကိုစွန့်၍ ဦးလေးတော်စပ်သူ ရှင်ဦးစန္ဒိမာထံ စစ်တွေမြို့သို့ သွားခဲ့ရပါသည်။ ၁၈၈၅-ခုနှစ်တွင် စစ်တွေမြို့ကျောင်း၌ပင် ဥပဇ္ဈာယ်ခံယူခဲ့သည်။ ဥပဇ္ဈာယ်ပြုပေးသူမှာ ရှင်ဦးစန္ဒိမာပင် ဖြစ်ပါသည်။ သာမဏေဘောင်တက်သွားပြီး စန္ဒြဟု တွင်လာခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိသဘာကို စတင်ဖွဲ့စည်းပေးခဲ့သူ သီဟိုဠ်မှ အနာဂရိ(က်) ဓမ္မပါလနှင့် သီယောဆိုဖိကာလ် (Theosophical Society) ၏ ဥက္ကဋ္ဌ ဖြစ်ခဲ့သူ မစ္စတာ အာလ်ကာတ် တို့က ၁၈၉၂–ခုနှစ်တွင် အဖွဲ့အစည်း၏ စည်းရုံးရေးဆိုင်ရာ အမှုကိစ္စများနှင့် ရခိုင်ပြည်သို့ သွားရောက်ခဲ့ကြပါသည်။ ၎င်းတို့နှစ်ဦးမှာ စန္ဒြမဏိကို အိန္ဒိယ လာရောက်ရန် ဖိတ်ကြားခဲ့သည်။ ဆရာဦးစန္ဒိမာထံ ခွင့်ပန်ကာ ဦးစန္ဒနှင့်အဖော် တယောက် အိန္ဒိယပြည် ကာလကတ္တားမြို့သို့ ရောက်ရှိလာခဲ့ကြသည်။ ဓမ္မပါလမှာ ၎င်းတို့နှစ်ဦးအား ဗုဒ္ဓဂါယာသို့ပို့ထားခဲ့ရာ နေမှုထိုင်မှု အဆင်မပြေသဖြင့် လပေါင်း အနည်းငယ်ကြာမျှ ကာလအတွင်း ကာလကတ္တားသို့ ပြန်သွားခဲ့ရသည်။ ထိုမှတဆင့် ရခိုင်ပြည်သို့ ပြန်သွားခဲ့လေသည်။ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ ဆန့်ကျင်ရေး အခြေအနေကို မြင်တွေ့၍ ဦးစန္ဒသည် စိတ်ပျက်ကာ ရခိုင်ပြည်သို့ ပြန်သွားခဲ့ရခြင်းဖြစ်သည်။ သို့သော် ဦးစန္ဒသည် စစ်တွေ၌လည်း ကြာကြာစိတ်မပျော်၊ နောက်တဖန် အိန္ဒိယဘက်သို့ ထွက်လာခဲ့သည်။ ကာလကတ္တား ရောက်သည့်အခါ ဘိက္ခုမဟာဝီရနှင့် တွေ့ဆုံခဲ့ရသည်။ ဘိက္ခုမဟာဝီရက ၎င်းအား တွေ့လျှင်တွေ့ချင်း ချစ်ခင်စွာခေါ်ယူကာ သူ၏ နေရေးထိုင်ရေး ပညာသင်ကြားရေးစသည့် ကိစ္စအဝဝတို့ကို စီစဉ်ပေးခဲ့လိုက်သည်။ ကာလကတ္တားမှာ အတန်ကြာ နေထိုင်ပြီး ဘိက္ခုမဟာဝီရမှာ



လက်ရှိကုသိနာရာကို ပုံဖော်ပေးခဲ့သူများအနက် အရှင်စန္ဒြမဏိ ဆရာတော်ဘုရားသည် ရှေ့တန်းက ပါဝင်ခဲ့သည့် မထေရ်မြတ်တပါး ဖြစ်သည်။ ထို့အပြင် လက်ရှိအိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာ ပြန်လည် ထွန်းကားရေးကို ဦးစီးဦးဆောင်ပြုခဲ့သူ ဒေါက်တာ ဘာဘာ အမ္ဗေဒကရ်အား ဗုဒ္ဓဘာသာသို့ ဥပသမ္ပဒာယ်ပြုပေးခဲ့သည့် ဆရာလည်း ဖြစ်ပါသည်။





ဆရာတော် စန္ဒြမဏိထံမှာ ဥပသမ္ပဒာယ်ခံယူနေသည့် ဒေါက်တာအမ္ဗေဒကရ်နှင့် အပေါင်းပါတို့၏ပုံ

(ဂယ်မရ) ရွာသို့ရောက်ရှိလာသည်။ စန္ဒြမဏိအားလည်း ကာလကတ္တားမှ ခေါ်ယူကာ သူ့ပညာသင်ကြားရေးကိစ္စကို ထိုရွာ၌ပင် စီစဉ်ပေးခဲ့သည်။ စန္ဒြမဏိမှာ ဉာဏ် ထက်မြက်သည်။ မကြာခင်အချိန်ကာလ အတော်အတွင်း ပါဠိနှင့်သံသကိုက် ဘာသာရပ်များကို ကောင်းစွာတတ်မြောက်ထားလေသည်။ ဗုဒ္ဓဒသနကိုလည်း နက်နက်ရှိုင်းရှိုင်း လေ့လာဆည်းပူး နိုင်ခဲ့လေသည်။

ဆွာမိမဟာဝီရက ကုသိနာရုံမှာ ဓမ္မသာလ တည်ဆောက်ဖြစ်မြောက်ရေးကို လုံးပန်းနေသည့်အချိန်တွင် စန္ဒြမဏိသည် သူ့အားကူညီရန် ကုသိနာရုံသို့ခဏ ရောက်ရှိလာခဲ့သည်။ လပေါင်းအနည်းငယ်မျှ ကုသိနာရုံတွင် နေထိုင်ကာ ဗုဒ္ဓဘာသာပါဠိ ကျမ်းများကို ကျွမ်းကျွမ်းကျင်ကျင် သင်ယူတတ်မြောက်ထားရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ မော်လမြိုင်မြို့အနီး ကောဏ္ဍာကျောင်းတိုက်သို့ သွားခဲ့ပါသည်။ တစ်နှစ်ကြာ ဗုဒ္ဓဘာသာ ကျမ်းမြတ်ကို လေ့လာသင်ကြားပြီးနောက် အိန္ဒိယသို့ ပြန်လာခဲ့သည်။ ၁၉၀၃–ခုနှစ်တွင် ချီးဇားရှိ၏ ထောက်ပံ့ကူညီမှုဖြင့် ဥပသမ္ပဒာယ်ခံယူပြီးနောက် ကုသိနာရုံသို့ ပြန်သွားခဲ့ပါသည်။ ဦးစန္ဒြမဏိမှာ ဘိက္ခုမဟာဝီရ၏ မပြီးပြတ်သေးခဲ့သည့် အလုပ်များကို ဆက်လက်တာဝန်ယူ ပြီးစီးအောင် ဆောင်ရွက်သွားခဲ့သည်။ ဦးစန္ဒြမဏိ မထေရ်ကြီး၏ ဘဝတသက်တာ၏ အများဆုံးအချိန်ကာလမှာ ကုသိနာရုံ၏ ဘက်စုံတိုးတက်မှုကို ဆောင်ရွက်ပေးလျက်နှင့်ပင် ကုန်ဆုံးခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိက္ခု စန္ဒြမဏိကို အိန္ဒိယနိုင်ငံ ခေတ်သစ်ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေး သမိုင်းစာမျက်နှာ၏ ပထမအခန်းတွင် နေရာပေးရေးသားရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်သည့် အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေကို ရေးဆွဲသူ ဒေါက်တာ ဘာဘာဆာဟိဗ် အန်(မ်)ဘေဒကာအား ဗုဒ္ဓဘာသာ၌ ဦးစွာပထမသိက္ခာ ပေးသူမှာ ဆရာတော် ဦးစန္ဒြမဏိပင်ဖြစ်သည်။ သမိုင်းဝင် ထိုသိက္ခာပေးပွဲကို နာဂပူရ်မြို့တွင် ၁၉၅၆–ခုနှစ် အောက်တိုဘာလ ၁၄–ရက်နေ့တွင် ကျင်းပခဲ့ရပါသည်။ ဆရာတော် ဦးစန္ဒြမဏိထံ ဗုဒ္ဓဘာသာတွင် သိက္ခာယူပြီးနောက် ဒေါက်တာ အမ်ဘေဒကာမှာ အိန္ဒိယပြည်သူ (၁၀)သိန်းကျော်တို့အား ထိုသိက္ခာဘူမိ ကွင်းပြင်မှာပင် ဗုဒ္ဓဘာသာဝင်အဖြစ် သိက္ခာပေး သွတ်သွင်းခဲ့ပါသည်။ ဗုဒ္ဓဘာသာ သမိုင်းထဲမှာ ထိုမျှလောက်များပြားလှသည့် လူများသည် တနေရာတည်း၌ ဗုဒ္ဓဘာသာကို ခံယူသွားသည့် အခြားသာဓက မရှိသေးပါ။ ထိုသို့သော အံ့ဩဖွယ်ရာ ကောင်းပြီး ဂုဏ်ယူဖွယ်ရာဖြစ်သော အဖြစ်အပျက်မှာ ဆရာတော်၏ ရှေ့မှောက်တွင် ဆရာတော်၏ ဓမ္မတပည့်ဖြစ်သူ ဒေါက်တာ ဗာဘာနီနမေက ဦးစီးဆောင်ရွက်သွားခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် ခေတ်သစ် ဗုဒ္ဓဘာသာဝင်များက ဆရာတော်၏ ကျေးဇူး ဥပကာရကို အဘယ်အခါမျှ၌မဆို မေ့လျော့သွားကြမည်မဟုတ်၊ အစဉ်သဖြင့် မဟာကျေးဇူးရှင် ဓမ္မဂုရုအဖြစ် နှလုံးသွင်းထားကြမှာ ဖြစ်ပါသည်။

နောက်ဆုံး ၁၉၇၂–ခုနှစ်တွင် သက်တော် ၉၈–နှစ်တွင် ဆရာတော် မဟာမထေရ်ကြီး ဦးစန္ဒြမဏိမှာ ကုသိနာရုံ၏ သန့်စင်မွန်မြတ်သည့် ဘူမိမြေပေါ် ပရိနိဗ္ဗာန် စံတော်မူခဲ့ပါသည်။ ဆရာတော်မှာ ကုသိနာရုံတွင် ဆောင်ရွက်ခဲ့သည့် အခြားကုသိုလ်ဖြစ် လုပ်ငန်းများကို အောက်တွင် အကျဉ်းချုပ် ရေးသားဖော်ပြ သွားမည်ဖြစ်ကြောင်း––


## စေတီတော်ကို ပြန်လည်မွမ်းမံခြင်း။

ဗုဒ္ဓဝိဟာရနှင့် ပရိနိဗ္ဗာန် ဝိဟာရကျောင်းတို့ကို ပြန်လည်မွမ်းမံသည့် လုပ်ငန်း ပြီးစီခဲ့ပြီးဖြစ်နေသည်။ သို့သော် ပရိနိဗ္ဗာန် စေတီတော်ကြီး၏ တူးဖော်မှုလုပ်ငန်းများ ပြီးစီးနေပြီးဖြစ်သော်လည်း ပြန်လည်မွမ်းမံ ပြင်ဆင်ရမည့် လုပ်ငန်းများက မပြုလုပ်ရသေးပါ။ စေတီတော်၏ တူးဖော်မှု လုပ်ငန်းကို မြန်မာနိုင်ငံ ဟင်္သာတမြို့နေ ဦးဖိုးကြူး အမည်ရှိအလှူရှင်ဒါယကာတဦးသည် ကုသိနာရုံသို့ ဘုရားဖူးလာစဉ်က မဟာပရိနိဗ္ဗာန် စေတီမှာ ပျက်စီးယိုယွင်းနေသည်များကို ပြန်လည်ပြင်ဆင်မွမ်းမံလိုကြောင်း သက်ဆိုင်ရာ အာဏာပိုင်တို့အား တင်ပြလာခဲ့ရာ အာဏာပိုင်တို့က ဦးဖိုးကြူးထံမှ အလှူငွေကို လက်ခံယူကာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပြန်လည်



ပြင်ဆင်မွမ်းမံသည့် လုပ်ငန်းများကို အကောင်အထည် ဖော်သွားခဲ့ပါသည်။ ပြင်ဆင် မွမ်းမံသည့် အလုပ်ကို ၁၉၂၆–ခုနှစ် မှစ၍ လုပ်ခဲ့ကြရာ ၁၉၂၇–ခုနှစ် ကုန်ဆုံး သည့် အချိန်ကာလကြာမှ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ ဤအလုပ်ကို ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်သွားရန် ဦးဖိုးကြူးမှာ ငွေစုစုပေါင်း ရူပီးငွေ ၁၈၀၀၀ အကုန်ခံခဲ့ ပါသည်။ ထိုခေတ်ထိုအခါ၌ ရူပီးငွေ ၁၈၀၀၀ ၏ ယခုခေတ်နှုန်းတမ်းနှင့် တွက်ကြည့်ပါက `သိန်းပေါင်းများစွာ တန်ဖိုးရှိခဲ့ကြောင်း သိရှိနိုင်ပါသည်။ မြန်မာနိုင်ငံမှ အလှူရှင်ဒါယကာတို့၏ ဗုဒ္ဓတရားဓမ္မပေါ် ထက်သန်သည့် ကြည်ညိုမှုကို ထင်ရှားပေါ်လွင်စေသည်။

မူလတွင် ထူပါ၏ အဝန်းမှာ ၁၈၀' ဖြစ်ခဲ့သည်။ လက်ရှိအချိန်မှာ ထိုအဝန်းအခန့် ၁၆၅' သာရှိသည်။ အမြင့်မှာ ၇၅' ရှိသည်။ ယင်းထူပါအထဲမှာ ၈' မြင့်သော စေတီငယ်တဆူကို မိရဂျာပူ ကျောက်တို့ဖြင့် တည်ဆောက်ထားသည်။ ကြေးပြားအသစ်တို့ အပေါ် ပါဠိတိပိဋကမှ ကောက် နုတ်ချက် အချို့တို့ကို ကမ္ဗည်းထိုး ရေးသားကာ ထိုစေတီငယ်နှင့် အတူ ကပ်ထားခဲ့ပါသည်။ ရှေးရည်ချထား သော ဗောဓိညောင်ပင် ပုံအပြင် အခြားရုပ်ဆင့်များကိုလည်း ဆွဲထားကြပါသည်။ စေတီတော်ကြီးကို တူးဖော်ခဲ့သည့်အခါ တွေ့ရှိခဲ့သော အကြွင်းအကျန် ပစ္စည်းပစ္စယများ တို့ကိုလည်းထည့်၍ ဌာပနာထားခဲ့ကြသည်။ ဆောင်ရွက်မှုအားလုံးကို မထေရ်ကြီး စန္ဒြမဏိ၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခဲ့ရ ပါသည်။



၁၈–ရာစုနှစ်များတွင် ရှာဖွေတွေ့ရှိခဲ့သော မဟာပရိနိဗ္ဗာန်ထူပပုံ



၂၀–ရာစု ပထမပိုင်းနှစ်များတွင် ထူပကို ပြန်လည်ပြုပြင်မွမ်းမံခဲ့ပုံကို ပြသသည့်ပုံ



ဘဒ္ဒန္တ စန္ဒြမဏိ မထေရ်မြတ်က မြန်မာပြည်မှ ဒါယကာ၊ ဒါယိကာမတို့ ထောက်ပံ့မှုဖြင့် ပြန်လည် တည်ဆောက်သွားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



## ရွှေထီးတော်တင်ရခြင်း

အလှူရှင် ဦးဖိုးကြူးနှင့် ဇနီးဒေါ်ကျင်စုတို့က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီပမာ မဟာပရိနိဗ္ဗာန်ထူပါ (စေတီတော်ကြီး)ကိုလည်း ထီးတော်တစ်ဆူတင်လိုသည့် စိတ်ဆန္ဒပြင်းပြခဲ့ကြသည်။ အချို့အချို့သော ဓမ္မသာဝကတို့က ရွှေထီးတော် တင်မည့်အစား ရာမာဘာရ ဝိဟာရကျောင်းကို ပြန်လည်ပြင်ဆင် မွမ်းမံသွားရန် ဆန္ဒရှိခဲ့ကြပါသည်။ သို့သော် ဒါယကာကြီး ဦးဖိုးကြူးနှင့် ဇနီးတို့၏ သဒ္ဓါကြည်ညိုမှုကို ဦးစားပေးသင့်ကြောင်းကို ထောက်ရှု၍ ထီးတော်တင်ပွဲကို အခမ်းအနားနှင့်အတူ ၁၉၃၄–ခုနှစ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးခဲ့ပါသည်။ ထီးတော်ကို ထုလုပ်ရာနှင့် ထီးတော်တင်ပွဲတွင် ရူပီးငွေ စုစုပေါင်း ၁၁၉၀၀ ကုန်ကျခဲ့ပါသည်။ ကုသိနာရုံ၏ သမိုင်းတွင် ဦးဖိုးကြူးနှင့်ဇနီးတို့၏ ကောင်းမှုမှာ သမိုင်းတင်ရသည့် ကောင်းမှုတရပ် ဖြစ်လာခဲ့ရပါသည်။

## မာထာကွန်းဝါ ဝိဟာရ (မန္ဒိရ်) ဘုရားကျောင်း

သစ်ပင်တပင်အောက်တွင် နှစ်ပေါင်းမြောက်များစွာ ဥပေက္ခာပြုခံရသည့် အခြေအနေမျိုး၌ရှိခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ကို သုတေသနပြု ဆရာများက သူ့မူရင်း နေရာဖြစ်ခဲ့သည်။ ရာဟာဘာရ မန္ဒိရ် ဘုရားကျောင်းရှိ သိဟာသနပလ္လင်၌ ပြန်လည် တည်ပေးခဲ့ကြပါသည်။ သို့သော် ထိုဝိဟာရကျောင်းအဆောက်အဦးမှာ နဂိုအတိုင်း ယိုယွင်းနေသည့် အခြေအနေမှာ မည်သည့်ပြင်ဆင်မွမ်းမံမှုတို့ကို မပြုလုပ်ကြခဲ့ပါ။ ထိုအခြေအနေကို မြန်မာဒါယကာကြီး ဦးဖိုးကြူးတို့က မကြည့်ရက်ဖြစ်နေခဲ့သည်။ သို့ဖြစ်ပါ၍ ၁၉၂၆–၂၇ နှစ်များတွင် ရာမာဘာရ ဝိဟာရကျောင်းကိုလည်း ပြန်လည်ပြင်ဆင် မွမ်းမံသွားခဲ့ပါသည်။ ပြုပြင်မွမ်းမံသည့် လုပ်ငန်းအားလုံးမှာ ဦးစန္ဒြမဏိ မထေရ်ကြီး၏ ညွှန်ကြားမှုဖြင့် လုပ်ကိုင်သွားခဲ့သည် အချက်ကို သတိထားနားလည်ရန် ဖြစ်ပါသည်။

## ဗုဒ္ဓဇယန္တိ (ပူဇော်ပွဲ)ကို စတင်ခြင်း။

ဘဒ္ဒန္တ စန္ဒြမဏိ မထေရ်သည် ၁၉၂၄–ခုနှစ်တွင် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံ၌ ဗုဒ္ဓဇယန္တိ (ဗုဒ္ဓပွင့်တော်မူ ခဲ့သည့်နေ့) ပူဇော်ပွဲကို စတင်ကျင်းပခဲ့သည်။ ဤပွဲတော်မှာ နောက်ပိုင်းကာလတွင် ကုသိနာရုံမြို့၌ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ ရသည့် အစဉ်အလာတခု ဖြစ်လာခဲ့ရပါသည်။ ကဆုန်လပြည့်နေ့တွင် ကျင်းပသည့် ပွဲတော်မှာ ကုသိနာရုံ၏ အထူးစွဲမက်ဘွယ်ရာ ပွဲတော်တရပ်ဖြစ်ပါသည်။ ပွဲတော်၌ ဗုဒ္ဓပူဇော်ပွဲ၊ ဘုရားလှည့်လည်ပွဲ အခမ်းအနား၊ ဗုဒ္ဓဘာသာ ညီလာခံ၊ မဟာပရိနိဗ္ဗာန်



သုတ္တံ အသံမဆဲ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဓမ္မဒေသနာစသည့် အစီစဉ်များဖြင့် ကျင်းပလေ့ရှိကြသည်။ အစောပိုင်းနှစ်များက ဘုရားလှည့်လည်ပွဲကို ကုသိနာရုံမှ ကဆယအထိ လမ်းလျှောက်သွားရသည်။ ကဆယမှာ ဗုဒ္ဓဘာသာဝင် ရှေ့နေကြီး မဟာဝိရ ပရဆာဒ် သက်တော်ထင်ရှား ရှိနေစဉ်ကာလက ဤပွဲတော်မှာ ကဆယ၌ အလွန်စည်ကားသိုက်မြိုက်ခဲ့သည်။ ရှေ့နေကြီးသေဆုံးသွားခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ဘုရားလှည့်လည်ပွဲကို ကုသိနာရုံမြို့တွင်ရှိ ရပ်ကွက်များနှင့် ရှေးဟောင်းဓမ္မဋ္ဌာနများ တည်ရှိရာ နေရာများအထိသာ လှည့်လည်ပူဇော်ကြသည်။



ဗုဒ္ဓဇယန္တိ ပူဇော်ပွဲ အခမ်းအနား၏ ရှုခင်းတရပ်

ဤဗုဒ္ဓဇယန္တိပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့မှစ၍ တစ်လတိတိ ကျင်းပပြုလုပ်ကြပါသည်။ ပွဲတော်၏ အကျိုးကျေးဇူးမှာ ကြီးမားသည်။ ကုသိနာရုံ နယ်မြေနေ ဗုဒ္ဓဘာသာဝင်တို့မှာ အိန္ဒိယနိုင်ငံတစ်ဝှမ်း နယ်အသီးသီးတို့မှ ဤပွဲတော်သို့ လာရောက်ကြသော ဘာသာဝင်တို့နှင့် ပိုမိုရင်းနှီးလာခွင့် ရရှိသည့်အပြင် အိန္ဒိယ နိုင်ငံတွင် ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကား ကောင်းမွန်လာရေး၊ ဗုဒ္ဓဘာသာဝင်များ နိုင်ငံရေးအရ စုစည်းမှုတို့ အတွက်လည်းများစွာ အကျိုးရှိကြောင်း တင်ပြလိုပါသည်။ ဤသို့သော အကျိုးကျေးဇူးများသည် ဗုဒ္ဓဇယန္တိပွဲတော် ကျင်းပလာသည့် အစဉ်အလာက အရှင်မထေရ်ကြီးစန္ဒြမဏိ၏ အမြော်အမြင်ကြီးမားမှုကို ဖော်ပြလျက်ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စန္ဒြမဏိ အခမဲ့ စာသင်ကျောင်း

ကုသိနာရုံနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာမှ ကလေးသူငယ်များ ပညာတတ်မြောက်ရေးကို ရည်စူးကာ ၁၉၂၉–ခုနှစ်တွင် သီရိလင်္ကာပြည်နေ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးရှင်သဒ္ဒါနန္ဒမှ အခမဲ့စာသင်ကျောင်း တစ်ကျောင်းကို စတင်ဖွင့်ပေးထားခဲ့ပါသည်။ စာသင်ကျောင်း၏ နာမည်ကို သူ့ဆရာဖြစ်သူ စန္ဒြမဏိအမည်တပ်၍ ဖွင့်ခဲ့ပါသည်။ အရှင်စန္ဒြမဏိ၏ ထောက်ပံ့ကူညီမှုဖြင့် ယင်းကျောင်း၌ စာသင်မှု လည်ပတ်နိုင်ခဲ့ပါသည်။ ရှင်သဒ္ဒါနန္ဒမှာ လူချစ်လူခင်များ၍ ကျောင်းဆရာတယောက်အနေဖြင့် အများ၏ လေးစားကြည်ညိုမှုကို ခံရသည့် ဘုန်းကြီးတပါးဖြစ်ခဲ့သည်။ ၁၉၃၄–ခုနှစ်တွင် ရှင်သဒ္ဒါနန္ဒ ပျံလွန်တော်မူခဲ့ပြီးနောက် ထိုကျောင်း၏ တာဝန်အစစတို့မှာ ဆရာတော်စန္ဒြမဏိကသာ သက်ထက်ဆုံး ထမ်းဆောင်သွားခဲ့ရပါသည်။

၁၉၅၂–ခုနှစ်တွင် ရှင်ဦးကိတ္တိမ၏ မေတ္တာရပ်ခံချက်အရ သူဌေးကြီး ယုဂ(လ်)ကီးရှိ ဘိဒလာက ရူပီးငွေ ၇၀၀၀ ကျော် အကုန်ခံကာ စန္ဒြမဏိ အခမဲ့ကျောင်းကို တိုက်အဆောက်အဦးတခု ဆောက်တည် လှူဒါန်းခဲ့ပါသည်။ တိုက်အဆောက်အဦးအဖြစ် ပြောင်းလဲလာသည့် စန္ဒြမဏိ အခမဲ့စာသင်ကျောင်းသည် ပညာသင်ကြားရေး အဆင့်အတန်းလည်း ဗုဒ္ဓဘာသာဝင်မြို့ မျက်နှာဖုံးဖြစ်သူ ချန်ဂူမောရိယ၏ ကြိုးပမ်းမှုကြောင့် အထူးတိုးတက်လာခဲ့ပါသည်။

စန္ဒြမဏိအခမဲ့ ပညာသင်ကျောင်း၏ ထင်ပေါ်ကျော်ကြားမှုတို့က ပတ်ဝန်းကျင်နယ်မြေတွင် ပျံ့နှံ့လာ၍ နယ်မြေခံ ပြည်သူများက မိမိတို့ကလေးများကို ယင်းကျောင်းတွင်သာ ဝင်ခွင့်ရယူလာကြသည်။ နယ်မြေရှိ အခြားစာသင်ကျောင်းငယ်များ ပိတ်သွားရသည့် အခြေအနေမျိုး ဆိုက်ရောက်ရခဲ့ပါသည်။ ဗုဒ္ဓဘာသာလောက၌ ပညာရှင် ပဏ္ဍိတအဖြစ် ကျော်ကြားလာခဲ့သူ ဒေါက်တာ ဓမ္မရက္ခိတမှာ ဤစာသင်ကျောင်း၏ ကျောင်းသားဟောင်း တစ်ဦးဖြစ်ခဲ့ပါသည်။

## မဟာဝိရ စာသင်ကျောင်း

ကုသိနာရုံအား ပြန်လည်ဖော်ထုတ်တိုးတက်ဖွံ့ဖြိုးရေးကို စတင်ခဲ့သူ ဆွာမိမဟာဝိရ၏ အမှတ်တရဖြစ်စေရန် စန္ဒြမဏိ မထေရ်ကြီးသည် စာသင်ကျောင်းတကျောင်း တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါသည်။ ဤကျောင်း၌ ကလေးကျောင်းသားကျောင်းသူများ စာရိတ္တဗလ တိုးတက်ဖွံ့ဖြိုးရေးကို အထူးဦးစားပေးသင်ကြားပေးခဲ့ပါသည်။ သက်ကယ်မိုး ထရံကပ်ကျောင်း အဖြစ်စတင်ခဲ့သည့် ဆွာမိမဟာဝိရ စာသင်ကျောင်းသည် နောက်ပိုင်းတွင် တိုက်အဆောက်အဦးအဖြစ် ဖြစ်လာခဲ့ရပါသည်။



## ဗုဒ္ဓကောလိပ်

ဘိက္ခုသဒ္ဒါနန္ဒနှင့် စန္ဒြမဏိ မထေရ်ကြီးတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် စန္ဒြမဏိ အခမဲ့စာသင်ကျောင်း၏ လည်ပတ်မှုသည် ချောမောတိုးတက်မှုရှိနေ ငြားသော်လည်း ကောလိပ်အဆင့် ပညာသင်ကြားရေးအတွက် ကုသိနာရုံနယ်မြေ၌ အခက်ခဲရှိနေခဲ့ပါသေးသည်။ ထိုအခြေအနေကို မြင်တွေ့၍ စန္ဒြမဏိ အခမဲ့အထက်တန်းကျောင်းဆောင်၏ အခန်းတခန်းကို အသုံးပြုကာ ဗုဒ္ဓကောလိပ်၏ သင်ကြားမှုဆိုင်ရာ လုပ်ငန်းကို စတင်ခဲ့ကြလေသည်။ ကောလိပ်အဆင့် ပညာသင်ကြားမှုက ဘာဘာရာဃဝဒါစ်နှင့် စန္ဒြမဏိတို့၏ ပူးပေါင်းကြိုးပမ်းမှုတို့ဖြင့် စတင်ခဲ့ရပါသည်။ ၁၉၃၆–ခုနှစ်တွင် အာစရိယ ဓမ္မနန္ဒ ကောသမ္ဗာဇီမှ ဗုဒ္ဓကောလိပ်၏ သီးသန့် အဆောက်အဦးတလုံး ဆောက်တည်သွားနိုင်ရန် အုတ်မြစ်ချခဲ့ရပါသည်။ ကောလိပ်အဆောက်အဦးမှာ ကျောင်းအုပ်ဆရာကြီးဒီပနာရာ ယင်မဏိတို့၏ ဦးဆောင်မှုဖြင့် မကြာမီကာလတို အချိန်၌ ပြီးဆုံးခဲ့ပါသည်။ အခြေအနေ၏ တောင်းဆိုချက် ယင်းဗုဒ္ဓ ကောလိပ် အဆောက်အဦးသစ်၏ ဒုတိယအကြိမ် အုတ်မြစ်ချသည့် အခမ်းအနားကို ထိုအချိန်ကာလ၏ ပညာရေးဝန်ကြီး ဒေါက်တာ (Sampurna Wanda) ၏လက်ဖြင့် ပြုလုပ်ခဲ့ရပါသည်။ သို့သော် ထိုကောလိပ်ကျောင်း၏ ကျောင်းအုပ်ဆရာ ဒီပနာရယင်မဏိ ကဲ့သို့သော အရည်အချင်းပြည့် ပုဂ္ဂိုလ်ကြီး၏ ကြိုးပမ်းအားထုတ်မှု မပါရှိခဲ့ပါက ဗုဒ္ဓကောလိပ်၏ တိုးတက်မှုမှာ ထိုမျှ အချိန်တိုကာလ၌ ရရှိနိုင်မှာ မဟုတ်ကြောင်းကိုလည်း သိရှိနားလည်ထားရမည့်အချက် တချက်ဖြစ်ပါသည်။

လက်ရှိအချိန်တွင် ဗုဒ္ဓကောလိပ်၏ အခြေအနေမှာ ကောင်းနေပါသည်။ ကျောင်းသားများတည်းခိုနိုင်ရန် တည်းခိုရိပ်သာများ တိုးချဲ့ဆောက်တည်သွားရန် လိုအပ်ပေသည်။ မိဘပြည်သူများ၏ အားပေးမှုဖြင့် ထိုအခက်ခဲကို ဖြေရှင်းသွားရန် အရေးတကြီးလိုအပ်ချက်တခုဖြစ်နေပါသည်။

## အခြားအဆောက်အဦးများ

ကုသိနာရုံ၌ ဘိက္ခု နိဝါ(စ်) သံဃာများ နေထိုင်သည့် အဆောက်အဦးနှင့် ရခိုင်ဒုက္ခသည်များ တည်ဆောက်ပေးခဲ့သည့် ဓမ္မသာလစသည့် အဆောက်အဦးများမှာလည်း ကြည်နူးစရာကောင်းလှသည်။ ဤအဆောက်အဦး (၂)ခုလုံး၏ အပေါ်ထပ်များ၌ ဗုဒ္ဓဝိဟာရကျောင်းများ ဖွင့်ပေးထားပါသည်။ ဘိက္ခု သီမာဒေဝါ (ခေါ်) အဆောက်အဦးတွင် ပရိနိဗ္ဗာဏ စာကြည့်တိုက်တခုကိုလည်း ဖွင့်လှစ်ပေးထားသည်။ ဗုဒ္ဓတရားနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှားပါးစာအုပ်စာတမ်းများကို စုဆောင်းထားသည့် စာကြည့်တိုက်တခု ဖြစ်နေသည်။

www.burmeseclassic.com


www.burmeseclassic.com



## ဘိဒလာဓမ္မသာလာ

အိန္ဒိယနိုင်ငံတွင် ထင်ပေါ်ကျော်ကြားမှုရှိသော သူဌေးကြီးဇုဂလကီးဖိုး ဘိဒလာသည် ဗုဒ္ဓဓမ္မများကို စိတ်ဝင်စားမှုကြီးမားခဲ့သူ တဦးဖြစ်ခဲ့ပါသည်။ သူဌေးကြီးမှာ ဗုဒ္ဓဂယာ၊ သာရနာထနှင့် အခြားဗုဒ္ဓဓမ္မဌာနများတွင် ဘုရားဖူးခရီးသည်များ တည်းခိုနိုင်ရန် ဓမ္မရိပ်သာများကို တည်ဆောက်လှူဒါန်းထားခဲ့ပါသည်။ သူဌေးကြီး ဘိဒလာသည် ၁၉၃၄-ခုနှစ်တွင် ကုသိနာရုံမှာ အလွန်တရာ လှပတင့်တယ်သည့် ဓမ္မရိပ်သာတဆောင်ကို တည်ဆောက်လှူဒါန်းခဲ့ပါသည်။ ထိုဓမ္မသာလာ ဖြစ်ပေါ်လာသည့်အခါ ထိုစဉ်ထိုအခါက ကုသိနာရုံသို့ လာရောက်ကြသည့် ဓမ္မခရီးသည်များ တည်းခိုနိုင်ရန် အဆင်ပြေချောမောသွားခဲ့ရပါသည်။ ယင်းဓမ္မသာလာကို တည်ဆောက်ရာ၌ ထိုအခါက အိန္ဒိယ ရူပီး ၅၀၀၀၀ ကျော်အကုန်ခံခဲ့ရပါသည်။ ကုသိနာရုံရှိ အခြားအခြားသော အဆောက်အဦးကောင်းအနက် ဘိဒလ ဓမ္မသာလာလည်း တခုအပါအဝင် ဖြစ်နေပါသည်။ ထိုကုသိုလ်ကောင်းမှုအတွက် ဘိဒလကြီးက ဗုဒ္ဓဓမ္မလောက၌ အမြဲအောက်မေ့ရမည့် အလှူရှင်တဦးအဖြစ် မှတ်တမ်း တင်ခံသွားရပေလိမ့်မည်။

ကုသိနာရုံ၏ ဘက်စုံတိုးတက်ဖွံ့ဖြိုးမှုကို ရည်စူးပြီး ဖြစ်ပေါ်လာသည့် လုပ်ငန်းများတွင် အရှင်စန္ဒြမဏိ မဟာ မထေရ်ကြီး တိုက်ရိုက်ပါဝင်ပါတ်သက်မှုအပြင် နှိုးဆော်အားပေးမှုများ ပါဝင်ခဲ့သည့်အချက်ကို အမြဲသတိထား နားလည်ထားရမည့် အချက်တရပ် ဖြစ်ရပေသည်။



## သဒ္ဓါကြည်ညိုလေးစားအပ်သော ဘန္တေ ဦးကိတ္တိမ

ကုသိနာရုံ၏ ပြန်လည်ဘက်စုံ တိုးတက်ဖွံ့ဖြိုးမှုအတွက် လုပ်ကိုင်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ် ဘိက္ခုရဟန်း သံဃာများအနက် ဦးကိတ္တိမ အမည်ရှိ မြန်မာ (ရခိုင်) ရဟန်း တပါးသည် ရှေ့တန်းက ပါဝင်ခဲ့သည့် ဘိက္ခုတပါးဖြစ်ခဲ့ပါသည်။ ဆယ့်ကိုးရာစု နောက်ပိုင်းနှစ်များနှင့် နှစ်ဆယ်ရာစု၏ ပထမပိုင်းနှစ်ကာလတွင် ကုသိနာရုံ၏ အသွင်ပြောင်းလာခဲ့သည်။ ကုသိနာရုံ၏ အသွင်ပြောင်းလုပ်ငန်း လှုပ်ရှားမှုတွင် မြန်မာနိုင်ငံ ရခိုင်ပြည်ဖွား ဘိက္ခု ဦးကိတ္တိမ၏ အခန်းကဏ္ဍက အလွန် ထောက်ပြောင်သည့်နေရာက ပါဝင်ခဲ့သည်။



ဆရာတော် ဦးကိတ္တိမ

ဦးကိတ္တိမသည် ၁၉၀၁-နှစ်တွင် ရခိုင်ပြည်၌ မွေးဖွားခဲ့သည်။ ဗုဒ္ဓဘာသာဝင် မျိုးရိုးမှာ မွေးဖွားလာသူတဦးဖြစ်၍ ငယ်စဉ်ကလေးဘဝကတည်းက တရား ဓမ္မကို ကြည်ညိုသည့် ပုဂ္ဂိုလ်တဦးဖြစ်ခဲ့ သည်။ အသက်အရွယ် ၁၅-နှစ်မပြည့်ခဲ့သည့်အချိန်ကာလတွင် ဦးကိတ္တိမသည် ဦးလေးတော်စပ်ခဲ့သူ ဆရာတော် စန္ဒြမဏိထံ အိန္ဒိယပြည်သို့ ရောက်ခဲ့ရပါသည်။ ဆရာတော် စန္ဒြမဏိ၏ အုပ်ထိန်းမှုဖြင့် ဦးကိတ္တိမသည် ကုသိနာရုံမှာ နေထိုင်လာခဲ့ပြီး စာသင်ကြားရေးကို စနစ်တကျ လုပ်လာခဲ့ပါသည်။ ခေတ်ပညာတတ်မြောက်ရေး ဝါသနာသန်သည့် ကျောင်းသားတဦး ဖြစ်သည့် အားလျော်စွာ ဦးကိတ္တိမသည် Political Science နှင့် Social Science ပညာရပ်များတွင် ဒီဂရီယူနိုင်ခဲ့သည့်အပြင် နိုင်ငံခြား ဘာသာစာပေနှင့် စကားများ အချို့တို့ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ဖြစ်အောင် သင်ကြားဆည်းပူးထားနိုင်ခဲ့သည်။

ထိုအချိန်ကာလက မြန်မာပြည်မှ ဗုဒ္ဓဘိက္ခု အများအပြားတို့က ပါဠိဘာသာ စာပေ စကားလောက်ကိုသာ စိတ်ဝင်စားခဲ့ပြီး အခြားဘာသာစာပေ စကားများကို လေ့လာမှု အားနည်းခဲ့ကြသည်။ ဘန္တေဦးကိတ္တိမက အိန္ဒိယရောက် မြန်မာ ဘုန်းကြီးများနှင့် အခြားကျောင်းသားများကို အခြားအိန္ဒိယဘာသာ စာပေ စကားများကို တတ်စေချင်သည့် စိတ်ဆန္ဒပြင်းပြခဲ့သူ တဦးဖြစ်ပါသည်။ မိမိ၏ စိတ်ကူးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် ရှင်ကိတ္တိမက သူဌေးကြီး ဘိဒလာထံတင်ပြပြီး ပညာသင် မြန်မာ့ဘိက္ခုများနှင့် ကျောင်းသားများအတွက် ထောက်ပံ့ကြေးရနိုင်အောင် စီစဉ်ပေးခဲ့ဘူးသည်။ မြန်မာပြည်မှ ပညာသင်ကြားရေး အတွက် အိန္ဒိယသို့ ရောက်ရှိလာခဲ့ကြသော ဘိက္ခုများကို ဘိဒလ Foundation မှ ပညာသင်ကြားမှုစရိတ် ပေးလာအောင် အထူးကြိုးပမ်း ဆောင်ရွက်ပေးသူမှာ ရှင်ကိတ္တိမ ဖြစ်ကြောင်း အသိအမှတ်ပြုထားရမှာ ဖြစ်ပါသည်။ ထို့နောက် အိန္ဒိယရောက် မြန်မာဘိက္ခု အချို့တို့သည် ဟိန္ဒီ၊ သံသကရိုက် စသည့် ဘာသာစာပေများကို လေ့လာသင်ကြားလာခဲ့ပါသည်။

ဘန္တေဦးကိတ္တိမမှာ မြန်မာဘိက္ခုများနှင့် အခြားသူများဟိန္ဒီစာပေ၊ အိန္ဒိယယဉ်ကျေးမှုနှင့် အိန္ဒိယသမိုင်းစသည် ပညာရပ်များ၏ ယထာဘူတ အသိဉာဏ် ရှိစေနိုင်ရန် ဟိန္ဒီဘာသာစာပေမှ စာအုပ်များကို မြန်မာဘာသာဖြင့် ပြန်ဆိုကာ ထုတ်ဝေခဲ့သည်။ ရှင်ကိတ္တိမမှာ ဒွေ့ချိုးကဗျာပေါင်း ၂၄၀၀၀ ဖြင့် စာရေးဆရာကြီး တုလသီဒါ(စ်) ကဟိန္ဒီဘာသာဖြင့် ရေးသားပြုစုထားခဲ့သည့် ရာမာယနကျမ်းကြီးကို မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ပါသည်။ ဆရာတော်ဦးကိတ္တိမ ထိုမျှကြီးမားသည့် ကဗျာကျမ်းကြီးကို သုံးနှစ်မျှအချိန်တိုကာလတွင် ပြီးစီးအောင် ပြုစုသွားခဲ့သည်။ ရာမာယနကျမ်း၏ မြန်မာဘာသာပြန်ကို မြန်မာနိုင်ငံဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်က ၁၉၇၂– ခုနှစ်တွင် ရန်ကုန်မြို့၌ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဆရာတော်သည် ဆွာမိဒယာနန္ဒ ရေးသားပြုစုခဲ့သည့် သစ္စယာတ္တပရာကါရှ် ဟိန္ဒူဓမ္မကျမ်းကိုလည်း မြန်မာဘာသာပြန်ကို ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါသည်။

ဆရာတော် ဦးကိတ္တိမမှာ အောက်ဖော်ပြပါ ကျမ်းစာများကိုလည်း မြန်မာဘာသာဖြင့် ရေးသားပြန်ဆိုခဲ့ပါသည်။

(၁) မိလိန္ဒအမေးအဖြေ၊ (၂) မဟာပရိနိဗ္ဗာန်သုတ္တန်၊ (၃) သိင်္ဂါလောဝါဒသုတ္တန် စသည်တို့ကို မြန်မာဘာသာဖြင့် ဘာသာပြန် ရေးသားခဲ့ဖူးပါသည်။ ၁၉၂၈ ခုနှစ်တွင် ကုသိနာရုံရှိ မြန်မာ့ဝိဟာရကျောင်းနှင့် ၁၉၆၈–ခုနှစ် မိဂဒါဝုန်ရှိ ဗုဒ္ဓဝိဟာရကျောင်းနှင့် စပ်ဆိုင်သည့်အမွေဆိုင် ပစ္စည်းပစ္စယာများကို ဘန္တေဦးဉာဏိသာရနှင့် ဦးကိတ္တိမ တို့အား တရားဝင်လွှဲအပ်ခဲ့ပါသည်။ ထိုသို့လွှဲအပ်ပြီးစီးပြီးနောက် ထိုကျောင်းများတွင် တရားမွေဆိုင်ရာ အမှုကိစ္စများအားလုံး ချောမောစွာ လည်ပတ်နိုင်ခဲ့ပါသည်။ သို့သော် မထေရ်ကြီး ဦးစန္ဒြမဏိ ပျံလွန်တော်မူလာသည့်အခါ ကုသိနာရုံရှိ ဗုဒ္ဓဓမ္မဆန့်ကျင်ရေးနှင့် လူမှုလူတန်းစား ခွဲခြားရေးကို အားပေးထောက်ခံသည့် အချို့ဝိရောဓိများက ကုသိနာရုံဝိဟာရ ကျောင်းနှင့် ကျောင်းပိုင်ဝတ္ထုက မြေပေါ်မိမိတို့ ပိုင်ဆိုင်မှုရလိုကြောင်း ရုံးတက်တရားစွပ်စွဲထားခဲ့လေသည်။ သက်ဆိုင်ရာအစိုးရ ဌာနမှ တာဝန်ရှိခဲ့ကြသည့်



အမှုထမ်းအချို့ကို လာဘ်ထိုးခဲ့ပြီး ၎င်းအရာရှိ အရာထမ်းတို့၏ အကူညီဖြင့် ဘန္တေဦးကိတ္တိမ အပေါ်အကောက်ကြံ စွပ်စွဲချက်များကို ပြုခဲ့ကြသည်။ တနေ့ညတွင် ရဲစခန်းမှ ပုလိပ်အရာထမ်းအချို့တို့က မြန်မာဝိဟာရကျောင်းသို့ ရောက်ရှိလာခဲ့ကြပြီး ဘန္တေဦးကိတ္တိမအား ရဲစခန်းသို့ခေါ်သွားကာ ဖမ်းချုပ်ထားခဲ့လေသည်။

နောက်တနေ့တွင် ဘန္တေဦးကိတ္တိမကို ဖမ်းချုပ်သည့်သတင်းသည် တောမီးပမာ ဗာရာဏသီ နယ်မြေတလျှောက် ပျံ့နှံ့သွားခဲ့ပါသည်။ ဗုဒ္ဓဘိက္ခုများ တရားမျှတမှုကို လိုလားသည့်သူများနှင့် ဗုဒ္ဓဘာသာ ကိုးကွယ်သူများအကြား ဘိက္ခုဦးကိတ္တိမ ကဲ့သို့သော ရဟန်းတပါးအား လက်လွတ်စပယ် နိုင်ထက်စီးနင်းပြုမှုကို မခံမရပ် ဖြစ်လာခဲ့ရပါသည်။ ဘန္တေ ဦးဉာဏိသာရမှာ ထိုသတင်းကို ကြားလျှင်ကြားခြင်း ကုသိနာရုံမှ ဗာရာဏသီသို့ အမြန်ဆုံးရောက်လာခဲ့ပါသည်။ သာရနာထ မဟာဗောဓိသဘာ အဖွဲ့ဝင်များ၏ အစည်းအဝေးတရပ်ကိုခေါ်ယူ၍ အခြေအနေ အလုံးစုံကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဘန္တေဦးဉာဏိသာရမှာ ဝိဟာရကျောင်း၏ ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းများကို တပါတည်း ပါလာခဲ့သည်။ ထိုအချိန်ကာလက သိရီဗုဒ္ဓပီယမောရိယ အမည်ရှိ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တဦးမှာ ဗဟိုမှုလက်မှု ဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီးတဦး ဖြစ်နေခဲ့ပါသည်။ ဦးဉာဏိသာရမှာ ဝန်ကြီး ဗုဒ္ဓပီယမောရိယအား တွေ့ဆုံ၍ ဖြစ်ပျက်အမှန်ကို တင်ပြခဲ့ရာ ဝန်ကြီးသည် ချက်ချင်း သက်ဆိုင်ရာ ပုလိပ်မင်းကြီးနှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး ဘန္တေဦးကိတ္တိမအား ချက်ချင်း လွှတ်ပေးရန် ပြောဆိုခဲ့ပါ၍ ရှင်ဦးကိတ္တိမအား ချက်ချင်းလွှတ်ပေးခဲ့ရပါသည်။

ဘန္တေဦးကိတ္တိမမှာ ပညာရှိဘိက္ခုတပါးဖြစ်၍ အများပြည်သူ အကျိုးဆောင် လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည့် နာယကတဦးလည်း ဖြစ်ခဲ့သည်။ ဝိရောဓီအင်အားစုများ၏ ရှုံ့ရှာဖွယ်ရာဖြစ်သည့် စဉ်းလဲမှုတို့ကို မြင်တွေ့၍စိတ်ထိခိုက်မိခဲ့ပါသည်။ ဖြစ်ပျက်မှုကို တရားနည်းလမ်းကျ ဖြေရှင်းနိုင်ရန်နှင့် ဦးစန္ဒြမဏိ၏ အရိုက်အရာများကို လုံခြုံစွာထိန်းသိမ်းနိုင်ရေးကို ရှေ့ရှုကာ ဘန္တေ ဦးကိတ္တိမနှင့် ဦးဉာဏိသာရတို့မှာ အိန္ဒိယနိုင်ငံ၏ နိုင်ငံသားအဖြစ်သို့ ခံယူထား ကြလေသည်။

ဘန္တေစန္ဒြမဏိမှာ ရရှိခဲ့သည့် ဓမ္မအရိုက်အရာများကို ဦးကိတ္တိမမှာ အကောင်းဆုံး ဖြစ်အောင် ထိန်းသိမ်းထားခဲ့ပြီး ဓမ္မအကျိုးလူမှုအကျိုးတို့ကို တိုးတက်နိုင်အောင် အစွမ်းကုန် ကြိုးစားအားထုတ် ဆောင်ရွက်သွားသည်။ မဟာမထေရ်ကြီး စန္ဒြမဏိထံမှ ရရှိခဲ့သည့် လုပ်ငန်းကိုင်ငန်းအတွေ့အကြုံတို့က ဦးကိတ္တိမအား တသက်လုံးလမ်းပြ အဖြစ် အကျိုးပြုခဲ့ပါသည်။ ဦးကိတ္တိမ လုပ်ကိုင်ဆောင်ရွက်နိုင်သမျှ ဓမ္မအကျိုးဆောင်

www.burmeseclassic.com



လူမှုအကျိုးဆောင် ကောင်းမှုများ၏ နောက်ကွယ်မှာ မထေရ်ကြီးစန္ဒိမဏိ၏ သူ့အပေါ်ထားခဲ့သည့် အနုကမ္ပါတို့ကြောင့် ဖြစ်သည်ဟုဆိုပါလျှင် မမှားနိုင်ပါ။

အသက်အရွယ် ကြီးလာသည့်အခါ ဦးကိတ္တိမမှာ လေရောဂါစွဲကပ်လာခဲ့သည်။ ၁၉၈၇–ခုနှစ်တွင် မမာမကျန်း ဖြစ်လာခဲ့ရာ ဗာရာဏသီ ဟိန္ဒူကောလိပ်ပိုင် ဆေးရုံတွင် ဆေးကုသခဲ့သည်။ မိဂဒါဝုန်ဗုဒ္ဓဝိဟာရမှ တပည့်သာဝကများနှင့် ဆရာဦးသွင်ကျောင်းမှ တပည့်သာဝကတို့သည် ဆရာတော်အား အထူးဂရုစိုက်ကာ ကြည့်ရှုစောင့်ရှောက်ခဲ့ကြသည်။ ဆရာတော်၏ ရောဂါအခြေအနေ ပိုမိုဆိုးရွားလာခဲ့ရာ ၁၉၈၇–ခုနှစ် ဧပြီလ–၂၃ရက်နေ့တွင် အသက် (၈၆)နှစ်တွင် ပျံလွန်တော်မူခဲ့ပါသည်။ ထိုဈာပန အခမ်းအနားတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးအပါး (၈၀)ကျော်တို့နှင့်အတူ ထောင်နှင့်ချီ၍ ဆရာတော်အား သဒ္ဓါကြည်ညိုမှုရှိကြသော လူများပါဝင်ပြီး ဆရာတော်အား နောက်ဆုံးဖူးမြော် ပူဇော်ခြင်း ပြုခဲ့ကြပါသည်။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသည့် တရားသဘောကို ကောင်းကောင်း သဘောပေါက်နားလည်ထားသော ဆရာတော် ဦးကိတ္တိမသည် ကံတော်မကုန်မီ အချိန်ကာလတွင် မိဂဒါဝုန်ဗုဒ္ဓဝိဟာရကျောင်း၏ ရွှေ့ပြောင်း မရွှေ့ပြောင်းနိုင်သော အရိုက်အရာအားလုံး ပိုင်ဆိုင်မှုကို ဘန္တေဦးညာဏိသာရအား တရားဝင်လွှဲအပ်ခဲ့ပါသည်။ ၎င်းအရိုက်အရာ ပစ္စည်းပစ္စယများကို ထိန်းသိမ်းစောင့်ရှောက် မှုဆိုင်ရာ လုပ်ငန်းကိစ္စအား ဦးညာဏိသာရမှာ စာချုပ်လက်မှတ်ရေးထိုးခဲ့သည့် နေ့ရက်မှ တနှစ်အတွင်း Kittima Memorial Trust တခုကို တည်ဆောက်ပြီး ယင်းအရိုက်အရာ ခပ်သိမ်းတို့ကို စောင့်ရှောက် သွားရမည်ဖြစ်ကြောင်းကိုလည်း တပါတည်းညွှန်ကြားထားခဲ့ပါသည်။ မိမိ၏ဦးလေးနှင့် ဆရာဖြစ်သူ ဦးစန္ဒိမဏိပမာ ဦးကိတ္တိမသည်လည်း အနှစ် ၇၀ ကျော်ဗုဒ္ဓမြေဖြစ်သည့် အိန္ဒိယနိုင်ငံတွင် နေထိုင်ကာ ဗုဒ္ဓဘာသာနှင့် တရားတို့၏ တိုးတက်ဖွံ့ဖြိုးမှုတို့ကို အစွမ်းကုန်ဆောင်ရွက်သွားသည့် မြန်မာဘိက္ခုတပါးဖြစ်ခဲ့ပါသည်။ ဘန္တေဦးညာဏိသာရမှာ ဦးကိတ္တိမထက် အသက်အရွယ် အနှစ် ၃၀ခန့် ငယ်သော်လည်း အချင်းချင်းခွဲခွါ၍ မရနိုင်သော မိတ်ဆွေကောင်းညီရင်းအကိုပမာ နေထိုင်ခဲ့ကြပြီး ဗုဒ္ဓဘာသာ တိုးတက်ဖွံ့ဖြိုးမှုတို့ကို အတူတကွ လုပ်ကိုင်သွားခဲ့ကြသည်။ အရှင်ဦးညာဏိသာရမှာ အစဉ်သဖြင့် ဦးကိတ္တိမ၏ အရိုက်အရာများ ဆက်လက်တိုးတက်ဖွံ့ဖြိုးမှုကို စိတ်ပါဝင်စားစွာဖြင့် ဆောင်ရွက်သွားလျက်ရှိနေပါသည်။

## ဘန္တေ ဦးညာဏိသာရ

အဂ္ဂမဟာပဏ္ဍိတဦးညာဏိသာရ မထေရ်ကြီးမှာ ယခုအချိန်တွင် ကုသိနာရုံရှိ မြန်မာ ဗုဒ္ဓဝိဟာရကျောင်း၏ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် အလွန်အရေးပါသော တရားမွေဆိုင်ရာလုပ်ငန်း အရပ်ရပ်တို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဦးညာဏိသာရမှာ မထေရ်ကြီးစန္ဒိမဏိ၏ အကောင်းဆုံးနှင့် အရည်အချင်းပြည့်ဝမှုရှိသည့်တပည့်များမှ တပါးအပါအဝင်ဖြစ်သည်။ ဘန္တေစန္ဒိမဏိ မထေရ်ကြီးမှာ အမြော်အမြင်ကြီးမားသည့် ရဟန်းတပါးအနေဖြင့် ကုသိနာရုံ၏ ဗုဒ္ဓဘာသာ တိုးတက်ပြန့်ပွားရေး ကိစ္စရပ်များနှင့်အတူ လူမှုတိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်း အဝဝတို့ကို ဖောင်းပေးလုပ်ကိုင် ဆောင်ရွက်ပေးသွားသည့် ပုဂ္ဂိုလ်တဦးဖြစ်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆရာတော်ကြီးမှာ အခက်ခဲပေါင်းများစွာကို ကြုံတွေ့ဖြတ်ကျော်ခဲ့ရပါသည်။ အထက်အခန်းတို့တွင် အရှင်စန္ဒိမဏိ မထေရ်မြတ်သည် အနာဂါတ်တွင် သာသနာပြုလုပ်ငန်းများ ဆက်လက်ရှင်သန်မှု ရှိစေရန်နှင့် အနှောင့်အယှက်မရှိ ဆောင်ရွက်နိုင်ရေးကို ရှေးရှုကာ ဦးကိတ္တိမနှင့် ဦးညာဏိသာရ ကဲ့သို့သော ရဟန်းများကို လက်တွဲခေါ်၍ အရည်အချင်းပြည့် တပည့်ကောင်းများ ဖြစ်လာအောင် သင်ကြားပြုပြင်မွေးထုတ်ပေးခဲ့ပါသည်။

### ဘန္တေဦးညာဏိသာရ၏ ကိုယ်ရေး အကျဉ်းပုတ္တိ အကျဉ်း




၁၉၃၆–ခုနှစ် နိုဝင်ဘာလ ၁၃–ရက် အင်္ဂါနေ့တွင် ရခိုင်ပြည် စစ်တွေမြို့နား မင်းပြား ကျေးရွာအုပ်စု ဇီးပင်ကြီးရွာ၌ ဓမ္မာစာရီအဘ ဦးမောင်ကျော်သူနှင့် အမိဒေါ်ဝင်းမြဦးတို့မှ မွေးဖွားခဲ့ပါသည်။ ငယ်နာမည်မှာ မောင်အောင်ဇံဝေဖြစ်သည်။

အောင်ဇံဝေမှာ ဇီးပင်ကြီးရွာရှိ ဘုန်းကြီးကျောင်း၌ မူလတန်းပညာကို သင်ကြား ဆည်း ပူးခဲ့ပါသည်။ ယင်းဘုန်းကြီး ကျောင်း၌ပင် အသက် ၁၄–နှစ် အရွယ်တွင် သာမဏေဘောင် တက်ခဲ့ရပါသည်။ သာမဏေဘောင် တက်ပြီးသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com





ကဆုန်လပြည့် မေလ ၂-ရက် ၂၀၀၇-ခုနှစ်တွင် အိန္ဒိယသမ္မတ အေ ပီ ဂျေ အဗ္ဗုလ်ကလာမ်
ကုသိနာရုံသို့ ရောက်ရှိလာခဲ့ပြီး ထိုင်းဗုဒ္ဓဝိဟာရကျောင်း၌ ဝတ်ပြုနေပုံ

ညာဏိသာရဟူ၍ တွင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာ တိပိဋကနှင့် အခြားကျမ်းများကို လေ့လာသင်ကြားရန် သီဟိုဠ်မင်း ဝိဟာရ ကျောင်းတွင် ဝင်ခွင့်ရခဲ့ပြီး အငယ်တန်း အလတ်တန်းနှင့် အကြီးတန်း စာမေးပွဲများကို အောင်မြင်ခဲ့သည်။

## ရဟန်းဘောင်တက်ခြင်း

အသက် ၂၀တွင် သာမဏေ ဦးညာဏိသာရသည် ရန်ကုန်မြို့ ၄၂ လမ်းနေ ဒေါ်ဦးပန္နကျင်နှင့် သားများ ကုမ္ပဏီပိုင်ရှင် ဦးဘဇံနှင့် ဒေါ်ကျင်တို့ ပစ္စယာနုဂဟာ မင်္ဂလာရာမ ဝိဟာရကျောင်းမှာ ဆရာတော် စန္ဒြောမာသာထံမှ ဥပ္ပဇ္ဈာယ်ခံယူကာ ရဟန်းဘောင်တက်ခဲ့ရပါသည်။ မင်္ဂလာရာမ ကျောင်းတိုက်၌ နိုင်ငံတော်အစိုးရ ကျင်းပသည့် ပထမကျော် စာမေးပွဲကို အောင်မြင်ကာ ဓမ္မာစရိယ စာမေးပွဲတက်ရန် ဆက်လက် သင်ကြားခဲ့ပါသည်။ တဆက်တည်း၌ ပုဇွန်တောင်ရှိ ဦးနန္ဒကိုယ်ပိုင် ကျောင်း၌ ခေတ်ပညာများကိုလည်း သင်ကြားဆည်းပူးခဲ့ပါသည်။

## အိန္ဒိယသို့ ရောက်ရှိလာခြင်း

ရန်ကုန်မြို့၌ ပညာသင်ကြားနေစဉ်ကာလတွင် ကုသိနာရုံမှ ဆရာတော် စန္ဒြမဏိနှင့် ဗာရာဏသီမှ ရှင်ကိတ္တိမတို့က ဦးညာဏိသာရအား အိန္ဒိယပြည်သို့လာရန် ဖိတ်ခေါ်ခဲ့ကြသည်။ ယင်းဆရာတော်တို့၏ ဖိတ်ကြားချက်ကို လေးစားနာခံကာ ဦးညာဏိသာရသည် ၁၉၆၃-ခုနှစ် ဩဂုတ်လ ၉-ရက်နေ့တွင် ဗုဒ္ဓမြေ အိန္ဒိယနိုင်ငံသို့





ဗုဒ္ဓပရိနိဗ္ဗာန်ပြု အနှစ် ၂၅၅၀-ပြည့်နေ့ အခမ်းအနား၌ အိန္ဒိယသမ္မတ Dr. A. P.J. Abul Kalam
က မြန်မာဝိဟာရကျောင်း၌ ဝတ်ပြုနေပုံ

ရောက်ရှိလာခဲ့သည်။ ဦးစန္ဒြမဏိမထေရ်ကြီးနှင့် ရှင်ကိတ္တိမာတို့က အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကား ပြန့်ပွားရေးကို ဦးတည်ထားပြီး ဦးညာဏိသာရအား လိုအပ်သည့် ဘာသာစကားနှင့် ပညာရပ်များကို သင်ကြားနိုင်းပါသည်။ ယင်းပညာရပ်များကို သင်ကြားဆည်းပူးရာတွင် လိုအပ်သည်များကို စနစ်တကျ စီစဉ်ပေးခဲ့ကြပါသည်။ ဦးညာဏိသာရမှာလည်း ဆရာတော်ကြီးနှစ်ပါးတို့၏ ညွှန်ကြားစီစဉ်ပေးမှုဖြင့် ဟိန္ဒီ၊ သံသာကရိုက်နှင့် အင်္ဂလိပ်ဘာသာစာပေများကို ကြိုးပမ်းအားထုတ် သင်ကြားလာခဲ့ရာ အသိညာဏ်ပွားများ လာခဲ့ပါသည်။ ပိဋကတ် ကျမ်းမြတ်တို့ကို ပါဠိဘာသာမှ အပြင်သံသာကရိုက် ဟိန္ဒီစသော ဘာသာစာပေတို့နှင့် လေ့လာသင်ကြားခဲ့ရာ ဗုဒ္ဓတရားမြွေတို့၏ လေ့လာမှုတို့ကပို၍ ရင့်သန်လာခဲ့ရပါသည်။ ထို့အပြင် ခေတ်ပညာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများတွင် ပညာသင်ကြားပြီး အောက်တွင်ဖော်ပြထားသော အထက်တန်း ပညာစာမေးပွဲများ ဒီဂရီဘွဲ့များကို အောင်မြင်စွာဆွတ်ခူးခဲ့ပါသည်။

(၁) ဒသမတန်းနှင့် ၁၂ တန်းစာမေးပွဲများကို ၁၉၆၈နှင့် ၁၉၇၀ ခုနှစ်များတွင် အသီးသီး အောင်မြင်ခဲ့သည်။ (၂) ၁၉၇၃ ခုနှစ်တွင် B.A အောင်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် M.A (History )ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် M.A ဘွဲ့ကိုပါဠိဘာသာဖြင့် အောင်ခဲ့ပြီး ၁၉၇၅ခုနှစ် တိဘက်ဘာသာ ဒီပလိုမာဘွဲ့ကို ဖြေဆိုရာ ဒေါ်ရခမှု တက္ကသိုလ်ကျောင်းမှာ ပထမရ၍ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




လူမျိုးဇာတိကွဲပြားခြားနားနေသည့် လူမှုဘောင်တွင် ဗုဒ္ဓဓမ္မ ဖြန့်ချိရေးလုပ်ငန်းကို အခက်ခဲမျိုးစုံထဲမှာ လုပ်ရခြင်းသည် လွယ်ကူသည့် ကိစ္စတခုတော့မဟုတ်၊ သို့ပေငြားလည်း ရှင်ဦးဘာဏဏိသာရမှာ ဗုဒ္ဓဓမ္မကို သက်ဝင်ယုံကြည်လာအောင် ယင်းအခက်ခဲများကို ရင်ဆိုင်လျက်နှင့်ပင် ဖွဲမလျှော့ လုံ့လမပျက် လုပ်ကိုင်လျက်ရှိနေပါသည်။

ဘန္တေ့စန္ဒြမဏိ၏ ဓမ္မရေးရာဆိုင်ရာများ အမွေအနှစ်အဖြစ်လက်ခံစောင့်ရှောက်ခွင့်ရရှိပြီး၊ နောက်ဗုဒ္ဓဓမ္မ ဝိရောဓိအချို့တို့၏ အပြင်ရန်နှင့် လောဘရမ္မက်ကြီးကြသူအချို့တို့၏ အတွင်းရန်တို့က ရှင်ဦးညာဏိသာရမှာ ရင်ဆိုင်ခဲ့ရပါသည်။ ဗုဒ္ဓဝိဟာရကျောင်းပိုင် ဝတ္တကမြေနှင့် အခြားပစ္စည်းကို မိမိတို့ လက်ဝယ်ရရှိနိုင်အောင် မျက်စောင်းထိုးလာခဲ့ကြသည်။ ယင်းသူများသည် ထိုပိုင်ဆိုင်မှုတို့အတွက် တရားရုံးများအထိ တိုင်ကြပြကြ အရေးဆိုလာခဲ့ကြသည်။ တရားရင်ဆိုင်ရာတွင် အမှုလိုက်ရှေ့နေအချို့တို့ကလည်း ဘန္တေ့ ဦးညာဏိသာရအား အမျိုးမျိုးလှည့်စား လာခဲ့ကြလေသည်။ ထိုအခြေအနေမျိုးကို ရင်ဆိုင်လာရသည့်အခါ ဦးညာဏိသာရမှာ ဥပဒေရေးရာကိစ္စများကို ကျွမ်းကျင်မှုရှိလာအောင် ဥပဒေပညာသင်ကြားပြီး (L.L.B) ဘွဲ့ကို ရအောင်ယူခဲ့နိုင်သည်။

## တရားဓမ္မရေးရာနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

အခက်ခဲအမျိုးမျိုး အကြပ်အတည်း အဖုံဖုံများကို အောင်မြင်စွာကျော်ဖြတ်လျက် ဘန္တေ့ဦးညာဏိသာရမှာ တရားဓမ္မဆိုင်ရာ ကိစ္စအဝဝတို့ကို ဆောင်ရွက်မြဲ ဆောင်ရွက်သွားခဲ့ပါသည်။ ဦးစန္ဒြမဏိ တည်ထောင်ဖွင့်လှစ်ခဲ့သည့် အခမဲ့စာသင်ကျောင်း၊ မဟာဝိရ အလယ်တန်းကျောင်း၊ မာလတိ ပန္ဒေယ မိန်းကလေးများအထက်တန်းကျောင်း၊ ဗုဒ္ဓကောလိပ် စသည့် ကျောင်းများ၏ ပညာသင်ကြားရေးကိစ္စအဝဝတို့ကို ဦးဆောင်ကွပ်ကဲမှုပြုပေးလျက် နေခဲ့သည်။ အသက်မွေးဝမ်းကျောင်းပညာဖြစ်စေရန် ဗိုင်းငင်အတတ်သင်ပေးသည့် သင်တန်းကျောင်းကို ဘဇာကရအိယာရွာ၌ ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် ကုသိနာရုံတွင် စက်ချုပ်သင်တန်းကျောင်းနှင့် ဘိဟာပြည်နယ် သီဝါန်ခရိုင်တွင် မူလတန်း ဆရာအတတ်သင် သိပ္ပံကျောင်းနှင့် B.ED Teachers Training ကျောင်းတို့ကိုလည်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆင်းရဲနွမ်းပါးနေသည့် ကျောင်းသား ကျောင်းသူတို့အား သက်ဆိုင်ရာတို့ထံမှာ စာသင်ကြားစရိတ်ရအောင် စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဦးညာဏိသာရမှာ ဟိန္ဒီဘာသာစကားနှင့် စာပေတို့ကို မိမိ၏ မိခင်ဘာသာသဖွယ် ကျွမ်းကျင်မှုရှိထားပါသည်။ ဘာသာစကား တတ်မြောက်ထားသည် အတွက်ကြောင့်





မြန်မာပြည်ရှိ ရွှေတိဂုံစေတီ ပုံတူဖြင့် ဘန္တေ့ဦးဘာဏိသာရ၏ ဦးစီးဦးဆောင်မှုဖြင့် တည်ဆောက်ထားသော ကုသိနာဂရ မဟာပရိနိဗ္ဗာန်စေတီကြီးပုံ

ရှင်ဦးညာဏိသာရမှာ အိန္ဒိယလူမျိုးများကြား ဗုဒ္ဓဘာသာ ပြန့်ပွားရေး တရားဓမ္မရေးရာများနှင့် ဘာသာဝင်များကြား အချိန်အခါအားလျော်စွာ ပေါ်ပေါက်တတ်သည့် လူမှုရေးကိစ္စများကိုလည်း ဖြေရှင်းပေးနိုင်ခဲ့သည်။ ဟိန္ဒီဘာသာစကားနှင့်စာပေကို တတ်ကျွမ်းထားသည့်အတွက် ဘန္တေ့ဦးညာဏိသာရမှ ဗုဒ္ဓဘာသာ၏ ဒဿနတရားများ နက်နဲမှုကို သာမန်ပြည်သူတို့အကြား သဘောပေါက်နားလည်နိုင်အောင်ရှင်းပြ ဟောကြားပေးနိုင်သည်။ အိန္ဒိယလူမျိုးများအကြား ဘန္တေ့ဦးညာဏိသာရအပေါ် လေးစားကြည်ညိုမှုတို့က ကြီးမားသည်။ ၁၉၆၅–ခုနှစ်တွင် ဂိုရ(ခ်)ပူမြို့တွင် အိန္ဒိယလူမျိုး ၃၅ဝ ကျော်တို့ကို ဗုဒ္ဓဘာသာ၌ သိက္ခာပေးခဲ့သည်။ ၁၉၈၈–ခုနှစ်တွင် ကာ(န်)ပူမြို့၌ ဆရာတော်သည် အိန္ဒိယလူမျိုး (၂ဝဝဝဝ)ကျော်တို့အား ဗုဒ္ဓဘာသာတွင် ဒိက္ခာ ပေးနိုင်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံရှိ အခြားအခြားသော ပြည်နယ်များတွင် ဗုဒ္ဓဘာသာ ဒိက္ခာပေးပွဲ အစီအစဉ်များ ကျင်းပရာတွင်လည်း ဆရာတော်အား ပင့်ဖိတ်ရပါသည်။

၁၉၈၁–ခုနှစ် ဇန္နဝါရီလ (၁၈)ရက်နေ့တွင် အိန္ဒိယနိုင်ငံ ရှစ်ပြည်နယ်ဆိုင်ရာ ဗုဒ္ဓဓမ္မ ညီလာခံတရပ်ကို ကုသိနဂရမြို့၌ ကျင်းပခဲ့ပါသည်။ ညီလာခံအပြီးတွင်

www.burmeseclassic.com

www.burmeseclassic.com



ဦးစန္ဒြမဏိ မထေရ်မြတ်၏ ကျောက်ရုပ်တုတခုကို ကုသိနဂရ၌ တည်ခဲ့ပါသည်။ ထိုညီလာခံမှာ အလွန်အရေးပါသော ညီလာခံတရပ်ဖြစ်ခဲ့ပါသည်။

၁၉၈၃–ခုနှစ် အာဂရာမြို့၌ ဗုဒ္ဓဘာသာဝင်တို့ ဓမ္မသဘင်ကြီးကို ကျင်းပရာတွင် ဘဒ္ဒန္တဦးဉာဏိသာရ၏ အထူးကြိုးပမ်းအားထုတ်မှု ပါရှိခဲ့ပါသည်။ ဤဓမ္မသဘင်ကြီးမှာ အလွန် အရေးပါသော ဓမ္မ မဟာသဘင် ဖြစ်ခဲ့သည်။ ဒေလီမြို့မှ အရေးပါ ပုဂ္ဂိုလ်များနှင့် နိုင်ငံအတော်များများတို့မှ သံတမန် အရာရှိအရာထမ်းများ တက်ရောက်လာ၍ ဤညီလာခံကို ချီးမြှင့်ပေးခဲ့သည်။ ဆရာတော် မထေရ်ကြီး စန္ဒြမဏိ၏ အမှတ်တရဖြင့် ရှင်ဦးဉာဏိသာရမှ ကြီးမှူး၍ ၁၉၇၉–ခုနှစ်တွင် နီပေါနိုင်ငံ၌ ကထိန်ပွဲကြီးတရပ်ကို ကျင်းပခဲ့သည်။

ဘဒ္ဒန္တဉာဏိသာရမှာ ကုသိနာရုံ မြန်မာဗုဒ္ဓဝိဟာရကျောင်းတွင်လက်ရှိ သီတင်းသုံးနေထိုင်ပြီး၊ ဓမ္မရေးရာ ကိစ္စအဝဝတို့ကို စိတ်ပါဝင်စားစွာဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကုသိနာရုံမှာ ဗုဒ္ဓမွေ၏ သံဝေဇနိယ ဌာနကြီးလေးဌာနမှာ တခုအပါအဝင်ဖြစ်နေသည့်အတွက် ပြည်တွင်းပြည်ပမှ နှစ်စဉ်နှစ်တိုင်း ဓမ္မခရီးသည်များ ဘုရားဖူးရန် လာကြသည်။ မြန်မာနိုင်ငံမှလည်း ဘုရားဖူးခရီးသည် အတော်များများ လာကြလေ့ရှိကြသည်။ အခြားနိုင်ငံများမှလည်း ဗုဒ္ဓဘာသာဝင်တို့က ကုသိနာရုံသို့ လာရောက်၍ ဘုရားဖူးမြော်ကြပါသည်။ ယင်းဓမ္မခရီးသည်များ တည်းခိုစားသောက်နိုင်ရန် မြန်မာ့ဗုဒ္ဓဝိဟာရကျောင်း၌ အကောင်းဆုံးဖြစ်အောင် စီစဉ်ထားသည်။ ထို့အပြင် ဦးဉာဏိသာရမှာ မြန်မာပြည်အလှူရှင်များထံမှ မန္တလေးမြို့မှ အနုပညာလက်ရာမြောက်သည့် ဗုဒ္ဓရုပ်တုများကို အိန္ဒိယနိုင်ငံ အခြားပြည်နယ်များရှိ ဗုဒ္ဓဝိဟာရကျောင်းများတွင် တည်ပေးပြီး ပူဇော်နိုင်ရန် လုပ်ပေးသည်။ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဝိဟာရကျောင်းပေါင်း အတော်များများတို့မှာ မြန်မာနိုင်ငံမှ ထုလုပ်သည့် ဗုဒ္ဓရုပ်တုများ ခမ်းနားလှစွာ တည်ပေးပြီးကြောင်း တွေ့ရှိနိုင်ပါသည်။

ဘဒ္ဒန္တဦးဉာဏိသာရ ၁၉၉၈–ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ၂၈–နှစ်တာ ကာလအတွင်း အိန္ဒိယနိုင်ငံနှင့် အခြားမှာပြုလုပ်ခဲ့သည့် သာသနာပြုလုပ်ငန်းများအကြောင်းကို မြန်မာနိုင်ငံရှိ ဘာသာဝင်တို့ ရှင်းလင်းဟောပြခဲ့ပါသည်။ ဘဒ္ဒန္တ၏သာသနာပြုလုပ်ငန်းများကို အများပြည်သူ ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါသည်။ နောက်ပိုင်းနှစ်များတွင် မြန်မာပြည်မှ ဘုရားဖူး ခရီးသည်များလည်း တိုးမြှင့်လာခဲ့ပါသည်။

ဘဒ္ဒန္တဦးဉာဏိသာရသည် ကုသိနာရုံတွင် ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျော် ရွှေတိဂုံစေတီတော်ကြီးပုံစံဖြင့် စေတီတစ်ဆူကို အထူးကြိုးပမ်းမှုတို့ဖြင့် တည်နိုင်ခဲ့ပါသည်။ ဤစေတီတည်ထောင်မှု လုပ်ငန်းပြီးမြောက်လာသည့်အခါ ကုသိနာရုံ၏ စွဲဆောင်မှုသည်



ဓမ္မခရီးသည်များအတွက် ပို၍တိုးမြှင့်လာခဲ့ရပါသည်။ ယင်းစေတီ၏ ညဏ်တော်မှာ ၁၀၈–လက်မ အမြင့်ရှိသည်။ စေတီ၏အောက်ခြေရင်း၌ ဘုရားရှင်ဗုဒ္ဓ၏ ပရိနိဗ္ဗာန်ဝင်သည့်မုဒြာဖြင့် ထုလုပ်ထားသော ရုပ်တုကြီးတခုကိုလည်း တည်ထားကြောင်း ဖူးမြော်နိုင်ပါသည်။ ယင်းစေတီတော်အနားမှာ အလွန်သာယာကြီးမြတ်သော ရေကန်ကြီး တကန်လည်း တူးဖော်တည်ဆောက်ထားသည်။ ကန့်ထဲမှ ကြည်လင်နေသည့် ရေအပြည့်ရှိ၍ ပတ်ဝန်းကျင်မှာ အလွန်တရာစိမ်းလန်း စိုပြေနေပြီး သာယာနေသည့် ရှုခင်းများရှိနေကြသည်။

ဘဒ္ဒန္တဦးဉာဏိသာရ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ကုသိနာရုံ၏ လှပသာယာမှုတို့က တိုးတက်လာခဲ့ ရပါသည်။ အဆောက်အဦးအသစ်များ ထွန်းကားလာခဲ့ပါသည်။ မြန်မာဗုဒ္ဓဝိဟာရ ကျောင်းဝင်းတွင် တည်းခိုခန်းများကို တည်ဆောက်ထားပြီး ဖြစ်နေသည်။ အာဂန္တုဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာများ လုံခြုံအေးချမ်းစွာ တည်းခိုကြနိုင်ပါသည်။ မြန်မာပြည်အပါအဝင် မြန်မာဝိဟာရ တည်းခိုရိပ်သာထဲမှာ လာရောက်တည်းခိုကြပါသည်။ မြန်မာဝိဟာရကျောင်းတွင် ၎င်းတို့အတွက် ဆွမ်း၊ ကွမ်း၊ ဘောဇဉ်အတွက် မြန်မာ့အလှူရှင်များ အကူအညီဖြင့် စီစဉ်ထားပါသည်။ မြန်မာဝိဟာရကျောင်းဝင်းအတွင်း နီပေါဓမ္မသာလတခုလည်းရှိပါသည်။ အထူးသဖြင့် နီပေါမှ ဓမ္မခရီးသည်များ တည်းခိုနိုင်ရန် စီစဉ်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဘိက္ခု ဦးသူရိယာ (တရုတ်–ဘုန်းကြီး)

စီနီ(တရုတ်) ဇာဇာအမည်ဖြင့် ထင်ပေါ်ကျော်ကြားမှုရှိခဲ့သော ဘိက္ခုသူရိယမှာ တရုတ်လူမျိုးဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတပါးဖြစ်ခဲ့ပါသည်။ ယင်းဘုန်းတော်ကြီးသည် ထူးဆန်းသော ပုဂ္ဂိုလ်တပါးဖြစ်ခဲ့သည်။ စီနီဇာဇာ ထိုတရုတ်ဘုန်းကြီးသည် သစ်ပင်ပေါ်မှာ နေထိုင်ခဲ့သူဖြစ်ခဲ့သည်။ ယင်းဘုန်းတော်ကြီးကို ဖူးမြော်ရန် ခရီးသည်များ လာကြလေ့ရှိခဲ့ပါသည်။ ဗုဒ္ဓဘူမိမြေဖြစ်သည့် အိန္ဒိယနိုင်ငံကို သဒ္ဓါကြည်ညိုမှု ထက်သန်နေသည့် ယင်းတရုတ်ဘုန်းကြီးမှာ ၁၉၂၆–ခုနှစ် အသက် ၄၀တွင် မိမိမွေးဖွားရာ မိခင်တရုတ်နိုင်ငံမှ ထွက်ခဲ့သည်။ တိဘက် ကုန်းပြင်မြေကို ဖြတ်ကျော်ကာ အိန္ဒိယပြည်သို့ ရောက်ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံအတွင်းရှိ ဓမ္မဌာန အတော်များများ တို့ကို ရောက်ဖူးခဲ့သည်။ အရှင်မြတ်ဗုဒ္ဓ၏ ပရိနိဗ္ဗာန်ပြုနေရပ်ဖြစ်သည့် ကုသိနာရုံသို့ ရောက်ရှိလာပြီး အစပိုင်းတွင် ဘန္တေ့ စန္ဒြမဏိနှင့်အတူ နိဗ္ဗာန်ဓမ္မသာလ၌ နေထိုင်ခဲ့ ပါသည်။ ဆူဆူညံညံဖြစ်သည့် နေရာမျိုး၌ မနေထိုင်လိုသော ဘိက္ခုသူရိယမှာ ပညောင်ပင်ကြီးတပင်ပေါ် မိမိနေထိုင်ရန် တဲတခုထိုး၍ နေထိုင်လာခဲ့သည်။ လူသူမရှိသော နေရာတွင် နေထိုင်ခြင်းကို နှစ်ခြိုက်သူဖြစ်သည်။ ရာမာဘာထူပါကို အလွန်သဘောကျ နှစ်ခြိုက်ခဲ့သူဖြစ်သည်။ ယင်းတရုတ်ဘုန်းကြီးသည် တရုတ်ဘိက္ခုတို့၏ အစဉ်အလာနှင့်အညီ ဦးခေါင်း၊ မျက်ခုံး၊ ရင်ပြင်ရှိဆံပင်များကို ရိပ်ထားလေ့ရှိသည်။ ထောပတ် ဆီးမီးခွက်ထွန်းကာ ဘုရားရှင်ဗုဒ္ဓရုပ်တုအား ပူဇော်သည်။

ကုသိနာရုံမှာ နေထိုင်စဉ်ကာလက ဦးသူရိယသည် မီးထွန်းပူဇော်ပွဲ အချိန်ကာလတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားသို့ ရောက်သွားခဲ့ပါသည်။ ရန်ကုန်မှာပင် ထေရဝါဒဝိနည်းနှင့် ဥပသမ္ပဒာယခံယူခဲ့သည်။ မြန်မာနိုင်ငံမှ ပြန်လာ၍ တဖန်ကုသိနာရုံရှိ ပညောင်ပင်ပေါ်တဲထဲမှာ ပြန်နေထိုင်ခဲ့ပြန်ပါသည်။


အိန္ဒိယ (ဘာရတ)နိုင်ငံမှာ ၁၉၅၆–ခုနှစ်တွင် ဗုဒ္ဓဘာသာအနှစ် ၂၅၀၀ပြည့် အခမ်းအနားနှင့် ပူဇော်ပွဲများ ကျင်းပရန် စီစဉ်လာခဲ့သည့်အချိန်တွင် လွတ်လပ်သည့် အိန္ဒိယနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဂျဝါဟာလာယ်နေရူသည် ကုသိနာရုံသို့ ရောက်လာခဲ့စဉ်က ဆရာတော်ကြီး စန္ဒြမဏိနှင့်အတူ ဘိက္ခုဦးသူရိယအား သွားရောက် တွေ့ရှိကာ သစ်ပင်ပေါ်တွင် နေထိုင်ခြင်းကိုစွန့်၍ ကျောင်းကုဋီတခုမှာ နေထိုင်သွားရန် မေတ္တာရပ်ခံပြောခဲ့ပါသည်။ စီနီဇာဇာ၏ နေထိုင်မှုအတွက် ကျောင်းလည်း စီစဉ်ပေးမည်ဟူ၍ ပြောခဲ့ပါသည်။ ထို့နောက် အရှင်ဦးသူရိယမှာ သစ်ပင်ပေါ်မှာ နေထိုင်ခြင်းကို စွန့်လွှတ်ကာ ရာမာဘာရထူပါ တည်ရှိရာ အနောက်ဘက် မီတာ ၅၀ခန့်အကွာ၌ ကုဋီကျောင်းတကျောင်းဆောက်ကာ နေထိုင်လာခဲ့သည်။



ထိုကုဋီကျောင်း၌ ဆက်လက် ၁၅နှစ်ခန့် နေထိုင်ခဲ့ပြီး ထိုနေရာတွင်ပင် အသက် ၈၆နှစ် အရွယ်၌ ၁၉၇၁ခုနှစ် နိုဝင်ဘာလ(၁)ရက်နေ့တွင် ပျံလွန်တော်မူခဲ့ပါသည်။ ကုသိနာရုံ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာမှာ နေထိုင်ကြသော ဒါယကာ ဒါယိကာမများက ယခုအချိန်ထိ တရုတ်ဘုန်းကြီး (စီနီဇာဇာ)ကို သဒ္ဓါကြည်ညိုမှုအပြည့်ဖြင့် အောက်မေ့ တသကြကုန်၏။

## ကုသိနာရာ၏ ဘူမိပုတ္တရ ဒေါက်တာ ဓမ္မရက္ခိတ

ဒေါက်တာ ဓမ္မရိက္ခိတသည် ကုသိနာရုံနယ်မြေဖွား ဘိက္ခုရဟန်း ပညာရှင် တပါးဖြစ်ခဲ့ပါသည်။ သမိုင်းဝင် ကုသိနာရုံမြို့ ဂုဏ်သတင်းကို မိမိ၏စာပေ အရေးသား



တို့ဖြင့် ပိုမိုထင်ပေါ် ကျော်ကြားစေ ခဲ့သည်။ ဒေါက်တာ ဓမ္မရိက္ခတက ဗုဒ္ဓဘာသာ လောက၌ ရာဟုလသံ ကရိသာယနာ၊ ဘဒန္တအာနန္ဒ ကော်သလ္လယနာနှင့် ဘိက္ခုဂျာဂ်ဒိရှ် ကဿပ ပမာပညာရှင်ကြီးတို့နှင့် တန်းတူလေးစား ကြည်ညိုမှုတို့ကို ခံစားရသည့် ဘိက္ခုရဟန်းတပါး ဖြစ်ခဲ့ပါသည်။ ဒေါက်တာ ဘိက္ခု ဓမ္မရက္ခိတမှာ အရေးပါကျမ်း စာအုပ် ၆၀ကျော်တို့ကို ရေးသား ပြုစုခဲ့ပါသည်။ များပြားသော ပါဠိ ကျမ်းဂန်များကို ဟိန္ဒီဘာသာဖြင့် ဘာသာပြန်ခဲ့ပါသည်။ ထို့အပြင် ဓမ္မရိက္ခိတမှာ ကဗျာကျမ်း သမိုင်းကျမ်းများနှင့် ရှေးဟောင်း သုတေသနပြုကျမ်း စာအုပ်များကို ရေးသားပြုစုခဲ့ပါသည်။ ဒေါက်တာဓမ္မရက္ခိတမှာ သတင်း ဂျာနယ်နှင့် ခရီးသွားမှတ်တမ်း စာအုပ်ကျမ်းများကိုလည်း ပြုစုသွားခဲ့သည်။ ဗုဒ္ဓလောက၌ ဂုဏ်ယူဖွယ်ရာ ပုဂ္ဂိုလ်တဦးဖြစ်သည်။ ၁၉၂၃–ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ယူပီပြည်နယ် ဒေဝါရိယာခရိုင် ဟာသဝါရွာ၌ တောင်သူလယ်သမားမိသားစုမှ မွေးဖွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်နာမည်မှာ ရမ်းဓါရီဖြစ်သည်။ အဘအမည်မှာ ဘဂီရတီဘာဂ(သ်)ဖြစ်၍ အမိမှာ မဟာဒေအိယာဖြစ်၍ မွေးချင်းညီအကို ၃ယောက်ရှိခဲ့ပါသည်။

မူလတန်းပညာကို ကုသိနာရုံရှိ အရှင်စန္ဒြမဏိ အခမဲ့ပညာသင်ကျောင်း၌ ဆည်းပူးခဲ့၍ အထက်တန်းကျောင်း ပညာရေးကို Junior High School, Kasaya မှသင်ကြားဆည်းပူးခဲ့ပါသည်။ အသက်အရွယ် ၁၅နှစ်နှင့်သူသည် 'Bhagat Prahald' ခေါ် ပြဇာတ်စာအုပ်တအုပ်နှင့် ဗုဒ္ဓမဟာပရယာဏ ကျမ်းစာအုပ်ကို ရေးသားပြုစုပြီး ပတ်ဝန်းကျင် စာပေသမားများလောက၌ အံ့ဘွယ်ကောင်းလှသည့် အခြေအနေတခုကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ပါသည်။ ရမ်းဓါရီသည် ထိုအချိန်ကစ၍ ဘန္တေစန္ဒြမဏိနှင့် ပိုမိုရင်းနှီးလာခဲ့ရာ မြန်မာ့ဝိဟာရကျောင်း၌ အဝင်အထွက်များလာခဲ့ပါသည်။ ဗုဒ္ဓဓမ္မ၌ ပျော်မွေ့လာသည်ကို မြင်တွေ့ရ၍ ရှင်စန္ဒြမဏိတို့မှာ ရမ်းဒါရီ (ဓမ္မရက္ခိတ)ကို ရာမဏာဟူ၍ ချစ်စနိုး နာမည်ပေးခဲ့ပါသည်။ ရမဏာဟူသော ဟိန္ဒီစကားလုံး၏ အဓိပ္ပါယ်မှာ (တရားဓမ္မ၌ပျော်မွေ့သူ)ဟူ၍ အနက်ရပါသည်။ ထိုခေတ်ကာလတွင် ဟိန္ဒူမိသားစုမှာ ကလေးသူငယ်များကို ငယ်စဉ်အချိန်ကာလကပင် အိမ်ထောင်မင်္ဂလာ ပြုပေးလေ့ရှိသည်။ ဓမ္မရက္ခိကမှာ ၁၆နှစ်အရွယ်ကာလ၌ နားဖောက်မင်္ဂလာ (အိမ်ထောင်ပြုရခြင်း၏ ပထမအဆင့်) ပြုပြီးသားဖြစ်နေပါသည်။ သို့သော် ဗုဒ္ဓတရားဖက် အားသန်သူဖြစ်ပါ၍ အိမ်ထောင်ရေးလောကထဲမဝင်ဘဲ အိမ်ကိုစွန့်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတပါး ဖြစ်လာခဲ့သည်။

သာရနာထမြန်မာ့ ဝိဟာရကျောင်းထိုင်ဆရာတော် ဦးကိတ္တိမထံ ဥပဇ္ဈာယ် ခံယူခဲ့ပါသည်။ ၁၉၄၄-ခုနှစ် ဇူလိုင်လ ၂၁-ရက်နေ့တွင် ကုသိနာရုံကျောင်း (သိမာဂေဟ)တွင် ရဟန်းဘောင်သို့ တက်ခဲ့ပါသည်။ ဘိက္ခုဓမ္မရက္ခိတမှာ ဆက်လက် အဆင့်မြင့် ပညာရေးသင်ကြားခဲ့ရာ ဟိန္ဒီဆာဟိတ္တယ သင်မ္မလန်(ပရယာဂ်) Allahabad ဟိန္ဒီဘာသာ တက္ကသိုလ်ကျောင်းမှာ ဆာဟိတ္တယရတနာဘွဲ့ကို ရယူနိုင်ခဲ့သည်။ မိမိ၏ဓမ္မဂုရုဖြစ်ခဲ့သော ဆရာတော်စန္ဒြမဏိ၏ ညွှန်ကြားမှုဖြင့် သီရိလင်္ကာသို့ သွားရောက်ကာ ပိဋကတ်ကျမ်းမြတ်နှင့် ပါဠိဘာသာတို့ကို သင်ကြားလာခဲ့ရာ ၁၉၄၇-ခုနှစ်တွင် တိပိဋကစရိယဘွဲ့ကို ရယူခဲ့ပါသည်။ သီရိလင်္ကာမှာ နေစဉ်ကာလက သိဟ်လိ ဘာသာစာပေကိုလည်း လေ့လာသင်ကြားခဲ့သည်။ ၁၉၅၉-ခုနှစ်တွင် ဟိန္ဒူဝိစာ ဝိဇ္ဇလယ တက္ကသိုလ်ကျောင်းမှ M.A (pali) ဘွဲ့စာမေးပွဲကို ပထမအဆင့်နှင့် အောင်မြင်ခဲ့သည်။ ထို့နောက်တဆက်တည်းမှာ ရန်ကြီးတက္ကသိုလ်မှာ PH.D ဘွဲ့ကို ချီးမြှင့်ခံနိုင်ခဲ့သည်။

ထို့နောက် ဒေါက်တာဓမ္မရက္ခိတသည် သာရနာထရှိကျောင်းများတွင် ကျောင်းဆရာအဖြစ် ပညာသင်ပေးခဲ့ရာ ၁၉၄၈ခုနှစ်မှစ၍ ဓမ္မဒူတခေါ် ဓမ္မတမန်တော်



မဂ္ဂဇင်းစာအုပ်နှင့် (AAJ Danik) ခေါ် သတင်းစာတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ဗုဒ္ဓဓမ္မဆိုင်ရာ စာအုပ်ပေါင်း အများအပြားတို့ကို ရေးသားပြုစုခြင်း ပါဠိဘာသာ ဓမ္မကျမ်းမြတ်တို့ကို ဟိန္ဒီဘာသာဖြင့် ဘာသာပြန်ရေးသားပြုစုခြင်းနှင့် အခြားစာပေကောင်းများကို ရေးသားပြုစုခဲ့ခြင်းတို့ကို ဂုဏ်ပြုသည့်အနေဖြင့် ဒေါက်တာဓမ္မရက္ခိတအား နာလန္ဒမဟာဝိဟာရ တက္ကသိုလ်မှ Dillt (ဒီလစ်) ဂုဏ်ထူးဆောင်ဘွဲ့ဖြင့် ချီးမြှင့်ခဲ့ပါသည်။

ဘိက္ခုဓမ္မရက္ခိတမှာ သီရိလင်္ကာ၊ မြန်မာ၊ ဘူတန်၊ နီပေါစသည့် အိမ်နီးနားချင်း နိုင်ငံသို့သွားရောက် လည်ပတ်ခဲ့ပြီး ယင်းနိုင်ငံများသမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ ခရီးသွားမှတ်တမ်းစာ အတော်များများတို့ကို ရေးသားပြုစုကာ ထုတ်ဝေခဲ့ပါသည်။ ရှေးဟောင်းသုတေသနပြုရာတွင် ဘိက္ခုဓမ္မရက္ခိတမှာ ခေတ်ဟောင်းက 'ကေဿပုတ္တ ဂဏာသန္တရ' နိုင်ငံငယ်ကို ရှာဖွေဖော်ထုတ်နိုင်ပြီး ထိုဂဏာသန္တရ၏ အုပ်ချုပ်မှုစနစ်နှင့် စပ်လျဉ်းသည့် သိရှိဘွယ်ရာကောင်းသော အချက်အလက်များကို ကောက်နုတ်ကာ စံထားစရာ အရေးအသားတခုကို ပြုစုခဲ့ပါသည်။

ဒေါက်တာ ဘိက္ခုဓမ္မရက္ခိတမှာ သာရနာထ၌ မဟာဗောဓိအင်တာ ကောလိပ်ကျောင်းမှာ ကျောင်းအုပ်ဆရာအဖြစ် တာဝန်ယူခဲ့ရသည့် ကာလတွင် အသက်အရွယ် ၅၃ ခုနှစ်တွင် ကံတော်ကုန်ကာ ပျံလွန်တော်မူခဲ့သည်။ သာရနာထနှင့် ကုသိနာရုံတို့၏ ဘက်စုံတိုးတက်ဖွံ့ဖြိုးမှုအတွက် ဘိက္ခုဓမ္မရက္ခိတ၏ ဆောင်ရွက်ချက်များက မှတ်တမ်းတင်ဘွယ်ရာ ဖြစ်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# မလ္လတို့၏ ဒုတိယမြို့တော် ပါဝါ

ဗုဒ္ဓမြတ်စွာဘုရား လက်ထက်ကာလအချိန်က မလ္လလူမျိုးများ၏ဂဏမှာ နိုင်ငံနှစ်နိုင်ငံအဖြစ် တည်ရှိခဲ့ပါသည်။ ထိုအချက်ကို အခြေခံကာ ကုသိနာရုံတွင် နေထိုင်ကြခဲ့သော မလ္လတို့အား "ကောသိနာရကာ" မလ္လဟု ခေါ်ခဲ့ပြီး၊ အခြားတမျိုးကို "မလ္လ ပါဝေယကာ" (ပါဝါနေ မလ္လလူမျိုး) ဟုခေါ်ခဲ့ကြပါသည်။ ကုသိနာရုံနှင့် ပါဝါ ထိုမြို့တော်နှစ်ခုမှာ ဗိရဘူမိ သူရဲကောင်းတို့ နေထိုင်ရာမြေဟူ၍ ခေတ်ဟောင်း စာပေများ၌ ရေးသားဖော်ပြထားခြင်းကို မြင်တွေ့ရနိုင်ပါသည်။

ဒီဃနိကာယ်၏ အဋ္ဌကထာကျမ်း၌ ထိုမြို့နှစ်မြို့၏ အချင်းချင်း အကွာအဝေးကို (၃) ဂါဝုတ် (ဝါ) ၆-မိုင်ခန့် ရေးသားထားသည်။ ထိုအကြောင်းအရာ ဖော်ပြချက်ကို ထောက်ရှုခြင်းအားဖြင့် တမြို့နှင့်တမြို့ ဝေးကွာလွန်းခြင်း သိပ်မရှိခဲ့ကြပါဟု ပေါ်လွင်နေပါသည်။ ဤနိုင်ငံငယ်နှစ်ခု အကြားရှိ ကကုတ္ထာမြစ်သည် ၄င်းနိုင်ငံတို့၏ နယ်စပ်ကို ခြားနားပေးသည့် မြစ်ဖြစ်ခဲ့ပါသည်။ ထိုစဉ်ကာလက နောက်မြစ်ကြီးတခု ရှိခဲ့ရာ ဟိရညဝတီ မြစ်ဟုခေါ်ခဲ့ပါသည်။ မဟာပရိနိဗ္ဗာန် သုတ္တံ၌ "ချစ်သားအာနန္ဒာ လာဟိရညဝတီ မြစ်တဖက်ကမ်းရှိ မလ္လတို့၏ သာလဝန်ရှိရာသို့ ကြွကြစို့"ဟူ၍ ရေးသားထားခြင်းကို တွေ့ရှိရပါသည်။ မလ္လတို့၏ ဂဏနိုင်ငံမှာ လိစ္ဆဝီတို့ပိုင် ဝေသာလီ **ဂဏနိုင်ငံနှင့် (သကျတိုင်း (ဇနပဒ)၏ အနောက်ဘက်ရှိ အစိရာဝတီမြစ်သည်** ကောသလပြည်နှင့် သကျတိုင်းတို့၏ နယ်စပ်ကို ခြားနားပေးသည်။) မလ္လနိုင်ငံ၏



ပါဝါမြို့ဝန်းကျင်တဝိုက် ဗုဒ္ဓခေတ်ဟောင်းက တည်ဆောက်မှုပျက်အန့်ကြဲပြန့်နေပါသည်။



အရှေ့ဖက်နှင့် အရှေ့တောင်အရပ်၌ ဝဇ္ဇီတိုင်း (ဝေသာလီ) ဂဏနိုင်ငံတည်ရှိခဲ့ပါသည်။ ထိုဂဏနိုင်ငံနှစ်ခုတို့ကို အချင်းချင်းခြားနားပေးသည့်မြစ်မှာ မဟီမြစ် (လက်ရှိဂန္ဒကမြစ်) ဖြစ်ခဲ့သည်။ မလ္လဂဏနိုင်ငံ၏ တောင်ဖက်တွင် မဂဓပြည် တည်ရှိခဲ့ပါသည်။ မလ္လဂဏ၏ အနောက်အရပ် အောက်ဖက်တွင် သကျတို့ပိုင် သကျဇနပဒ တည်ရှိ၍ မလ္လနှင့် သကျဇနပဒအကြား ကောလိယလူမျိုးပိုင် ကောလိယ ဇနပဒ (တိုင်း) တည်ရှိခဲ့သည်။ မဂဓနှင့် မလ္လတို့ နိုင်ငံအကြား မောရိယတို့၏ ဂဏနိုင်ငံငယ် တခုတည်ရှိခဲ့ပါသည်။ ဗုဒ္ဓလက်ထက်ကာလ၌ ဂဏနိုင်ငံများအနက် ဝေသာလီဂဏနှင့် မလ္လဂဏနိုင်ငံတို့မှာ အင်အားအကြီးဆုံး နိုင်ငံဖြစ်ခဲ့ကြပါသည်။

မလ္လတို့၏ ပထမမြို့တော် ကုသိနာရုံအကြောင်းကို ရှေ့အခန်းများ၌ ဖော်ပြထားခဲ့ပြီးဖြစ်သည်။ ဤအခန်း၌ မလ္လတို့၏ နောက်တခြမ်းနယ်မြေဖြစ်သော ပါဝါအကြောင်းကို ဖော်ပြသွားဦးမည်ဖြစ်သည်။ ဘုရားရှင်ဗုဒ္ဓသည် သူ့ဘဝ၏ နောက်ဆုံးခရီးစဉ် အတောအတွင်း ဘောဂနဂရမှ ပါဝါသို့ ကြွချီလာခဲ့ပါသည်။ ပါဝါမှတဆင့် ကုသိနာရုံသို့ ကြွချီခဲ့ကြောင်းကို ဗုဒ္ဓစာပေကျမ်းများ၌ ဖော်ပြထားကြောင်း အနှံ့တွေ့ရှိနိုင်ပါသည်။ ပါဝါနှင့် ကုသိနာရုံကြားရှိ လမ်းခရီးစဉ်၌ ရှင်ဗုဒ္ဓမှာ ထိုစဉ်က ဘာသာရေးဂိုဏ်းတခု၏ ဂိုဏ်းအုပ်ဆရာကြီး အလာရ်-ကာလာမ်၏ တပည့်သာဝက တဦးဖြစ်ခဲ့သော ပုက္ကုသ မလ္လပုတ္တရ ကုန်သည်ကြီးတဦးအား တွေ့ဆုံခဲ့သည်။ ပုက္ကုသသေဋ္ဌေး (သူဌေး)မှာ ဘုရားရှင်ဗုဒ္ဓ၏ တရားများကို ကြားနာရ၍ သဒ္ဓါကြည်ညိုမှုထက်သန်လာပြီး သူ့ဆရာ အလာရ်-ကလာမ်အား စွန့်ခွာကာ ဗုဒ္ဓ၏ အရိပ်အာဝါသကို ခိုကိုးလာခဲ့လေသည်။ ပုက္ကုသ မလ္လပုတ္တရမှာ ဒုကုဋ်သင်္ကန်း (အနီရောင်) (၁)ထည်စီကို ဘုရားရှင်ဗုဒ္ဓနှင့် ရှင်အာနန္ဒာတို့အား လှူဒါန်းခဲ့ပါသည်။

ပါဝါမြို့အနီးအနား၌ စုန္ဒကရ်မာရ်ပုတ္တရ၏ အမ္ဗဝန (သရက်ခြံ) ကြီးရှိခဲ့ရာ ထိုအမ္ဗဥယျာဉ်၌ ဘုရားရှင်ဗုဒ္ဓသည် ရဟန်းအပေါင်း (၅၀၀)နှင့်အတူ ရက်အနည်းငယ် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ စုန္ဒ၏ သရက်ခြံ၌ သီတင်းသုံးတော်မူခဲ့စဉ်ကာလက ပါဝါမှမလ္လမင်းတို့သည် သံသာဂါရ အသစ်တခုကို တည်ဆောက်ထားရာ ဘုရားရှင်အား ထိုသံသာဂါရာသို့ ကြွချီ၍ ပထမဦးဆုံးသတင်းပေးပါရန် ဖိတ်မန်တက ပြုခဲ့ကြသည်ဖြစ်၍ ဘုရားရှင်သည် ဘိက္ခုရဟန်း အပါး (၅၀၀)နှင့်အတူ ထိုသံသာဂါရာ၌ သီတင်းသုံးပေးတော်မူခဲ့သည်။ ဘုရားရှင်သည် ထိုသံသာဂါရ၌ ပါဝါရှိ မလ္လပုတ္တရ တို့အား တရားဥပဒေသ မြွက်ကြားပေးခဲ့ပါသည်။

ဘုရားရှင်ဗုဒ္ဓသည် အရှင့်ရှင် တကြိမ်နှစ်ကြိမ် ပါဝါသို့ ရောက်ခဲ့စဉ်ကာလက အဇကလာပ စေတီကျောင်း တစ်ကျောင်းတွင် တည်းခဲ့ပါကြောင်း စာပေအချို့၌ ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ထိုကျောင်း၌ အဇကလာပ ယက္ခကို လူတို့က

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်အကောင်များသတ်ဖြတ် ဗလိပြုကာ ကျေနပ်အောင်ပြုစုရပါသည်။ ထိုယက္ခမှာ ဘုရားရှင် ဗုဒ္ဓအား ကြောက်သွားအောင် ခြိမ်းခြောက်လာခဲ့သည့်အခါ ဘုရားရှင်သည် ယက္ခအား မေတ္တာတရား ဘာဝနာပွားခဲ့ပြီး ချွတ်ခဲ့ကြောင်း ဥဒါန်တို့၌ တွေ့ရှိရပါသည်။ ဘိက္ခုခန္ဒသုမန၏ မွေးရပ်မြေမှာ ပါဝါပင်ဖြစ်သည်။

ဘုရားရှင်ဗုဒ္ဓ လက်ထက်ကာလတွင် ပါဝါမှာ နိဂန္ထ (ဂျိန်းဘာသာဝင်) တို့၏ အချက်အချာ နေရာဌာနတခု ဖြစ်ခဲ့ပါသည်။ ဘုရားရှင်ဗုဒ္ဓမှာ သက္ကျတို့၏ ဝေဓညာ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူခဲ့စဉ် ကာလက ပါဝါ၌ ဂျိန်းဘုရားရှင် မဟာဝီရက ပရိနိဗ္ဗာန်ပြုခဲ့ပါသည်။ ရှင်တော်မြတ် မဟာဝီရ ပရိနိဗ္ဗာန်ပြုပြီးသည်ကာလတွင် နိဂန္ထ (ဂျိန်း)တို့သည် အချင်းချင်းစကားများ အခြင်းပွားလာကာ နှစ်ခြမ်းကွဲပြား ခြားနားသွားခဲ့ကြသည်။ ထိုအချိန်ကာလတွင် ဘုရားရှင်ဗုဒ္ဓသည် ရှင်အာနန္ဒာနှင့် စုန္ဒတို့အား သံဃ(အဖွဲ့)တခုခုမှာ သဘောထားကွဲလွဲမှု၊ စည်းလုံးညီညွတ်မှု ပျက်ပြားလာရခြင်း၏ အကြောင်းတရားများ ရှင်းလင်းပြသ ဟောကြားပေးခဲ့ပါသည်။ မဇ္ဈိမ နိကာယ်၏ သာမဂါမ သုတ္တံကျမ်းတွင် နိဂန္ထ နာထပုတ္တ ရှင်မဟာဝီရ ပါဝါ၌ ပရိနိဗ္ဗာန်ပြုခဲ့သည့် အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားပါသည်။

ပါဂါတည်ရှိရာနေရပ်သည် ဘောဂနာရနှင့် ကုသိနာရုံကြားမှာ ရှိခဲ့ကြောင်း ပါဠိကျမ်းများတွင် အတိအကျ ဖော်ပြပေးထားသည်။ သို့သော် ဂျိန်းဘာသာဝင် ပညာရှင်တို့နှင့် အခြားပညာရှင်များအကြား ပါဝါတည်ရှိမှု နေရာကို သတ်မှတ်ရာတွင် သဘောထား ကွဲလွဲမှုရှိကြသည်။ Gen Cunnigham က ပါဝါ၏တည်ရှိမှု နေရာကို ဂိုရ(ခ်)ပူခရိုင်ရှိ ပဒရော်နာရွာ နေရာဟူ၍ သတ်မှတ်သည်။ ဤနေရာသည် ကဆယမှ (၁၂) မိုင် ဂန္ဒကမြစ်ဖက်သို့ ကျရောက်နေသည့် မြေတောင်ပို့ နေရာတခု ဖြစ်နေပါသည်။ ဤမြေတောင်ပို့ကြီးကို တူးဖော်ကြည့်ခဲ့ရာတွင် ဗုဒ္ဓရုပ်တု အချို့တို့ကိုလည်း ရှာတွေ့ခဲ့ရပါသည်။ သို့သော် ဂျိန်းဘာသာဝင် ပညာရှင်များက ရှင်မဟာဝီရ ပရိနိဗ္ဗာန်ပြုခဲ့သည့် ပါဝါမြို့မှာ လက်ရှိဘိဟာပြည်နယ်ရှိ ပါဝါနဂရီမြို့ကလေး နေရာကို သတ်မှတ်ကြပါသည်။ ထို့အပြင် နာမည်ကြီး သုတေသန ပညာရှင်အချို့တို့ကလည်း ခေတ်ဟောင်းက မလ္လတို့ ဒုတိယမြို့တော်ဖြစ်ခဲ့သည့် ပါဝါမြို့၏ တည်ရှိမှုနှင့် ပတ်သက်သည့် သတ်မှတ်ချက်မှာ ကွဲလွဲမှုရှိကြပါသည်။




# "လက်ရှိခေတ် ကုသိနဂရမြို့"

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကာလအတွင်း ဖြစ်ပျက်မှုစက်ဝန်း၌ ကျင်လည်ရာတွင် ကုသိနာရုံသည် အနိစ္စ၏ သဘောသဘာဝကို လက်တွေ့ ခံစားခဲ့ရပါသည်။ ဤမျှကြာညောင်းသည့် အချိန်ကာလအတွင်း ကုသိနာရုံရှိ စေတီ၊ ထူပ ဗုဒ္ဓဝိဟာရကျောင်းနှင့် အခြားတည်ဆောက်မှုတို့က ဖျက်ဆီးမှုဒဏ်ကို အကြိမ်ပေါင်း များစွာ ခံခဲ့ကြရပါသည်။ သို့သော် အချိန်ကာလ ကုန်ဆုံးသည်နှင့်အတူ လူသူကင်းမဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



တောတောင် မြေပုန်းတောင်ပို့များက ပြန်လည် စကားပြောလာခဲ့ကြသည်။ တောင်ပို့ပမာဖြစ်နေခဲ့ကြသည့် စေတီ၊ ထူပ၊ ဝိဟာရကျောင်းဟောင်း နေရာများတွင် သစ်ဆန်းသည့် စေတီကျောင်းဝိဟာရများနှင့် တရားဓမ္မဆိုင်ရာ အခြားအခြား တည်ဆောက်မှုများ ပေါ်ပေါက်ထွန်းကားလာခဲ့သည်။

ဖြစ်ပျက်ပြောင်းလဲမှု၏ မုန်တိုင်းတွင် ကျရောက်ကာ ဌာနေလူများသည် မိမိတို့နေထိုင်ရာမြို့ရွာနာမည်အထိ မေ့လာခဲ့သည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရပါသည်။ ပုရာဏခေတ်ဟောင်းက ဘုရားအလောင်းတို့၏ ပါရမီ ဖြည့်ရာနေရာဌာန ဖြစ်ခဲ့သည့် ဤသန့်စင်မွန်မြတ်သည့် သမိုင်းဝင်ဓမ္မဌာနကို ကုသဝတီဟု ခေါ်ခဲ့ပါသည်။ ရှေးဟောင်းထိုမြို့တော်မှာ တချိန်တွင် ကုသိနာရုံ ဖြစ်ခဲ့ရပါသည်။ နောက်တဖန်ဖြစ်ပျက်မှု မုန်တိုင်းအောက် ကျလာပြီး ကုသီနာ့ရာမှာ ၁၂၊ ၁၃ ရာစုနှစ်များတွင် ဗုဒ္ဓဘာသာ ဝိရောဓိများ လက်ထဲကျရောက်ပြီး၊ အနှောက်ကကျူးကျော် ဝင်ရောက်လာခဲ့ကြသည့် မူဆလင်များ လက်ချက်တို့ဖြင့် လုံးဝပျက်သုဉ်းခံခဲ့ရပါသည်။ ရှေးဟောင်းထူပ–စေတီ–ဝိဟာရကျောင်း စသည့်ဓမ္မဌာနများ ဖျက်ဆီးခံလိုက်ရပါသည်။ ယင်းစေတီ၊ ကျောင်း၊ ဓမ္မဌာနများရှိ လက်ရာပြောင်မြောက်ခဲ့သည့် ဗုဒ္ဓရုပ်တုများနှင့် ဘာသာယဉ်ကျေးမှု ဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ် ပစ္စည်းများ တိုက်ယူဖျက်ဆီးခံခဲ့ရပါသည်။ ရာစုနှစ်နှင့် ကြာညောင်းပြီး ဥပေက္ခာပြုခံခဲ့ရသည့် ထိုဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တည်ဆောက်မှုများသည် တောတောင်၊ ချောင်းမြောင်းအဖြစ် ပြောင်းလဲပြီး ကွယ်ပျောက်ခံခဲ့ရပါသည်။ သို့သော် သမိုင်းသည် လဲလာပြီး သူ့စကားသူပြောလာ တတ်သည့် အဆိုအရ ကုသိနာရုံ– ကဆယ စသည်နာမည်ဖြင့် အခေါ်ခံခဲ့ရသည်။

ထူပါများ ဝိဟာရကျောင်းများနှင့် ဓမ္မဌာနများ ပြန်လည်တူးဖော် ပြင်ဆင်မွမ်းမံ လာခဲ့ရပါသည်။ တည်ဆောက်မှု အသစ်အသစ်များ ပေါ်ထွန်းလာခဲ့သည်။ သမိုင်းဝင် ပြောင်းလဲမှုတခု ပြန်ပေါ်ခဲ့သည်။ ယူပီပြည်နယ် ဝန်ကြီးချုပ် ကုမာရီ မယာဝတီက ကဆယလို့ခေါ်ခဲ့သည့် နာမည်ကို ပြောင်းလဲပြီး၊ ကုသီနဂရ အမည်ဖြင့် သတ်မှတ်ပေးပြီး၊ ခရိုင်မြို့တမြို့အဖြစ် သတ်မှတ်ကြေငြာခဲ့သည်။ ဤသို့ဖြင့် ရှေးဟောင်းခေတ် အဆက်ဆက်မှ ကုသဝတီ– ကုသိနာရုံ– ကဆယ အမည်တို့ဖြင့် သိရှိခဲ့ရသည်။ ကုသိနာရုံ အမည်ဖြင့် ပြန်လည်ပြီး ဂုဏ်ဝင်းတင့်တယ်လာခဲ့ရပါသည်။ ကုသိနာရုံမှာ ဗုဒ္ဓဘာသာလောက၌ သံဝေဇနီယ ဌာနကြီး လေးဌာနအနက် အရေးပါသည့်အတွက် ဘာသာဝင်များနှင့် အခြားဓမ္မခရီးသည်များအတွက် ဖူးမြော်ရာဌာနတခု ဖြစ်လာခဲ့ရပါသည်။



## ကုသိနာရုံ၏ လက်ရှိအခြေအနေ။

လက်ရှိကုသိနာရုံမှာ ရှေးဟောင်း ဓမ္မဌာနများ၏ အကြွင်းအကျန်နှင့် ခေတ်မှီတည်ဆောက်မှုတို့၏ ပေါင်းစည်းရာကို ဖော်ပြသည့် ဓမ္မဌာနတခုအဖြစ် ပေါ်ထွန်းလျက်ရှိသည့် မြို့တမြို့ဖြစ်နေပါပြီ။ ဂိုရ(ခ်)ပူ ခရိုင်မြို့မှ ၅၅ ကီလိုမီတာနှင့် ဒေဝရိယာ ခရိုင်မြို့မှ ၃၈ ကီလိုမီတာ အရှေ့မြောက်အရပ်ဒေသ၌ ကုသိနာရုံမြို့သည် လက်ရှိခရိုင်မြို့တမြို့ အဖြစ်တည်ရှိနေပါသည်။ ယခု ကုသိနာရုံတည်ရှိသည့် နေရာအရပ်ကို ရှေးဟောင်း အတိုင်းအတာအလျောက် ဤသို့ရေးသား ဖော်ပြထားသည်။ ကုသိနာရုံသည် သာဂလမြို့ (လက်ရှိ သယာကွင့်မြို့ ပါဝိစ္စတန် နိုင်ငံ) မှ (ယောဇန) ယူဇနာ ၁၀၀ ပါဝါမှ (၃) ဂဗ္ဗယုတိ (၉–မိုင်ခန့်)၊ အနူပိယာမှ (၅) ယူဇနာ၊ ရာဇဂြိုဟ်မှ (၂၅) ယူဇနာနှင့် ကပိလဝတ္ထုမှ (၃၅) ယူဇနာ ဝေးကွာပါကြောင်း ရှေးဟောင်းကျမ်းများ၌ ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် ဂိုရ(ခ်)ပူရမှ ကုသိနာရုံသို့ပြေးသော ကတ္တရာလမ်းကို ယာဉ် (၈)စီး ပြေးနိုင်သည့် ကားလမ်းအဖြစ် ဖောက်လုပ်တည်ဆောက်နေပြီးဖြစ်သည်။

ကုသိနာရုံမြို့သို့ သုံးဖက်သုံးတန်က ဆိုက်ရောက်လာသည့် Bus ကားဆိပ် နေရာမှ မြို့အဝင်တံခါးမုခ်တခု တည်ဆောက်ထားကြောင်း မြင်တွေ့နိုင်ပါသည်။ ထိုနေရာမှ မြို့ထဲသို့ဝင်သည့် ဗုဒ္ဓလမ်းမှာ မြို့တွင်းပတ်လည် တည်ဆောက်ထားသည်။ ဗုဒ္ဓလမ်းမသည် အသစ်သစ်သော ဘုရားကျောင်း၊ စေတီနှင့် တည်းခိုရိပ်သာ မြောက်များစွာကို ဖြတ်ပြေးသည်။ ဤလမ်းအတိုင်းကားစီးသွားသော ခရီးသည်များမှ ရှေးဟောင်း ပရိနိဗ္ဗာန် ဝိဟာရကျောင်း၊ ဘိဒလာ ဓမ္မသာလာ ပထိကနိဝါစ် (တည်းခိုရိပ်သာ) မာထာကွန်းဝါပြတိုက်၊ တိဘက်ကျောင်း၊ ဂျပန်၊ သိရလင်္ကာ ဗုဒ္ဓကေန္ဒြ ကိုးရီးယားဗုဒ္ဓဝိဟာရ၊ ထိုင်းဝါတ်–ဝိဟာရကျောင်းနှင့် မုကုဋ်ဗန္ဓန စေတီကျောင်းနား တည်ရှိရာ မာဘာရထူပါ (စေတီ) စသည့်နေရာများသို့ အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ပါသည်။

### ယနေ့အခါ ဖူးမြော်ဘွယ်ရာဌာနများ

### (၁) တရုတ် ဗုဒ္ဓဝိဟာရ

တရုပ်ဝိဟာရကျောင်းသည် ဗုဒ္ဓလမ်း၏ ဘယ်ဘက်၌တည်ရှိသည်။ ဤဝိဟာရကျောင်းကို ဘိက္ခုနီ ကောလင်းက လှူဒါန်းခဲ့သည့်ငွေဖြင့် ၁၉၅၆–ခုနှစ်တွင် တည်ဆောက်ခဲ့ရပါသည်။ အဝင်တံခါးမှ အထဲသို့ ဝင်သွားသည့်အခါ ကျောင်းဆောင်ကို တွေ့ရပါသည်။ ထိုကျောင်းဆောင်အတွင်း ဗုဒ္ဓ၏ရုပ်တုကြီးတခု တည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com





ဝိဟာရကျောင်းဆောင်၏ ဘယ်ဘက်၌ စိမ်းလန်းစိုပြေနေသည့် ဥယျာဉ်တခုရှိနေသည်။ ထိုဥယျာဉ်အထဲမှ ဖြတ်သွားသည့် လမ်းအတိုင်းရှေ့သို့ လမ်းလျှောက်သွားသော လုမ္ဗိနီ သာရနာထ၊ ဗောဓဂယာနှင့် ကုသိနာရုံ ကျောင်းများ၏ ပုံတူကျောင်းများ တည်ဆောက်ပြသထားသည့် နေရာသို့ ရောက်ရှိရသည်။ ဤနေရာ၏ ရှုခင်းများ သံဝေဇနီယ ဌာနကြီးလေးခုတို့ကို တနေရာတွင်ပင် စုပေါင်းပြသထားသည်။ သဒ္ဒါကြည်နူးမှုပွားများစရာ ရှုခင်းဖြစ်ပါသည်။ ထိုနေရာမှ ဘယ်ဘက်သို့ လျှောက်သွားလျှင် အဝိုင်းပုံသဏ္ဍာန်ဖြင့် တည်ရှိထားသော ဝိဟာရကျောင်းတခု တွေ့ရှိရသည်။ ထိုကျောင်း၏ ပြင်ပနံရံတွင် ရှင်တော်ဗုဒ္ဓ၏ မုဒြာအမျိုးဖြင့် ထုလုပ်ထားသည့် ရုပ်တုတော်မြတ်ကို တည်ပေးထားသည်။ ထိုကျောင်းတွင် တရုတ်ဘိက္ခုနီ (သီလရှင်) တပါးက ကလေးသူငယ်များကို သင်တန်းပေး တရားပြလေသည်။ ဤတရုတ်ကျောင်းမှာ သန့်ရှင်းမှုအလွန်ကောင်း၍ သာယာရှုမက်ဘွယ်ရာဖြစ်သည်။



တရုတ်ဗုဒ္ဓဝိဟာရကျောင်း၌ ပညာသင်ကြားနေသော သာမဏေကယ်များ ဝေါပက ဗုဒ္ဓယာဂီ (ဘန္တေဂေါ်တမ)နှင့် ဘိက္ခုနီ ဆရာမ (မာတာကြီး)တို့နှင့်အတူ တွေ့ရပုံ





## (၂) မြန်မာဗုဒ္ဓ ဝိဟာရကျောင်း။

ဗုဒ္ဓလမ်းအတိုင်း တရုတ်ဝိဟာရကျောင်းမှ ရှေ့သို့လျှောက်သွားလျှင် မြန်မာ့ဗုဒ္ဓဝိဟာရကျောင်း၏ အဝင်တံခါးပေါက်ပေါ် လှပခန့်ညားစွာ တည်ဆောက်ထားသည့် တံခါးမုခ်ဝကို တွေ့ရပါသည်။ မြန်မာဝိဟာရကျောင်းနှင့် တဆက်တည်းတွင် ရွှေတိဂုံဘုရားပုံသဏ္ဍာန်နှင့် တည်ဆောက်ထားသည့် စေတီတဆူကို ဖူးမြော်ရသည်။ ယင်းစေတီမှာ ၁၀၀' မြင့်သော ဉာဏ်တော်ရှိ၏။ မြန်မာနိုင်ငံရှိ စေတီများပမာ ရွှေရောင်တောက်ပသည့် ထီးတော်ကို ဖူးမြော်ရပါသည်။

ထီးတော်၏ အမြင့်မှာ ၁၅' ဖြစ်သည်။ မြန်မာတို့၏ တောက်ပြောင်သည့် လက်ရာကို ဖော်ထုတ် ပြသနေသည့်စေတီ ဖြစ်ပါသည်။ ယင်းစေတီမှာ ကုသိနာရုံ၏ အဓိကစွက်မက်ဘွယ်ရာ ဖြစ်နေပါသည်။ စေတီအတွင်း ဘုရားရှင်ပရိနိဗ္ဗာန်ပြုသည့် မုဒြာဖြင့် ထုထားသည့် ဗုဒ္ဓရုပ်တုတော်ကို ဖူးမြော်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်သည်။ စေတီ၏




မြန်မာဝိဟာရကျောင်းရှိ ရေကန်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပနံရံ (အဝိုင်း)ပေါ် ဗုဒ္ဓ၏ဘဝ ဖြစ်စဉ်နှင့် စပ်လျဉ်းသည့် ပန်းချီ ရုပ်စုံများကို ဆွဲပြသထားသည်။ ဤဝိဟာရကျောင်း၏ ညာဘက်တွင် ကန်ကြီးတခု တူးထားသည်။ ကန်ရေပေါ် ဝိဟာရကျောင်းငယ်တခုတည် ဆောက်ထားသည်။ ကန်ရေပြင်ပေါ် လသာသာနှင့် ကျလျက်ရှိသော ဝိဟာရကျောင်းရုပ်ပုံလွှာမှာ စိတ်စွဲမက်ဘွယ်ရာ အလွန်ကောင်းသည်။ မြန်မာ့ဗုဒ္ဓဝိဟာရ၏ ခြံဝင်းအတွင်း အရှေ့ဘက်သို့ လျှောက်သွားလျှင် မြောက်ပိုင်းအိန္ဒိယ၏ ပထမဆုံး ဓမ္မသာလ၏ နံရံကိုတွေ့ရှိရသည်။ ဤဓမ္မသာလအဆောက်အဦးထဲသို့ အရှေ့ဘက် အဝင်တံခါးပေါက်မှ ဝင်ရသည်။ တံခါးပေါက်မှာ အထဲသို့ ဝင်သည့်အခါ မြေကွက်ပရဝဏ် အကြီးကြီးတခုရှိသည်။ မြေကွက်အလယ်တွင် ရေတွင်းတစ်တွင်းကို သစ်ပြားတို့ဖြင့် အုပ်ထားကြောင်းတွေ့နိုင်သည်။ ဤရေတွင်းသည် ဓမ္မသာလ၏ ဥပေက္ခာပြုပုံသမိုင်းကို ဖော်ထုတ်ပြသနေပါသည်။ ဓမ္မသာလတွင် အခန်း ၁၂–ခန်းတည်ဆောက်ထားသည်။ ဘဒ္ဒန္တမဟာဝီရမှာ မြန်မာဒါယကာကြီး ဦးချီးဇာနီ၏ အလှူငွေဖြင့် ဤဓမ္မသာလကို တည်ဆောက်ခဲ့ပါသည်။ ဘိက္ခု မဟာဝီရမှာ ဤဓမ္မသာလ၏ အဝင်တံခါးပေါက်ဘယ်ဘက်ဒေါင့်ရှိ အခန်းကြီး၌ နေထိုင်တော်မူခဲ့သည်။ ထိုအခန်း၌ပင် ကွယ်လွန် အနိစ္စရောက်ခဲ့ရပါသည်။ ယခုအချိန်တွင် ဘဒ္ဒန္တ သီလပရကာရ်နှင့် ဘဒ္ဒန္တစန္ဒြမဏိတို့ သီတင်းသုံးနေထိုင်ကြပါသည်။



အိန္ဒိယနိုင်ငံ၏ ခေတ်ဟောင်းအကျဆုံး ဗုဒ္ဓဝိဟာရ



မြန်မာဗုဒ္ဓကျောင်းဝင်းအတွင်းရှိ ခေါင်းလောင်းကြီးပုံ ဤခေါင်းလောင်းကို ရှင်မဟာဝီရမှ ခေတ်ဟောင်းအကျဆုံး ဘာရတနိုင်ငံ ကျောင်းနေရာမှာ တဦးတည်းမျှ လက်ရှိကျောင်းဝင်းတွင် တည်ထားပေးခဲ့သည်



ဆရာတော်စန္ဒြမဏိ တည်ဆောက်ခဲ့သည့် သိမ်ကျောင်းရှေ့၌ စာရေးဆရာ အာစရိယ ယုဂလ်ကီးဆိုရ် ရပ်နေပုံ

ဤဗုဒ္ဓဝိဟာရတွင် တချိန်က ဓါတုဖြင့် သွန်းလောင်းထားသော ခေါင်းလောင်းကြီးတခုရှိခဲ့သည်။ ရှင်မဟာဝီရဆွာမိမှ ကိုယ်ခန္ဓာစွမ်းရည် အလွန်ကောင်းသော ပုဂ္ဂိုလ်တဦးဖြစ်ခဲ့သူဖြစ်သည့် အားလျော်စွာ သူတယောက်တည်းပင် ထိုဓါတုခေါင်းလောင်းကိုမျှ စင်ပေါ်ချိတ်တွဲပေးနိုင်ခဲ့သည်။ ယင်းခေါင်းလောင်းကို ယနေ့အချိန်တွင် စေတီအဝင်ဝ၏ ညာဘက်တွင် ချိတ်တွဲထားကြောင်း တွေ့ရှိနိုင်ပါသည်။

မြန်မာ့ဝိဟာရ ဓမ္မသာလ၏ အပြင်ထွက်လာသောရှေ့တွင် ဝိဟာရကျောင်းတခုရှိသည်။ ကျောင်းထဲမှာ မြတ်စွာဘုရား၏ ရုပ်တုတခု တည်ထားသည်၊ ဝိဟာရ၏ နံရံပေါ်တွင် ရှေးဆရာတော်များ ရုပ်ပုံကို ချိတ်ထားပါသည်။ ဤကျောင်း၌ ဘဒ္ဒန္တ ဦးညာဏိသာရက ဘုရားဝတ်ပြုလေ့ရှိသည်။ အာဂန္တုဧည့်သည်တို့ကိုလည်း ဤကျောင်း၌ တွေ့လေ့တွေ့ထရှိပါသည်။ မြန်မာ့ ဗုဒ္ဓဝိဟာရအဖြစ် ဤကျောင်းခန်းကိုပင် သုံးလေ့သုံးထရှိပါသည်။ ၂၀၀၇–ခုနှစ် နိုဝင်ဘာလတွင် စာရေးသူက သမ္မယက ပရာကာရှန် စာပေပုံနှိပ်ထုတ်ဝေသူ ဖော်စောရိယ ရှန်တိဆွရူ(ပ်) ဗုဒ္ဓနှင့်အတူ ကုသိနာရုံသို့ သွားရောက်သည် အချိန်ကာလတွင် ဆရာတော် ဦးညာဏိသာရအား ထိုကျောင်းခန်းမ၌ တွေ့ဆုံဖူးမြော်ခဲ့ပါသည်။ ဤဝိဟာရကျောင်းနှင့် တဆက်တည်းမှာ ကုသိနာရုံ သိမ်ကျောင်းဆောင် တည်ထားကြောင်းတွေ့ရှိရပါသည်။ သိမ်ကျောင်းကို နှစ်ထပ်တည်ဆောက်ထားသည်။ ထိုတိုက်ကျောင်းမှာ ဟောင်းနွမ်းနေပြီဖြစ်သည်။ ဤသိမ်ကျောင်းကို ၁၉၃၆–ခုနှစ်တွင် ဆရာတော်ကြီး ဦးစန္ဒြမဏိမှာ တည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ဆရာတော်ကြီး စန္ဒမဏိနှင့် ဘန္တေမဟာဝိရ အရှင်မြတ်တို့၏ အမှတ်တရမှာ ရှင်သန်နေစဉ်ပင်ဖြစ်ကြောင်း ဖော်ပြရာ ဖြစ်နေဆဲဖြစ်သည်။





## (၃) ဘိဒလာ ဓမ္မသာလ။

မြန်မာ့ဗုဒ္ဓဝိဟာရရှေ့တွင် လမ်းမတဖက်တွင် ဓမ္မသာလ အိုးကြီးတခုရှိနေသည်။ ယင်းဓမ္မသာလကို သူဌေးကြီး ယုဂ်လကီရှိ ဘိဒလမှာ ၁၉၃၄–ခုတွင် တည်ဆောက်ပြီး လှူဒါန်းခဲ့ပါသည်။ ဤဓမ္မသာလတွင် အများအားဖြင့် အိန္ဒိယပြည်မှ ဓမ္မခရီးသည်များ တည်းခိုကြပါသည်။

## (၄) မဟာပရိနိဗ္ဗာန်ဝိဟာရ။

လမ်းမကြီးအတိုင်း ရှေ့သို့လျှောက်သွားလျှင် နံရံများဖြင့် ပတ်လည်ဝိုင်းထားသည့် မဟာပရိနိဗ္ဗာန် ကျောင်းဟောင်းပျက် ရှိပါသည်။ ဤနေရာသည် ရှင်တော်မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခဲ့သည့် နေရာဖြစ်သည်။ ကျောင်းဟောင်းပျက်ကို စတုရန်းပုံဖြင့် ပုံထားသည့် ကျောက်မြေတလင်းကြီးပေါ် မဟာပရိနိဗ္ဗာန် လက်ရှိကျောင်းကို ပြန်လည်တည်ဆောက်ထားသည်။ ခေတ်ဟောင်း (ပရစိန)ကာလက ဤနေရာသည် မလ္လမင်းတို့ပိုင်သာလာဝန် တည်ရှိခဲ့ရာ နေရာဖြစ်သည်။ ဤဝိဟာရ ကျောင်းပတ်လည်တွင် ခေတ်ဟောင်းကာလက ဗုဒ္ဓသံဃာရာမကျောင်းများ တည်ရှိခဲ့ရာ ယခုအချိန်တွင် ယင်းကျောင်းပျက်များ၏ အုပ်မြစ်နေရာ နံရံပျက် ပုံအကြွင်းအကျန်တို့ကို အနံ့တွေ့ရှိရနိုင်ပါသည်။ ယင်းကျောင်း တည်ရှိခဲ့ရာနေရာမှာ






တူးဖော်ရာတွင် ခေတ်ဟောင်း ဗုဒ္ဓရုပ်တုများနှင့် သာသနာဆိုင်ရာ အခြား ပစ္စည်းပစ္စယအများအပြားတို့ ရှာဖွေရရှိခဲ့ပါသည်။

မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်းကို ဖူးမြော်ကြရန် သီရိလင်္ကာ၊ မြန်မာ၊ ဂျပန် ထိုင်း၊ ကိုးရီးယား၊ တရုတ်စသော နိုင်ငံများမှ ဘုရားဖူးခရီးသည်အများအပြား နှစ်စဉ်နှစ်တိုင်း ဤနေရာသို့ရောက်လာကြပါသည်။ အိန္ဒိယနိုင်ငံတစ်ဝှမ်းမှ ဗုဒ္ဓဘာသာဝင် ဓမ္မခရီးသည်များလည်း လာကြလေ့ရှိကြသည်။ မဟာရာဋ္ဌပြည်နယ်မှ လာရောက်သည့် ဓမ္မခရီးသည်တို့ဦးရေမှာ အများဆုံးဖြစ်ပါသည်။ ဝိဟာရကျောင်းအတွင်း ပရိနိဗ္ဗာန်ပြုသည့် မုဒြာဖြင့်ထု၍ တည်ထားသည့် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိပါသည်။ ပေ ၂၀ ခန့်ရှည်လျားသော ပန်းပုပညာမြောက်သည့် ရုပ်တုကြီး ဖြစ်နေသည်။



မဟာပရိနိဗ္ဗာန် ဝိဟာရအတွင်း လက်ရာမြောက်သည့် အလျား ၂၉ ပေရှိ ဗုဒ္ဓရုပ်ပွားတော်


www.burmeseclassic.com

www.burmeseclassic.com



## (၅) မဟာပရိနိဗ္ဗာန်စေတီ။

မဟာပရိနိဗ္ဗာန် ဝိဟာရကျောင်း၏ နောက်တွင် ပေ၄၀ ခန့်မြင့်သော စေတီတစ်ဆူရှိနေသည်။ အဝေးမှ လှမ်းကြည့်သည့်အခါ ကျောင်းနှင့်စေတီကို အတူတူမြင်နေရပါသည်။ ခေတ်ဟောင်းကာလမှာ ဤစေတီ (ထူပါ)သည် ပေ(၂၀၀) ခန့်မြင့်ခဲ့ပါသည်။ ဤထူပါအတွင်း ကုသိနာရုံမှ မလ္လမင်းများက မိမိတို့ဝေစုရရှိခဲ့သည့် ဘုရားဓါတ်တော်များကို ဌာပနာကာ ထူပတစ်ဆူတည်ထားခဲ့ရာ နောက်ပိုင်းကာလတွင် ဘုရားဓါတ်တော်များ ဌာပနာဖြင့် တည်ထောင်ခဲ့ကြသည့် ထူပများမှ ဓါတ်တော်များကို စုဆောင်းခဲ့ပြီး၊ ယင်းဓါတ်တော်များကို ပွားမြတ်က ဇမ္ဗူဒီပတစ်လျောက် ၈၄၀၀၀ သောထူပါ စေတီများကို တည်ထောင်ခဲ့ပါသည်။ မလ္လတို့ မူလကျောင်းတည်ရှိရာ နေရာတွင် စေတီကြီးတစ်ဆူကို တည်ဆောက်




မဟာပရိနိဗ္ဗာန်စေတီနှင့် ကျောင်းပုံ



ပေးထားခဲ့ပါသည်။ ခေတ်ဟောင်းကာလက ဤနေရာသို့ ရောက်ရှိကြသော လူတို့သည် သဒ္ဓါကြည်ညိုဖြင့် ယင်းစေတီ (ဘုရား)ကို ရှိခိုးပူဇော်ခဲ့ကြသည်။ ယခုခေတ် ယခုအခါတွင် ဤစေတီနှင့် ဝိဟာရတို့သည် ကုသိနာရုံ၏ အမှတ်တရဖြစ်နေပါသည်။

## (၆) အနုရုဒ္ဓထူပါ



မဟာပရိနိဗ္ဗာန် ဝိဟာရနှင့် ထူပါတို့နောက်မှာ စတုရန်းပုံရှိသော ထူပါတခုသည် ကျယ်ပြန့်သော မြေကွက်တခု ပေါ်ပြန့်ကျဲစွာ တည်ရှိလျက်ရှိသည်။ ခေတ်ဟောင်း ကာလတို့တွင် ဤထူပါမှာ မြင့်မားသော ထူပါတခုအဖြစ် တည်ဆောက်ထားခြင်း ဖြစ်နိုင်ပါသည်။ သို့သော် လက်ရှိအချိန်တွင် ပေပေါင်းအနည်းငယ်မျှသာ အမြင့်ရှိသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့် အချိန်ကာလတွင် ရှင်အနုရုဒ္ဓမှာ အနီးအနားမှာရှိနေခဲ့ပါသည်။ ရှင်အနုရုဒ္ဓမှာ ဒိဗ္ဗဉာဏ်ရရှိထားသော ဘိက္ခုတပါးဖြစ်ခဲ့သည်။ ၄င်းမှာ သိဒ္ဓါတ္ထ ဂေါတမ၏ တဝမ်းကွဲညီတော်တဦး ဖြစ်ခဲ့ပါသည်။

## (၇) မဟာဝီရထူပါ။



မဟာပရိနိဗ္ဗာန် ဝိဟာရမှ ပေ ၁၀၀ ခန့်ဝေးကွာသည့် အရှေ့မြောက်အရပ်တွင် ကုသိနာရုံ မြို့ဟောင်း မြို့ရိုးအတွင်း၊ ကုသိနာရုံ၏ ပြန်လည်ထွန်းကားရေးကို ဆောင်ရွက်ရာတွင် အရေးပါပုဂ္ဂိုလ်တဦးဖြစ်ခဲ့သူ ရှင်မဟာဝီရ တည်ဆောက်ခဲ့သည့် ထူပါတစ်ဆူရှိသည်။ ယင်းထူပမှာ သေးငယ်ပေပြားသော်လည်း ခေတ်မှီ ကုသိနာရုံ၏ သက်သေခံသည့် ထူပါတစ်ဆူဖြစ်ပါသည်။

## (၈) တိဘက်ဓါတုခေါင်းလောင်း။

မဟာပရိနိဗ္ဗာန်၏ ဝိဟာရ၏ အနောက်မြောက်ထောင့်နေရာတွင် ပန်းပုလက်ရာမြောက်သည့် ကျောက်တိုင်နှစ်လုံးနှင့် ဓါတုခေါင်းလောင်းတခုကို တွေ့ရှိရသည်။ ယင်းခေါင်းလောင်းနှင့် ပုံစံချင်းတူနေသော ခေါင်းလောင်းတခုကို

www.burmeseclassic.com

www.burmeseclassic.com






သာရနာထရှိ မူလဂန္ဓကုဋီ ကျောင်းရှေ့၌ ချိတ်ဆွဲထား ကြောင်းကိုလည်း မြင်တွေ့နိုင်ပါသည်။ ဤခေါင်းလောင်း ချိတ်ဆွဲထားသည့် ဓါတု ကျောက်ပြားပေါ် အင်္ဂလိပ် ဘာသာစကားနှင့် ရေးသား ထားသည့် စာသားများ၏ မြန်မာ ဘာသာပြန်မှာ အောက်ပါ အတိုင်းဖြစ်သည်။

"ငါတို့၏ ဓလေ့ထုံးစံကို အခြားတုပခြင်းကင်းမဲ့သည့် ထောက်ပံ့မှုမျိုး ပေးနိုင်စွမ်းရှိခဲ့သည့်အပြင် ငါတို့၏ ဒုတိယ ဂေဟာနေအိမ် တည်ဆောက်နိုင်ခွင့်ပြုသည့် အနုကမ္ပာအတွက် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာ၏ မွေးရာ ဘူမိ(နေရာ) ဖြစ်သော ဇမ္ဗူဒိပ (ဘာရတ)မြေကို တိဘက်အနွယ်ဖွားများမှ ဆက်သလိုက်သည့် ရတနာသုံးပါး၏ ကျေးဇူး အာနုဘော်က သတ္တဝါအပေါင်း ချမ်းသာအတွက် ဖြစ်ပါစေသတည်း။"

## (၉) မာထာကွန်းဝါး ဝိဟာရ။

ဤဝိဟာရကျောင်းမှာ မဟာပရိနိဗ္ဗာဏ ဝိဟာရကျောင်း၏ အနောက်တောင် အရပ်တွင် ပေ (၄၀၀)ခန့် ဝေးကွာသည့် နေရာတွင် တည်ဆောက်ထားပါသည်။ လက်ရှိ ဗုဒ္ဓပထခေါ်လမ်း၏ညာဘက်၌ တည်ရှိသည်။ ၁၈၆၁-ခုနှစ်တွင် Gen. Cunnigham မှာ ညောင်ပင်တပင်အောက်တွင် ထားရှိခဲ့သည့် ၁၀'၅' အမြင့်ရှိသော ကျောက်အနက် တို့ဖြင့် ထုထားသည့် ဗုဒ္ဓဆင်းတုတော် တစ်ဆူ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဆင်းတုတော်၏ လက်တဖက်မှာ ကျိုးပြတ်နေခဲ့သည်။ ခေတ်ဟောင်းကာလတွင် ဤနေရာတွင် အဝိုင်းပုံသဏ္ဍာန်ဖြင့် တည်ဆောက်ထားခဲ့သည့် ဝိဟာရကျောင်းတကျောင်း ရှိခဲ့ပါသည်။ ထိုဝိဟာရကျောင်း၏ အဝင်အဝတံခါးမှာ အရှေ့ဘက်မှပွင့်သည်။ ထိုကျောင်းထဲမှာ ဆင်းတုတော်၏ သိဟာသနပလ္လင်ကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ဘိက္ခုရှင် မဟာဝီရ၏ ထောက်ပံ့ကူညီမှုတို့ဖြင့် ယင်းဆင်းတုတော်ကို ပြန်လည်ပြုပြင် မွမ်းမံခဲ့ပြီး၊ ထိုဆင်းတုကို သိဟာသနပလ္လင်ပေါ် နဂိုအတိုင်းတည်ထားခဲ့ရပါသည်။ လက်ရှိအချိန်တွင် ယင်းဆင်းတုတော်ကို ထိုနေရာ၌ တည်ဆောက်သည့် ဝိဟာရ ကျောင်းသစ်၌ တည်ထားပါသည်။





ဒေသနေလူများက ယင်းဆင်းတုတော်ကို ကရိယာဝါ ဗာဗာဟူ၍ ခေါ်ကြပါသည်။ ကျောက်အနက်တို့ဖြင့် ထုထားသည့်အတွက် ဆင်းတုမှာ နက်မှောင်နေသည့် အသွင်ရှိလို့ပင် ထိုသို့ခေါ်ရခြင်းဖြစ်သည်။ ကရိယာဝါဟူသော ပါဠိပျက် စကားလုံး၏ အဓိပ္ပါယ်မှာ 'မဲမှောင်သော' ဟူ၍ရပါသည်။ ဘုရားရှင် ဗုဒ္ဓသည် ဘဝ၏ နောက်ဆုံးအချိန်တွင် ဈာန်နှင့် ကြွခဲ့ပြီး၊ စာရိကာပြုခဲ့ပါကြောင်းကို ပါဠိကျမ်းမြတ်တို့၌ ဖော်ပြထားသည်။ ကုသိနာရုံမြို့ဟောင်း၏ 10'x11" ကျယ်ပြန့်သော မြို့ရိုးဟောင်း၏ တောင်ဘက်တံခါး မုခ်ဝ၏ မာထာကွန်းဝါ ဝိဟာရကျောင်း၏ အရှေ့တောင်အရပ်၌ ရှိခဲ့ပါသည်။ ပျက်ပြားနေခဲ့သည့် မာထာကွန်းဝါ ဝိဟာရကျောင်းကို ၁၉၂၆-ခုနှစ်တွင် အသက် (၆၀) ရှိ မြန်မာဒါယကာ ဦးဖိုးလှိုင်၏ ကောင်းမှုဖြင့် ဒေသဆိုင်ရာတို့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ပြုပြင် မွမ်းမံခဲ့ရပါသည်။ လက်ရှိမာထာကွန်းဝါ ဝိဟာရကို ပြန်လည်တည်ဆောက်မှုလုပ်ငန်းကို ၁၉၂၆-ခုနှင့် ၁၉၂၇-ခုနှစ်ကာလအတွင်း ပြီးစီးအောင် လုပ်ခဲ့ရပါသည်။ ဝိဟာရကျောင်းရှေ့ စိုက်ထူထားသည့် ကျောက်ပြားပေါ် ဒါယကာကြီး ဦးဖိုးလှိုင်နှင့် မိသားစုဝင်တို့၏ ကောင်းမှုဖြစ်ကြောင်း အနုမောဒနပြု စာကြောင်းများ ရေးသားဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

## (၁၀) တိဘက် ဗုဒ္ဓဝိဟာရကျောင်း။

ဗုဒ္ဓလမ်းသည် ဘယ်ဘက်သို့ကွေ့၍ တောင်အရပ်သို့ ဆက်လက်ထွက် သွားသည်။ ဤလမ်းမကြီးအတိုင်း ဆက်လက်လျှောက်သွားပါက လွန်ခဲ့သည့် (၆၅)နှစ်ခန့်က တည်ဆောက်ခဲ့ရသည့် တိဘက်ဝိဟာရကျောင်း အဆောက်အဦး ဟောင်းတခုကို တွေ့ရှိရပေမည်။ ဤကျောင်းသို့ ပဥ္စမလာမာနှင့် H.H ဒလိုင်းလာမာတို့ ကြွရောက်ဖူးပါသည်။ ရိုန်ဇင်အမည်ရှိ တိဘက်လူမျိုး ဥပါသကာဦးမှာ လက်ရှိအချိန်တွင် ဤဝိဟာရကျောင်း၌ နေထိုင်ပြီး ဝေယျာဝစ္စများကို ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com





လျက်ရှိသည်။ ကျောင်းအဆောက်အဦးမှာ အလွန်ဟောင်းနွမ်းနေပြီး၊ အချိန်မရွေး ပြိုနိုင်မည့် အခြေအနေမျိုး၌ ရှိနေပါသည်။ ဝိဟာရကျောင်းဆောင်၏ အပေါ်ထပ်ရှိ တိုက်ခန်းကြီးတခုမှာ ဗုဒ္ဓရုပ်ပွားတစ်ဆူ တည်ထားကြောင်း ဖူးမြော်ရသည်။

## (၁၁) အစိုးရပြတိုက်။

ဥတ္တရပရဒေ့ရှ် ပြည်နယ်အစိုးရ ယဉ်ကျေးမှုဌာနမှ တည်ဆောက်ထားသည့် ဤပြတိုက်ကို ၁၉၉၉–ခုနှစ်တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်ပေးခဲ့သည်။ ပြတိုက်အထဲမှာ ရှေးဟောင်းခေတ်က ရုပ်တုများ ကျောက်စာများ စသည်တို့ကို တင်ပြထားပါသည်။ သို့သော် ဤပြတိုက်မှာ ကုသိနာရုံမှ ရှာဖွေရရှိခဲ့သည့် ရုပ်တုများ တင်ပြထားခြင်း နည်းပါသည်။ ကုသိနာရုံမှ တူးဖော်ရှာဖွေရရှိခဲ့သော ဘုရားရုပ်တုများ နှင့် အခြားရှေးဟောင်း သုတေသနဆိုင်ရာ ပစ္စည်းများကို ကောလကတ္တနှင့် ပတ္တနာပြတိုက်တို့၌ တင်ပြထားကြောင်းများ ပါသည်။ ဤပြတိုက်၌ ကုသိနာရုံမှ တူးဖော်ရရှိခဲ့သည့် ဘုရားရုပ်တုများ အခြားရှေးဟောင်း ပစ္စည်းများကို ပြသပေးရန် လိုအပ်ပေသည်။







## (၁၂) ကိုးရီးယား ဗုဒ္ဓဝိဟာရ။

ဗုဒ္ဓ–မထခေါ် ဗုဒ္ဓလမ်းအတိုင်း ရာမာဘာရ ထူပါဘက်သို့ သွားသည့်အခါ လမ်း၏ ဘယ်ဘက်၌ ကိုးရီးယား ဗုဒ္ဓဝိဟာရကျောင်း တည်ရှိပါသည်။ ဤဝိဟာရကျောင်းကို ဝင်းခြံ၏ကြီးကျယ်သည့် မြေကွက်ပရဝန်း အလယ်ဗဟို၌ တည်ဆောက်ထားသည်။ ဤကျောင်းအဆောက်အဦးမှာ နှစ်ထပ်ရှိပါသည်။ နှစ်ထပ်ကျောင်း အဆောက်အဦး အပေါ်ထပ်၏ အလယ်ဗဟို၌ ကိုးရီးယားတည်ဆောက်မှု အတတ်ပညာနှင့်အညီ လှပတင့်တယ်သည့် ဗုဒ္ဓဝိဟာရငယ်တခု ဆောက်တည်ထားသည်။ အပေါ်ဆုံး ဝိဟာရငယ်အထဲမှာ ရှင်တော်မြတ်ဗုဒ္ဓ၏ ရုပ်တုတခုကို တည်ပေးထားသည်။ ကျောင်း အဆောက်အဦး တည်ဆောက်ဆဲကာလ ဖြစ်နေ၍ စည်ကားမှုနည်းလှသည်။

## (၁၃) "ဂျပန်– သိရိလင်္ကာ ဗုဒ္ဓ ကေန္ဒရ" (Centre)

ဗုဒ္ဓအတိုင်း ကိုးရီးယားကျောင်းတည်ရှိရာမှ ရှေ့သို့လျှောက်သွားလျှင် လမ်းမ၏ညာဘက်၌ ဂျပန်–သိရိလင်္ကာ ဗော်ဒ္ဓကေန္ဒရခေါ် ဝိဟာရကျောင်းကို မြင်တွေ့ရပါသည်။ ဤဝိဟာရအဆောက်အဦး အထဲမှာ မြတ်စွာဘုရား၏ ကြီးမားသည့် ဆင်းတုတစ်ဆူ တည်ထားသည်။ ဤဗုဒ္ဓဝိဟာရကျောင်းဝင်းတွင် ခေတ်မှီ အဆောင်အရောင်တို့ဖြင့် ပြည့်စုံနေသည့် ဧည့်သည် တည်းခိုဆောင်တခု တည်ဆောက်ထားသည်။ ဤကျောင်းနှင့် စပ်ဆိုင်သည့် အဆောက်အဦးများနှင့် အခြားတည်ဆောက်မှုများကို ဂျပန်ပြည်မှ အလှူဒါယကာတို့၏ ကူညီမှုဖြင့်

www.burmeseclassic.com

www.burmeseclassic.com






တည်ဆောက်ထားသော်လည်း သိရိလကိ်ာ အနွယ်ဖွား ဆရာတော် အသီမထေရ်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်ရသည် ဖြစ်ပါသည်။ AIK-World Budhist Culture Centre စီမံမှုဖြစ်ပါသည်။

## (၁၄) ဝါ(တ်) ထိုင်း ချလမရာဇ ဗုဒ္ဓဝိဟာရ။

ဗုဒ္ဓလမ်း၏ ညာဘက်၌ တည်ရှိသည်။ ကုသိနာရုံတွင် ရှိသောအခြား ဝိဟာရကျောင်းများထက် ပိုမိုလှပတင့်တယ်၏။ ထိုင်းကျောင်းဝင်း သန့်ရှင်းမှုသည် ဤကျောင်းသို့ လာရောက်ဖူးမြော်သူတို့၏ စိတ်စွက်မက်ဘွယ်ရာ တခုဖြစ်နေသည်။ အဝင်တံခါး၏ ဘယ်ဘက်၌ စိုက်ပျိုးထားသည့် ထိုင်းဝါပင်များ အစုအရုံးကို လှပတင့်တယ်စွာ ခုတ်ထွင်းကာ အလှပြင်ထားသည်။ ဤဝေဠုဝန်မှာ အထူးစိတ်မက်မောဘွယ်ရာ ဖြစ်နေသည်။ ရှေ့ကိုလျှောက်သွားသော အဆောက်အဦး၏ အပေါ်ထပ်မှာ ဗုဒ္ဓဝိဟာရတခုကို တည်ဆောက်ထားကြောင်း မြင်တွေ့ရပါသည်။ ဝါ(တ်)ကျောင်းထဲမှာ အလွန်တရာ လှပတင့်တယ်မှုရှိသော မြတ်စွာဘုရား၏ ဆင်းတုတော်တစ်ဆူကို ဖူးမြော်ရပါသည်။ ဝိဟာရကျောင်း၏ ဘယ်ဘက်၌ သံစကာများဖြင့် ကာရံထားသည့် ဝိဟာရကျောင်း တစ်ကျောင်းကို မြင်တွေ့ရသည်။ ထိုဝိဟာရထဲသို့ သာမန်လူများတို့၏ ဝင်ခွင့်ကိုပိတ်ပင်ထားသည်။ ထိုင်းပုံစံဖြင့် လှပတင့်တယ်စွာ တည်ဆောက်ထားသည့် ဤဝတ်ကျောင်းဝင်းသို့ ဝင်လာသည်နှင့်





ထိုင်းနိုင်ငံသို့ ရောက်ရှိနေပြီးသကဲ့သို့ ခံစားရပါသည်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူခဲ့သည့် နှစ်ပေါင်း ၂၅၅၀ ပြည့်နှစ် ဗုဒ္ဓဇယန္တီ ပွဲတော် ကျင်းပသည့်နေ့တွင် အိန္ဒိယ နိုင်ငံသမ္မတကြီးဖြစ်ခဲ့သူ မဟာမနာ ဒေါက်တာ A.P.J. အဗ္ဗဒူကလာမ် ဤဗုဒ္ဓဝိဟာရကျောင်းကို ကြွရောက် ဖူးမြော်ခဲ့ပါသည်။ ထိုအချိန် ကာလတွင် သမ္မတကြီး ကလာမ်က စာပို့တံဆိတ်ခေါင်း (၆)ခုတို့ကို ဖွင့်လှစ်အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။




## (၁၅) ရာမာဘာရ မကုဋ်ဗဒ္ဓန ထူပါ။

ဗုဒ္ဓလမ်းအတိုင်း တောင်အရပ်သို့ ဆက်သွားသည့်အခါ ခေတ်ဟောင်းက ရာမာဘာရ သာလနယ်မြေ၏ အနောက်အစွန်၌ ရောမကြီးမားသည့် ထူပါတလုံး တွေ့မြင်ရပါသည်။ ဤထူပါကြီးကို ရာမာဘာရထူပါ ဟုခေါ်ကြသည်။ ဤနေရာသည် ဘုရားရှင်ဗုဒ္ဓ၏ ရုပ်ကလပ်ကို မီးသဂြိုဟ်ခဲ့ရသည့် နေရာဖြစ်ပါသည်။ ခေတ်ကာလ အချိန်တခု၌ ဤနေရာတွင် မုကုဋ်ဗုဒ္ဓနမည်သော ဝိဟာရကျောင်းတခုရှိခဲ့ပါသည်။ တရုတ်ခရီးသည် အိတိသင် ကုသိနာရုံသို့ ရောက်ရှိလာခဲ့စဉ်က ထိုဝိဟာရကျောင်း၌ ဘိက္ခုအပါး ၁၀၀ ခန့်တို့က သီတင်းသုံး နေထိုင်နေကြောင်းကို သူမြင်ခဲ့ပါကြောင်း မှတ်တမ်းတင်ထားပါသည်။ ခေတ်ဟောင်းက တည်ဆောက်ခဲ့သည့် ထိုဝိဟာရ

www.burmeseclassic.com

www.burmeseclassic.com





ကျောင်းပျက်၏ အကြွင်းအကျန်တို့မှာ ဝန်းကျင်၌ ပြန့်ကြဲနေကြောင်း မြင်တွေ့နိုင်ပါသည်။

## (၁၆) ခေတ်ဟောင်းမြို့တော်ပျက်၏ အကြွင်းအကျန်။

ရာမာဘာရ ထူပ၏ အနောက်ဘက် ပေပေါင်း ၃၀၀၀ ဝေးကွာသည့် နေရာတွင် အနုရုဒ္ဓဝါရွာ တည်ရှိနေကြောင်းကို လှမ်းမြင်နိုင်ပါသည်။ ဤရွာတည်ရှိသော နေရာသည် ရှေးဟောင်းခေတ်က ကုသိနာရုံမြို့တော် တည်ရှိခဲ့ရာ နေရာဖြစ်ပါသည်။ ရွာအလယ်ပိုင်းတွင် တဲအချို့နှင့် လူနေအိမ်များနားမှာ မြေတွင်းကြီးတခုရှိခဲ့ရာ ထိုတွင်းတွင် ထူပါယေ (၄)ခုတို့မှာ ပြိုပျက်နေခဲ့သည့် အခြေအနေတွင် တူးဖော်သည့် အဖွဲ့တို့က တွေ့ရှိခဲ့ရသည်။ ထိုထူပါယေတို့မှာ ပျက်သုဉ်းနေပြီး အခြေအနေတွင် ရှိနေခဲ့သဖြင့် တူးဖော်သူများက အမှိုက်သရိုက်တို့ဖြင့် ဖုံးအုပ်ထားခဲ့ကြသည်။ နောက်ပိုင်းတွင် ရွာသူရွာသားများမှာ မြေပေါက်ထည့်ကာ တွင်းနေရာကို မြေဖို့ထားခဲ့လေသည်။ အနုရုဒ္ဓဝါရွာ၏ အရှေ့မြောက်ရှိ ဒေသဖရိယာအထိ ခေတ်ဟောင်း မလ္လမင်းတို့မြို့တော်မှာ ကျယ်ပြန့်ခဲ့ပါသည်။ ရွာမြောက်ဘက်တွင် မြေကုန်းပို့တခုရှိခဲ့ရာ ထိုကုန်းပို့နေရာသည် ရှေးခေတ်က မလ္လတို့ သံဃာဂါရ တည်ရှိခဲ့ရာ မြေနေရာဖြစ်နိုင်ပါသည်။ မြို့တော်ဟောင်း တည်နေရာမှာ အရှေ့ဖက်အထိ ကျယ်ပြန့်စွာ ရှိနိုင်စရာ အကြောင်းရှိပါသည်။



ဤအမှိုက်ပုံနေရာအောက်မှာ ခေတ်ဟောင်းက မြို့တော်နေရာဖြစ်ခဲ့သည်



သို့သော် ယင်းဧရိယာ တခုလုံးမှာ လယ်မြေခြံမြေအဖြစ် ပြောင်းလဲရှိပါသည်။ မလ္လတို့၏မြို့တော်မှာ အနုရုဒ္ဓဝါရွာ တောင်ဘက်ရှိ သီသဝါအထိ ကျယ်ပြန့်တည်ရှိခဲ့ရာ ဤမြေနေရာကို တူးဖော်သည့်အခါ ရုပ်တုများနှင့် သုတေသနဆိုင်ရာ အခြားပစ္စည်းများ ရှာဖွေရရှိခဲ့ပါသည်။

## (၁၇) ဟိရညဝတီမြစ်။



ဤလမ်းအတိုင်း ပြန်လှည့်လာသော် မနီးမဝေးနေရာတခုမှာ လမ်းတလမ်း ညာဘက်ကို ဖောက်သွားကြောင်း တွေ့ရှိနိုင်ပါသည်။ ညာဘက်ကို ဖောက်သွားသည့် လမ်းအတိုင်း ရှေ့သို့လျှောက်သွားရပါလျှင် ဗုဒ္ဓခေတ်က ဟိရညဝတီ မည်ခဲ့သည် မြစ်စီးဆင်းနေကြောင်း တွေ့ရှိနိုင်ပါသည်။ ထိုဟိရညဝတီမြစ်ကို ကျော်ဖြတ်ကာ ရှင်ဗုဒ္ဓသည် မလ္လမင်းတို့၏ သာလဝန် ဥယျာဉ်သို့ ရောက်ခဲ့ကြောင်း ဗုဒ္ဓကျမ်းများ၌ ရေးသားဖော်ပြပေးထားပါသည်။ လက်ရှိအချိန်တွင် ဤမြစ်ကြီးသည် ချောင်းကလေးတခုသာသာ ကျန်လျက် စီးဆင်းလျက်ရှိသည်။ ဤချောင်းကို ဒေသနေလူများက ဗခယာ နာလာဟုခေါ်ကြသည်။ ဗခယာ နာလာ ကမ်းဘက်မှာ ဆင်းရဲသားတောင်သူများ၏ ဝါးဖြင့်ဆောက်ထားသည့် တဲကလေးများကို မြင်တွေ့နေရပါသည်။

## (၁၈) ကုကုဋ္ဌာမြစ်။

ကုသိနာရုံမှ ဂိုရ(ခ်)ပူ ကားလမ်းအတိုင်း ပါဝါဘက်သို့ ၃.၄ မိုင်ခန့် ခရီးသွားပါက ညာဘက်၌ လယ်ကွင်းနှင့် ခြုံပုတ်များကို ဖြတ်သွားသည့် မြေလမ်းတခုရှိပါသည်။ စာရေးသူနှင့် အဖွဲ့မှာ ထိုမြေလမ်းအတိုင်းအနိမ့်ဘက်သို့ ဆင်းသွားခဲ့ကြရာ အတော်ကြာမျှ လမ်းလျှောက်သွားခဲ့ရာ ဗုဒ္ဓခေတ်က သမိုင်းဝင် ကုကုဋ္ဌာမြစ်ကမ်းပါးသို့ ရောက်ရှိလာခဲ့ကြသည်။ သန့်စင်မွန်မြတ်ခဲ့သည့် ထိုကုကုဋ္ဌာမြစ်ကမ်းပါးရပ်လျှက် စီးဆင်းလျက်

www.burmeseclassic.com

www.burmeseclassic.com





သမိုင်းဝင် ကုကုဋ္ဌာမြစ်၏ လက်ရှိအခြေအနေကို စုံစမ်းရှာဖွေသည့်အဖွဲ့ ၁။ [illegible] ၂။ ထုတ်ဝေသူ ဆန့်တီဆွာရူ(ပ်) ဇော်ဒွ ၃။ ဘာရတီယ ဇော်ဒွဆမာဂျ် အရှေ့မြောက် နယ်မြေ ဥက္ကဋ္ဌ သိဂိရုမ်းအာစရေ တို့အားတွေ့ရပုံ


ရှိသည့် မြစ်ရေကြောင်းကို မြင်တွေ့လိုက်သည်နှင့်ပင် ဗုဒ္ဓ၏ ဘဝဆိုင်ရာ ဖြစ်ပျက်မှုများ၏ အတွေ့လှိုင်းတို့ကြား ဝမ်းမြောက်ပီတိကြည်ညိုမှု ပွားများလာခဲ့ရလေသည်။ မြစ်ကမ်းပါး၌ စိမ်းလန်းစိုပြေနေသော သစ်ပင်များ တန်းစီပေါက်လျက်ရှိသည်။ အလွန်တရာ သာယာသည့် ရှုခင်းတရပ်ကို ဖန်တီးနေပါသည်။ တောတောင်သဖွယ် ပေါက်ရောက်လျက်ရှိကြသော သစ်ပင်များကြား လူနေအိမ်ကလေးအချို့တို့ကို မြင်တွေ့ခဲ့ရပါသည်။ ဌာနေလူများနှင့် တွေ့ဆုံရသည့်အခါ ၎င်းတို့ထံ ခေတ်မီ နေရောင်ခြည်များ လုံးဝမရောက်ရှိရသေးကြောင်း ခံစားတွေ့မြင်လိုက်ခဲ့ရပါသည်။ ဝေသာလီမှ ကုသိနာရုံသို့ ကြွရောက်လာခဲ့သည့် မြတ်ဗုဒ္ဓသည် ထိုကုကုဋ္ဌာမြစ်ထဲ ရေချိုးခဲ့ဖူးပါသည်။ ရေချိုးပြီးမှာ အနီးအနားရှိ အမ္ဗဝနတွင် ခေတ္တသီတင်းသုံးတော် မူခဲ့ကြောင်း ဗုဒ္ဓစာပေကျမ်းတို့၌ တွေ့ရှိရနိုင်ပါသည်။ ကုကုဋ္ဌာမြစ်မှာ သမိုင်းဝင်မြစ် တခုဖြစ်ပါသည်။

## (၁၉) "မဟာဝိရ ဝိဇ္ဇာလယ" စာသင်ကျောင်း။

မြန်မာဝိဟာရရှေ့ ဗုဒ္ဓလမ်းဘေး၌ မြောက်ဘက်ကပ်ရပ်မှာ မဟာဝိရ စာသင်ကျောင်းအဆောင်ရှိနေပါသည်။ ဤစာသင်ကျောင်းကို ၁၉၄၄-ခုနှစ်တွင် ဆရာတော်ဦးစန္ဒြမဏိမှာ ရှင်မဟာဝီရ၏ အမှတ်တရတခုအနေဖြင့် တည်ဆောက် ခဲ့ပါသည်။



## (၂၀) စန္ဒြမဏိ ပါထသာလ (စာသင်ကျောင်း)။



ဘိဒလာဓမ္မသာလာ၏ မျက်နှာချင်းဆိုင် လမ်းတဖက်တွင် မြန်မာ ဗုဒ္ဓဝိဟာရ၏ အဝင် တံခါးဝ ဘယ်ဘက်ဒေါင့် နေရာ၌ စန္ဒြမဏိ အခမဲ့ပညာသင်ကျောင်း ရှိပါသည်။ ဤစာသင် ကျောင်းကို သူဌေးကြီး ဘိဒလာ၏ ကောင်းမှု ဒါနဖြင့် ၁၉၄၂-ခုတွင် တည်ထောင်ခဲ့ရပါသည်။ ဘိက္ခု ဘန္တေ ဓမ္မရက္ခိတမှာ မူလတန်းပညာကို ဤကျောင်းမှ သင်ကြားခဲ့ဖူးသည်။ ကုသိနာရုံ နယ်မြေတွင် ပညာသင်ကြားမှု ကိစ္စအတွက် ဤကျောင်း၏ အခန်းကဏ္ဍကို ဘယ်သောအခါမျိုး၌ မေ့ပစ်ထားလို့ မဖြစ်အောင်ဘဲ အရေးပါ ပါသည်။

## (၂၁) "အရှင် စန္ဒြမဏိ ကုသိုလ်ဖြစ် ဟိုမိယို ပထိက ဆေးကုခန်း"။

မြန်မာ့ဗုဒ္ဓ ဝိဟာရ ဝင်းထဲမှာ ရေကန်ဘေး၌ လက်ရှိကုသိနာရုံ၏ ပြန်လည် ထွန်းကားမှုကို တည်ဆောက် ဖန်တီးရှင်အဖြစ် ကျော်ကြားမှုရှိသော ဆရာတော်ကြီး ဘန္တေစန္ဒြမဏိအား အမှတ်တရဖြစ် ကုသိုလ်ဖြစ် ဆေးကုခန်းတခု တည်ထောင် ထားပါသည်။ ဤဆေးကုခန်းတွင် ပတ်ဝန်းကျင်ရှိ ရွာများမှ မရှိဆင်းရဲသားများအား အခမဲ့ကုသပေးသည်။ ကုသိုလ်ဖြစ် ဤဆေးခန်းမှ ဆေးကုသခွင့်ရရှိထားသော ပြည်သူများသည် ဆရာတော်၏ ကျေးဇူးဥပကာရကို ခံစားရသဖြင့် ဆရာတော်အား ဘုရားသဖွယ် ကိုးကွယ်ကြည်ညိုကြသည်။ ဆရာတော် ဦးစန္ဒြမဏိ မထေရ်ကြီးမှာ အာယုဗေဒ ဆေးပညာကို တတ်မြောက်ထားသည့် ပုဂ္ဂိုလ်တပါးဖြစ်ခဲ့သည်။ သက်တော် ထင်ရှားရှိစဉ် ကာလက ပတ်ဝန်းကျင်ရှိ ကျေးရွာ များတွင် လည် လှည့်၍ ဆင်းရဲချို့တဲ့သူ တို့အား အခမဲ့ဆေးဝါးများ ဝေငှ ပေးလေ့ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၂) ဗုဒ္ဓကောလိပ်။

ဗုဒ္ဓဒွါရ၏ ဘယ်ဘက်လမ်းမကြီး နံဘေးတွင် ဗုဒ္ဓကောလိပ်တည်ရှိသည်။ အရှင်သဒ္ဓါနန္ဒနှင့် အရှင်စန္ဒြမဏိတို့၏ ပူးပေါင်းဆောက်ရွက်မှုတို့ဖြင့် ဤကောလိပ်၏ လုပ်ငန်းများကို လည်ပတ်စေခဲ့သည်။ အခဆင့်မြင့် ပညာသင်ကြားရေးကို ဦးတည်ကာ ၁၉၃၄-ခုနှစ်တွင် ဆရာတော် စန္ဒြမဏိ၏ အထောက်အကူဖြင့် ဗာဗာရာဃဝဒါ(စ်)က ဤကောလိပ်ကျောင်းကို တည်ထောင်ခဲ့ပါသည်။ ၁၉၃၆-ခုနှစ်တွင် အာစရိယ ဓမ္မနန္ဒ ကောသမ္ဗီက ဤကောလိပ်ကျောင်းကို အုတ်မြစ်ချခဲ့ပါသည်။ ကုသိနာရုံဝန်းကျင်မှာ စာသင်သားများအတွက် ဤကောလိပ်ကျောင်းမှာ အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပေးနေပါသည်။ ဤဆောက်ရွက်ချက်များတို့ကြောင့် ကုသိနာရုံသည် မိမိ၏ခေတ်ဟောင်းက ဂုဏ်ရည်များကို တဖြည်းဖြည်းနှင့် ပြန်လည်တည်ဆောက်နေပြီး ဖြစ်ပါသည်။ ပြည်တွင်းပြည်ပမှ ဓမ္မခရီးသည်များမှာ အဆက်မပြတ်လာရောက် ဘုရားဖူးမြော်လျက်ရှိကြပါသည်။ သာမန်ခရီးသည်များ တည်းခိုစားသောက်နိုင်သည့် အခြေအနေတို့ကို ပိုမိုကောင်းလာအောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါလျှင် ပြည်တွင်း ပြည်ပမှ ဘုရားဖူးများ၏ ဦးရေများပြားလာနိုင်ပါသည်။

## (၂၃) ပထိကနိဝါ(စ်) (ဧည့်ဂေဟာ)

ဥတ္တရပရဒေ(ရှ်) ပြည်နယ်အစိုးရပိုင် ဧည့်ဂေဟာတလုံးမှာ လမ်းမကြီးနံဘေးတွင် တည်ဆောက်ထားပါသည်။ ဤဧည့်ဂေဟာသည် ကြီးကျယ်ခမ်းနားလှသည်။ ခန်းမများ၌ Aircondition စက်များတပ်ဆင်ထားသည်။ အစားအသောက်များ အတွက်လည်း သင့်တော်ကောင်းမွန်သည့် အစီစဉ်များကို စီစဉ်ပေးထားပါသည်။ ဧည့်ဂေဟာ၏ ဝင်းအတွင်း ပန်းပင်များ အခြားအပင်ငယ်များကို စနစ်တကျ



ပျိုးပေးထားသည်ဖြစ်၍ အလွန်ချမ်းမြေ့ သာယာလှသည့် ရှုခင်းတရပ်ကို ဖန်တီးပေးထားပါသည်။ အဝင်တံခါးပေါက်ရှေ့၌ ရှင်ဗုဒ္ဓ၏ ပန်းပုလက်ရာ ပြောင်မြောက်သည့် ဆင်းတုတော်တစ်ဆူ တည်ပေးထားသည်။ ပတိကနိပါ(စ်) ဧည့်ဂေဟာမှာ တည်းခိုခြင်း



သာမန်ခရီးသည်များ မတတ်နိုင်အောင် ဈေးကြီးပါသည်။ ပြည်နယ်အစိုးရမှာ သာမန်ခရီးသည်များ တတ်စွမ်းနိုင်မည့် ယာတ္တရီနိဝါ(စ်) ဧည့်ဂေဟာမျိုးတို့ကိုလည်း တည်ဆောက်ပေးသင့်ပါသည်။ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော အစိုးရပိုင် ဧည့်ဂေဟာများအပြင် ပုဂ္ဂလိကပိုင် ဟိုတယ်များလည်း ကုသိနာရုံမြို့၌ ပေါ်ထွန်းခဲ့ပြီး ဖြစ်ကြသည်။ ယင်းဟိုတယ်များအကြောင်းကို အောက်တွင် ဆက်လက်ဖော်ပြ ပေးသွားမည်ဖြစ်သည်။

## (၁) နီတ္တိုလိုတာ(စ်) (ဂျပန်ဟိုတယ်)



ဂျပန်ကုမ္ပဏီပိုင် ဟိုတယ်တခုဖြစ်ပါသည်။ ကုသိနာရုံသို့ ဂျပန်ပြည်မှ ဘုရားဖူး ခရီးသည် အများအပြား လာရောက် ဘုရားဖူးလေ့ရှိသည်။ ထို့အပြင် ကမ္ဘာ့အခြားနိုင်ငံများမှ လည်း ငွေကြေးချမ်းသာကြသည့် ခရီးသည်များသည်လည်း ဆယ့်နှစ်ရာသီ လာရောက်ကြသည်။ သာမန်ဘုရားဖူး ခရီးသည်များမှာ ဝိဟာရကျောင်းများ၌ အထူးသဖြင့် တည်းခိုကြသည်။ ငွေကြေးချမ်းသာသည့် ဓမ္မခရီးသည်များအတွက် အစိုးရပိုင် ဧည့်ဂေဟာများနှင့် နိုင်ငံခြားကုမ္ပဏီပိုင် ဟိုတယ်များလည်း ကုသိနာရုံမှာ ပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ ဂျပန်ဟိုတယ်မှာ ယင်းဟိုတယ်များအနက် အဆင့်တန်းမြင့် ဟိုတယ်တခုဖြစ်ပါသည်။ နာမည်ကြီး၍ နိုင်ငံခြားတည်းခိုသူများအတွက် ဆွဲဆောင်မှုတရပ်ဖြစ်နေသည်။


## (၂) Hotel Emperial

ဤဟိုတေသည် ဗုဒ္ဓလမ်းမကြီးပေါ်တည်ရှိသည်။ ဘုရားဖူးခရီးသည်များ၏ တနေ့တခြား တိုးမြင့်လာသည့် ဦးရေကို ကြည့်ခြင်းအားဖြင့် ၄င်းတို့တည်းခိုနိုင်ရန်


www.burmeseclassic.com

www.burmeseclassic.com





ဟိုတယ်များ တည်းခို ရိပ်သာ အသစ်များ ပေါ်ပေါက်လာလျက် ရှိသည်။ Hotel Emperial မှာ တည်းခိုသူများအတွက် အလွန်တရာ အဆင်ပြေသော ဟိုတယ်တခု ဖြစ်ပါသည်။



## (၃) Royal Residency Hotel.

ဤနယ်မြေသို့ ခရီးသည် အများအပြား လာရောက်လျက်ရှိကြသည်။ ကုသိနာရုံ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် လက်ခံအကောင်အထည်ဖော်ရာတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှေ့ရှုတွက်ကြည့်ပါလျှင် ဤနယ်မြေတွင် ပြည်တွင်းပြည်ပမှ ခရီးသည်များပြားလာမည့် အခြေအနေရှိကြောင်းကို အလွယ်တကူ မှန်းဆလို့ရနိုင်ပါသည်။ ဗုဒ္ဓလမ်းဆုံးသည့် နေရာတွင် မေတ္တာယ ဗုဒ္ဓ Project အမည်ဖြင့်



လုပ်ငန်းအစီစဉ်ကြီးတရပ်ကို လက်ခံ အကောင်အထည်ဖော်ရန် ရှိပါသည်။ ထိုလုပ်ငန်းအစီစဉ်တရပ်ကို အကောင်အထည်ဖော်ကြရန် ပြည်တွင်းပြည်ပမှ ဘက်စုံတည်ဆောက်မှု အတတ်ပညာရပ်များ၌ ကျွမ်းကျင်သည့် ပြည်တွင်းပြည်ပမှ ပညာရှင်ပုဂ္ဂိုလ်အများအပြားတို့က ကုသိနာရုံသို့ လာရောက်ရန် လိုအပ်ပေလိမ့်မည်။ ယင်းအတတ်ပညာရှင်တို့ တည်းခိုနိုင်ရန် Hotel Residency ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အဆင့်တန်းမီ ဟိုတယ်များ လိုအပ်ပေလိမ့်မည်။ Hotel Residency မှာ အပြည်ပြည်ဆိုင်ရာ စံချိန်မီဟိုတယ်တခုဖြစ်၍ ခေတ်မီအဆောင်အယောင်နှင့် ပြည့်စုံလုံစွာ စီမံထားသည့် ဟိုတယ်တခု ဖြစ်ရပါသည်။

ဤခရီးစဉ်၌ ဂိုရ(ခ်)ပူ မီးရထားဘူတာသည်သာ မီးရထားလမ်းခွဲ ဘူတာဖြစ်သည်။ ကုသိနာရုံသို့ သွားကြမည့် မီးရထားခရီးသည်တို့မှာ ယင်းဘူတာတွင် ဆင်းသက်ရပြီး Bus ကား၊ Taxi ဂျစ်ကားစသည့် ယာဉ်များကို သုံးစွဲကာ ကုသိနာရုံသို့ လာရပါသည်။ ဂိုရ(ခ်)ပူမှ ကုသိနာရုံသည် ၅၅ ကီလိုမီတာ ဝေးကွာသည်။ ဂိုရ(ခ်)ပူမြို့၌လည်း သာမန်ခရီးသည်များ တည်းခိုစားသောက်နိုင်ရန် ဝိဟာရကျောင်းများနှင့် ဓမ္မသာလာများ ရှိကြပါသည်။ အိန္ဒိယလူမျိုး ဓမ္မခရီးသည်များ အများအားဖြင့် ဘိဒလာ ဓမ္မသာလာ၌ တည်းခိုကြပါသည်။

## (၂၄) အဂ္ဂမဟာပဏ္ဍိတညာဏသာရ ဗုဒ္ဓဝိဟာရကျောင်း။

ဤဗုဒ္ဓဝိဟာရကျောင်းသည် နိုင်ငံတော်လမ်းမကြီး အမှတ်(၂၈) ဘေး၌ တည်ရှိသည်။ ကုသိနာရုံမြို့အဝင်ဝမှ ကီလိုမီတာ ထက်ဝက်ခန့် အရင်ကျသည့် နေရာတွင် လမ်းမကြီး၏ ညာဘက်၌ တည်ရှိပါသည်။ ဤဝိဟာရ ကျောင်းထိုင်ဆရာတော်မှာ ဘန္တေမဟိန္ဒရ ဖြစ်ပါသည်။ ဘန္တေမဟိန္ဒရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဤကျောင်းဝင်းတွင် အတိထိဂေဟာ (ဧည့်သည်ဆောင်) တခု၊ အစည်းဝေးသဘင်ဆောင် တစ်ဆောင်နှင့် ဗုဒ္ဓဝိဟာရကျောင်း တစ်ကျောင်းရှိနေကြသည်။ ဤဝိဟာရကျောင်းကို အိန္ဒိယလူမျိုး ဓမ္မခရီးသည်များအတွက် အထူးစီမံထားသည့် ဝိဟာရကျောင်းဖြစ်သည်။ မဟာရာဋ္ဌ ပြည်နယ်မှ လာကြသော ဓမ္မခရီးသည်များ တည်းခိုရန် အတွက် ဤကျောင်းကို အထူးနှစ်ခြိုက်ကြသည်။ ဤဝိဟာရ တည်းခိုကျောင်းမှာ လာရောက်တည်းခိုကြသည့် ဘုရားဖူးခရီးသည်များ တည်းခိုသည့်အပြင် စားသောက်နိုင်ရန် အစားအစာတို့ အတွက်လည်း စီစဉ်ထားသည်။ ဤဗုဒ္ဓဝိဟာရကျောင်းကို တိုးချဲ့တည်ဆောက်သွားရန် အစီစဉ်များ

www.burmeseclassic.com

www.burmeseclassic.com






အဂ္ဂမဟာပဏ္ဍိတညာဏိသာရ ဗုဒ္ဓဝိဟာရကျောင်းရှေ့ ၁။ ဘန္တေမဟာနန္ဒ၊ ၂။ ရှန်တီဆွေရူ(ပ်)တော်ဒွ၊ ၃။ ဓမ္မာစာရီ သုဘုတိ၊ ၄။ စာရေးဆရာ ဇုကလ်ကီးဆိုရ်ို နှင့် ၅။ သီရိရမ်းအာစရေ တို့အားတွေ့ရပုံ

ရကြသည်။ ယခုကာလအချိန်တွင် ဤဝိဟာရကျောင်းသည် စံပြဝိဟာရကျောင်း ဖြစ်နေပါသည်။ ဤဗုဒ္ဓဝိဟာရကျောင်း၏ ထူးခြားချက်တခုမှာ ဤကျောင်းတွင် အချိန်အခါ အားလျော်စွာ ဗုဒ္ဓတရားဒေသနာ ဟောကြားပွဲ တရားဓမ္မဆိုင်ရာ ဆွေးနွေးပွဲ စသည့် အစီစဉ်များကို ကျင်းပပေးလေ့ရှိသည်။ ဤဝိဟာရကျောင်း၏ ကြီးကြပ်ရေးမှူးမှာ ဌာနေတိုင်းရင်းသားလူမျိုးတဦး ဖြစ်နေသည့်အားလျော်စွာ ဤနယ်မြေဒေသခံတို့အကြား ကျော်ကြားမှုများသည်။ ဘန္တေမဟိန္ဒရမှာ ဆက်ဆံရေးကောင်းသည့် ဘိက္ခုတပါးအဖြစ် ကျော်ကြားမှုရှိသည်။







www.burmeseclassic.com

www.burmeseclassic.com

## အနာဂါတ် အချိန်ကာလ၏ ကုသိနာရုံ။

ကုသိနာရုံတွင် ထူးဆန်းအံ့ဩဖွယ်ရာတခု ဖြစ်လိမ့်မည့် တည်ဆောက်မှု လုပ်ငန်းအစီအစဉ်တရပ်ကို အကောင်အထည်ဖော်သွားရန် ရှိနေပါသည်။ ဤတည်ဆောက်မှုတို့ကို "မေတ္တယ စီမံကိန်း (Projcet)" လုပ်ငန်း စီစဉ်မှုအောက်၌ အကောင်အထည်ဖော်သွားရန် ဖြစ်ပါသည်။ 'မေတ္တယ' ဟူသော အမည်နာမ အကြောင်း ရှင်းလင်းသွားရမည်ဆိုပါလျှင် ဗုဒ္ဓလောကနှင့် ဗုဒ္ဓတရား ကျမ်းမြတ်တို့၏ ယုံကြည်မှုတခုမှာ အနာဂါတ်ကာလတွင် ပေါ်ထွန်းမည့်ဗုဒ္ဓ၏ အမည်နာမမှာ မေတ္တယဗုဒ္ဓ ဖြစ်လိမ့်မည်။ အနာဂါတ်ဗုဒ္ဓသည် လောကတွင် ပေါ်ထွန်းလာခဲ့ပြီး လောကရှိ လူအများတို့ကို တရားမေ့တို့၏ ပရမဉာဏ်ပွားများစေ၍ လူတို့အား ဘဝတည်းဟူသော ဇာတိ- ဇရာ- မရဏ စသည့် တရားတို့မှ လွတ်ကင်းသွားစေပြီး နိဗ္ဗာန်အဖြစ်ကို လူတိုင်းရရှိနိုင်စေရန် ပြုလုပ်သွားမည် ဖြစ်ပါသည်။ ထိုယုံကြည်ချက်မှာ ဗုဒ္ဓဘာသာဝင် ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်တို့က ထပ်တူထပ်မျှ ယုံကြည်ထားသည့် ယုံကြည်ချက်တရပ် ဖြစ်ပါသည်။ ထေရဝါဒနှင့် မဟာယာနဂိုဏ်းဝင် ဗုဒ္ဓဘာသာဝင် နှစ်ရပ်လုံးမှာ 'မေတ္တယ' ဗုဒ္ဓကို ရှိခိုးကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာ



မေတ္တယဗုဒ္ဓ စီမံကိန်း၏ တင်ကြို ပြထားသည့် ရှုခင်းပုံ





စီမံကိန်းအပြီးမှာ အခြားရှုခင်းတခု တွေ့ရမည့်ပုံ


နိုင်ငံအတော်များများတို့၌ သကျမုနိ ဂေါတမဗုဒ္ဓနှင့် မေတ္တယ ဗုဒ္ဓတို့၏ ရုပ်တုများကို အတူတူထား၍ ကိုးကွယ်ကြကြောင်း တွေ့ရှိရပါသည်။ ရုပ်တုဆင်းတု ထုလုပ်သည့် အတတ်ပညာတို့မှာလည်း ခေတ်နှင့်လိုက်၍ တိုးတက်လာခဲ့သည်။ အိန္ဒိယနိုင်ငံအဝှမ်း အထူးသဖြင့် ဂန္ဓာရ၊ ကဿမီရ၊ မထုရာ၊ သာရနာထ၊ နာလန္ဒ၊ ဥရိဿ၊ ဒစ်ကန် ကုန်းပြင်မြေ အနောက်ပိုင်းဒေသတို့တွင် ဦးစွာပထမ မေတ္တယဗုဒ္ဓ၏ ရုပ်ပွားများ ပေါ်ထွန်းလာခဲ့သည်။ ခေတ်အချိန်အခါ ကြာညောင်းလာသည်နှင့်အမျှ ယင်းရုပ်တုများ ပျက်စီး ကွယ်ပျောက်ခြင်း ခံခဲ့ရပါသည်။ သုတေသန ပညာရှင်များကို ပျက်စီးနေခဲ့ပြီး ယင်းရုပ်တုများမှ အချို့တို့ကို ပြန်လည်ရှာဖွေရရှိခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံအချို့မှ ဘာသာဝင်တို့က မေတ္တယ ဗုဒ္ဓသည် သုက္ခိတလောက၌ ဘုရားလောင်းအဖြစ် ပါရမီ ဖြည့်လျက်ရှိနေကြောင်း ယုံကြည်ထားသည်။ အချိန်အခါ တန်လာသည်နှင့်အမျှ မေတ္တယ ဗုဒ္ဓသည် ဤလူ့လောက၌ ပေါ်ထွန်းလာမည် ဖြစ်ပါသည်။

မေတ္တယ ဗုဒ္ဓသည် ဤကမ္ဘာကြီး၌ ပေါ်ထွန်းလာပြီး မေတ္တာ၊ ကရုဏာ၊ သမတ၊ ညီအစ်ကိုပမာ ကိုယ်ချင်းစာတရား ဘဝနာများကို သွန်သင်သွားပြီး လောကီ လောကသူ တရပ်လုံးကို ဒုက္ခဆင်းရဲ ပင်လယ်ဝဲမှ ချမ်းသာသုခ ဖြစ်စေသည့် နိဗ္ဗာန်ဘုံသို့ ကယ်တင်သွားပါမည်ဖြစ်သည်။ ကုသိနာရုံတွင် မဟာပရိနိဗ္ဗာန်စံခဲ့သည့် သကျမုနိ ဂေါတမဗုဒ္ဓမှာ ဗုဒ္ဓဖြစ်စဉ်တွင် (၂၈) ပါးမြောက် ဗုဒ္ဓဖြစ်ပါသည်။ အနာဂါတ်မှာ ပေါ်ထွန်းလာမည် မေတ္တယဗုဒ္ဓမှာ ဤဖြစ်စဉ်တွင် (၂၉)ပါးမြောက် ဗုဒ္ဓ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com







## မေတ္တယ ဗုဒ္ဓ စီမံကိန်း (Project)

ကုသိနာရုံမှာ သမိုင်းဝင် ဓမ္မဋ္ဌာန တခုဖြစ်သည်။ သဃကျမုနိ ဂေါတမဗုဒ္ဓ မဟာပရိနိဗ္ဗာန်ပြုခဲ့သည့် သန့်စင်မွန်မြတ်သော နေရာဖြစ်ပါသည်။ မေတ္တယဗုဒ္ဓ ဤနေရာဋ္ဌာန၌ ပေါ်ထွန်းဖွားမြင်မည်ဟူသည့် ဒိုတစ်ပေါင် (ကြိုတင် ဟောကိန်းလည်း ရှိသော နေရာဋ္ဌာနဖြစ်နေသည်။ အနာဂါတ်ကာလ၌ ဖွားမြင်ပေါ်ထွန်းမည့် 'မေတ္တယ' ဗုဒ္ဓကို ရည်စူး၍ ဤကုသိနာရုံတွင် စီမံကိန်းကြီးတခု ရှိနေသည်။ ၄င်းစီမံချက် အောက်တွင် တည်ဆောက်မှုလုပ်ငန်း အမျိုးမျိုးတို့ကို လုပ်သွားကြရန် ဆုံးဖြတ်ထား ကြပါသည်။ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ၂၅၀ မီလီယံ ဒေါ်လာ သုံးစွဲသွားမည်ကို စီစဉ်ထားသည်။ တည်ဆောက်မှုလုပ်ငန်း အမျိုးမျိုးအနက် တိဘက်ယဉ်ကျေးမှု ပန်းပုရုပ်တု အတတ်ပညာကို သုံးစွဲကာ ကမ္ဘာတွင် အမြင့်ဆုံး ဖြစ်လိမ့်မည့် ရုပ်တုတစ်ဆူကို ထုလုပ်တည်ထောင်သွားရန် ကြံစည်ထားပါသည်။ စီမံကိန်း၏ အရေးပါဆုံးနှင့် အချက်အချာအကျဆုံး စီမံချက်ဖြစ်ပါသည်။ ယင်းရုပ်တုမှာ ပေ(၅၀၀) အမြင့်ရှိပြီး၊ ပေ(၁၅၀) အဝန်းအဝိုင်းရှိပေလိမ့်မည်။ ထိုရောမရုပ်တုကြီးအထဲ နောက်ပိုင်းတွင် အထပ် (၄၀)ရှိ အဆောက်အဦးကြီးတခုကို တည်ဆောက်သွားရန် စီမံထားပါသည်။ ဥတ္တရ ပရဒေ့ရှ် ပြည်နယ်အစိုးရက ထိုစီမံကိန်းကို ခွင့်ပြုထားပြီး ဖြစ်နေပါသည်။ အထပ် ၄၀ ရှိမည့် အဆောက်အဦးတွင် အထပ်ပေါင်း ၁၇ခုတို့တွင် လုပ်ငန်းလှုပ်ရှားမှုရှိသော ဝိဟာရကျောင်းများရှိကြပါမည်။ ဗုဒ္ဓဓမ္မ တရားရေး၊ ဓမ္မရေး ဆိုင်ရာခေါင်းဆောင် လာမာဖိုပါ ရိန်ပိုကျေမှာ ဤစီမံကိန်းကို ဦးဆောင်သွားမည်။ ကုန်ကျငွေကို အိန္ဒိယ၊ နီပေါ၊ ဘူတန် သီရီလင်္ကာ၊ ဂျပန်၊ ကိုးရီးယား၊ ဗြိတိန်နှင့်




စီမံကိန်းပါ ဆင်းတုတော် အတွင်းပိုင်းမှာ ပုံတွင်ပါ အခန်းတစ်ခန်း၏ အတွင်းရှုခင်း

အမေရိကန်နိုင်ငံများရှိ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာအစည်းအရုံးများနှင့် အခြားဘာသာရေးအစည်းအရုံးမှ လှူဒါန်းသွားရန် စီစဉ်ထားပါသည်။

ဥတ္တရ ပရဒေ့ရှ်ပြည်နယ်အစိုးရမှာ အခမဲ့မြေဧက ၇၅၀ကို ပေးကမ်း လှူဒါန်းသွားရန် ကတိခံဝန် ချုပ်ဆိုထားပြီးဖြစ်သည်။ မေတ္တာဗုဒ္ဓစီမံကိန်းကို အတွင်းအပြင် သဿတိ(ငြိမ်းချမ်းမှု)၏ အကျိုးသက်ရောက်မှုတို့နှင့် မေတ္တာဘာဝနာ ပွားများမှုတို့ကို လူပုဂ္ဂိုလ်အဆင့်၊ မိသားစုအဆင့်၊ လူမှုအဖွဲ့အစည်းများအဆင့်နှင့် လောကီရေး အခြားအဆင့်ဆင့်တို့၌ ဆောက်တည်ရာတွင် အကျိုးသက်ရောက်မှု ရှိစေရန်နှင့် အခြေခံစဉ်းစားချက်များအပေါ် အခြေခံထားပါသည်။ Artitech Eros ltd အဖွဲ့မှ အနာဂါတ်ကုသိနာရုံ၏ အလှဆင်ယင်သွားမည့် လုပ်ငန်းကိစ္စများအတွက် တာဝန်ယူ၍အောက်ဖော်ပြပါ အဆိုပြုချက်များ ကိုသတ်မှတ်ထားပါသည်။

★ မေတ္တယရုပ်တု ဝိဟာရ၏ အလယ်ဗဟိုမှနေ၍ "မွခရီးသည်များနှင့် အာဂန္တုများ အထဲသို့ဝင်သွားပြီး စီမံကိန်းပါ တည်ဆောက်မှု အလုံးစုံတို့ကို ကြည့်ရှုသွားနိုင်မည်။
★ သီဟာသနပလ္လင်ပေါ်ထိုင်နေသည့် မုဒြာဖြင့်ပြသထားမည့် မေတ္တယဗုဒ္ဓ၏ရုပ်တုတော်ကို ဖူးမြော်နိုင်မည်။
★ သီဟာသန အဆောင်တော်၌ ထိုင်နေသည့်မုဒြာဖြင့် ပြသထားသည့် ရုပ်တုတော် အထဲမှာ အခန်းကြီး ၁၀ခန်း ရှိကြမည်။ ယင်းခန်းမဆောင်တွင် ပြပွဲခန်းမ၊ ပြတိုက်၊ စာကြည့်တိုက်၊ ရုပ်မြင်သံကြား ခန်းမဆောင်ကြီးများ ပါဝင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



★ မေတ္တာယဗုဒ္ဓစီမံကိန်း၏ ဗဟိုချက်မနေရာတွင် ဆေးရုံ၊ ဆေးခန်းများရှိကြမည်။
★ ဤစီမံကိန်းအောက်တွင် မူလတန်းပညာမှစ၍ အဆင့်မြင့်ပညာသင်ပေးကြမည့် ကျောင်းများနှင့် တက္ကသိုလ်ကျောင်း အဆောက်အဦးများ တည်ဆောက် သွားရန် အစီစဉ်များပါဝင်ထားပါသည်။

ရှေးဟောင်းမဟာပရိနိဗ္ဗာန ဝိဟာရနားမှာ လွတ်လပ်သည့်မြေဧယာအပေါ် လှပသာယာသည့် ဥယျာဉ်တခုကို ပျိုးထားရန်ရှိသည်။ ထိုဥယျာဉ်အတွင်း၌ သမာဓိထိုင်ရန်နေရာဖြစ်သည်။ ရှေးဟောင်း ရာဟဘာရ ကျောင်းနားမှာရှိပါသည်။ သမာဓိထိုင်ကြမည့် ယောဂီတို့ဘုရားရှင် ပရိနိဗ္ဗာန်စံသည့်နှင့် ရုပ်ကလပ်ကို မီးသဂြိုဟ်သည် အဖြစ်ပျက်ကို အမှတ်တရဖြစ်စေပါမည်။

စီမံကိန်းတွင်ပါဝင်သည့် တည်ဆောက်မှုများကို လှပတင့်တယ်မှု အပြည့်ရှိအောင် တည်ဆောက်သွားရန် စီစဉ်ထားပါသည်။ အဆောက်အဦးတိုင်း၏ ရှေ့မှာ ဗုဒ္ဓယဉ်ကျေးမှုနှင့် ဗုဒ္ဓပန်းပု၊ ပန်းချီများဖြင့် စီခြယ်ထားမည့် ရေပန်း၊ ရေကန်စသည်တို့ဖြင့်တည်ဆောက် အလှဆင်ယင်သွားမည်ဖြစ်ပါသည်။ မေတ္တာယစီမံကိန်းနှင့် ဥတ္တရ ပရဒေ့ရှ်အစိုးရက အတူတူပါဝင်ကာ စီမံကိန်းဧရိယာ အပြင်ပတ်လည်ရှိ မြေဧရိယာ ၇.၅ ကီလိုမီတာနယ်မြေကို KSDA ကုသိနာရုံ Development ဧရိယာအဖြစ် သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်သွားခြင်းဖြင့် မဟာပရိနိဗ္ဗာန်ဌာနဗုဒ္ဓ ရုပ်ကလပ်ကို မီးသဂြိုဟ်ခဲ့ရသည့်နေရာ ရာမာဘာထူပ တည်ရှိရာနေရာနှင့် အခြားဟိန္ဒူဘုရားကျောင်းများ အနီးအနားရှိ နယ်မြေဧရိယာတို့တွင်ပြုလုပ်သွားမည့် တည်ဆောက်မှု အသစ်အသစ်တို့ကြောင့် ထိုသန့်စင်မွန်မြတ်သည့် နေရာဌာနတို့သည် ဘုရားဖူးခရီးသည်များနှင့် အခြားခရီးသွားတို့၏ စွဲဆောင်မှုတရပ်ဖြစ်လာနိုင်မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှ ရရှိလာမည့် အကျိုးအမြတ်တို့ဖြင့် ရှေးဟောင်းဓမ္မဌာန မွမ်းမံပြင်ဆင် စောင့်ရှောက်မှု ကိစ္စများအတွက် သုံးစွဲသွားရန်ဖြစ်ပါသည်။

မေတ္တာယဗုဒ္ဓစီမံကိန်းကို ၅နှစ်အတွင်း ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ စီမံကိန်းအကောင် အထည်ဖော်ပြီးသည့်အခါ နိုင်ငံတကာစံချိန်မီ တက္ကသိုလ်ကျောင်းတကျောင်း၊ ဆေးတက္ကသိုလ်ကျောင်းတကျောင်း၊ ကျန်းမာရေး စောင့်ရှောက်ရေး ဌာနအသီးသီးနှင့်အတူ ကုသိနာရုံနယ်မြေရှိ ဆင်းရဲသားများ ချို့တဲ့မှုအမျိုးမျိုးဖြင့် ဘဝရှင်သန် နေကြသည့်သူများအတွက် ပြည်နယ်အစိုးရ လက်ရှိလုပ်ကိုင် ဆောင်ရွက်ပေးထားသည့် ပညာရေး၊ ကျန်းမာရေးအစီစဉ်များကိုပိုမိုအားပြုလာဖွယ်ရှိသည်။ နယ်မြေတခုလုံး၏ ဘက်စုံတိုးတက်မှုကိုများစွာ အားပြုပေးနိုင်စရာ ရှိနိုင်ပါသည်။





စီမံကိန်းအရ ဆင်းတုတော်ကြီးအတွင်း ဗုဒ္ဓပန်းပုပန်းချီလက်ရာဖြင့် ဈေးကွက်တခုကို ပုံတွင်ပြထားသည့်အတိုင်း ဆောက်လုပ်သွားမည်ဖြစ်သည်

ကုသိနာရုံ၏ မေတ္တာယဗုဒ္ဓစီမံကိန်းသည် အဋ္ဌမအကြိမ်မြောက် အံ့ဘွယ်ရာ ဖန်တီးသွားနိုင်မည်။ ပေ၅၀၀အမြင့်ရှိ မေတ္တာယဗုဒ္ဓ၏ ရုပ်တုကြီး၏ ပတ်လည်အဝိုင်းမှာ ပေ ၁၅၀ဖြစ်သည်။ ဤရုပ်တုသည် လက်ရှိကမ္ဘာတွင် အမြင့်ဆုံးရုပ်တုဖြစ်သည်။ အမေရိကန်နိုင်ငံတွင် တည်ဆောက်ထားသော Statue of liberty ၄၆ပေ အမြင့်ရှိပါသည်။ ယင်း Statue ၃ နှစ်ပိုင်းတပိုင်းစား အမြင့်ရှိသောရုပ်တုကြီး ဖြစ်လာပါလိမ့်မည်။ ကုသိနာရုံတွင် တည်ဆောက်သွားမည့် မေတ္တာယဗုဒ္ဓ၏ရုပ်တု မှာနှစ်ပေါင်း ၁၀၀၀ အထိ တည်ရှိနေရမည့် ရုပ်တုဖြစ်သည်။ ကုသိနာရုံ၏ နွေ၊ မိုး၊ ဆောင်းဒဏ်ကိုခံနိုင်မည့် စွမ်းရည်အပြင် မြေငလျင်၊ လေမုန်တိုင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဒဏ်ကို ခံနိုင်ရည်နှင့် ပြည့်စုံနိုင်မည့် ရုပ်တုကြီးဖြစ်ပါသည်။ သီဟာသနအဆောင်တွင် ထိုပလ္လင်ပေါ် ထိုင်နေသည့် မုဒြာဖြင့် ပြသတည်ဆောက်သွားမည့် မေတ္တာယဗုဒ္ဓ၏ရုပ်တုကို ပြင်ပရန်မှ လုံခြုံအောင် စောင့်ရှောက်သွားရန် စီစဉ်မှုရှိပါသည်။ ရုပ်တုကြီး၏ နောက်ဘက်တွင် ရှိခိုးပူဇော်ပွဲကျင်းပနိုင်ရန် ဖရာမအခန်းဆောင်(၂)ဆောင် တည်ဆောက်သွားပါမည်။ ထိုခန်းမဆောင်ပတ်လည်တွင် ဘိက္ခုရဟန်းများသီတင်းသုံး နေထိုင်နိုင်ရန် ဝိဟာရများ တည်ဆောက်သွားရန် အစီစဉ်ရှိပါသည်။

မေတ္တာယဗုဒ္ဓရုပ်တုကြီး၏ ခြေအစုံကိုခံထားသည့် ပုံသဏ္ဍာန်ဖြင့် ထုထားမည့် ကြာပွင့်အောက်ကနေ၍ အာဂန္တုတို့က သီဟာသနဝိဟာရ အဆောင်ထဲသို့ဝင်နိုင်ရန် ဝင်ပေါက်ရှိသည်။ ထိုဝင်ပေါက်များအပြင် အခြားဝင်ပေါက်များလည်းရှိပါသည်။ သီဟာသန ဝိဟာရအဆောင်၏ အလယ်ဗဟို၌ ၁၂ မီတာအမြင့်ရှိသော မေတ္တာယဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုတဆူ တည်ရှိပါသည်။ အစည်းအဝေးခန်းမ(၂)ခုရှိမည့် အဆောင်နောက်ဘက် သီဟာသနပလ္လင်အဆောင်၏ ခေါင်းမိုးထိန်ရုံများအပေါ်ရှင်ဗုဒ္ဓ၏ ပန်းချီရုပ်(၂)သိန်းခန့် ဆွဲထားသည်ကို တွေ့ရှိနိုင်ပါသည်။ ထိုပန်းချီရုပ်များအကြောင်းကို ဤနေရာတွင် အသေးစိပ်ဖော်ပြနိုင် ရန်မလွယ်ကူပါ။

မေတ္တေယဗုဒ္ဓပေါ်ထွန်းလာခြင်းမရှိသေးသည့် ဤကာလအချိန်တွင် "မေတ္တေယဗုဒ္ဓ" စီမံကိန်းမျိုး အကောင်ထည် ဖော်သွားမည်လုပ်ငန်းအစီစဉ်များသည် အနာဂါတ်ကာလတွင် ပေါ်ထွန်းလာရန်ရှိသည့် မေတ္တေဗုဒ္ဓဘုရားရှင်အား ကမ္ဘာ့မြေ ကြိုဆိုသည့် ရှေးမြေးအစီစဉ်တခုဖြစ်သည့်ဟု ဆိုပါလျှင်မှားလိမ့်မည် မဟုတ်ပါ။

ကုသိနာရုံရှိ ခေတ်ပေါင်း ဓမ္မဌာနများအနီး မေတ္တေယဗုဒ္ဓစီမံကိန်းမျိုး ဖော်ဆောင်ခြင်းသည် ကမ္ဘာသူ့ ကမ္ဘာသားတို့အား ရှင်တော်မြတ် သာကျမုနိ ဂေါတမ ဗုဒ္ဓ၏ လူမှုအသိုင်းအဝိုင်း၌ အချင်းချင်းချစ်ကြည် ရင်းနှီးမှု၊ ငြိမ်းချမ်းမှု၊ သဒ္ဓါကြည်မှု မေတ္တာ ကရုဏာပွားမှုတို့ကို တည်ဆောက်သွားနိုင်ရေးကို ရည်စူးခဲ့ကြောင်း ဖြစ်သည်ဟူ၍ နားလည်အသိမှတ်ပြုရပေလိမ့်မည်။





## ဘုရားရှင်၏ နောက်ဆုံးစကားတော်

အာနန္ဒာ၊ သင်တို့ရဲ့ဆရာ (သတ္ထာ) မရှိတော့ဘူး မမှတ်ယူပါနှင့်ဦး၊ ငါဘုရား ဟောတော်မူခဲ့တဲ့ ဓမ္မ၊ ဝိနယဟာ ငါဘုရားမရှိတော့တဲ့ နောက်ပိုင်းမှာ သင်တို့၏ ဆရာ (ဂုရု) ပဲဖြစ်တယ်လို့ မှတ်ယူပါ။ ချစ်သားရဟန်းတို့၊ သင်တို့အား တရား ဟောပါဦးမည်။ "ခပ်သိမ်းသော သင်္ခါရ (ဖြစ်ပေါ်၊ ပြုပြင်ခြင်းတရား) မှန်သမျှ တို့ဟာ (ဗျယ) ကုန်ဆုံး၊ ပျက်စီးခြင်း သဘောရှိကြတာချည်းပါပဲ။ (အခုဆိုရင်) ငါဘုရား၏ အာယု အသက်ဟာ ကြီးရင့်ခဲ့လေပြီ၊ ငါ့ရဲ့(လက်ကျန်) သက်တမ်းဟာ အနည်းငယ်ပဲ ကျန်တော့တယ်။ ငါဘုရားဟာ သင်တို့အား မကြာခင်မှာ ခွဲခွါသွားရတော့မယ်။ လုပ်သင့်လုပ်ထိုက်သမျှတွေကိုလည်း ငါလုပ်ခဲ့ပြီးပြီ။ တွယ်တာမှု သံယောဇဉ်တွေကို ဖြတ်ကြ၊ မမေ့မလျော့ အားထုတ်ကြ၊ ကောင်းမြတ်တဲ့ သီလကို လုံခြုံအောင်ထိန်းသိမ်းကြ၊ ကောင်းသောအကြံ (သမ္မာသင်္ကပ္ပ)ဖြင့် မိမိတို့၏ စိတ်ကို တည်ဆောက်ကြ။ မေ့လျော့ခြင်း (ပမာဒ)၊ မာန်ထောင်လွှားခြင်း (မာန) တို့ မရှိစေရပဲ အားထုတ်ကျင့်ကြံသူတွေဟာ (ဤဘဝ၌ပင်လျှင်) ဆင်းရဲခပ်သိမ်း အေးငြိမ်းရတယ်။ သံသရာမှလည်း ထွက်မြောက်လို့ ဒုက္ခခပ်သိမ်းမှ (အပြီးတိုင်) လွတ်မြောက်သွားပေလိမ့်မယ်။"

www.burmeseclassic.com

www.burmeseclassic.com

## မှီငြမ်းကိုးကား ကျမ်းစာများ

(၁) ဒီဃနိကာယ် (ထုတ်ဝေသူ – ဗုဒ္ဓ သိက္ခာ ပရိယတ္တိ၊ လက္ခနောင်း)
(၂) မဇ္ဈိမနိကာယ် (ထုတ်ဝေ – မဟာဗောဓိသဘာ၊ ဆာရနာသ်)
(၃) ဝိနယပိဋက (ထုတ်ဝေ – The Copprate body of Budha Educational Foundation)
(၄) ဓမ္မပဒ (ထုတ်ဝေ – ဗုဒ္ဓဝိဟာရ၊ လက္ခနောင်း)
(၅) ကုသိနဂရ သမိုင်း (ဒေါက်တာ၊ အရှင် ဓမ္မရက္ခိတ၊ ထုတ်ဝေ – ဆမ္မယကပြာကသျှန်)
(၆) ထေရီဂါထာ (တည်းဖြတ်သူ၊ သို့၊ ရေးသားသူ – ဒေါက်တာ အရှင် ဝိမလကိတ္တိ၊ ထုတ်ဝေ – ဆမ္မယကပြာကသျှန်)
(၇) ထေရဂါထာ (ဒေါက်တာ အရှင် ဝိမလကိတ္တိ၊ ဆမ္မယကပြာကသျှန်)
(၈) ဇာတက၊ အတွဲ (၂၊ ၃) (ဟိန္ဒီ ဆာဟိတ္တယ ဆမ္မေလာန် ပြယာဂ်)
(၉) ဗုဒ္ဓစရိတ္တ (ဆရာကြီး ရာဟုလာ သံကစ္စည်း)
(၁၀) ဗုဒ္ဓနှင့် သူ၏နောက်လိုက် တပည့်သားများ (ဒေါက်တာ ဘဒ္ဒန္တ အာနန်း)
(၁၁) မဟာဝံသ (ဂျန်ရှန်ဂျိန်း) ထုတ်ဝေ – နဂိန္ဒဂျန်ဗုဒ္ဓ )
(၁၂) ဗုဒ္ဓနှင့် ခေတ်ပြိုင်ဘိက္ခုများ (ထုတ်ဝေ – ဗုဒ္ဓဘူမိ ပြာကသျှန်၊ နာဂပူရ်)

www.burmeseclassic.com

www.burmeseclassic.com

## About Samyak Prakashan



Samyak Prakashan is dedicated to the propagation and publication of the ideal doctrine of Budhhism as propounded by Lord Budhha. It is also committed to publish, propagate and restore the writings of and about Bodhisatva Baba Saheb Dr. Ambedkar, the great seer and architect of Indian Constitution, Jyotiba Phule, the great social reformer Chhatrapati Sahuji Maharaj as well as other social reformers, revolutionists and glorious personalities. Samyak Prakashan offers valuable, rare and illustrated books to its readers at an affordable price. The prakashan has over 350 titles on its book-list. It has contributed a lot in the way of representing the inspiring life stories of various revolutionaries, reformers and women warriors in a lucid form complete with relevant illustrations. Remarkably, Samyak Prakashan was founded by Mr. Shanti Swaroop Baudhha, the eminent artist of international fame.

Samyak Prakashan has on its board learned editors who act with seer edition in selecting and recommending the books that would ever suitably to the reading needs of our society. It has played a vital role in bringing out some notable works of Budhhist and Ambedkarite literature in recent years and promise to continue with its efforts in that direction. Samyak Prakashan has made the welfare of women and the exposure and eradication of superstition, hypocrisy and heterodoxy through the publication of useful literature of superior kind as its pious mission which we pledge to carry out faithfully.

**SAMYAK PRAKASHAN**
32/3, Paschimpuri, New Delhi–110063-08
Mob. 9810249452, 9810161823
email : budhdharam@bol.net.in
web : www.samyakprakashan.com

www.burmeseclassic.com